
www.burmeseclassic.com

# မဟူရာ

လှိုင်ကော်

# သခင်ရည်စူးရှူးသီလှည့်




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

မဟာရာ(လှိုင်ကော်)

# သခင်ရည်ရွှေးခူးသီလှည့်

စာမူခွင့်ပြုချက်အမှတ် - ၄၄၅/၂၀၀၁ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၁၁/၂၀၀၁ (၅)
၂၀၀၁ခုနှစ်၊ ပထမအကြိမ်၊ ၅၀၀ အုပ်၊ ၃၀/-

ထုတ်ဝေသူ... ဦးမောင်ဟန် (၀၈၇၆) ကမ္ဘာလုံးစာပေ
အမှတ် ၂၅၉၊ နဝဒေးလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်။
ပုံနှိပ်သူ... ဦးကျော်လှိုင် (စေတနာ-OFFEST) ၅၅၇၃
အမှတ် (၅၉)၊ (၁၉) လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။




မေ မရှိလျှင်...
မိုးကောင်းကင်ပြာ၊ တိမ်ဖြူလွှာကို
ရင်မှာ သိုသိပ်၊ လွမ်းသည့်စိတ်ဖြင့်
မောင်လှမ်းလင့်၍ မျှော်ပါလှည့်...။
မေ မရှိလျှင်...
စံကားပင်မှာ၊ ပွင့်နီလွှာနှင့်
တူစွာပွင့်ဖြူ၊ သရဖူကို
ယခင်လိုပင်၊ ချစ်သခင်မှ
ပန်းလွှာလှတွေ
ရွေးချယ်လေ၍ သီပါလှည့်...။
မေ မရှိလျှင်...
ထီးကျန့်ရင်ဖြင့်၊ မငိုလင့်နှင့်
ပန်းတွေဆင့်သီ၊ ကောင်းကင်ဆီသို့
မှန်းရည်ပို့ပါ၊ မေ ပန်ပါမည်
သခင်ရည်ရွှေး ခူးသီလှည့်...။
(ဘော)...
သခင်ရည်ရွှေး ခူးသီလှည့်...။

www.burmeseclassic.com

www.burmeseclassic.com







ယုန်မွေးစောင် အနီရဲရဲကို ခြုံ၍ သူ အိပ်ရာမှ နိုးလာစဉ် ခိုက် ခါတိုင်း နံနက်ခင်းများလို ဒက်ဒီ သူ့ကို လာမနိုးတာကို အာရုံထဲ မှတ်မှတ်ထင်ထင် ဖြစ်၏။ သူ့ရင်ထဲမှာ ဟာနေသည်။ သူ့ပါးပြင်ကို လာနမ်းရင်း…။

"ခနဲ့လေး ထတော့လေ၊ ငှက်လေးတွေတောင်
သီချင်းသုံးပုဒ်ဆိုပြီးသွားပြီကွ"

ဟု လာလာနှိုးနေတတ်မြဲ ဖြစ်ပါသည့် နံနက်ခင်း။ မနေ့ကအထိ ထိုအတိုင်းရှိခဲ့သည်ချည်း။ သူ စောင်ထဲပို၍ ကွေးအိပ်ပြနေလျှင် သူ့နဖူးကို ထပ်နမ်းကာ…။

"ဟော… ငှက်လေးတွေ နောက်ထပ်သီချင်းတစ်
ပုဒ်တောင် ထပ်ဆိုနေပြီ၊ ထတော့"

ဟု ရယ်၍ ထပ်ပြောတတ်စမြဲ။ တကယ်လည်း သူ့အိပ်

www.burmeseclassic.com

www.burmeseclassic.com



ခန်းဆေားမှာ ပြတင်းအနီးမှာရှိပါသည့် ဝက်သစ်ချပင်ကြီးထက်ဆီမှ ငှက်လေးတွေ၏ တေးဆိုသံက ကျီးကျီးကျည်ကျည် မြည်နေတတ်စမြဲ။ ခု ဘာကြောင့် ဒက်ဒီ လာမနိုးရပါသလဲ။ ကိုယ်လေးကွေး၍ အတန်ကြာအောင် သူ ဒက်ဒီလာအနိုးကို စောင့်နေမိသေးပေမယ့် ဒက်ဒီကဖြင့် ရောက်မလာ။ အခန်းတံခါးကို ဖွင့်၍ ဝင်လာသည့်ခြေသံနှင့်အတူ····။

"ဟော··ဖိုးခန့်လေး စောင်ကြီးခြုံပြီး အိပ်ရာထဲကွေးအိပ်နေသလား၊ ထတော့ ကလေးရဲ့ မနက်ခြောက်နာရီတောင် ခွဲပြီးနေပြီ၊ ဘာလဲ ကျောင်းပိတ်ရက်ဆိုပြီး မိမ်နှံ့နှပ်နေတယ်ပေါ့လေ၊ ဟိုမှာ ဒေါ်ကြီး ကြော်ထားတဲ့ ခေါက်ဆွဲကြော်တွေတော့ မကြာခင် အေးသွားတော့မှာ၊ ထတော့"

ဟု ရယ်သံဖြင့် လှမ်းပြောသံကြားရသည်မို့ သူ မျက်နှာလေး အောက်သိုးသိုးဖြင့် ကိုယ်လေးလှည့်၍ ဒေါ်ကြီးနှင်းမြိုင်ကို ကြည့်မိရပါပြီ။ ခုတင်ထက်တွင် ပေစောင်းပေစောင်းဖြင့် သူ ထိုင်ကာ ငြိမ်နေတော့ ဒေါ်ကြီး ရယ်၍ သူ့ဘေးမှာ လာထိုင်သည်။ ခေါင်းက ဆံပင်တွေကို ချစ်စနိုးဖွကာ ပါးဖောင်းဖောင်းတွေမို့တက်လာအောင် ထပ်၍ ရယ်ပြန်၏။ ဘာကြောင့် အလကားနေရင်း ဒီလောက်ရယ်နေတာလဲဟု စိတ်ထဲ အလိုမကျတွေးမိသည်ကိုတော့ ဒက်ဒီ လာမနိုးတာကို ရင်ထဲ ဟာနေသည့်စိတ်ကြောင့်ပါ။

"ဒက်ဒီရော"

သူ မေးတော့ ဒေါ်ကြီးမြိုင် သူ့ပါးလေးကို ချစ်စနိုး



လေး ဆွဲဖျစ်ကာ···။

"မနက် တစ်နာရီလောက်ကတည်းက အရေးတကြီးကိစ္စရှိလို့တဲ့၊ ကားနဲ့ထွက်သွားတယ် ကလေးရဲ့၊ ခန့်လေးကို မနက်မှာ နိုးပြီး ဂရုတစိုက်နဲ့ အစားကျွေးထားတဲ့၊ ဘာတဲ့၊ ဘလိတ်ဖတ်စ်···အဲ···ဟုတ်တယ်၊ ခန့်လေးတို့ ပြောတဲ့ ဘလိတ်ဖတ်စ်ကို ကျွေးထားတဲ့၊ အစ်ကိုကြီး နည်းနည်းနောက်ကျချင် နောက်ကျမယ်တဲ့၊ ခန့်လေးက စောင့်နေမှာ စိုးတယ်တဲ့၊ မနက်တိုင်း ခန့်လေးက အစ်ကိုကြီးနဲ့ပဲ စားရမှ ဟောဒီဘဝင်ကြီးကကျချင်တဲ့ ချာတိတ်လေး မဟုတ်လား၊ ဒါကြောင့် စားဖို့ စောင့်နေမှာစိုးလို့ သေသေချာချာကို မှာသွားတာ၊ ကဲ··ထ··ဘလိတ်ဖတ်စ် စားရမယ်"

ဟု ဆွဲထူတော့ သူ မထချင် ထချင်ဖြင့် ခုတင်ပေါ်မှ ဆင်းသည်။ ဒက်ဒီ လာနိုးဖို့တော့ အကြောင်းမရှိတော့။ သူ့ဘဝမှာ ဒက်ဒီသည် အချစ်ရဆုံးသော သူ။ ဒက်ဒီ မနိုးဘဲ မထခြင်းမှာ မထချင်၍ မဟုတ်ပါ။ ဒက်ဒီအနမ်းကို ခံချင်၍၊ ကျီစယ်မှုကို ကြားချင်၍၊ ဒက်ဒီလက်တွေဖြင့် ထွေးပိုက်ထူခြင်းကို ခံချင်၍၊ ဒက်ဒီကို သူ အရမ်းချစ်သည်လေ။

သူ အနက်စင်းတွေ ဒေါင်လိုက်ပါရှိနေပါသည့် အပြာရောင် ညအိပ် အဝတ်အစားဖြင့် ရေချိုးခန်းသို့ဝင်၊ မျက်နှာသစ်၊ သွားတိုက်ကာ ခေါင်းတွေဘာတွေ ဖြီးနေချိန်ထိ ဒေါ်ကြီးမြိုင် စောင့်နေသေးသည်။ ပြီးတော့မှ အောက်ထပ်သို့ပြန်ဆင်းသွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် စားဖို့သောက်ဖို့အတွက်သွားလုပ်ဖို့မှန်း သူ သိသည်။ ဘာတဲ့…။ ဒေါ်ကြီး ပြောသည့် ဘလိတ်ဖတ်စ်…။ သူ တစ်ချက် ပြုံးမိ၏။ ဘရိတ်ဖတ်စ်ဟု ဒက်ဒီပြောတာကို လိုက်၍အတုခိုး ပြောခြင်း။

လသာဆောင်ဆီသို့ သူ ထွက်ခဲ့သည်။ မိုးကုန်စ ဆောင်းကူးစ။ မိုးငွေ့လည်း သေချာမစင်။ ဆောင်းနှင်းတို့လည်း သိပ်သည်းစွာ မကျတတ်သေးသော ကာလ။ ဒါပေမဲ့ မနက်ခင်းသည် မိုးငွေ့တို့လည်း ဆိုင်းနေ၍ နှင်းတို့လည်း ဝေနေသည့် မနက်ခင်း ဖြစ်နေသည်။ ဤနေ့တွင် မိုးရိပ်လည်းရှိနေ၏။ နှင်းတို့လည်း ဝေနေ၏။ မနက်သည် လင်းလင်းချင်းချင်း မဟုတ်။ မှိုင်းမှိုင်း ညို့ညို့။ မိုးများ ရွာချေဦးမည်လား မသိ။ နှောင်းမိုးအဖြစ် ရွာချင်ရွာချေဦးမည်။

သူ အောက်ထပ်သို့ ဆင်းခဲ့တော့ ထမင်းစားဆောင်တွင် ခေါက်ဆွဲကြော်ပူပူနွေးနွေး၊ အငွေ့မသေသေးသည့် ကော်ဖီခွက်ဖြင့် အသင့်စောင့်နေသည့် ပြုံးချိုသော ဒေါ်ကြီးမြိုင်ကို တွေ့ရပါ၏။ ဒေါ်ကြီးမြိုင်ဆိုတာကတော့ ဤအတိုင်းပါပဲလေ။ ဘယ်တော့မဆို မျက်နှာက ပြုံးချိုနေသည်။ မျက်လုံးတွေက ပြုံးနေသည်။ ပါးဖောင်းဖောင်းတွေကလည်း ပြုံးသော နှုတ်ခမ်းတွေကြောင့် အမြဲ မို့ဖောင်းဖောင်းလေး ရှိနေတတ်သည်။ ဝဖိုင့်သော ကိုယ်သည် အမြဲသွက်လက်စွာ သွားလာလုပ်ကိုင်နေတတ်စမြဲ။ ဖြူသောလက် မောင်းတုတ်တုတ်နှင့် လက်ချောင်းတုတ်တုတ်လေးတွေသည် သပ်ရပ်စွာ အလုပ်တွေကို လုပ်ကိုင်နေတတ်သည့်အကျင့်ဖြစ်နေ



တတ်သည်လေ။ ဗစ်တိုးရီးယားအိမ်ကြီးမှာ ဒေါ်ကြီးမြိုင်သည် ထမင်းချက်အဒေါ်ကြီးတစ်ယောက်အဖြစ်ထက် ဆွေမျိုးသားချင်း တစ်ယောက်အဖြစ် ရှိနေသည်။ မေမေရှိစဉ်ကတည်းက ဒေါ်ကြီး မြိုင်သည် ဤဗစ်တိုးရီးယားမှာ ရှိနေခဲ့သည်တဲ့။ ဒက်ဒီပြောပြခဲ့ သည်လေ။ သူ့ရင်ထဲ တစ်ချက်ကြေကွဲချင်၏။

မေမေရှိစဉ်ကတည်းက။ စောစောက အတွေး။ သူ့ရင် ထဲမှာ မေမေနှင့်ပတ်သက်၍ တွေးမိတတ်သည့် အတွေးများစွာ ရှိခဲ့ဖူးသည်။ ဓာတ်ပုံထဲမှာသာ မြင်ဖူးလိုက်ရပါသည့် မေမေ သည် အိပ်မက်တွေထဲမှာတော့ သူ့ကို နမ်းဖူးသည်။ သူနှင့်အတူ ကစားဖူးသည်။ ရယ်မောပျော်ရွှင်စွာ စကားတွေပြောခဲ့ဖူးသည်။ ပြောနေတတ်သည်။ သြော်…ဒါပေမဲ့ မေမေ့ကို သူ တကယ်တမ်း မှာဖြင့် မမြင်ဖူးခဲ့ရ။ မေမေ့လက်မောင်းတွေကြားမှာ၊ မေမေ့ရင်ခွင် ထဲမှာ မတိုးဝင်ခဲ့ဖူးရ။ မေမေသည် သူ့ကို မွေးဖွားခဲ့ပြီးသည်နှင့် ကွယ်လွန်ခဲ့ရှာသည်တဲ့။ ဒက်ဒီသည် မေမေ့ကို စာမ်းတခြင်းကြီး စွာ၊ လွမ်းဆွတ်ခြင်းကြီးစွာဖြင့် ဘဝတစ်လျှောက်မှာ ရှိခဲ့ရသည် ဆိုတာကိုတော့ သူ သိနေသည်။

မေမေ အဘယ်မျှထိ လှတာကိုတော့ဖြင့် မေမေ့ဓာတ်ပုံ ကို သူ မြင်ရသည်မို့ သိနေရပေမယ့် ဒေါ်ကြီးမြိုင်က တဖွဖွတဲ့နဲ့ ဖြင့် မေမေ့အလှတရားများကို ပြောပြနေခဲ့စဉ် နားထောင်နေရ သည်က ရင်ထဲမှာ ကျေနပ်ကြည်နူးနေမိရတတ်စမြဲ။ ဒေါ်ကြီးမြိုင် က မေမေ့၏ အလှတရားများကို နုတ်သမီးတစ်ပါးအလား ပြော ပြတတ်သည်လေ။ မေမေ့အလှတွေကို နားထောင်ရင်း သူ ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



တမော့မော့ဖြင့် နားလည်းထောင်၊ ငါ့အမေက အဲသလို ချောတာ ကွဟု ကျိတ်၍လည်း ကြွားနေမိတတ်စမြဲ။

သူ ထမင်းစားဆောင်တွင်းသို့ ဝင်လာရင်းမှ တစ်ယောက် တည်း စားသောက်ရမည့် မနက်စာအတွက် ရင်ထဲမှာ ခြောက် ခြောက်သွေ့သွေ့ ခံစားဖြစ်၏။ ဒက်ဒီ့ရင်ခွင်ထဲမှာ အစဉ်တစိုက် ကြီးပြင်းလာခဲ့ရသည်မို့ ဒက်ဒီ့ကို သူ မခွဲနိုင်အောင် ချစ်ရသည် လေ။

"ဒက်ဒီက ဘာလို့ သွားလိုက်ရတာတဲ့လဲ၊ ပျင်း စရာကြီးဗျာ စားရမှာ"

ဟု ခပ်ညည်းညည်းပြောပုံကိုမှာ လူကြီးဂိုက်ဖမ်းနေသည် ဟု ဒေါ်ကြီးမြိုင် ပြုံး၍ကြည့်ရင်း...။

"ဒါတော့ သိပ်ကို အရေးတကြီးကိစ္စရှိလို့သွားတာ ဖြစ်မှာပေါ့ ကလေးရယ်၊ အမလေး...မနက်စာ ဘလိတ် ဖတ်စ်ကိုများ တစ်ယောက်တည်း စားရလို့တဲ့၊ မျက်နှာ ကြီးကိုက အိုနေလိုက်တာ၊ ဒီလိုပါပဲ...ဒီလိုပါပဲ၊ ကလေးပဲရှိသေးတာကိုး၊ အဖေက အရေးတကြီးဖြစ်နေ ချေသေးတာပေါ့၊ အံမယ်...အရွယ်လေးရ၊ ချစ်သူသန် လဲရှိလာကြရော ချစ်သူ့မျက်နှာ လမင်းဝါ ဆိုပြီး အဲဒီ မှာပဲ စူတူစားချင်သောက်ချင် ရှိရှိလာကြတာ"

တစ်ခါတစ်ခါကျတော့ ဒေါ်ကြီးမြိုင်သည် ခြံထဲက ဦးဦး သိန်းပြောသည့် စကားတွေကိုလည်း ထည့်ထည့်ပြောတတ်ပါ၏။ ဦးဦးသိန်းက အရမ်းကို စကာတ်သည့်သူ။ ချစ်သူ့မျက်နှာလမင်း



ဝါဆိုသည့် စကားက ဦးဦးသိန်းထံမှ ကြားခဲ့တာဖြစ်မည်။ တစ်ဖက် ခြံမှ ကလေးထိန်း မမအိ,ကို ပိုးနေသည်ဟုတော့ ဒေါ်ကြီးမြိုင် က မနေ့ကပဲ လွှတ်ခနဲ သူ့ကို ရယ်၍ ပြောခဲ့ဖူးသည်လေ။ ခုတလော ဦးဦးသိန်း ကဗျာစာအုပ်တွေ အရမ်းဖတ်နေသည်တဲ့။ ဒါကိုလည်း ဒေါ်ကြီးမြိုင်ပဲ သူ့ကို ပြောပြထားသည်။ ခု လမင်း ဝါကိစ္စက ဦးဦးသိန်းနှင့် မပြီးတော့ဘဲ သူ့ကိုပါလာ၍ ပတ်ပတ် သက်သက်တွေလုပ်နေသည်မို့ သူ မျက်မှောင်လေးကုပ်ကွေး၍...။

"ခန့်လေးက ဘယ်တော့မှ ချစ်သူလဲ မရှိချင်ဘူး၊ သန်လဲ မရှိဘူး၊ နံနံပင်လဲ မကြိုက်ဘူး၊ ဘာလဲ ချစ်သူ သန်ဆိုတာ၊ ခန့်လေး နားတောင်မလည်ဘူး၊ ခန့်က ဒက်ဒီနဲ့ပဲ'တူတူနေမှာ၊ ဒက်ဒီ နိုးမှ ထမှာ၊ ဒက်ဒီနဲ့ပဲ စားမှာ၊ ကြီးလာရင် ဒက်ဒီ့ကို လုပ်ကျွေးမှာ၊ မယုံရင် စောင့်ကြည့်"

ဟု မခံချင်စိတ်ဖြင့် ပြောတော့ ဒေါ်ကြီးမြိုင် ရယ်သည်။ သူ မျက်မှောင်လေး ပိုကုပ်ကွေးလာ၏။ အလကားနေရင်း ရယ် နေတာပဲဟု ပိုတွေးလာနေမိရသည်။

"အဲသလိုပါပဲ...အဲသလိုပါပဲ၊ ပြောကြတာပဲ... ပြောကြတာပဲ၊ ကြည့်ပါ့မယ်ရှင်၊ ဟောဒီမျက်လုံးကြီးနဲ့ ကို ကြည့်ပါ့မယ်၊ တကယ်ပဲ တစ်သက်လုံး အဲသလို အစ်ကိုကြီးကို ချစ်နေလို့ကတော့ဖြင့် ကောင်းလေစွပေါ့ ခန့်လေးရဲ့"

ဟု ပြောတော့ သူ့စိတ်ကောက်ကောက်ဖြင့် ဖွန်းခက်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ကို ကိုင်သည်။ ခေါက်ဆွဲကြော်ကို ငုံ့စားဖြစ်၏။ တစ်ဝက်ပင် မကျိုး။ ကော်ဖီသောက်ကာ ထမင်းစားဆောင်တွင်းမှ ကုလားထိုင်ကို အသံမြည်အောင် နောက်ရွှေ့၊ ခြေသံမြည်အောင် လျှောက်ခြင်းဖြင့် ဆန္ဒပြကာ ခြံထဲထွက်ခဲ့ပါ၏။ ခြံထဲရောက်တော့ ဟိုဟိုသည်သည် ကြည့်သည်။ ဦးဦးသိန်းကို မတွေ့ရ။ ဒေါ်ကြီးမြိုင်နှင့် စကားပြောမဖြောင့်သည်မို့ ဦးဦးသိန်းထံ လေသွားပေါမည်ဟု ထွက်ခဲ့ခြင်းပါ။ ကျောင်းကလည်း ပိတ်ထားသည်လေ။ ဒက်ဒီနှင့် မနက်စာ တူတူစား၊ ဒက်ဒီနှင့်တူတူ စက်ရုံကိုလိုက်ဖို့ ပြင်ထား ထွေးထားသမျှကလည်း မနက်စောစောမှာ ဘာတစ်ခုမှ လာမဖြစ်နေ။ စိတ်ပျက်ပျက်ဖြင့် လေပေါဖို့ ဦးဦးသိန်းရှိရာ နောက်ဖေးဘက်တန်းလျားဆီသို့ ထွက်ခဲ့ပါ၏။

ရေနံရည်ဝနေသော သစ်သားတန်းလျားလေးကို ပျဉ်းမပင်ကြီးအနီးမှာ အမိုးနီနီဖြင့် သူ လှမ်းမြင်နေရပြီ။ ဒါပေမဲ့ ဦးဦးသိန်းကို ဝရန်တာလေးမှာ ခါတိုင်းနေ့များလို ဆေးပေါ့လိပ်ဖွာထိုင်နေတာမျိုးကိုလည်း မတွေ့ရ။ ခုတလော ဦးဦးသိန်း ဥယျာဉ်မှာ ပန်းတွေဘာတွေစိုက်တာ၊ မြေတောင်မြှောက်ပေါင်းသင်တာ နောက်ကျကျနေတတ်တာကိုလည်း သူ သတိထားမိသည်။ ပြီးတော့ ခုလို သူလိုက်လာတော့လည်း ဝရန်တာမှာ ထိုင်နေတာမျိုး မတွေ့ရ။ ညညတွေမှာလည်း ခုတလော ဦးဦးသိန်းတစ်ယောက် တယောအရမ်းထိုးနေတာလည်း အမှန်။ တကယ်များ ဦးဦးသိန်း ဟိုဘက်ခြံက မမအိကို ပိုးနေသည်လား မသိ။

သူ ဝရန်တာရှိ ဖိနပ်ချွတ်မှာ ဖိနပ်ချွတ်ပြီး ဧည့်ခန်းလေး



ကို ကြည့်တော့ လူရိပ်မရှိ။ ဧည့်ခန်းထဲရောက်တော့ အတွင်းအိပ်ခန်းဘက်ကို ခေါင်းလေးပြူကြည့်တော့ စားပွဲဝိုင်းချ၍ ရှေ့တွင် စာတစ်အုပ်ချ၍ တစ်ခုခုကို ကြိုးကြိုးစားစား ကူးနေတာကို မြင်၏။ ခြေသံမကြားအောင် သူ ခပ်ဖွဖွလျှောက်သည်။ သူဝင်လာတာကိုပင် ဦးဦးသိန်း မသိ။ အာရုံက နစ်နစ်ဝင်ဝင်ဖြင့် ဘာကို ကူးနေသည်တော့ မသိ။ သူ နောက်ပါးတွင်ရပ်၍ ငုံ့ဖတ်တော့. . .။

ချစ်ဦးရင်ခွင်
တစ်နေ့တွင်ဖြင့်
နိုဝင်ခွင့်ကြုံ
ချစ်နန်းဘုံဆောက်
ပျော်နိုင်လောက်ရဲ့
ထင်မိခဲ့ဆဲ
မျှော်လင့်ဆဲဝယ်. . .။

ဆိုသည့် ကဗျာပိုဒ်ကို လက်ရေးလှနိုင်သမျှ လှအောင် ကြိုးပမ်းရေးနေတာကို မြင်၏။ တစ်ကြောင်းရေးလိုက်၊ ရှေ့က စာအုပ်ကို ကြည့်လိုက်၊ ထပ်ရေးလိုက်နှင့် ဘောလ်ပင်ကို အားစိုက်၍ ဖိဖိရေးနေသမျှ သူကြည့်ကာ ရယ်ချင်လာသည်။ ဟုတ်သည်။ ဦးဦးသိန်း မမအိ ဆိုတာကို ပိုးနေတာဖြစ်မည်။ ကဗျာတွေဘာတွေပင် ကူးထည့်၍ စာထဲထည့်ပေးတော့မည့် အခြေအနေ။

"ဦးဦးသိန်း"

ဟု သူခေါ်တော့မှ ကိုယ်ကြီးရုတ်ခနဲတောင့်သွားကာ

www.burmeseclassic.com

www.burmeseclassic.com



နောက်ကို အလန့်တကြား ကြည့်သည်။ ရှေ့က စာအုပ်ကိုလည်း ကမန်းကတန်း ပိတ်ကာ စားပွဲဗိုင်းအောက်ကို ထိုးသွင်း၏။ ရှေ့က စာရွက်ကိုလည်း ကသောကမျော ခေါက်သည်။ စာရွက်ခေါက်ကို အင်္ကျီအိတ်ကပ်ထဲ ထည့်ပြီးမှ…။

"အလန့်ထည့်ကွာ၊ ငါ လန့်သွားရော၊ လာရင်

လဲ အသံလေးဘာလေး ပေးပေါ့ ငါ့လူရ"

လူမိသော ကလေးလို မျက်နှာကြီးရဲလျက် ပြောတော့ သူ ခေါင်းရမ်းသည်။ ဦးဦးသိန်း ဘေးမှာ ထိုင်ကာ စားပွဲအောက် ထိုးထည့်ထားသော စာအုပ်ကို လှမ်းလှမ်းကြည့်တော့ မလုံမလဲ ဖြင့် ဦးဦးသိန်း စာအုပ်ကို ပို၍ အထဲဘက်ဆီသို့ လက်တံရှည် ကြီးနှင့် ထိုးသွင်း၏။ သူ ထပ်၍ ခေါင်းရမ်းတော့ ဦးဦးသိန်း တစ်ချက် မျက်စိစွေ၍ ကြည့်သည်။ ထိုသို့ပညာရှိစတိုင်ဖြင့် ခေါင်းရမ်းတာကိုတော့ ဦးဦးသိန်းဆီကပဲ သူ အတုခိုးခဲ့ခြင်း။ ချဖြန့်၍ ဦးဦးသိန်းကို ခေါင်းတွေဘာတွေ ရမ်း၍ သူ ကြည့်တော့ ဦးဦးသိန်း ရယ်ချင်လာပုံရသည်။

"အဟွတ်ဟွတ်…ဟာတ်၊ ဘာလဲကွ မင်းက

ခေါင်းတွေဘာတွေရမ်းလို့ ဟွတ်…"

စာအုပ်ထဲက ကဗျာကူးနေတာကို လူမိတာမို့ရှက်နေတာ ရော၊ သူ ဦးဦးသိန်းအိုက်တင်ကို ခိုး၍ ခေါင်းရမ်းနေတာကိုရော ရှက်ရယ်ရယ်နေချင်သမျှ ချောင်းဟာတ်သလိုလို ချောင်းဆိုးသလိုလို ဖြင့် ဦးဦးသိန်း ကြံဖန်ဖုံးဖိနေမှန်း သူ သိသည်ပေါ့။ ဦးဦးသိန်း အသံက ချောင်းဟန့်သံနှင့်မတူ။ ရယ်သံနှင့်ပိုတူနေသည့်အဖြစ်။



သူ ဦးဦးသိန်းဘေးမှာ တင်ပျဉ်ခွေထိုင်သည်။ သက်ပြင်းရှိုက်ပြ သည်။ အားလုံး ဦးဦးသိန်း၏ အိုက်တင်တွေချည်း။ ပုံတူပန်းကျ သူ လိုက်လုပ်ခြင်း။

"ခက်တာက မမအိက…"

"ဟော့…ဖိုးခန့်၊ ဘာ မမအိလဲ၊ ခု ငါရေးနေတဲ့ ကဗျာနဲ့ မမအိဆိုတာနဲ့ ဘာမှ မဆိုင်ဘူးကွ၊ အရမ်း မပြောနဲ့ကိုယ့်လူ၊ အိအိ ကြားသွားရင် ငါ့တစ်မျိုးထင် နေပါ့မယ်၊ မကောင်းပါဘူး၊ အိမ်နီးနားချင်းကွ"

လက်တကာကာဖြင့် ခြေတကာကာဖြင့် လူလည်ကြီး လုပ်၍ ကလေးကို ပြောနေပေမယ့် ကိုယ့်ဘာသာကိုယ် ဖော်ဆောင် လုပ်နေမှန်းမသိ လုပ်နေသည့်အဖြစ်။ ဦးဦးသိန်းကို သူ တစ်ချက် ကြည့်သည်။ နောက်ထရပ်၏။ လက်လေးနောက်ပစ်ကာ…။

"ဒါဆိုလဲ ပြီးရော၊ မနေ့က ကျောင်းမှာ ဟိုတက် ခြံက ဖိုးခွေပြောတဲ့ကိစ္စ ဦးဦးကို ခန့်လေး ပြန်ပြောဖို့ မလိုတော့ဘူးပေါ့၊ မမအိကိစ္စလေ"

ဟု ပြောတော့ ဦးဦးသိန်း အကဲခတ်သလို သူ့ကို အတန် ကြာ ကြည့်သည်။ တမင် ညစ်ကျယ်လုပ်၍ ပြောခြင်းလား၊ တကယ်ပြောခြင်းလားဆိုတာကို အကဲခတ်ကြည့်။ သူနှင့်တစ်ဘက် ခြံမှ ရဲခွေမှာ ခြောက်တန်းတွင်အတန်းအတူတက်နေကြတာကို ဦးဦးသိန်းသိထားသည်လေ။

"ဟာ…ဖိုးခွေက အိအိနဲ့ပတ်သက်လို့ ဘာပြောသ

တဲ့လဲကွ၊ ဒါကတော့ ခန့်လေးရာ အိမ်နီးနားချင်းဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



သိသင့်တာကိုတော့ သိထားရရင် ပိုကောင်းတာပေါ့''

ဟု ပြောလာသည်ကိုက ချော့ချော့မော့မော့နိုင်သည်။ သူ ပြန်၍ ဦးဦးသိန်းဘေးမှာထိုင်သည်။ ဒေါင်စင်းညအိပ်ဝတ်စုံကို မလဲသေးဘဲ မနက်စောစောမှာ ဦးဦးသိန်းထံ ရောက်လာရသည်ကိုက မနေ့က သူသိထားသည့်သတင်းကို ပြောပြချင်တာလည်း ပါပါသည်။

''မမအိ မရှိတော့ဘူးဗျ။ ရွာကို ပြန်သွားပြီတဲ့၊ ဟိုမှာ မင်္ဂလာသွားဆောင်တော့မှာတဲ့၊ ဒီနေ့မနက်ပဲ ပြန်မှာတဲ့၊ မနေ့က ကျောင်းမှာ ဖိုးခွေပြောတယ်၊ သူ့အိမ်မှာ ထမင်းချက်၊ ကလေးထိန်းတဲ့ လူတစ်ယောက် ထပ်ရှာရတော့မှာတဲ့၊ သူ့အမေချက်တဲ့ ထမင်းဟင်းက စားလို့မကောင်းဘူးတဲ့၊ မမအိကလဲ ပြန်တော့မှာတဲ့၊ အဲသလို ပြောတယ်''

ဟု ပြောတော့ ငိုင်ခနဲ ဦးဦးသိန်းဖြစ်၏။ အတော်ကြီး ငိုင်ကျသွားသည်။ ခေါင်းလည်း မော့မလာ။ စကားလည်းတစ်ခွန်းမျှမပြော။ ခပ်တွေတွေကြီး ကြမ်းပြင်ကိုပဲ ငြိမ့်ကြည့်နေသည်။ မျက်နှာထက်တွင် သူမြင်ရသည်က ထူးဆန်းသောအရိပ်။ တစ်ခါမျှထိုသို့ ဦးဦးသိန်းထံမှာ သူ မမြင်ဖူး။ အမြဲတမ်း နှုတ်လျှာသွက်လျက် ရယ်စရာအလွန်ပြောတတ်သည့် ဦးဦးသိန်းထံမှာ ညှိုးဖျော့ညြှေးကွဲခြင်းများကို သူ မြင်နေရသည်။ ထိခိုက်နာကျင်နေသည့်မျက်နှာ။ ထိုသို့ ဦးဦးသိန်းဖြစ်သွားမည်ဟု မထင်ထားမိခဲ့။ ထိုမျှအထိ ဦးဦးသိန်း စိတ်ထိခိုက်ခြင်းကြီးစွာ ဖြစ်ချေမည်ဟု



သူ မထင်မိခဲ့။ ကလေးပီပီ သိထားကြားထားသမျှကို ပြောချင်တာတစ်ခုဖြင့် သူ ပြောပြမိခြင်း။ ခုလို မျက်ရည်တွေဝေ၍ ဦးဦးသိန်း ငြိမ်သက်စွာ ငိုင်ကျနေတော့ သူ ရင်ထဲမကောင်း။ ရော၍ ရင်ထဲမှာ ဝမ်းနည်းလာသည်။

နောက်တော့မှ ဦးဦးသိန်း သူ့ကို သတိရလာပုံဖြင့် ကြည့်လာ၏။ စောစောက သူ့ကိုပင် မေ့လျော့စွာဖြင့် သူရှိနေတာကိုပင် အာရုံထဲ မရှိနိုင်တော့သည့်နှယ်ပါ။ ခုလိုကျတော့လည်း ပြန်၍ ကိုယ်ကိုထိန်းသည်။ ခပ်မတ်မတ် ပြင်၍ ထိုင်သည်။ အားယူ၍ ပြုံး၍ သူ့ကို ကြည့်သည်။ ဒါပေမဲ့ အသက်မပါ။ မိန်းမသားတစ်ယောက်အတွက် ထိုမျှအထိ လူတစ်ယောက်သည် ဟန်ဆောင်မရနိုင်လောက်အောင် ကြေကွဲနာကျင်တတ်သည်ပဲဟု သူ မယုံနိုင်လောက်အောင် တွေ့နေမြင်နေရသည်ကိုက သူ့ဘဝမှာ ပထမဆုံးအကြိမ်။ အမြဲတမ်း ပျော်ပျော်နေတတ်ပါသည့် ဦးဦးသိန်းသည် ချုံးချုံးကျတော့မတတ် ကြေကွဲငြိမ်ကျသွားခဲ့သည် မဟုတ်ပါလား။

''သြော်…သြော်…သူ မရှိတော့ဘဲကိုး၊ ပြန်သွားပြီကိုး၊ အင်း…လက်ထပ်တော့မှာကိုး''

ပြောသံက ခပ်တိုးတိုး။ နောက်တော့ ပြတင်းအနီးမှာ သွားရပ်သည်။ တစ်ဘက်ခြံဆီသို့ ခပ်ငေးငေးကြည့်၏။ မျက်ဝန်းအကြည့်က ညှိုးသည်။ မှိန်သည်။ သက်ပြင်းရှိုက်ပြီးမှ သူ့ဘက်သို့ လှည့်လာ၏။

''ကောင်းတာပေါ့ကွ၊ သူ သူများအိမ်မှာ အလုပ်

www.burmeseclassic.com



လုပ်ဖို့ မလိုတော့ဘူးပေါ့ကွ၊ အိမ်ဖော်လုပ်ရတဲ့ဘဝက လွတ်မြောက်သွားတာပေါ့၊ အေး . . ကောင်းတယ်၊ ဒါ ဘဝကို ထူထောင်ခြင်းပဲ၊ သူ့ဘဝကို ထူထောင်တာ ခုမှ ဘဝဟာ အဓိပ္ပာယ်ရှိလာမှာကွ၊ သူ့မှာ လင်ရယ်၊ သားသမီးရယ်၊ အိမ်ထောင်ဆိုတဲ့ ဘဝကြီးရယ် ရှိလာ တော့မှာ၊ အင်း . . . ကောင်းတယ်၊ ကောင်းတယ်၊ ဒါ သူ့အတွက် ဝမ်းသာပေးရမယ့်ကိစ္စပဲ''

ဟု ပြောလာ၏။ နောက် အိတ်တွင်းမှ စာရွက်ခေါက် ကို ထုတ်ယူသည်။ အိပ်ရာ၏ ခေါင်းရင်းဘက်ကို ဆွဲလှန်၍ သင်ဖျူးဖျာထက်မှာ စာရွက်ခေါက်ကို ထား၏။ နောက်တော့ နေသားတကျ အိပ်ရာကို ပြန်ဖြန့်ခင်းသည်။

မျက်ရည်ဝဲနေရင်းဖြင့် မမအိအတွက် ဝမ်းသာစကားကို ပြောသည့် ဦးဦးသိန်းကို သူ နားမလည်။ ဝမ်းသာသည်ဆိုလျှင် ဘာကြောင့် မျက်ရည်ဝဲနေရပါသတဲ့လဲ။ သူသိသည်က ဝမ်းသာ လျှင် ရယ်ရမည်။ ဝမ်းနည်းလျှင် ငိုရမည်။ ထိုသို့ပဲ သူ့မှတ်ယူ ထားသည်လေ။

''ကဲ . . ခြံထဲသွားကြရအောင်၊ အံမယ် . . ကိုယ့်လူ က အဝတ်အစားတောင် မလဲဘဲကိုးကွ၊ သွား . . အဝတ် အစားလဲချေဦး၊ မနက်မှာ ရေမိုးချိုး အဝတ်အစားလဲမှ အစ်ကိုကြီးက ကြိုက်တာ မင်း သိတယ်မဟုတ်လား''

''ဒက်ဒီမရှိဘူး ဦးဦး၊ မနက်တစ်နာရီလောက်က တည်းက အရေးကြီးလို့ဆိုပြီး ကားနဲ့သွားလိုက်တယ်



တဲ့၊ ဒေါ်ကြီး ပြောပြတယ်''

ဟု သူပြောတော့ ဦးဦးသိန်း သူ့ကို ပြုံးကြည့်သည်။ ဒါပေမဲ့ အရင်တုန်းကလို အပြုံးက မကြည်လင်နေတာကို သူ သိနေ၏။

''ဦး သိပါတယ်ကွ၊ ဒါပေမဲ့ အစ်ကိုကြီးက ပြန် ရောက်လာတဲ့အခါ ဒီလို အပျင်းထူ အဝတ်မလဲသေးဘဲ လေပေါနေတာမျိုးကို မြင်ရင် ကြိုက်မှာ မဟုတ်ဘူးဗျ။ သွား . . . ရေချိုး''

ဟု ပြောတော့ ထုံးစံအတိုင်း ဦးဦးသိန်း အိုက်တင်ကို ဖမ်း၍ ခေါင်းရမ်းကာ ဘေးမှလိုက်လာပါ၏။ ထိုအခိုက် ခြံတွင်း သို့ ဒက်ဒီ့ကား ဝင်လာသည်။

ဩော် . . . ထိုစဉ်တုန်းကတော့ဖြင့် ငွေနှံ့သာဆိုသည့် ကောင်မလေးတစ်ယောက်သည်လည်း ညှိုးဖျော့အားငယ်နေသော အသွင်လေးဖြင့် ဒက်ဒီ့ဘေးမှာ ငြိမ်ကုပ်စွာထိုင်ရင်း အတူလိုက်ပါ လာချေလိမ့်မည်ဟု သူ ကြိုမသိနိုင်စွမ်းခဲ့။

ဒက်ဒီ့ကားကို လှမ်းမြင်ရသည်မို့ ဝမ်းသာအားရ ခုန် ပေါက်ပြေးသွားရင်းမှ . . .။

''ဒက်ဒီ . . . ခန့်လေးလဲ ဒက်ဒီစက်ရုံသွားတဲ့အခါ တူတူလိုက်မှာ''

ဟု ပူဆာခြင်းကို ပျော်မြူးစွာပဲ လုပ်မိခဲ့သည်။

ပေါ်တီကိုကြီးအောက်မှာ ကားရပ်လိုက်စဉ်ခိုက် သူက

www.burmeseclassic.com



ထွက်မလာသေး။ သူပြေးလာတာကို ပြုံး၍ ကြည့်နေတာကို မြင်နေရသည်။ ကားအနီးမှာ ခြေစုံရပ်၍ ဒက်ဒီကို ကြည့်မိပါ၏။ ပြုံးနေသည့် ဒက်ဒီအပြုံးသည်လည်း ခါတိုင်းလို လန်းဆန်းမနေ။ အားယူပြုံးရမှန်း သိသာနေသည်။ သူ ဤနေ့မှာမှ ဖျော့တော့သော အပြုံးများကို မြင်နေရပါသည့်အဖြစ်။ ဦးဦးသိန်းထံမှာ…၊ ခု ဒက်ဒီထံမှာ။

ဒက်ဒီက အနက်ရောင်မာစီဒီးကားကြီး၏ တံခါးရွက်ကို ဖွင့်လိုက်ပါ၏။ ဒက်ဒီမဆင်းသေး။ ဘေးထိုင်ခုံမှ ငြိမ်သက်စွာ ရှိနေသည့် အရာတစ်ခုဆီသို့ ကိုယ်ကို လှည့်လိုက်တာ မြင်တော့မှ သူလည်း ဂရုစိုက်ကြည့်လိုက်မိရပါ၏။ စောစောက သူ သတိမထားလိုက်မိခဲ့။ သူ မြင်လိုက်ရပါပြီ။

ထူအိနေသော ကားကူရှင်နောက်မှီကို အားကိုးတကြီး ပုံလေးဖြင့် မှီထိုင်ထားပါသည့် ကောင်မလေးတစ်ယောက်။ သေးငယ်သော အရုပ်လေးတစ်ရုပ်နှင့်တူနေသည့် ကောင်မလေးတစ်ယောက်။ မျက်နှာလေးက ငိုမဲ့မဲ့ဖြစ်နေသည်။ မျက်နှာစိမ်းနေရာ၊ မျက်နှာစိမ်းတို့ကြားမှာ ကြောက်ရွံ့အားငယ်စွာရှိနေပုံလေးဖြင့် မျက်ရည်ဝဲနေသော မျက်ဝန်းနက်လေးတွေဖြင့်လည်း မဝံ့မရဲလေး ကြည့်နေသည့် ကောင်မလေး။ ဒက်ဒီလက်အစုံက ကောင်မလေး၏ သေးသွယ်သော ကိုယ်လေးကို ညင်ညင်သာသာလေး တွေးပွေ့ယူလိုက်တာကိုလည်း သူ မြင်နေရသည်။

ဘယ်ကကောင်မလေးပါလိမ့်ဆိုတာကို သူတွေးနေမိရ



ရပါသလဲ။

ကောင်မလေးကတော့ ငိုမဲ့မဲ့မျက်နှာလေးဖြင့် ဒက်ဒီ့လက်ထဲ မရုန်းမကန် ပါလာပါ၏။ ရုန်းကန်ရဲပုံလည်း မရ။ အသံလည်း ထွက်ရဲပုံမရ။ ငိုလည်း ငိုရဲပုံမရ။ ငိုချင်နေတာလည်း အရမ်းသိသာသည်။ ငိုမဲ့မဲ့မျက်နှာလေး။ မျက်ရည်ဝဲနေသည့် မျက်ဝန်းနက်နက်လေးတွေဖြင့် သိသာနေသည်ပဲ။ သူ ကောင်မလေးကို သနားသွားမိရပါ၏။ အရုပ်လေးနှင့်တူလိုက်တာဟုလည်း တွေးမိသည်။ တော်တော်လှသည့် အရုပ်လေးတစ်ရုပ်။

"သူက ဗစ်တိုးရီးယားမှာနေမယ့် ငွေနံ့သာပဲ ခနဲ့လေး၊ ခနဲ့လေးရဲ့ ညီမလေး ငွေနံ့သာ"

ဟု ဒက်ဒီပြောစဉ်ခိုက် သူ ကောင်မလေးကို ခပ်ငေးငေးကြည့်ဖြစ်၏။ ဒက်ဒီ့ရင်ခွင်ထဲမှာ ငြိမ်ကုပ်ကုပ်လေး ခေါင်းမှီပါလာပါသည့် ကောင်မလေး။

နာမည်လေးကလည်း ငွေနံ့သာ…။

www.burmeseclassic.com

www.burmeseclassic.com



"မမြိုင်…မမြိုင်"

ညှော်ခန်းဆိုဖာထက်တွင် ဒက်ဒီထိုင်ကာ လှမ်းခေါ်တော့ ခေါ်ကြီး မီးဖိုဆောင်ဘက်မှ ခပ်သုတ်သုတ်ထွက်လာ၏။ သူက တော့ ဒက်ဒီ့ရင်ခွင်ထဲမှာ ငြိမ်ငြိမ်သက်သက်လေး ထိုင်နေသည့် ငွေနှံ့သာကို မျက်နှာချင်းဆိုင် ဆိုဖာထက်မှာ ထိုင်ရင်း စိတ်ဝင် တစား ကြည့်နေမိရဆဲ။ ငွေနှံ့သာ၏ ကိုယ်ခန္ဓာလေးက တကယ့် ကို သေးနွဲ့နွဲ့နိုင်လွန်းသည်။ အသားလေးတွေကလည်း ဖြူနုနေ ၏။ မည်းနက်သော ဆံပင်ဖြောင့်ဖြောင့်လေးတွေက ဂျပန်ဆံ တောက်လေးအဖြစ် ထူထဲစွာရှိနေ၏။ အရုပ်မ လှလှလေးတွေလိုပ် နဖူးပြင်ထက်မှာလည်း ဆံပင်နုနုလေးတွေက ညီတိတိလေးရှိနေ သည်။ မျက်ခုံးနက်နက်လေးကလည်း အရုပ်မလေးတွေမှာ မြင် ရသည့်နှယ်ပဲ ကွေးကွေးလေး။ မျက်ဝန်းနက်နက်လေးတွေဆီမှာ လည်း ထူထဲကော့နေသော မျက်တောင်ရှည်ကြီးတွေရှိနေသည်။ အို…နှာတံစင်းစင်းလေးနှင့် နုဖန့်နေသော နှုတ်ခမ်းနုနုလေးက လည်း အရုပ်လေးတွေမှာ မြင်ရသလိုပါပဲ။ အနီးကပ်မြင်နေရ လေလေ အရုပ်လေးနှင့်အရမ်းတူလာလေလေ။ ဒါပေမဲ့ အရုပ် လေးက ငိုတတ်သော အရုပ်လေးနှင့်တူနေသည်။ နှုတ်ခမ်းလေး က ဝမ်းနည်းရှိုက်၊ ကြောက်ရှိန်စွက်လျက် ငိုမဲ့မဲ့လေးဖြစ်နေ၏။ မျက်လုံးနက်နက်လေးတွေမှာလည်း မျက်ရည်က စိုလဲ့လာနေ



သည်။ လက်ချောင်းသေးသေးသွယ်သွယ်လေးတွေက ဒက်ဒီ့ ပေါင်ကို မရဲတရဲ ထိထား၏။ ဟိုဟိုသည်သည်လည်း တစ်ချက် တစ်ချက် ခိုးခိုးကြည့်သည်။ ရဲရဲမကြည့်ရဲ၊ နေရာသစ်တစ်ခုမှာ အားငယ်ပါးငယ်လေးဖြင့် ဝမ်းနည်းရှိန်ကြီးနေသည့်ပုံလေး…။

"ဟယ်…ချစ်စရာလေးပါလား အစ်ကိုကြီး၊ ဘယ် က ခေါ်လာတာလဲဟင်၊ အံမယ်လေး…အရုပ်လေးကျ နေတာပါပဲလား"

မြင်မြင်ချင်းတစ်ချက် ခေါ်ကြီး အံ့သြသလိုလည်းဖြစ် ငြိမ်သွားပြီးမှ ဝမ်းသာအားရ မေးလာခြင်းပါ။ သူ့ ရင်ထဲကျေနပ် သွား၏။ ခေါ်ကြီးကလည်း သူနှင့်စိတ်ချင်းတူနေသည်။ ငွေနှံ့သာ ကို အရုပ်လေးတဲ့လေ။ သူကလည်း ငွေနှံ့သာကို အရုပ်လေးဟုပဲ မြင်နေသည်မဟုတ်ပါလား။

"ဖေဖေ"

ဒက်ဒီ့ထံမှ ခေါ်ကြီးကို အဖြေစကား မပေးမိမှာပဲ ငွေ နှံ့သာ၏ နှုတ်မှ ခပ်တိုးတိုးလေး ခေါ်သံက မဝံ့မရဲလေး ပွင့်ကျ လာသည်။ မျက်ရည်တွေကလည်း လိမ့်ခနဲ ကျလာ၏။ ကလေး တစ်ယောက်၏ ဝမ်းနည်းတကြီးလည်းနိုင်စွာ၊ လန့်လည်းလန့်ရှာ လျက် မျက်ရည်တွေ ကျလာသည့် မြင်ကွင်းမျိုးကို သူ ပထမဆုံး မြင်ဖူးခြင်း။ ရင်ထဲတွင် သနားလွန်းလာလျက် ဒက်ဒီ့အားမှ သူ ဝင်ထိုင်မိရပါပြီ။ ငွေနှံ့သာ၏ လက်လေးကို သူ ခပ်ဖွဖွလေး နူးနူးညံ့ညံ့နိုင်စွာပဲ ကိုင်ထားလိုက်မိရပါပြီ။ မျက်ရည်ပို့ ဒက်ဒီ သုတ်ပေးကာ ငွေနှံ့သာ၏ ခေါင်းလေးကို ရင်ခွင်ထဲ ဒက်ဒီ

www.burmeseclassic.com

www.burmeseclassic.com



သိမ်းဆက်ထားပါ၏။ ဆံစလေးတွေကို သပ်ပေးနေရင်းမှ…။

"သမီးရဲ့ဖေဖေ ဟိုး…မိုးကောင်းကင်ကြီးမှာရှိနေတယ်၊ ဟိုးမှာ…"

ဟု ခပ်တိုးတိုးပြောကာ ပြတင်းအနီးမှာ သွားရပ်သည်။ တိမ်ဖြူတွေ ဇာရွှေ့ရွှေ့သွားနေသည့် မိုးကောင်းကင်ပြာကြီးကို ဒက်ဒီ လက်ညှိုးထိုးပြသည်။

"အဲဒီ ကောင်းကင်ကြီးမှာ သမီးလေးရဲ့ ဖေဖေ ရှိနေတယ်၊ ဒါကြောင့် ဒက်ဒီ့ဆီမှာ သမီးလေး နေရမယ်၊ သမီးလေးရဲ့ ဖေဖေက သမီးကို ဒက်ဒီ့ဆီမှာနေဖို့မှာခဲ့တယ်၊ ဟုတ်ပြီလား"

ဟု ပြောတော့ သူ ရင်ထဲအထိခိုက်ကြီး ထိခိုက်နေမိရပါပြီ။ သူ နားလည်မိပြီ။ ငွေနှံ့သာ၏ဖေဖေ မရှိတော့ပြီဟု ဤမျှသေးငယ်ပျော့နွဲ့သော ချစ်သနားဖွယ်အရုပ်လေး တစ်ရုပ်သည် အဖေ မရှိတော့ပြီတဲ့လား။ ဒက်ဒီပြောနေတာကို ခွဲခြားနားလည်နိုင်စွမ်းသည့် အသက်အရွယ်လေးလည်း မဟုတ်သည်မို့ ငွေနှံ့သာခမျာ ကောင်းကင်ကြီးကို မော့ကြည့်ကာ လက်ကလေး ကမ်း၍…။

"ဖေဖေ…ရာပါ…ရာပါ"

နှင့်ခေါ်နေတော့ ဒေါ်ကြီးခမျာ မျက်ရည်ကျလာပါပြီ။ ကလေးကို မကြည့်ရက်သလိုဖြင့် ခေါင်းငုံ့ချကာ…။

"သြော်…ဖြစ်ရလေခြင်းနော်"

ဟု ညည်းရှာသည်။ ဒက်ဒီက ငွေနှံ့သာ၏ လက်လေး



ကို ညင်သာစွာဆွဲဆုပ်ယူ၍ ပြန်လျှောက်လာပါ၏။ ဆိုဖာထက်မှာ ထိုင်သည်။ ပြုံး၍ ငွေနှံ့သာကို ကြည့်ပေမယ့် ဒက်ဒီ့မျက်ဝန်းတွေမှာလည်း မျက်ရည်တွေဝဲနေသည်ပါပဲ။

"သမီးလေး…သမီးဖေဖေက ဟိုးမှာအကြာကြီးနေရတော့မှာ၊ ဒီမှာက ဒက်ဒီရှိတယ်၊ ဟော…ဒါက သမီးလေးရဲ့ကိုကို၊ ကိုကိုနဲ့ကစားနော်၊ လက်လေးပေးလိုက်၊ ပေးလိုက်"

အဖေကိုခေါ်နေရင်း မျက်ရည်တွေကျနေသည့် ငွေနှံ့သာလေးကို ချော့ချော့မော့မော့ ဒက်ဒီပြောတော့ ငွေနှံ့သာ၏ မျက်ဝန်းနက်နက်လေးတွေက သူ့ထံသို့ ရောက်လာ၏။ နေရာသစ်မှာ မျက်နှာစိမ်းတွေကြားထဲ ဟိုကြည့်သည်ကြည့်နှင့် ရှိနေရပါသည့် ကလေး။ ဘာဆိုဘာဖြစ်ကုန်ပြီမှန်း မသိရှာပါသည့် ကလေး။ သူ သနားစိတ်ဖြင့် နူးညံ့စွာ ပြုံးပြကာ လက်ကို သူက စတင်၍ ကမ်းပေးတော့ မဝံ့မရဲလေးပဲပြန်၍ လက်လေးကို ဆန့်တန်းပေးရှာပါ၏။ သူ လက်လေးကို ဆွဲဆုပ်၍…။

"လာ…ကိုကို့ဆီကိုလာ၊ ကိုကိုနဲ့ညီမလေး တူတူကစားကြမယ်နော်"

ဟု ပြောတော့ ဒက်ဒီ့ကို တစ်ချက်မော့၍ ငွေနှံ့သာ ကြည့်သည်။ သူ့ကိုလည်း ပြန်ကြည့်သည်။ ပြုံး၍ကြည့်နေသည့် သူ့ကို မျက်ရည်ဝဲနေသော မျက်ဝန်းလေးတွေဖြင့် အတန်ကြာ ကြည့်နေသည်။ သူစိမ်းတစ်ယောက်ကို ကြည့်နေသည့် အကြည့်။ ကြောက်ရွံ့ရှိန်ရှိနေသည့် အကြည့်။ သူ ထပ်၍ ပြုံးပြသည်။ လက်

www.burmeseclassic.com

www.burmeseclassic.com



လေးကိုလည်း မလွှတ်သေး၊၊ ဆုပ်ထားမြဲ။ သူ့မျက်ဝန်းတွေမှာ ရှိနေသည့် နူးညံ့စွာထင်ဟပ်နေပါသော ကြင်နာနွေးထွေးသည့် အကြည့်များကြောင့်ထင့်။ ငွေနံ့သာ၏ ကိုယ်လေး သူ့ဘက်သို့ လိုက်လိုက်လျောလျောလေး ကိုင်းညွတ်လာပါ၏။ သူ ကြည်နူးစွာပဲ ငွေနံ့သာ၏ ကိုယ်လေးကို ပွေ့ယူထားလိုက်မိရပါ၏။ ဒက်ဒီ အတန်ကြာတိတ်ဆိတ်စွာပဲ သူနှင့်ငွေနံ့သာကို ကြည့်နေသည်။ မျက်နှာထက်တွင် ကြေကွဲရိပ်က အထင်းသား။

"ခန့်လေးက သမီးလေးကို ဂရုစိုက်ရမယ်၊ အလို လိုက်ရမယ်၊ ငွေနံ့သာမှာ ဒက်ဒီတို့မရှိတာယ်ဆိုတာ နား လည်ထားရမယ်၊ အရွယ်လေးငယ်ငယ်နဲ့ အမိအဖမဲ့ ရှရှာတဲ့ကလေးကို ကြင်နာရမယ်၊ ကြားရဲ့လား"

လေးနှစ်အရွယ်လေးပေမို့ အရာရာကို ကိုယ့်ရှေ့ဖွင့်ပြော လျှင်သော်မှ ခွဲခြားနားလည်တတ်နိုင်စွမ်းမရှိရှာပါသည့် ငွေနံ့သာ လေးကို ဒက်ဒီ ခပ်ဖွဖွဆံစလေးများကို မချိတင်ကဲ သပ်ပေးရှာ ပါ၏။ သူ ငွေနံ့သာ၏ နဖူးလေးကို နမ်းလိုက်ကာ...။

"စိတ်ချပါ ဒက်ဒီ၊ ငွေလေးကို သား ချစ်လဲချစ် ပါတယ်၊ သနားလဲသနားပါတယ်၊ သနားစရာလေး ဒက်ဒီရာ"

ဟု ပြောတော့ ဒက်ဒီ ဒေါ်ကြီးကို လှမ်းကြည့်ပါ၏။ ယခုတိုင် စိတ်ထိခိုက်စွာ ရပ်ငေးကြည့်နေဆဲ ဒေါ်ကြီး၏ မျက်ရည် ဝဲနေလေသမျှကိုလည်း သူ မြင်နေသည်ပါပဲ။

"မမြိုင် ကဒေါ်နောက်ခန်းထဲမှာ ကလေးရဲ့ အဝတ် အစား သားရေသေတ္တာရယ်၊ ကလေး ကစားစရာ အရုပ် တွေပါတဲ့ သားရေသေတ္တာရယ် နှစ်လုံးရှိတယ်၊ အပေါ် ထပ်က ခန့်လေးရဲ့အခန်းဘေးက အခန်းကို ရှင်းပြီး ကလေးအတွက် ပြင်ဆင်ပေး၊ ည မမြိုင်က ကလေးနဲ့ တူတူ အိပ်ရမယ်၊ မမြိုင် ဒီကလေးကို ဂရုစိုက်မယ်ဆို တာ ကျွန်တော်သိပါတယ်၊ ဒါပေမဲ့ ထပ်မှာပါမယ်၊ ကလေးကို ဂရုစိုက်ပါဗျာ၊ ကဲ..သား ညီမလေး ငွေနံ့ သာနဲ့တူတူ ခြံထဲမှာ သွားကစားချေ"

ဟု ပြောတော့ သူ ငွေနံ့သာကို ချီပိုးပြီး ခြံထဲထွက်ခဲ့ပါ

"ကလေးကို တစ်ခုခုကျွေးရမယ်ထင်တယ် အစ်ကို ကြီး"

"ကျွန်တော် ကျွေးခဲ့ပြီးပြီ၊ နေ့လယ်စာတော့ ကလေးစားလို့ကောင်းမယ့်ဟာမျိုးလဲ ချက်ပေါ့၊ ကျွန် တော်ဟိုကို ခဏပြန်ရဦးမယ်၊ ကိုဘမိုကိစ္စ စီမံရဦးမှာ၊ ဒီနေ့ပဲ ဆုံးတာ၊ ညက အဲဒီကိစ္စကြောင့် ကျွန်တော် အရေးတကြီးသွားလိုက်ရတာ၊ သူ့မှာ သားချင်းလဲ မရှိ ကြဘူးလေ၊ သူ့အိမ်က အလုပ်သမားတွေကိုလဲ ခြောက် လစာပေးပြီး အားလုံး ပြန်ခိုင်းလိုက်ရတော့မှာပဲ၊ ကိုဘမို ရက်လည်ပြီးမှ ဆိုပါတော့၊ အင်း...စိတ်ထဲမကောင်း လိုက်တာ သူငယ်ချင်းရယ်..."

ဟု ဒက်ဒီ့ထံမှ ထိထိခိုက်ခိုက် ပြောနေသံကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



တံခါးမှအထွက်တွင် သူ ကြားနေရသည်။ သူ ရင်ထဲမကောင်းနိုင်။ ငွေနံ့သာ၏ဖေဖေသည် မြေပင်မကျသေး။ ငွေနံ့သာ်ခမျာ အဖေဖြစ်သူ ကွယ်လွန်သည်ကိုသော်မှ မသိတတ်နိုင်သေးသည့် အရွယ်လေး။ ဘာကိုမျှလည်း ခွဲခြားနားမလည်နိုင်ရှာ။ သူက သူ့ဘဝမှာ ဒက်ဒီဆိုတာရှိနေသည်။ သူ့ကို မွေးဖွားပြီး မေမေ နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့သည်တဲ့။ အမေဆိုတာကို ဓာတ်ပုံထဲ မှာပဲ တွေ့ဖူးရပါသည့် သူ့ဘဝကို ရင်ထဲထိခိုက်ခံစားမိရလေသမျှ ခု ငွေနံ့သာလေးကို မြင်ရတော့မှ…။

''သူ့ခမျာ ငါ့ထက် ပိုဆိုးရှာတဲ့ဘဝပါလား''

ဟု ကရုဏာဖြစ်ရ သနားရပါပြီ။

ခြံထဲသူရောက်တော့ မြက်ခင်းထက်မှာ ငွေနံ့သာကို လက်လေးတွဲခေါ် လမ်းလျှောက်စေမိပါ၏။ ဒက်ဒီကားကတော့ ပြန်ထွက်သွားပြီ။

နူးညံ့သော အဖိုးတန် သားရေဖိနပ်ညိုလေးနှင့် အညိုပွင့်လေးတွေပါသော အဝါရောင် ပိုးဂါဝန်လေးဖြင့်ရှိနေပါသော ငွေနံ့သာ။ သိုးမွေးဆွယ်တာဖြူလေးကလည်း အနားသပ်တွေမှာ အနီရောင်ပန်းခက်လေးတွေ ထိုးထားသည်မို့ အရမ်းကို လှနေသည်။ ငွေနံ့သာ၏ ခြေလှမ်းလေးတွေ လှမ်းနေပုံလေးကလည်း အရုပ်လေး သော့ပေးထားသည့်နှယ် ချစ်ဖို့ကောင်းနေသည်ပါပဲ။

''ဟုတ်ပြီ၊ လျှောက်…လျှောက်…ကိုကို့လက်ကို တွဲထား''

နှင်းရည်နှင်းစက်တို့ စွတ်စိုနေသော မြက်ခင်းစိမ်းထက်



မှာ နှစ်ယောက်သား လျှောက်နေမိရဆဲ။ လတ်တလောမှာတော့ ကလေးပီပီ ငွေနံ့သာ မြက်ခင်းထက်မှာ လမ်းလျှောက်နေရတာကို ပျော်နေပုံရသည်။ မျက်နှာလေး လန်းလာပြီ။ သူ့ကိုလည်း မော့ကြည့်စဉ်ခိုက် မျက်ဝန်းနက်လေးတွေထဲမှာ နှစ်လိုခင်မင်ရိပ်တွေ ရှိလာနေပြီ။

''မနီရော…ဟင်…မနီ''

ဟိုဟိုသည်သည်ကြည့်၍ တစ်ချက်ခပ်တိုးတိုး သူ့ကို မော့မေးလာတော့ သူတစ်ချက် ခပ်မြန်မြန် စဉ်းစားရပါ၏။ မနီ…။ မနီဆိုတာ မညိုလည်းဖြစ်နိုင်သည်။ ငွေနံ့သာက စကား မပီတတ်သေး။ ကြည့်ရတာ မနီဆိုတာ ငွေနံ့သာကို ထိန်းသည့် အိမ်ဖော်ဖြစ်နိုင်သည်။ သူ ပြုံး၍ ငွေနံ့သာကို ကြည့်ကာ…။

''ဟိုးကို သွားလိုက်ပြီ''

ဟုပဲဖြေတော့ ငွေနံ့သာ၏ အကြည့်လေးတွေက မိုးကောင်းကင်ကြီးဆီသို့ ရောက်၏။ လက်လေးဆန့်တန်း၍…။

''မိုးကြိုးပေါ်မှာ မနီ ရောက်သွားဘီရား၊ ဟုတ်ရား''

ဟု မေးလာရှာပါ၏။ ငွေနံ့သာလေးခမျာ မရှိတော့ဘူးဆိုလျှင် မိုးကောင်းကင်ကြီးဆီမှာပဲ ရောက်နေပြီဟု နားလည်ပေးထားလိုက်ပုံရပါ၏။

သူ ရင်ထဲမကောင်းနိုင်။ ဒါပေမဲ့ ထိုသို့ ဖြေပေးလိုက်တာပဲ မနီဆိုတာကို နောက် မမေးဘဲ မေ့လျော့သွားချေမည်လား ဟု တွေးမိသည့် အတွေးဖြင့်…။

''အင်း…အင်း…ဟုတ်တယ်၊ မိုးကောင်းကင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကို ပြောင်းသွားပြီ၊ အဲဒီမှာ နေနေတယ်''

ဟုပဲ ဖြေလိုက်ရပါ၏။

''အံမယ် ချစ်စရာလေးပါလား ဖိုးခန့်၊ ဘယ်က ကလေးလဲကွ၊ ဒီလောက်ဖြူပြီး ဒီလောက်ချစ်စရာလဲ ကောင်း၊ ဒီလောက်သေးတဲ့ကောင်မလေးမျိုး ငါ မမြင်ဖူးဘူး ဖိုးခန့်ရ၊ သောက်ကျိုးနဲ့ အရုပ်လေးနဲ့တူတဲ့ ကောင်မလေးပါလားကွ၊ ဟော…''

ဟု ပေါက်ပြားကိုင်လျက် တန်းလျားဆီမှ ထွက်လာပါသော ဦးဦးသိန်းနှင့် မြက်ခင်းအဆုံးလောက်မှာ တိုးကြတော့ မေးလာပါ၏။ ငွေနှံ့သာကိုလည်း ပြုံး၍ ကြည့်သည်။ မျက်နှာမြင် ချစ်ခင်ပါစေဆိုသည့် ဆုတောင်းလေးနှင့်ပြည့်လျှမ်းပါသည့် ငွေနှံ့သာလေးပါတည်း။ ထုံးစံအတိုင်း ငွေနှံ့သာ၏ မျက်ဝန်းလေးတွေထဲမှာတော့ နောက်ထပ် မြင်ရပါသည့် လူစိမ်းတစ်ယောက်ကြောင့် မျက်နှာလေး ပြန်၍ ငိုမဲ့မဲ့ဖြစ်ချင်လာ၏။ သူ့ကိုယ်ကား ပိုတိုး၍ အားကိုးတကြီး တိုးကပ်ကာ လက်လေးတွေဖြင့်လည်း သူ့လက်ကို ဖက်တွယ်ထားလျက်ဖြင့် ဦးဦးသိန်းကို မော့ကြည့် ငြိမ်ကျနေပါ၏။ သူ ရယ်လိုက်ကာ ငွေနှံ့သာ၏ ဘေးမှာ မြက်ခင်းထက်၌ ထိုင်ချသည်။

''ဩ…ကိုကိုရဲ့ ဦးဦးသိန်း၊ မကြောက်နဲ့နော်၊ ဦးဦးကို မြင်းလုပ်စီးလို့ရတယ်၊ ဆင်လုပ်စီးလို့ရတယ်၊ ကိုကို ငယ်ငယ်တုန်းက အဲသလို စီးခဲ့တာ''

''ဟုတ်ပါ့ကွာ၊ သူတစ်ယောက်တည်း စီးခဲ့ကာ



လမ်းမဆုံးဘဲ၊ ခု…မြင်းဘဝ၊ ဆင်ဘဝနဲ့ခရီးဆက်ရအောင် ပြောတတ်ပါရဲ့မောင်၊ တော်တော်ဆုချဖို့ကောင်းနေတဲ့ ချာတိတ်ပဲ''

ဟု ရယ်၍ ဦးဦးသိန်း ပြော၏။ နောက် ငွေနှံ့သာဘေးမှာ ဦးဦးသိန်းလည်း ထိုင်သည်။ ရပ်နေဆဲ ငွေနှံ့သာ၏ ခေါင်းလေးသည် ထိုင်နေသည့် ဦးဦးသိန်း၏ နားရွက်ဖျားလောက်ပင် မရှိ။ မျက်နှာငယ်လေးဖြင့် အလစ်မပေးရဲစွာ ကြည့်နေသည့် အကြည့်က ကြောက်ရွံ့လည်းရှိ၊ မယုံကြည်နိုင်တာလည်း ရှိနေသည့်သဘော။ သူ့ဘက်ကို ပို၍ ကပ်လာတော့ ငွေနှံ့သာကို သူ ထွေးပွေ့ထားလိုက်မိရပါ၏။ ခုလို သူ့ကို ငွေနှံ့သာလေး ပို၍ ရင်းနှီးတာ၊ အားကိုးတာ၊ ချစ်တာကို သူ ကျေနပ်နေသည်။ ကြည်နူးနေသည်။

''အံမယ်…အားကိုးတတ်နေလိုက်ပုံများ၊ မင်းကလဲ သွားကြီးကို ပေါ်လို့ ရယ်နေလိုက်တာ၊ ဒီမှာ…ဒီကလေး ငါ့ကို ခုဏလောက်ပဲ နည်းနည်းစိမ်းမှာပါကွ၊ နောက် ငါ့ကို ချစ်မှာ သိရဲ့လား''

ဟု ဦးဦးသိန်း သူ့ကို မခံချင်သလို ပြောပါ၏။ ငွေနှံ့သာကိုလည်း ပြုံး၍ ကြည့်သည်။

''သမီးလေးက သိပ်လှတာပဲဟော့၊ ကြည့်စမ်း…သဘောလဲသိပ်ကောင်းတဲ့ ကလေးလေးဆိုတာ ရှေ့လေး သိတာပေါ့၊ ကဲ…ခေါ်ကြည့်စမ်း…ရှေ့လေးလို့''

www.burmeseclassic.com

www.burmeseclassic.com



လေးလေး…။ သူ တစ်ချက်ရယ်တော့ ဦးဦးသိန်း မျက်တောင်ဖြင့် သူ့ကို ကြည့်သည်။

"ဟုတ်တယ်၊ အခေါ်အဝေါ်တွေ ပြောင်းရမယ်၊ ငါ့ကို ဦးဦးလို့ မခေါ်နဲ့၊ လူကို ရင့်သွားတာပဲ၊ အသက်ကြီးသလိုကြီးကို ဖြစ်ကရော၊ မင်းလဲ ငါ့ကို လေးလေးလို့ခေါ်၊ အဲဒီလိုဆိုတော့ နည်းနည်းအသက်ငယ်သလိုလို ရှိတယ်"

လူပျိုကြီးခမျာ အသက်အရွယ်ကြီးနေပြီဟု အထင်မခံချင်ရွာပဲ လေးလေးဟု ပြောင်းခေါ်ခိုင်းခြင်းပါ။ သူ တစ်ချက် ခပ်တိုးတိုးရယ်တော့ အနေခက်သလို ကြည့်လာ၏။

"ဘာလို့ဒီလောက်ရယ်နေတာလဲကွ၊ လေးလေးလို့ ခေါ်ခိုင်းတာများ ရယ်စရာလား၊ လူကြီးအနေခက်အောင် မလုပ်ကောင်းဘူးကွ၊ ကဲ…ခေါ်၊ မင်းလဲခေါ် လေးလေးလို့"

"ရေးရေး…"

သူ မခေါ်ခင် ခပ်တိုးတိုးလေးခေါ်သံပေါ်လာတော့ မျက်နှာထက်တွင် ကြည်နူးကျေနပ်ရိပ်ထင်၍ သူ့ကို လှမ်းကြည့်ကာ…။

"တွေ့လား၊ ကလေးက ခေါ်နေပြီ၊ လိမ္မာလိုက်တာများ"

ဟု ပြောမည်းပြော ပါးလေးကို ငုံ့နမ်းတော့ သူ မျက်နှာထားဖြင့်…။



"အရမ်းမနမ်းနဲ့လေ ဦးဦး၊ ပါးလေးတွေ နာကုန်မယ်၊ ငွေနံ့သာလေးက နုနုလေးရယ်"

ဟု ပြောလာတော့ ဦးဦးသိန်း ရယ်သည်။ မျက်ခုံးကြီးပင့်၍ အတန်ကြာလည်း ကြည့်သည်။

"လေးလေးလို့ မခေါ်မချင်း နမ်းနေမှာကွ"

ဟု ပြောကာ ထပ်နမ်းမည်လုပ်တော့…။

"လေးလေးသိန်း…လေးလေးသိန်း ပြောင်းခေါ်တယ်ဗျာ၊ မနမ်းနဲ့၊ ဒါပဲ၊ လေးလေးသိန်းက ဆပ်ပြာနံ့ မျက်နှာသစ်တာလဲ မဟုတ်ဘူး၊ ညစ်ပတ်တယ်၊ ငွေနံ့သာကို မနမ်းနဲ့"

ဟု ပြောတော့ လေးလေးသိန်း ထပ်ရယ်သည်။ ရယ်နေသည့် လေးလေးသိန်းကို ကြည့်ကာ ငွေနံ့သာလေးကတော့ နည်းနည်းမျက်နှာလေးလိုက်ပြုံးစပြုလာပါပြီ။

"မင်း ငါ့ကို မြင်းစီး၊ ဆင်စီးလုပ်ခဲ့တုန်းကတော့ ငါက သန့်ရှင်းနေတယ်ပေါ့လေ၊ မင်းကွာ…ညီမတစ်ယောက် ကောက်ရတာနဲ့ ငါ့ကို တန်းပုန်ကန်တော့တာပါပဲလားကွ၊ ဟော…"

ဟု ပြောတော့ သူ မျက်မှောင်ပိုကုပ်လာ၏။

"ကောက်ရတာ မဟုတ်ပါဘူး၊ ဒက်ဒီခေါ်လာတာ၊ ငွေနံ့သာကို ကောက်ရရအောင် ငွေနံ့သာက ပိုက်ဆံမှ မဟုတ်တာ၊ လမ်းပေါ်မှာကျနေတာမှ မဟုတ်တာ"

ဟု ပြန်စွာနေတော့ လေးလေးသိန်း အော်ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တော်တော်အထိမခံတဲ့ ဖိုးခန့်ပါလားကွ၊ ဟေ…အေးပေါ့၊ ညီမရှိလာပြီကိုး၊ ကဲ…မင်းကို မေးလဲ မေးမနေတော့ပါဘူး၊ ဒေါ်ကြီးကိုပဲ ဒီကလေးကိစ္စ သွားမေးကြည့်တော့မယ်၊ ကဲ…ညီမထိန်းကြီးရေ…ထိန်းကျန်ခဲ့၊ ထိန်းကျန်ခဲ့"

ဟု ပြောကာ ဆက်လျှောက်သွားတော့ သူ ခေါင်းရမ်း၍ ကျန်ခဲ့ပါ၏။

ဘာတဲ့…။ ကိုယ့်ကျတော့ လေးလေးခေါ်ရမည်တဲ့။ အရမ်းကို အသက်ငယ်နုပျိုချင်နေသည့် ဦးဦးသိန်း။ အခုတလော ပို၍ အဆင်အသွေးနုနုတွေဖြင့် ရှိနေတတ်ပါသည့်အဖြစ်။ ဟိုဘက်ခြံက မမအိ ညနေဘက် ပန်းပင်ရေလောင်းချိန်မျိုးဆို အပြာနုကွက်စိပ်မှုဆိုး၊ စပို့ရှပ်လက်တိုအပြာစင်းနှင့် ရှိုးပြနေသည်က ဤဘက်ခြံမှ ဦးဦးသိန်းပါ။ ခု မမအိ မရှိတော့တာကိုသိတော့ စိတ်ညစ်နေခဲ့တာ အမှန်။ ဦးဦးသိန်းခမျာ အသက်ကြီး၍သာ မမအိက ပြန်မကြိုက်ခြင်းဟု မှတ်ယူပုံရ၏။ ခု လေးလေးဟု ပြောင်းခေါ်ရမည်တဲ့။ ဒေါ်ကြီးကလည်း သူ့ကို ပြောဖူးသည်လေ။ ဦးဦးသိန်းက မမအိနှင့်ဆို အသက်ချင်းကွာသည်တဲ့။ မမအိက ဘယ်ကြိုက်မည်လဲတဲ့။ မမအိကို ဦးဦးသိန်း မွှိုးနေသည်ဟု သူ့ကို ပြောပြစဉ်က ထိုစကားကိုလည်း ရယ်မော၍ ပြောပြခဲ့သည်လေ။ သူကတော့ ဒေါ်ကြီးပြောထားသမျှတွေအားလုံး အမှန်အဖြစ် မှတ်ယူထားလိုက်သည်ပါပဲ။

ခုကျတော့ လေးလေးဟု အခေါ်ခံချင်နေသော ဦးဦးသိန်းသည် ဦးဦးသိန်းထက် ငါးနှစ်လောက်ပဲ ကြီးသည့် ဒေါ်ကြီးကိုကျတော့ အစ်မကြီးဟု မခေါ်ဘဲ ဒေါ်ကြီးဟု ခေါ်သည်တဲ့။ ဒါကြောင့် သူ ဦးဦးသိန်း၏ စတိုင်အတိုင်း ခေါင်းရမ်းကျန်ခဲ့ခြင်းပါ။

"ဟိုမှာ…ပန်း၊ တိတ်လာတာပဲ၊ ပန်းဒေနော်၊ ပန်းဒေ"

ဟု ငွေနံ့သာပြောတော့ သူ လှမ်းကြည့်မိပါ၏။ စံကားပန်းများ။ အဖြူရောင်နှင့် အနီရောင်တွေ တစ်ပင်ခြားစီ ဖြူတစ်လှည့် နီတစ်သွယ် ပွင့်နေပါသည့် စံကားပန်းပင်များ။

သူ ပန်းလေးတွေကို အဖြူတစ်ပွင့် အနီတစ်ပွင့်စီ သီ၍ ပန်းကုံးတွေလုပ်ကာ ပန်းသရဖူ၊ ပန်းလက်ကောက်နှင့် ပန်းလည်ဆွဲတွေ လုပ်ပေးနေမိရပါပြီ။ ငြိမ်သက်စွာ သူ့ဘေးမှာထိုင်ကြည့်နေသည့် ငွေနံ့သာသည် ဘာသံမျှ ထွက်မလာအောင်ပဲ စိတ်ဝင်တစားလည်းနိုင်နေသည့်အဖြစ်။ ပန်းတွေဆွဲ၍ ငွေနံ့သာပျော်နေစဉ်ခိုက် သူ စံပယ်ရုံမှ စံပယ်ခက်လေးတွေကို ချိုးယူ၍ ဂျပန်ဆံထောက်လေးထက်မှာ ဖေးတင်ခွေဝိုက်စွာ ရှိနေပါသည့် ပန်းသရဖူ၏ ရှေ့ဖျားနေရာမှာ ထိုးပန်ပေးမိရပါ၏။ ငွေနံ့သာရယ်သည်။ ခေါင်းထက်မှာတင်နေသည့် ပန်းလေးတွေကို ခပ်ဖွဖွစမ်းသည်။ လက်မှ လက်ကောက်ကိုလည်း မွှေးကြည့်သည်။ လည်ဆွဲကိုလည်း ကိုင်ကြည့်သည်။ နောက် သူ့ကို ကြည့်လာပါ၏။ မျက်လုံးလေးတွေထဲမှာ ကြောက်လန့်ရိပ်တို့ ကင်းပလွင့်စင်ပြီးနေပြီသည့်အဖြစ်။

"မွှေးရယ်နော်ကိုကို၊ တိတ်မွှေးရှယ်၊ …တိတ်လာရယ်



www.burmeseclassic.com

www.burmeseclassic.com



နော်''

ဟု မောပြောနေသံလေးတွင်လည်း ကြည်မွေ့ပျော်ရွှင်ခြင်းစီးမျောပါလာပါ၏။ သူ ပြုံး၍ ပါးလေးကိုငုံ့နမ်းမိသည်။

''ဟုတ်တယ် ပန်းလေးတွေကလဲလှတယ်၊ ညီမလေးကလဲ လှတယ်၊ ကိုကို့ညီမလေးက သိပ်လှတာ''

ဟု ချစ်ကြင်စွာ ပြောမိရပါ၏။

ပန်းရနံ့ကတော့ မွှေးတမြမြ··၊ သင်းတဝေဝေ··။

''ခန့်လေးရေ··ကလေးကို အပေါ်ခေါ်ခဲ့ပါဟော့၊ ရေမိုးချိုး အဝတ်အစားလဲပေးရအောင်''

ဟု ဒေါ်ကြီးအပေါ်ထပ် လသာဆောင်မှ ထွက်အော်ခေါ်တော့ သူပြုံး၍ ငွေနှံ့သာလေးကို ကြည့်ကာ နှာခေါင်းဖျားလေးကို ခပ်ဖွဖွဖျစ်၍···။

''ဒေါ်ကြီးကတော့ ရေချိုးခိုင်းဖို့တို့၊ အဝတ်အစား သန့်သန့်ဝတ်ဖို့ ပြောတာတို့ကတော့ ထိပ်တန်းကဗျ··''

ဟု လူကြီးလုရာထား၍ ကလေးကို ပြောပြနေမိသည်။ နောက် ငွေနှံ့သာကို ပွေ့ချီ၍ ဗစ်တိုးရီးယားအိမ်ကြီးတွင်းသို့ ဝင်လာခဲ့မိရပါ၏။ အပေါ်ထပ်သို့တက်ကာ ငွေနှံ့သာအတွက်



နေရမည့် အခန်းအဖြစ် ဒက်ဒီပြောခဲ့ပါသည့် အခန်းဆီသို့ပဲ ဝင်လာခဲ့သည်။ ခုတင်ထက်မှာ ဖြူသန့်နေသော အိပ်ရာက ခင်းကျင်းပြီးသားဖြစ်နေပြီ။ အဝတ်ဗီရိုကြီးကိုဖွင့်၍ ဒေါ်ကြီးကတော့ အထပ်လိုက်စီထပ်ထည့်သိုထားပြီးဖြစ်နေသည့် အဝတ်အစားထဲမှ အပြာနုရောင် ပိုးဂါဝန်လေးကို ထုတ်ယူကာ ခုတင်ပေါ်မှာတင်လိုက်ပါ၏။ သားရေသေတ္တာထဲက အဝတ်တွေကိုလည်း ဒေါ်ကြီးဗီရိုထဲထည့်ထားပြီးနေပြီ။ အရုပ်တွေကတော့ ခုတင်ထက်မှာ ပြည့်သိပ်အောင် ရှိနေ၏။ ပြီးတော့ ခုတင်ဘေးမှ စားပွဲထက်မှာလည်း ရှိနေသည်။

''အံမယ်လေး···ဒေါ်ကြီးရဲ့ ငွေနှံ့သာလေးရဲ့ အရုပ်တွေကဖြင့် ဆိုင်တောင်ဖွင့်လိုက်နိုင်ပါရဲ့၊ လှလိုက်တာမှ ငြား အံ့လောက်ပါရဲ့၊ အရုပ်တွေက တစ်မျိုးစီ လှနေကြတာတော့ ကဲ···ကဲ···ဒေါ်ကြီးဆီ ခဏလောက်တော့ လာပါဦး ကလေးရဲ့၊ ဒေါ်ကြီးရဲ့ ဒီအရုပ်လေးကပိုတောင်မှ လှနေသေး···''

ဟု ချစ်စနိုးလေး ပါးကိုနမ်းကာ ဒေါ်ကြီးပြောတော့ ငွေနှံ့သာချက်ချင်းမလိုက်။ အကဲခတ်နေသလိုလေး ခပ်တွေတွေကြည့်နေ၏။ သူ့ရင်ခွင်ထဲမှာ ခေါင်းလေးကို ပိုကပ်ကာမလိုက်ချင်သည့် အချိုးလေးကို ချိုးတော့ သူ ကြည်နူးစွာရယ်သည်။ ငွေနှံ့သာလေး သူ့ကို အားလုံးထက်ပို၍ ခင်တွယ်တာပဲဟော့ သူ ကျေနပ်ကြည်နူးနေမိရပါ၏။ ဒေါ်ကြီးခပ်ရှုရှုကြည့်ကာ တိုးသဲ့သဲ့လည်း ရယ်ရှာပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ခုကတည်းက အစ်ကိုမှ အစ်ကိုလုပ်နေပြီဆိုပါ တော့၊ ကဲပါကွယ်…ခုတင်ပေါ်မှာထိုင်လိုက်ကြရအောင်၊ ခန့်ဖလေးလဲ ထိုင်၊ ငွေလေးလဲ ထိုင်၊ ဟော…ဒေါ်ကြီးလဲ ထိုင်မယ်"

ကလေးစိတ်ထဲ အနေရဲလာအောင် ဒေါ်ကြီးကတော့ စိတ်ရှည်လက်ရှည်ကြီးကိုပဲ စည်းရုံးရေးဆင်းနေခြင်းပါ။ သူထိုင် တော့ ဒေါ်ကြီးဘေးမှာ ကပ်ထိုင်၏။ သူ့ရင်ခွင်ထဲမှ ငွေနှံ့သာ၏ မျက်နှာလေးကို လက်ညှိုးတုတ်တုတ်ဖြူဖြူအိအိကြီးဖြင့် ခပ်ဖွ တို့ထိသည်။

"အရုပ်တွေကို ဘယ်သူဝယ်ပေးလဲ…ဟင်… ငွေလေး…"

သူ ငုံ့ကြည့်မိပါ၏။ ငွေလေး…။ ထိုသို့ခေါ်တာကို သူ ပို၍ သဘောကျသည်။ ပို၍ချစ်စရာကောင်းနေသည်ဟု ထင် မိ၏။ ဒေါ်ကြီးထိုသို့ခေါ်လိုက်တာကိုလည်း သူ သဘောကျ မိသည်။ ငွေလေး…။ အဖြူရောင်ဆန်သောအမည်။ သူ…ငွေနှံ့ သာ၏ မျက်နှာလေးကို ခပ်ဖွဖွမော့စေ၍…။

"ဖြေလေ ငွေလေးရဲ့၊ ဒီအရုပ်တွေ ဘယ်သူဝယ် ပေးလဲတဲ့…"

"ဖေဖေ"

ခပ်တိုးတိုးဖြေသံလေးက ငိုသံလေးပါလာနေပြီ။ အဖေ သတိတရဖြင့် မျက်စိရှာနေသည့်ကလေး။ သူ ကြင်နာစွာပဲ ဆံ လေးတွေကို သပ်ပေးမိကာ…။



"သိပ်လှတဲ့အရုပ်တွေပဲ ငွေလေးရဲ့၊ ကိုကိုလဲ ဝယ် ပေးမယ် သိလား၊ ကိုကို့မှာ စုထားတဲ့ ပိုက်ဆံတွေ ရှိ တယ်"

ဟုပြောတော့ ငွေနှံ့သာ ကိုယ်လေးကော့ကန်၍ ခုတင် ထက်မှ လျှောဆင်းဖို့ကြိုးစားတာမို့ သူ့ရင်ခွင်ထဲမှ လွှတ်ပေးလိုက် ရပါ၏။ ငွေနှံ့သာမှ စားပွဲထက်မှာတင်ထားသည့် ဝက်ဝံရုပ်လေးကို ယူဖို့ ကြိုးစားနေတာမို့ သူ ထရုပ်မည်လုပ်တော့ ဒေါ်ကြီးလက်ကာ သည်။ ဒေါ်ကြီးယူပေးမည်ဆိုသည့်သဘော။ ခြေဖျားလေးထောက် ၍ စားပွဲထက်မှာ ဝက်ဝံရုပ်လေးကို ယူဖို့ကြိုးစားနေပေမယ့် လက် လေးက မမီ။ ဒေါ်ကြီးက ရယ်၍ ခေါင်းလေးကိုပွတ်ကာ…။

"ဒေါ်ကြီးယူပေးမယ်၊ အို…သိပ်ကိုလှတဲ့အရုပ် လေးပဲ၊ မျက်လုံးလေးကလဲ မည်းနက်နေရော၊ အဲမယ် …နှုတ်ခမ်းလေးပြုံးနေတာများ ဟောဒီက ငွေလေးအ တိုင်းပါပဲလား"

ဟု အရုပ်နှုတ်ခမ်းကို လက်ဖျားဖြင့်ထိ၊ နောက် ငွေနှံ့သာ ၏ နှုတ်ခမ်းလေးကိုလည်း ဖွဖွထိ၍ ဒေါ်ကြီးပြောနေတော့ ငွေနှံ့ သာ၏ မျက်လုံးလေးတွေမှာ နှစ်လိုရင်းနှီးရိပ်လေးတွေ တစ်စတစ်စ တိုးဝင်လာနေပါ၏။ ဝက်ဝံရုပ်ကို ဒေါ်ကြီးယူပေးသည့်အတွက် လည်း သဘောကျနေပုံရသည်။ အရုပ်လေးကို ပိုက်၍ သူ့ဆီ ငွေနှံ့သာ လျှောက်လာသည်။ တကယ့်ကို အရုပ်လေးအေးပေး သမ်းလျှောက်နိုင်းသည့်နှယ် ချစ်ဖို့ကောင်းနေသည့်အဖြစ်။

"ချူဘူး…မီးမီးရဲ့ ချူဘူး၊ ပိုက်ချုံခိုယ်၊ ဒီထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာ...''

ဟု ပြောကာ သူ့လက်ထဲ ထည့်ပေးတော့ ဒေါ်ကြီး ရယ်သည်။

''ခုကတည်းက အစ်ကိုလုပ်သူကို ရွေးပြီး ပိုက်ဆံ အပ်တာတော့ သဘောကျတယ်ရှင်ရေ၊ ဒေါ်ကြီးကိုကျ တော့ မအပ်ဘူး၊ တကယ့်ချာတိတ်ပိစိကွေးလေး ပေပဲ...''

''ကိုကို...ငွေလေးကို ဒီစုဘူးထဲထည့်ဖို့ ပိုက်ဆံ တွေပေးဦးမယ် သိလား၊ ငွေလေးကစု၊ နောက်တော့ အရုပ်ဝယ်ရအောင်၊ ဘာအရုပ်ဝယ်မလဲ''

''လှလှ...''

အရုပ်လှလှလေးဝယ်မည်ဟုပဲ ပြောတတ်ရှာပါသည့် ငွေ နှံ့သာလေးပါ။ ဒေါ်ကြီးမှ ငွေနှံ့သာလေးကို ပွေ့ချီတော့ မငြင်း မဆန် ငြိမ်သက်စွာပဲ အချီခံလိုက်ပါပြီ။

''ငွေလေးကို ရေနွေးနွေးလေးနဲ့ ဒေါ်ကြီးက ရေချိုး ပေးချင်နေတာ၊ ဒါမှ ငွေလေးက ပိုပြီးလှလာမှာ၊ ဟော ဒီအပြာရောင် ဂါဝန်လေးနဲ့ဆို ငွေလေးက သိပ်ကို ချစ် ဖို့ကောင်းနေမှာ၊သနပ်ခါးလဲ ဒေါ်ကြီးလူးပေးမယ်၊ ပန်း လဲ ပန်ပေးမယ်၊ အို...အို...ဒေါ်ကြီးရဲ့ငွေလေးက ဒီ ပန်းသရဖူတွေနဲ့ကို မင်းသမီးလေးဖြစ်နေပြီတော်ရေ့...''

ဟုပြောနေတော့ ငွေနှံ့သာ ခပ်ငုံ့ငုံ့လေး ပန်းဆွဲကြိုးကို ကြည့်သည်။ လက်လေးဖြင့် ပန်းသရဖူလေးကိုလည်း စမ်းသည်။



စံပယ်ပန်းခက်လေးကတော့ ဘယ်နားမှာပြုတ်ကျကျန်ခဲ့ပြီမသိ။ ပန်းသရဖူလေးမှာ စံပယ်ခက်လေးရှိမနေတော့။ ငွေနှံ့သာကို သူ ချစ်စနိုးလေးပဲ ပြုံး၍ ကြည့်နေမိရပါ၏။ သနားကြင်နာစိတ်က လည်း ရင်ထဲမှာ ပြည့်ပြည့်သိပ်သိပ်။ ဤနေ့မှာ ဖခင်ဆုံးပါးရပါ သည့်ကလေး၊ အဖေမရှိ၍မှ မရှိသည့်ဘဝကို နားမလည်နိုင်စွမ်း သည့်အရွယ်။ ကရုဏာစိတ်သည် ရင်ထဲမှာ ကြေကြေကွဲကွဲ ဖြစ်တည်၏။

ငွေနှံ့သာကတော့ လက်ထဲမှ ပန်းလက်ကောက်လေးကို ဒေါ်ကြီးကို ပြပါ၏။ ဖြူနုနေသော လက်မောင်းငယ်ငယ်လေးကို မြှောက်ပြကာ လက်ကောက်ဝတ်လေးကို ကျေကျေနပ်နပ်လေး ငုံ့ကြည့်ရင်းမှ...။

''လက်တောက်...မီးမီးလက်တောက်၊ လရယ် နော်...''

ဟု ဒေါ်ကြီးကိုပြောကာ သူ့ကို မော့ကြည့်၍...။

''ကိုကိုလုပ်ပေးရာ...''

ဟု ထပ်ပြောသည်။ ဒေါ်ကြီးကတော့ ပန်းလက်ကောက် လေးကို လက်ဖြင့်ဖွဖွကိုင်၍ နမ်းသည်။ နောက် လက်လေးကို လည်း နမ်းသည်။ ပါးလေးကိုလည်း နမ်းသည်။ ကလေးကို အနေရဲအောင် တရင်းတနှီးဖြစ်အောင် ဒေါ်ကြီး ကြိုးစားနေခြင်း ပါ။

''အို...သိပ်ကိုမွှေးတဲ့လက်ကောက်လေးပဲ၊ အမယ် ...ဒီလက်လေးကလဲ မွှေးနေပါလား၊ အို...ပါးလေး

www.burmeseclassic.com

www.burmeseclassic.com



ကလဲ မွေးနေပြန်ရော၊ ဒီရင်ဘတ်လေးကလဲ မွေးနေပါရောလား''

ဟုပြောကာ ရင်ဘတ်သေးသေးလေးမှာ နှာခေါင်းကိုတင်၍ တရှုံ့ရှုံ့မွှေးနေရာမှ ခေါင်းဖြင့် ခပ်ဖွဖွခွေ့တော့ ငွေနံ့သာ တခစ်ခစ် စရယ်သည်။ ပါးချိုင့်လေးခွက်ခွက်ပါနေတာကို သူငေးကြည့်ရင်း...။

''ဒေါ်ကြီး...ငွေလေးမှာ ပါးချိုင့်ရှိတယ်''

ဟု ဝမ်းသာအားရပြောမိပါ၏။ သူ့မှာလည်း ပါးချိုင့်ရှိသည်လေ။ ဒါဆို သူနှင့်ငွေလေး တူနေသည်ပေါ့။

''ဟုတ်ပါ့ ရှင်လေးတို့မောင်နှမ၊ ချောတာလဲ တူပါတယ်၊ ပါးချိုင့်လဲ တူပါတယ်၊ ကဲ...ကိုဖိုးချော...ငွေလေးကို ရေချိုးပေးရအောင်၊ ရှင်လေးပါ ရေချိုးခန်းထဲ အဖော်လိုက်ခဲ့၊ ရှင်ပါမှဒီသူငယ်မလေးက ရေချိုးခန်းထဲ ကျုပ်နဲ့တူတူနေမယ့်အချိုးရှိတယ်၊ ခုကတည်းက အစ်ကိုကိုချစ်နေတဲ့ညီမ၊ ရှင်လေးလဲ မနက်စာ ရေမချိုးရသေးဘူးမဟုတ်လား၊ ဒီမှာပဲ တစ်ခါတည်း ကလေးနဲ့တူတူချိုး၊ ကလေးလဲ အဖော်ရတာယ်၊ ရှင်လေးလဲ သန့်သန့်ရှင်းရှင်းဖြစ်မယ်၊ ရေချိုးပျင်းတာ ဒေါ်ကြီးမကြိုက်ဘူးလို့ ပြောထားတာ မေ့ပစ်ဖို့ မကြိုးစားနဲ့၊ ကဲ...အခန်းပြန်၊ ရေချိုးပြီး ဝတ်ရမယ့်အဝတ်ယူခဲ့၊ ဒီမှာချိုး၊ ဒါမှ ကလေးကို အဖော်ရမှာ၊ သွား...''

ဟုပြောအောမို့ သူ ထရစ်တော့ ငွေနံ့သာလည်း သူ့



ဘောင်းဘီစင်းကိုဆွဲ၍ ကပ်နေတာမို့ ဒေါ်ကြီးခမျာ ခေါင်းခါ၍...။

''ကဲပါ၊ ရှင်လေး ဒီမှာနေမြဲနေပါတော်၊ ကျုပ်ပဲ အဝတ်တွေ ယူလာပေးပါ့မယ်''

ဟု ပြောကာ တုတ်ဖိုင့်ဖိုင့်ကိုယ်ကြီးနှင့် မလိုက်အောင်ပဲ သွက်လက်စွာ ထုံးစံအတိုင်း သွားလိုက်သည်ပါပဲ။ သူ ငွေနံ့သာကို ပြုံး၍ ကြည့်သည်။

''ငွေလေး...ဒေါ်ကြီး ပြန်မရောက်ခင် ကိုကိုတို့ ရေချိုးခန်းထဲမှာ သောင်းကျန်းလိုက်ကြရအောင်''

ဟု ပြောကာ ငွေလေးကို ပွေ့ချီ၍ ရေချိုးခန်းထဲ ဝင်ခဲ့ပါ၏။ ကြွေရေချိုးဇလားကြီးထဲမှာ ရေပူရေအေးပိုက်နှစ်ခုကို ဖွင့်ချ၍ မောင်နှမနှစ်ယောက် တဗွမ်းဗွမ်းလက်ဖြင့် ပုတ်ကြ၊ ဇလားထဲ စိမ်ရင်း တစ်ယောက်နှင့်တစ်ယောက်ပက်နှင့် ရေချိုးကြမ်းပြင်တစ်ခုလုံး ရေတွေဖိတ်စင်၍သွားရပါသည့်အဖြစ်။ ပထမတော့ ငွေနံ့သာ မဆော့တတ်။ နောက်တော့ သူလုပ်သလို လိုက်လုပ်ရင်း ရေဝက်ဖြစ်ကြ။ လက်နှင့်ရေကို ပုတ်ကာ တဗွမ်းဗွမ်းဆော့ကြနှင့် ပျော်နေကြပါသည့်အဖြစ်။ ငွေနံ့သာ ပျော်အောင် သူ လုပ်နိုင်လိုက်ပါ၍လည်း သူ့ရင်ထဲမှာ ပျော်နေကြည်နူးနေမိရပါသည့်အဖြစ်။

''ဟယ်...တစ်ခန်းလုံးရေတွေချည်းပါပဲလား၊ ကြည့်စမ်း...ဖိုးခန့်လေး အတာတ်ကောင်းတွေ သင်ပေးနေတယ်ပေါ့လေ ကလေးကို''

ဟု ဒေါ်ကြီးဝင်လာတော့ ထုံးစံအတိုင်း ဆူသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ငွေလေးကို ဆပ်ပြာတိုက်ပေးတော့…။

"မျက်စိထဲဝင်မယ်နော် ဒေါ်ကြီး"

"ရှင်လေးကို ဒေါ်ကြီးပဲ တစ်သက်လုံး ရေချိုးလာပေးခဲ့တာ ဘယ်တုံးက မျက်စိထဲ ဆပ်ပြာဝင်ဖူးလို့လဲ၊ ဆရာ မလုပ်နဲ့"

ဟု ဒေါ်ကြီး ငေါက်တော့မှ သူ ငြိမ်သည်။

အဝတ်အစားတွေဘာတွေလဲ။ ငွေနံ့သာကို သနပ်ခါးလှလှလေး ဒေါ်ကြီး လူးပေးတာကို ကြည့်ကာ သူ့ဘဝမှာ တစ်ယောက်တည်း ကစားဖော်မဲ့စွာ နေခဲ့ရပါသည့်ဘဝတစ်ခုသည် အဆုံးသတ်ချေပြီဆိုတာ နားလည်လာနေမိရပါ၏။ အရမ်းကို ပျင်းရိ ငြီးငွေ့ဖွယ်ကောင်းလျက် စိတ်လည်းပျက်ဖို့ကောင်းသည့် အချိန်တွေကတော့ ကျန်ရစ်ခဲ့ပြီ။

ကျောင်းက ပြန်လာလျှင် သူ့မှာအိမ်ကြီးတစ်လုံးထဲမှာ ပျင်းဖို့ကောင်းနေသည်ပါပဲ။ ဒက်ဒီ ပြန်မလာမချင်း ဒေါ်ကြီးရှိရာ မီးဖိုဆောင်မှာပဲဖြစ်ဖြစ်၊ ဦးဦးသိန်းရှိရာ ပန်းခြံ၊ ဒါမှမဟုတ် သစ်သားတန်းလျားမှာပဲဖြစ်ဖြစ် သူ ရောက်နေရတတ်လျက် လူကြီးတွေကိုပဲ အဖော်လုပ်ရ၊ စကားပြောရနှင့် ရှိခဲ့ရပါသည့်အဖြစ်။ လူကြီးကို အဖော်လုပ်ရသည့်ဆိုတာက သိပ်တော့ အဆင်မပြေ။ ကိုယ်က လူကြီးပုံစံလိုက်လုပ်၍ ပြောမိရတတ်တာမျိုးပင် ရှိတတ်သည်လေ။

တစ်ခါတစ်ခါကျတော့ ဦးဦးသိန်း အို…မဟုတ်သေး။ လေးလေးသိန်း ညည့်သည့်သီချင်းသံနှင့် ထိုးသည့်တယောသံ



ကို ထိုင်နားထောင်ရတာမျိုးလည်း ရှိတတ်သည်။ ခုကျတော့ သူ့မှာ ကစားဖော်လည်းရှိပြီ၊ စကားပြောဖော်လည်းရှိပြီ၊ ပြီးတော့ သူက အကြီးလုစ်၍ အငယ်ကို အလိုလိုက်စိတ်ရှည်ရပါသည့် အစ်ကိုဆိုသည့်ဘဝကိုလည်း ရောက်ရပြီ။ သူ့ ရင်ထဲမှာ ကြည်နူးမိရပါ၏။

ပါးကွက်ကျားသနပ်ခါးလေးနှင့် အပြာရောင် ပိုးဂါဝန်ရှည်လေးဖြင့် ရှိနေပါသည့် ငွေနံ့သာ။ ဆံပင်ကို သားရေပင်လေးဖြင့် ကြက်တောင်စည်းလေးစည်းကာ စံကားပန်းနီလေးတစ်ပွင့်ကို ကြက်တောင်စည်းမှာ သားရေပင်ဖြင့် ညှပ်၍ ပန်ထားပေးသည့် ဒေါ်ကြီးကို ငွေနံ့သာက ချစ်ခင်စွာပဲ မော့ကြည့်၊ ငြိမ်သက်၍လည်း ခံနေပါ၏။ လက်မောင်းလေးတွေကအစ ဒေါ်ကြီးကလည်း သနပ်ခါးဝင်းဝင်းလေးကို မွေးမြနေအောင် လိမ်းပေးတာမို့ သူ သနပ်ခါးနံ့သင်းသင်းလေး၏ ရနံ့ကို နှစ်လိုစွာပဲ ရှူရှိုက်နေရပါသည့်အဖြစ်။ ဟုတ်သည်။ သနပ်ခါးရနံ့သင်းသင်းလေးကို အခန်းတွင်းမှာ သူ ရနေသည်လေ။

"ပါးစပ်ဟ ငွေလေး"

ဟု ဒေါ်ကြီးပြောတော့ ငွေနံ့သာ ပါးစပ်လေးဟပေးသည်။ သနပ်ခါးကို ကျောက်ပျဉ်မှ လက်ညှိုးဖြင့် ကော်ယူကာ သွားလေးပေါ် ဒေါ်ကြီးတင်၏။

"မျိုချ၊ အဲဒါ ကျန်းမာတယ် ကလေးရဲ့"

ဟု ဒေါ်ကြီး ပြောတော့ သူ ငယ်တုန်းကလည်း သူ့ကို ရေမိုးချိုးပေးပြီး သနပ်ခါး ခုလိုပဲ မွှေးနေအောင် လိမ်းပေး၊ သနပ်

www.burmeseclassic.com

www.burmeseclassic.com



ခါး ဓာတ်ကော်ပါးစပ်ထဲထည့်ကာ မျိုချနိုင်းခဲ့ပါသည့် ဒေါ်ကြီးကို ငေးကြည့်နေမိရပါပြီ။ ခုကျတော့ သူ သနပ်ခါးအလိမ်းမခံတော့။ ဘောလုံးကန်ဖို့ ဝါသနာကြီးလာသည်နှင့်အမျှ ကျောင်းအပြန်မှာ ကျောင်းဘောလုံးကွင်းမှ ပေတူးနေအောင် ဘောလုံးကန်ပြီးမှ ပြန်လာတတ်ပါသည့် သူ့ကို ဒေါ်ကြီး အမြဲဆူနေကျ။ ရေမိုးချိုးပြီးချိန်တိုင်းမှာတော့ သနပ်ခါးကို သူ အလူးမခံခဲ့တာ သုံးနှစ်ကျော်ပြီ။ သနပ်ခါးဆိုတာ မိန်းကလေးမှ လိမ်းတာဟု သူ ပြောခဲ့သည်လေ။ ခုကျတော့ ငွေနှံ့သာလေး ရောက်လာပြီ။ မိန်းကလေးဆိုတာ သနပ်ခါးလိမ်းရတယ်ဟု ဒေါ်ကြီး ပြောပြီး လိမ်းပေးချေမှာ အမှန်။

"ကဲ…လာ၊ ထမင်းပူပူလေး စားလိုက်ရအောင်၊ ခန့်လေးက ညီမလေးကို လက်ဆွဲခေါ်လာခဲ့၊ ဒေါ်ကြီး အောက်ဆင်းပြီး စားဖို့ပြင်ဆင်ထားမယ်"

ဟု ပြောကာ ဒေါ်ကြီး ဆင်းသွားပါ၏။ သူ ငွေနှံ့သာ၏ သနပ်ခါး ဝင်းဝင်းလေးတွေ အစင်းကြောင်းထင်နေသည့် လက်လေးကို ဆွဲ၍ လှေကားထစ်တွေကို ခပ်ဖြည်းဖြည်းဆင်းလာမိကြပါ၏။ ထိုသို့ လှေကားထစ်တွေကို နင်းဖြတ်ဆင်းနေရသည့်အတွက်လည်း ငွေနှံ့သာ ပျော်နေပုံရ၏။ သေးငယ်ဖြူနွဲ့သော ကလေးမငယ်ငယ်လေးသည် လှေကားကြီးမှာ များပြားလှသည့် လှေကားထစ်တွေ နင်းဖြတ်ဆင်းနေရခြင်းမှာ အတွေ့အကြုံ အသစ် အဆန်းတစ်ခုဖြစ်နေသည်ထင့်။

"ဖြည်းဖြည်းဆင်းနော်၊ ကိုကို့လက်ကို ကိုင်ထား၊



ဟုတ်ပြီ"

ဟု သူကလည်း ကလေးကို မပွေ့ချီသေးဘဲ လှေကားထစ်တွေ ဆင်းတတ်လာအောင် သင်ပေးသလို ပြောနေမိရပါ၏။

တစ်ဝက်လောက်ရောက်မှ ငွေနှံ့သာကို ပွေ့ချီဆင်းခဲ့ကာ ထမင်းစားဆောင်သို့ဝင်လာသည်။ ဒေါ်ကြီးက ငွေနှံ့သာကို ထမင်းခွံ့ကျွေးပါ၏။ တဖြည်းဖြည်း ဒေါ်ကြီးကို ငွေနှံ့သာ ချစ်သွားမှန်း ရွှန်းလဲ့သော မျက်ဝန်းအကြည့်လေးတွေဖြင့်ပင် သိသာနေပါသည့်အဖြစ်။

ထိုနေ့က ညနေစာ စားချိန်နီးသည်အထိ ငွေနှံ့သာ၏ အခန်းထဲမှာပဲ သူ နေဖြစ်ခဲ့သည်။ အရုပ်တွေနှင့်တူတူဆော့နေမိကြရသည်။ ခုတင်ထက်မှာ ညနေစောင်းလုလုအချိန်လေး၌ နှစ်ယောက်သား အိပ်ပျော်သွားမိခဲ့ရသည်။ သူ့ရင်ခွင်ထဲမှာ ငွေနှံ့သာလေး ခပ်ကွေးကွေးလေး တိုးဝင်ကာ အိပ်မောကျခဲ့သည့်နှယ်။ သူလည်း ကစားရင်း ညည်းငွေ့လာချိန်မို့ လှဲရင်း အိပ်ပျော်သွားခဲ့သည်ပါပဲ။ ဒေါ်ကြီးလာနှိုး၍ ညနေစာ စားခိုင်းမှပဲ အောက်ထပ်သို့ ဖြစ်ရောက်ကြရပါသည့်အဖြစ်။

ညအချိန်ထိ ဒက်ဒီ ပြန်မရောက်သေး။ ဒေါ်ကြီးကတော့ ငွေနှံ့သာ၏ ဖေဖေ့ကိစ္စလုပ်ကိုင်နေ၍ပဲဖြစ်ချေမည်ဟု သူ့ကို ပြောခဲ့ပါ၏။

ညကျတော့ ဒေါ်ကြီးက ငွေနှံ့သာ၏ အခန်းမှာ အိပ်သည်။ ဒက်ဒီ ဤညမှာ ပြန်မလာဖြစ်ဟု ဖုန်းဆက်လာသည်မို့ ညကိုးနာရီမှာ ဒေါ်ကြီးက အိမ်ကြီးတစ်ခုလုံး အခန်းတံခါးပြတင်း

www.burmeseclassic.com

www.burmeseclassic.com



တွေကအရ စစ်ဆေးပြီးမှ အိပ်ခြင်းပါ။

ညဉ့်နှစ်နာရီလောက်တွင် သူ နိုးလာရပါ၏။ သူ့လက်ကို လှုပ်နှိုးနေ၍ပါ။ အိပ်မှုန်စုံမွှားဖြင့် သူ မျက်စိကို ပွတ်၍ ကြည့်တော့ အဖြူရောင်ဖာနားလေးတွေဖွားဖွားကျနေပါသည့် ဖလန်ထည် ညဝတ်အင်္ကျီရှည်ပွပွလေးဖြင့် ဝက်ဝံရုပ်ကြီးကို ပိုက်၍ ခုတင်ထက်မှာ ထိုင်နေပြီဖြစ်ပါသည့် ငွေနှံ့သာလေး…။ သူ ကမန်းကတန်း ကုန်းထထိုင်ကာ…။

''ဟင်…ညီမလေး မအိပ်ဘူးလား''

ဟု မေးတော့ မျက်နှာလေး ငိုမဲ့မဲ့ဖြင့်…။

''အိပ်လို့အရဘူး၊ တိတ်ရှူးရာဘဲ၊ ကြောက်ရယ်''

ဟု ပြောရှာသည်။ သူ့အခန်းထဲကိုလည်း ညနေစောင်း ထမင်းစားပြီးချိန်မှာ ငွေနှံ့သာလေးကို ခေါ်လာခဲ့သည်မို့ သူ့အခန်းကို ငွေနှံ့သာ သိထားသည်လေ။ ညကြီးမှာ သူ့အခန်းထဲ ရောက်လာကာ မျက်ရည်လေးဝဲ့ရင်း ပြောနေသည့် ငွေနှံ့သာကို သူ ကြင်နာစွာပဲ တွေးပိုက်ထားရင်းမှ…။

''ဘာကြောက်တာလဲ ငွေလေးရဲ၊ ဘာကြောက်စရာမှ မရှိတဲ့ဥစ္စာ၊ ဒေါ်ကြီးလဲရှိနေတာပဲ၊ ဒေါ်ကြီးရောဟင်''

ဟု မေးတော့ အိပ်ရာခင်းဖြူဖြူလေးထက်မှာ သေးကွေးပျောင်းနွဲ့စွာထိုင်နေပါသည့် ငွေနှံ့သာမှ…။

''အိမ်လို့အရပါဘူးချို''

ဟု ထပ်ပြောသည်။ အဖြူရောင်ဖာနနူလေးတွေ လုပ်ထွာ အထပ်ထပ်အနားသပ်ရှိနေလျက် ရင်ဘတ်လေးမှာလည်း အထပ်



…သပ်ဖြင့် ရှိနေပါသည့် ညအိပ်အင်္ကျီထူထဲထဲလေးက ခပ်ပွပွရှိနေ…တမို့ အင်္ကျီကကြီးနေလျက် ငွေနှံ့သာလေးက ပို၍ သေးကွေး…းလျားသွားသယောဇ်ပင် ထင်နေရပါသည့်အဖြစ်။

''ရှဲ…ရာ''

လာဟု သူ့လက်ကို ဆွဲခေါ်နေတာမို့ သူ ဘာမှ မေးမ…တော့ဘဲ လိုက်လာခဲ့ရသည်။ ကလေးက လက်ဆွဲခေါ်၍ သူက…က်လာရပါသည့်အချိုး။ ငွေနှံ့သာက တံခါးရွက်ကြီးကို လက်…းဖြင့် တွန်းဖွင့်ကာ သူ့ကို အခန်းထဲထိ ခေါ်လာသည်။ …နားလည်လိုက်ပါပြီ။ ဘာကြောင့် ငွေနှံ့သာလေးခမျာ သူ့…န်းထဲ ရောက်လာရသည့်ဆိုတာကိုပါ။

ဒေါ်ကြီးသည် ခုတင်ထက်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မော…နေ၏။ ကလေးကို အဖော်လုပ်အိပ်သည့် ဒေါ်ကြီး။ တစ်နေကုန်…ည်း အိမ်အလုပ်တွေ တလှုပ်လှုပ်ဖြင့် လုပ်ရသည်မို့ထင့်။ အိပ်…က်သည်မှ ငွေနှံ့သာလေး အခန်းထဲမှာ မရှိတော့တာကိုလည်း …။ သူ့ထံရောက်လာတာကိုလည်း မသိ။ ခု အခန်းထဲ ကလေး… သူ့ကို ခေါ်လာတာမို့ သူ ရောက်နေတာကိုလည်း မသိ။ …ာယ့်ကို နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်နေပါသည့်အဖြစ်။ ပြီးတော့ …ာက်သံ။ အတော်ကျယ်သည့် ဟောက်သံ။

သိပ်ချူရာဘဲ၊ အိပ်လို့အရဘူး ဆိုသည့် ငွေနှံ့သာ…လေးကို သူ နားလည်ပါပြီ။ ငွေလေး နိုးလာတော့ …က် …ကြောင့် အိပ်၍လည်းမရ။ ဟောက်သံကျယ်ကျယ်ကြီးကြောင့် …သံးဆူသံ လန့်လည်းလန့်နေပုံရပါ၏။ …အသံဩက်

www.burmeseclassic.com



ရယ်မိမှာစိုး၍ ကမန်းကတန်းပဲ ငွေနံ့သာလေးကို ဖွေ့ချီကာ အခန်းတွင်းမှ သုတ်သုတ်ထွက်ရပါ၏။

စကြံအတိုင်း မြန်မြန်လျှောက်။ အခန်းထဲပြန်ရောက်မှ ခုတင်ထက်မှာ ငွေနံ့သာနှင့်တူတူထိုင်ကာ သူ စတင်၍ ရယ်သည်။ ငွေနံ့သာ၏ နားရွက်လေးကို ဖွဖွလိမ်သည်။

“ကြည့်စမ်း…ကောင်မလေး၊ ဒေါ်ကြီး ဟောက်သံကို ဆူတယ်ဆိုပြီး နားညည်းလို့ ပြေးလာတာပေါ့လေ၊ ကြောက်လို့ပြေးလာတာပေါ့လေ၊ ကဲ…အိပ်စေဗျား၊ ကိုကိုနဲ့တူတူ အိပ်စေဗျား၊ လာ…ကိုကိုနဲ့တူတူအိပ်၊ ကိုကိုက မဟောက်တတ်ဘူး၊ လာ”

ဟု ပြောကာ ငွေနံ့သာကို ယုန်မွေးစောင်ကြီး ခြုံပေးကာ ငွေလေးကို သူ ထွေးပိုက်၍ အိပ်လိုက်ရပါ၏။ ထိုစဉ်ခိုက် မိုး… ဝေါခနဲ ရွာချလာသည်။ တစ်နေ့လုံး မှိုင်းညို့အုံ့နေသည့်မိုး… ညမှာ အရှိန်နှင့်ရွာချလာပါ၏။ ငွေနံ့သာလေးခမျာ သူ့ကို အ… ကိုးစွာ ဖက်တွယ်ထားရင်း ရင်ခွင်ထဲ ခေါင်းလေးတိုးကပ်၍ မျက်… ဝန်းလေးကို စုံမှိတ်ချင့်မိကျနေရှာပါသည့်အဖြစ်။

နောက်တော့ ညအိပ်မီးရောင်ပြာလဲ့လဲ့လေး ထိုးကျနေ… အိပ်ရာထက်မှာ ငွေနံ့သာထထိုင်ကာ…။

“ကိုကို…မီးမီး အိန်ကျန်မယ်၊ ဖေဖေ့ချီကို ကျန်မယ်”

ဟု ခပ်တိုးတိုးပြောငိုရှာပါပြီ။ သူ့ ရင်ထဲမကောင်းနိုင်… သူက ဆယ်နှစ်အရွယ်။ ငွေလေးက လေးနှစ်။ ဒါပေမဲ့ သူ…



…လူကြီးလုပ်၍ ငွေလေးကို ချော့မော့ရ။ မိုးရွာလွန်း၍ ကြောက်နေပုံ… လေးဖြင့်ရှိနေသည့် ငွေလေးရှေ့မှာ သတ္တိခဲကြီးလုပ်ပြရနှင့်ပါ။ …ျှော်စီးတွေလက်တော့ ငွေလေး သူ့ရင်ခွင်ထဲ တိုးဝင်ကာ ခပ်… …ကိုးတိုးရှိုက်နေသည်။

ထိုအခိုက် အခန်းတံခါး ပွင့်လာကာ စိုးရိမ်တကြီးဖြင့် …ဒေါ်ကြီး ဝင်လာတာကို သူ မြင်သည်မို့…။

“ငွေလေး ဒီမှာရောက်နေတယ် ဒေါ်ကြီး”

ဟု သူ လှမ်းအသံပေးလိုက်မိရပါပြီ။ တစ်ရေးနိုးတော့ …ငွေလေး ပျောက်နေ၍ ဒေါ်ကြီးစိတ်ပူပြီး လိုက်ရှာခြင်းဆိုတာ …သူ သိသည်လေ။ ဒေါ်ကြီးမှ ခုတင်ထဲ ကိုယ်ကို ကိုင်း၍ ခြင် …ထောင်ကိုလည်း လှပ်ထားကာ…။

“ကလေးက ဒီရောက်နေတာကိုး၊ လာ…လာ… ဒေါ်ကြီးနဲ့ အိပ်ရအောင်၊ ကိုကို့ဆီကို ရောက်နေတာကိုး”

“ဟင့်အင်း…သိပ်ချူရာဘဲ၊ အိပ်လို့အရဘူး”

ဟု ငွေလေး ပေကပ်ကပ်ပုံလေးဖြင့် သူ့ရင်ခွင်ထဲ ပို၍ …တိုးဝင်ကာ လှည့်မကြည့်စတမ်း ပြောတော့ ဒေါ်ကြီးခမျာ နားမ…သည်နိုင်ရှာ။ ဒါပေမဲ့ ခုလို ပေစောင်းပေစောင်းပုံလေးဖြစ်လာသည့် …ကိုက အခြေအနေကတော့ တိုးတက်လာသည့်သဘော။ ကလေး… …စိတ်ကောက်တတ်နေပြီ။ဆွာတေးတေးလုပ်ချင်နေသည့်အသွင်… …မလိုက်ချင်တာကို ခေါင်းလေးမာလျက် ပြောနေသည့်ချိုး။

“အင်းပေါ့၊ ကိုကို့အားကိုးပြီး ဒေါ်ကြီးကို …က်ကန်နေပြီပေါ့လေ”

www.burmeseclassic.com

www.burmeseclassic.com



ဟု ချစ်စနိုးလေး ပြောမိသည်က ဒေါ်ကြီးပါ။

"အို…ဒေါ်ကြီးက ဒီလောက်ဟောက်တာ၊ ခေါ်ခလုံး…ခေါ်ခေါ်ခေါ်…စလောခလောနဲ့ ဆူညံနေတာပဲ၊ သိပ်ဆူလို့ ငွေလေးအိပ်မရဘဲဖြစ်ရတာဗျ၊ ငွေလေး ခန့်လေးနဲ့ အိပ်မှာ"

ဟု သူ ဝင်စွာတော့ ဒေါ်ကြီး ရယ်သည်။ စောင်ကြီးကို နှစ်ယောက်လုံး လုံနေအောင် ပြင်ခြုံပေးကာ…။

"အိပ်ပါတော်၊ အိပ်ပါ၊ ဒေါ်ကြီးက ဟောက်တတ်နေတယ်လား၊ မသိပါဘူးကွယ်ရို့ အိပ်နေတော့လဲ ကိုယ့်ဟောက်သံ ကိုယ်ဘယ့်နှယ်ကြားနိုင်ပါ့မလဲ၊ မဟုတ်ဘူးလား၊ အဟင်းဟင်း…ဒီကလေးကတော့လေ နှာခေါင်းသေးသေးပဲရှိလို့ တော်သေးတယ်၊ ဆူသလေး ညံသလေးနဲ့၊ နားကလဲ ညည်းတတ်သေး၊ လူကြီးလေးကို ကျလို့၊ ကိုင်း…အိပ်၊ နားသေးလေး အိပ်"

ဟု ဒေါ်ကြီး ငွေနံ့သာလေးကို နားရွက်လေး ခပ်ဖွဖွ ညှစ်ပြီးမှ ရယ်မော၍ ထွက်သွားပါ၏။

"ကိုကို ဖေဖေကရေ မီးမီးကို ပုံကျောကျရယ်၊ နတ်တာမီးပုံ၊ ကိုကို ကြောကျလေ"

ဟု ငွေနံ့သာလေး ပြောတာမို့ သူတစ်ချက် စိတ်ထဲ မောကျသွားရပါ၏။ သူက ပုံဆိုတာကို သိပ်စိတ်ဝင်တစားရှိလှတာ မဟုတ်။ အရေးထဲ ငွေနံ့သာလေးကလည်း ပုံပြောပြခိုင်းနေပြီ။



"ဟုတ်ပြီ၊ ကိုကိုက နတ်သားလေးနဲ့နတ်သမီးလေးပုံကို ပြောပြမယ်၊ ဟိုးရှေးရှေးတုန်းက နတ်သားတစ်ပါးရယ် နတ်သမီးတစ်ပါးရယ် ရှိကြတယ်တဲ့၊ သူတို့က မောင်နှမလေ၊ နတ်သားလေးရဲ့ ညီမလေးက သိပ်လှတာတဲ့၊ အရုပ်လေးလိုပဲတဲ့ဗျ၊ ငွေလေးလိုပေါ့"

ဟု ပြောတော့ ငွေမီးလေးတစ်ချက်ရယ်သည်။ နတ်သမီးလေးနှင့်တူသည် ပြော၍ သဘောကျနေမှန်း သိသာနေသည့်အဖြစ်။ အမြှောက်ကြိုက် အချော့ကြိုက်လေးပေပဲဟု နားလည်ဖြစ်၏။

"ကျောလေ…ချက်ကြောလေ"

ဆက်ပြောခိုင်းနေသည့် ငွေနံ့သာလေးကို သူတစ်ချက်ကြည့်သည်။ အိပ်ရာထဲနှစ်ယောက်သားစောင်ကြီးထဲ ကွေးနေကြရင်း မအိပ်ဖြစ်ကြသည့်အဖြစ်။

သူ ဘယ်လိုပုံကို ဆက်ရမှန်း မသိ။

"အဟမ်း…အဲဒါ နတ်သမီးလေးက ထမင်းချက်ဖို့ဆိုပြီး တောထဲမှာ သစ်သီးတွေသွားခူး၊ ထင်းတွေလိုက်ကောက်၊ ထင်းစည်းလေးကျောမှာပိုးပြီး မြင်းဖြူကြီးနဲ့ ပြန်လာခဲ့တယ်တဲ့၊ မြင်းပျံကြီးလေ"

ဟု စွတ်၍ စိတ်ကူးဦးတည့်ရာ ဖြီးဖြန်းပြောနေရသည့်အဖြစ်ပေမို့ ကိုယ့်ဘာသာကိုယ် ရယ်ချင်လာရသည်ကတော့ အမှန်။

သူ့ပုံထဲက နတ်သမီးလေးမှာ အဖြစ်ဆိုးရှာရပါ၏။ …တဲ့…။ ထင်းခွေပြီး ထင်းတွေစည်း၍ ကျောပိုးပြန်ရသည်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ကြီးသာ ကြားလျှင် တောက်တီးတောက်တဲ့ဟု ပြောချဦးမည်။ မဖြစ်။ ခေါ်ကြီးကို နေ့တိုင်းပုံတွေပြောပြောပြဖို့ သူ ပြောရမည်။ ခေါ်ကြီးပြောသည့်ပုံတွေထဲက အကောင်းဆုံးသော ပုံတွေကို ရွေးထုတ်၍ သူ ငွေလေးကို ပြောပြမည်လေ။

"ချက်ကျောလေ"

ညကြီးမင်းကြီးမှာ မိုးတွေရွာနေသည့်ကြားထဲ မအိပ်ဖြစ်ပဲ ပုံပြောနေရသည့်အဖြစ်ကလည်း သူ့ဘဝမှာ ဆန်းနေသည်။ တစ်ယောက်တည်း သူ အိပ်ခဲ့ရ၊ ရှိခဲ့ရလေသည့် သူ့ဘဝမှာ ဤညသည် ဆန်းနေသည်။

ဟုတ်သည်။ ထူးဆန်းနေသည်။ သူ့မှာ ငွေနှံ့သာလေး ရှိနေသည်။ သူ့ကို အစ်ကိုပမာ တွယ်တာနေပါသော ငွေနှံ့သာ၊ သူ့ကို ပုံတွေပြောဖို့ ပူဆာနေပါသည့် ငွေနှံ့သာ။ သူ့ကို ခုလို ပူပူဆာဆာလုပ်တာမျိုးကိုလည်း သူ့ဘဝမှာ မခံခဲ့ရစဖူး။

သူ မိုးတွေအုံကျင်းကောင်းစွာရွာချနေပါသည့် ညနှစ်နာ ကျော် အချိန်ကြီးမှာ မအိပ်ဖြစ်ဘဲ ပုံပြောပြနေတာကိုများ ဒက်ဒီ တွေ့လျှင် မည်သို့ရှိချေမည်မသိ။

ဒက်ဒီ အုံသြမှာလည်း အမှန်။ အစစ လိုချင်တာ ရမှ ငြိမ်သည့်သူ့အဆိုးအတေတွေကို ဖြိုဖို့၊ ပူဆာဖို့၊ ဆိုးဖို့ သာ ဆိုတာ ဗစ်တိုးရီးယားမှာ ရှိလာချေပြီတည်း။ ခါပေမဲ့ သူ့ ထဲမှာ ကြည်နူးကျေနပ်တာပဲရှိနေသည်။ အဲနေ့ငင်အယှက်ဖြစ်မ

"အဲဒီတော့...အဲ...ကြာပန်းတွေပွင့်နေတဲ့ ရေကန် ကြီးမှာ နတ်သမီးလေးက ရေဆင်းချိုးတယ်တဲ့၊ ပန်းတွေ



ကလဲ သိပ်လှတာကိုး"

ဟု ဆက်ပြောနေမိရပါ၏။ ခုမှ သူလည်း ပုံတွေဘာ တွေ စိတ်ကူးနှင့်ပြောတတ်နေပြီ ဖြစ်ချေသည်ပဲ။

"အဲဒါ ကြာပန်းတွေလဲ ခူးခဲ့တယ်တဲ့၊ ကြာခွက် တွေလဲ ခူးပြီး ကြာဝတ်ဆံလေးတွေကိုလဲ စားခဲ့ရတယ် တဲ့၊ ကဲ...အိပ်လိုက်တော့နော်၊ မနက်ဖြန်မှ ပုံဆက်ပြော မယ်၊ ဟုတ်ပလား"

ဟု သူပြောတော့ ငွေနှံ့သာလေး သူ့ရင်ခွင်ထဲ ခေါင်း လေးတိုးဝင်အပ်ထားကာ သူ့လက်မောင်းကို သေးငယ်သော လက် လေးဖြင့် အားကိုးစွာပဲ ကိုင်ထားရှာပါ၏။

ငွေနှံ့သာလေး အိပ်ပျော်သွားသည့်တိုင် မိုးကတော့ အရှိန် ကောင်းစွာ ရွာချနေဆဲ။ ရွာချနေမြဲ။

မနက်ဖြန် ခြံထဲမှာ စံပယ်ရုံတွေမှာ ပန်းဖွေးဖွေးတို့ ဆုပ်ခဲ အောင် ပွင့်နေကြချေလိမ့်မည်။

မိုးရေစက်တို့ကြောင့် ပန်းတို့သည်လည်း ပို၍ လန်းဆတ် ဖွေးဥနေကြချေမည်တည်း။

www.burmeseclassic.com

www.burmeseclassic.com



"ရုပ်ချင်ပါရယ်ချို၊ ရုပ်တုတ်ပါရယ်ချို"

ဒေါ်ကြီးမြိုင်ခမျာ ယုန်းမုန်လာပွင့်ကို ဓားဖြင့် လှီးချင် သည့် တကဲကဲလုပ်နေသည့် ငွေနုံ့သာလေးကို ရယ်မော၍ ချီပစ်ကာ...။

"ရုပ်ပါ၊ ရုပ်ပါ၊ ဒါပေမဲ့...နည်းနည်းလေးတော့ ကြီးဖို့လိုနေသေးတယ် သူငယ်မလေးရဲ့၊ ဓားထိမယ်၊ လောလောဆယ်တော့ဖြင့် ငြိမ်ငြိမ်လေးနေစမ်းပါရှင် လေးရယ်၊ ညည်းလေးရဲ့ ဒက်ဒီကလဲ ညည်းလေးကို အရိပ်တကြည့်ကြည့်လုပ်ထားတာ၊ ဓားထိလို့ကဖြင့် ကျုပ် မိုးမီးလောင်လိမ့်မယ် သိရဲ့လား၊ ညည်းလေးရဲ့ ကိုကိုကလဲ သူ့လက် ဓားထိရင်တောင် အဲသလောက် နာမှာ မဟုတ်ဘူး၊ ညည်းလေးလက်ဓားထိလို့ကဖြင့် ကျုပ် မိုးမီးလောင်လိမ့်မယ်"

ဟု ရယ်မောပြောနေခိုက်မှာပဲ အိမ်ရှေ့ပေါ်တီကိုကြီး အောက်မှာ ကားရပ်သံကြားရသည်မို့ ငွေနုံ့သာကိုယ်လေး ၍ ရင်ခွင်ထဲက ဆင်းဖို့ စိတ်လောနေတာမို့ ဒေါ်ကြီး အသာအယာ ကြမ်းပေါ်အလိုက်သင့်လေး ချပေးလိုက်ရပါပြီ။ ငွေနုံ့သာအိမ်ရှေ့ သို့ ပြေးသည်။ အစိမ်းရောင်ချည်သား ဂါဝန်လေးဖားဖားဖြင့် ဖျော့ဖျော့လေး ပြေးသွားပါသည့် ငွေနုံ့သာကို ကြည်နူးစွာပဲ နောက်မှ



ဒေါ်ကြီးမြိုင် ကြည့်ကျန်ခဲ့ရပါ၏။ ခုမှပဲ အစိမ်းကြော်အတွက် မုန်လာပွင့်ကို သုတ်သုတ်လှီးရချေမည့်အဖြစ်။ ခုကတည်းက မီးဖိုချောင်အဝင်ကောင်းလုပ်ချင်နေပြီဖြစ်သည့် ငွေနုံ့သာလေးကိုလည်း ဒေါ်ကြီးမြိုင် ပို၍ အချစ်တိုးမိနေရပါပြီ။

ငွေနုံ့သာ ဧည့်ခန်းတံခါးကို ဖြတ်ကာ လှေကားထစ်တွေကို ပြေးဆင်းလာတော့ သူ လက်ကာ၍...။

"ဟာ...ချော်ကျမယ်၊ လဲကျမယ်၊ ကိုကို ပြော ထားတယ် မဟုတ်လား၊ ပြေးမလာပါနဲ့လို့"

ဟု အော်မိရပါပြီ။ ကားနောက်ခန်း ထိုင်ခုံထက်မှာ တင်ထားခဲ့ပါသည့် စက္ကူဘူးရှည်လေးကို နောက်တံခါးဖွင့်ယူနေရတာမို့ သူလည်း အိမ်တွင်းသို့ ချက်ချင်း မဝင်ဖြစ်နိုင်ခဲ့။ ငွေနုံ့သာက သူ့ကို ကြိုချင်ဇောဖြင့် ပြေးလာနေပြီ။ ကမန်းကတန်း စက္ကူဘူးကို ပိုက်ထားလျက်ဖြင့်ပဲ ငွေနုံ့သာကို ကုန်း၍ ပွေ့မိကာ...။

"အံမယ်...ကိုကို့ငွေလေးက ခါးခါးလေးတွေ တောင် လူးထားပြီးပြီကိုးဗျ"

"ငွေလေး ရေချိုးပြီးဘီ၊ ခါးခါးလူးပြီးဘီ၊ ဒေါ်ကြီး ရုပ်ပေးရာ၊ လူးပေးရာ"

တာ...ဆိုသည့်နေရာမှာ...ရာ...ရာနှင့် ပြောသည့်ပီ သည့်အသံလေးကိုက ပို၍ ချစ်ဖို့ကောင်းနေသည့်အပြင်။ သူ ပါးထိုးပေးတော့ ငွေနုံ့သာ သူ့ပါးကို နမ်းသည်။ ပြီး ပါအောင် ...က်လေးနှစ်ဖက်ဖြင့်ပင် သူ့ပါးကို ကိုင်၍ ...ခြင်း။ ထိုမှုခဲ့

www.burmeseclassic.com

www.burmeseclassic.com



ထိုမှ လိမ္မာပြီး အရုပ်လေးနှင့်လည်း တူအောင်ချောသည့် ငွေနံ့သာလေးကို သူ မည်သို့မချစ်ဘဲ နေနိုင်ပါမည်တဲ့လဲလေ။

သူ့ကို နမ်းရုံဖြင့် မပြီးသေး။ ငွေနံ့သာလေးက ပါးလေး ထိုးပေးပြန်သေးသည်မို့ သူကလည်း ရှုံ့ရှုံ့ပါအောင် ပါးလေးကို နမ်းလိုက်ရသည်ပါပဲ။

သူ့ကို ကျောင်းသို့လာကြိုပါသည့် လေးလေးသိန်းက တော့ တပြုံးပြုံးဖြင့် ရှိနေလျက်…။

"လေးလေးကိုလဲ နမ်းပါဦး ငွေလေးရဲ့"

ဟု ပြောတော့ မျက်နှာလေးညိုး၍…။

"အနမ်းချင်ဘူး"

ဟု ပါးမြိုင်းမွေးရှိသည့် လေးလေးကို ပြန်စွာသည့် ငွေနံ့သာလေးပါတည့်။

ငွေနံ့သာလေးမှာ ဗစ်တိုးရီးယားတွင် နေနေသည်မှာ နှစ်လတာရှိခဲ့ပြီမို့ အားလုံးနှင့် မစိမ်းတော့။ နေတတ်၊ ပြန်ပြောတတ် နေပြီ။ ခုလည်း သူ့အားကိုးနှင့် လေးလေးသိန်းကို ပြန်စွာနေခြင်း ပါတည့်။ လေးလေးသိန်းမှာ ဥယျာဉ်မှူးလည်း လုပ်သည်။ ဒေါ်ကြီးမြိုင်၊ ဈေးသွားချိန်နှင့်သူ့ကို ကျောင်းဆိုကျောင်းကြိုချိန် များမှာ ကားမောင်းသည်။ ဒက်ဒီကတော့ ဒရိုင်ဘာမသုံးဘဲ ဒက်ဒီကားကို ကိုယ်တိုင်ပဲ မောင်းသည်လေ။

ဒက်ဒီ၏ အထည်ချုပ်စက်ရုံလုပ်ငန်းကလည်း အရမ်းကို အလုပ်များသည်မို့ မနက်ဆို အလုပ်သို့သွား။ နေ့လယ်စာအဖြစ် လေးလေးသိန်း ပို့ပေးပါသည့် ထမင်းချိုင့်ဖြင့်စား။ ညနေမိုးချုပ်



မှပဲ ပြန်ရောက်လာရပါသည့်အဖြစ်။ အလုပ်တွေထဲ နစ်နေပါသည့် ဒက်ဒီ၏ ညဘက်အချိန်တွေမှာတော့ အိမ်မှာပဲ ကလေးတွေနှင့် ညစာစား၊ တီဗီ ဒါမှမဟုတ် ဗီဒီယိုခွေထိုး၍ တူတူကြည့်။ စကားတွေပြော။ နောက် ညကိုးနာရီခွဲလောက်ကျမှသွင် စာကြည့်ခန်းထဲဝင်ကာ စာဖတ်။ နောက်နေ့အတွက် လုပ်ကိုင်မည့်အလုပ်ကိစ္စတွေ ဖိုင်တွေဘာတွေ လှန်ကြည့်။ ဒါတွေနှင့်ပဲ ဒက်ဒီအချိန်ကုန်ရပါ၏။

ငွေနံ့သာလေးကိုတော့ ဒက်ဒီသည် တချို့ပွေ့ပွေ့ဖြင့် အချိန်များစွာ ပေးတတ်တာ အမှန်။ သူနှင့်ငွေနံ့သာတို့ သူ့အခန်းထဲမှာပဲ ခုတင်တစ်လုံးစီဖြင့် ညအိပ်မို့လည်း ဒက်ဒီပဲ စီမံပေးခဲ့ပါ၏။ ဒေါ်ကြီး ဟောက်သံကြောင့် ငွေလေးအိပ်မရဟု သီရစဉ်က ဒက်ဒီ ရယ်လိုက်သည်မှ မျက်ရည်ပင်ကျခဲ့သည်အထိပါ။ ဗုစိကွေးအရွယ်လေးက ဟောက်သံကြောင့် အိပ်မရဟု ပြောလေသည်ကိုးလေ။ ဒေါ်ကြီးခများလည်း ရှက်လည်းရှက်ချင်၊ ရယ်လည်း ရယ်ချင်နှင့် ရှက်ရယ်ပဲ ရယ်ခဲ့ရရှာသည်လေ။ ခုကျတော့ သူ့အခန်းထဲမှာ ငွေလေး၏ ခုတင်လည်း ရောက်လာရ။ အရုပ်တွေလည်း ရောက်လာရနှင့်ပါ။ ဗီရိုလည်း သူ့အခန်းထဲ ပြောင်း ရောက်လာရသည်လေ။

လေးလေးသိန်းကတော့ ငွေလေး ပန်းခြံထဲ ဝင်ပြီး၍ မြေကြီးတွေ ပင်ခြေမှာ ဆွထားသမျှတွေ လက်ဖြင့် ဖိုက်လိုက်ဖွနေ၍ ထိန်းရတာ မောနေပြီဟု ညည်းနေရချေပြီတည့်။ ဘာပဲဖြစ်ဖြစ် ငွေလေးသည် ဗစ်တိုးရီးယားမှာ ဆည်းလည်းလေးဖြစ်နေတာ

www.burmeseclassic.com

www.burmeseclassic.com



တော့ အမှန်ပါတည်။

"ငွေရေးက…ကိုကို့ကို ရှောင်နေရာ တိတ်ပျင်း ရာဘဲတိရား၊ ကဂျားဂျရာရဲ အဖော်ရဲ အချိဘူ။ ဒေါ်ကြီး ကရဲ ငွေရေးကို အရှပ်ပေးအရှပ်ဘူး"

ဟု သူ့လက်ကိုဆွဲ၍ ဝင်လာသည်ကိုက စကားလေး တဖောင်ဖောင်နှင့် ခြေထောက်လေး မြောက်ဆွမြောက်ဆွလုပ်ရင်း ပါ။ သူ ကျောင်းက ပြန်ရောက်လျှင် ငွေလေးအရမ်းကို မျှော် တာတော့ အမှန်ပါ။ သူ့ကိုလည်း မျှော်နေတတ်သည့် ငွေလေး ဖြစ်နေပါပြီ။

ပေါ်တီကိုကြီးအောက်မှာ ဧည့်ခန်းသို့ တက်သည့် အုတ် လှေကားထစ်တွေမှာ ထိုင်၍လည်း မျှော်နေတတ်ပါ၏။ ဤနေ့ ကြွင်တော့ ငွေလေး ဒေါ်ကြီးထံမှာ သွားရှုပ်နေ၍ဖြစ်မည်။ သူ့ကို လှေကားထစ်လေးမှာ ထိုင်စောင့်မနေဖြစ်ခဲ့။ ခါတိုင်းနေ့တွေလို ငွေလေးကို မတွေ့ရတော့ ဖျားများနေသလားဟုပင် သူ ပူသွား မိခဲ့ရသေးသည်လေ။ ပြေးလာတာတွေ့မှ စိတ်လည်းအေးမိရ လဲကျမှာလည်း ပူရနှင့်ဖြစ်ခဲ့ရသည်ပါပဲ။

ဧည့်ခန်းသို့ရောက်တော့ လွယ်အိတ်ကို ဆိုဖာထက်မှာ သူ ချလိုက်ကာ ငွေနှံ့သာ၏ ကိုယ်လေးကို ပွေ့၍ ဆိုဖာထက်မှာ ထိုင်ဖြစ်သည်။ သူက ငွေလေးထက် ခြောက်နှစ်ကြီးသည်။ ဒါပေမဲ့ တကယ့်လူကြီးလေးလိုပဲ သူက စတိုင်ဖမ်းကာ အရမ်းကို အလို လိုက်သည့် အစ်ကိုကြီးလုပ်နေမိရသည့်ကိုက ငွေနှံ့သာလေးကို သနားချစ်ဖြင့် ချစ်၍ပါ။ ညီမလေး ငွေ…ငွေငွေလေးနှင့် သူ အမြဲ



…မ်း ချိုသာစွာ ပြောမိတတ်ပါ၏။ ခုလည်း ငွေနှံ့သာလေးအ …ကဲ အရမ်းကို လှသည့် ဘိုမရုပ်လေး ဝယ်လာခြင်းပါတည်။

"ဒီမှာကြည့်…ကိုကို ဘာဝယ်လာလဲ သိလား"

စက္ကူဘူးရှည်လျားလျားလေးကို ယူ၍ သူ မေးတော့ …ငွေနှံ့သာ၏ လက်ဖြူဖြူလေးတွေက စက္ကူဘူးကို လှမ်းကိုင်လာ …သည်။ သူ ရယ်၍ ခေါင်းရမ်းကာ…။

"နေဦး၊ ကဲ…ကိုကို့ရှေ့တည့်တည့်မှာ ရပ်၊ မျက်စိ ကိုမှိတ်ထား၊ ကိုကိုက ဖွင့်ကြည့်ဆိုမှ ကြည့်ရမှာနော်"

ဟု ပြောတော့ ငွေနှံ့သာမှာ ပါးလေးခွက်အောင် ရယ်၍ …က်ချင်း သူ့ကိုယ်ပေါ်မှ လျှောဆင်းသည်။ ရပ်လည်းရပ်သည်။ …ကြောင့်ဆို သူ့လက်ထဲမှ စက္ကူဘူးရှည်လေးမှာ ငွေလေးအ …က်ဆိုတာ နားလည်နေပုံရချေသည်ကိုးလေ။ လူလည်မလေး …း ချစ်စနိုးသူတွေးကာ ပါးလေးကို ဖွဖွလေး ဆွဲဖျစ်လိုက်မိရပါ …ည့်အဖြစ်။

ငွေနှံ့သာ မျက်စိလေးကို စုံမှိတ်ချတော့ ရှည်လျားထူထဲ …သည်နှင့်အမျှ ကော့ရရော့ရှိလွန်းပါသည့် မျက်တောင်မည်းခက် …ကြီးကို သူ မြင်ရပါ၏။ သူဝယ်လာသည့် အရုပ်မလေး၏ …က်တောင်လေးတွေသော်မှ ငွေလေး၏ မျက်တောင်လောက် …ည်လျား၊ မကော့၊ မလှဟု သူ ထင်သည်။ သူ စက္ကူဘူးကို …င်နေရာမှ ငွေနှံ့သာကို တစ်ချက်လှမ်းကြည့်တော့ မျက်ခုံးလေး …ည်မသာ ခိုးဖွင့်၍ ခိုးကြည့်နေတာကို မြင်၏။ သူ ရယ်ချင်ပေမယ့် …း ထိန်းယူနေရပါသည့်အဖြစ်။ လက်လေးပိုက်၍ ခြေစုံလေး

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကာ လူလည်လေးလုပ်၍ ခိုးကြည့်နေပုံလေးမှာ အရမ်းကို ချစ်ဖို့လည်းကောင်း၊ ချစ်စနိုးလေး ရယ်ဖို့လည်းကောင်းနေသည် မဟုတ်ပါလားလေ။ ခိုးကြည့်နေတာကို မသိပုံလေးဖြင့် အရုပ်လေးကို သူ ဘူးထဲမှ ထုတ်သည်။ ငွေနံ့သာလေး၏ နှုတ်ခမ်းထက်မှာ အပြုံးလေး ရုတ်ခြည်းပေါ်လာ၏။

"ဟယ်...အရုပ်ရေး၊ တိတ်လရာဘဲ၊ ငွေရေးဖို့ ရားဟင်၊ ငွေရေးဖို့ရား"

မျက်စိပိတ်ခိုင်းထားတာကိုလည်းမေ့၊ ခိုးကြည့်နေတာကိုလည်း မေ့လျက် ဝမ်းသာအားရလေး ရှေ့တိုးကာ အရုပ်လေးကို အလောတကြီးလေး ယူတော့ သူ ရယ်သည်။ နှာခေါင်းလေးကို သူ ဆွဲညှစ်ကာ နဖူးလေးကိုလည်း သူ့နဖူးဖြင့် ထိလိုက်မိပြီးမှ...

"ဟုတ်ပါ့ခင်ဗျာ...ငွေလေးအတွက် ဝယ်လာတာ၊ ကိုကို စုထားတဲ့ ပိုက်ဆံနဲ့ ဝယ်လာတာ၊ ငွေလေး ကြိုက်တယ်မဟုတ်လား"

"အင်း...အင်း...၊ လရယ်နော် တိတ်လရာဘဲ၊ ဒေါ်ကြီးကို ပြအားကျမယ်နော်၊ ပြအားကျမယ်"

ဟု ပြောလည်းပြော ခုန်ပေါက်၍ မီးဖိုဆောင်ထဲ ပြေး ဝင်သွားတော့ သူ ပြုံးကျန်ခဲ့သည်ပါပဲ။ သူတို့အားလုံးက ငွေလေး ငွေလေးနှင့်ဝိုင်းချစ် ဝိုင်းခေါ်ကြတော့ ငွေလေးကလည်း မီးမီးယ မပြောတော့ဘဲ ငွေရေး...ငွေရေးနှင့် လိုက်၍ စကားထဲ ကိုယ့် ကိုယ်ကို ထည့်ပြောလာတာလေးကိုက ချစ်ဖို့ကောင်းနေသည်ပါပဲ။ သူ အပေါ်ထပ်သို့ တက်ကာ ရေမိုးချိုးသည်။ ရေချိုးခန်းထဲ



ထွက်လာတော့ ခုတင်လေးထက်မှာ ထိုင်ရင်းစောင့်နေသည့် ငွေ နံ့သာကို တွေ့ရပါ၏။ လက်ထဲမှာလည်း အရုပ်လေးကို ပိုက် လျက်ဖြင့်ပါ။ တော်တော်လေးကို ပျော်နေတာ သိသာနေသည်ပါပဲ။ သူ အဝတ်အစားလဲပြီးသည်အထိ ခုတင်ထက်မှာ တင်ပျဉ်လေး ခွေထိုင်ကာ ဒူးလေးပေါ် လက်လေးထောက်၍ မေးဖျားက လက်ဖဝါးပေါ်တင်စောင့်နေပါ၏။ ရေလဲပုဆိုးလေးကို အဝတ် လှမ်းစတီးလ်စင်မှာ သွားလှမ်းပြီးတော့မှ သူ ငွေနံ့သာကို ပြုံး ကြည့်သည်။

"ချော့မယ်ရေ ကိုကို၊ ခြံထဲမာသွား ချော့မယ် ရေ"

ဟု ပြောလာသည့် ငွေနံ့သာကို ပွေ့ချီ၍ အောက်ထပ် သို့ သူ ခေါ်သည်။ ဖုန်းမြည်လာသည်မို့ ဖုန်းစင်မှာ သွားကိုင်တော့ ဒက်ဒီဖြစ်နေ၏။

"ဟယ်လို...ဗစ်တိုးရီးယားကပါခင်ဗျာ"

"ခန့်လေး...ဒက်ဒီပါ၊ ဒီနေ့ ဒက်ဒီအပြန်နောက် ကျမယ်၊ ခန့်လေးတို့ ထမင်းစားမစောင့်နဲ့တော့ ဟုတ် လား၊ ခု ဒက်ဒီအစည်းအဝေးခန်းကပဲ ဆက်လိုက်တာ၊ ကဲ...ဒါပဲနော်"

ဟု ဒက်ဒီပြောကာ ဖုန်းချသွားတာမို့ သူ သက်ပြင်း ချလိုက်ကာ ဖုန်းကိုချလိုက်ရပါ၏။ ဘာပဲဖြစ်ဖြစ် ညစာကိုတော့ ဒက်ဒီနှင့်တူတူ သူ စားချင်သည်လေ။ ဒါပေမဲ့ အလုပ်များသော ...သည် ထိုသို့ပဲ အစည်းအဝေးထိုင်ရသည့်ကိစ္စမှာ စည်း

www.burmeseclassic.com

www.burmeseclassic.com



ဝေးခန်း၌ပဲ တည့်ခင်းကျွေးမွေးသည့် ညစာကို စားလိုက်ရတာမျိုး လည်း ရှိတတ်သည်။ သူ ထမင်းစားခန်းသို့ ဝင်ခဲ့ပါ၏။ မီးဖို ဆောင်ဘက်သို့ ကူးလာတော့ ဒေါ်ကြီး ဟင်းချိုအိုးကို မီးဖိုပေါ်မှ ချနေရင်းမှ…။

"ဆာနေကြပြီလား မောင်နှမ နှစ်ယောက်၊ ခဏ စောင့်၊ ကြက်သားခြောက်ကြော်ဖို့ပဲ ကျန်ပါတော့တယ်၊ အစ်ကိုကြီး ပြန်ရောက်မှာနဲ့ အတော်ပါပဲ၊ တူတူစားကြ ပေါ့ ဟုတ်လား"

ဒေါ်ကြီး ပြောတော့ သူ ကုလားထိုင်တွင် ထိုင်ကာ…။

"ဒက်ဒီ့ဆီက ဖုန်း ခုပဲ လာတယ်၊ အစည်းအဝေး ရှိနေတယ်တဲ့၊ ခန့်လေးတို့ စားနှင့်ကြတဲ့"

ဟု ပြောကာ ပြတင်းအနီးမှာ သွားရပ်သည်။ အပြင်တွင် ဆောင်း၏ ညနေခင်းက စောစီးစွာပဲ နေဝင်ချိန်ကို စောင့်ဆိုင်း နေနှင့်ပြီ။ သူ ဒက်ဒီပြန်မလာ၍ စိတ်မဆိုးပါ။ ဒက်ဒီ အလုပ်များ တာ သူ သိပါ၏။ အထည်ချုပ်စက်ရုံကြီးတစ်ခုလုံးကို နိုင်နင်း အောင် အုပ်ချုပ်စီမံရ၊ စီးပွားရေးလုပ်ငန်းကြီး တစ်ခုလုံး ထောင့် စေ့အောင် လုပ်ကိုင်ရနှင့် ဒက်ဒီ အရမ်းကို အလုပ်များတာ သူ နားလည်ပါ၏။ နားလည်အောင်လည်း ဒက်ဒီက သူ့ကို နားဝင် အောင် ရှင်းပြထားခဲ့သည်လေ။

"အခုဆို ဒက်ဒီက အထည်ချုပ်စက်ရုံအပြင် အထည်စက်ရုံတစ်ခုကိုလဲ လုပ်နေကိုင်နေတာဆိုတော့ ပိုအလုပ်များတယ် ခန့်လေး၊ ဒီလုပ်ငန်းမှာ ငွေလေးရဲ့



ဖေဖေလဲ ရှယ်ယာပါထားတာ၊ ဒက်ဒီတို့ သူငယ်ချင်း နှစ်ယောက်တူတူဘွဲ့ရကြတာလေ၊ စီးပွားရေးဘွဲ့ရကြ တာလဲ တူတူပါပဲ၊ သူက နယ်ဘက်မှာ မိဘများရဲ့ လက်ငုတ်လက်ရင်း စည်သွပ်စက်ရုံမှာ လုပ်ကိုင်နေ ရာက ဒီနှစ်ထဲမှာမှ ရန်ကုန်ကို ပြောင်းလာခဲ့တာ၊ ဟိုက လုပ်ငန်းကို ရောင်းလိုက်တယ် ခန့်လေး၊ ဒက်ဒီ့ဆီလဲ သူ လာတွေ့တယ်၊ စာချင်းအဆက်အသွယ်ကတော့ အရင်ကတည်းက ရှိခဲ့ကြပေမယ့် လူချင်းကတော့ ခုမှ တွေ့ခဲ့ကြရတာ၊ သူနဲ့ဒက်ဒီ အထည်စက်ရုံကို လုပ်ကိုင် ဖြစ်ကြတယ်၊ သူ မမျှော်လင့်ဘဲ ဆေးရုံတက်ရ၊ ဆေးရုံ မှာပဲ ဆုံးပါးခဲ့ရရှာတယ်လေ၊ ဒက်ဒီက အဲသလို မထင် ထားမိခဲ့ဘူး၊ ဒါပေမဲ့ သူ ဆုံးခဲ့ပြီ၊ သူ့လုပ်ငန်းရော၊ ဒက်ဒီ့လုပ်ငန်းရော ဆက်လုပ်ရမှာ၊ ငွေလေးကိုလဲ ဒက်ဒီ့ လက်ထဲ အပ်ထားခဲ့တာ၊ ခန့်လေးကလဲ ညီမလေးကို အလိုလိုက်၊ ဂရုစိုက်ရမယ်နော်၊ သူ့မှာ အမေရော၊ အဖေ ရော ရှိကြတော့တာ မဟုတ်ဘူး၊ ငွေလေးကို မွေးပြီး မကြာဘူး သူ့အမေဆုံးခဲ့တာ"

ဟု ဒက်ဒီ သူ့ကို ငွေလေးနှင့်ပတ်သက်၍လည်း ထုံးစံ အတိုင်းပဲ နားဝင်အောင် ရှင်းပြခဲ့သည်။ ငွေလေးအပေါ် သူ နားလည်အလိုလိုက်အောင်၊ စိတ်ရှည်အောင်ပါ။ ဒါပေမဲ့ ထိုသို့ ပြောပြလျှင်လည်း သူ ငွေလေးကို ချစ်တာ၊ အလိုလိုက်မှာ ဒက်ဒီသိထားပုံတောရပါသည်။ ရင်းပြပြောပြသင့်တာမီ ပြောပြ

www.burmeseclassic.com



ခြင်းဆိုတာကိုလည်း သူ သဘောပေါက်ပါ၏။

ခု ဒက်ဒီ ဘယ်စက်ရုံက ဖုန်းဆက်သည် မသိ။ အထည်ချုပ်စက်ရုံကပဲလား။ ဒါမှမဟုတ် အထည်စက်ရုံကပဲလား မသိ။

"ဒက်ဒီကို မစောင့်ရမယ့်အတူတူ ထမင်းစားတော့မယ် ဒေါ်ကြီးရာ၊ နောက်မှ ကိုကိုနဲ့ငွေလေးတို့ ခြံထဲဆင်းကြမယ်၊ လေးလေးသိန်းဆီလဲ သွားလည်ကြမယ် ဟုတ်လား"

ဟု ငွေလေးကိုပါ ပြောပြီး သူ ထမင်းစားပွဲမှာ ထိုင်ဖြစ်၏။ ကြက်သားခြောက်ကြော်ပူပူကို ပန်းကန်ထဲထည့်၊ ဒက်ဒီအတွက် သီးသန့်ကြွေအုပ်လေးထဲ ထည့်ထားပြီးမှ ထမင်းပွဲကို ဒေါ်ကြီး ပြင်ပေးသည်။ ကြက်သားနှင့်မှိုဟင်းချို၊ ပုစွန်ထုပ်ဆီပြန်၊ ကြက်သားခြောက်ကြွပ်ကြွပ်ကြော်၊ ပန်းမုန်လာပွင့် အစိမ်းကြော်၊ ငံပြာရည်ချက်နှင့် ထမင်းစားမြိန်သည်ပါပဲ။ ဒေါ်ကြီးက ငွေလေးကို ထမင်းခွံ့ကျွေးပါ၏။ စားသောက်ပြီးကြတော့ နှစ်ယောက်သား ခြံထဲ ဆင်းဖြစ်ကြ၏။ နှင်းဆီပန်းဝါဝါလေးတစ်ပွင့်ကို ငွေလေးအလိုကျ သူ ခူးပေးကာ ကြက်တောင်စည်း သားရေကွင်းလေးထဲ ထိုးထည့်ပန်ပေးကာ လေးလေးသိန်းရှိရာ သစ်သားတန်းလျားဆောင်ဆီသို့ လျှောက်ခဲ့ကြပါ၏။ ငွေလေးကတော့ သူ့လက်ကို တွဲ၍ ခုန်ပေါက်လိုက်လာသည်။ လက်ထဲမှာလည်း သူ ဝယ်ပေးသော ဘိုမရုပ်ကြီးပါလာ၏။

"ရေးရှေး…"

ဝရန်တာတွင် ဆေးပေါ့လိပ်ထိုင်ဖွာနေသည် လေးလေး



သိန်းကို အရင်ဦးလျက် လှမ်းနှုတ်ဆက်သည့် ငွေလေးပါ။ လေးလေးသိန်းမှ ထရပ်ကာ ပြုံးကြည့်လျက်…။

"အင်း…မှောင်ရျှင်နေပြီ၊ ဆောင်းဆိုတော့ မိုးချုပ်စောသကွ၊ ကိုင်း…ကိုယ့်လူတို့ စားသောက်ပြီးခဲ့ကြပြီပေါ့၊ ငါတော့ မဆာသေးဘူး၊ နောက်မှပဲ ထမင်းအုပ်တော့မယ်"

"ဒေါ်ကြီးက မှာလိုက်တယ်၊ ခုနစ်နာရီခွဲ နောက်ဆုံးပဲတဲ့၊ ထိုင်စောင့်ပြီး ထမင်းခူးမကျွေးနိုင်ဘူးတဲ့"

"အဲသလို ပြောနေကျပါကွာ၊ နောက်တော့လဲ ဒေါ်ကြီး သဘောကောင်းက ဟင်းကအစ ချန်ချန်ထားပေးတာပါ"

လေးလေးသိန်းကိုလည်း ဗစ်တိုးရီးယားမှာပဲ စားစေသည်က ဒက်ဒီပါ။ စိတ်ထားကောင်းသော လေးလေးသိန်းကို ဒက်ဒီကလည်း ချစ်ပါ၏။

"ချားရို့တိတ်ကောင်းရာပဲ"

ထမင်းစားကောင်းတာကို ငွေနဲ့သာ ပြောကာ သူနှင့်တူတူ ဘေးမှာ ကပ်၍ ဝရန်တာလက်ရမ်းကို မှီထိုင်၏။ သူ ဘာလုပ်လုပ် ဘေးက လိုက်ကြည့်ကာ လိုက်တုလုပ်တတ်သည့် ငွေလေးပါ။ သူ ဝရန်တာလက်ရမ်းကို မှီထိုင်လျှင် လိုက်ထိုင်သည်။ ထိုင်နေသည့် ပုံကိုလည်း လိုက်ကြည့်သည်။ သူ ခြေလေး ထောင်၍ လက်ကို ဒူးပေါ်တင်ထားလျှင်လည်း လိုက်ကူးထိုင်သည်။ လက်ကို နောက်ဘက်ပစ်၍ ခြေဆင်းထိုင်လျှင်လည်း

www.burmeseclassic.com



လိုက်၍တူအောင်ထိုင်သည်။ ခုလည်း ခြေလေးစင်း၍ သူ့လိုပဲ ငွေလေးထိုင်နေ၏။

လေးလေးသိန်း အိမ်ထဲဝင်သွားပါ၏။ ပြန်လာတော့ ထန်းလျက်ခဲဖြူလေးတွေ ပါလာသည်။ ကြွေပန်းကန်ပြာလေးကို ချပေးကာ ထန်းလျက်တစ်ခဲကို ယူ၍ ငွေလေးကို လေးလေး ကမ်းပေး၏။ နောက် သူ့ကိုတစ်ခဲ။

လက်ထဲပါလာသည့် တယောကိုလည်း တစ်ချက် ငေးခနဲ ကြည့်နေပြီးမှ သက်ပြင်းရှိုက်ကာ အိမ်နံရံကို မှီ၍ထိုင် သည်။ ဝရန်တာမှာမို့ လှမ်းလင့်မြင်နေရသည့် ဥယျာဉ်၊ မြက်ခင်း စိမ်းပြန့်ပြန့်၊ စံကားပင်တန်းနှင့် ဝက်သက်ချပင်၊ ကံ့ကော်ပင်များ ဆီသို့ ခပ်ငေးငေး ကြည့်နေသည်။ မမအိ ဟိုဘက်ခြံမှာ မရှိတော့ သည့်နောက် လေးလေး ခုလိုပဲ ညနေခင်းတိုင်းမှာ ငိုင်ချင်နေတတ် ပါ၏။ တယောလည်း ပိုထိုးသည်။ ငွေလေးကတော့ လေးလေး သိန်း တယောထိုးလျှင် ငြိမ်သက်စွာ စိတ်ဝင်တစားလည်း ကြည့် သီချင်းဆိုသံကိုလည်း နားထောင်တတ်ပါ၏။ တယောထိုးတာနှင့် ထိုး၍ ပေါ်လာသည့် တယောကြိုးဆီမှ တေးသွားဖြစ်လာသည် ကိုလည်း အတော်ကြီးစိတ်ဝင်တစားနိုင်နေသည့် ငွေလေးပါ။

''လေးလေးသိန်း ခန့်လေးကို တယောထိုးသင် ပေးမယ်ဆို''

သူပြောတော့ လေးလေးသိန်း တစ်ချက်ငုံကြည့်ပြီး ဆေးပေါ့လိပ်ကို ဆေးလိပ်ပြာခွက်မှာ တင်သည်။

''ကျောင်းပိတ်တော့ သင်ပေးပါ့မယ်ကွာ၊ နွေ



ကျောင်းပိတ်ဖို့ပဲ နီးလာပြီပဲ၊ ခု ဆောင်းရောက်ပြီ မဟုတ် လား၊ အေး....ဆောင်းကုန်ရင် နွေကူးတာပဲကွ၊ နွေ ကျတော့ လေးလေး သင်ပေးပါ့မယ်''

တယောကျတော့ လေးလေးသိန်းက အထိုးကောင်း။ သဘာညများဆို လေးလေးသိန်း တယောထိုးလျှင် အရမ်းကို သွမ်းဖို့ကောင်းသည်ဟု ဒေါ်ကြီးကပင် သူ့ကို ပြောဖူးသည်လေ။

လေးလေး တယောကြိုးကို ညှိ၏။ သူလည်း စိတ်ဝင် တစားဖြင့် ကြည့်သည်။ ငွေလေးကလည်း ကြည့်သည်။ တယော ထိုးတော့ သူ သိနေပြီ။ မာနရှင်သီချင်း။ ဤသီချင်းကို ခုတလော လေးလေးသိန်း ပိုထိုးသည်။ မမအိ ဟိုဘက်ခြံမှာ ရှိတုန်းကတော့ ချစ်မိုးစွေသီချင်းကိုဆိုလည်းဆို၊ တယောလည်းထိုးခဲ့သလောက် ခု မာနရှင်သီချင်းကို အထပ်ထပ် တယောထိုး၊ ဆိုလည်းဆိုနေ တတ်ပါသည့်အဖြစ်။ သီချင်းတွေကတော့ လေးလေးဆိုနေတာ ကြိမ်ဖန်များနေတာမို့ သူ တယောသံကြားတာနှင့် ဘာသီချင်း ဆိုတာကိုတော့ သိနေရပါပြီ။

''မာနရှင်ရယ်...မုန်းမာန်မဝင်နဲ့ကွယ်...နှင်းချိန် ကာပြမယ်...ခင်ပန်ဆင်တဲ့ပန်းတော်ဝင်နွယ်...အချိန် တန်တော့ရင် နွမ်းပျော့မတည်မြဲတယ်...သြော်...ခင်လဲ ဒီလိုပဲ စွဲမှတ်သားဘွယ်...စိတ်ကြီးဝင်မာန်ခုသူရဲ့... ချစ်မိတဲ့မောင့်ကို သနားပါ ခင်ရယ်...ဖြေမဆည် နေခြည်လွမ်းမည့်ပုံနှယ်''

လေးလေး၏ အသံက လိုက်ခါနေသည်။ လရောင်က

www.burmeseclassic.com

www.burmeseclassic.com



စတင်၍ ဖြာယှက်ဖြန့်ကျက်စပြုလာပါ၏။ သူ လေးလေးသိန်းကို ငေးကြည့်နေမိရဆဲ။ လေးလေး၏ မျက်နှာထက်တွင် ညှိုးဖျော့ ရိပ်တို့ အုပ်မိုးနေ၏။ တစ်ချက်တစ်ချက်မှာ လှမ်းလင့်မြင်နေရပါ သည့် ဥယျာဉ်ဆီသို့ အကြည့်ရောက်သည်။ မျက်ဝန်းများက ရီဝေမှိုင်းညို့နေ၏။ သူ ကြည့်ရင်းကြည့်ရင်းဖြင့် လေးလေးသိန်း ကို သနားလာနေမိရပါပြီ။

ထိုအခိုက် ရှိုက်သံတိုးတိုးလေးကို သူ ကြားရတော့ ကြည့်လိုက်မိရပါသည့်အဖြစ်။ ငွေနှံ့သာလေးသည် ကြေကွဲစွာ သီချင်းဆိုနေသည့် လေးလေးသိန်းကို ကြည့်ရင်း မျက်ရည်ကျနေ ချေသည်တကား။ လေးလေးသိန်း၏ တယောသံ နွဲ့နွဲ့လိုက်လိုက် နှင့် လေးလေး၏ ကြေကြေကွဲကွဲဆိုနေသည့် သီချင်းကြောင့် လေးလေးကို သနားလာ၍ထင့်။ ငွေနှံ့သာလေးခမျာ အဓိပ္ပာယ် ကို သေချာနားလည်နိုင်စွမ်းမရှိရှာပေမယ့် ဝမ်းပန်းတနည်းဆိုနေ သည့် သီချင်းအဖြစ်တော့ နားလည်ထားပုံလေးဖြင့် လေးလေးသိန်း ကို သနားလျက် ငိုနေရှာခြင်းပါတကား။ အရမ်းကို စိတ်ထား လေး သိမ်မွေ့နူးညံ့ရှာသည့် ငွေလေးပါလားဟု နားလည်လာမိရ ရင်းမှ ကလေးကို ရင်ခွင်ထဲပွေ့ထားလိုက်မိရလျက်…။

"ဟာ…မဆိုနဲ့ဗျာ၊ ငွေလေးက လေးလေးသီချင်း ဆိုနေတာကို ဆိုနေတယ်လို့ ထင်ပုံမရတော့ဘူး၊ ငိုနေ တယ်လို့ ထင်နေပြီ၊ ပျော်စရာဆိုဗျာ"

ဟု ဖွတ်ကြီး သီချင်းကို အဆိုလည်း ရပ်ခိုင်း၊ တယော အထိုးလည်း ရပ်ခိုင်းတော့ လေးလေးသိန်း ရပ်လိုက်ရှာသည်ပါပဲ။



"ရေးရေးက နှိုးနေရာဘဲ၊ ငွေရေး တနားရယ်၊ ရေးရေး ဘာရို့တချင်းရှိုရင်း နှိုးနေရာရဲဟင်"

ဟု ငွေလေးမေးတော့ လေးလေးသိန်း အတန်ကြာ ငိုင် ကြည့်၏။ နောက်တော့ အားယူ၍ ပြုံးပြီး ငွေလေးကို ပွေ့ကာ ပါးလေးကို နမ်းသည်။ ထုံးစံအတိုင်း ပါးမြိုင်းမွေးတွေကြောင့် ငွေလေး ရှုန်းပါ၏။ မျက်ရည်စီးကြောင်းလေးတွေ စိုနေသည့် ပါးလေးကို လေးလေးသိန်း လက်လေးဖြင့် ဖျစ်၍ ခပ်တိုးတိုး ရယ်သည်။ နောက်တော့ တယောကို ကိုင်၏။ မျက်မှောင်လေး ကုပ်ချင်နေသည့် အို့ကိုလည်း ပြုံးကြည့်သည်။

"မင်းညီမကို မငိုခိုင်းတော့ပါဘူးကွာ၊ ရန်လိုပြ မနေပါနဲ့"

ဟု တိုးသက်သက်ဖြင့် ရယ်သံစွက်လျက် လေးလေးသိန်း ပြောရှာပါ၏။ ဒါပေမဲ့ လေးလေး တကယ်ပျော်နေခြင်း မဟုတ်မှန်း မှိုင်းညို့နေသော မျက်လုံးတွေဖြင့် သူ ရိပ်မိပါ၏။ ငွေလေးကို မငိုစေချင်၍ သူ သီချင်းအဆိုရပ်ခိုင်းမိတာကို ရင်ထဲမှာ မကောင်း ဖြစ်။ လေးလေးသိန်းကို အားနာမိ၊ သနားမိရပါ၏။

လေးလေးသိန်းမှ တယောပြားကို ယူ၍ တယောအိုးကို မေးဖျားဖြင့် ဖေးထား၏။ ပခုံးထက်မှာ တယောက ဖေးဖေးတင် တင်။ ရုတ်ခြည်း မြိုင်သော တေးသွားက လရောင်ပြူစ ပန်းရနံ့ ဆသော လေပြည်နုနှင့်အတူ ပေါ်လာ၏။

"ကြူကြူမွှေးတဲ့ နွာညိုပါ…လေယူရာတိမ်းယိမ်း နွဲ့ရှာ…ချစ်သူကိုကိုရှူးခဲ့မှာ…ပျိုပျိုပန်ဆင်စရာ…ပင်

www.burmeseclassic.com

www.burmeseclassic.com



လုံးညွှတ်တော့ဖူးတံ့ဝါ…လေသွေးတဲ့အခါ ရနံ့တွေဖြာ
…ခွာခွာညှိုပန်းပါ…စိမ်းလဲ့ညှိုပြာပြာ…"

သီချင်းသံကလည်း မြိုင်သည်။ တယောသံညက်ညက် ငြိမ့်ငြိမ့်ကလည်း လွင်လျက်သာနေသည်။ မြိုင်နေသည်။ ငွေလေးကို သူ ကြည့်မိ၏။ သူကိုယ်တိုင်လည်း လက်ခုပ်တီးနေမိသည်။ သူလက်ခုပ်တီးတော့ ငွေလေးလည်း လိုက်တီး၏။ မျက်ရည်စများ ချောက်သွေ့စပြုနေပြီဖြစ်သည့် ငွေလေး၏ နှုတ်မှ ရယ်သံလေးလည်း လွင့်ပျံ့လာပါ၏။

သူ့ရင်ထဲမှာ ကြည်နူးချမ်းမြေ့ခြင်း ဖြစ်လာရသည်။ ဤသီချင်းကိုလည်း သူ ရသည်။ လေးလေးအရင်တုန်းက တယောထိုးဖူး ဆိုဖူးသည်လေ။ မြခွာညိုသီချင်း။ သူ လေးလေးနှင့်အတူ သီချင်းကို လိုက်ဆိုမိသည်။

"ပင်လုံးညွှတ်တော့ဖူးတံ့ဝါ…လေသွေးတဲ့အခါ
ရနံ့တွေဖြာ…ခွာခွာညှိုပန်းပါ…စိမ်းလဲ့ညှိုပြာပြာ…"

လက်ခုပ်တီးရင်း သူ ဆိုနေမိဆဲ။

ငွေလေးကလည်း လက်ခုပ်လိုက်တီးသည်။ ဒါပေမဲ့ လက်ခုပ်သံက မမြည်။ လက်သေးသေးလေးဖြင့် တီးရင်း ရယ်နေသည်ပါပဲ။

တကယ်တော့ သူသည် ယေဘုတည်းက ငွေလေးနှင့် ပတ်သက်လာလျှင် ငွေလေး၏ ရင်ထဲမှာ ကြေကွဲနာကျင်ခြင်းကို မဖြစ်စေလိုသည့် သူတစ်ယောက်ဖြစ်နေလျက်။

ငွေလေး၏မျက်ဝန်းမှ မျက်ရည်ကျတာမျိုးကို မြင်နိုင်



စွမ်းလည်းမရှိ။ မြင်ရက်နိုင်စွမ်းလည်း မရှိသည့်သူတစ်ယောက် ဖြစ်နေခဲ့ချေသည်တကား။ ငွေလေးကို ပျော်ရွှင်ချမ်းမြေ့ခြင်းအဓိဖြင့် ရှိစေချင်သည့် သူတစ်ယောက်ဖြစ်နေချေသည်တည်း။

www.burmeseclassic.com

www.burmeseclassic.com








ယော်စဉ်ကပင်...
ပန်းသခင်နှင့်ပန်းတွေဆင့်သီ
ကာလရှည်စွာ၊ ဆံကေသာတွင်
နူးညံ့ယဉ်ကျေး၊ ပန်ရှုပေးသည်
ရင်ဝယ်ကြည်နူးလွန်းပါ၍...။
ပန်းပုရပ်သွင်...
ပန်းသခင်အား၊ မေတ္တာများစွာ
ချစ်မိပါလျက်၊ အပြောခက်ခဲ
သနားငဲ့ညှာလွန်းပါ၍...။
မြတ်နိုးချစ်ကြင်...
ပန်းသခင်အား၊ နှလုံးသားမှ
ကြည့်မဝနိုင်၊ လေးနက်ခိုင်မာ
ချစ်ကြင်နာမိ၊ အရိပ်ကြည့်ကာ
ထားရပါသည်...
သစ္စာတည်မြဲလွန်းပါ၍...။
ဩော်...
သစ္စာတည်မြဲလွန်းပါ၍...။

www.burmeseclassic.com

www.burmeseclassic.com







"ဟင့်အင်း ကိုကို…ငွေလေး မွေးနေ့မှာ ငွေလေးရဲ့သူငယ်ချင်းတွေရယ်၊ ဒက်ဒီရယ်၊ ကိုကိုရယ်၊ ဒေါ်ကြီးရယ်၊ လေးလေးသိန်းရယ် အဲဒါနဲ့ပဲ မွေးနေ့ပွဲလေးကျင်းပမှာ၊ တခြားလူပိုမခေါ်ချင်ဘူး ကိုကိုရာ၊ တကယ်က နုနုနွယ်နဲ့ရီရီဦးကိုတောင်မှ ကျောင်းမှာ ပေါင်းနေကျ၊ တွဲနေကျမို့သာ ဖိတ်ရတာ၊ ငွေလေးက ငွေလေးမွေးနေ့မှာ ငွေလေးသိပ်ချစ်တဲ့ ဒက်ဒီရယ်၊ ကိုကိုရယ်၊ ဒေါ်ကြီးရယ်၊ လေးလေးသိန်းရယ်နဲ့ပဲ လုပ်ချင်တာ၊ ကိုကို့သူငယ်ချင်းတွေ ခေါ်မလာနဲ့"

နှင်းကို့ဝေနေသော ဒီဇင်ဘာ နံနက်ဦးမှာ စံကားပန်းပင်အောက်၌ ပင်စည်လေးကျောမှီထိုင်ရင်း ငွေနဲ့သာ သူ့ကို ပြောလာသော သူ တစ်ချက်ရယ်သည်။ ငွေလေး၏ အသားမှာ ဝါးပန်းခြင်း

www.burmeseclassic.com

www.burmeseclassic.com



[redacted] မနက်စောစော ငွေလေးက ပန်းခူး၊ သူက ငွေလေးအတွက် ပန်းသီ။ နေ့စဥ်မပျက် သူ့ဝတ္တရား။ ငွေနှံ့သာလေးအတွက် စံပယ်ပန်းကုံးရှည်ကြီးလည်း သူ သီပေးတတ်သည်။ ပြီးလျှင် ငယ်တုန်းကလိုပဲ ငွေလေးအတွက် စံကားပန်းသရဖူလေး ခွေဝိုက်ဝိုက်သီကာ ခေါင်းပေါ် ပန်ပေးလိုက်တတ်စမြဲ။ ငွေလေး အသက်ဆယ့်ရှစ်နှစ် မနက်ဖြန်ပြည့်မည်လေ။ ကြိုတင်၍ စည်းကမ်းချက်ထုတ်နေသည့် ငွေလေးကို ကြည့်ကာ ခပ်တိုးတိုးရယ်သည်။ ခေါင်းလေးမနာအောင်ထုပစ်ကာ…။

"ဒါက ငွေလေးရယ် မနှစ်က ကိုကိုဘောလုံးကန်တော့ လဲပြီး ခေါင်းနည်းနည်းကွဲသွားလို့ သူငယ်ချင်းတွေက ကားမမောင်းစေချင်ဘူးဆိုပြီး ကိုကို့ကားကို မောင်းပို့ကြရင်း ရောက်ခဲ့ကြတာပါဗျာ၊ ခွေးနေ့လုပ်မှာကလဲ ရှိနေတော့ ကိုကိုလဲ မေ့ပြီး အဲဒီနေ့ကို လာခဲ့ကြဖို့ ဖိတ်လိုက်မိတာပါ၊ အဟင်းဟင်း…ကိုကို့သူငယ်ချင်းတွေက အချောစားတွေနော်၊ ဥပဒေကျောင်းတော်သားတွေဗျ၊ ခုဆို အလုပ်သင်ရှေ့နေတွေတောင်ဖြစ်နေကြပြီ၊ ယောက်ဖလောင်းချောချောတွေကို ခေါ်လာချင်တာကတော့ ကြာပါပြီ"

ဟု ဆက်စ,နေတော့ ငွေလေး ခေါင်းငုံ့ငြိမ်ကျသွားပါ၏။ သူကတော့ ခပ်တိုးတိုးသီချင်းညည်းကာ အပ်ဖျားတွင် စံပယ်ပန်းကို ဖွဖွသီနေမိပါ၏။ လေးလေးသိန်း ရေနိုင်နိုင်ဖြန်းနိုင်လွန်း၍ထင့်။ စံပယ်ဖွေးဖွေးတို့ကတော့ ပွင့်နေကြသည်ပါပဲ။



ရှိုက်သံမျှင်မျှင်ကြားတော့ သူ ပန်းသီရပ်သွားကာ အံ့သြစိတ်ဖြင့် ငွေနှံ့သာလေးကို ကြည့်မိလိုက်ရပါပြီ။ တကယ့်ကိုပဲ ငွေလေး ငိုနေချေသည်တကား။ သူ ပန်းသီကြိုးကို မြက်ခင်းစိမ်းမြမြထက်မှာ ချထားလိုက်မိကာ ငွေလေး၏ မျက်နှာကို ဆွဲမော့၍ နားမလည်နိုင်စွာပဲ ငုံ့မိုးကြည့်လိုက်မိရပါ၏။ နက်မှောင်အရည်လဲ့နေသော မျက်ဝန်းအိမ်ဝယ် မျက်ရည်တို့ မနိုင်အင်ကာ ပြည့်လျှံနေကြလျက် တအိအိ ပြိုကျလာနေချေတော့ သူ ရင်ထဲလည်း မကောင်းနိုင်။

"ဘာဖြစ်လို့လဲ ငွေလေး၊ ဟင်…ဘာဖြစ်လို့လဲ"

ဟု သူ စိုးရိမ်တကြီး တွင်တွင်မေးကာ ငွေနှံ့သာ၏ မျက်နှာလေးကို ဆွဲမော့၊ မျက်ရည်တွေ သုတ်ပေးနေမိရပါ၏။ ငွေနှံ့သာ ထိုအခါမှ ပို၍ ဝမ်းနည်းလာပုံလေးဖြင့် မျက်ရည်တွေ ပိုကျလာရင်းမှ သူ့လက်ကိုလည်း ဒေါပါပါလေးပဲ ဖယ်ပစ်တော့ သူ ပို၍ နားမလည်နိုင်။ စောစောကပဲ စကားအကောင်းပြောနေကြသည်ပဲလေ။ နေရင်းထိုင်ရင်း ငွေလေး ဘာကြောင့် ဤမျက်ရည်တွေ တအိအိ ပြိုကျအောင် ဝမ်းနည်းပန်းနည်းကြီး ဖြစ်သွားရပါသတဲ့လဲ။ ဘယ်သူမှလည်း ရှိတာမဟုတ်။ သူပဲရှိသည်။ သူကလည်း ငွေလေးမျက်ရည်ကျအောင် ဘာမှကို မလုပ်ခဲ့ လုပ်လည်း မလုပ်ရက်။ သူ့ရင်ထဲမှာ ငွေလေးကို အမြဲတမ်း ပျော်နေတာပဲ မြင်နေချင်သည့်ဆန္ဒပဲရှိခဲ့သည် မဟုတ်ပါလား။

"ဘာဖြစ်လို့လဲ ဟုတ်လား၊ စောစောကပဲ ကိုကို ပြောခဲ့ပြီးတော့ ကိုကို့စကားကို ချက်ချင်းကြီး မေ့ပစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီပေါ့လေ၊ ဒါပေါ့၊ ပြောတဲ့သူကိုး၊ မေ့ချင်ယောင်လဲဆောင်လို့ရတာပဲပေါ့၊ ငွေလေးဖြင့် သိပ်ဝမ်းနည်းတာပဲ သိလား၊ အဟုတ်…အီး''

တကယ့်ကိုပဲ ရန်လည်းထောင် ကလေးလိုလည်း ငိုရ လိုက်တော့ သူ့မှာ ပျာပျာသလဲ မျက်ရည်သုတ်ပေးရ၊ ဘာများ ပြောမိပါလိမ့်ဟု တွေးမိရနှင့်ပါ။

''ခုမှလာပြီး မျက်ရည်သုတ်ပေးမနေပါနဲ့၊ ကိုကိုပဲ ငွေလေးကို ကိုကို့သူငယ်ချင်းတွေထဲက တစ်ယောက်ယောက်နဲ့ ပေးစားချင်သလိုလိုဘာတွေပြောထွက်ရက်ခဲ့ပြီးတော့၊ ဘာလဲ၊ ငွေလေးကို ဒီမှာ မနေစေချင်ဘူးလား၊ ငွေလေးကို အလိုလိုက်ရတာ စိတ်ညစ်နေတယ်ပေါ့လေ''

ဟု ကောက်ချိတ်သလေးဖြင့် ရန်ထောင်ပြောလေး ကြာ ရမှ သူ သဘောပေါက်သွားရပါ၏။ သူ ရယ်သည်။ ငွေလေး ခေါင်းကိုလည်း မနာအောင်တစ်ချက်ထုသည်။

''ကိုကိုစိတ်ထဲရှိသလောက် ထုပစ်လိုက်ရရင် မြေကြီးထဲ မြုပ်ဝင်သွားမယ် သိရဲ့လား၊ ဒီမှာ ငွေလေး၊ ငွေလေးကို ဗစ်တိုးရီးယားက ထွက်သွားဖို့များ ကိုကိုက စိတ်တောင်မကူးဘူး၊ အိမ်စောင့်ထားခဲ့မှာဗျ၊ အိမ်စောင့်''

ဟု ပြောတော့ ငွေနဲ့သော မျက်မှောင်လေးကုပ်၍ သူ့ကို အတန်ကြာကြည့်နေ၏။ ထူထဲနက်မှောင်သော မျက်ခုံးကွေးကွေး နက်နက်လေးက တကယ့်ကို ကုပ်ကျနေသည်။ မျက်နှာလေး



သည်း မှုန်တေတေဖြစ်လာနေပြီ။

''ယောက်ဖဆိုတာက အဲဒီကောင်တွေမှာ ညီမချောချောလေးတွေ ရှိတယ် ငွေလေးရဲ့၊ သူတို့ ညီမလေးတွေက ချောလဲချောတယ်၊ အိမ်ထောင်မှုလဲနိုင်တယ်၊ တက္ကသိုလ်လဲ တက်နေကြတာ၊ တချို့က ကျောင်းတောင်ပြီးတော့မယ်၊ ကိုကိုများ သူတို့အိမ်ကို အလည်ရောက်ရင် ဂရုသိပ်စိုက်ကြတာ၊ ကျော်ထူးရဲ့ညီမ မြတ်မြတ်ထွေးက ကိုကိုတို့လိုပဲ ဥပဒေကျောင်းသူ၊ ကိုကို့ထက်တော့ အတန်းငယ်တာပေါ့၊ ဆံပင်ဆို အရှည်ကြီးရယ်၊ အသားလေးဆို ဖြူဥနေတာပဲ၊ လှိုင်ဘွားညီမ ကြည်ပြာကျတော့ သွက်သွက်လက်လက် ချက်ချက်ချာချာလေး၊ ဒက်ဒီ့စက်ရုံမှာ အားကိုးလို့တောင်ရနိုင်မှာ၊ မောင်တာရဲ့ညီမ ခင်ခင်ဝါကျတော့ ကဗျာတွေရေးနေတာပဲ၊ ကဗျာဆရာမလေးလဲဖြစ်ချင်တယ်၊ ပန်းချီလဲဆွဲတယ်၊ သူက ဆေးကျောင်းသူ''

ဟု ပြောပြနေတော့ ငွေလေး ပို၍ မျက်ရည်တွေကျ လာသည်။ စီးပွားရေးတက္ကသိုလ်ပထမနှစ်တက်နေပါသည့် ငွေ လေးကိုကျတော့ ကိုကို့စကားတွေက အထင်တသေးနိုင်နေသလို ပဲလားဟု တွေးရင်း ရင်ထဲမှာ အားလည်းငယ်လာမိရပါပြီ၊ ခေါင်းပေါ်မှ ပန်းသရဖူလေးကို လွှင့်ပစ်လိုက်ပြီးမှ…။

''ယူပါ၊ ယူပါ၊ အဲဒီ ယောက်ဖလောင်းလျာတွေ ရဲ့ အိမ်ကိုလဲ များများလည်ပါ၊ ဒါကြောင့် ဘာလုံး

www.burmeseclassic.com

www.burmeseclassic.com



ကန်တယ် ကန်တယ်နဲ့ မိုးချုပ်မှ ပြန်ပြန်လာတာကိုး၊ နောက်ပိုးသွားလုပ်နေတာပေါ့လေ၊ ငွေလေးလဲ စီးပွားရေးတက္ကသိုလ် တက်နေတာပဲဥစ္စာ၊ ဒက်ဒီ့ကို ကူလုပ်နိုင်မယ်လို့ ကိုကို မတွေးပေးနိုင်ဘူးလား၊ အလကားကိုကို မိန်းမယူချင်တိုင်း ဒက်ဒီအားကိုးရအောင်တွေဘာတွေ ဆွဲထည့် ပြောနေတာ၊ ငွေလေးကိုများ အိမ်စောင့်ချန်ခဲ့မှာတဲ့၊ ဒါဆို···ဒါဆို···ကိုကိုက အဲဒီထဲက တစ်ယောက်နဲ့ယူရင် အဲဒီကို လိုက်သွားနေမယ်ဆိုတဲ့ သဘောပေါ့ ဟုတ်လား၊ ငွေလေးနဲ့ ဒက်ဒီ့ကို ခွဲခဲ့မယ်ဆိုတဲ့ သဘောပေါ့ ဟုတ်လား၊ အီး···"

ဟု ပြောငိုတော့ သူ မျက်နှာပိုးသတ်ကာ စိတ်ညစ်ညူ ဖြင့် ငွေနှံ့သာလေးကို ကြည့်ကာ···။

"ဒုက္ခပါပဲလား၊ သူများဆီလိုက်သွားမယ်ဆိုတော့လဲ စွာတယ်၊ ကိုယ်က သူများကို ယောက်ဖတော်လို့လဲ ခွင့်မပြု၊ သူများက ကိုယ့်ကို ယောက်ဖလာတော်မယ်ဆိုတော့လဲ သဘောမတူ၊ ခက်ပြီပဲ"

ဟု ညည်းချတော့ ငွေနှံ့သာ မျက်ရည်သုတ်းသည် နှုတ်ခမ်းစူထားတော့ သူ အဟမ်းဟု ချောင်းတစ်ချက် ဟန့် လုပ်ချောင်းကြီးမှန်း သိသည်မို့ ငွေလေး မျက်မှောင်ကုပ်၍ ကြည့်လာသည်။ ပျောင်းနွဲ့နုန်းဆန်းသော ငွေနှံ့သာလေးကို တစ်ချက်ငေးကြည့်မိရပါ၏။ ဘေးတိုက်အနေအထားလေး လည့်တိုင်ဝင်းဝင်းလေးမှာ ခွေဝိုက်တင်နေပါသော ဆံနွယ်



းတွေ။ စင်းသောနှာတံ၊ နုအိနေပါသော နှုတ်ခမ်းထူအိအိလေး၊ ကြောမျှင်တို့ ရှိန်းမြမြဖြင့် ပြာနုနု၊ ပန်းနုနုယှက်ဖြာနေပါသည့် ကျ်နှာဝှင်းဥဥလေး၊ ရွှန်းစက်အရည်လဲ့နေသော မျက်ဝန်း၊ ကော့ ကော့ရှိလှပါသည့် ထူထဲသော မျက်တောင်နက်နက်၊ ရှည်လျားသော ဆံနွယ်ရှည်ခက်ခက်၊ အဘယ်မျှထိ လှလိုက်ပါသည့် ကြွေ ပ်လေးပါပဲလေ။ ဟုတ်သည် ကြွေရုပ်လေး။ တကယ်တော့ ငွေလေးဟုပင် မခေါ်ချင်။ ကြွေလေးဟုပဲ ခေါ်လိုက်ချင်သည့် ဖြစ်။ ဤမျှ ဖွေးဥနုစင်စွာ လှလွန်းပါသည့် ကြွေလေးကို ဗစ် ရိုးယားမှ ထွက်ခွာသွားစေဖို့ မဆိုထားနှင့် မျက်စိအောက်မှ အပျောက်မခံနိုင်သည့် သူ့ရင်တွင်းမှ ဝေဒနာကို ကြွေလေးမှ သိနိုင်ချေပဲလေ။

ချစ်စနိုးလေး နောက်ပြောင်နေမိတာ မှန်ပေမယ့် ခုလို လေးစိတ်ထဲ အဟုတ်မှတ်၍ ဝမ်းနည်းတကြီးဖြစ်နေတာကို ရှည်တော့ အဖြစ်မခံနိုင်တာမို့ သူ ရယ်သည်။ ငွေလေး လက်ဆိုးလျက် မြက်ခင်းထက်မှာ လွှင့်ပစ်လိုက်ပါသည့် ပန်း ပွလေးကို သူ ပြန်ကောက်သည်။ ငွေလေးဘေးမှာ ကပ်ထိုင် ကာ နှာခေါင်းဖျားလေးကို လက်ညှိုးလက်မဖြင့် ခပ်ဖွဖွ သည်။

"ဒီမှာ အမိ၊ အဲဒီ လှိုင်ဘွား၊ ကျော့ထူး၊ မောင်တာ တို့မှာ ဘာညီမမှ မရှိဘူး၊ ကိုကို အလကားပြောတာ"

ဟု ပြောတော့ ငွေနှံ့သာ မျက်ရည်ဝဲနေသေး မျက်ဝန်း ပဲ သ စကားကို မယုံသလိုလေး မော့ကြည့်လာ၏။ အကဲ

www.burmeseclassic.com

www.burmeseclassic.com



ခတ်သလို အတန်ကြာ သူ့မျက်ဝန်းတွေကို တည့်တည့်မတ်မတ် ကြည့်သည်။ သူ့မျက်နှာက ပြုံးစေ့စေ့ဖြစ်နေလျက် ရယ်မောရိပ်က မျက်ဝန်းတွေထဲအထိ အရိပ်ထင်နေသည်မို့ ဇဝေဇဝါလေး ဖြစ်လာပုံရသည်။ မျက်နှာလေး အတန်လန်းလာလျက်…။

"စောစောက ကိုကို ပြောတာပဲ၊ ကြည်ပြာဆို၊ မြတ်မြတ်တွေးဆို၊ ကဗျာဆရာမလေး ပန်းချီဆရာမလေး ခင်ခင်ဝါဆို"

ဟု မေးလာတော့ သူ နဖူးကို လက်ဖဝါးဖြင့် ဟန်လုပ်၍ ရိုက်ပြလိုက်ကာ…။

"မှတ်ဉာဏ်ကောင်းချက်ဗျာ၊ နာမည်ကအစ အတိအကျ မှတ်ထားလိုက်တာများ တစ်ချက်မလွဲဘူး၊ ဒီမှာ ငွေလေး အဲဒီနာမည်တွေလဲ ကိုကို စိတ်ကူးနဲ့ပြောလိုက်တဲ့နာမည်တွေချည်းပဲ၊ ငွေလေး ဘာပြောမလဲလို့ ကိုကိုက ပြောကြည့်တာ၊ ကိုကိုက ပြောကြည့်တော့ ကိုကို့ ငွေလေးက ငိုနေတာမို့ ငိုတာကိုပဲ ကိုကိုက ကြည့်နေရရော၊ အဲသလို ကိုကိုက ကြည့်နေရတော့ မကြည့်ရက်တာနဲ့"

ကြည့်…ကြည့်…ဆိုသည့် စကားတွေ ဆက်ဆက်လာတော့ ငွေလေး ရယ်ချင်လာပုံရသည်မှ သူ့ နောက်ပြောင်ချက်လည်း ယုံလာပုံရပါ၏။

"စိတ်ချ၊ အဲဒီ ကျော်ထူးရယ်၊ လှိုင်ဘွားရယ်၊ မောင်တာရယ် သုံးကောင်လုံးမှာ ဘာညီမမှ မရှိဘူး၊



သူတို့အားလုံးဟာ သူတို့အိမ်မှာ တစ်ကောင်တည်းသော မျောက်တွေချည်းပဲ"

ဟု ထပ်ပြောတော့မှ ငွေလေး စရယ်သည်။ သူ့လက်မောင်းကြီးကိုလည်း ထုသည်။

"ငွေလေး ဝမ်းနည်းတာပေါ့ ကိုကိုရဲ၊ ငွေလေးမှာ ဒက်ဒီရယ်၊ ကိုကိုရယ်ပဲရှိတဲ့ဥစ္စာ၊ ကိုကိုသာ ရည်းစားတွေဘာတွေ ထားလိုက်ရင် ငွေလေးဖြင့် တစ်ယောက်တည်းကျန်ခဲ့ရမှာ၊ ဘယ်လောက်ဝမ်းနည်းဖို့ကောင်းလဲ"

ဟု ပြောလာတော့ သူ ရင်ထဲမှ မြတ်နိုးရလေသမျှကို နည်းထိန်းယူထားလိုက်ရပါသည့်အဖြစ်။ အဘယ်မျှထိ ချစ်စရာ ခင်စရာမှုရာလေးပါလဲလေ။

ဒါပေမဲ့ ဒက်ဒီအရိပ်၊ သူ့အရိပ်မှာ အားကိုးမှီခိုနေရှာပါသည့် ငွေလေးကို သူ၏ မြတ်နိုးရလေသမျှ ဘယ်တော့မှလည်း ဖွင့်ဟပြောရက်နိုင်ချေမှာမဟုတ်။ ဒက်ဒီနှင့်သူ့တစ်မျက်နှာကို အားကိုးစွာ၊ ချစ်လွန်းစွာဖြင့် နေနေရှာပါသည့် ငွေလေးကို သူ၏ ရင်တွင်းမှ ချစ်ခြင်းများစွာကို မြည်ဆို ထုတ်မြွက်မဟာရက်နိုင်စွမ်းသော ပြော်…ပြောခွင့်သော်မျှ မရှိပါသည့် ကြမ္မာပါတည့်။ သူ၏ ရင်တွင်းမှ ကြွေရုပ်လေးကို နှလုံးအိမ်မှာပဲ တည်မြဲစွာ ပိုသိပ်ထားလိုက်ရချေမည်သာတည့်။

"ကိုင်း…ရွှေမင်းသမီးလေး…အငိုသန်တဲ့ ရွှေမင်းသမီးငွေနဲ့သာ ပန်းတွေယူသွားတော့၊ ပန်းအိုးထိုးပြီးရင် ခမီးချိုး အဝတ်အစားလဲ၊ လုလုလေးဝတ်၊ ဒီနေ့ ဒက်ဒီ

www.burmeseclassic.com

www.burmeseclassic.com



က ငွေလေးကို တစ်နေရာခေါ်သွားစရာရှိတယ်လို့ မနေ့ ည ညစာစားကတည်းက မှာထားတာနော်၊ ကိုကိုလဲ လိုက်ရမှာလို့ ပြောထားတာ မေ့နေပြီလား၊ မျက်ရည် တွေ စင်အောင်သုတ်၊ ဒေါ်ကြီးက အဲဒီမျက်ရည်မစင့် တစင်ကို မြင်ရင် ကိုကိုက ငွေလေးကို စိတ်ညစ်အောင် နောက်လွှတ်လိုက်ပြန်ပြီလို့ အပိုင်တွေးပြီး ကိုကို့ကို လာဆူလိမ့်မယ်''

ဟု ပြောတော့ ငွေလေး ပန်းခြင်းလေးကို ကိုင်၍ ထ… သည်။ ပန်းသရဖူလေးကိုလည်း ပန်ထားဆဲ။ သူ့ကို မျက်စော… တစ်ချက်ထိုးကာ ရှက်စနိုးလေးလည်း ပြုံးရှာပါ၏။ ၎င်းထားတ… ကို ရှက်နေပုံလည်းရသည်။ ပန်းနုရောင်သမ်းလာသည့် ပါး… လေးကို သူတစ်ချက် ငေးခနဲ ကြည့်မိရပါ၏။

''ဟုတ်သားပဲ၊ ငွေလေးကို ငိုအောင် ကိုကိုပဲ ပြော ပြီးတော့''

ဟု ပြောပြီးမှ ခြေလှမ်းလေး သုတ်သုတ်ဖြင့် ရှက်… လေး ထွက်သွားတော့ သူ သက်ပြင်းရှိုက်မိရပါ၏။ စိမ်း… မြက်ခင်းနုနုထက်မှာ ရှည်လျားသောဆံနွယ်နက်နက်တို့ တ… ရှိလျက် အသွေးစုံသည့် ပန်းခြင်းလေးကို ဖွဖွကိုင်ကာ လျှော… သွားနေပါသည့် ငွေလေး။ တကယ်တော့ လှအသည့်မိန်းက… တစ်ယောက်ယောက်နှင့် သူ ချစ်သွားမှာကို ငွေလေး စိုးရိမ်… ခြင်း။ ဒါပေမဲ့ တော်ဝင်မင်းသမီးလေးတစ်ပါးနှယ် ပျောင်းနွဲ့နှ… သော ယဉ်ကြော့ကြော့ငွေလေး၏ အလှကို အဘယ်မိန်းကလေး…



အလှတရားတို့ကမှ မလွှမ်းသာ။ သူ၏ နှလုံးသား ကြွေရုပ်လေး၏ အလှတရားများကို အဘယ်မိန်းကလေး၏ အလှကမှ မမီသာ။

ငွေနှံ့သာသည် သူ၏ နှလုံးအိမ်မှ အလှမင်းသမီးလေး တစ်ပါးပါတည်း။

သူ အောက်ထပ်ရှိရာအခန်းမှာ ရေမိုးချိုးအဝတ်အစား လဲပြီး ဧည့်ခန်းဆီသို့ ထွက်လာချိန်မှာပဲ ငွေလေးကလည်း အပေါ် ထပ်လှေကားဆီမှ ဆင်းလာနေပြီ ဖြစ်ပါ၏။ အဝါရောင် ပိုးဝတ်စုံ လေးဖြင့် ရွှန်းရွှန်းစက်မျှ လှလိုက်ပါသည့် မိန်းကလေး။ ဆံနွယ် ရှည်ခက်ခက်ကြီးကို နှစ်ဖက်ကျစ်ချထားလျက် သူ သီကုံးထားပေး သည့် စံပယ်ကုံးကို ညာဘက်ဆံကျစ်ရှည်ကြီး၏ အရင်းဘက်မှာ ကလစ်လေးဖြင့် တွဲရရွဲလေး ပန်ထားပါ၏။ ငွေလေးရှစ်နှစ်သမီး အရွယ်မှာ ဒက်ဒီက သူ့ကို အောက်ထပ်သို့ ပြောင်းနေခိုင်းသည်။ ငွေလေးကတော့ သူနှင့်တူတူနေခဲ့သည့် သူ့အခန်းမှာပဲ ဆက်နေ ရပါ၏။

''သမီးလေးက ရှစ်နှစ်ရှိပြီပဲ သတ္တိရှိရမှာပေါ့၊ ဒီ အိမ်ကြီးထဲမှာ ဒက်ဒီ၊ ကိုကို၊ ဒေါ်ကြီး၊ အားလုံး ကိုယ့် အခန်းတွေမှာ အိပ်နေကြတယ်၊ ရှိနေကြတယ်၊ ငွေလေး လဲ ငွေလေးအခန်းမှာ အိပ်ရမှာပေါ့၊ ဘာကြောက်စရာ ရှိလဲ၊ ဒက်ဒီတို့ရှိနေကြတာပဲ''

www.burmeseclassic.com

www.burmeseclassic.com



ဟု ဒက်ဒီသည် ငွေလေးကို နားဝင်အောင်၊ သတ္တိရှိအောင် ပြောခဲ့ပါ၏။ သူကတော့ အောက်ထပ်ရှိ စာကြည့်ခန်းအဆောင်ကျယ်ကြီးမှာပဲ ဟန်ကျပန်ကျ ကျယ်လွန့်လွန်းစွာ သူ့ပစ္စည်းတွေ အောက်ထပ်ချ ပြောင်းရွှေ့နေဖြစ်ခဲ့ရပါ၏။ သူ အလုပ်သင်ရှေ့နေအဖြစ် ချိန်ဘာဆင်းနေချိန်မှာ၊ ငွေလေးက ပထမနှစ် စီးပွားရေးကျောင်းသူဖြစ်နေပြီ။ ပြီးတော့ အရမ်းကို လှသည့် ပျိုရွယ်နုသစ် ရွှေသားနှစ်နှယ် အလှကြွယ်သူလေးလည်းဖြစ်နေချေသည်တကား။

လက်ဖက်ရည်သောက်ပြီးတော့ ဒက်ဒီမှ ပန်းခြံထဲ လမ်းလျှောက်နေရာမှ ဧည့်ခန်းဆောင်တွင်းသို့ လျှောက်လာကာ ပြုံး၍…။

"အဆင်သင့်ဖြစ်ရင် သွားကြတာပေါ့၊ ကဲ…လာ သမီးငွေလေး၊ ဒက်ဒီတို့ သွားကြရအောင်"

ဟု ပြောကာ ပေါ်တီကိုကြီးအောက်မှာ ရပ်ထားပါသည့် ကားရှိရာသို့ လျှောက်တော့သူနှင့်ငွေလေး နောက်မှလိုက်ခဲ့ရပါ၏။

"နေ…နေ၊ ဒက်ဒီပဲ မောင်းမယ် ဖိုးခန့်လေး၊ ထိုင်ကြ၊ ထိုင်ကြ"

ဟု ဒက်ဒီပြောတာမို့ ကားမောင်းဖို့ သူ တံခါးဖွင့်နေရာမှ ပြန်ပိတ်၊ ကားနောက်ခန်းတံခါးကိုပဲ ဖွင့်ကာ ဝင်ထိုင်လိုက်ရပါ၏။ ငွေလေး သူ့ဘေးမှာ ထိုင်သည်။ ဒက်ဒီ့ကိုလည်း လှမ်းကြည့်ကာ…။

"ဒက်ဒီ ကိုကိုက ဒီမနက်မှာ သူ့သူငယ်ချင်းရဲ့ ညီမကို ပို့နေတယ်လို့ ငွေလေးကို ပြောတယ် ဒက်ဒီ"

ဟု လှမ်းတိုင်ပစ်လိုက်ချင်သည်ပါပဲ။ ဒါဆို ကိုကို့ကို ဒက်ဒီဆူမှာ သေချာသည်။ ဒါပေမဲ့ ကိုကို အဆူခံထိမှာကိုကျတော့လည်း ငွေလေး မကြည့်ရက်တာမို့ မတိုင်ဖြစ်။ ဒက်ဒီက ကားမောင်းနေရာမှ သူ့ကို နောက်ကြည့်မှန်မှကြည့်ကာ…။

"ချိန်ဘာဆင်းနေတာတော့ ဆင်းပါ ခန့်လေး၊ ပြီးရင်တော့ ဒက်ဒီ့စက်ရုံတွေကို ဦးဆောင်လုပ်ပေးရမှာကို မမေ့နဲ့"

ဟု ပြောလာတာမို့ သူ စိတ်နည်းနည်းညစ်ချင်၏။ သူက ရှေ့နေအရမ်းဖြစ်ချင်သည်လေ။ ရှေ့နေပဲ လုပ်ချင်သည်။ ဒါပေမဲ့ ဒက်ဒီလည်း အသက်ရလာပြီမို့ စက်ရုံတွေကို သူ ဦးဆောင်လုပ်ပေးရမည့်ကိစ္စကို ငြင်းရမှာ ခက်နေသည်။ သူ ငြိမ်နေတော့ ဒက်ဒီ တစ်ချက်နောက်လှည့်ကြည့်၏။

"ကြားရဲ့လား ခန့်လေး၊ ရွှေနဒီအထည်ချုပ်စက်ရုံနဲ့ ရွှေကြိုးကြာအထည်ချုပ်စက်ရုံတွေကို ခန့်လေး ဦးဆောင်ရမယ်ဆိုတာ ငြင်းခွင့်မရှိတဲ့ ဒက်ဒီ့ဆုံးဖြတ်ချက်ပဲ ခန့်လေး"

ဟု ပြောလာတာမို့…။

"မှတ်ကဲ့ပါ ဒက်ဒီ၊ ငွေလေးကလဲ ပြောတယ်၊ စီးပွားရေးဘွဲ့ရတဲ့အခါ သူက ဒက်ဒီ့ကို အရမ်းကူညီနိုင်မှာပဲတဲ့"

ဟု ပြောတော့ ဒက်ဒီပြုံး၍ ကြည်နူးမှုဖြင့်…။



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီက သားနဲ့သမီးကို အဲဒါပဲ မျှော်လင့်နေတာ ပါကွယ်"

ဟု ပြောရှာပါ၏။ သူထင်လိုက်သည်က ရွှေနဒီနှင့် ရွှေကြီးကြာဆီသို့ သွားခြင်းဟု။ ကားမောင်းရင်း အလုပ်အကြောင်း တွေပြောနေတာမို့ စက်ရုံသို့ပဲ သွားခြင်းဟု ထင်မိခြင်းပါ။ မနေ့ ညစာစားစဉ် ပြောတုန်းကလည်း ဘယ်ကိုသွားမည်ဆိုတာ မပြော ခဲ့။ ဒါပေမဲ့ အုတ်တံတိုင်းကာ ခြံကျယ်ကြီးတစ်ခြံရှေ့မှာ ဒက်ဒီ ကားရပ်ကာ ဟွန်းသံပေးတော့ ခြံစောင့်ဟုထင်ရသည့် ညိုညို တုတ်တုတ်နှင့် ဦးကြီးတစ်ယောက် ခြံတံခါးလာဖွင့်ပါ၏။ အစိမ်း နုနု အုတ်နီနီတို့ဖြင့် မြင့်မားသော နှစ်ထပ်အဆောက်အအုံကြီး ပန်းဥယျာဉ် ကျယ်လွန့်လွန့်မှာလည်း ပန်းတို့ အသွေးစုံစွာ ပွင့်ဝေ နေကြပါ၏။ ရေတမာပင်တန်းနှင့် စံကားဖြူ စံကားနီပင်တန်းတို့ က ကားသွား ကွန်ကရစ်ခင်းလမ်း၏ တစ်ဖက်စီတွင် သွယ်ပေါ်၍ နေကြပါ၏။ စံကားပန်း၏ သင်းပျံ့ငြိမ်းအေးသည့်ရနံ့က ကားတွင်း ဆီသို့တိုင် တိုးဝင်၏။

"စံကားပန်းတွေကို ဒက်ဒီက ဦးညိုကို စိုက်ခိုင်း ထားတာလေ၊ ဒီပန်းတွေကို ဒက်ဒီလဲ ကြိုက်တယ်၊ သားလဲ ကြိုက်တယ်၊ သမီးလေးငွေလဲ ကြိုက်တာပဲ၊ ငယ်ငယ်ကတည်းက ပန်းသရဖူလုပ်၊ ပန်းလက်ကောက် လုပ်နဲ့လေ"

ဟု ဒက်ဒီပြောတော့ သူ အံ့သြ၏။ ဤခြံထဲမှာ စံကား ပန်းကို ဒက်ဒီက စိုက်ခိုင်းသည်တဲ့။ ဤခြံသည် ဒက်ဒီ၏ခြံများ



ပေလား။ တစ်ခါမှလည်း ဤခြံကျယ်ကြီးနှင့်ပတ်သက်၍ရော၊ အိမ်ကြီးနှင့်ပတ်သက်၍ရော ဒက်ဒီ သူ့ကို မပြောပြစဖူး။ ခြံကြီး ကတော့ မြက်ခင်းစိမ်းမြမြ၊ ပန်းဥယျာဉ်လှလှ၊ ကံ့ကော်ပင်တန်း၊ ရေတမာပင်တန်းတို့ဖြင့် အရမ်းကို လှနေသည်ပါပဲ။ ခပ်လှမ်းလှမ်း တွင် အလှစိုက် စဥ့်ရည်သုတ်ပန်းအိုးကြီးတွေ စီတန်းရှိနေလျက် အသွေးစုံသော စက္ကူပန်းပင်မှတွေက ဖြူ၊ နီ၊ ဝါ၊ လိမ္မော်၊ ခရမ်း အသွေးစုံစွာဖြင့် ပွင့်ဝေနေကြသည်မှ အားလုံးသည် ဗစ်တိုး ရီးယားအိမ်ကြီးမှ ဥယျာဉ်ပန်းမာများနှယ်ပင်ရှိနေကြချေသည် တကား။ သူ ခြံတံခါး အုတ်တိုင်တွင် ကြေပြားမြုပ်ထားပါသော ခြံအမည်ကို အာရုံထဲ ပြန်ပေါ်လာမိပါ၏။ မြပန်းဝေ။ ဟုတ်သည်။ မြပန်းဝေ။ အရမ်းကိုလှသည့် ခြံအမည်။ တကယ်လည်း သစ်ပင် ကို စိမ်းမြမြစို၍ ပန်းတို့ အသွေးစုံစွာ ဝေဖူးယှက်ဖြာပါသည့်ခြံ။

ဒါပေမဲ့ ဦးညိုဆိုသူမှလွဲ၍ လူရိပ်မတွေ့ရ။ တစ်ခြံလုံး ပန်းတွေဝေနေလျက် လူသူသံ တိတ်ဆိတ်နေ၏။ ကားက ပေါ်တီ ကိုကြီးအောက်မှာ ရပ်သွားပါ၏။

"ကဲ . . ဆင်းကြ၊ ဆင်းကြ"

ဟု ပြောကာ ဒက်ဒီဦးဆောင်၍ ကားပေါ်မှ ဆင်းသည်။ အိမ်တံခါးမကြီးကို သော့ဖွင့်၍ ရှေ့မှ ဦးဆောင်၍ဝင်သည်။ ကော် ဇောခင်း ဧည့်ခန်းဆောင်ကျယ်ကြီးသည် အဖိုးတန်ပရိဘောဂ ပစ္စည်းများဖြင့် တခမ်းတနားရှိနေ၏။ မျက်နှာကျက်မှ မီးဆိုင်း များ၊ နံရံကပ် မီးတိုင်လှလှများ၊ နံရံတွင် လှပစွာရှိနေပါသည့် နံရံချိတ်ကားချပ်ကြီးများ၊ ဓာတ်ပုံများ။ အားလုံးသည် နေသားတကျ

www.burmeseclassic.com

www.burmeseclassic.com



သန့်သန့်ပြန့်ပြန့်။ တစ်ခုပဲရှိသည်။ ဧည့်ခန်းဆောင်၏ ယန်း ကနုတ် ထွင်းစားပွဲထက်တွင် အလှတင်ပန်းအိုး မရှိ။ ကြက်သွေးရောင် ဆိုဖာထိုင်ခုံကြီးများဖြင့် လှပစွာ ရံထားပါသော ဆက်တီစားပွဲ ထက်တွင် လှပသော ပန်းရောင်စုံတို့ ထိုးထားရာပန်းအိုးတစ်လုံး လောက်တော့ရှိနေသင့်သည် မဟုတ်ပါလား။

"တစ်ပတ်တစ်ကြိမ် မြပန်းဝေအိမ်ကြီးကို အိမ် သန့်ရှင်းရေးလုပ်ဖို့၊ ခန်းဆီးတွေ လဲဖို့လိုအပ်ရင်လဲဖို့၊ ပြတင်းတံခါးတွေ ဖွင့်ပြီး လေဝင်လေထွက်ရှိနေစေဖို့ အတွက် ဒက်ဒီ့ လူယုံကြီး ဦးအုပ်စံနဲ့အတူ စက်ရုံက သန့်ရှင်းရေးတာဝန်ခံ ဒေါ်ထူးကို လွှတ်တယ်၊ ဒေါ်ထူးက သူ ခေါ်ချင်တဲ့ မိန်းကလေးနှစ်ယောက်ကို လက်တိုလက် တောင်းခိုင်းဖို့ စက်ရုံက အလုပ်သမား ကောင်မလေး နှစ်ယောက်ကို ခေါ်သွားတယ်၊ အဲဒီအတွက် ဒက်ဒီက သီးသန့်လုပ်အားခပေးတယ်လေ၊ ဦးအုပ်စံပါသွားတော့ အိမ်ထဲမှာရှိတဲ့ပစ္စည်းတွေ မပျောက်မရှနိုင်ဖို့ စိတ်အေး ရတာပေါ့၊ ဒေါ်ထူးကလဲ ဒက်ဒီစိတ်ချရတဲ့ သူပါပဲ"

ဟု ပြောနေပါသည့် ဒက်ဒီ့ကို သူ ငေးကြည့်သည်။ သူ နားမလည်နိုင်။ ဘာကြောင့် ဒက်ဒီသည် ထိုမျှအထိ အသေး စိတ်ရှင်းပြနေပါသလဲ။ ဤအိမ်ကြီးကို ဒက်ဒီဘယ်တုံးက ဝယ်ခဲ့ ပါသလဲ။ ဒက်ဒီ၏ပုံက ဤအိမ်ကြီးနှင့်ပတ်သက်၍ ပိုင်ဆိုင်သူ တစ်ယောက်၊ ဒါမှမဟုတ် တာဝန်အရှိဆုံးလူတစ်ယောက်နှင့် တူ နေသည်လေ။ တစ်ခုတော့သေချာသည်။ ဤအိမ်ကြီးနှင့်ပတ်သက်



၍ ပိုင်စိုးစွာပဲ လုပ်ပိုင်ခွင့်ရှိနေတာကတော့ သေချာသည်။ ငွေလေး တို့ သူ ငုံကြည့်တော့ ခပ်တွေတွေလေးဖြစ်နေတာကို မြင်ရပါ၏။ တစ်ခုခုကို ဖို့းဖဝါး တွေးနေသယောင်။ မျက်ဝန်းလေးတွေက သည်း ရီဝေမှိုင်းညို့နေပါ၏။ သူ သိနေပြီ။ ငွေလေး၏ ရင်ထဲ မှာ ထိခိုက်နေသည်ဟု။ သူ ငယ်စဉ်ကတည်းက အရိပ်တကြည့် ကြည့်နေခဲ့ပါသည့် ငွေလေးပဲလေ။ ငွေလေး၏မျက်ဝန်းလေးတွေ ထဲမှ ခံစားမှုအရိပ်များကို ဖမ်းဆုပ်သိမြင်တတ်နေပြီ။ ငွေလေး ခြေလှမ်းနှေးနှေးဖြင့် ပြတင်းအနီးမှာ သွားရပ်သည်။ မှန်တံခါး ရွက်ကို ဖွင့်သည်။ အပြာနုရောင်ပိုးခန်းဆီးစကို တိမ်းဖယ်ကာ လှမ်းလင့်မြင်နေရပါသည့် မြက်ခင်းစိမ်းမြမြဆီသို့ ငေးကြည့်နေ ပေါ၏။

ငွေလေး၏ အာရုံထဲမှာ တစ်ခုခု တိုးဝင်လာနေသည်။ ဟုတ်သည်။ ငွေလေးသည် ထိုမြက်ခင်းထက်မှာ ပြေးလွှားခဲ့ဖူး သယောင်ရှိနေသည်။ ဗစ်တိုးရီးယားရှိ မြက်ခင်းထက်မှာလည်း ငွေလေး ငယ်ကတည်းက ပြေးဆော့ခဲ့ဖူးသည်ပါပဲ။ ကိုကိုနှင့်တူတူ ပြေးဆော့ခဲ့ဖူးသည်။ ရယ်မောနေခဲ့ဖူးသည်။ ဒါပေမဲ့ ခံစားမှုက ဤအိမ်ကြီးနှင့်ဆိုင်နေသည်။ ဤအိမ်ကြီးမှ မြက်ခင်းနှင့်ဆိုင်နေ သည်။ ငွေလေး ပြေးဆော့နေချိန်မှာ ဘေး၌လည်း လူတစ်ယောက် ပါလာ၏။ ငွေလေး၏လက်ကို ထိန်းပေးနေသည့် လက်အစုံ။

"ဒါ သမီးရဲ့အိမ်ပဲ ငွေလေး၊ သမီးရဲ့ဖေဖေနဲ့အတူ နေခဲ့တဲ့ အိမ်ပဲ"

ရုတ်ခြည်း ဒက်ဒီ့ထံမှ စကားသံက တညင်ငြိမ်စွာပဲ ဖွင့်

www.burmeseclassic.com



ကျလာတော့ ရုတ်ခြန် ငွေလေး၏ကိုယ်လေး ဒက်ဒီဘက် လှည့်လာသည်။ ရင်ထဲမှာ အဆမတန် ခုန်နေ၏။ ငွေလေး ဒက်ဒီကို ယခင်တုန်းက မကြာခဏ မေးခဲ့ဖူးပါသည့် ငွေလေးနေခဲ့သော အိမ်။ ငွေလေး၏ ဖေဖေ့ခြံတပ်ပုံ၊ ထိုအရာများကို ပြပါဟု မေးခဲ့ဖူးသည်။ ဒက်ဒီက အချိန်မတန်သေးပါဘူး ကလေးရယ်ဟုပဲ ဖြေခဲ့သည်မှာ ငွေလေးလူမှန်းသိတတ်လာသည့်အရွယ်လေးမှာ မေးခဲ့သည့်အခါတိုင်း ကြားခဲ့ရသည့် အဖြေပါတည့်။ ခု…ခု… ဒက်ဒီသည် ငွေလေး၏ နေခဲ့သည့် အိမ်ဆီသို့ မမျှော်လင့်ချိန်မှာပဲ ခေါ်လာခဲ့ချေသည်တကား။

ဒက်ဒီ၏ စကားအဆုံးမှာ ငွေလေး အလောတကြီး ကြည့်လိုက်မိသည်က အခန်းနံရံမှာ ငွေဘောင်ကွပ်လျက် မှန်ဘောင်ဖြင့် ချိတ်ထားပါသည့် ဓာတ်ပုံဆီသို့ပါ။ ခြေအစုံ၏ ရွေ့လျားမှုက ကတုန်ကယင်နိုင်နေ၏။ ကိုကို ငွေလေးဘေးသို့ ရုတ်ခြည်းရောက်လာကာ လက်မောင်းကို ဖေးမကိုင်လိုက်တာကိုလည်း ငွေလေး သိနေသည်။ ဒါပေမဲ့ အာရုံက ဓာတ်ပုံဆီမှာပဲ နစ်နေ၏။ လောလောဆယ်မှာ ငွေလေး၏ ခြေတွေကို အနိုင်နိုင်သယ်ယူနေရသည့်နှယ် စိတ်တွေ မတန်တဆ လှုပ်ရှားနေမိရသည်မှာ အမှန်။ ငွေလေးအရွမ်းကို ယော်ရွယ်ချိန်လေးမှာ ဖေဖေဆုံးပါးခဲ့သည်မို့ ဖေဖေ့ရုပ်သွင်ကို စိတ်ကူးထဲမှာ ဖော်ကြည့်တိုင်း မသဲကွဲနိုင်စွမ်းခဲ့။ ဖေဖေ၏ ချော့အမြှူ၊ ဖေဖေ၏ အပွေ့အပိုက်၊ ဒါတွေကို ဝိုးတဝါး မှတ်မိနေမိတာတွေပေမယ့် အာရုံထဲမှာ ပေါ်လာပါသည့် ဖေဖေ့ရုပ်ပုံလွှာသည် မထင်ရှားနိုင်စွမ်းခဲ့။ ခုကျတော့ ဖေဖေ့



ဓာတ်ပုံရှိရာ၊ ဖေဖေနေထိုင်ခဲ့ရာ။ ပြော်…ငွေလေးသည်လည်း ဖေဖေနှင့်အတူနေထိုင်ခဲ့ရာ အိမ်ကြီးဆီသို့ တစ်ဆယ့်လေးနှစ်တိုင်ကြာမှ ရောက်လာခဲ့ရချေသည်တကား။ ငွေလေး အသက်တစ်ဆယ့်ရှစ်နှစ်ပြည့်တော့မည့်ကာလ။ မနက်ဖြန်ဆိုလျှင် ငွေလေး အသက်ဆယ့်ရှစ်နှစ်ပြည့်ပြီ။ ငွေလေး ဓာတ်ပုံကြီးကို မော့ကြည့်မိရပါပြီ။

ငွေလေးမြင်ရသည်က ဖေဖေနှင့်မေမေ့ကိုပါ။

ဖေဖေနှင့်မေမေတို့၏ မင်္ဂလာဦးဓာတ်ပုံကြီးကိုပါ။ မေမေသည် ငွေလေးနှင့် အတော်ကြီးတူနေ၏။ ဖေဖေကတော့ ဆံပင်ထူထူ၊ မဟာနှုတ်ခမ်းနှင့် နှာတံပေါ်ကာ ပါးလျှားသော နှုတ်ခမ်းကို နှစ်လိုဖွယ် ပြုံးထားပါ၏။ စိန်ဆံထိုး၊ စိန်ရိုက်ဘီးတို့ဖြင့် ဘီအေဆံထုံးထုံးထားပါသော မေမေသည် အဝါရောင် ပိုးချိတ်ထဘီနှင့် အဝါရောင်ပိုးအင်္ကျီကို ဝတ်ထားပါ၏။ မေမေ့လည်မှာ စိန်လည်ဆွဲကို ဆွဲထားသည်။ မေမေ့မျက်ဝန်းများက နက်မှောင်နေလျက် ငွေလေးကို လှမ်းစကားပြောတော့မည့်နှယ် အသက်ဝင်နေပါ၏။ ဖေဖေကလည်း တိုက်ပုံဝါ၊ ပိုးပုဆိုးရွှေဖလားရောင်ဖြင့် ခံ့ညားနေသည်ပါပဲ။ မေမေ့လက်ထဲမှာ သစ်ခွပန်းဖြူကို သတို့သမီးကိုင်ပန်းအလှအဖြစ် ရွက်စိမ်းတို့နှင့် ဖြိုရံလျက် မင်္ဂလာပန်းစည်းအဖြစ် ကိုင်ထားပါ၏။ မေမေ့လက်ချောင်းလေးတွေ သေးသွယ်ပျောင်းနွဲ့တာ၊ ကိုယ်ဟန်လေးနွဲ့နှောင်းကြော့စင်တာ၊ အားလုံးကို ငွေလေး ကြည့်၍မဝနိုင်သလို ကြည့်နေမိရင်းမှ ဖေဖေနှင့်မေမေကို ခုမှ ဓာတ်ပုံကိုသာ ကြည့်ရပါသည်၊ မြင်ရပါသည့် ဘဝကို

www.burmeseclassic.com



တွေးမိရင်း ရင်ထဲ လှိုက်တက်လာရကာ မျက်ရည်တွေ ပြိုကျလာရပါပြီ။ လက်အုပ်ကလေးချီမိကာ ကြမ်းပေါ်ထိုင်ချ၍ ရှိကျိုးပျပ်ဝပ်စွာ ဦးသုံးကြိမ်ချကန်တော့မိရင်းမှ…။

"ဖေဖေနဲ့မေမေ့ကို သမီး ကန်တော့ပါတယ်ရှင်၊ ငွေလေးရဲ့ ပြုထားလေသမျှ ကုသိုလ်ကောင်းမှုများကို လဲ အမျှပေးဝေပါတယ်၊ အမျှ…အမျှ…အမျှ"

ဟု ရင်ထဲမှာ ကြေကွဲစွာလည်း ပြောနေမိရ။ မျက်ရည်များ ဖြိုင့်ကျပြိုကျနေမိရပါပြီ။ ဖေဖေ၏ လက်များဖြင့် ထွေးထွေးချော့မြှုရာနေရာ။ ဖေဖေ၏ အနမ်းများကို ခံယူရာနေရာ။ ဖေဖေ၏ မေတ္တာများကို ခံယူရပါသည့်နေရာ။ ဤနေရာသို့ခုလို သွိတတ်နားလည်နိုင်ခွင့်ရှိလာရပါသည့်အရွယ်ကျမှ ရောက်ခွင့်ရ၊ ဖေဖေနှင့်မေမေ့ကိုလည်း မြင်ခွင့်ရရပါသည့်ဘဝ၊ ငွေလေးရင်ထဲ ဆို့နေရပါသည့်အဖြစ်။ ငွေလေး၏ ကိုယ်တွင်းမှ အားတွေကို နှုတ်သိမ်းခံလိုက်ရသလိုပဲ အင်အားပြင်းထန်သည့် စိတ်လှုပ်ရှားသည့် ဒေါသဖြစ်တည်စေသည်မို့ ငွေလေး ကြမ်းပေါ်လက်လေးမှောက်ချ၍ လက်ဖမိုးပေါ် နဖူးလေးအပ်၍ ရှိုက်ငိုနေမိရပါ၏။

သူ ဘယ်လိုမှ မကြည့်ရက်နိုင်။ ငွေလေး၏ ကိုယ်လေးကို ရင်ခွင်ထဲ သိမ်းပွေ့ယူကာ ဆံစလေးတွေကို သပ်ပေးနေမိရာမှ…။

"စိတ်ကို ထိန်းပါ ငွေလေးရယ်၊ စိတ်ကို လွှတ်မချရဘူးလေ ငွေလေးရဲ့၊ ငွေလေး ပင်ပန်းလှပါပြီကွယ်၊ စိတ်ကိုလျှော့၊ စိတ်ကိုထိန်း၊ ဒီမှာ ကြည့်စမ်း၊ ကိုကို့ကို



ကြည့်စမ်း"

ဟု သူတဖွဖွ တောက်လျှောက်ပြောသည်။ ငွေလေး၏ မျက်နှာလေးကိုလည်း ဆွဲမော့သည်။ ငွေလေး၏ မျက်ဝန်းနက်…လေးတွေ မတာန့်တဆ ထိခိုက်ခံစားရသည့် ဝေဒနာတွေပြည့်…နေလျက် သူ့ကို မော့ကြည့်လာခြင်းက ကယောင်ကတမ်း…နေသည်။ ပြောသကြား၍ ပြောသည့်အတိုင်း ကြည့်လာခြင်း…နေသည်။ လောလောဆယ်မှာ ဘာတွေလုပ်နေမိသည်ဆိုတာ…ပင် ခွဲခြားနိုင်ပုံမရ။ ကြေကွဲထိခိုက်ခြင်းက အထွတ်အဖျားသို့…နေသည့် အသွင်လေး။

သူ ငွေလေး၏ မျက်ဝန်းလေးတွေကို မလွှတ်တမ်း စိုးရိမ်…ကြည့်နေမိသည်။ ငွေလေး၏ ကိုယ်လေးက အရမ်းကို ပျော့…တ်ဖတ်နိုင်နေ၏။ မျက်နှာလေးက သွေးရောင်ဖျော့ကျနေသည့်…ဖြစ်။ လက်ဖျားတွေ အေးစက်နေသည်။

"ငွေလေးမှာ ဒက်ဒီရှိနေတယ်၊ ကိုကိုရှိနေတယ်၊ ငွေလေးတစ်ယောက်တည်းမှ မဟုတ်တာ၊ ကိုကိုတို့ရှိနေတယ်လေ၊ ကြည့်စမ်း…ဒက်ဒီဆိုရင်လဲ ငွေလေးကို ကြည့်ပြီး စိတ်ထိခိုက်၊ မျက်ရည်ကျနေတာပဲ၊ ကိုကို့ကို ကြည့်…ကြည့်စမ်း…ကိုကို့မျက်လုံးတွေထဲမှာလဲ မျက်ရည်တွေ ဝဲနေတာပဲ၊ ဒါ…ငွေလေးကို ချစ်လွန်းကြလို့ပေါ့၊ ငွေလေးဟာ တစ်ယောက်တည်းမဟုတ်ဘူး၊ ငွေလေးကို သိပ်ချစ်ကြတဲ့ ဒက်ဒီရှိနေတယ်၊ ကိုကိုရှိနေတယ်၊ အဲဒါကို သိထားရမယ်၊ သိနေရမယ်၊ ဒီထိ

www.burmeseclassic.com

www.burmeseclassic.com



ငွေလေး စိတ်ထိခိုက်နေတာကို ကြည့်ပြီး ကိုကိုတို့ ဘယ်လိုကြည့်နေရက်နိုင်ပါတော့မလဲ၊ စိတ်မထိခိုက်ဘဲ နေနိုင်ကြပါတော့မလဲ''

ဟု နားဝင်အောင်ပြောတော့ ငွေလေး၏ အကြည့်က ဒက်ဒီ့ထံ ရောက်၏။ ဆိုဖာနောက်မှီမှာ လက်ကိုတင်နေအောင် ဆုပ်၍ ခေါင်းငိုက်ချကာ မျက်ရည်ကျနေပါသည့် ဒက်ဒီ။ ငွေလေး၏ အကြည့်က သူ့ထံသို့ ရောက်၏။ မျက်ရည်ဝဲနေလျက် စိုးရိမ် တကြီး ကြည့်နေပါသည့် ကိုကို။ ငွေလေး အင့်ခနဲ အသံပွင့် ၏။ ကိုကို့ရင်ခွင်ထဲ တိုးဝင်သည်က ကလေးငယ်လေး ဝမ်း တနည်းတိုးဝင်တာနှင့် တူနေသည်။

''ငွေလေး...ငွေလေး...ဝမ်းနည်းလွန်းလို့ပါ ကိုကို ရဲ့၊ ခုမှ...ခုမှ...ငွေလေးလေ ဖေဖေနဲ့မေမေ့ကို မြင်ဖူးရ တော့တာ၊ ဒီအိမ်ထဲမှာ ဖေဖေရှိနေတယ်လို့ ငွေလေး ထင်လာတယ်၊ ဖေဖေ့ဝိညာဉ်လေးရှိနေမယ်လို့ ထင်လာ တယ်၊ ငွေလေးကို ကြည့်နေမှာ''

ဟု ရှိုက်သံဗလုံးပထွေးဖြင့် ငွေလေးပြောမိသည်။ ကို သဲသဲကွဲကွဲ ကြားနိုင်ပုံမရ။ ဆံစလေးတွေသပ်ပေးနေကာ...

''ခု...ငွေလေးကို ဒက်ဒီ ဒီနေရာကို ခေါ်လာပြီပဲ၊ ငွေလေး ဒီမှာနေချင်လား၊ ဒေါ်ကြီးကို အဖော်ခေါ်ပြီး ကိုကို ဒီမှာ ငွေလေးနဲ့အတူ လာနေပေးမယ်၊ ဒါမှမဟုတ် တစ်ခါတစ်ခါလာချင်သလား၊ တစ်နေကုန်နေချင် သလား၊ ဒေါ်ကြီးနဲ့တူတူ လာနေ ကိုကိုပို့ပေးမယ်၊



ကိုကိုရော ဒီမှာ နေပေးပါဆိုလဲ နေပေးမယ်၊ မငိုနဲ့ ငွေလေးရယ်၊ တိတ်တော့ တိတ်ပါတော့ ငွေလေးရယ်၊ ငွေလေး ပင်ပန်းလှပါပြီ၊ ကိုကို မကြည့်ရက်တော့ဘူး ကွာ''

ဟု ပြောလည်းပြော မျက်ရည်တွေကို မျက်နှာပျက်ပျက် ထိထိခိုက်ခိုက်ကြီး သုတ်ပေးနေတော့ ငွေလေးတစ်ချက်ရှိုက် ည်။ စိတ်ကိုပြန်ထိန်းယူနိုင်ဖို့ ကြိုးစားသည်။ အတန်ကြာမှ ည်းနည်းလေး ရင်ထဲ ငြိမ်သက်စပြုလာသည်။ ဒက်ဒီမှ ကား ခန်းတွင်းမှ ရေသန့်ဘူးနှင့် ဖန်ခွက်ကို ယူလာကာ ငွေလေးကို တိုက်ပါ၏။ ရေကို ကျိုက်ကျိုက်သောက်ပြီးမှ ဒက်ဒီ့ကို ငွေ း မော့ကြည့်မိသည်။

''ငွေလေးကြောင့် ဒက်ဒီနဲ့ကိုကို စိတ်ထိခိုက်ကြရ တာ၊ ငွေလေး စိတ်ထဲ မကောင်းပါဘူး ဒက်ဒီ၊ ငွေလေး ကို ခွင့်လွှတ်ပါ''

ဟု ပြောတော့ ဒက်ဒီမှ ငွေလေး၏ ဆံစကို သပ်ပေး ၏။ ဆိုဖာထက်တွင် ငွေလေးကို သူ ထိုင်နိုင်းကာ ဘေးမှာ ၍ ငွေလေးတစ်ခုခု မူးမေ့လဲသွားမှာကိုပဲ စိုးရိမ်နေမိရသည် ။ ဒက်ဒီမှ သက်ပြင်းရှိုက်ကာ အတန်ကြာ ပြတင်းအနီးမှ ရပ်သည်။ အပြင်ကို ငေးကြည့်နေပေမယ့် ဘာကိုမှ အာရုံ ဝင်နိုင်ဘဲဖြစ်နေမှာကို သူ သိနေပါ၏။ အတန်ကြာမှ ဒက်ဒီ လေးရှေ့မှာ ကုလားထိုင်တစ်လုံး ဆွဲ၍ထိုင်သည်။ ခေါင်းလေး လက်ဖဝါးဖြင့် အုပ်မိုးထား၍...။

www.burmeseclassic.com



"ငွေလေးဟာ ဒက်ဒီ့သမီးပါပဲ၊ ဒက်ဒီ့လက်ထဲမှာ ကြီးလာရတဲ့ ဒက်ဒီ့သမီးလေးပါပဲ၊ အေး…ငွေလေး ငယ်စဉ်ကစ အရွယ်လေးရရလာခဲ့လေသမျှ မကြာမကြာ မေးမေးလာတတ်တဲ့ ဖေဖေ့ဓာတ်ပုံရော၊ မေမေ့ဓာတ်ပုံရောနဲ့ မေးလာတိုင်း ဒက်ဒီ ဒီနေရာကို ဘာလို့မခေါ်လာခဲ့သလဲ၊ ဘာလို့ မပြခဲ့သလဲ၊ အဲဒါကို ဖြေရရင် ဒီအချိန်ကျမှ ကလေးကို မြပန်းဝေကို ခေါ်လာခဲ့ပါ၊ အိမ်ကိုလဲပြပါ၊ ဓာတ်ပုံကိုလဲ ပြပါ၊ သူ ပေးထားခဲ့တဲ့ ယွန်းဘူးကိုလဲ ပေးပါလို့ မှာထားတဲ့ ကိုဘမှီ၊ သမီးရဲ့ဖေဖေ့စကား၊ ဒက်ဒီ့သူငယ်ချင်းရဲ့ နောက်ဆုံးအချိန်နီးချိန်မှာ မှာခဲ့တဲ့ အမှာစကားကြောင့်ပါပဲ သမီးရယ်၊ သမီးလေး ဆယ့်ရှစ်နှစ်ပြည့်မွေးနေ့ရဲ့ တစ်ရက်အလိုအချိန်ကျမှ ပြောပြပါလို့ မှာခဲ့လို့ပါပဲ"

ဟု ဒက်ဒီပြောပြရှင်းပြပါ၏။ ငွေလေး အရမ်းကို ကြေကွဲခံစားရလေသမျှကိုလည်း ဒက်ဒီမြင်ခဲ့ရလေသမျှ ရင်ထဲအထိနာကြီးထိနိုက်နေရတာ မျက်နှာကြီး နီအမ်းတက်နေလျက် မျက်ရည်ကျနေခြင်းဖြင့်ပဲ သိသာထင်ရှားနေချေသည့်အဖြစ်။ ငွေလေးရင်ထဲမကောင်းနိုင်ပြန်။ ဒက်ဒီ့လက်အစုံကို လက်ဖြင့်ကိုင်၍ နဖူးအပ်မိကာ…။

"ဒက်ဒီ့ကို ငွေလေး ချစ်ပါတယ် ဒက်ဒီရဲ့၊ ဒက်ဒီလဲ ငွေလေးကို ဒီလိုပဲ ချစ်ပါနော်၊ ငွေလေးမှာ…ငွေလေးမှာ ဘယ်သူမှ ရှိကြတာ မဟုတ်ဘူး၊ ဒက်ဒီနဲ့



ကိုကိုပဲရှိတာ"

ဟု ပြောငိုမိရပါပြီတည်း။ ဒက်ဒီမှ ငွေလေး၏ ခေါင်းလေးကို လက်ဖြင့် ဖွဖွသပ်ပေးနေရင်းမှ…။

"တိတ်ပါ သမီးရယ်၊ ဒက်ဒီ သမီးလေးကို အမြဲချစ်နေမှာပါကွယ်"

ဟု မျက်ရည်ကျလာရင်း ပြောရှာပါ၏။ နောက်တော့ ဓာတ်ကို ပြန်ထိန်းကာ သူငယ်ချင်းဖြစ်သူ၏ ဓာတ်ပုံကြီးရှေ့မှာ သွားရပ်သည်။ မော့ကြည့်နေရာမှ…။

"မင်းမှာသလို ငါ အားလုံးလုပ်ပေးပါတယ်ကွာ၊ မင်းနဲ့ရှယ်ယာတူတူလုပ်ထားတဲ့ အထည်စက်ရုံက နှစ်စဉ်ငွေ အမြတ်အစွန်း၊ ဘဏ်မှာအပ်ထားတဲ့ ငွေကြေးအားလုံး ငွေလေးအတွက် ငါစီမံထားပါတယ်၊ မင်းမှာသလိုပဲ ဒီနေ့မှာ ငါ အားလုံးလုပ်ပေးပြီးပါပြီ၊ ဒီအိမ်ကိုလဲ ခေါ်လာခဲ့ပါပြီ"

ဟု ကြေကွဲစွာ ပြောနေမိရပါ၏။ ငွေလေးနှင့်သူကတော့ ဒက်ဒီပြောနေသမျှကို နားထောင်နေရင်း ရင်ထဲမကောင်းနိုင်။

ဒက်ဒီ အပေါ်ထပ်သို့ တက်သွားကာ ပြန်လာတော့ ယွန်းဘူးပြားတစ်ခုပါလာ၏။ ဘူးလေးကို ငွေလေး၏ လက်တွင်း ထည့်သည်။

"သမီးရဲ့ဖေဖေ သမီးအတွက် ထားရစ်ခဲ့တဲ့ လက်ဆောင်ရတနာထည်ပစ္စည်းတွေကတော့ ဘဏ်မှာ အပ်ထားတယ်၊ သမီး အသက်ဆယ်ရှစ်နှစ်ပြည့်ပြီးတဲ့အခါ ထုတ်

www.burmeseclassic.com

www.burmeseclassic.com



ယူနိုင်လိမ့်မယ်၊ အဲသလို သမီးဖေဖေ စီမံထားခဲ့တယ်၊ ငွေလဲထုတ်ယူသုံးချင်ရင် သုံးနိုင်ပြီ၊ ဒါကတော့ သမီးဖေဖေက သီးသန့်သူ့ရဲ့ စာကြည့်ခန်းက စားပွဲအံဆွဲတွင်းမှာ ထားခဲ့တာ၊ သမီးကို ဒီနေ့မှာ ပေးဖို့ မှာခဲ့တာ၊ အထဲမှာ ဘာရှိတယ်ဆိုတာ ဒက်ဒီ မသိဘူး၊ သူ့စာကြည့်ခန်းက စာကြည့်စားပွဲရဲ့ အံဆွဲသော့ရယ်၊ ဒီယွန်းဘူးပြားလေးမှာ ခတ်ထားတဲ့သော့ရယ်ကိုတော့ ဒက်ဒီ့ကို ပေးခဲ့တယ်၊ ကဲ…ဒါက ဒီဘူးပြားလေးကို ဖွင့်ရမယ့်သော့ပဲ"

ဟု ဒက်ဒီမှ အင်္ကျီအိတ်ကပ်တွင်းမှ ကြေးသော့ငယ်လေး

ကို ပေးတော့ ငွေလေး ယူလိုက်ရပါ၏။

ရင်ထဲတွင် လှုပ်ရှားကြေကွဲခြင်းက နေရာယူလာပြန်ပါ

ကြေးသော့တံလေးကို ကိုင်ထားပါသည့် လက်လေး

ဆတ်ဆတ်ခါနေတာ။ ယွန်းဘူးပြားလေးသည်လည်း တုန်ခါ

တာကို သူ မြင်နေရသည်။ သူ အညင်အသာပဲ ဘူးပြားလေး

ငွေလေး၏ လက်တွင်းမှ ယူသည်။ သော့တံလေးကိုလည်း

သည်။ ငွေလေးဖြုတ်ယူနိုင်းသည့် ငွေလေး၏ ဖေဖေနှင့်မေ

ဓာတ်ပုံကြီးကိုလည်း ကိုကို ဖြုတ်ပေးပါ၏။

"ကိုကိုတို့ လောလောဆယ် ဗစ်တိုးရီးယားကို ပြန်ကြရအောင် ငွေလေး၊ ဟိုမှာ ခဏ နားလိုက်ဖို့တော့ လိုနေပြီ၊ ဒက်ဒီလဲ နားဖို့လိုနေပြီ ငွေလေးရဲ့"

ဟု ပြောကာ ငွေလေးကို တွဲခေါ်လာမိသည်က



ရှိရာသို့ပါ။

အပြန်ခရီးတွင် ဒက်ဒီကို သူ ကားပေးမမောင်း။ သူပဲ

မောင်းပါ၏။ ငွေလေးကတော့ ယွန်းဘူးပြားလေးကို ခပ်ဖွဖွလေး

လက်ဖြင့် ဖေးတင်ထားကာ ငြိမ်သက်လိုက်ပါလာပါ၏။

ငွေလေးမျက်လွှာတစ်ချက်ချသည်။ မျက်တောင်ခတ်

သိုင်းကိုက် မျက်ရည်ဥက ယွန်းဘူးပြားလေးထက်မှာ ဖြုတ်ဖြုတ်

ကြွေချေ၏။ ယွန်းဘူးပြားလေးတွင်းမှာ ဘာရှိချေမည်လဲ မသိ။

ဘာတွေများရှိနေသလဲ ဖေဖေရယ်ဟု တမ်းတစွာပဲ ငွေ

လေး ရင်ထဲမှ ကြေကြေကွဲကွဲ မေးလိုက်မိရပါပြီတည်း။

ဗစ်တိုးရီးယားသို့ ပြန်ရောက်တော့ ဒက်ဒီသူ့ကိုလှမ်း

ကြည့်ကာ ကားတွင်းမှ ဆင်း၍ အိမ်တွင်းသို့ဝင်၏။ မျက်နှာလေး

ညှိုးဖျော့နေသည့် ငွေ့နံ့သာကို ဖျောင်းဖျဖို့ ဒက်ဒီမှ လှမ်းကြည့်

သွားခြင်း။ ဒက်ဒီ့မျက်ဝန်းတွေထဲမှာ ကြေကွဲရိပ်ထင်နေ၏။

"ငွေလေး…ကိုကိုတို့ ခြံထဲမှာ ခဏနေလိုက်ကြ

ရအောင်နော်"

ဟု သူပြောတော့ ငွေလေး သူ့ကို မော့ကြည့်လာ၏။

ဆက်တော့ ရင်ခွင်ထဲ ပိုက်ပါလာပါသည့် ဖေဖေနှင့်မေမေဓာတ်ပုံ

ကြီးကို ငွေလေး ငုံ့ကြည့်မိကာ ကိုကို့ကို မျက်ရည်ဝဲစွာပဲ ဖြေ

မိရသည်။

www.burmeseclassic.com

www.burmeseclassic.com



''ငွေလေး အခန်းထဲမှာ ပြန်နေချင်တယ် ကိုကိုရယ်၊ တစ်ယောက်တည်း ခဏလောက်ဖြစ်ဖြစ် နေလိုက်ချင်တယ်''

''ဒါပေမဲ့ ကိုကိုနဲ့ခဏလောက်တော့ နေနိုင်မယ် မဟုတ်လား ငွေလေး၊ ခြံထဲမှာ ခဏလောက်နေကြမယ်လေ၊ ကိုကို ငွေလေးကို ပြောစရာတွေရှိနေတယ်၊ ငွေလေးနဲ့ကိုကိုတို့ ဟိုးငယ်ကတည်းက နေကြတဲ့နေရာ၊ စံကားပန်းလေးတွေ ကောက်ကြရင်းဆိုပါတော့၊ ငွေလေး ခုလို စိတ်ထိခိုက်နေတာကို မြင်နေရတဲ့ ကိုကိုနဲ့ ဒက်ဒီတို့ စိတ်ချမ်းသာနေကြမှာ မဟုတ်ဘူးဆိုတာကို လဲ ငွေလေး သိမှာပါ၊ ဒီတော့ ကိုကိုနဲ့ခဏလောက် စံကားပင်ရိပ်မှာ ထိုင်ကြရအောင်နော်၊ ပေး…ငွေလေး ရဲ့ ဖေဖေနဲ့မေမေ့ဓာတ်ပုံကြီး ကိုကို့ကိုပေး''

ဟု ပြောကာ လှမ်းယူတော့ ငွေလေးတစ်ချက်ငိုင် သည်။ နောက်တော့လည်း ကိုကို့စကားထဲမှာ ပါလာသည့် ကို နဲ့ဒက်ဒီတို့ စိတ်ချမ်းသာနေကြမှာ မဟုတ်ဘူးဆိုသည့် စကား ကြားယောင်မိရင်း ဓာတ်ပုံကြီးကို ကိုကို့လက်ထဲ ထည့်ပေးလိုက် ရပါ၏။ ကိုကိုသည် ငွေလေးကို အစဉ်တစိုက် ဂရုစိုက်ခဲ့သူ

ဟိုးငယ်ကတည်းက အစ်ကိုကြီးလုပ်၍ ပုံတွေပြော မိုးသည်း သည့်ညတွေမှာ ငွေလေး ကလေးဘဝက လျှပ်စီးလက် လန့်လျှင် လူကြီးလေးလုပ်၍ ကိုကိုပဲ ထွေးပိုက်ကာ ဒီအိမ် ထဲကို အဲဒီလျှပ်စစ်တွေ မဝင်လာနိုင်ပါဘူးဟု ချော့နေခဲ့သည်



တူတူ ကစား၊ တူတူဆော့ကြချိန်တိုင်းမှာလည်း ငွေလေး မြင်းလုပ် စီးလည်းခံ၊ ငွေလေးက ဆရာမ လုပ်၍ ကိုကို့ကို ကျောင်းသား လုပ်ခိုင်းကာ တုတ်နှင့် ဆရာမစတိုင်ဖြင့် ရိုက်လျှင်လည်းခံ၊ အရမ်း ကို အလိုလိုက်သည့် ကိုကို မဟုတ်ပါလားလေ။

ခုလည်း ငွေလေး တစ်ယောက်တည်း အရမ်းစိတ်ထိ ခိုက်နေမှာစိုး၍ ဖျောင်းဖျစကားပြောဖို့ ကိုကို ခေါ်ခြင်းဆိုတာ ကိုလည်း ငွေလေး နားလည်ပါ၏။ ကိုကိုနှင့်အတူ စံကားဖြူပင်ကြီး အောက်မှာထိုင်မိတော့ ကိုကို ငွေလေးကို တစ်ချက်ကြည့် သာသည်။ ကိုကို့မျက်ဝန်းတွေမှာ အမြဲတွေ့နေကျမှုပိုင် အကြည့်က တည်မြဲစွာရှိနေဆဲ။ ကြင်နာသော အကြည့်၊ အရမ်းကို အေးချမ်း သောအကြည့်။ ထိုမျက်ဝန်းများသည် ငယ်စဉ်ကလည်း ကိုကို့ မျက်ဝန်းမှာရှိနေတတ်ခဲ့စမြဲ။ ခု အရွယ်လေးရလာတော့ ပို၍ နက် ရှိုင်းသော အကြည့်များက သိပ်သည်းစွာပဲ ကိုကို့မျက်ဝန်းအိမ်မှာ ပြည့်သိပ်တည်ရှိနေတတ်သည်တည့်။

''ကဲ…ညီမလေး အပင်ကြီးကို မော့ကြည့်လိုက်စမ်း၊ တွေ့လား ပန်းလေးတွေ ပွင့်နေလိုက်ကြတာ၊ သေချာကြည့်၊ ဟိုးမိုးကောင်းကင်ကြီးဆီကို အပွင့်လေးတွေ မော့မျှော်ပွင့်နေကြတယ်လေ၊ အပွင့်တွေက အခိုင် လိုက်ရှိနေတယ်၊ အားမာန်ရှိနေတယ်၊ အရမ်းကို နူးညံ့ တဲ့ ပန်းလေးတွေ၊ သင်းပျံ့တဲ့ပန်းလေးတွေမှာ ပန်းဖူး ပန်းငုံလေးဖြစ်ရာက လှပမွှေးကြိုင်တဲ့ ပန်းပွင့်ပန်းခိုင် တွေဖြစ်လာအောင် ဘဝမှာ ရပ်တည်သွားကြတယ်လေ၊

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းမှာလဲပွင့်၊ နွေမှာလဲဝေ၊ မိုးမှာလဲ ဖြိုင်နေအောင် ပွင့်တဲ့ပန်းလေးတွေပဲပေါ့၊ လောက ရာသီရဲ့ အပူ၊ အအေး၊ မိုးသက်မုန်တိုင်း လေပြေနုနု နှင်းစက်အေးအေး မိုးပွင့်မိုးဖွားလေးတွေ ဘာကိုပဲကြုံရကြုံရ ရင်ဆိုင်ရ ပန်းတို့ရဲ့အားမာန်နဲ့ ဖူးရင့်ရ ပွင့်ဝေရတဲ့ပန်း"

ပြောပြီး ကိုကို ငွေလေးကို ကြည့်လာတော့ ငွေလေး ခပ်ငေးငေးပြန်ကြည့်မိရပါ၏။ ကိုကို့မျက်ဝန်းတွေက အရမ်းကို နူးညံ့နေသည်။ အေးချမ်းနေသည်။ ဆံပင်ထူနက်နက်က နဖူးပြင် ထက်မှာ တချို့ဖြိုကျနေ၏။ မျက်ခုံးထူကြီးအောက်မှ မျက်ဝန်း နက်နက်က ကြည်စင်အေးချမ်းလွန်းသည်။ နှာတံထင်းနေလျှက် နှုတ်ခမ်းက ယောက်ျားသားတို့တွင် တွေ့ရခဲသော ပန်းရင့်ရောင် နှုတ်ခမ်းဖြစ်နေ၏။ ကိုကို့နှုတ်ခမ်း မထူမပါးလေးက အရမ်းကို ချစ်ဖို့ကောင်းသည်ဖော့ ဒေါ်ကြီးကတော့ အမြဲတမ်း ချီးကျူးတတ် သည်ပါပဲ။ ဒေါ်ကြီးကတော့ ကိုကို့ပါးချိုင့်ကိုလည်း ချစ်ဖို့ကောင်း သည်ဟု ပြောသည်ပါပဲ။

ကိုကို့အရပ်က မြင့်လျက် ပခုံးကျယ်ကြီးနှင့် ဘယ်လို အဝတ်အစားကိုပဲ ဝတ်ဝတ် ခန့်သန့်နေသည်ဟု နနနွယ်ကတော့ မှတ်ချက်ချခဲ့ဖူးသည်။ ရီရီဦးကလည်း ထောက်ခံသည်။ ငွေလေး အပေါ် စိတ်ရှည်အလိုလိုက်သော ကိုကို့ကို ငွေလေးကလည်း ချစ်ပါသည်။ ငွေလေးဘဝမှာ ဒက်ဒီနှင့် ကိုကိုတို့သာ မရှိလျှင် ဘယ်လိုမှ ရပ်တည်နိုင်မှာ မဟုတ်တာကိုလည်း မိမိဘာသာ ငွေလေးသိနေသည်ပါပဲ။ ဒက်ဒီနှင့်ကိုကို့ကို ငွေလေးချစ်လည်း



ချစ်သည်။ အားလည်းကိုးသည်။ ရှိသေရပါသည်။

ခုလည်း ငွေလေး၏ ရင်ထဲမှ အားငယ်ကြေကွဲမှုတွေ ကို အားမာန်ဖြင့် အစားထိုးခံစားနိုင်အောင် ကိုကို ပြောရှာခြင်း။

"ခု...ငွေလေးရဲ့ ဖေဖေနဲ့မေမေ့ကို ငွေလေး မြင် ဖူးရပြီ၊ ဘာပဲဖြစ်ဖြစ် ငွေလေးဟာ အရမ်းကို နုနယ် အေးချမ်းတဲ့ မိန်းကလေး၊ စိတ်ထားသိမ်မွေ့တဲ့ မိန်းက လေး၊ ခုလို အဖေနဲ့အမေကို ဓာတ်ပုံထဲမှာပဲ ဒီအရွယ် ရောက်လာမှ စမြင်ဖူးရတယ်ဆိုတာ ခံစားရမှာပဲပေါ့၊ ကိုကို နားလည်ပါတယ်၊ နားလည်လို့လဲ စိတ်ထဲမှာ ပူနေမိတယ် ကလေးရယ်၊ စိတ်အထိခိုက်လွန်ပြီး ငွေ လေး ကျန်းမာရေးထိခိုက်မှာ ကိုကို စိုးရိမ်တယ်၊ အို... ခုလို စိတ်အထိခိုက်ကြီး ထိခိုက်နေပါလားဆိုတာကို သိနေရတာကိုက ကိုကို့ရင်ထဲမှာ ဆောက်တည်ရာမဲ့ ဖြစ်နေစေတယ်၊ ကိုကို့ မကြည့်ရက်ဖူး ငွေလေးရယ်၊ ငွေလေး အဲသလောက်ကြီးထိ အရွယ်နဲ့မလိုက် မျှ အောင် ထိခိုက်ခံစားနေရတာကို ကိုကို့မျက်စိတွေ၊ နှလုံး သားနဲ့ ဦးနှောက် ဘယ်အရာနဲ့မှ မမြင်ရက် မကြားရက် ဖူး၊ ကိုကို ဘယ်လိုမှနေလို့ကို မရဘူး၊ ငွေလေး စိတ် ထိခိုက်နေတာမျိုးကို ကိုကို ငြိမ်ပြီး ကြည့်နေရမယ့်ဘဝ၊ အဖြစ်မျိုးကို ဘယ်လိုမှ ရင်မဆိုင်နိုင်ဘူး၊ ကိုကို ဘယ်လို မှ ရင်မဆိုင်နိုင်ဘူး၊ ဒါ...ဒါ...အမှန်ပဲ ကိုကိုခံစားရ နေတဲ့ အမှန်တရားပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ ပြောနေရင်းမှ သက်ပြင်းရှိုက်သည်။ ငွေလေးကို မမှိတ်မသုန် ကြည့်နေမိရပြန်၏။ မျက်လွှာလေးချ၍နေသည့် ငွေလေး။ မျက်တောင်တဖျတ်ဖျတ်ခတ်နေသည့် ငွေလေး။ ငိုချင်နေသမျှကို ထိန်းနေရှာမှန်း သူ သိပါ၏။ မျက်တောင်ရှည်ကော့ကော့လေးတွေကို မှေးယှက်ချထားကာ မျက်ရည်မကျအောင် တဖျတ်ဖျတ် ထိန်းနေသမျှ သူ့ ရင်ထဲ မကောင်းနိုင်ဘဲ ငုံ့မိုး ငေးစိုက်ကြည့်နေမိရပါ၏။ အဘယ်မျှထိ သနားစရာမျက်နှာနုနုငယ်ငယ်လေးပါလဲ၊ ထူထဲသော ဆံနွယ်နက်မှောင်လေးတွေကို ဆံကျစ်ရှည်ကြီး နှစ်ဖက်ကျစ်ချထားပါသည့် ငွေလေး။ ဗီတီ အပြစ်ကင်းစင်လွန်းပါသည့် မိန်းကလေး။

မျက်နှာလေး သွေးရောင်ဖျော့ချင်နေသည့် ငွေလေးကို ကြည့်ရင်း သူ ရင်ထဲမှာလည်း စိတ်ပူနေမိရသည်ပါပဲ။ ငွေလေး၏ လက်လေးထဲ ပန်းစံကားဖြူလေးတစ်ပွင့်ကို မြက်ခင်းထက်မှ ဖွဖွညင်ညင်ကောက်ယူ၍ သူ ထည့်ပေးလိုက်ကာ...။

"ကိုကိုပြောတာကို မမေ့နဲ့ ငွေလေး၊ ပန်းလေးတွေ ဓောင်မှ အားမာန်ဆိုတာရှိတယ် ငွေလေး၊ လောကဓံတရားဆိုတာကို အရှုံးမပေးရဘူး၊ ပြီးတော့ ကိုကို ပြောမယ်၊ ငွေလေးဘဝမှာ ဒက်ဒီရှိတယ်၊ ကိုကို ရှိတယ်၊ ငွေလေးနဲ့အတူ မျှဝေခံစားနေကြရတဲ့သူ၊ ဒါကို သိထားဖို့လိုတယ်၊ ကိုကို ငွေလေးကို အရိပ်တကြည့်ကြည့်နဲ့နေလာခဲ့တာ ငွေလေး ပျော်ရင် ကိုကို ပျော်တာပဲ၊ ခုလို စိတ်ထိခိုက်နေတာကို မြင်တော့ ဘယ်စိတ်ချမ်းသာ



နိုင်မလဲ"

ဟု သူပြောပြီး ငွေလေးကို တစ်ချက်ငေးကြည့်မိပြန်သည်။ ယခုတိုင် ငွေလေး ဘာကိုမျှမပြောသေး။ ပြောသမျှကို သာ ငြိမ်သက်နားထောင်နေခြင်း။

"ခု...ဒီနေ့မှာ ဒက်ဒီ ငွေလေးကို မြဖန်းဝေကို ခေါ်သွားတယ်၊ ငွေလေးရဲ့ ဖေဖေနဲ့မေမေ့ခေတ်ပုံကိုလဲ ငွေလေး မြင်ရသလို၊ ငွေလေး ဖေဖေထားရစ်ခဲ့တဲ့ ငွေလေးကို ပေးစေခဲ့တဲ့ ယွန်းဘူးပြားလေးကိုလဲ ဒက်ဒီ အပ်ခဲ့ပြီ၊ ဒါ ဝမ်းနည်းစရာဆိုတာ မှန်နေပေမယ့် ငွေလေးရဲ့ဖေဖေဟာ ဟိုးလွန်ခဲ့တဲ့နှစ်များစွာကတည်းက ကွယ်လွန်ခဲ့ပြီးပြီ၊ မေမေလဲ ဆုံးပါးခဲ့ပြီးပြီ၊ ဒီနေ့မှာမှ ကွယ်လွန်ကြတာ မဟုတ်ဘူး၊ သေခြင်းတရားဆိုတာကို ဘယ်သူမှ မလွန်ဆန်နိုင်ကြဘူး ငွေလေး၊ တစ်နေ့ ကိုကိုလဲ သေရမှာပဲ"

"အို...အို...မပြောပါနဲ့၊ အဲလို မပြောပါနဲ့၊ ဘာလို့...ဘာလို့ ဒီစကားမျိုးကို ဥပမာပေးရတာလဲ ကိုကိုရယ်၊ ကိုကို မရှိရင် ငွေလေးသေမှာ၊ သေမှာ"

ငွေလေး အလန့်တကြားလေး ချောက်ချားစွာ တုန်တုန်လှုပ်လှုပ်လေးလည်းပြော၊ ဘယ်လိုမှ စိတ်မထိန်းနိုင်စွာ ကြေကွဲကြီးလာလျက် သူ့ရင်ခွင်ထဲထိ ထိုးထိုးခိုက်ခိုက်ကြီး တိုးဝင်သာ ကလေးလို ငိုချလိုက်တော့ သူ ဆံစလေးများကို ဖွဖွညင်ညင် သပ်ပေးရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော…ငိုပြန်ပြီကွာ၊ ကျွတ်…ဒုက္ခပါပဲ၊ တိတ်…တိတ်လေ ကလေးရဲ့၊ ကိုကိုက သေခြင်းတရားဆိုတာကို နားလည်အောင် ပြောတာပါ"

"အို…မကြားချင်ဘူး၊ မကြားချင်ဘူး၊ သေခြင်းတရားဆိုတာကို ငွေလေး မကြားချင်ဘူး၊ ငွေလေး ငယ်ငယ်လေးမှာ ဘဝဆိုတာကို ဘာမှန်းတောင် နားမလည်နိုင်သေးတဲ့ အရွယ်လေးမှာ သေခြင်းတရားဆိုတာကို ရင်ဆိုင်ခဲ့ရပြီးပြီ၊ သေခြင်းတရားဆိုတာကြီးကို နားမလည်တတ်သေးတဲ့အရွယ်လေးမှာ အမေရော၊ အဖေရော သေခြင်းတရားရဲ့ခေါ်တဲ့နောက်ကို လိုက်သွားကြရပြီးပြီ၊ သေခြင်းတရားဆိုတာကို မလွန်ဆန်နိုင်တာ ငွေလေး နားလည်ပါတယ်၊ ဒါပေမဲ့ အဲဒီ သေခြင်းတရားဆိုတာကြီးက ဒီလောက်ထိပဲ ငွေလေးအပေါ် ရက်စက်ရသတဲ့လား၊ ဟင်…အမေကို ငွေလေးမွေးပြီး မကြာခင်မှာ ခေါ်သွားတယ်၊ ငွေလေး လေးနှစ်သမီးမှာ အဖေကို ထပ်ခေါ်သွားတယ်၊ ငွေလေးတစ်ယောက်က လွဲပြီး ငွေလေးတစ်ယောက်အပေါ်ကလွဲပြီး အဲသလို လုပ်စရာ မရှိတော့ဘူးတဲ့လား၊ ဟင်…ဟင်…ငွေလေး မုန်းတယ်၊ သိပ်မုန်းတယ်"

ဟု ရင်ထဲမချိအောင် မနိုင်ရင်ကန်စ်စားရလေသမျှ ပေါက်ပေါက်ကွဲကွဲလေးလည်းပြော ကိုကို့ရင်ခွင်မှာ မျက်နှာလေးအပ်၍ ရှိုက်ကြီးတငင် ငိုချလိုက်မိရသည်က ငွေလေးပါ။



"အဲဒါနဲ့မပြီးသေးပဲ ကိုကို[illegible] ကိုကို သေမယ်ဆိုတာမျိုးကို ငွေလေးကို ပြောနေရသေးသလား ကိုကိုရယ်၊ ငွေလေးမှာ…ငွေလေးမှာ ကိုကိုပဲရှိတယ်၊ ကိုကိုရယ်၊ ဒက်ဒီရယ်ပဲရှိတာ၊ ငွေလေး မကြားပါရစေနဲ့၊ အဲဒီ သေခြင်းတရားဆိုတာကြီးက ဘယ်သူ့ကိုမှ ထပ်ခေါ်မသွားစေရဘူး၊ အို…သွားချင်းသွားရင် ငွေလေးပဲ အရင်သွားမယ်၊ ငွေလေးဟာ ကျန်ရစ်ခဲ့သူ မဖြစ်ချင်တော့ဘူး၊ ချန်ရစ်ခဲ့သူပဲ ဖြစ်ချင်တယ်၊ ငွေလေးမှာ အဖေ၊ အမေရှိတော့တာလဲ မဟုတ်ဘူး၊ တစ်ကောင်ကြွက်"

ဟု ပြောတော့ သူ ဘယ်လိုမှ ဖာန်ဆောင်ထိန်းချုပ်၍ မရနိုင်စွမ်းသာတော့။ ငွေလေး၏ပခုံးလေးကို ထိထိမိုက်မိုက်ကြီးအင်အားနှင့်ဆုပ်ကိုင်မိကာ မျက်စိကို စုံမှိတ်ချ၍…။

"မပြောနဲ့…မပြောနဲ့"

ဟု ထိထိမိုက်မိုက်ကြီး ကြေကွဲစွာ အသံအက်အက်ဖြင့် အားမိလိုက်ရပါပြီ။ နောက် စိတ်နောက်ကိုယ်ပါကြီးပဲ ငွေလေး၏ မျက်နှာလေးကို ဆွဲမော့ပစ်ကာ မလွတ်တမ်း ငုံ့မိုးစိုက်ကြည့်မှတ်…။

"ဘာတစ်ကောင်ကြွက်လဲ၊ ဘာတစ်ကောင်ကြွက်လဲ၊ ဟင်…ထပ်ပြောကြည့်စမ်းပါဦး ကိုကို နားကြားများလွဲနေသလားလို့၊ ပြောရက်လိုက်တာ ငွေလေးရယ်၊ ငွေလေးမှာ ကိုကို မရှိဘူးလား ဟင်…၊ ကိုကို မရှိတော့ဘူးလား၊ ဒက်ဒီရော မရှိဘူးလား၊ ငွေလေးက

www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ကြွက်လို့ ကိုယ့်ကိုယ်ကို မှတ်ထားတာကိုး''

မျက်နှာကြီးပျက်ကျလျက် ကြေကွဲထိခိုက်လေသဖြင့် မဖုန်းကွယ်နိုင်စွမ်းပဲ သူပြောတော့ ငွေလေးမျက်နှာငယ်လေး ဖြင့်...။

''အဲသလိုပြောတာ မဟုတ်ပါဘူး ကိုကိုရယ်၊ ကိုကိုက သေမယ်တွေဘာတွေ ပြောတာကိုး၊ ငွေလေးမှ ...ငွေလေးမှ ကိုကို့ကို မခွဲနိုင်တာ''

ဟု ကလေးလို ပြောငိုရှာတော့လည်း သူ သက်ပြင်း ရှိုက်ချရသည်။ စောစောက ရင်ထဲမချိတင်ကဲကြီး ဖြစ်ရလေသမျှ ကိုလည်း စိတ်ကို ဖြေလျှော့ယူလိုက်ရသည်ပါပဲ။

''ကိုကို သဘောပြောတာပါ၊ သေခြင်းတရားဆို တာကို ငွေလေး နားလည်အောင်ပြောပြတာပါ၊ ပြောမိမှ ပိုဆိုးကုန်ကြတော့တာကိုး၊ ကဲ...ဘွားတေးဗျာ...ဆောရီး ဗျာ...၊ ဒီမှာ တွေ့လား၊ ဗလ၊ ငွေလေးလို သေးသေး ကွေးကွေးလေး မပြောနဲ့၊ မြင်းမိုရ်တောင်ကြီးကိုတောင် မှ မြောက်ခနဲ မ,ပစ်လိုက်နိုင်တဲ့ ဗလ၊ ကျန်းမာရေး ကောင်းတဲ့ ဗလ၊ အသက်ရှည်မယ့် ဗလ၊ နာမည်တောင် မှ ပြောင်းရင်ကောင်းမလားလို့ စဉ်းစားနေတယ်၊ အေး ချမ်းခန့်ဆိုတဲ့နာမည်အစား ဗလခန့်ဆိုပြီးတော့၊ အဟဲ ...''

ဟု ပြောတော့ ငွေလေးတစ်ချက်မော့ကြည့်သည်။ နှုတ် ခမ်းလေးစူသည်။



''နောက်ကို သေစကား မပြောကြေး''

''မပြောကြေး၊ ငွေလေးလဲ မငိုကြေး''

ဟု သူပြောတော့ ငွေလေးမျက်စောင်းခဲသည်။ သူ ငေး ခနဲ ကြည့်မိရပါပြီ။ ထူထဲသော မျက်တောင်ကော့လေးတွေကို ဝိတ်ချ၊ မျက်စောင်းလေးထိုးပစ်ပုံလေးကိုက အဘယ်မျှထိ ချစ် စဖွယ်ချစ်စဖွယ်လေး ဖြစ်နေပါသလဲ။

မိန်းကလေးတစ်ယောက်၏ စိတ်ကောက်မပြေတပြေ လေးဖြင့် အရာရာမှာ တစ်ဝက်လောက် ဖြေလျှော့ပေးခြင်း၏ သရုပ်ဖြစ်ပါသည့် မျက်စောင်းထိုးလိုက်ပါသည့် ချစ်စဖွယ်အမူ အရာလေး၏ အလှတရားနှင့် စိတ်လှုပ်ရှားဖို့ကောင်းလွန်းနေပါ သည့် အမူအရာလေးလောက် မြတ်နိုးဖွယ်ကောင်းသည့်အရာမရှိ။ ဆိုသို့ သူ ပို၍နားလည်လာနေမိရချေသည်ကောလေ။

''ကိုကို ပြောချင်တာ မဆုံးသေးဘူး ငွေလေး၊ သေချာနားထောင်၊ ငွေလေးရဲ့ ဖေဖေနဲ့မေမေ ဆုံးခဲ့ပြီးပြီ၊ ဒါ ဖြစ်သွားပြီးတဲ့ ကံတရား၊ ဘယ်လိုမှ ကိုကိုတို့ မတွန်းလှန်နိုင်စွမ်းတဲ့အဖြစ်၊ ဒီတော့ ငွေလေး ခုလော လောဆယ်မှာ စိတ်ထိခိုက်နေတာကို ကိုကို မဖြစ်ရဘူး လို့ မပြောဘူး၊ ဖြစ်မှာပဲ လူကိုး၊ လူဆိုတာ ဝမ်းနည်း တတ်ရမယ်၊ ကြေကွဲရမယ်၊ ငိုရမယ်၊ ရယ်ရမယ်၊ ဘယ်သူမှ တားလို့မရတဲ့ကိစ္စ၊ ဒါပေမဲ့ ဆင်ခြင်ခြင်း ဆိုတာ လိုတယ်၊ ထိန်းသိမ်းခြင်းဆိုတာရှိရမယ်၊ ဒီတော့ ညကျရင် ဒက်ဒီနဲ့ကိုကို့ကို ငွေလေး ကန်တော့ပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



အိပ်တယ်မဟုတ်လား၊ ခု ငွေလေးရဲ့ ဖေဖေနဲ့မေမေ ခတ်ပုံကြီးကို အရင်ကန်တော့၊ နောက် ဒက်ဒီကို သွားကန်တော့၊ နောက် ကိုကို့အခန်းကို လာကန်တော့၊ အဲသလိုရှိရမယ်၊ ငွေလေးရဲ့ ဖေဖေနဲ့မေမေဆိုတာ ရုပ်အားဖြင့်သာ မရှိကြပေမယ့် ငွေလေးရဲ့ ရှိသေမှု၊ ကြည်ညိုကန်တော့မှုတွေကြားမှာတော့ ငွေလေးတစ်သက် ရှိနေရမှာပဲ မဟုတ်လား''

ဟု သူပြောတော့ ငွေလေး ခေါင်းလေးငုံ့ချ၍ ။

''ဟုတ်ကဲ့ပါ ကိုကို''

ဟု အသံတိမ်လေးဖြင့် ဖြေပါ၏။ သူ ငွေလေး၏ လက်ထဲသို့ သူ့အိတ်ကပ်တွင်းမှ ဆယ်လူလာဖုန်းလေးကို ထုတ်ယူထည့်ပေးလိုက်ကာ...။

''ဒါဆို ကိုယ့်ကိုယ်ကို ထိန်းနိုင်လာပြီဖြစ်တဲ့ ငွေလေးအဖြစ် ကိုကို့ကို သက်သေပြစမ်းပါ''

ဟု ပြုံး၍ ပြောလာတော့ ငွေလေး မော့ကြည့်ကာ ဖုန်းလေးကိုလည်း နားမလည်နိုင်သလို တစ်ချက်ငုံ့ကြည့်သည်။ နောက် သူ့ကို ပြန်မော့ကြည့်ကာ...။

''ဘာသက်သေလဲ ကိုကိုရ''

''ငွေလေးရဲ့သူငယ်ချင်း ဘယ်သူ၊ ငွေလေးမွေးနေ့မှာ ဖိတ်တဲ့သူလေ''

''နုနုနွယ်နဲ့ရီရီဦး''

''အေး...သူတို့ကို ဖုန်းဆက်၊ နေဦး၊ ဖုန်းရှိတယ် မဟုတ်လား သူတို့အိမ်မှာ''

''ရှိပါတယ် ကိုကို''

''ဒါဆို ဆက်၊ မနက်ဖြန်မွေးနေ့မှာ ဆက်ဆက်လာပါလို့၊ မေ့နေမှာစိုးလို့ ဖုန်းဆက်ပြောတာလို့၊ မွေးနေ့ရှင်အဖြစ် အရာရာမှာ ကြည်နူးချမ်းမြေ့နေတဲ့ ငွေနှင့်သာ အဖြစ် ပြောလိုက်''



ဟု ပြောတော့ ငွေလေးတကယ်ပဲ ဖုန်းဆက်ပြောရှာပါ၏ လာဖြစ်အောင်လာပါဟု မှာနေသံကိုလည်း သူ ကြားနေရသည်။ လက်ဆောင်ထုတ်ကတော့ ကြီးမှဟု ပြန်ပြောနေတာကိုလည်း သူ ကြားနေရသည်ပါပဲ။ သူ စိတ်ချမ်းသာအောင်ပဲ ငွေလေး ပြောနေခြင်းဆိုတာကို သူ သိနေသည်။ သူ့ရင်ခွင်ထဲ ကလေးလို တိုးဝင်ငိုရှိုက်ကာ...။

''ကိုကို မရှိရင် ငွေလေးသေမှာ''

ဟု ပြောငိုသံလေး သူ့အာရုံထဲမှ မထွက်။ သူ့ကို ငွေလေး အရမ်းတွယ်တာရှာချေသည်ပဲဟု ပို၍ နားလည်လာမိရသည့်နှယ်။ သြော်...ကြည်နူးရချေသည်ကော ငွေလေးရယ်။

တယ်လီဖုန်းပြောနေသည့် ငွေလေး၏ မျက်နှာဖြူဖြူစင်စင်လေးကို သူ တိတ်ဆိတ်စွာပဲ ငေးကြည့်နေမိရပါ၏။

သြော်...သူ၏ ကြွေရုပ်လေး။

နှလုံးသားမှ ရွှေရုပ်သွင်လေး။

နှုတ်ဆိတ်စွာ ငေးကြည့်နေရပေမယ့် သူ၏ နှလုံးအိမ်မှ စကားများစွာပြောနေကြချေသည့် အဖြစ်ကိုဖြင့် [illegible]ရပါသည်

www.burmeseclassic.com

www.burmeseclassic.com



ငွေလေး မသိနိုင်စွမ်းသာ။

သြော်…သူကလည်း ဖွင့်မပြောရက်နိုင်စွမ်း။ ပြော ထွက်နိုင်စွမ်းသာပါသည့်အဖြစ်ပါတကား။ ရင်ထဲမှသာ မျိုသိပ် မြိုတ်နိုးရချေသည်ကော လဝန်းငယ်။

ယွန်းဘူးပြားလေးကို သော့ဖွင့်ကြည့်တော့ ကက်ဆက် ခွေလေးတစ်ခု။

အခန်းတံခါးကို ချက်ချပိတ်ပြီး ငွေလေး ယွန်းဘူးပြား လေးကို ဖွင့်ကြည့်ခြင်းပါ။ ကက်ဆက်ခွေလေးကို ငွေလေး မမှိတ် မသုန် မျက်ရည်ဝဲစွာ ငေးစိုက်ကြည့်နေမိရဆဲ။

"ဖေဖေ…"

ငွေလေး၏ နှုတ်မှ ခေါ်သံတိုးတိုးလေး ပေါ်လာ၏။ ဖေဖေ့အသံရှိနေမည့် ကက်ဆက်ခွေလေးအဖြစ် ငွေနံ့သာ အလိုလို နားလည်နေမိသည်လေ။ ဖေဖေ့လက်နှင့် ထိတွေ့ပိတ်ထားခဲ့ပါ သော ယွန်းဘူးပြားလေး။ ဖေဖေ့အသံကျန်ရစ်တည်ရှိနေပါသည့် ကက်ဆက်ခွေလေး။ ငွေလေးဘဝမှာ မှတ်မိနိုင်စွမ်းမရှိသာတော့ သည့် ဖေဖေ့အသံကို မကြားလင့်မိမှာပဲ ငွေလေး ကြားရချေတော့ မည်။ ဖေဖေ့လက်နှင့်ထိတွေ့ထားခဲ့ပါသည့် ယွန်းဘူးပြားလေး ကိုလည်း ငွေလေး ဖွဖွညင်ညင်ပွတ်သပ်ကြည့်မိပါ၏။ ကက်ဆက်



ခွေလေးကို တုန်ရီနေသည့် လက်ချောင်းလေးတွေဖြင့် ထိတွေ့၍ ငွေလေး ယူလိုက်မိရပြီ။

ကက်ဆက်တွင်းသို့ ခွေလေးကို ထည့်၍ ခလုတ်လေး ကို ဖိနှိပ်လိုက်ချိန်မှာ ငွေလေး၏ ရင်တွေ အဆမတန်လှုပ်ရှား နေကြတာ အမှန်။ ဘေးတွင် ဖေဖေလာထိုင်နေသည့်နှယ် ငွေလေး ထင်နေမိရပါ၏။ စားပွဲထက်မှာ နံရံကို မှီထောင်၍ တင်ထားပါ သည့် ဖေဖေနှင့်မေမေ့ဓာတ်ပုံကြီးကိုလည်း လှမ်းကြည့်မိရပါ၏။

"မင်္ဂလာရှိတဲ့မွေးနေ့အကြိုနေ့ပါပဲ သမီးလေး ငွေ နံ့သာ"

ငွေလေး၏ နားစည်တွင်းသို့ အေးချမ်းသည်နှင့်အမျှ နည်းငယ်ဩရှရှနိုင်သည့် ဖေဖေ့အသံက ညင်သာစွာ တိုးဝင် ၏။ ငွေလေးမျက်ရည်ဝိတက်လာနေပြီ။ ကြက်သီးမွေးညင်းထလု တတ် ကြည်နူးချမ်းမြေ့ခြင်းလည်း ဖြစ်ရသည်။ ဝမ်းနည်းကြေကွဲ နေမိရပါ၏။ ဖေဖေသည် ဤနေ့မှာ ငွေလေး၏ တစ်ဆယ့်ရှစ် နှစ်မြောက် မွေးနေ့၏ အကြိုမွေးနေ့အဖြစ် ကြိုတင်သိထားခဲ့ သည်တည့်။ ဒက်ဒီကို ဤမွေးနေ့အကြိုနေ့ရက်မှာ ဤယွန်းဘူး ပြားလေးကို ပေးဖို့ ဖေဖေမှာခဲ့ချေလိမ့်မည်။

"ဖေဖေရယ်…ဖေဖေရယ်"

ကက်ဆက်တင်ထားရာ ကျွန်းသားစားပွဲထက်မှာ ခေါင်း ကို ဖေးအပ်၍ ခပ်တိုးတိုးတမ်းတစွာလည်း ခေါ်မိ၊ မျက်ရည်ဖြင့် ကျလာမိရပါပြီ။ ဝိုးတဝါးအာရုံထဲမှာ ဖေဖေသည် ငွေလေးကို ထိဘဝမှာ ပွေ့ချီချော့မြှူနေတာကို အာရုံထဲမှာ ပြန်ခံစားလာရ

www.burmeseclassic.com

www.burmeseclassic.com



သည်သို့ရှိလာ၏။ ဖေဖေ ရယ်နေသည်။ အို…ငွေလေးလည်း ရယ်နေသည်။ ထိုသို့ ငွေလေးခံစားနေရသည်။ ထိုကာလ ငွေလေး ဘယ်သောအခါတွင်မှ ပြန်လည်ရယူနိုင်စွမ်းမည်မဟုတ်

"သမီးလေး ငိုနေမယ်ဆိုတာ ဖေဖေ သိနေပါတယ် မငိုနဲ့လို့ ဖေဖေလာတားနိုင်တော့မှာလဲ မဟုတ်ချေဘူး သမီးရယ်၊ ဒါပေမဲ့ မငိုနဲ့လို့တော့ ဖေဖေ ပြောခဲ့ချင်တယ်၊ ဘဝဆိုတာ ငိုနေရုံနဲ့ ဘာကိုမှ လွန်မြောက် ရပ်တည်လိုက်နိုင်မှာ မဟုတ်ဘူး သမီး…

ကွယ်လွန်သူ မိဘအတွက် သားသမီးဆိုတာ မျက်ရည်ကျ တမ်းတမယ်ဆိုတာ ဖေဖေ သိပါတယ်၊ လောကအလယ်မှာ ကျန်ရစ်ခဲ့ရတဲ့ မိဘမဲ့သမီးလေး တစ်ယောက်အဖြစ် ဘယ်လောက်ထိ ကြေကွဲ အားငယ်မယ်၊ ထိခိုက်ငိုကြွေးမယ်ဆိုတာလဲ ဖေဖေ သိပါတယ်၊ ဖေဖေဟာ အဖေတစ်ယောက်ဖြစ်နေတယ်လေ၊ အဖေဆိုတာ ကိုယ့်သားသမီးရဲ့ ရင်ထဲက ဝေဒနာကို စာနာနားလည်နိုင်စွမ်းတယ် မဟုတ်လား…

ဒါပေမဲ့ ဖေဖေဘာတတ်နိုင်မှာလဲ သမီး၊ သမီးလေးရဲ့ မေမေဟာ ဖေဖေ့လက်ထဲမှာ ဆုံးခဲ့တယ်၊ ဟော… ဖေဖေဟာလဲ ဖေဖေ့သူငယ်ချင်း ပြည့်စိုးရဲ့ လက်ထဲမှာ ဆုံးရလိမ့်မယ်၊ ဒီကံကြမ္မာကို ဘယ်လိုအင်အားနဲ့ ဖေဖေ တွန်းလှန်တားမြစ်နိုင်စွမ်းမလဲ၊ သေခြင်းတရားဆိုတာကို တကယ်တမ်းကျတော့ မလွှဲမသွေ ရင်ဆိုင်ရတဲ့အချိန်မှာ



လူသားဆိုတာ လည်စင်းခံပေးလိုက်ရစမြဲပဲ၊ အဲသလို မလွှဲမသွေ ရင်ဆိုင်ရတော့မယ့် အတူတူမှာ ဖေဖေဟာ တည်တည်ငြိမ်ငြိမ်နဲ့ပဲ ရင်ဆိုင်လိုက်ဖို့ ဆုံးဖြတ်ခဲ့တယ်၊ ဆုံးဖြတ်ထားတယ်…

ဖေဖေ လက်ခံချင်သည်ဖြစ်စေ၊ လက်မခံချင်သည်ဖြစ်စေ၊ ဖေဖေ ကြောက်နေသည်ပဲဖြစ်စေ၊ တုန်လှုပ်နေသည်ပဲဖြစ်စေ၊ ဖေဖေဟာ သေရမယ့်သူတစ်ယောက်ဖြစ်ပြီးနေပြီ၊ အဲဒီအချိန်မှာ ဖေဖေ တုန်လှုပ်ချောက်ချားနေရင်လဲ ဒီအဖြစ်က ပြောင်းလဲသွားနိုင်ဖွယ်ရာလဲ မဟုတ်ဘူး…

ဒီတော့ ဖေဖေ တည်တည်ငြိမ်ငြိမ်ပဲ ရင်ဆိုင်လိုက်ဖို့ ဆုံးဖြတ်တယ်၊ ဖေဖေ့နှလုံးရောဂါက သေဖို့မှတစ်ပါး မရှိတော့ဘူး၊ မရနိုင်တော့ဘူး၊ ဒီတော့ ဖေဖေ ဖေဖေ့သမီးအတွက် လုပ်သင့်လုပ်ထိုက်တာအားလုံး လုပ်ပေးခဲ့တယ်၊ စီမံခဲ့တယ်၊ ပြည့်စိုးဆီမှာ သမီးလေးကို အပ်ထားခဲ့တယ်၊ သူကလဲ လက်ခံတယ်၊ ပြည့်စိုးဟာ ဖေဖေ့သူငယ်ချင်း၊ ပြီးတော့ ဖေဖေ့ကိုယ်စား သမီးလေးကို စောင့်ရှောက်တဲ့သူ၊ သူဟာ သမီးလေးရဲ့ ဖေဖေပဲ၊ ဒါကို သမီး နားလည်ထားရမယ်…

အလွန်တရာ ငယ်လွန်းနေသေးတဲ့ သမီးလေးကို ဖေဖေ ထားရစ်ခဲ့ရမှာ နောက်ဆံမတင်းဘူးလို့ ထင်သလား သမီး၊ ဖေဖေ သေရမှာကို တည်ငြိမ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်နိုင်ပေမယ့် သမီးလေးအတွက်တော့ ရင်ထဲမှာ လေးနေတာ အမှန်ပဲ သမီး၊ ဖေဖေ့သူငယ်ချင်း ပြည်စိုးဟာ သမီးလေးအပေါ်မှာ သမီးရင်းပမာ စောင့်ရှောက်မယ်၊ ချစ်ခင်ကြင်နာမယ်ဆိုတာ ဖေဖေ ယုံကြည်တယ်၊ ဒါပေမဲ့ ဖေဖေ့သမီးလေးဟာ အားငယ်တဲ့သမီး၊ တွေဝေတဲ့ သမီးဖြစ်ကျန်ခဲ့မှာ ဖြစ်နေမှာကို ဖေဖေ စိုးရိမ်တယ်...

သမီးလေးရဲ့ ဒက်ဒီ ပြည်စိုးအပေါ်မှာ ဖခင်ရင်းပမာ သဘောမထားဘဲ သူစိမ်းပြင်ပြင် ရင်ထဲမှာ မှတ်ယူထားမှာကိုလဲ ဖေဖေစိုးရိမ်တယ်...

ဘဝကို ရင်ဆိုင်ရတဲ့အခါမှာ သတ္တိရှိရမယ် သမီး၊ တွေဝေခြင်း ကင်းရမယ်၊ လုပ်သင့်လုပ်ထိုက်တာကို သတ္တိရှိရှိ လုပ်ရဲရမယ်၊ ဆုံးဖြတ်ရဲရမယ်၊ ပြီးတော့ ပြည်စိုးရဲ့ကျေးဇူးတရား၊ သမီးဒက်ဒီရဲ့ ကျေးဇူးတရားကို နားလည်ရမယ်၊ ဖေဖေ့မျိုးဆက်သွေးဟာ ကျေးဇူးကန်းသူတစ်ယောက်အဖြစ် မကျန်ရစ်ဖို့အရေးကြီးတယ်...

နောက်တစ်ခု တစ်နေ့မှာ ဒီလို ကက်ဆက်ခွေတစ်ခုကို သမီးရဲ့ ဒက်ဒီပေးလိမ့်မယ်၊ သူ့ဆီမှာ ဖေဖေ အပ်ထားတယ်၊ အဲဒီအချိန်ကျရင် သမီး ခုလိုပဲ ကက်ဆက်ခွေလေးကို ဖွင့်နားထောင်ပေါ့၊ ဟုတ်လား...

သမီးလေးဟာ မနက်ဖြန်ဆိုရင် အသက်ဆယ့်ရှစ်နှစ်ပြည့်တော့မယ်၊ အရွယ်လေးရလာပြီ၊ ဆင်ခြင်တုံတရားကို ပိုပြီး ရင့်သန်တွေးခေါ်ယူလာနိုင်ပြီ၊ ဒါကြောင့် ဖေဖေ ဒီနေ့မှာ သမီးလေးကို မြပန်းဝေကို ခေါ်သွားဖို့ ပြည်စိုးကို မှာခဲ့တာပေါ့၊ သမီးလေးရဲ့ ဖေဖေတို့နေခဲ့တဲ့အိမ်၊ သမီးလေးရဲ့အိမ်ကို သမီးရောက်သင့်ပြီ၊ မြင်သင့်ပြီလေ၊ တစ်နေ့မှာ သမီးလေးဟာ ဖေဖေထားရစ်ခဲ့တဲ့ အမွေအနှစ်၊ လုပ်ငန်းကိုင်ငန်းတွေကို လုပ်ကိုင်နိုင်စွမ်းမယ့်သူတစ်ယောက် ဆက်ခံမယ့်သူတစ်ယောက်ဆိုတာ ဖေဖေ ယုံကြည်တယ်၊ ပြီးတော့ ဘဝဖော်ဆိုတာ ရှိလာဦးမှာပါ...

ဖေဖေ အလေးအနက် မှာမယ် သမီး...

ဘဝကို သတ္တိရှိရှိ ရင်ဆိုင်နိုင်တဲ့ သမီးလေးဖြစ်အောင် ကြိုးစားပါ၊ သတ္တိရှိတဲ့ သမီးလေးဖြစ်နေပြီးသားဆိုရင်လဲ အဲဒီသတ္တိကို မလွင့်စေနဲ့၊ မလျော့စေနဲ့၊ မပျောက်ဆုံးစေနဲ့၊ ဖေဖေဟာ သခြင်းတရားကိုတောင် တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်သွားတဲ့ ကိုဘမှီအဖြစ် ရှိနေခဲ့သေးတာပဲ၊ ဘယ်သူပဲဖြစ်ဖြစ် လူဆိုတာ သေခြင်းဆိုတဲ့အရာကို ရင်ဆိုင်ရတော့မယ်ဆိုရင် တခြားဆိုးရွားတဲ့အဖြစ်တွေကို ကြုံရတာထက်ပိုပြီး တုန်လှုပ်ကြစမြဲပဲ၊ စိုးပွားပျက်တယ်ပဲထား၊ စီးပွားပြန်ဖြစ်အောင် ကြိုးစားယူလို့ရတယ်၊ အေး... သေခြင်းတရားဆိုတာကို မလွဲမသွေ ရင်ဆိုင်ရတဲ့အခါ ခန္ဓာပျက်စီးရမယ့်ကိစ္စမှာ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အသက်ပြန်တည်မြဲ ရပ်တည်အောင် သေခြင်းကနေ ရှင်ခြင်း ပြန်ဖြစ်အောင် ဘယ်သူမှ လုပ်ယူလို့မရဘူး…

အဲဒီအချိန်ဟာ တုန်လှုပ်ဖို့အကောင်းဆုံးအချိန်ပဲ သမီး၊ အဲဒီအဖြစ်ကို ဖေဖေ တည်ငြိမ်အောင် ရင်ဆိုင်နိုင်ခဲ့တယ်၊ ဖေဖေ့သမီးဟာ ဖေဖေ့သွေးဆိုရင် သတ္တိရှိရမယ်၊ တည်ငြိမ်ရမယ်၊ ဘဝကို ရင်ဆိုင်ရဲသူဖြစ်ရမယ်၊ ဒါ သမီးလေးရဲ့ ဆယ့်ရှစ်နှစ်မြောက်မွေးနေ့ရက် အကြိုမွေးနေ့ရက်မှာ ဖေဖေ ပေးတဲ့ မွေးနေ့လက်ဆောင်ပဲ သမီး၊ ဖေဖေ့သမီးလေး စိတ်၏ချမ်းသာ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေ၊ ဘဝမှာ အေးချမ်းပြည့်စုံခြင်းနှင့်ရပ်တည်ရသူလေး ဖြစ်ပါစေ"

ကက်ဆက်ခွေလေးမှာ ဖေဖေ့အသံဆုံးသွားပြီ။ ငွေ… မျက်ရည်ကျနေရင်း ကက်ဆက်လေးကို မျက်တောင်မခတ်… ကြည့်နေမိဆဲ။ တိတ်သားကျန်နေသေးသည်မို့ ကက်ဆက်ခွေ… ကတော့ ဆက်၍ လည်နေဆဲ။ ငွေလေး မျက်ရည်ကို သုတ်သည်…

"သမီးမျက်ရည်ကျနေတာဟာ လောကကြီးကို ရင်ဆိုင်ရမှာ ကြောက်နေတဲ့စိတ်တစ်ခုကြောင့် မဟုတ်ပါဘူး ဖေဖေ၊ ဖေဖေ့အသံကို ကြားရတဲ့အခါမှာ ဖေဖေ့ကို သက်ရှိထင်ရှား ငွေလေး ဘေးမှာရှိနေစေ့ချင်စိတ်၊ ဖေဖေ့ကို တွေ့ချင်နေတဲ့စိတ်၊ အဖေကို ပြန်လုပယူလို့များ ရရင် ပြန်လုယူလိုက်တဲ့စိတ်မျိုးနဲ့ အဖေချစ်သမီးတစ်ယောက်အဖြစ် မျက်ရည်ကျနေတာပါ ဖေဖေရယ်၊



ဒါပေမဲ့ ဖေဖေ သမီးဟာ ဖေဖေမျှော်လင့်ထားသလောက်တော့ သတ္တိရှိနေတဲ့ ငွေလေးမဖြစ်နေသေးပါဘူး ဖေဖေ၊ ငွေလေးဟာ ခု ရနေတဲ့ ဒက်ဒီမေတ္တာ၊ ကိုကို့ မေတ္တာတွေကို ဆုံးရှုံးလိုက်ရမှာ ကြောက်နေတဲ့ ငွေလေးလဲ ဖြစ်ဖြစ်နေတတ်တယ်၊ တစ်ကောင်ကြွက်အဖြစ် တွေးမိရင်းအားငယ်နေတဲ့စိတ်ကို တိတ်တိတ်လေး မျိုသိပ်ခံစားနေတတ်တဲ့ ကောင်မလေးတစ်ယောက်လဲ ဖြစ်နေတတ်ပါတယ်၊ သမီး ကတိပေးပါတယ် ဖေဖေ၊ ဖေဖေဖြစ်ချင်တဲ့ သတ္တိရှိတဲ့ ငွေလေး၊ ဘဝကို ရင်ဆိုင်ရဲတဲ့ ငွေလေးဖြစ်အောင် ကြိုးစားပါ့မယ်လို့ ဖေဖေ့ကို သမီး ကန်တော့ပါတယ်၊ မေမေ့ကိုလဲ ကန်တော့ပါတယ် မေမေ"

ခါတ်ပုံကြီးကို ကြည့်၍ ငွေလေး လက်အုပ်ချီကန်တော့ပါ၏။ ထိုအခိုက် ကြမ်းပြင်မှ ခေါင်းကိုအကြွ၊ အပင့်အမော့မှာပင် ငွေလေး၏ နှာခေါင်းဆီမှ ပူနွေးသောအရာစီးကျလာတာကို ထူးဆန်းစွာပဲ ခံစားသိလိုက်ရပါ၏။ ကမန်းကတန်း လက်ဖမိုးလေးဖြင့် ပွတ်သုတ်မိကာ ငုံ့ကြည့်လိုက်တော့…။

"ဟင်…သွေးတွေ၊ ငါ…ငါ…နှာခေါင်းသွေးယိုနေပါလား"

ဟု သွေးနီနီများကို မျက်လုံးလေးဝိုင်းစက်အောင် ထိတ်ထိတ်လန့်လန့်လေး မျက်တောင်မခတ် ကြည့်နေမိပါ၏။ သွေးကဦးကျလာနေဆဲ။ ကမန်းကတန်းလေးပဲ လက်ဖဝါးဖြင့် နှာခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ကို အုပ်မိုး၍ ရေချိုးခန်းသို့ ပြေးကာ ဇောစင်မှာ ခေါင်းထိုးထားရင်း ရေစက်ကို ဖွင့်ချ၍ နှာခေါင်းထဲ ရေကို ရှူသွင်းသည်။ ပြန်ထုတ်သည်။ ရေနိုင်နိုင်အေးအေးဖြင့် သွေးကို သန့်စင်ဆေးကြောနေမိရသည်မှာ အချိန်မနည်း။

နောက်တော့မှ သွေးတိတ်စပြုလာသည်။ ရေခဲသေတ္တာ ငယ်လေးကို ဖွင့်၍ ရေခဲတုံးလေးကို ယူကာ လက်ကိုင်ပဝါလေးထဲထည့်၍ နှာခေါင်းမှာ ကပ်ထားမိပါ၏။ အိပ်ရာထက်မှာ ပက်လက်လှန်လှဲနေရင်း ရေခဲတုံးလေးတွေ ထည့်ထားရာ လက်ကိုင်ပဝါဖြင့် နှာခေါင်းပေါ် အုပ်ထားမိရသည်။

တဖြည်းဖြည်းနေ၍ သက်သာလာ၏။ မျက်စိကို စုံမှိတ်ချ မှိန်းနေရာမှ . . .။

"မနက်ဖြန် ငါ့မွေးနေ့၊ ဒက်ဒီနဲ့ကိုကိုက အရမ်းကို အေးအေးချမ်းချမ်းနဲ့ ပျော်ဖို့ မျှော်လင့်ထားတာ၊ လူတွေ ဖိတ်ချင်တာတောင် ငါ တားလွန်းလို့ မိသားစုနဲ့ ငါ့ သူငယ်ချင်းလောက်နဲ့ပဲ လုပ်ဖို့ စီမံပေးလိုက်ရတာ၊ ခုလို ငါ့နှာခေါင်း သွေးယိုတာသိရင် ကိုကိုရော၊ ဒက်ဒီရော အရမ်းစိတ်ပူကြလိမ့်မယ်၊ ခုတလော အရင်နှစ်ပတ်လောက်ကတည်းက ငါ မူးမူးနေတာ၊ တစ်ချက်တစ်ချက် မူးပြီး ပြန်သက်သာသွားတာမို့ ကိုကိုတို့ မသိအောင် စိတ်မပူအောင်နေနေမိတာ၊ ခု နှာခေါင်းသွေးဘာလို့ ယိုပါလိမ့်"

ဟု တွေးကာ မိသားစုဆရာဝန် ဒေါက်တာဒေါ်မြင့်



ထံ ဖွေလေးတစ်ယောက်တည်း သွားတွေ့ပြသဖို့ ဆုံးဖြတ်လိုက်ရပါ၏။ ကိုကိုသိ၍ မဖြစ်။ ဒက်ဒီလည်း သိ၍ မဖြစ်။ အရမ်းကိုပူနေအောင် စိတ်ပူကြမှာ သေချာသည်။

အိပ်ရာမှထ၊ မျက်နှာသစ်၊ သနပ်ခါးအေးအေးလေးဖြင့် ဘဲကျားလူး၍ ဖွေလေး အခန်းတွင်းမှထွက်လာသည်ကိုက ဘာမျှနေထိုင်မကောင်း မဖြစ်ထားသည့်နှယ်ပါ။ ဒက်ဒီရှိရာ စာကြည့်ခန်းသို့ အရင်ဝင်သည်။ ငယ်ကတည်းက ဒက်ဒီ့ကို ကန်တော့နေကျအတိုင်း ကြမ်းပေါ်ထိုင်၍ ပျပ်ဝပ်စွာ ကန်တော့သည်။

"သာဓု . . . သာဓု . . . သာဓုပါ သမီးရယ်၊ အမြဲ ထာဝရ ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့ကျန်းမာခြင်း ဖြစ်ရပါစေကွယ်"

ဟု ဆုတောင်းပေးပါသော ဒက်ဒီ့ခြေရင်းမှာထိုင်၍ ခြေသလုံးလေးတွေကို ညတိုင်းလိုပဲ နှိပ်ပေးတော့ ဒက်ဒီ လက်ဘာသည်။

"ဒက်ဒီ မညောင်းပါဘူး ကလေးရယ်၊ နားနားနေ နေချေဦး၊ အင်း . . . ခုလို သမီးလေး စိတ်ကို ထိန်းသိမ်းနိုင်တာကို မြင်ရတော့ ဒက်ဒီ ဝမ်းသာတယ် ကလေးရယ်"

ဟု သနပ်ခါးရေကျဲလေးပင် လူးလာသည့် ဖွေလေးကို ကြည့်၍ ဒက်ဒီ ပြောရှာပါ၏။

တကယ်က ဖွေလေးနှာခေါင်းသွေးယိုထားတာ နေမကောင်းချင်သလိုဖြစ်နေတာကို ဒက်ဒီတို့ မရိပ်မိအောင် သနပ်ခါး

www.burmeseclassic.com

www.burmeseclassic.com



လေးလှူးလာခဲ့ရခြင်းပါ။ ဒက်ဒီခမျာ မသိရှာဘဲ ပြောနေရှာသည်လေ။ ငွေလေး ပြုံး၍ ထရပ်ကာ…

"ငွေလေး ကိုကို့ကို သွားကန်တော့လိုက်ဦးမယ် ဒက်ဒီ၊ ငွေလေးအပေါ်ထပ်ပြန်တက်လာတဲ့အခါ ဒက်ဒီအတွက် ကော်ဖီဖျော်ယူလာမယ်နော်"

ဟု ပြောတော့ ဒက်ဒီပြုံး၍ ခေါင်းညိတ်သည်။ ညတိုင်းထိုသို့ ငွေလေးကော်ဖီဖျော်ကာ ပေါင်မုန့်ယိုသုတ်နှစ်ချပ်ဖြင့် ယူလာပေးနေကျပါ။

ငွေလေး ခပ်တွေတွေ တစ်ချက်ရပ်နေသည်။ နောက်တော့ စိတ်လေး ပိုင်းဖြတ်လိုက်ပုံဖြင့် ပြန်ထိုင်ချကာ လက်အုပ်လေးချီ၍…။

"ဒီနေ့မှာ ငွေလေး ဒက်ဒီ့ကို ပြောချင်နေတာတွေ ရှိနေပါတယ်၊ ငွေလေး ပြောပါရစေနော် ဒက်ဒီ၊ ငွေလေးခု ဆယ့်ရှစ်နှစ်ပြည့်ပါတော့မယ်၊ ဒက်ဒီ ငွေလေးကို ကျွေးမွေးစောင့်ရှောက်ခဲ့တာ၊ သမီးလေးလို ချစ်ခဲ့တာ၊ ချစ်နေတာ ငွေလေး ကျေးဇူးတင်လွန်းလှပါတယ် ဒက်ဒီ၊ ငွေလေး ကတိတစ်ခုပေးပါတယ် ဒက်ဒီ၊ ဒက်ဒီဖြစ်စေချင်တဲ့ ဘယ်အရာကိုမဆို ငွေလေး နာခံပါမယ်၊ ငွေလေး ဒက်ဒီ့ကျေးဇူးကို အဲဒီနာခံခြင်းနဲ့ သိတတ်ကျေးဇူးဆပ်သူအဖြစ် ရပ်တည်သွားပါရစေ၊ အဲသလိုနာခံလိုက်ရုံလေးနဲ့တော့ဖြင့် ဒက်ဒီ့ကျေးဇူးကို ဆပ်ပြီးသွားတာမျိုး မဟုတ်ပါဘူး ဒက်ဒီ၊ ဒက်ဒီ့ကျေးဇူးတွေ



ဟာ ငွေလေးတစ်သက် ဆပ်မကုန်နိုင်ပါဘူး ဒက်ဒီရယ်၊ ဒက်ဒီ့ကို ငွေလေး ချစ်ပါတယ်၊ အားကိုးပါတယ် ဒက်ဒီ၊ ဒက်ဒီ့ခြေဖမိုးပေါ်မှာ ငွေလေး နဖူးလေးထိပြီး ကန်တော့ခွင့်ပြုပါ ဒက်ဒီ၊ ငွေလေး သိပ်ကို…သိပ်ကို အဲသလိုလုပ်ချင်ပါတယ်၊ ကန်တော့ချင်ပါတယ်"

ဟု ပြောကာ မျက်ရည်ကျလာတော့ ဒက်ဒီ ငိုင်၍ ်ရည်ဝဲရင်း ငြိမ်သက်ကြည့်နေသည်။ နောက်တော့ အနိုင်နိုင် ါင်းညိတ်ပြရှာပါ၏။ ဒက်ဒီ့ခြေဖမိုးပေါ် ငွေလေး နဖူးလေးတင် ်ကာ လက်စုံယှက်မိုး၍ ကန်တော့ပါ၏။ ငွေလေး၏ လက် ါးလေးတွေက ဒက်ဒီ့ခြေဖဝါးဘေးမှာ ကပ်လျက်။ နဖူးက က်ဒီ့ခြေဖမိုးပေါ် အပ်လျက်။ ငွေလေး၏ မျက်ရည်စက်က ဒက်ဒီ့ ြေဖမိုးထက်မှာ ပိုးပိုးပေါက်ပေါက် ကြွေကျရပါချေ၏။ ဒက်ဒီ့ က်ဖဝါးတွေက ငွေလေး၏ ဆံစလေးပေါ် ဖွဖွညင်ညင်ဖေးတင် …။

"ဒက်ဒီ့သမီးလေး လိမ္မာတယ်ဆိုတာ ဒက်ဒီ ယုံကြည်စိတ်ချပြီးသားပါ၊ ဒက်ဒီတို့ကို ချစ်တယ်ဆိုတာလဲ သိပါတယ် ကလေးရယ်၊ သမီးလိမ္မာလေးရဲ့ ဘဝ အေးချမ်းပါစေ၊ အေးချမ်းပါစေ"

ဟု အသံတိုးတိုး[illegible]မြိမ်ဖြင့် မျက်ရည်ကျရင်း ဒက်ဒီ းရှာ ပြောရှာပါ၏။

အောက်ထပ်ရှိ ကိုကို့အခန်းသို့ ငွေလေးဆင်းလာခဲ့ကာ း ရှေ့မှာ ရပ်၍ တံခါးခေါက်တော့…။

www.burmeseclassic.com

www.burmeseclassic.com



"လာခဲ့လေ၊ ကော်ဖီခွက်ရော ပါလာပြီလား"

ဟု လှမ်းပြောသံ ကြားရပါ၏။ ငွေလေး အခန်းထဲ ရောက်တော့ ကိုကို့ကို ဥပဒေစာအုပ်ထူကြီးဖတ်နေတာကို မြင်ရ ပါ၏။ ငွေလေးကို မြင်တာနှင့် ကုလားထိုင်ခုံထက်မှာ တင်ပျဉ် ချိတ်၍ ထိုင်လိုက်ရင်းမှ . . .။

"ကန်တော့စေဗျား၊ ကန်တော့စေ"

ဟု ပြုံး၍ ပြောလာတော့ ငွေလေး ခေါင်းရမ်းသည် ကိုကို့ခြေထောက်ကို ကုလားထိုင်ခုံမှာ ခြေချထိုင်ပုံစံမျိုးပြောင် ထိုင်လိုက်ဖို့ လက်လေးဖြင့် ခြေထောက်ကို ဖွဖွလေး ဆွဲတော့

"ဟာ . . .ဒီကောင်မလေး နေ . . .နေ . . .ကိုကို ခြေ ထောက်ချပေးမယ်၊ ဘာလဲဟ ဒီသူငယ်မ"

ထူးထူးဆန်းဆန်းဆိုသည့် လေသံဖြင့် ပြောကာ ခ ထောက်ကို ချလိုက်တော့ ငွေလေး လက်လေးယှက်၍ ကန်တေ လည်းကန်တော့၊ ကိုကို့ခြေဖမိုးထက်မှာ နဖူးလေးကို တင် ဦးခိုက်သည်မို့ . . .။

"ဟာ . . .မဟုတ်တာ၊ ရိုးရိုးပဲ ကန်တော့ပါ ငွေ လေးရဲ့ဟာ . . .ကိုကို မနေတတ်တော့ဘူး၊ ထ . . .ထ"

ဟု ခြေဖမိုးပေါ်ကျလာပါသည့် မျက်ရည်စက်၏ အ အတွေ့ကြောင့် ပို၍ စိတ်ထိခိုက်ရ။ မနေတတ်လည်း မနေတ နှင့် ကမန်းကတန်း ငွေလေး၏ ပခုံးလေးကို လက်ဖြင့် အ ငုံ့ကိုင်းတုပ်ကိုင်ယူကာ ဆွဲထူလိုက်မိရသည်က အေးချမ်း မျက်ရည်ဝဲနေ ဝေနေရာမှ ထပ်၍ မျက်ရည်ကျလာနေသည်



လေး ကိုကို့လက်မောင်းအိုးကြီးပေါ် ခေါင်းလေး ဖေးတင်လိုက် ကာ ရင်ထဲမှာ ဝမ်းနည်းလာနေမိရပါ၏။

စောစောက နှာခေါင်းသွေးတွေ ယိုစီးကျလာနေတာကို ရင်ထဲမှာ လန့်နေမိတာလည်း အမှန်။

"ငွေလေးကို ဖေဖေက ပြောတယ် ကိုကို၊ မကြောက်ရဘူးတဲ့၊ သတ္တိရှိရမယ်တဲ့၊ ဒါ . . .ဒါပေမဲ့ ငွေလေး . . .ငွေလေးလေ အခု ကြောက်နေတယ် ကိုကို ရယ်"

ဟု ပြောကာ ကလေးလေးလိုပဲ ကိုကို့ပခုံးစွန်းမှာ ခေါင်း လေးဖေးတင်ကာ ခပ်တိုးတိုးစတင်၍ ငိုရှိုက်မိသည်။ ဟိုးငယ် ငယ်တုန်းက မိုးတွေရွာချသည့်ညမှာ လျှပ်စီးတွေလက်သည့်ညမှာ သေးငယ်ပျောင်းနွဲ့သော လက်လေးတွေဖြင့် စောင်ကြီးကို ခွာချ၍ လေးငါးနှစ်အရွယ် ကိုယ်သေးသေးပျောင်းနွဲ့နွဲ့လေးဖြင့် ကိုကို့ ခုတင်ရှိရာသို့ ပြေးသွားကာ ကိုကို့ကို အားကိုးတကြီး ပခုံးမှာ၊ ရင်ခွင်မှာ မျက်နှာလေးအပ်ရင်း ကြောက်လန့် ငိုကြွေးဖူးပါသည့် ကာလလေးဆီသို့ ပြန်ရောက်သွားရသည့်နှယ် ငွေလေး ခံစားနေ ရပါ၏။

"ဘာကို ကြောက်တာလဲ ငွေလေး၊ ကိုကိုရှိနေတာ ပဲ၊ ကြည့်ပါဦးကွာ ငိုနေလိုက်တာ၊ ကိုကို ပြောထား တယ် မဟုတ်လား၊ ငွေလေးရဲ့မျက်ရည်ကို ကိုကို မကြည့်ရက်ဘူးလို့၊ ကိုကို့ရင်ထဲမှာ အဲဒါကို မခံနိုင်ဘူး၊ ကိုကို စိတ်မကောင်းအောင် မငိုပါနဲ့ ငွေလေးရယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု မျက်နှာမကောင်းနိုင်ပဲ သူ ပြောမိသည်။ ဆံစလေး တွေကို သူ သပ်ပေးမိသည်။ နောက် မျက်နှာလေးကို ဆွဲမော့ ကာ မျက်ရည်တွေကို သုတ်ပေးမိရပါ၏။ သူ ရင်ထဲမှာ မကောင်း နိုင်။ ဤနေ့တွင် ငွေလေး အရမ်းကို ပင်ပန်းရှာသည်၊ စိတ်အ တော်ကြီး ထိခိုက်ထားရသည်။ ခုလည်း ငွေလေး ဘာတွေးပြီး စိတ်ထိခိုက်အားငယ်ငိုကြွေးချေသည်မသိ။

“ကိုကို့ကို ကြည့်စမ်း၊ ကိုကိုရှိတယ် ငွေလေးရဲ့၊ ဘာကိုမှ ကြောက်ဖို့ မလိုဘူး၊ ငွေလေးရဲ့ ဘဝမှာ ငွေလေးရဲ့ ရှေ့မှာ ကိုကို အမြဲရှိနေမယ်၊ ကိုကို့ငွေလေး ကို ဘာတစ်ခုမှ အထိမခံဘူး၊ စိတ်ကိုလဲ အဆင်းရဲ မခံဘူး၊ လူကိုလဲ အထိခိုက်မခံဘူး၊ ကဲ…ငွေလေး ဘာအားငယ်စရာရှိလဲ၊ ဒီမှာ ငွေလေး၊ ငွေလေးကို ကိုကို က ပစ်စလက်ခတ်ထားနေမယ့်သူလို့ ထင်သလား၊ ဥပေက္ခာပြုထားမယ်လို့များ ထင်သလား၊ ငွေလေးဟာ ကိုကို့အတွက် အရေးကြီးတဲ့ ငွေလေး၊ အဆုံးစွန် ကိုကို့ ထက်တောင်မှ ငွေလေးက ပိုအရေးကြီးတယ်၊ အဲဒါကို သိထား”

ဟု ငွေလေးရင်ထဲ စွဲနေအောင် နားဝင်အောင် သူ ချော့ ချော့မော့မော့ ပြောပြသည်။ ငွေလေး ကိုကို့ကို မော့ကြည့်မိရပါ ၏။ ပိုးငယ်တုန်းကလိုပဲ ကိုကိုသည် ငွေလေး၏ ဆံစလေး တွေကို သပ်ပေးသည်။

ထိုစဉ်တုန်းကလည်း ကိုကိုသည် ငွေလေးအပေါ် အရမ်း



ကို လူကြီးလေးတစ်ယောက်နှယ်ပဲ အလိုလိုက်ခဲ့၊ အားပေးခဲ့သည်။ လျှပ်စီးလက်တာကို မကြောက်အောင် ပြောခဲ့သည်။ လျှပ်စီးလက် သွင် လက်ရုံးတန်း၍…။

“ဟော့ကောင်…ဒီမှာ ငါ့ညီမလေး ကြောက်နေ တယ်ကွ၊ မလာနဲ့၊ အပြင်မှာနေ”

ဟု ခပ်တင်းတင်းဖြင့် လှမ်းလှမ်းဟောက်သလို လုပ်ပြ တတ်သည်။ ငွေလေးက တကယ်ပဲ လျှပ်စီးကြီး ကိုကို့ကို ကြောက် ၍ အပြင်မှာပဲ လက်နေသည်ဟု ထင်ခဲ့သည်လေ။

ခုလည်း ကိုကိုသည် ငွေလေး၏ ရင်ထဲမှ အကြောက်ကို လျော့ပါးအောင် တောက်လျှောက်နားဝင်အောင်ပြောနေရှာခြင်းပါ။

“ငွေလေးကြောက်တာက…ကြောက်တာက ငွေ လေးကို ကိုကိုတို့ခွဲသွားမှာလဲ ကြောက်တယ်၊ ကိုကို့ကို ငွေလေး ခွဲထားခဲ့ရမှာလဲ ကြောက်တယ်၊ နေ့လယ်က ကိုကို ပြောတဲ့စကားကို ငွေလေးကြားတုန်းက…ကြား တုန်းက ငွေလေးပဲ ချန်ရစ်ခဲ့သူဖြစ်ချင်တယ်လို့ ပြော ခဲ့တယ်လေ၊ တကယ်တမ်းကျတော့ ကိုကိုက တစ်နေ့ ကိုကိုလဲ သေမှာလို့ ပြောတုန်းက ငွေလေး ကိုကို့ကို မခွဲနိုင်လို့ ငိုခဲ့တယ်၊ အို…ခု…ခု…ကိုကိုလဲ မသေ စေချင်သလို ငွေလေးလဲ မသေချင်ဘူး ကိုကိုရယ်၊ ကိုကိုတို့ကို ငွေလေး ခွဲပြီးမထားနိုင်ဘူး၊ ငွေလေး… ငွေလေး ဒက်ဒီနဲ့ရောကိုကိုနဲ့ရော ခုလိုပဲ တူတူနေ ချင်သေးတယ် ကိုကိုရယ်”

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောရင်း မျက်ရည်ကျလာတော့ သူ ရင်ထဲမှ ဘယ်လိုမှ မကောင်းနိုင်။ ရင်ထဲလည်း လေးကျလာသည်။ ငွေ လေး ပြောနေပုံလေးမှာ တစ်ခုခုကို တုန်လှုပ်စိုးရိမ်နေသည့်နယ် ဖြစ်နေသည်။

"ဘာလို့စကားတစ်ခုအပေါ် အစွဲအလမ်းကြီးနေရ တာလဲ ကလေးရယ်၊ မျက်ရည်သုတ်…သုတ်၊ ဘယ် သူ့ဘယ်သူမှ မခွဲကြဘူး၊ စိတ်ချ၊ ကြည့်စမ်း…မျက်ရည် တွေကို လူးလဲနေအောင် ကျတာပဲကွာ၊ ကဲ…လာ၊ ထ…ထမင်းစားဆောင်ကို သွားရအောင်၊ ကော်ဖီတူတူ သောက်ကြရအောင်၊ ဒက်ဒီ့အတွက် ကော်ဖီကို ဒေါ်ကြီး နဲ့ပဲ ပို့ခိုင်းလိုက်တော့ ဟုတ်လား၊ ငွေလေး ဒီလောက် ငိုထားတာ မျက်နှာလေးမြင်တာနဲ့ ဒက်ဒီ သိနိုင်တယ်၊ ကဲ…ကဲ…တိတ်တော့၊ ဟော…မျက်ရည်က ထပ်ကျ လာပြန်ပြီကွာ၊ ငွေလေးနဲ့ကိုကိုတို့ ဟောလို သွားတွေ ကျိုး၊ ဆံပင်တွေဖြူ၊ ခါးတွေဘာတွေကိုင်းတဲ့အထိ ဒီ ဗစ်တိုးရီးယားမှာ မခွဲဘဲ တူတူနေကြမှာ၊ အဲဒီအခါကျ တော့ ကိုကိုက သွားမရှိတော့ ဆန်ပြုတ်စားရမှာဆိုတော့ နွေရေး ကိုကို့အတွက် ရှန်ပြုတ်ပူပူရွေးရွေးရေး ရုပ်ပေး ပါဦးလို့ ပြောမှာ"

ဟု ပြောကာ သူရယ်တော့ ငွေလေးမျက်လုံးလေးငွေ လိုက်ပြုံးလာသည်။ သူ ငွေလေးကို ဆက်ကြည့်ကာ အသံထွက် ၍ ရယ်လိုက်တော့လည်း ငွေလေးလိုက်၍ ရယ်လာရှာပါ



သူ ငွေလေးကို တစ်ချက်ငေးခန့် ကြည့်မိသည်။ သူ့ကို လုံးဝ ခွဲနိုင်သည့် ငွေလေးပါလားဟု ပို၍ သိလာရပါ၏။

တကယ်တော့ သူကလည်း ငွေလေးကို မခွဲနိုင်သည့် သူပါတည့်။

ထိုသို့ မခွဲနိုင်သည့်စိတ်သည် တည်မြဲခိုင်မာစွာ သူ့နှလုံး အိမ်၌ ဖြစ်တည်ခဲ့သည်မှာလည်း ကြာခဲ့ပြီ။ ထိုမြတ်နိုးနှောင်ငင် သည့်စိတ်သည် သူ၏ဘဝတွင် တစ်သက်တာ သက်ဆုံးတိုင် တည်မြဲစွာရှိသွားရချေမည်သာ။

သူ၏ မြတ်နိုးစွာ ဖြစ်တည်ရပါသည့် ချစ်ခြင်းများကို မိမိအရိပ်မှာ ခိုချေသည့် ငွေလေးပေမို့ မြည်ဆိုထုတ်မြွက် မဟ ရက်နိုင်စွမ်းသာပြန်သည်မို့ မျိုသိပ်ထားရသည်မှာလည်း ဝင်ပန်း လှချေသည်တည့်။

ရင်နှင့်အမျှချစ်ရပါသည့်အဖြစ် ချစ်သူသိရစ်စေဖို့ မစွမ်း သာချေသည်ကော ကိုကို့ ကြွေရုပ်လေးရယ်…။

နံနက်စောစောကြီး အိပ်ရာမှထ၊ ဒေါ်ကြီးနှင့် ဆွမ်းတော် ချက်၊ မြတ်ဘုရားရှင်အား ဆွမ်း၊ ပန်း၊ သောက်တော်ရေကပ်ပြီး ရှုပ်ဝပ်စွာကန်တော့။ ငွေလေး သက်စေ့ပုတီးစိပ်ပြီး ဘုရားရှင်ကို အာရုံပြုကာ…။

"ငွေလေးပြုသမျှ ကုသိုလ်ကောင်းမှုများအား ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့ပြီဖြစ်သော မိဘနှစ်ပါးအား ရည်စူးအမျှအတမ်း ဝေပါ၏ ဘုရား''

ဟု တိုးဖွဖွလေး ပြောမိပြီးမှ…။

''ဖေဖေနဲ့မေမေ အမျှ…အမျှ…အမျှ''

ဟု အမျှဝေကာ မျက်ရည်ကျလာရပါ၏။ နောက်တော့ ဒက်ဒီနှင့်ကိုကို့အတွက်လည်း ဆုမွန်တောင်းမိရပါ၏။ ဘုရားရှင်အား လက်အုပ်လေးချီ ကြည်ညိုနေရင်းမှ နောက်ဆုတ်…နောက်ဆုတ်လေးဖြင့် ဘုရားဆောင်တွင်းမှ ခါးလေးညွတ်မပျက်၊ လက်အုပ်ချီ မပျက်ပဲ ထွက်ခဲ့သည်က ငွေနှံ့သာပါ။

အောက်ထပ်သို့ ပြန်ဆင်းကာ မီးဖိုဆောင်တွင်းသို့ ငွေလေး ဝင်ခဲ့ပါ၏။ ဒေါ်ကြီးက မနက်စာအတွက် ပူတင်းဖုတ်ပြီးနေပြီ။ ပေါင်မုန့်ချပ်လေးတွေကလည်း မီးကင်ဖို့ အသင့်လှီးထားပြီးသား။ ငွေလေး ဖျော်ရည်စက်တွင်းသို့ သခွားသီးစိတ်လေးတွေထည့်ကာ ရေနည်းနည်းလောင်းထည့်၍ ခလုတ်လေး နှိပ်၍ တစ်ချက်မွှေ့သည်။ နောက်သကြားထပ်ထည့်၍ မွှေ့နေရာမှ…။

''ဒက်ဒီနဲ့ကိုကိုရော ဒေါ်ကြီး၊ ငွေလေး မနက်စောစောကြီးထ,ကတည်းက မတွေ့ဘူး၊ အိပ်နေတယ်မှတ်လို့ ငွေလေး တံခါးသွားမခေါက်ဘူး ဒေါ်ကြီးရဲ့၊ ငွေလေး မွေးနေ့မှာ မနက်စောစောမှာပဲ ဒက်ဒီနဲ့ ကိုကို့ကိုကန်တော့မလို့ဥစ္စာ၊ အကြာကြီးစောင့်ကြည့်တော့လဲ ထွက်မလာကြဘဲ အရမ်းကို ငြိမ်နေတာ ခုထိပဲ၊ တံခါးကို ဖြည်းဖြည်းလေး ငွေလေး တွန်းကြည့်တော့ ပွင့်



သွားတယ်၊ ဒက်ဒီရော ကိုကိုရော မရှိကြဘူး၊ ဘယ်သွားကြတာလဲဟင် ဒေါ်ကြီး''

မျက်နှာလေး ဝင်းဝင်းစင်စင်လေးဖြင့် ဘာကိုမျှ မလိမ်းခြယ်ဘဲ ဖူးနုဥနေအောင် လှလွန်းပါသည့် ငွေလေးကို ဒေါ်ကြီး တစ်ချက် လှမ်းကြည့်သည်။ ဆံပင်ရှည်နက်နက် ရှည်ခက်ခက်ကြီးက တံခါက်ကွေးကိုပင်ကျော်နေပြီ။ မည်းနက်သည်နှင့်အမျှ ထူထဲလျက် ပျောင်းနွဲ့သော ပိုးချည်မျှင်များပမာ နူးညံ့လှပလွန်းပါသည့် ဆံပင်များ။

ငွေလေးသည် လှပခြင်းဖြင့်သာမက ကျက်သရေရှိ နှန်းဆန်ကြော့စင်ခြင်းဖြင့်ပါ အလှတရားများ ပြည့်ဝလွန်းသည့် ကလေးပါတည်း။ ဒေါ်ကြီးချစ်သည်က ထိုသို့အနေရိုး ကျက်သရေရှိခြင်းကိုပါတည်း။ ဆံပင်ရှည်ထားတာတစ်ခုတည်းဖြင့်ပင် ဒေါ်ကြီးက ငွေလေးကို အချစ်တိုးနေရပြီး ဖြစ်နေပါပြီ။

''ဟင်…လို့…ငွေလေးကို ဖြေပါဦး ဒေါ်ကြီးရဲ့''

ဖျော်ရည်စက်ဖျော်ခွက်ထဲ နွားနို့ကို အနေတော် လောင်းထည့်မွှေနေရင်းမှ ငွေလေးထပ်မေးတော့ ဒေါ်ကြီး ပြုံး၍…။

''သိပေါင် ငွေလေးရယ်၊ မနက်ကို အတော်ကြီးကို စောတယ်၊ သားအဖနှစ်ယောက် မနေ့ကတည်းက များ တိုင်ပင်ထားကြသလား မသိ၊ ဒေါ်ကြီးတောင် မျက်နှာသစ်တုန်းရှိသေးတယ်၊ သူတို့က အဝတ်အစားတွေဘာတွေတောင် လဲပြီးလို့ ခပ်ကြော့ကြော့ ထွက်သွားကြလေရဲ့၊ တူတူသွားကြတာ၊ သူတို့အပြင်သွား

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာကိုလဲ ငွေလေး မမေးရင် မပြောပြနဲ့တဲ့ မှာသွားလေရဲ့၊ မကြာပါဘူးတဲ့၊ အဲသလိုလဲ ပြောသွားတယ်၊ မျက်နှာတွေများ ပြုံးနေကြတာ သားအဖနှစ်ယောက် တက်ညီလက်ညီကြီး ငွေလေးရဲ့ ဘာသွားလုပ်နေကြတယ်တော့ မသိဘူး၊ ငွေလေးအတွက် တစ်ခုခု သွားလုပ်ကြတာတော့ အမှန်ပဲ၊ အဲသလို ဒေါ်ကြီးထင်တယ်''

ဟု ဒေါ်ကြီးပြောပြတော့ ငွေလေးတစ်ချက် ခပ်တိုးတိုး ရယ်သည်။ ရင်ထဲ ကြည်နူးနေရသည်ပါပဲ။ ဒက်ဒီနှင့်ကိုကို ငွေလေးကို အရမ်းချစ်ကြတာ ငွေလေးသိပါ၏။ ထိုသို့ချစ်ကြသည့် မေတ္တာရိပ်မှာ နေရလေသည့်ဘဝမှာ ကြည်နူး၍မဝနိုင်သည့်အဖြစ်က ရင်ထဲမှာ တင်းတိမ်နိုင်ခြင်း မရှိနိုင်အောင်ဘဲ ထိုမေတ္တာတွေကို လောဘတကြီးဆက်၍ ဆက်၍ လိုချင်နေဆဲပါတည်း။ ငွေလေးမှာ ဒက်ဒီနှင့်ကိုကိုပဲရှိသည်ကိုးလေ။ အို…မဟုတ်သေး။ ဒေါ်ကြီးနှင့်လေးလေးသိန်းလည်း ရှိကြသည်ပါပဲ။

''ကဲ…မမလေးငွေနှံ့သာ အပေါ်ထပ်တက်ချေဦးတော့၊ ရေမိုးချိုး အဝတ်အစားလှလှလေးဝတ်ပြီး ကြော့ကြော့မော့မော့လေး ဆင်းလာခဲ့ပါ၊ မွေးနေ့မှာ ဒီမီးဖိုဆောင်အလုပ်ကို ဝင်လုပ်နေတာမျိုးကို ရှင်လေးရဲ့ ဒက်ဒီနဲ့ကိုကိုက ကြိုက်မှာမဟုတ်ဘူးဆိုတာလောက်ကိုတော့ သိထားရမယ် ကလေးရဲ့၊ ဒေါ်ကြီးကလဲ ဒီနေ့တစ်ရက်မှာတော့ ငွေလေးကို စတိုင်လေးနဲ့ နေစေချင်တယ်ရှင့်၊



ကဲ…အပေါ်ထပ်ပြန်တက်၊ အလှပြင်၊ ကလေးအတွက် ကလေးရဲ့ ကိုကို ဝယ်ပေးထားတဲ့ အဝတ်လေးကဖြင့် လှလိုက်ချက်၊ အဲဒါလေး ဝတ်လိုက်စမ်းပါဦး၊ ဒေါ်ကြီး မြင်ချင်လိုက်တာ၊ မင်းသမီးလေးလို လှနေမှာတော့ အမှန်ပဲ ငွေလေးရေ''

ဟု ရွှင်လန်းလွန်းစွာပဲ ဒေါ်ကြီး ပြောနေတော့ ငွေလေး တစ်ချက် ဒေါ်ကြီးခါးကို ဖက်ကာ…။

''အို…ငွေလေးရဲ့ဒေါ်ကြီးကလဲ သိပ်လှတာပဲ၊ ဒီ လက်မောင်းတုတ်တုတ်ကြီးနဲ့ ဒီကိုယ်အိအိကြီးကို ဖက်ရတာ၊ ချွဲနွဲ့ရတာ ငွေလေး ဘယ်လောက်အားရပါးရ ရှိလိုက်ရသလဲ၊ ဒေါ်ကြီးမျက်နှာလေးကလဲ အမြဲ ပြုံးနေတာ၊ သိပ်ချစ်ဖို့ကောင်းတာပဲ''

ဟု ပြောတော့ ဒေါ်ကြီး ငွေလေး၏မျက်နှာလေးကို [illegible]သည်။

''အဲဒီ အချွဲလေးတွေနဲ့ပဲ ကျုပ်က အရည်တွေ ပျော်နေရတာပါပဲ''

ဟု ပြောကာ ငွေလေးကို လှေကားရင်းအထိ ဆွဲခေါ်[illegible]ပြီး…။

''ကဲ…အပေါ်ထပ်ကိုတက်၊ ရေမိုးချိုး၊ အဝတ်အစားလဲပါ ရွှေနှံ့သာ ငွေနှံ့သာလေးရယ်၊ တော်နေကြာ ဟိုသားအဖ ပြန်ရောက်လာတဲ့အထိ ရှုံးမိုးလေးနဲ့ မတွေ့ ဒီပုံလေးနဲ့တွေ့ရင် ကျုပ် ခိုင်းစားနေတယ်ဆိုပြီး ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ကို အပြစ်တင်နေကြပါလိမ့်မယ်၊ ဟို…ပေါက်စလေး က ပိုဆိုးမယ်''

ဟု ကိုကို့ကို ရည်ညွှန်းပြောတော့ ငွေလေး ကြည်မွေ့စွာ ရယ်မိပါ၏။ ဟုတ်သည်။ ကိုကိုက ငွေလေးကိုဆို အရမ်းဂရုစိုက်သည်လေ။ တစ်နေ့က ငွေလေး ကြက်သွန်လှီးရင်း လက်ခေါ်ထိတုန်းကလည်း ကိုကိုက မီးဖိုဆောင်အဝင်။ ငွေလေး လက်ချောင်းလေးမှ သွေးတွေမြင်လိုက်တာနှင့် ပျာပျာသလဲ ပြေးလာကာ ဒေါ်ကြီးလန့်လန့်ဖြင့် ငွေလေးလက်ချောင်းလေးမှ သွေးတွေကို လက်သုတ်ပဝါဖြင့် သုတ်မည်ပြုတော့ ဆွဲယူပစ်ကာ…။

''လက်သုတ်ပဝါဆိုတာ ညစ်ပတ်တယ် ဒေါ်ကြီးရဲ၊ ရောဂါပိုးဝင်ရင် ဘယ့်နှယ်လုပ်မလဲ၊ ဆေးစင်က ဂွမ်းနဲ့ ဟဲနီးပလတ်စ်သွားယူပေးပါ''

ဟု ပြောခဲ့တာကို ငွေလေး ပြန်အမှတ်ရနေမိပါ၏။ ထိုနေ့ကလည်း ကိုကိုပဲ ဒါဂွမ်းသန့်သန့်ဖြင့် သွေးတွေ သန့်စင်ပေးအရက်ပြန်ဖြင့် ဆွတ်ထားသည့် ဂွမ်းစဖြင့် ထပ်၍ သုတ်ပေးဟဲနီးပလတ်စ်လေးကပ်ပေးနှင့် ပျာနေသည် မဟုတ်ပါလားမျက်နှာပျက်ပျက်ဖြင့်လည်း…။

''မနက်စာကို ငွေလေး ဘာမှ ဝင်လုပ်မနေနဲ့၊ ဒီလို သွေးထွက်ပြီးမှ ချက်ကျွေးတာကို ကိုကို မျိုမကျဘူး၊ မစားနိုင်ဘူး၊ ဒေါ်ကြီး သူ့ကို ပေးမလုပ်နဲ့ဗျာ၊ ခက်တယ်…သိပ်ခက်တာပဲ''

…ဒေါ်ကြီးမ…။



''တားလို့ကိုမရတာ၊ ခေါက်ဆွဲကြော်မှာကို ငွေလေး ဇွတ်ဝင်ပါနေတာလေ၊ ဘယ်တုံးက တားလို့ရဖူးလို့လဲ၊ သူပဲ မီးဖိုဆောင်ကို အပိုင်စီးထားချင်နေတာ ခန့်လေးရဲ၊ ဖြစ်နိုင်ရင် ရှင်လေးပဲ မနက်မိုးလင်းတာနဲ့ဒီမှာ လာပြီး ဂျူတီယူ၊ ပေးမလုပ်နဲ့၊ သူ့ကို နိုင်တာ ရှင်လေးပဲရှိတယ်''

ဟု ဒေါ်ကြီး ပြောခဲ့သည်။ ထိုနေ့က ကိုကို တကယ့်ကို ခေါက်ဆွဲကြော်မစားဘူးလုပ်နေ၍ ငွေလေး မနည်းကြီးချော့ခဲ့ရသည် မဟုတ်ပါလား။ လှေကားထစ်လေးတွေ နင်းတက်လာရင်း ကိုကို့ကြင်နာမှုတွေ၊ ဂရုစိုက်မှုတွေကို ပြန်ပြန်တွေးနေရသည်ကိုက ရင်ထဲမှာ အားအင်တစ်ခုလိုပါ။ ကြည်နူး၍မဝ။ ပြန်တွေး၍မဝ။ ရင်ထဲမှာ အေးချမ်း၍မဆုံးသည့် အဖြစ်။

ငွေလေး ရေမိုးချိုး။ အဝတ်အစားလဲတော့လည်း ကိုကိုယ်ပေးသည့် အဖြူရောင် ပိုးဂါဝန်ရှည်ကြီးကို တမြတ်တနိုးလေး ကိုင်ကြည့်နေမိရပါ၏။

အဖြူတစ်ပွင့်အဝါတစ်ပွင့်ဖြင့် အစိမ်းမြမြ ရွက်ခက်တို့ လျက် အင်္ကျီမှာ ထိုးထားပါသည့် ပိုးသားနှင်းဆီပွင့်လေးတွေလည်း အင်္ကျီရှေ့တစ်ခြမ်းလုံးမှာ လှလှပပ ခက်ခက်နွယ်နွယ် ရှိနေကြပါ၏။ လည်ပင်းလေးမှာကျတော့ အနားသားအဖြစ် ဆီပွင့်သေးသေးလေးတွေကို ကပ်၍ ချုပ်ထားသည်။ လက်ရှည် ကျီလေးပေမို့ ဝတ်လိုက်တော့လည်း တကယ့်ကို မင်းသမီးလေး ပါးနယ်။ …

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ရှည်ခက်ခက်လေးကို နှစ်ဖက်ကျစ်ကာ အနား သတ်လေးမှာ ပုလဲလုံးလေးတွေပါသည့် ဆံကျစ်ချည်ကြိုးလေးဖြင့် ချည်သည်။ မျက်နှာလေးကို သနပ်ခါးလူး၊ ပေါင်ဒါလေး နည်းနည်းလူးလိုက်တာနှင့် အလှပြင်သည့်ကိစ္စကတော့ ပြီးသွားသည်ပါပဲ။

ရတနာယွန်းဘူးလေးကို ဖွင့်ကာ အရင်ရက်ကတည်းက ကိုကို မှာထားသည့် ပတ္တမြားတစ်ဆင်စာကို ဝတ်ရပါ၏။ အလှဆုံး ဝတ်ဆင်ထားရမည်ဟု ကိုကိုက မနေ့ကတည်းက မှာထားသည်လေ။ မဝတ်လျှင်ဖြင့် ကိုကို စိတ်ကောက်၍ ဆုံးမှာ မဟုတ်။ မှန်ထက်မှာ ထင်နေသည့် ပုံရိပ်လေးကို ကြည့်လိုက်တော့ အဖြူရောင်ပိုးဂါဝန် ခြေမျက်စေ့ဖုံး လက်ရှည်လှလှလေးနှင့်ပတ္တမြားရည်တလဲ့လဲ့ နီရဲရဲလေးကို ဝတ်ဆင်ထားပါသည့် ငွေလေး၏ ပုံရိပ်လေးသည် လှပစွာ ထင်နေ၏။ ဆံကျစ်ရှည်လေးနှစ်ဖက်ကလည်း နက်မှောင်နေသည်။ မျက်ခုံးနက်နက်ကွေးကွေးလေးနှင့်မျက်တောင်ရှည်ကော့ကော့ မျက်ဝန်းနက်နက်လေးတွေကလည်း နက်မှောင်နေသည်။ ထိုသို့ လှပလွန်းစွာဖြင့် ရှိုးလေးထုတ်ထားသလိုလေးဖြင့် အောက်ထပ်သို့ ဆင်းသွားမှာကို ငွေလေး ရှက်နေမိရပါ၏။

နောက်မှ တစ်ချက် မှန်ထက်မှ နှုတ်ခမ်းလေးကို ကြည့်မိသည်။ ဟုတ်သည်။ ငွေလေး၏ နှုတ်ခမ်းက အနည်းငယ်ဖျော့နေသည်ဟု ထင်မိရပါ၏။ မနေ့က နှာခေါင်းသွေးတွေ ယိုထား

[illegible]



"အို…မဖြစ်ဘူး၊ ကိုကိုက အရမ်းကို အသေးစိတ် မြင်တတ်တာ၊ ငွေလေးကို နေမကောင်းဘူးဆိုပြီး ထင်သွားလိမ့်မယ်၊ နှုတ်ခမ်းဆိုးလိုက်မှပါလေ"

ဟု တွေးကာ လိမ္မော်နုရောင်နှုတ်ခမ်းဆိုးဆေးလေး ဆိုးလိုက်ပြီးမှ ငွေလေး ခုတင်ထက်တွင် ငြိမ်ထိုင်နေမိရပါ၏။ အောက်ထပ်သို့ ဆင်းရမှာ ခက်နေသည်ကိုးလေ။ ထိုအခိုက် ပေါ်တီကို အောက်ဆီမှ ကားဟွန်းသံ ကြားရလျက်…။

"ဟေး…ငွေလေး"

ဟု လှမ်းအော်သံ။ နောက်တော့ အပေါ်ထပ်ဆီသို့ ပြေးတက်လာနေသံကို ကြားရပါ၏။ မကြာလိုက်။ အခန်းတံခါး ခေါက်သံ ပေါ်လာသည်။ ကိုကိုပဲဆိုတာ ငွေလေး သိပါ၏။ ဒါပေမဲ့ အလှပြင်ထားသည်ပုံလေးဖြင့် တံခါးပင် မဖွင့်ပေးရဲဘဲ ရှက်နေမိသည်က ငွေလေးပါ။ တံခါးကို စေ့ထားတာမို့ ငွေလေး ရှက်ရှက်ဖြင့်ပဲ…။

"ဝင်ခဲ့လေ ကိုကိုရဲ့"

ဟုသာ လှမ်းပြောလိုက်မိရပါ၏။ အခန်းတံခါးဖွင့်၍ ကိုကို ဝင်လာသည်။ နောက်တော့ ရှက်အမ်းအမ်းဖြင့် မနေတတ် မထိုင်တတ်သလိုလေး ထိုင်နေသည့် ငွေလေးကို မြင်တော့ ရယ်သည်။ ငွေလေးရှက်နေမှန်းသိသည်မှ ချက်ချင်းကြီးကို သိခြင်းပါ။ ဒါပဲလေ။ ဘာကိုပဲဖြစ်ဖြစ် ငွေလေးကို အရိပ်ကြည့်သလို နတတ်ပါသည့် ကိုကိုသည် ချက်ချင်းကြီးကို သိသွားတတ်သည်ပါပဲ။ ကိုကိုရယ်၍ ငွေလေးရှေ့မှာလာရပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အံမယ်…ကိုကို့ငွေလေးက ရှက်နေတာကိုးဗျ၊ ငြိမ်ကုပ်ပြီး ထိုင်နေတာများ ခုတင်အောက်တောင် ဝင်ပုန်းချင်နေတဲ့အတိုင်းပဲ"

ကြည့်…။ ငွေလေး ပုန်းဖို့စိတ်ကူးနေတာကိုလည်း ကိုကိုက သိနေပြန်ချေပြီ။ ငွေလေးရှက်ရှက်ဖြင့် ကိုကို့လက်မောင်းကြီးကို ထုကာ…။

"ငွေလေးမှ ဒီလိုကြီး ရှိုးမထုတ်ဖူးတာ"

ဟု ကလေးလေးလို ပြောတော့ သူ ထပ်ရယ်သည်။ ပြောပုံကိုက ချစ်ဖို့ကောင်းနေသည်ပါပဲ။ ရှိုးမထုတ်ဖူးတာတဲ့လေ။

"ဟုတ်တယ်၊ ငွေလေးက ဂါဝန်ရှည်လေးနဲ့ဆိုတော့ ရှိတ်စပီးယားပြဇာတ်သွားကတော့မယ့်အတိုင်းပဲ"

ဟု ဆက်နောက်လိုက်မိသေးသည့်အဖြစ်။ နောက်တော့မှ သူ ငေးခနဲဖြစ်သွားရပါပြီ။ ကြည့်စမ်း။ အဘယ်မျှထိ လှလို… ပါသည့် မိန်းကလေးပါလဲ။ တကယ့် တော်ဝင်မင်းသမီးလေး… တစ်ပါးနှယ် ပျောင်းနွဲ့နန်းဆန်လိုက်ပါသည့် ငွေလေး။

နုဖန့်နေသည့် မျက်နှာလေးကလည်း အပြစ်ဆိုရက်စရာ… မရှိအောင် လှလွန်းနေသည့်အဖြစ်။ တကယ့်အရုပ်လေးတစ်ရုပ်… ရေ့ချထား၍ ကြည့်နေရသလိုပါပဲလား ငွေလေးရယ်ဟု ရင်ထဲ… မြတ်နိုးစွာ ညည်းလိုက်မိရပါပြီ။

"ဟင်…ကိုကိုကလဲ ငွေလေးရှက်တယ်၊ ရှိတ်စပီးယားပြဇာတ်ထဲက မင်းသမီးတဲ့၊ ဘာမှန်းလဲမသိဘူး"

ဟု ပြောကာ အဝတ်အရမ်းပြန်လဲချင်နေမှန်း သူသိတော…



…မျက်မှောင်ကြီးကုပ်ပြလျက်…။

"ဟိတ်…နှာမည်ကြီး ဇူပါမားကတ်ကြီးက ရှက်ရမှန်းမသိအောင် ဝတ်စေ့ချင်စောကြီးနဲ့ မိန်းကလေးအဝတ်အစားကို မျက်နှာပူပူနဲ့ ဝယ်ချလာတဲ့ ကိုကို့ကိုစိတ်တိုအောင် မလုပ်နဲ့နော်၊ ဝတ်…ဒီလောက်လှတဲ့ ဉစ္စာကိုများ၊ ရှက်တယ်လေးဘာလေးနဲ့ ဂျီကျောင်မကျနဲ့၊ ဒီမှာ တွေ့လား လက်သီး၊ ခေါင်းထုပစ်မယ်၊ ထ…အမြန်ဆုံးထရပ်၊ လာခဲ့…ဟိုမှာ ဒက်ဒီစောင့်နေတယ်"

ဟု ပြောတော့…။

"ဟင်…ဒက်ဒီစောင့်နေတယ်၊ ဘာလို့ ခုမှ ပြောရတာလဲ"

ဟု အောက်ထပ်မှာ ဒက်ဒီ ငွေလေးကို တမင်စောင့်…ိုင်းပေးနေရမှာ အားနာစိတ်မကောင်းပုံလေးဖြင့် ငွေလေး ပြော…တော့…။

"ခင်ဗျားလေးပဲ ရှက်သလေးဘာလေး လုပ်နေတာကိုး၊ ကြာသွားရတာပေါ့၊ ထ…လာခဲ့"

ဟု လက်မောင်းလေးဆွဲခေါ်လာတော့ ငွေလေး လိုက်…ခဲ့ရပါ၏။

ဦးပြည့်စိုးမှာ သားနှင့်ငွေလေးတို့ လှေကားထစ်များကို…ဆင်းလာသမျှ ကြည်နူးစွာ ငေးကြည့်နေမိရပါပြီ။ အဘယ်မျှ… လှပလိုက်ဖက်လှပါသည့် ကလေးနှစ်ယောက်ပါလဲလေ။ …အောက်တိုင်းဝတ်စုံ မီးခိုးဖျော့ရောင်ကို ဝတ်ထားပါသည့် သား၊

www.burmeseclassic.com



အဖြူရောင် ဂါဝန်ရှည်လှလှလေးကို ဝတ်ထားပါသည့် ငွေလေး ထိုကလေးနှစ်ယောက်သည် တစ်ယောက်အပေါ်တစ်ယောက် အတော်ကြီးကို သံယောဇဉ်ကြီးကြလျက် ချစ်ကြသည်ဆိုတာကို လည်း ဦးပြည်စိုး သိနေသည်ပါပဲ။

ထိုကလေးနှစ်ယောက်ကို တစ်နေ့မှာ နေရာချထားပေး ဖို့ ဦးပြည်စိုး ဆုံးဖြတ်ထားသည်မှာလည်း အမှန်။ ထိုသို့ဖြစ်စေ ဖို့ သူငယ်ချင်းဖြစ်သည့် ကိုဘမိုကလည်း ဆန္ဒရှိခဲ့သည် မဟုတ် ပါလား။ ဤသည်က ဦးပြည်စိုးနှင့် ဦးဘမိုတို့ နှစ်ဦးသဘောတူ ထားခဲ့ပြီးသည့်အဖြစ်။ ကလေးနှစ်ယောက်ကတော့ မသိကြသေး တစ်နေ့တွင်တော့ ထိုအဖြစ် ထိုအစီအစဉ်ကို သားနှင့်ငွေလေးကို ပြောပြရချေမည်သာ။

"ကြည့်…ဒက်ဒီ၊ ငွေလေးက ရှက်တတ်နေတယ် ဗျ၊ ဒီလိုရှိုးနဲ့မိုးနဲ့နေနေရလို့တဲ့၊ ဟုတ်တော့ဟုတ်တယ် နော် ဒက်ဒီ၊ သေချာကြည့် အင်္ကျီက လှူထက်ပိုလှနေ သလိုပဲ"

ဟု သားဖြစ်သူက ချစ်စနိုးလေး ငွေနံ့သာကို မျှော နေတော့လည်း ဦးပြည်စိုး ပြုံး၍ ငွေနံ့သာ၏ ဆံစလေးကို လက် ဖဝါးဖြင့် သပ်ပေးကာ…။

"ဒက်ဒီ့သမီးက အချောဆုံးပါ၊ အလှဆုံးပါ၊ ဒီ အင်္ကျီလေးက သမီးလေးဝတ်လို့ ပိုလှလာရတာပါ"

ဟု ပြောတော့ ငွေလေး ဒက်ဒီ့လက်မောင်းကို အား ရသလို ကိုင်ကာ…။



"ကိုကိုက ငွေလေးကို ဒီအင်္ကျီ သူပဲ ဝယ်ပေး ပြီးတော့ ဝတ်တဲ့အခါကျတော့လဲ ပြဲအဟာ်မင်းသမီးတဲ့"

ဟု တိုင်နေပါ၏။ ဒက်ဒီမှ ရယ်ကာ ငွေလေးကို လက် ဆွဲ၍ ပေါ်တီကိုကြီးအောက်သို့ ခေါ်သွားတော့ သူနောက်မှ ပြုံး၍ လိုက်လာပါ၏။

ပေါ်တီကိုအောက်မှာ ရပ်ထားသည့် အနက်ရောင်မာစီးဒီး ကားကြီးကို ငွေလေးတွေ့တော့ ဒက်ဒီ့ကို မော့ကြည့်သည်။

"ကားက အသစ်ကြီးနော် ဒက်ဒီ၊ အိမ်မှာ ကား နှစ်စီးတောင်ရှိနေတာ ဘာလို့ အသစ်ထပ်ဝယ်တာလဲ ဒက်ဒီ"

"ဒါ သမီးလေးအတွက် မွေးနေ့လက်ဆောင်၊ သမီး လေးရဲ့ ဖေဖေရယ်၊ ဒက်ဒီရယ် သမီးလေးရဲ့ ကိုကိုရယ် သုံးယောက်က ဒီကားကို မွေးနေ့လက်ဆောင်အဖြစ် ဝယ်ပေးတာ၊ သမီးရဲ့ဖေဖေက သမီးအသက်ဆယ့်ရှစ် နှစ်ပြည့်တဲ့အခါ ကားတစ်စီးကို မွေးနေ့လက်ဆောင် အဖြစ် ဝယ်ပေးပါလို့ ဟိုတုန်းကတည်းက မှာခဲ့တယ်၊ အသက်ဆယ့်ရှစ်နှစ်အရွယ်ပေမို့ ကိုယ့်ဘဝကို ကိုယ်ပို ပြီး ထိန်းကျောင်းခရီးနှင်နိုင်ပြီဆိုတဲ့ သဘောကို ဆောင် စေတယ်လို့ သမီးဖေဖေက ဟိုတုန်းကတည်းက ဒက်ဒီ ကို ပြောခဲ့တယ်၊ ဒီတော့ သမီးရဲ့ဖေဖေမှာတဲ့အတိုင်း ဒက်ဒီတို့ ဝယ်ပေးတာပဲ၊ ဒါပေမဲ့ ဒက်ဒီတို့ရဲ့ မေတ္တာ ကိုလဲ ပါစေချင်တာမို့ သုံးယောက်ပေါင်းပြီး ဒီကားကို

www.burmeseclassic.com

www.burmeseclassic.com



ဝယ်ခဲ့တာ ငွေလေး၊ ကားမောင်းရင်း ပိုပြီး ဒက်ဒီငို့ကို သတိရရနေအောင်ပေါ့၊ ရော့…ကားသော့"

ဟု အပ်လည်းအပ်…။

"ဒက်ဒီ့သမီးလေးဘဝကို အောင်မြင်ခြင်း ခြေလှမ်းတွေနဲ့ ဖြတ်သန်းနေနိုင်ပါစေကွယ်"

ဟု ပြော်လည်းပြောပါသည့် ဒက်ဒီကို ငွေလေးမျက်ရည်ဝဲစွာ မော့ကြည့်နေမိပါ၏။ ငွေလေး၏ လက်ဖဝါးလေး တုန်နေသည်။ သော့ချောင်းလေးရှိနေပါသည့် လက်ဖဝါးလေးရော လက်ချောင်းနုနုလေးတွေမှာ တုန်နေကြပါ၏။ ဖေဖေ့ကိုလည်း ငွေလေး တမ်းတသည်။ ဖေဖေသည် ငွေလေး၏ ဘဝအတွက် အရာရာတွေးပေးခဲ့သည်။ စီမံပေးခဲ့သည်။ ဖေဖေ့မေတ္တာများကို ငွေလေး သိနေရလေလေ ဖေဖေ့ကို နှမြောစွာ ကြေကွဲစွာ တမ်းတနေမိလေပါ။

ဖေဖေရေဟု ရင်ဖွင့်အော်ဟစ်တမ်းတလိုက်ချင်ပေမယ့် ဒက်ဒီနှင့်ကိုကို့ကို ငွေလေး စိတ်မချမ်းသာအောင် မလုပ်ရက် ငွေလေး အရမ်းကို ငိုကြွေးကာ တမ်းတခေါ်ငင်နေတာကိုမြင်လျှင် ငွေလေး မွေးနေ့အတွက် ပျော်အောင်စီမံထားလေသည့် ဒက် နှင့်ကိုကိုတို့ စိတ်မကောင်းပဲဖြစ်ကြရှာချေမည်။ ငွေလေး တာကို မြင်ချင်ပါသည့် ဒက်ဒီနှင့် ကိုကို့ကို စိတ်မထိခိုက်စေ ပါ။ မျက်ရည်ကို ထိန်း၍ ကားသော့လေးကို ငုံ့မိုးကြည့်ကာ…

"ကျေးဇူးတင်ပါတယ် ဒက်ဒီ၊ ကျေးဇူးပါပဲ တို ကို"



ဟု အသံတိမ်လေးဖြင့် ပြောမိသည်။ ဒက်ဒီ့ရင်ခွင်ထဲ ကိုးစွာ ငွေလေး ကျေးဇူးတင်စွာပဲကလေး တိုးဝင်တော့ ဒက်ဒီ လေးတွေကို ဖွဖွသပ်ပေးပါ၏။

"ဒက်ဒီ့သမီးလေး ဘဝမှာ အမြဲစိတ်ချမ်းမြေ့စွာနဲ့ အောင်မြင်မှုများစွာကို ပိုင်ဆိုင်နေသူလေးအဖြစ် မွေးနေ့ များစွာကို ဖြတ်သန်းကျင်းပနေနိုင်ပါစေကွယ်"

ဟု ဒက်ဒီဆုပေးသည်။ ငွေလေး ကိုကို့ကို ကြည့်လိုက် ာ့ ကြည်နူးမျက်ရည်ဝဲလျက် မှုပိုင်အေးချမ်းသည့် အပြုံးဖြင့် ကြည့်နေတာကို မြင်ရပါ၏။

ဤနှစ်ဦးပိုင်းမှာကတည်းက ငွေလေးကို ကားမောင်း စေကာ ယာဉ်မောင်းလိုင်စင်ကိုအစရအောင် ဒက်ဒီ စီမံထား ာကို ခုမှ ငွေလေး ဘာကြောင့်ဆိုတာ နားလည်လိုက်ရပါပြီ။

ဤမျှ အေးချမ်းပြည့်ဝပါသည့် မေတ္တာရိပ်မှာ ငွေလေး ခွင့်ရသည်မို့ ငွေလေး၏ဘဝသည် ကံကောင်းခြင်းအတိဖြင့် ာည်ရချေသည်ဆိုတာ ငွေလေး နားလည်ရပါ၏။

ထိုအခိုက် ခြံတွင်းသို့ ကားတစ်စီးဝင်လာပြီ။ နုနုနွယ်နှင့် ိုးတို့ လာကြပြီဆိုတာ သိရပါ၏။ ပေါ်တီကိုအောက်ဆီမှာ ကို နုနုနွယ်ရပ်လိုက်ကာ…

"ဟယ်…လှလိုက်တာ၊ သတို့သမီးကျနေတာပဲ"

ဟု လွှတ်ခနဲ ထုံးစံအတိုင်း လှမ်းနှောက်လိုက်သည့် ိုး၏ အသံကို ကြားရ၏။ အသံအရင်ကြားပြီးမှ ပုံက ကား

www.burmeseclassic.com



လှူကြီးတွေရှေ့ နောက်ပြောင်လိုက်မိတာမို့ ပါးစပ်
ပြဲသွားကာ ကိုယ်ရှိန်ပြန်သပ်၍ ရီရီဦးမျက်နှာငယ်လေးဖြင့်...

"ကန်တော့...ကန်တော့"

ဟု ထုံးစံအတိုင်းပဲ လွတ်ခနဲ ပြောပြန်၏။

"ဟယ်...မွေးနေ့ရှင်ကို နင်က စားကောင်းသောက်ကောင်းအောင် ခုကတည်းက အရင်ကန်တော့နေပြီပေါ့လေ"

ဟု ကျစ်ဆံမြီးနှစ်ခွ၊ အရပ်ရှည်ရှည်ကြီးနှင့် မျက်မှန်တဝင့်ဝင့်ဖြင့် နုနုနွယ်နောက်လာတော့...။

"ဟင်းနုနွယ်မနော်...ငါ ဟင်းချိုချက်သောက်ပစ်လိုက်ရ"

ဟု ရီရီဦး ပြောသည့်အဆုံးမှာ ငွေလေးရယ်လိုက်မိ၏။

စောစောက ဝမ်းနည်းရှိန်လေး မစင့်တစင် ပျောက်လျက် ရယ်လိုက်ပါသည့် ငွေလေး၏ အပျော်မျက်နှာလေး ကြည်နူးစွာ ကြည့်လိုက်မိရသည်က အေးချမ်းခန့်ပါတည်း။

ပါးချိုင့်ခွက်လေးနှင့် ချစ်စဖွယ်ဖျစ်စဖွယ်လေး ရယ်ပါသည့် ငွေလေး။

စောစောက ဝမ်းနည်းဝမ်းသာပုံလေးဖြင့် မျက်ရည်တလဲ့လဲ့လည်နေသမျှကလည်း မျက်ဝန်းအိမ်မှာရှိနေဆဲ။

သြော်...မျက်ရည်လဲ့နေသည့် မျက်ဝန်း၏ အရှင်သမလေးထံမှာ ဖေးတင်နေပါသည့် အပြုံးမျက်နှာလေးသည်



ရားများဖြင့် တည်မြဲနေဆဲပါတကား။

ထိုအလှတရားများ၏ အရှင်သခင်သည် သူ၏နှလုံးအိမ်ပိုင်စိုးနေပါသည့် မိန်းကလေးဖြစ်နေချေသည်ဆိုတာကိုတော့ နှလုံးသားမှသာ သိနေရပါချေသည့်အဖြစ်။

သြော်...သူ၏ နှလုံးသားမှာသာရှိနေရပါသည့် အချစ်တည့်။

"ငွေလေးအတွက် မွေးနေ့လက်ဆောင်"

လေးလေးသိန်းမှ အဖြူရောင်နှင်းဆီပွင့်လှလှတွေချည်းနှောထားပါသည့် ပန်းစည်းကြီးကို ပြုံး၍ ညှော့ခန်းဆောင်တွင်းလာရင်း ပေးတော့ ငွေနံ့သာ ကြည်နူးကျေးဇူးတင်စွာပဲ ယူလိုက်ရပါ၏။

အဖြူရောင်နှင်းဆီပွင့်တွေနှင့် မွေးဉနုစင်စွာ လှပလွန်းပါသည့် ငွေနံ့သာကို သူ တစ်ချက် ငေးခနဲ ကြည့်မိရပါ၏။ သြော်...အဖြူရောင်နှင်းဆီများထက်ပင် သူ၏ ငွေလေးသည် နုညက်နူးညံ့နေချေသည်တကား။ ပို၍ နုဖန့်လှပလွန်းနေချေသည်ကောလေ။

"ဒါက ငါတို့လက်ဆောင်"

ဟု မွေးနေ့လက်ဆောင်ထုပ်တွေ ကမ်းပေးတော့ ငွေနံ့သာ နုနုနွယ်နှင့်ရီရီဦးကို ပြုံး၍ ကြည့်ကာ...။

www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူးဟယ်"

ဟု တိုးဖွဖွလေး ပြောတော့ ရီရီဦးမှ မျက်မှန်လေး အသာပင့်ချိုးလေးဖြင့် ပင့်၍…။

"နှင်ကလဲ အသာလေးယူထားစမ်းပါ၊ နှင့်အခန်း ထဲရောက်မှ ဖွင့်ကြည့်ဟယ်၊ ငါတို့ ဘိုင်ပြတ်နေတယ် ဟ၊ အထုပ်ကြီးကိုပဲ လှအောင် ကြိုးစားထုပ်ထားကြရ တာ၊ အထဲမှာ ဘာမှရှိတာ မဟုတ်ဘူး၊ သိပ်တန်ဖိုးကြီး တာ မဟုတ်ဘူးဟ"

ဟု ဘေးက မကြားအောင် အသံလေးအုပ်၍ပြော ငွေနဲ့သာ ရယ်မိပါပြီ။ ဘယ်တော့မဆို အစားပုတ်ကြသည့်အ ကြောင့် အမြဲ မုန့်ဖိုးပြတ်လပ်နေတတ်ပါသည့် သူငယ်ချင်း မဟုတ်ပါလားလေ။ ပြီးတော့ အိမ်မှာ မုန့်ဖိုးကို တစ်လစာ လဲဆန်းတာနှင့် ယူထားနေကျ နှစ်ကောင်ပါ။ ပိုက်ဆံလေး လေး စုဆောင်းကျင့်လေးရှိအောင် မိဘက မုန့်ဖိုးကို တစ်လ သဘောဖြင့် ကြိုပေးထားလေသမျှ လဝက်ကျိုးလျှင် ပိုက်ဆံ လပ်စပြုလာတတ်သည့် နုနုနွယ်နှင့်ရီရီဦးကို ငွေလေးကပဲ မုန့်ဖိုးကိစ္စ ဆက်ရှင်းပေးရစမြဲပါ။ ခုလည်း မွေးနေ့လက်ဆော ထုပ်တွေဘာတွေနှင့် နှစ်ကောင်သားလာတော့လာကြသည်။ ဒ နှင့်ကိုကို၊ ပြီးတော့ ဒေါ်ကြီးတို့ လေးလေးသိန်းတို့ အမြ လက်ဆောင်ထုပ်တွေဘာတွေနှင့်လာသည့်အချိုးကို အကျ ချိုးလာကြပေမယ့် အထဲမှာတော့ ဘာပါလာသည် မသိ။ လ ဆောင်မပါဘဲ လာရမှာကျတော့လည်း ဒက်ဒီနှင့်ကိုကို့ကို မျ



နေကြပုံရသည့်နှစ်ကောင်ပါတည်း။

မွေးနေ့လက်ဆောင်ထုပ်လေးကို စားပွဲပေါ်တင်ကာ ငွေ နဲ့သာ ဒက်ဒီနှင့်ကိုကို့ကို မော့ကြည့်၍…။

"ဒက်ဒီနဲ့ကိုကို ဒီညေ့ခန်းက ဆိုဖာမှာပဲ ထိုင်ပေး ပါနော်၊ ငွေလေး ကန်တော့ပါရစေ"

ဟု မွေးနေ့မှာ ကန်တော့လိုဖော်လေးဖြင့် ပြောတော့ ဒက်ဒီ သူ့ကို ကြည့်ကာ ခေါင်းညိတ်ပြသည်။ ထိုင်လိုက်ဆိုသည့် သဘော။ ငွေလေး၏သူငယ်ချင်းတွေရှေ့မှာ ကန်တော့ခံရမှာကို ကျတော့ သူ ရှက်သည်ပေါ့။ ထိုကောင်မလေးနှစ်ယောက် ငွေ လေးနှင့်တူတူ အိမ်ကို ယခင်တုန်းကလည်း လာဖူးကြသည်ပါပဲ။ မိန်းကလေးတွေမို့ စကားပင်မပြောခဲ့ဖူး။ အိမ်ရှင့်ဝတ္တရားသဘော ဖြင့် ဝတ္တရားကျေ တစ်ချက်လောက်ပဲ ပြုံးပြလိုက်ခဲ့တာမျိုးရှိ ခဲ့သည်။ ထိုကောင်မလေးနှစ်ယောက်ကတော့ သူ့ကို ငွေလေး၏ ကိုကိုဟု ငွေလေးနှယ်ပင် ခင်မင်ချင်ကြမှန်းတော့ အရမ်းကို အပြစ် ကင်းစင်သော မျက်ဝန်းအကြည့်လေးတွေနှင့်ပင် သူ သိခဲ့သည်ပါ ပဲ။ ဒါပေမဲ့ သူ အဘယ်မိန်းကလေးတွေနှင့်မျှ အရောတဝင် မနေခဲ့။ ငွေလေးတစ်ယောက်တည်းကိုသာ တမြတ်တနိုးလည်း ချစ်ကြင်သည်။ တရင်းတနှီးလည်း ပြောဆိုနေထိုင်သည်။ သူ့ဘဝ မှာ ငွေလေးသည်သာလျှင် တစ်ဦးတည်းသော မိန်းကလေး။ သူ၏ ချစ်မြတ်နိုးရပါသည့် ကြွေလေး။ သြော်…နှလုံးသား ကြွေရုပ်လေးပါတည်း။

ခု သူ့စိမ်းရှေ့မှာ အကန်တော့ခံရမှာမို့ သူ မျက်နှာပူတ်

www.burmeseclassic.com

www.burmeseclassic.com



ပျက်ဖြင့်···။

"ဒက်ဒီပဲ ကန်တော့ပါ ငွေလေးရယ်"

ဟု ပြောတော့ ငွေလေးမျက်နှာလေး အိုကာ အတင်းသူ· ကိုကိုဆွဲ၍ ထိုင်ခိုင်းသည်မို့ ဘယ်တော့မဆို ငွေလေးအလိုကျစိတ်ရှည်အလိုလိုက်ပေးနေရသည့် အကျင့်က ပုံသေအချိုးတကျဖြစ်နေချေသည်မို့ ဆိုဖာထက်မှာ မျက်နှာပူပူဖြင့် ထိုင်လိုက်ရသည်ပါပဲ။

အရမ်းကို အနေတည်ကြည်သော အေးချမ်းခန့်ဆိုသည့်ရှေ့နေလောင်းလျာလေးကို နနနွယ်နှင့် ရီရီဦးတို့ကလည်း ငွေလေးနှယ်ပင် အစ်ကိုတစ်ယောက်ပမာ စိတ်ထဲက ခင်မင်ရင်းစွဲရှိနေတာမို့···။

"ငွေလေး ငါတို့လဲ ကန်တော့ချင်တယ်ဟာ၊ ဒီနေ့ ငါတို့မွေးနေ့လဲဖြစ်နေတယ်ဟ၊ ငါရော ရီရီမြူးရော"

အမြဲတမ်း ပျော်ပျော်နေတတ်သည့် ရီရီဦးကို ရီရီမြူးဟု သူတို့ခေါ်နေတတ်တာ အမှန်။ ဒါပေမဲ့ ခုလို လူကြီးတွေရှေ့မှာ အခေါ်ခံရတော့ ကြားသွားမှာ စိုးစိတ်ဖြင့် မျက်မှောင်လေးကုပ်ကွေး၍ ရီရီဦး နနနွယ်ကို ကြည့်သည်။ ငွေလေးမှ နှင်းဆီပန်းစည်းကြီးကို စားပွဲထက်မှာ သွားတင်နေတာမို့ လိုက်ပြောကြဆိုကြဖြစ်နေရတော့ ဒက်ဒီနှင့်ကိုကိုတို့ ထိုင်နေသည့်နေရာနှင့်တော့လောလောဆယ်မှာ နည်းနည်းလှမ်းနေသည်လေ။ ဒါကြောင့် ရီရီဦးနည်းနည်းရင်ထဲ သက်တောင့်သက်သာဖြစ်သွားရပါသည့်အဖြစ်ဒက်ဒီနှင့်ကိုကို့ကို ငွေလေး ခေါ်သလိုပဲ ကွယ်ရာမှာ နနနွယ်



နှင့် ရီရီဦးတို့က လိုက်လိုက်ခေါ်နေကျပါ။ ဒက်ဒီနှင့် ဗစ်တိုးရီးသားမှာ တိုးကြလျှင်လည်း ကလေးတွေလိုပဲ ဒက်ဒီ···ဒက်ဒီနှင့်ချဲနေကျ ခေါ်နေကျပါ။

အန်ကယ်ဦးပြည်စိုးကတော့ ရီရီဦးတို့နှစ်ယောက်စလုံးကို သမီးတွေလိုပဲ ချစ်ကြတာ ရီရီဦးတို့ အသိပါ။ ခုလည်းကိုကိုလူတည်ကြည်ကြီးကို နောက်ချင်စောဖြင့် နနနွယ်မှ လိုက်ကန်တော့မည်တကဲကဲ လုပ်နေခြင်းပါ။

"ဟော့···ဟော့···လူကြီးတွေရှေ့မှာ ငါ့ကို ရီရီမြူးလို့ မခေါ်မိစေဖို့ သတိကျပ်ကျပ်ထားပါ ဟင်းနွယ်မနော်၊ ငါ နင့်ကို သတိပေးထားပါရဲ့"

ဟု ရီရီဦး ခပ်တိုးတိုးကျိတ်ကျိန်းနေတော့ နနနွယ်ခပ်တိုးတိုးရယ်သည်။

"အေးပါ၊ မခေါ်မိစေရပါဘူး ရီရီမြူးရယ်၊ စိတ်ချ ဒီမှာ မိငွေနဲ့သာ ငါ တကယ်ပြောနေတာ၊ ငါတို့လဲ ဒီနေ့ မွေးနေ့ဖြစ်နေကြတယ်ဟ၊ ငါတို့လဲ ကန်တော့မယ်၊ နင့်ဒက်ဒီနဲ့ ကိုကို့ကို"

"အေး···ဒါတော့ ကန်တော့မှကို ဖြစ်မှာ အထူးသဖြင့် ကိုကို ဦးတည်ကြည်ကြီးကို ကန်တော့ချင်တယ်ဟ၊ သူက ရှက်တတ်တယ်၊ မျက်နှာကြီးရဲနေမှာ"

"အေး···နင်က မရှက်တတ်ဘူး မဟုတ်လား ဟင်းနွယ်"

ဟု ပြောနေတော့ ငွေလေးရယ်သည်။ နှစ်ကောင်စလုံး

www.burmeseclassic.com

www.burmeseclassic.com



မွေးနေ့မဟုတ်ဘဲ ပြောနေကျမှန်းလည်း သိသည်။ ဒါပေမဲ့ တား၍လည်းရမှာ မဟုတ်ဟု တွေးကာ…။

"ကန်တော့ချင်ကန်တော့လေ"

ဟု ပြောလိုက်မိရသည်က ကိုကိုထိုမျှအထိ အရမ်းကို အနေခက် ရှက်မည်မှန်း မသိ၍ပါ။ တကယ်တမ်းသုံးယောက်စလုံးကန်တော့ဖို့ ထိုင်လိုက်တော့ ကိုကို ပျာပျာသလဲကြီး ထရပ်ကာ…။

"ဟာ…မဟုတ်တာ၊ ငွေလေးပဲ ကန်တော့မှာ မဟုတ်လား၊ သူတို့ကန်တော့ကြမလို့လား၊ ဘာလို့ ငွေလေးက ရောကန်တော့ခိုင်းရတာလဲ"

ဟု အနေခက်ခက်နှင့်ရှက်သမျှ မဖုံးနိုင်မထိန်းနိုင်ဘဲ လတ်တကာကာဖြင့် ရှိနေခိုက်…။

"ဒီနေ့ နွယ်နဲ့ ရီရီဦးတို့ မွေးနေ့လဲဖြစ်နေလို့ပါ ကိုကိုရဲ့၊ တကယ်က ကန်တော့ချင်တာ ကြာပါပြီ"

ဟု ကလေးလိုပဲ မော့ပြောနေပါသည့် နုနုနွယ်ကို တစ်လှည့်၊ ကလေးတွေကို ပြုံးကြည့်နေပါသည့် ဒက်ဒီကိုတစ်လှည့် သူကြည့်နေရစဉ်ခိုက်မှာပဲ ချာတိတ်သုံးကောင်စလုံး သူ့ကို တကယ်ပဲ ကန်တော့ကြလေသမျှ ခံလိုက်ရသည်က အေးချမ်းခန့်ပါတည်း။ ဒက်ဒီကတော့ ဆုတွေဘာတွေပေးနေသည်။ သူကတော့ ငွေလေးကို မျက်မှောင်ကြီးတွန့်၍ ဘာလို့ နုနုနွယ်တို့ကို တူတူခေါ်ရတာလဲဆိုသည့် အကြည့်ဖြင့် ခပ်စူးစူးကြီး ကြည့်မိရပါ၏။

နောက်တော့လည်း မွေးနေ့ကိတ်ထက်မှ ဖယောင်းတိုင်



သေးသေး ရောင်စုံလေး ဆယ့်ရှစ်တိုင်ကို ငွေလေးကမှုတ်၊ မွေးနေ့ကိတ်လှီးနှင့် အားလုံးဝေစည်ချမ်းမြေ့စွာ မွေးနေ့အထိမ်းအမှတ်လေးကို လုပ်ဖြစ်ပါ၏။ အဖြူရောင်ပိုးဝတ်စုံလေးနှင့် အရမ်းကို လှနေသည့် ငွေလေးကို သူ ငေး၍သာ ကြည့်နေချင်တော့သည့်အဖြစ်။ မွေးနေ့ကိတ်လှလှကြီးထက်မှ ရောင်စုံဖယောင်းတိုင်လေးတွေကို မှုတ်နေပုံလေးကလည်း လှနေသည်ပါပဲ။ မွေးနေ့ကိတ်ကို လှီးနေသည့်သွင်ဟန်လေးကလည်း ချစ်စရာ ချစ်စရာလေးဖြစ်နေသည်တည့်။ အို…သူ၏ ငွေလေးသည် အမြဲတမ်း လှနေသည့် ငွေလေး။ လှုပ်ရှားပြောဆိုသည့် မူရာလေးကလည်း လှနေသည်။ ငြိမ်သက်နေလျှင်လည်း အရုပ်လေးနှယ်လှနေလျက်။ ပြောဆိုနေလျှင်လည်း သော့ပေးထားသည့် အရုပ်လေး စကားပြောနေသည့်နှယ်ပင် သူ ထင်လိုက်မိရသည့်အဖြစ်။

လေးလေးသိန်းပေးထားပါသည့် မွေးနေ့လက်ဆောင်နှင်းဆီပွင့်လေးနှစ်ပွင့်ကို ဆံကျစ်ရှည်ကြီး၏ အရင်းဘက် ထိပ်လေးမှာ ထိုးပန်ထားတာမို့ ကလေးလေးနှင့်ပို၍တူနေသည်။ ပို၍ ချစ်စရာကောင်းနေသည့်အဖြစ်။

တကယ်တော့ သူ၏နှလုံးသားမှ မြတ်နိုးရလွန်းပါသည့် ကြွေရုပ်လေးသည် သူ၏ဘဝတွင် အစဉ် ငေးကြည့်နေချင်ရပါသည့် ကြွေရုပ်လေးဖြစ်နေချေသည်တကား။ မွေးနေ့ကိတ်ကို ဒက်ဒီ့ထံ အရင် တရိုတသေလေးပေးပြီး နောက်ထပ်ကိတ်မုန့်ပုံးလေးကို သူ့ထံ ငွေလေးပေးလာပါ၏။ သူ ပြုံး၍ ကြည်နူးစွာယူသည်။ နောက်တော့ ဒေါ်ကြီး၊ လေးလေးသိန်း။ ပြီးတော့ ငွေလေး၏

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းနှစ်ယောက်နှင့် မုန့်တွေယူကြစားကြနှင့် အသံလေးတွေ ဝေစည်လျက်ရှိကြပါ၏။

ဒေါ်ကြီး ဖုတ်ပေးပါသော မွေးနေ့ကိတ်ကလည်း အရမ်းကို ကောင်းသည်ပါပဲ။ သစ်သီးစုံ၊ ဖျော်ရည်နှင့်ကိတ်ဖြင့်ပဲ အတော်ကြီး ဗိုက်ထဲအင့်လာသည်မို့…။

"ခဏနားမယ်၊ နောက်မှ စားမယ်"

ဟု နုနုနွယ်ပြောလာတော့ ဒက်ဒီရယ်သည်။ ကလေးတွေပျော်နေကြသည်ပဲဟု ကြည်နူးစွာရယ်ရှာခြင်းပါ။

"အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် သမီးလေးတို့နေကြ၊ နေ့လယ်စာ ဒီမှာစားကြ၊ ညနေမှ ပြန်ကြပေါ့၊ ဒက်ဒီတော့ အပေါ်ထပ်ခဏတက်နားလိုက်ဦးမယ်"

ဟု ပြောကာ သူ့ဘက်ကိုလှည့်၍…။

"သားလဲဒက်ဒီနောက်ကို လိုက်ခဲ့ဦး၊ ဒက်ဒီ ပြောဖို့ရှိနေတယ်၊ သမီးငွေလေး သူငယ်ချင်းတွေကို ဂရုစိုက်၊ ပျော်ပျော်လဲနေ၊ ဒက်ဒီ့သမီးလေး မွေးနေ့မှာ ပျော်နေတာကို ဒက်ဒီ ကြည့်ရင်း ကြည်နူးတယ်၊ ကဲ…ကဲ… သမီးလေး အခန်းမှာ ခဏနားချင်နားကြ"

ဟု ပြောကာ ရှေ့မှ တက်သွားတော့ သူ နောက်မှလိုက်သွားရပါ၏။ ဒက်ဒီ ဘာများပြောမလို့ပါလိမ့်ဟုတော့ သူ တွေးမိရပါ၏။

"ညနေမှပြန်ရမှာဆိုတော့ ညနေစာလဲ စားသွားရင်



ကောင်းမယ်ထင်တယ်"

ဟု ရီရီဦး၏ ခပ်တိုးတိုးပြောသံကိုတော့ သူ ကြားဖြစ်အောင်ကြားမိရသည်မို့ လှေကားထစ်တွေ နင်းတက်နေရာမှ ဖြတ်ခနဲ လှည့်၍ ငွေလေးကို ကြည့်မိကာ လွတ်ခနဲ ပြုံးပြလိုက်မိရပါ၏။ ပျော်ပျော်နေနော်ဟု မှာသော အကြည့်လည်းမည်သည်ပါပဲ။

သူ ဒက်ဒီ့အခန်းထဲရောက်တော့ ဒက်ဒီထိုင်နိုင်းသည့် ဆိုဖာရှည်ကြီးမှာ ထိုင်ရပါ၏။ ဒက်ဒီ သူ့ကို အတန်ကြာ ကြည့်သည်။ နောက်တော့ ပြတင်းအနီးမှာ သွားရပ်ကာ ပြင်ပကို ငေးကြည့်နေ၏။ နောက်တော့မှ တိတ်ဆိတ်စွာ ဒက်ဒီ့ကို လိုက်လိုက်ကြည့်နေသည့် သူ့ကို ဒက်ဒီကြည့်လာသည်။ ခပ်ဖြည်းဖြည်းလျှောက်လာကာ သူ့ဘေးတွင် ထိုင်လာပါ၏။

"ဒက်ဒီ့အတွက် ငွေလေးဟာ သမီးလေးပါပဲသား၊ ကိုဘမိုဟာ ဒက်ဒီ့လက်ထဲကို ဘယ်လိုမှ နောက်ဆံမငင်ဘဲ စိတ်ချလက်ချကြီးကို အပ်သွားတဲ့ ကလေး၊ လိမ္မာရေးခြားလဲရှိတဲ့ ကလေး၊ ဘဝလေးကလဲ ကရုဏာသက်စရာကလေး၊ ဒီကလေးကို ဒက်ဒီ့လက်ထဲမှာပဲ ကြီးပြင်းလာစေခဲ့တယ်၊ ခု ငွေလေးရဲ့ အသက်ဆယ့်ရှစ်နှစ်ပြည့်ပြီ၊ ကိုဘမို မှာခဲ့သမျှကိစ္စတွေထဲက ဒက်ဒီမနေ့က ငွေလေးကို မြပန်းဝေခြံနဲ့အိမ်ကြီးကို ခေါ်သွားခဲ့တဲ့ အဖြစ်တစ်ခုနဲ့ လုပ်ကိုင်ဖြည့်ဆည်းခဲ့ပြီ၊ ခု ဒက်ဒီနောက်ထပ်တစ်ခု ပြောစရာရှိလာတယ် သား၊ ဒီကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



မှာကျတော့ သားကို ဒက်ဒီ ပြောဖို့လိုအပ်လာတယ်''

ဟု ပြောလာတော့ သူ အကဲခတ်သလို ဒက်ဒီကို ကြည့်မိသည်။ သူ နားလည်းမလည်နိုင်ဘဲ ဖြစ်နေသည်။ ဘာကိုပြောဖို့ရှိလာပါသလဲ။ ဒက်ဒီ၏ မျက်ဝန်းတွေ ကြည်စင်စွာ ကြည်နူးရိပ်တွေ ပြည့်နေသည်လို့ သူထင်၏။ ထို့အတွက် ဒက်ဒီပြောလာမည့် စကားသည် စိတ်ချမ်းမြေ့စေမည့် စကားဆိုကာကိုတော့ သူ တဖြည်းဖြည်း သဘောပေါက်ရိပ်စားမိလာရပါ၏။

''ဒီအဖြစ်ကို ဒက်ဒီ ဘလဲ လိုလားနေတာ အမှန်ပဲ သား၊ ဒါပေမဲ့ ကလေးချင်း ကလေးတွေကို အသိပေးမှ ဖြစ်ချေမှာမို့ ဒက်ဒီ ခုဖွင့်ပြောရမှာပါ၊ ဒီအဖြစ်ကို ကိုဘမိုး တစ်ယောက်တည်းကသာ မဟုတ်ဘူး၊ ဒက်ဒီကလဲ မျှော်လင့်ခြင်းကြီးစွာ ကြည်နူးချမ်းမြေ့ခြင်းကြီးစွာနဲ့ ဖြစ်တည်လာစေချင်တဲ့ ဆန္ဒရှိနေတာ အမှန်ပဲ ခန့်လေး၊ ဒက်ဒီ ပြောမယ်၊ ခန့်လေးကို ငွေလေးနဲ့ နေရာချပေးချင်တယ်၊ ဒါ ကိုဘမိုးကလဲ ဒက်ဒီမှာလဲ သားတစ်ယောက်ရှိတယ်၊ သူ့မှာလဲ သမီးတစ်ယောက်ရှိနေတာမို့ တစ်နေ့ အရွယ်ရောက်လာရင်ဖြင့် နေရာချပေးပါလို့ သူ မကွယ်လွန်မီမှာ ပြောခဲ့ရှာသလို ဒက်ဒီကလဲ လက်ခံခဲ့တယ်၊ ကိုဘမိုးဟာ သမီးလေးအတွက် အစစ စိတ်အေးရအောင် အားလုံးစီမံထားရစ်ခဲ့တာပါ သား''

ဟု ပြောလာတော့ သူ့ရင်တွေ အဆမတန် လှုပ်ရှားလာသည်။ ကြည်နူးခြင်းလည်းဖြစ်သည်။ ရင်ထဲ အေးမြချမ်းငြိမ်း



ခြင်းတို့ဖြင့်လည်း ပိတ်ပိတ်ဖုန်းသည်။ ဒါပေမဲ့ သူ၏ ကြည်နူးခြင်းသည် ဖြတ်ချည်းပြန်၍ လွင့်စင်သည်သို့ ခံစားရပြန်၏။

သူ သက်ပြင်းရှိုက်ကာ ထရပ်လိုက်တော့ ဒက်ဒီမျက်နှာတစ်ချက် ပျက်ချင်သည်။ သူ ငြင်းပယ်လိုသည့်ဆန္ဒဖြင့် ခေါင်းခါလေခြင်းဟု ဒက်ဒီ စိုးရိမ်ကြီးခြင်းလည်း ဖြစ်နေပုံရပါ၏။ သူ ပြတင်းအနီးမှာ သွားရပ်ပါ၏။ လှမ်းလင့်မြင်နေရပါသည့် စံကားပင်တန်းဆီသို့ ခပ်ငေးငေးကြည့်နေမိသည်။ သူ၏ ရင်တွင်းမှာ ဖြစ်တည်အပ်ပါသော ချစ်ခြင်းများစွာကို ထိုစံကားပင်တို့က သိကြပါလေသည်။ ဪ.. စံကားပွင့်လေးတွေကလည်း သိကြပါချေသည်။ ပန်းနုလေပြေနုတို့သည်လည်း သိကြပါလေမည်ကောငွေလေးရယ်။ ငွေလေးအတွက် ပန်းသရဖူလေးတွေ၊ ပန်းလက်ကောက်လေးတွေ၊ ပန်းလည်ဆွဲလေးတွေ ရွေးသီရာနေရာလေးကသည်း သိကြချေမည်သာတည့်။

ဒါပေမဲ့ သူ ငွေလေးကို လက်ထပ်ခွင့်ရမည့်အဖြစ်ကို ကြည်နူးစွာ လိပ်ပြာသန့်သန့်ဖြင့် လက်ခံနိုင်စွမ်းမရှိဘဲ ဖြစ်နေရသည်။ ဟုတ်သည်။ လိပ်ပြာသန့်သန့်ဖြင့် သူ၏ ချစ်ခြင်းကို အသိဆုံး။ သူ၏ ငွေလေးအပေါ် ထားရှိအပ်ပါသော ချစ်ခြင်းသည် ငွေလေးကို ချစ်မြတ်နိုးခြင်းသက်သက်ဖြင့်သာ ဖွဲ့စည်းတည်မြဲနေခြင်း။ အခြား ဘာမျှမရှိ။ မပတ်သက်။ ငွေလေး၏ ကြွယ်ဝချမ်းသာမှုနှင့်လည်း မပတ်သက်။ ငွေလေးချမ်းသာတာကို ..ကမှ ဒက်ဒီပြောသည့် စကားတွေကြားရမှ သူ နားဆသိမြင်ခဲ့ရသည့်အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ ငွေလေးသည် သူ၏နှလုံးအိမ်တွင်းမှာ ကာလ ကြာရှည်စွာ မြတ်နိုးတွယ်မက်စွာ ရှိနေပါသည့် သူ၏ ကြွေရုပ် လေးအဖြစ်သာရှိနေခြင်းသက်သက်ဖြစ်ပါ၏။

"မဟုတ်သေးဘူး ဒက်ဒီ၊ ငွေလေးဟာ သားတို့ အရိပ်မှာ သားတို့ကို အားကိုးပြီး နေနေရတဲ့သူလေးဖြစ် နေတယ်၊ သူ့ဆန္ဒက အရေးကြီးပါတယ် ဒက်ဒီ၊ ဒက်ဒီ ကျေးဇူးကြောင့် သားကို မငြင်းပယ်ရဲဘဲ လက်ခံလိုက် ရတာမျိုး မဖြစ်အပ်သဂို ဖြစ်လဲမဖြစ်ချင်တာ သားရဲ့ ဆန္ဒပါ၊ ပြီးတော့ ငွေလေးဟာ အတော်ကြီးကို အမွေ အနှစ်တွေ ပိုင်ဆိုင်ရမယ့် ချမ်းသာတဲ့မိန်းကလေးတစ် ယောက် ဖြစ်နေတယ် ဒက်ဒီ၊ သား ငွေလေးကို လက် ထပ်တာဟာ အဲဒီချမ်းသာခြင်းတွေနဲ့ပတ်သက်နေတယ် လို့ အထင်ခံရမှာကို လိပ်ပြာမသန့်ဘူး ဒက်ဒီ၊ ပြီးတော့ ကျေးဇူးတရားကို အပိုင်အနိုင်ကိုင်ထားပြီး လက်ထပ်ယူ တယ်လို့လဲဖြစ်မှာကို စိုးရိမ်ပါတယ်"

ဟု သူပြောတော့ ဒက်ဒီ သူ့ဘေးမှာ လာရပ်သည် သူ့လက်မောင်းကို ဆုပ်ကိုင်လာပါ၏။ ပြုံး၍ သားဖြစ်သူ ကြည့်သည်။ ပခုံးကိုလည်း ပုတ်လိုက်ရင်းမှ…။

"သားဟာ ဒက်ဒီ့သားပါကွယ်၊ ခန့်လေးရဲ့ ရင် ထဲကို ဒက်ဒီ မမြင်ရင် အဲဒီရင်ထဲက စာလုံးတွေ၊ စကားလုံးတွေကို ဒက်ဒီမှ မမြင်ရင် မဖတ်တတ်ရင်၊ ဘယ်သူက မြင်မလဲ ဖတ်တတ်နိုင်စွမ်းမလဲ သား"



ဟု ဒက်ဒီ ပြောလာတော့ သူတစ်ချက် အနေခက်ချင် ၏။ ရှက်ချင်၏။ မျက်နှာထားရခက်လျက် မျက်နှာကို တတ်နိုင် သမျှ ခပ်လွှဲလွှဲပြုရသည်က ရှက်စိတ်သည်းနေရှေ့ပါ။

ဖေဖေသည် သားဖြစ်သူ၏ နှလုံးသားကို သိမြင်နေနှင့် ခဲ့ချေသည်တကား။

ဖခင်ရှေ့တွင် အနေခက်စွာ ရှက်စိတ်ဖြင့် သူ ခေါင်းငုံ့ နေလိုက်မိရပါ၏။

တကယ်တော့ သူသည် ငွေလေးကို မြတ်နိုးစွာချစ်နေမိ သည်ဆိုရာ၌ သံယောဇဉ်ကြီးစွာချစ်ရပါသည့် အချစ်။ ကြင်နာစွာ ချစ်ရပါသည့် အချစ်။ သနားစွာချစ်ရပါသည့် ကရုဏာ။ စိတ် အေးချမ်းစေလိုသည့် ဓာဖြင့် အလိုလိုက်စိတ်ရှည်ပေးတတ်မြဲဖြစ် နေပါသော ဖြည့်ဆည်းခွင့်လွှတ်တတ်ပါသည့် အချစ်များဖြင့် နက် နက်ရှိုင်းရှိုင်းကြီးချစ်နေမိရချေသည်မို့ သူ၏ ချစ်ခြင်းများကို ဒက်ဒီ သိမိချေမည်သာ။

ဒက်ဒီ သူ့ပခုံးကို ချစ်စနိုးပုတ်သည်။ ခေါင်းကိုလည်း ဖွဖွလက်ဖြင့် ဆံစတွေကြားထဲ ထိုးသွင်း၏။ ရယ်သံခပ်တိုးတိုး ဖြင့် ဒက်ဒီရယ်သည်ကိုက သူ အနေကျို့နေသမျှ နည်းနည်းသက် တောင့်သက်သာ ဖြစ်လာစေအောင်ပါ။

"ဖေဖေက သားပြောတဲ့စကားတွေကို ဒက်ဒီ နားလည်ပါတယ်၊ အချုပ်ဆိုရရင် ငွေလေး သားနဲ့ဒက်ဒီ တို့အပေါ် အထင်လွဲမှာကို စိုးရိမ်တယ်မဟုတ်လား၊ သားရဲ့ချစ်ခြင်းကို အထင်လွဲသွားမှာ အဖြစ်မခံနိုင်တာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ ဒါ လေးလေးနက်နက်ထားပြီး ချစ်မြတ်နိုး သူတွေမှာ ဖြစ်တည်ခံစားရတတ်တဲ့ စိုးရိမ်စောပဲ သား၊ ကိုယ့်ရဲ့ချစ်ခြင်းကို အပွင့်းပဲ့မခံချင်တာကြောင့်လဲ ဖြစ်မှာ ပေါ့လေ၊ ဒါပေမဲ့ ခု ဒက်ဒီ သားကို ငွေလေးနဲ့ နေရာ ချပေးလိုတဲ့ဆန္ဒဟာ ဒက်ဒီတစ်ယောက်တည်းရဲ့ ဆန္ဒ မဟုတ်ဘူးလေ၊ ငွေလေးရဲ့ဖေဖေကိုယ်တိုင်က အလေး အနက် မှာခဲ့တဲ့ကိစ္စ ဆန္ဒ၊ ငွေလေးလဲ နားလည်မှာပါ''

ဟု ဒက်ဒီပြောတော့ သူ သက်ပြင်းရှိုက်သည်။ ဒ
ကို စိုးရိမ်တကြီး ပြောမိသည်က…။

''မဟုတ်သေးဘူး ဒက်ဒီ၊ ငွေလေးဆန္ဒမပါဘဲ အားနာလို့၊ မငြင်းရဲလို့၊ မငြင်းရက်လို့ လက်ခံလိုက်ရ တာမျိုး ဖြစ်မှာကို သား စိုးရိမ်တယ် ဒက်ဒီ''

ဟု အလောတကြီး ပြောမိရစဉ်ခိုက် သူ့အသံတွေ
နေသည်။ ငွေလေးနှင့် ဝေးမှာကို ဝေးရမှာကို အရမ်းစိုးရိမ်
ချားနေရပါသော သူကိုယ်တိုင်ကပဲ ငွေလေးနှင့် လက်ထပ်
ကိစ္စကို အလွယ်တကူ ခေါင်းမညိတ်နိုင်ဘဲ ငြင်းပယ်ခြင်း
နှယ်နေသည့် စကားတွေကို ပြောနေရသည့်အတွက် သူ၏နှ
တွေမှ ပြုန်းပြုန်းမကြေလျှင် မည်သို့ မကြေဘဲ ခံနိုင်စွမ်း
လဲလေ။ နှလုံးအိမ်ကို ထုတ်ပေးရသည်သို့ သူ ခံစားနေရ
ပဲ။ ဒါပေမဲ့ သူ၏ချစ်ခြင်းသန့်သန့်စင်စင်ကို အစွန်းထင်
သည့်နှယ်ပင် ငွေလေး၏ မချစ်ဘဲ လက်ခံသည့်အဖြစ်ကို
သူ၏နှလုံးအိမ်က လက်မခံနိုင်ဘဲဖြစ်နေသည်က အမှန်



''သားကြောင့် ငွေလေးစိတ်ဆင်းရဲမှာကို သား စိုးရိမ်တယ် ဒက်ဒီ၊ သူ…သူ…မချစ်ဘဲ သားကို လက်ထပ်လိုက်မှာကို သား အကြောက်ဆုံးပါပဲ၊ ဒါဆို သူနဲ့သားရဲ့ အိမ်ထောင်ရေးဟာ သေဆုံးနေတဲ့ နှလုံး သားနှစ်ခုနဲ့ တည်ဆောက်ထားရသလို ဖြစ်နေမှာ အမှန် ပဲ၊ ကိုယ့်ကိုမချစ်ဘဲလက်ထပ်ထားတဲ့ဇနီးသည်ကို ကြည့် ပြီး သားရဲ့နှလုံးသားလဲ ကြေကြေကွဲကွဲ ခံစားရင်း သေဆုံးနေရသလိုဖြစ်နေမယ်၊ ငွေလေးဘက်ကကျတော့ လဲ မချစ်မနှစ်သက်သူနဲ့ ကျေးဇူးမျက်နှာထောက်ပြီး၊ ဖခင်စကား နားထောင်ပြီး လက်ထပ်လိုက်တာမျိုး ဖြစ် နေရင် သူ့ နှလုံးသားလဲ သေဆုံးနေသလို ဖြစ်နေမှာပဲ ဒက်ဒီ''

ဟု ပြောရင်း သူ ခေါင်းခါသည်။ ထိထိခိုက်ခိုက်လည်း ဒက်ဒီ့ကို ကြည့်သည်။ သူ့မျက်ဝန်းဝယ် မျက်ရည်တွေဝဲ
တ်လာနေပြီ။

''အဲဒီလို ငွေလေးတစ်မျိုးထင်မှာကို တွေးပြီး စိုးရိမ် ချောက်ချားရင်း သားရဲ့ နှလုံးသားနဲ့သားဟာ အမြဲတမ်း ကြေကြေကွဲကွဲနဲ့ တုန်လှုပ်ချောက်ချားနေခဲ့ရတာ ကြာလှ ပါပြီ ဒက်ဒီ၊ ပင်ပန်းလှပါပြီ၊ ဒါပေမဲ့ သား ငွေလေး ကို ချစ်တဲ့စကားကို မပြောရက်နိုင်တာက သူ စိတ် ဆင်းရဲမှာစိုးလွန်းလို့၊ ပြီးတော့ သူ ငြင်းလိုက်မှာကိုပဲ လန့်နေရလွန်းလို့ဖြစ်နေသလို၊ သူ…သူ…မချစ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



လက်ခံလိုက်မှာကိုလဲ တုန်လှုပ်ချောက်ချားနေလို့ပါပဲ ဒက်ဒီ''

ဟု ပြောလိုသမျှစကားတွေကို မျိုသိပ်ကာ သူကျဉ်း လှောင်ပိတ်နေသူတစ်ယောက်၏ ကြေကွဲမှုများဖြင့် ခြေလှမ်း ကြီးနှင့် အခန်းတွင်းမှ ထွက်လာမိခဲ့ရပါပြီ။

ငွေလေးကို ဆုံးရှုံးလိုက်ရမှာ အကြောက်အကန် ဆန်ချောက်ချားနေသော နှလုံးသား၏ ငိုကြွေးသံကို သူ ကြ ရသည်သို့ရှိ၏။ ထို့နှယ်ပင် ငွေလေး၏ အထင်လွဲမှုကို ခံနိုင် မရှိသော သူ၏ ချစ်ခြင်း။

သူ၏ နှလုံးအိမ်နှုနှုစင်စင်ကပင်လျှင် ငွေလေးကို ထပ်လိုသည့် မျှော်လင့်ခြင်းများကို ရပ်တန့်ပစ်နေစေကြချေ ကောလေ။ သူ ဆောက်တည်ရာမဲ့ ခံစားနေရသည်က ရှုံးသွ တော့မည့်အလား နက်ရှိုင်းပြင်းထန်လွန်းနေသည်မှာ အမှန်ပါတ

ထိုဝေဒနာသည် ချစ်ခြင်းနှင့်အမျှ ပြင်းထန်မှုအင်အာ ကြီးမားလှချေသည့်အဖြစ်။

နှလုံးသားသွေးကြောမျှင်တို့ ပြတ်တောက်ကုန်သည် ရှိ၏။



''အေးဟာ…အစကတည်းက နင်ပြောပြထားလို့ ဒက်ဒီက နင့်ကို သမီးလေးလို ဖစ်တိုးရီးယားမှာ ခေါ် မွေးထားတာ ကိုကိုက နင့်ကို အရမ်းအလိုလိုက် ဂရု စိုက်တာ၊ နင့်ကို ဒက်ဒီရော ကိုကိုအေးချမ်းခန့်ရော သိပ်ချစ်ကြတာ ငါတို့နှစ်ယောက်စလုံး သိထားကြပြီး ပြီပဲ၊ ဒါပေမဲ့ နင့်မှာ မိဘရင်းတွေ နင့်အရွယ်ငယ်ငယ် ကတည်းက ဆုံးပါးကုန်ကြတဲ့အတွက် ဝမ်းနည်း၊ စိတ် ထိခိုက်ဖို့ကောင်းတာ မှန်နေပေမယ့် ခုလို နင့်အပေါ် အရမ်းချစ်၊ ဂရုစိုက်တဲ့ မေတ္တာရိပ်မှာနေရတာကိုတော့ နင်ကံကောင်းတယ်လို့ ငါတို့ပြောခဲ့ကြဖူးတာ နင်လဲ သိနေတာပဲ ငွေလေး၊ အင်း…ခုလို နင့်ဖေဖေနဲ့မေမေ့ ဓာတ်ပုံကြီးကို တွေ့ရပြန်တော့လဲ နင် မပြောနဲ့ ငါတို့ တောင် ဝမ်းနည်းလာမိကြတာတော့ အမှန်ပဲ၊ နင်က နင့်မေမေနဲ့ပိုတူတယ်ဟ''

ဓာတ်ပုံကြီးကို ငေးကြည့်၍ နုနုနွယ်ပြောတော့ ရီရီဦး း မျက်နှာငယ်လေးဖြင့် ဓာတ်ပုံကြီးကို လိုက်ငေးကြည့်နေ ပါပဲ။ ငွေလေးမှ အခန်းထဲခေါ်လာပြီး ဖေဖေနှင့်မေမေ့ဓာတ်ပုံ ကို ပြခြင်းပါ။ ခုတင်ထက်တွင် ခပ်ကုပ်ကုပ်လေး ဒူးလေး ပင်ပိုက်သိမ်း၍ ထိုင်ရင်း ရီရီဦး ငြိမ်နေသည်နွယ် ကလား

www.burmeseclassic.com

www.burmeseclassic.com



ထိုင်တွင် ငြိမ်ကျနေသည်က နုနုနွယ်ပါတည်း။ ငွေလေးမှ မူလ
တန်းကျောင်းသူဘဝကတည်းက အတန်းအတူနေခဲ့၊ ခုလည်
တက္ကသိုလ်မှာ စီးပွားရေးတက္ကသိုလ်တက်တာချင်း တူခဲ့ကြရပ
သည့် ရီရီဦးနှင့်နုနုနွယ်ကိုတော့ အရမ်းလည်းခင် ချစ်လည်းချ
သည်မို့ ငွေလေး၏ ဘဝဖြစ်စဉ်မှန်သမျှကို တက္ကသိုလ်ကျောင်း
ဘဝရောက်တော့ ဖွင့်ပြောပြခဲ့ပါ၏။ အစက မိဘရင်း အစ်
ရင်းဟုပဲ ထင်ထားကြပါသည့် နုနုနွယ်နှင့် ရီရီဦးမှာ ထိုစဉ်အ
တုန်းက ဟင်ခနဲ အံ့အားအသင့်ကြီးသင့်သွားခဲ့ရသည် မဟုတ်
လား။ ခုလည်း ငွေလေး ဖေဖေနှင့်မေမေ့ဓာတ်ပုံကြီးကို ငြိမ်
သည်ပါပဲ။

"အင်း…"

ရီရီဦးမှ သံရှည်လေးဆွဲ၍ တစ်ချက်ညည်းသည်။ မျ
မှန်ကို လက်ညှိုးလေးဖြင့် ပင့်၍ ဓာတ်ပုံကိုတစ်ချက်ထပ်ကြ
ကာ…

"မနေ့ကမှ နင် ဒီဓာတ်ပုံကြီးကို တွေ့ရတာဆို
တော့လဲ အေးဟာ…ရင်ထဲမှာ ငါတောင်မှ ကြေကွဲ
နေသလိုလို၊ ဝမ်းနည်းနေသလိုလို၊ ငိုချင်နေသလိုလိုပါပဲ
ဟာ၊ နင် မနေ့က အရမ်းကိုငိုမိတယ်ဆိုတာ ငါ စာနာ
မိပါရဲ့၊ အေးဟာ…နင့်အဖြစ်က ဆန်းတော့အဆန်း၊
မိဘရင်းက နင် ငယ်ငယ်မှာပဲ ဆုံးပါးကြတယ်၊ ဒါပေမဲ့
နင့်ကိုအရမ်းချစ်၊ အရမ်းဂရုစိုက်တဲ့ ဒက်ဒီတို့ဆီကို နင်
ရောက်ရပြန်တယ်၊ ကံလဲဆိုးတယ်၊ ပြီးတော့ ကံလဲ



ကောင်းနေပြန်တယ်နော်၊ နင့်ကို ဒက်ဒီကရော၊ ကိုကိုက
ရော အရမ်းချစ်တာဟ၊ ပြီးတော့ ကိုကိုဆိုပြီး ငါတို့က
သာ နင့်လေသံလိုက်နှင်းပြီး ကိုကို့ကွယ်ရာမှာရော၊
သူ့ရှေ့မှာပါ ခေါ်ခဲ့ကြတာ မှန်ပေမယ့် ကိုကို အရမ်း
အနေတည်တာ၊ အရမ်းတည်ကြည်တာက လေးစားဖို့
ကောင်းတယ်"

ဟု နုနုနွယ်ပြောတော့ ရီရီဦး တစ်ချက်မသိမသာ ချောင်း
ဆန့်သည်။ ထုံးစံအတိုင်း တစ်ခုခုတော့ နောက်တောက်တောက်
ပြုပ်ချေတော့မည်ဟု ငွေလေး နားလည်လာမိရပါ၏။ ခုလို စိတ်
ကောင်းစရာတွေ တွေးပြီး ငြိမ်ကုပ်နေတာမျိုးကို ကြာရှည်ကြီး
တော့ ရီရီဦး မဖြစ်စေချင်။ အာရုံပြောင်းအောင် ရယ်စရာပြောရင်း
စိတ်လက်ပေါ့ပါး ကြည်စင်လာအောင် ကြိုးစားချေတော့မည်ထင့်။

"သတိထား ငွေလေး၊ ခုတလော ဟင်းနုနွယ်တစ်
ကောင် ကိုကို့ကောင်းကြောင်းတွေ အရမ်းပြောပြောနေ
တာတော့ အမှန်ပဲဟ၊ သူ့အိမ်နီးချင်း ကောင်းမြတ်ကို
နင် သိတယ် မဟုတ်လား၊ သူ့အစ်ကို ကောင်းသန့်ဆို
တာက ကိုကိုနဲ့တူတူ လောအောင်ထားတာ၊ ခု ချိန်ဘာ
ဆင်းနေကြတာလဲ တူတူပဲတဲ့၊ ကိုကို စာတော်တာတွေ
ဘာတွေကိုလဲ အစ်ကိုကောင်းသန့်က သူ့ညီကောင်းမြတ်
ကို ပြောပြောပြတယ်တဲ့၊ အဲဒါ ကောင်းမြတ်က ဟင်း
နွယ်ကို ပြောပြတယ်လေ၊ သူက ဒီလိုရှိတယ်ဟ၊
ကောင်းမြတ်က ကိုကို့ကို စိတ်ဝင်စားတယ်၊ ကိုကိုနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်လို့ သူ့အစ်ကိုကောင်းသန့်က ပြောပြတာတွေ ရှိရင် တကူးတက ဟင်းနုနွယ်ကို ပြောပြောပြတယ်ဟ၊ ဒါမှ သူဟာ ကိုကို့ကို အရမ်းလေးစားနေတယ်ဆိုတာ နင်သိမှာပေါ့ မဟုတ်ဘူးလား၊ ဟင်းနုနွယ်က နင့်ကို ပြန်ပြောစေချင်လို့ဆိုပါတော့၊ ဒီသဘောက ရှင်းပါတယ်၊ သူက…အဲ…ကောင်းမြတ်က နင့်ကို စိတ်ဝင်စားနေတဲ့ သဘောမှာ ရှိနေတယ်"

ဟု ရီရီဦးပြောတော့ ဟင်းနုနွယ်အမည်ခံနုနုနွယ်မှ…။

"ဟုတ်တယ်၊ အဲဒီသဘောပဲ၊ နင့်အကြောင်းအရမ်း မေးတာဟ၊ သူက ငါတို့အိမ်ကိုကပဲ၊ ဒါပေမဲ့ သူက ငါတို့ထက်တစ်တန်းပိုကြီးတယ်၊ ကိုကောင်းမြတ်လေ ဟာ၊ ကော်ရေတာမှာ ခဏခဏလာလာရပ်ပြီး ငေးငေး နေတဲ့ ကိုကောင်းမြတ်၊ နင့်ကို ငါပြောပြောပြဖူးပါတယ်၊ အဲဒီ ကိုကောင်းမြတ်ဆိုတာ ငါ့အိမ်နီးနားချင်းဆိုတာလေ၊ နင့်ကိုလာကြည့်…အဲ…ငိုးနေတယ်ထင်တယ်ဆိုတာလေ"

"ဟာ…ဘာမှန်းလဲ မသိဘူး၊ အဲဒီဥစ္စာပဲ ပြောချင် နေတာပဲ၊ မိဟင်းချိုနော်…နင့်ကို အောင်သွယ်ခ ဘယ် လောက်ပေးထားလို့ ဒီလောက် ကြိုးစားပန်းစား ဒီအ ကြောင်း ပြောနေချင်ရတာလဲ"

ဟင်းနုနွယ်အမည်ရ နုနုနွယ်မှာ ဟင်းနုနွယ်ဟင်းချိုဖြစ် လိုက်။ အစိမ်းကြော်ဖြစ်လိုက်နှင့် ခဏခဏ ဟင်းခွက်ထဲရောက် ရောက်နေရသည့် နာမည်ပိုင်ကြီးဖြစ်နေရချေသည်တည်း။ ဘာပဲ



ပြောပြော ရီရီဦးကတော့ ဟက်ခနဲ ရယ်၍…။

"ဟင်းနုနွယ်က နင့်ကို အောင်သွယ်လုပ်နေသလို လိုနဲ့ သူ့ဘာသာသူ အောင်သွယ်လုပ်နေတာဟ၊ သူက ကိုကို့အကြောင်းများပြောရမယ်ဆိုရင် ထမင်းမေ့ဟင်းမေ့ အဲသလိုဖြစ်နေပြီ၊ ခုလဲ နင် သတိထားပေတော့၊ မိဟင်း ချိုကတော့ ကိုကို့ဘေးမှာ ငါးဟင်းက အရိုးတွေဘာတွေ ထွင်ပေးချင်နေတဲ့သဘောသက်ရောက်စပြုနေပြီဟ၊ အဟက်ဟက်…"

ဟု ပြောတော့ ငွေလေးတစ်ချက်အော်ရယ်မိသည်။ နုနု နွယ်မှာ မျက်နှာကြီးရဲ၍ ရှက်အမ်းအမ်းဖြင့်…။

"ရီမြူးနော်…သိပ်အူမြူးပြမနေနဲ့၊ ကိုကို့ကို ငါက အစ်ကိုကြီးလိုပဲ သဘောထားတာ၊ ရှိသေလို့ကို မဆုံး ဘူး၊ မတော်တဆ ကိုကို ကြားသွားရင် ငါ့ကို ကြည့် တောင်ကြည့်တော့မှာ မဟုတ်ဘူး၊ သူ့ခမျာ မျက်နှာပူရှာ မှာ၊ ဘယ်ကောင်းမလဲ၊ ကိုကို့အိမ်ကိုလဲ လာသေးတယ်၊ ကိုကိုမျက်နှာပူအောင်လဲ လုပ်တယ်ဆို မကောင်းဘူး၊ ရီမြူးနော်…နောက်ကို အဲသလို မနောက်ပါနဲ့"

"အဟက်…ဟာက်…သူ့ကို မကြည့်မှာကျတော့ လန့်နေသား၊ စိတ်ချ ဒီစကားမကြားခင်ကတည်းကိုက နင့်ကို ကိုကိုက ကြည့်ဖူးတာ မဟုတ်ဘူး၊ သူ ကြည့် ကြည့်နေတာတစ်ခုပဲရှိတယ်၊ စာအုပ် အဟက်…

နောက်ဆုံးတော့ တဟက်ဟက်ရယ်ရင်း ရီရီဦး ခါးဆန့်

www.burmeseclassic.com

www.burmeseclassic.com



၏။ လက်မောင်းကို ကွေးလိုက်ဆန့်လိုက်ဖြင့် အကျောဆန့်၏။

"တစ်ခုခုသွားစားကြရင်ကောင်းမယ်ဟာ၊ ကဲ…
အောက်ထပ်မှာ ဘူဖောင်းမှုတ်ပြိုင်ကြဖို့ရှိတယ်ဆို၊ သွား
မှုတ်ပြိုင်ကြရအောင်"

ကလေးတွေပျော်ကြအောင်ဟုဆိုကာ ဒေါ်ကြီးက ဘူဖောင်းမှုတ်ပြိုင်ခိုင်းမည်တဲ့။ အပေါ်ထပ်သို့ ငွေလေးတို့ တက်မလာခင်လေးမှာပဲ မှာသည့်လေ။ နောက်…မဲနှိုက်ကြမည်တဲ့။ စားပွဲရှည်ကြီးထက်မှာ အစီအရီရှိနေသည့် အထုပ်လေးတွေမှာ နံပါတ်တွေရှိသည်လေ။ မဲနှိုက်၍ ပေါက်တာကို ယူကြရမည်။ ဒါ ကိုကို စီစဉ်ထားခြင်းဆိုတာ ငွေလေးသိထားသည်ပါပဲ။ စောစောက နုနုနွယ်နှင့် ကိုကို့ကို ရီရီဦးမှ နောက်သလိုလိုလေး ပြောတော့ ငွေလေးရင်ထဲမှာ ဝမ်းနည်းအားငယ်ချင်နေ၏။ ကိုကို နုနုနွယ်ကို သဘောကျသွားမှာ၊ ချစ်သွားမှာကိုလည်း စိုးရိမ်ချင်သည်။ နုနုနွယ်ကို မုန်း၍ မဟုတ်ပါ။ ငွေလေးမှ ကိုကို့ကို မခွဲနိုင်တာပဲလေ။ ကိုကိုများ မိန်းမယူသွားလျှင် ငွေလေး အရမ်းကို ဝမ်းနည်းမှာသေချာနေပြီးပြီ။ ကိုကို့မိန်းမက ငွေလေးကို ကြည့်မရပြုမရဖြစ်လျှင် ငွေလေးပဲ ကိုကိုနှင့်ခွဲနေပေးလိုက်ရမှာ သေချာသည်လေ။

"ငါကတော့ ကိုကို့ကို သဘောကောင်းတဲ့မိန်းမ
နဲ့ပဲ ရစေချင်ပါတယ်ဟယ်"

ဟု ပြောသံလေးက တိုးတိမ်လျက် ရင်ထဲက ငိုချင်နေတာပဲရှိနေသည့်အဖြစ်။



"အေး…ဒါဆိုရင် ငါတို့နှစ်ကောင်စလုံးက ဆိုးတယ်ဟာ၊ မုန့်လဲ အစားကြမ်းတယ်၊ အိမ်အလုပ်တွေဘာတွေလဲ သိပ်ပြီး ကျွမ်းကျွမ်းကျင်ကျင် မလုပ်တတ်ဘူး၊ အိမ်က အဒေါ်အပျိုကြီး ချက်တာတွေကို စားကောင်းတိုင်းမှိန်းပြီး အုပ်နေကြတာ၊ အပျင်းလေးဘာလေး နည်းနည်းထူတတ်တာရယ်၊ ကားတစ်စီးနဲ့ မုန့်စားထွက်လိုက်၊ အဝတ်အစားဝယ်လိုက်နဲ့ လုပ်တတ်တာရယ်၊ အဲဒါတွေရှိပြီးတော့ အိမ်က မိဘတွေကို ဆိုးခဲတန့်တတ်တာကို အလယ်မှာထားပြီး၊ အိပ်ရာဝင်စော အိပ်ရာထနောက်ကျတတ်တာတွေနဲ့ အဆုံးသတ်လိုက်ရရင်ဖြင့် ငါတို့ကတော့ ကိုကိုနဲ့ လုံးဝ အဲ…ဆုံရန်မရှိ၊ အဲသလိုရှိတယ်"

ဖျတ်ခနဲ ဝမ်းသာသွားသည်က ငွေလေးပါ။ တကယ်ပဲ နုနုနွယ်နှင့် ရီရီဦး အောင်သွယ်ပေးတာ မဟုတ်ပါဘူးလေဟု နားလည်လိုက်ရချေသည်ကိုး။ သူငယ်ချင်းတွေ ငွေလေးကို ချစ်၍ နောက်နေကြခြင်းပေပဲဟု နားလည်နေမိရရင်းမှ ထိုသို့နှုတ်ဖြင့် နောက်တေးတေးလုပ်တာလောက်နှင့်ပင် ငွေလေး ရင်ထဲမှာ ကြေကွဲနာကျင်နေရ၊ ဝမ်းနည်းနေရတာက ဆိုးဆိုးဝါးဝါးကြီးပါလားဟု နားလည်လာနေမိရပါသည့်အဖြစ်။ ကြေကွဲရှိုက ရင်နှင့်ခမျှ။

"ဒါပေမဲ့ သဘောကောင်းတဲ့သူတော့ ရှာသေးတယ်၊ ငါ့အဒေါ်အပျိုကြီးလေ၊ အဟဲ…ဘယ့်နှယ်လဲ၊

www.burmeseclassic.com



ခြောက်နှစ်လောက်ပဲ ကြီးမှာပါဟာ၊ ဆရာဝန်ဟ"

ဟု ဆက်ပြောနေတော့ ငွေလေး မျက်ရည်လည်လာသည်။ ရီရီဦး၏ အန်တီမွှေးဆိုတာ ရုပ်ရည်လေးချောညက်နေသည့် ဆရာဝန်ပါ။ ဆံပင်ကလည်း အရှည်ကြီး။ သွယ်နွဲ့နွဲ့လေးဖြင့် သဘောလည်းအရမ်းကောင်းသည်မှာ အမှန်။

"ဘယ့်နှယ်လဲ၊ အောင်သွယ်လုပ်ငန်းလုပ်ကြမလား၊ ဒါမှ နင်နဲ့ငါနဲ့ ပိုပြီး အမျိုးတွေပိုရင်းသွားကြရမှာ၊ အိမ်ကို ကိုကို့ကို နင်ခေါ်လည်ပါလားဟ"

ဟု ရီရီဦး ပြုံးစေ့စေ့ဖြင့် ပြောတော့ ငွေလေး ခေါင်းလေးမော့ကာ…။

"ငါ အောင်သွယ်အလုပ်ကို ဝါသနာမပါဘူးဆိုနော်…လုံးဝမပါဘူး၊ လာ…အောက်ထပ်ဆင်းကြမယ်"

ဟု ပြော၍ ထရပ်တော့ ရီရီဦး ရယ်၍ ငွေလေး၏ခါးလေးကို ဖက်ကာ…။

"သူ့အစ်ကိုကို အရမ်းနှမြောတာပဲဟော့"

ဟု ဆက်ပြောနေသေးသည့်အဖြစ်။ အလိုက်ကမ်းတရားကို မသိဘူးဟု ငွေလေး မငြိုငြင်စဖူး ငြိုငြင်စိတ်ဖြစ်လာရပါပြီ။ ဘာဖြစ်နေပါလိမ့်ဟုလည်း ငွေလေးဘာသာ အံ့သြနေမိရပါ၏။ ကိုကိုနှင့်ပတ်သက်လာလျှင် ငွေလေးရင်ထဲမှာ အင်အားကြီးမားသော ဝန်တိုခြင်းက ထုထည်နှင့်ရှိနေချေသည်ကောလေ။

ငွေလေးမျက်ရည်ဝဲလျက် ရှေ့မှ ပြေးထွက်တော့ နောက်မှနှစ်ကောင်သား ပြေးလိုက်လာကြပါ၏။ လှေကားထစ်တွေကို



ငွေလေး နင်းဖြတ်ပြေးဆင်းလာရင်း တစ်ဝက်ကျော်လာတော့ ရင်ထဲ နည်းနည်းဟိုက်ချင်လာသည်။ မောလိုက်တာဟု အံ့သြစွာပဲ ငွေလေးတွေးမိရပါ၏။ ဘာကြောင့် ခုတလော ငွေလေး မောချင်လာနေရပါလိမ့်။ ထိုအခိုက် ပေါ်တီကိုအောက်မှ ကားထွက်သွားသံကြားသည်မို့…။

"ဒက်ဒီ စက်ရုံကိုများသွားလိုက်သလားပဲ"

ဟု ငွေလေးတွေးမိသည်။ ဒက်ဒီ ဤနေ့မှာ အိမ်မှာပဲ နားမည် ရှိနေမည်ဟု မနေ့က ပြောထားသည်ပဲလေ။ ဖုန်းဆက်၍ စက်ရုံမန်နေဂျာကများ လှမ်းခေါ်၍ အရေးတကြီးကိစ္စကြောင့်များ ထွက်သွားချေသည်လား မသိ။ အောက်ထပ်ရှိ ထမင်းစားဆောင်သို့ဝင်တော့…။

"ဟော…ဆာကြပြီလား၊ အန်းထမင်းကတော့ဖြင့် ပူပူနွေးနွေးနဲ့ အသင့်ပါပဲတော်တို့ရေ၊ ကြက်သားဟင်းရယ်၊ ချဉ်ရည်ဟင်းရည်၊ အစိမ်းကြော်ရယ်၊ ဘာလချောင်ကြော်ရယ်၊ ငရုတ်တောင့်ကြော်ရယ်အသင့်"

ဟု ဒေါ်ကြီး ပြောသည်။ နောက် ပန်းသီးတွေကို အလုံးလိုက်ရေစင်စင်ဆေး၍ ကြွေပန်းကန်ပြားငယ်လေးမှာ စီရီထပ်၍ လှလှပပလေးတင်နေ၏။

"အစ်ကိုကြီးကတော့ ဘုရားခန်းတင်မှာပဲလား၊ စာကြည့်ခန်းမှာလား မသိဘူး ရှိနေမှာပါ၊ ခုနလေးကတော့ အရေးကြီးလို့တဲ့ ခုပဲ ကားနဲ့ထွက်သွားလေရဲ့၊ ကားနှင့်ကြတဲ့၊ သူ အပြန်နောက်ကျမယ်တဲ့၊ ဘာကိစ္စကြောင့်

www.burmeseclassic.com



မသိပေါင်ကွယ်၊ ကမန်းကတန်းပြောပြီး ထွက်သွားလေရဲ့၊ ဖုန်းများဆက်လာလို့လား မသိဘူး၊ သူ့သူငယ်ချင်းတွေဆီက ဖြစ်မယ်ထင်ပါရဲ့၊ အသေအချာတော့ အထပ်ထပ်မှာသွားတယ် ကလေးရဲ့၊ သူ့ကို ငွေလေး မစားဘဲ စောင့်မနေနဲ့တဲ့၊ မစားဘဲနေရင် ရင်ခံလိမ့်မယ်တဲ့၊ ငွေလေးတို့စားကြတော့မယ်ဆိုရင် အစ်ကိုကြီးကို ဒေါ်ကြီး သွားခေါ်လိုက်မယ်လေ''

ဟု ဒေါ်ကြီးပြောနေတော့ ငွေလေးရင်ထဲမှာ ဟာနေသည်။ ငွေလေးမွေးနေ့မှာမှ ကိုကိုရယ်ဟု ရင်ထဲမှ ဝမ်းနည်းထိခိုက်စွာ တွေးနေမိရပါ၏။ ဘာပဲဖြစ်ဖြစ် အားလုံးနှင့်မျက်နှာစုံညီပဲ ငွေလေး တူတူစားချင်သည်ပေါ့။ ဒါကို ကိုကိုသိပါသည်။ ငွေလေးနှင့်ပတ်သက်၍ ကိုကို အမြဲသိနားလည်ပေးနေတတ်သည်ပဲလေ။ ဘယ်က ဖုန်းပဲလာလာ ငွေလေး၏ မွေးနေ့ကို ကိုကိုပို၍ အလေးထားသင့်သည်ပေါ့။ ဦးစားပေးသင့်သည်ပေါ့။ ခုလိုကိုကို မပါဘဲ ငွေလေး စားသောက်ရမှာကို ရင်ထဲမှာ မကောင်းနိုင်ဘဲ စိတ်ထိခိုက်မှာကို ကိုကို သိထားပါလျက်ကယ်နှင့် ထွက်သွားရက်ချေသည်တဲ့လား။ ငိုင်ခနဲတစ်ချက် ငွေလေးဖြစ်သွားပြီးမှ ခေါင်းလေးပြန်မော့ကာ မျက်ရည်ဝဲလာနေရင်းဖြင့်...။

''ကိုကို ထမင်းရောစားသွားရဲ့လား ဒေါ်ကြီးရယ်''

ဟု မေးမိလိုက်ရသည်။ ကိုကိုဆာနေမှာဟု စိတ်ပူနေမိသည်လေ။

''အဲမယ်လေး...မနည်းကျွေးယူရတယ် ငွေလေး



ရေ၊ ဘာတဲ့ အဲ...သူငယ်ချင်းဆီက ဖုန်းလာတယ်ဆိုလား၊ သူ့ရှေ့နေဆရာကြီးက ခေါ်တယ်ဆိုတာကို ပြောတယ်ဆိုလား၊ ရှေ့နေဆရာကြီးကိုယ်တိုင်ကပဲ ခေါ်တယ်ဆိုလား၊ အဲဒါပြောတယ်၊ ဒေါ်ကြီးမှာက ပန်းကန်တွေ အဝတ်ခြောက်သုတ်နေရင်းက ကြက်မြစ်ကြက်သည်း ကြော်ထားတာကို ကြည့်ကြည့်နေရသေးတာမို့ သိပ်မသဲကွဲလိုက်ဖူး ငွေလေးရဲ့၊ အဲသလိုတော့ ပြောတယ်နဲ့တူပါရဲ့''

ဟု ဒေါ်ကြီးပြောတော့ ငွေလေးမျက်လွှာတစ်ချက်ချသည်။ ကိုကို မရှိဘဲ ငွေလေး ဤထမင်းပွဲမှာ ပျော်နိုင်မှာမဟုတ်တာကို ကိုကိုသိရက်နဲ့ဟု ထပ်၍ တွေးမိသည်ကိုက ဝမ်းနည်းပမ်းနည်းခံစားရင်းဖြင့်ပါတည်း။

''ကဲ...ခုလဲ မဆာကြသေးဘူး၊ မဆာသေးတာမို့ မစားကြသေးဘူးဟာ၊ ကိုကို့ကို တစ်ချက်စောင့်ကြည့်ကြသေးတာပေါ့၊ လောလောဆယ် ဘူဖောင်းမှုတ်ကြမယ်ဟာ၊ ပြိုင်မယ်၊ ငါးမိနစ်အတွင်း ဘူဖောင်းအများဆုံးမှုတ်နိုင်တဲ့သူကို အဲ...မှုတ်နိုင်တဲ့သူကို''

ဟု ဝင်ထိန်းသလို ပြောသည်က ရီရီဦးပါ။ ငွေလေးအရိပ်ကို မျက်နှာလေးညှိုးဖျော့မျက်ရည်ဝဲနေတာကို မြင်ရသောတည်းက ကိုကို့ကို စောင့်ချင်နေရှာမှန်း ရီရီဦး သိသည်ပေါ့။ ငွေလေးကို ဤနေ့မှာ ပျော်စေချင်၍လည်း စောစောကလည်း ရယ်စရာတွေ ရွှေးပြောခဲ့ခြင်းပါ။ ခုလည်း ငွေလေး စိတ်အာရုံ

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းအောင် ဘူဖောင်းမှုတ်မည့်ဘက်ကို ဆွဲ၍ ပြောခြင်း။ ကိုကို ကို စောင့်မည်ဟုလည်း ပြောခြင်းပါ။

ငွေလေး မနေ့ကတည်းက စိတ်အတော်ကြီး ထိခိုက်ခဲ့ ရှာတာကို ရီရီဦးရော၊ နုနုနွယ်ရော စောစောကပဲ သိခဲ့ရသည် မဟုတ်ပါလား။ ငွေလေး၏ ဖေဖေနှင့်မေမေ့ဓာတ်ပုံကြီးကို ပြန် ရှာစဉ်က ငွေလေး၏ မျက်ဝန်းများမှာ မျက်ရည်တွေ ပြည့်သိပ်၍ တဝေ့ဝေ့ဖြစ်နေခဲ့ရှာသည်ပဲလေ။

ဘူဖောင်းမှုတ်ကြမည့်နေရာအဖြစ် ဖျာတစ်ချပ်ကို ထမင်း စားဆောင်မှာပဲ ခင်းလိုက်ကြကာ ကလေးတွေလိုပဲ ဘူဖောင်းကို ပါးစပ်ဖြင့် ပါးတွေဖောင်းကားနေအောင် မှုတ်ကြသည်။ ဒိုင်အဖြစ် လေးလေးသိန်းကိုခေါ်၊ စားပွဲတင်နာရီကြီးကို ကိုင်ကာအချိန်စောင့် ကြည့်ခိုင်းကြပါသည့်အဖြစ်။ ကလေးတွေနှင့်ဒေါ်ကြီးရော၊ လေး လေးသိန်းရော ပျော်နေမိကြရပါပြီ။ ငွေလေးမှာ ဘူဖောင်းကိုမှုတ် နေရင်း ပို၍ မောချင်လာသည်။ ကိုကိုမပါသည့် ပွဲလေးကို စိတ်လည်းမပါ။ မှုတ်လက်စဘူဖောင်းကို မမှုတ်ဘဲ ရပ်ပစ်လိုက် သည်က ငွေလေးပါ။ နုနုနွယ်နှင့် ရီရီဦးတို့ကတော့ မျက်လုံး တွေပြူး၊ ပါးတွေဖောင်းပေါက်ကုန်မတတ် ဘူဖောင်းအပြိုင်မှုတ် နေဆဲ။ မြန်မြန်မှုတ်၊ သားရေပင်ကြိုးဖြင့် ဘူဖောင်းထိပ်မှာ ချည် ဖြင့် ပျာယာခတ်မျှသုတ်သုတ်နှင်နေကြသည့်အဖြစ်။

နောက်ဆုံးတော့ သုံးမိနစ်အတွင်းမှာ ရီရီဦးက ဘူဖောင်း လေးလုံး မှုတ်နိုင်ကာ နုနုနွယ်က သုံးလုံးပဲ မှုတ်နိုင်သည် ရီရီဦး နိုင်သည်။ ငွေလေးကတော့ ဘူဖောင်းတစ်လုံးပဲ မှုတ်နိုင်



ခဲ့သည်လေ။ ရီရီဦးရော၊ နုနုနွယ်ရော တမင်ပင် ငွေလေးက မွေးနေ့ရှင်ပေမို့ မမှုတ်ဘဲ လျှော့ပေးလိုက်ခြင်းဟု ထင်နေကြပါ၏။ ဘူဖောင်းမှုတ်ပြိုင်ပွဲမှာ နိုင်သူက လက်ဆောင်ပစ္စည်းတင်ထားရာ စားပွဲထက်မှ ကြိုက်သည့်လက်ဆောင်ပစ္စည်းထုပ်တစ်ခုကို ရွေး ချယ်ယူခွင့်ရှိသည်။ ဒါကြောင့်- အောင်နိုင်သူ ရီရီဦးမှ ခပ်ကြွား ကြွားလေး နုနုနွယ်ကို ကြည့်ကာ စားပွဲထက်မှ အကြီးဆုံးအထုပ် ကို ကောက်ကိုင်ပြ၏။

"ယူလိုက်ရမလား ဟင်းနုနွယ်"

"သိပ်လောဘကြီးတာပဲ၊ အထဲမှာ ပစ္စည်းက သေး သေးလေးဖြစ်နေမှ အီစကို မှားပါတယ် နုနုနွယ်ရယ်လို့ လာမညည်းပြန်နဲ့"

"ဟော့…ညည်းညျူတဲ့အလုပ်ကို လုံးဝ သိမ်ယော်ခြင်း ဖြတ်ထားတဲ့ ရီဦးကွ၊ ဒီအထုပ်ကို ယူမယ်၊ နင့်ရှေ့မှာ မဖောက်ဘူး၊ အိမ်ရောက်မှ ဖောက်မယ်၊ အကဲ့ရဲ့လဲ မခံနိုင်ဘူး၊ မနာလိုတာလဲ မခံနိုင်ဘူး၊ သေးသေးလေး ရရင်လဲ နင်က ငါ့ကို ကဲ့ရဲ့မယ်၊ အေး…သိပ်ကို ကောင်းတဲ့ပစ္စည်းဆိုရင်လဲ မနာလိုဖြစ်မယ်၊ နင့်ရှေ့ မဖောက်ဘူး"

"ဟော့…စည်းကမ်းရှိတယ်ဟ၊ စည်းကမ်း၊ ဖောက် ရမယ်၊ ခုဖောက်"

ဟု ပြောကြ ငြင်းကြနှင့် နောက်ဆုံးတော့ ရီရီဦး မျက်နှာ ငယ်လေးဖြင့် အထုပ်ကြီးကို ကိုင်မြှောက်လိုက်ကာ…။

www.burmeseclassic.com



"အိုပင်းဆီဆင်"

ဟု အလီဘာဘာကားထဲက သူခိုးကြီးလေးဆယ်၏ ဂူကို ဖွင့်ခိုင်းသည့် မင်းသား၏လေသံဖြင့် ပြောပြီးမှ ဖွင့်ကြည့်ပါ၏။ စက္ကူပြတ်တွေချာ၊ အထဲက ဥစ္စာကို ကြည့်ကြသည်က လေးလေးသိန်းပင် မနေသာ။ ဒေါ်ကြီးလည်း ပါသည်။ ဟင်ခနဲဖြစ်လျက် ရီရီဦး အထုပ်တွင်းမှ ဆေးတံလှလှလေးကို ကိုင်ကြည့်ကာ မျက်နှာတစ်ချက်ပျက်ချင်၏။

"အဟာစ်…ဟာစ်…ဦးစံရှားဟေ့"

ဟု ပြောပြီးမှ ပြောင်စပ်စပ်လေးလုပ်နေတော့ ရီရီဦး မျက်နှာလေးချိုကာ…။

"ဒီလောက်လှတဲ့ ဆေးအိုးတံလေးကို ငါ့ဖေဖေကို ပရဲဆင့်ပေးမှာပေါ့ ဟင်းနုနွယ်ရဲ့၊ ဖေဖေ ဆေးအိုးတံ သောက်တယ်လေဟာ"

ဟုပြောတော့ ဇဝိုးဇဝါးဖြင့် နုနုနွယ်မှ ကြည့်လာကာ…

"ဟင်…အန်ကယ်က ဆေးအိုးတံသောက်တယ်၊ ငါ မသိပါလား"

"ဖေဖေက အခန်းထဲမှာမှ သောက်တာ၊ ဘာလဲ နင့်ရှေ့မှာ ဆေးအိုးတံသောက်ပြနေရဦးမှာလား ဖေဖေက"

ဟု ပြန်ဟောက်သည်က ရီရီဦး။ တကယ်က ရီဦး၏ ဖေဖေ ဆေးအိုးတံဘယ်တုန်းကမှ သောက်ဖူးတာမဟုတ်။ အဖွဲ့ မပေးနိုင်၍ အဖေကို ဆေးအိုးတံသောက်စာရင်းသွင်းလိုက်ရခြင်း



ပါတည့်။

"နင့်ပစ္စည်းပဲ နင်ပေးတာ၊ ငါ့ဘာလို့ လာဟောက်နေရတာလဲ၊ အလကားနေရင်း သိပ်စွာမနေနဲ့"

ဟု နုနုနွယ်ပြန်စွာခိုက် ရီရီဦးကတော့ ဟန်အပြည့်ဖြင့် ဆေးအိုးတံလေးကို ဘူးလေးထဲ ပြန်ထည့်နေပါ၏။ ဒက်ဒီဆင်းလာသည်မို့ ငွေလေးမှာ ဒက်ဒီ့ထံသွားလိုက်မိကာ…။

"ကိုကို မရှိဘူး ဒက်ဒီရ၊ ကိစ္စရှိလို့တဲ့၊ သွားလိုက်တယ်တဲ့၊ ငွေလေးကိုလဲ စားနှင့်တဲ့၊ မစောင့်နဲ့တဲ့၊ အဲသလို ဒေါ်ကြီးကို မှာသွားတယ်တဲ့၊ ဘာမှန်းလဲမသိဘူး ဒက်ဒီရာ၊ ကိုကိုက ဘာမှန်းလဲ မသိဘူး"

ဟု မျက်နှာငယ်လေးဖြင့် မျက်ရည်ဝဲရင်း စိတ်ကောက်ချင်လျက် ပြောတော့ ဒက်ဒီတစ်ချက်တွေခနဲဖြစ်၏။ နောက်တော့ ချက်ချင်းပြန်ထိန်းကာ ရယ်လိုက်လျက် ငွေလေး၏ခေါင်းလေးကို ပုတ်ကာ…။

"ပြန်လာတော့ဆူ ဟုတ်လား၊ ဒီကောင် ဒက်ဒီ့ တောင်ပြောမသွားဘူး၊ ဘာတဲ့လဲ မမြိုင် ခန့်လေးက"

"မသိပါဘူး အစ်ကိုကြီးရယ်၊ ရှေ့နေကြီးက ခေါ်တယ်ဆိုလား၊ သူ့ငယ်ချင်းက ဖုန်းနဲ့ပြောလို့ဆိုလား၊ အဲသလိုတော့ပြောပါရဲ့၊ ကျွန်မ မသဲကွဲလိုက်ဖူး"

ဟု ဖြေသည်မို့ ဒက်ဒီတစ်ချက်မျက်နှာမကောင်း။ နောက်တော့မှ စားပွဲရှည်ကြီးဆီသို့ လျှောက်လာကာ…။

"လာကြကလေးတို့ သမီးလဲလာ၊ ဟိုသိန်းလဲ

www.burmeseclassic.com

www.burmeseclassic.com



လာ၊ မမြိုင်လဲလာ၊ မဲနှိုက်ကြ၊ ဒက်ဒီလဲနှိုက်မယ်၊ သမီး ကိုကို့အတွက်ကျတော့ သမီးက ကိုကို့ကိုယ်စားနှိုက်၊ ဟုတ်လား၊ ပြန်လာတော့ ကိုကို့မဲပေါက်ပစ္စည်းတွေ ပေးလိုက်၊ ဆူလဲဆူလိုက်၊ ဒက်ဒီလဲ ဆူမယ်၊ ဒါပေမဲ့ ငွေလေးရယ် ခန့်လေး တကယ့်ကို အရေးကြီးလို့ ဆရာ က ခေါ်လို့သွားတာနေမှာပါ၊ သမီးကို ဒီလောက်ဂရု စိုက်တဲ့ဥစ္စာကွယ်"

ဟု ဒက်ဒီပြောတော့ ငွေလေး နည်းနည်းစိတ်ပြေစ[ပြ] လာ၏။ ဝမ်းနည်းနေတာလည်း နည်းနည်းပြေသည်။ ငိုချင်နေ တာလည်း နည်းနည်းပြေသည်။ စိတ်ကောက်ချင်နေတာလည်း နည်းနည်းပြေကြသွားရသည်ပါပဲ ကိုကိုရယ်။ ကိုကို့အတွက် ငွေလေးက ကိုယ်စား မဲနှိုက်ပေးရမည်ဆိုတော့လည်း နည်းနည်း ရင်ထဲမှာ ပျော်လာသည်။ ကိုကိုပြန်လာမှ စိတ်လည်းကောက်မည်၊ လက်ဆောင်မဲပေါက်တာလည်း ပေးမည်။ ထို့သို့ဖြင့် စကား လေးတွေ ဝေစည်ရယ်မောရပါသော မဲနှိုက်ပွဲလေးစတင်ခဲ့ရသည် ပါပဲ။ လေးလေးသိန်းက နှုတ်ခမ်းနီတောင့်၊ စပို့ရှပ်တစ်ထည်၊ ဘီးတစ်ချောင်း၊ ကော်ယောက်ချိုဖွန်းကြီးတစ်ချောင်း၊ လက်ပ[ဝါ] နာရီတစ်လုံးမဲပေါက်သည်။ မဲလိပ်မှာပါသည့် ဂဏန်းနံပါတ်[နှင့်] သည့် ထုပ်ပတ်ထားသော ဘူးကို ဖွင့်လိုက်တိုင်း ရယ်သံ[တွေ] ဝေစည်၏။ နှုတ်ခမ်းနီတောင့်နှင့်ယောက်ချိုဖွန်းကြီးကို မြင်[တော့] ရယ်သံအညံဆုံး။ ဒေါ်ကြီးကျတော့ ပေါင်ဒါဘူးတစ်ဘူး၊ မျက် တောင်ကော့ကိရိယာလေးတစ်ခု၊ ဘူးပါတိတ်တစ်ထည်၊ ဖျာ

www.burmeseclassic.com



တစ်ထည်၊ စီးကရက်တစ်ဘူး မဲပေါက်သည်။ မျက်တောင်ကော့ ကိရိယာကို ပြန်ဝယ်မည်ဟု နုနုနွယ် ရယ်၍လှမ်းနောက်၏။ ဒေါ်ကြီး မျက်တောင်ကော့ပါလားဟု ရီရီဦးကတော့ ပေါ့ပါးစွာ ရယ်မောရင်းပြောသည်။ ပုဆိုးကိုတော့ လေးလေးသိန်းကိုပဲ ဒေါ် ကြီးက ချက်ချင်းပေးလိုက်သည်ပါပဲ။ လေးလေးသိန်းက ယောက် ချိုဖွန်းကြီးကို ဒေါ်ကြီးအား ပြန်ပေးနေသည်။ အပြန်အလှန်ပေး နေကြသည့် လေးလေးသိန်းနှင့်ဒေါ်ကြီးကို ကြည့်ကာ အားလုံး ရယ်မိကြသည်ပါပဲ။ ဆိုးသည်က ကြောင်အမ်းအမ်းဖြင့် လေးလေး သိန်း နှုတ်ခမ်းနီဘူးလေးကိုပါ ဒေါ်ကြီးကို ပေးသည်မို့…။

"အို…ဘာလုပ်ဖို့တုံး"

ဟု ဒေါ်ကြီးမျက်မှောင်တွန့်ပြောစဉ်ခိုက် ဒက်ဒီပင် မနေ သာ ရယ်မိပါသည့်အဖြစ်။ ဒက်ဒီကတော့ မေါက်မှုအထုပ်တွေ ဖောက်ပင်မဖောက်တော့ပဲ လေးလေးသိန်းကို ပေးလိုက်ကာ…။

"ကိုသိန်း ယူချင်တာယူ၊ ပေးချင်တာပေးလိုက်ပါ၊ ကဲ…ဆက်ပြီး မဲနှိုက်ကြ"

ဟု ပြော၍ ဝိုင်းထဲမှ ထွက်သွားပါ၏။

နုနုနွယ်က ဆွယ်တာတစ်ထည်၊ ကလစ်သေးသေးလေး တစ်ချောင်း၊ မှန်တစ်ချပ်၊ မိတ်ကပ်တစ်ဘူး၊ မုတ်ဆိတ်ရိပ်သည့် ဓါးခဲသုံးစက် ပေါက်သည်။

"ဟေး…ငါ့အဖေကို မျက်နှာလုပ်လို့ရပြီ"

ဟု မုတ်ဆိတ်ရိတ်စက်လေးကို ကြည့်၍ နုနုနွယ်အော်၏။ ပြန်ပေးမှာ သေချာသည်။ ရီရီဦးကျတော့ ဘောလ်ပင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ချောင်း၊ နေကြာစေ့တစ်ထုပ်၊ နာရီတစ်လုံး၊ ရယ်ဒီမိတ်အင်္ကျီတစ်ထည်၊ ရေမွှေးတစ်ပုလင်းပေါက်သည်။

''နေကြာစေ့တစ်ထုပ်ကလွဲရင် အားလုံး ငါသုံးလို့ဖြစ်တာချည်းပဲ၊ နေကြာစေ့တစ်ထုပ်ကတော့ နင့်ကို သနားစိတ်နဲ့ ကျွေးလိုက်ပါ့မယ်''

ဟု နုနုနွယ်ကို ရီရီဦး လှမ်းနောက်နေသေးသည်။

ငွေလေးပေါက်သည့်အထုပ်တွေကို ဖြေတော့ အားလုံးဝိုင်းကြည့်ကြသည်။

ဂဏန်းပေါင်းစက်ငယ်လေးတစ်ခု၊ အင်္ကျီချိတ်တစ်ခု၊ ရေမွှေးတစ်ပုလင်း၊ လက်ပတ်နာရီတစ်လုံး၊ ရယ်ဒီမိတ်အင်္ကျီတစ်ထည်။ ကိုကို့အတွက် ရည်စူး၍ နှိုက်သည့်ပေါက်မဲထုပ်တွေကို ငွေလေးဖြေကြည့်တော့ ပေါင်ဒါမှုန့်တစ်ဘူး၊ ပုလဲပုတီးတစ်ကုံး၊ နှက်ခမ်းဆိုးဆေးတစ်တောင့်၊ ဘူးပါတိတ်တစ်ထည်။

''ဟယ်…ငွေလေးအတွက်ချည်းပဲ ရွေးပေါက်သလိုပါလားဟဲ့''

ဟု ရီရီဦးရယ်၍ပြောတော့ ဒေါ်ကြီးရယ်သည်။

''အဲဒါပဲကြည့်…အဲဒါပဲကြည့်…ဒါတောင် သူကိုယ်တိုင် မနှိုက်သေးတာ မဟုတ်ဘူး၊ ခုကြည့် ငွေလေးအတွက်ချည်းဖြစ်နေရော၊ ခန့်လေးက ငွေလေးကို အရမ်းချစ်တာ၊ ဂရုစိုက်တာလေ''

ဟု ဒေါ်ကြီးရယ်၍ ကြည်နူးစွာပြောခိုက် ငွေလေးရင်ထဲတွင်လည်း ကြည်နူးနေမိရသည်ပါပဲ။



ကိုကို ငွေလေးကို အရမ်းဂရုစိုက်တာတွေ ဘယ်သူ့နှုတ်ကပဲဖြစ်ဖြစ် ထုတ်ပြောတာကို ကြားရလေလျှင်လည်း ငွေလေးခုလိုပဲ ပျော်မိတတ်၊ ကြည်နူးနေမိရတတ်သည်ပါပဲ။ ကိုကို ဂရုစိုက်တာကို ခံယူရတိုင်းလည်း ငွေလေး ကြည်နူးနေမိရစမြဲပါပဲ။ တကယ်တော့ ငွေလေးဆိုတာ ကိုကို့ကို အရိပ်ကြည့်သလို ကြည့်ကြည့်နေမိရသည့်ကိုက ကိုကို့မျက်ဝန်းတွေမှာ မြင်မြင်နေရပါသည့် အေးမြချမ်းငြိမ်းသော အကြင်နာကြည့်များ၊ ဂရုတစိုက် သိမ်မွေ့အလိုလိုက်စွာ ပြောဆိုပါသည့် ကိုကို့စကားသံများကို ကြားရလိုသော၊ မြင်နေရလိုသောတွေဖြင့် အရိပ်တကြည့်ကြည့် အားကိုးစွာ ကြည်နူးချမ်းမြေ့စွာ တမက်တမော ကြည့်နေမိရခြင်းဆိုတာ ငွေလေးနှလုံးအိမ်နုနုလေးသာလျှင် သိရချေသည်ကော ကိုကိုရယ်…။

တကယ်တော့ ငွေလေးဆိုတာ ကိုကို့ဆီက ရမယ့် ကြင်နာမှု၊ အလိုလိုက်မှုတွေကို ခံယူဖို့အတွက် သြော်…ကြည်နူးစွာ ချမ်းမြေ့စွာ၊ မျှော်လင့်ခံယူနေဖို့အတွက် လူဖြစ်လာရသလိုပါပဲလား ကိုကိုရယ်။

အဲဒီအရာတွေထက် ဘယ်အရာကိုမှ ငွေလေး မမျှော်လင့်ခဲ့ပါဘူး ကိုကို။ မမျှော်လင့်ထားပါဘူး ကိုကိုရယ်…။

www.burmeseclassic.com



"အပြန်ခရီးအတွက်ကတော့ ငါ ဟင်းနုနွယ်ရဲ့ ကားကို ကပ်မစီးတော့ဘဲ ငါ နင့်မာစီးဒီးကြီးပဲ စီးပြန်မယ်ဟာ၊ လိုက်ပို့၊ ပထမဆုံးအကြိမ်၊ နင့်ကားပေါ်ကို ဘေးက ထိုင်လိုက်သူအဖြစ် မှတ်တမ်းကျန်ခဲ့အောင်လို့"

ဟု ရီရီဦးပြောတော့ နုနုနွယ်မှ မျက်စောင်းခဲသည်။

"ဟွန်း…ကားသစ်ကြီးလဲမြင်ရော ငါ့ကားကို ကား သံဆူသလေးဘာလေးနဲ့ အပြစ်ဖို့မယ်တော့ မကြဲနဲ့၊ နင့်ကားလိုတော့ ဖိပ်ရှော့ခဏခဏ မျက်နှာသွားသွားပြ နေရတဲ့အခြေအနေမှာ မရှိဘူးနော်"

ဟု အရင်လက်ဦးအောင် စွာနေသည့် နုနုနွယ်ကို ရီရီဦးမှ ရယ်ကြဲကြဲဖြင့် ကြည့်ကာ…။

"မနက်ဖြန်လဲ နင့်ကားကိုပဲ အားကိုးပြီး ကျောင်းတက်ရမှာပါ ဟင်းချိုမရယ်၊ ခု…ငါက ငွေလေး ကားကို အရင်ဆုံးလိုက်စီးသူအဖြစ် ရှိချင်လွန်းလို့ပါ၊ ကားကြီးကလဲ လှတယ်ဟ"

ဟု ပြောရယ်နေတော့ ညနေစာ ထမင်းမစားတော့ ပြန်ကြဖို့ ဆုံးဖြတ်ပြောနေကြပါသည့် ကလေးနှစ်ယောက် ဒေါ်ကြီး ပြုံး၍ကြည့်ကာ…။



"ငွေလေးရဲ့ကားလေးကဖြင့် လှလိုက်ချက်၊ အနက်ရောင်လေးဆိုတော့ စိုလက်နေတာပဲ၊ မာစီးဒီးတဲ့၊ ကိုသိန်းပြောပြတယ်၊ သိပ်ကောင်းတဲ့ကားမျိုးတဲ့၊ ဒေါ်ကြီး ဈေးဝယ်ထွက်ရင် မောင်းပို့ရတဲ့ ရုပါစလွန်းထက်ကို ပိုကောင်းတာတဲ့ သိလား"

ဟု ငွေလေး၏ ကားသစ်လေးနှင့် ပတ်သက်၍ ဒေါ်ကြီး ဝမ်းသာအယ်လဲလေး ပြောနေစဉ်ခိုက် ရီရီဦးမှ ငွေလေး၏ က်မောင်းကို ကိုင်လိုက်ကာ…။

"လိုက်ပို့မယ်မဟုတ်လား ဖန္တည်းရှင်ကြီးရယ်"

ဟု ရယ်သံဟဟာဖြင့် ပြောလာသည်မို့ ငွေလေးပြုံးလိုက် ာ…။

"ပို့ပေးမယ်၊ ကဲ…ပို့ပေးမယ်၊ နေဦး ဒီအဝတ်နဲ့တော့ ငွေလေးအပြင်မထွက်ရဲပါဘူး၊ အဝတ်လဲလိုက်ဦးမယ်၊ ခဏစောင့်၊ ဒက်ဒီကိုလဲ ငွေလေး ဝင်ပြောလိုက်ဦးမယ်၊ ဟုတ်လား"

ဟု ပြောကာ အပေါ်ထပ်သို့တက်၊ အဝတ်အစားလဲကာ က်ဒီရှိနေမည့် စာကြည့်ခန်းတံခါးကို ခေါက်ပြီးမှ ဝင်ခဲ့လေဟု က်ဒီ့ထူးသံကြားရတာမို့ တံခါးလေးဖွင့်ဝင်မိရပါ၏။ အဝါရောင် တ်စုံလေးဖြင့်ရှိနေသည့် ငွေလေးကို ဒက်ဒီကြည့်ကာ…။

"အဝတ်က ဘာလို့ လဲလိုက်တာလဲ ငွေလေးရဲ့ ကိုကိုပြန်လာတဲ့အထိ ဝတ်ထားရောပေါ့ကွယ်၊ ကိုကိုက ဝယ်ပေးတဲ့အကျီလေးနဲ့ ငွေလေးကို မြင်လာတော့

www.burmeseclassic.com



လဲ မြင်နေချင်မှာ''

ဟု ပြောလာပါ၏။ ငွေလေး ဒက်ဒီဘေးမှာ ကြွမ်းဖြ ၍ ထိုင်လိုက်ရင်း ခွင့်ပန်သလိုလေးဖြင့် လက်မောင်းကြီးကိုဆုပ် ကာ···။

''ငွေလေး ရီရီဦးကို အိမ်ပြန်ပို့ပေးမယ်နော် ဒက်ဒီ၊ သူက ငွေလေးကို လိုက်ပို့ပေးစေချင်တယ် ဒက်ဒီရဲ့ ကားစီးချင်တယ်တဲ့၊ ငွေလေးလဲ တစ်ခုခုဝယ်ဖို့ရှိနေလို့ ပါ ဒက်ဒီ''

ဟု ငွေလေး ခွင့်ပန်သလိုလေး ပြောနေတော့ ဒက်ဒီ ပြုံး၍ ဆံစလေးကို သပ်ပေးကာ···။

''ဒါများကလေးရယ်···သွားလေ၊ ဝယ်စရာရှိတာ ဝယ်၊ ဝယ်ချင်တာဝယ်၊ သိပ်တော့မကြာနဲ့ ဟုတ်ပလား၊ ကိုသိန်းမောင်းပို့ခိုင်းမလား၊ ငွေလေးကိုယ်တိုင်မောင်း မှာလား''

''ငွေလေးပဲ မောင်းမယ် ဒက်ဒီ၊ ငွေလေး ခုလို ကားကိုယ်တိုင်မောင်းသွားတာ ကိုကိုသိရင် အံ့သြမှာ၊ ဝမ်းသာမှာ''

ဟု ငွေလေးပြောတော့ ဒက်ဒီရယ်သည်။ ဒက်ဒီနှင့် ကိုကိုတို့မှ ဖေဖေ့ဆန္ဒအတိုင်း ဤနေ့မှာ ကားသစ်တစ်စီးကို ငွေလေးအတွက် မွေးနေ့လက်ဆောင်အဖြစ် ဝယ်ပေးသည်မို့ ငွေ လေးကိုယ်တိုင်ပဲ မောင်းချင်ပါ၏။ ပြီးတော့ ဒက်ဒီနှင့်ကိုကို့အ တွက် ငွေလေး၏မွေးနေ့အထိမ်းအမှတ်အဖြစ် အမှတ်တရ လက်



ဆောင်တစ်ခုခုကိုလည်း ငွေလေးဝယ်၍ပေးချင်ပါ၏။ ဒါကြောင့် ကိုယ်တိုင်ပဲ ကားမောင်းသွားချင်သည်လေ။

ဒက်ဒီခွင့်ပြုသည်မို့ စလင်းဘက်လေးလွယ်ကာ ငွေလေး ဘက်ထပ်သို့ ဆင်းလာခဲ့သည်။

''ဒက်ဒီက လိုက်ပို့တဲ့''

''ဟေး···ဟုတ်ပြီ၊ ဒါမှ ငါ့ဒက်ဒီကွ''

ရီရီဦးကတော့ ဒက်ဒီကိုဆိုလည်း ခုလိုပဲ တချွဲချွဲနှင့် လေးလိုပဲ ကွယ်ရာမှာပဲဖြစ်ဖြစ် ရှေ့မှာပဲဖြစ်ဖြစ် ဒက်ဒီဟု လိုက် ခေါ်တတ်ပါ၏။ နုနုနွယ်ကလည်း ထိုသို့ပါပဲလေ။ ဒါကြောင့် လည်း နုနုနွယ်နှင့်ရီရီဦးတို့ကို ဒက်ဒီကလည်း ချစ်သည်ပါပဲ။ ငယ်ကြီးနှင့်လေးလေးသိန်းကလည်း ကလေးနှစ်ယောက်အဖြစ် သိုလိုက်တတ်၊ ချစ်တတ်ကြပါ၏။ ကိုကိုတစ်ယောက်ပဲ လူကြီး လိုလို အနေတည်၍ အရောတဝင်ကြီးလည်း မနေဘဲ မှန်တမ်း ကြီး နေတတ်ပါ၏။ ဒါကိုပဲ ရီရီဦးတို့က ကိုကိုက သိပ်လူကြီး ဆန်တာပဲ၊ အဲဒါကိုက လေးစားဖို့ကောင်းနေတာဟု ပြောကာ ခင်နေတတ်ကြပါသည့်အဖြစ်။ စိတ်ရင်းဖြူကာ အရမ်းကို ပျော် တက်နောက်တတ်ကြပါသည့် သူငယ်ချင်းနှစ်ယောက်ကိုတော့ ငွေလေးလည်း ချစ်ပါ၏။

ခုလည်း ရီရီဦးကို မာစီးဒီးကားရှေ့ခန်းလေးဖွင့်ပေးကာ ထိုင်စေတော့ ကြွားကြွားလေး နုနုနွယ်ကို ရီရီဦး ကြည့်ကာ ထဲဝင်ထိုင်၏။ မျက်မှောင်လေးကုပ်ကွေး၍ နုနုနွယ်ကြည့် ···။

www.burmeseclassic.com



"မနက်ဖြန်ကျောင်းတက်ဖို့ အချိန်တန်တဲ့အခါ နင် ဒီလိုကြွားနိုင်ပါ့မလားလို့ ငါ စိတ်ပူလိုက်တာဟယ်"

ဟု ပြောတော့ ရီရီဦး ဟက်ခနဲရယ်ကာ…။

"အိမ်ချင်းနီးနေတာကိုပဲ နင် ဝမ်းနည်းနေတာ ငါ သိပါတယ်၊ နင့်ကားကို ငါ့ဘေးက လိုက်စီးဖို့ နင့်ထက် စောပြီး ကားထဲရောက်နေ၊ စောင့်နေမှာကို နင် အသေအချာကြိုတင်သိထားဖို့ အသိပေးထားပါရဲ့ ဟင်းချိုမရယ်"

ဟု လှမ်းနောက်နေသေး၏။ နုနုနွယ် ကားကို အရှေ့မျက်နှာအောက်သိုးသိုးလေးနှင့် မောင်းထွက်တော့ ရယ်၍ ငွေလေးလည်း နောက်မှလိုက်မောင်းထွက်လာရပါ၏။ ကားလေးနှစ်စီး ရှေ့နောက်ဆင့်၍ မောင်းလာကြရာမှ လမ်းချိုးရောက်တော့ တစ်ဖက်သို့ ကွေ့သည်မို့…။

"ဟဲ့…ဘယ်လဲ၊ ငါက နုနုနွယ်နောက်ကပဲ နင် လိုက်မောင်းသွားမယ် အောက်မေ့တာ၊ သူနဲ့ငါနဲ့က အိမ်ချင်းဝေးတာမှ မဟုတ်တာ"

"မဟုတ်ဘူး၊ ရွှေကောင်းကင်စူပါမားကတ်ကို ခဏဝင်ဦးမလို့၊ နည်းနည်းဝယ်စရာရှိလို့ အဲဒီကမှ နင့်ကို လိုက်ပို့မယ်လေ"

"အေး…ကောင်းတယ်၊ ငါလဲ လည်ရတာပေါ့"

ဟု ရီရီဦးကတော့ ထုံးစံအတိုင်း ဗီရိုထဲက ပစ္စည်းတွေ မှန်သမျှ ငေးဖို့ ဝါသနာပါသည့်အကျင့်ဖြင့် ပျော်ပျော်ပဲ ထောက်ခံလိုက်သည်ပါပဲ။



ငွေလေး ရွှေကောင်းကင်စူပါမားကတ်ရှိ ကားရပ်ရမည့်နေရာမှာ ကားကို ရပ်ကာ နှစ်ယောက်သား အဆောက်အအုံကြီးကြီး ခြောက်ထပ်မြင့်မြင့်ကြီးကို တစ်ချက်ကြည့်မိကြပြီးမှ အောက်ဆုံးထပ်ကို အရင်ဝင်သည်။

လက်ပတ်နာရီနှစ်လုံး ငွေလေးဝယ်ပါ၏။ တန်ဖိုးချေပြီးချိန်မှာ ငွေလေးတစ်ချက်ရင်ထဲမှာ မောချင်လာသည်။ မီးရောင်လင်းနေသော ပစ္စည်းထားရာ မှန်ဗီရိုကြီးများ၊ များပြားသော အဝယ်များ၊ ရွှေလျားလှေကားကို လှမ်းလင့်မြင်နေရသည့်နေရာမို့ တရွေ့ရွေ့တက်နေသည့် ဆင်းနေသည့် ယှဉ်တွဲရွေ့လျားရှိသော လှေကားနှင့်ပါသွားပါသည့် လူများ။ အတက်စက်လှေကားမှ လူတွေက မြင့်သွားကြလျက် အဆင်းလှေကားမှာပါသူတွေက နိမ့်ကျပါလာကြသည့် ဆန့်ကျင်ဘက်ရွေ့လျားနေမှု အားလုံးသည် ငွေလေးရင်ထဲမှာ နောက်ကျိကျိကြီး အာရုံထဲဝင်လာနေလျက် ရင်ထဲမှာလည်း မူးနောက်နောက် ဖြစ်နေသည်။ အဲယားကွန်းကြောင့် အေးမြနေသည့်အခန်းထဲမှာ ငွေလေး ချွေးစေးတွေပျံစပြုလာ၏။

"ဒက်ဒီနဲ့ ကိုကိုအတွက်လေ"

ဟု ငွေလေးမှ ရီရီဦးကို ပြောပြနေမိသည်ကိုက အာရုံလွဲ ပြောင်းလာချေမည်လားဟုပါ။ ပစ္စည်းတွေမှန်သမျှ အားလုံးကိုင်ဆဲမပေးရတိုင်း ငေးကြည့်ခြင်းအလုပ်ကို တောက်လျှောက်လုပ်လာပါသည့် ရီရီဦးမှ ပြုံး၍ ကြည့်ကာ…။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့အတွက်ရောဟယ်"

ဟု နောက်နေသည်မို့ ငွေလေး ချွေးစေးကို လက်
ပဝါလေးဖြင့် မျက်နှာထက်မှ ဖွဖွသုတ်ကာ...။

"အဲဒီရွှေရောင်ဘောလ်ပင်လေးပေးပါ"

ဟု အရောင်းကောင်တာမှ ပြုံးမြနေသော မျက်နှာ
နှင့် မိန်းကလေးကို ပြောမိရပါ၏။ ရွှေရောင်ပတ်ကားဘောလ်
လေးကို ဘူးလေးနှင့်တကွရသည်မို့ ရီရီဦးကတော့ ကလေး
ပျော်လျှက်...။

"ဟင်းချိုမကိုတော့ ကြွားရဦးမယ်"

ဟု ပြောနေသံကို ငွေလေး ကြားနေရသည်။ ငွေ
ပြန်ထွက်ဖို့အလှည့်တွင် ငွေလေးကိုယ်လေး ယိုင်ခနဲဖြစ်သွား
အားအင်တွေဆုတ်ယူ နှုတ်ချလိုက်သလို ခံစားရသည်မို့ မိမိ
သာလည်း အရမ်းကို အံ့သြနေမိရသည်ပါပဲ။ ဘာဖြစ်နေတာ
ဘာတွေဖြစ်ကုန်ပြီလဲဟု မိမိဘာသာပင် နားမလည်ချင်။ ချွေး
တွေ အရမ်းအထွက်များလာသည်။ လက်ဖျားတွေ အေးစက်
သည်။ ခြေထောက်တွေမှာ အားမရှိချင်။

"ရီရီဦး...ရီဦး ငါ့ကို ငါ့ကိုတွဲပါဟယ်"

ဟု ခပ်ယဲ့ယဲ့ပဲ ပြောနိုင်၏။ ရီရီဦး ဘေးကို ငဲ့
တော့ မယုံနိုင်သလိုဖြစ်သွားရကာ စိုးရိမ်ဇောက တစ်ကိုယ်
အနှံ့ပျံ့ချေ၏။ ဘယ်လိုမှ ယုံကြည်ရန်မရှိ။ ချက်ချင်းကြီး
ငွေလေး၏ ပုံစံလေးက အရမ်းကို ပြောင်းလဲနေသည်။ စိုးရိ
ကြီးဖြစ်ကာ ရီရီဦး ကမန်းကတန်း ဖေးထိန်းတွဲယူလိုက်ရ



ျက်နှာလေးထက်မှ သွေးတွေဖြူဆုတ်ကျသွားသလို ဖွေးဖျော့နေ
သည့် ငွေလေး။ ချွေးစေးတွေ ပုံနေလျက် မနည်းကြီးအားခဲ
ထိန်းနေရသည့်နှယ်ဖြစ်နေချေသည့်အဖြစ်။ ချက်ချင်းကြီး မယုံ
လောက်အောင် ကျန်းမာရေးအခြေအနေ ဆိုးဝါးလာသည့် အဖြစ်
ပေမို့ ရီရီဦးမှာ ဘယ်လို နားလည်ရမှန်းပင် မသိလောက်
အောင် အံ့သြစိုးရိမ်ဇောကပ်နေရသည်ပါပဲ။

"လာ...လာ...ဘေးကပဲ မှီပြီး ထိန်းလိုက်လာ
နော်၊ ကားရပ်တဲ့နေရာက သိပ်မဝေးပါဘူး၊ ဘယ်လို
ဖြစ်သွားတာလဲဟယ်၊ ငါဖြင့်အံ့ရော"

ဟု ပြောကာ ဘေးမှထိန်းကာ ခေါ်လာလေသမျှ မျက်စိ
မနည်းအားခဲဖွင့်၍ ငွေလေး ခြေလှမ်းတွေအားခဲရွေ့ကာ လိုက်
ရပါ၏။ ကားထဲရောက်ဖို့အရေး အဓော်ကြီးကို စိတ်ထဲခွ
လျှောက်လိုက်လာရခြင်းပါ။ ချွေးတွေ အဆမတန်ထွက်လာ
လျက် အားတွေအလုံးစုံ ပျောက်ဆုံးကုန်သည်သို့ ခံစားလာရ
သည်။ တဖြည်းဖြည်း ရင်ထဲမှာ မောကျပ်လာနေသည်ပါပဲ။
ားရောက်တော့ ငွေလေး၏ စလင်းဘတ်ထဲမှ ကားသော့ကို
ဦး ထုတ်ယူကာ ကမန်းကတန်းပဲ တံခါးဖွင့်၍ ငွေလေးကို
နိုင်းသည်။ ကားနောက်မှီကို နောက်ဘက်ဆီသို့ လျှောချကာ
ဖေးဖေးလေး မှီလှဲနေစေပါ၏။ အလောတကြီး စလင်းဘတ်
မွှေနှောက်၍ ရီရီဦး ရှာမိသည်က တစ်ခုခုရှုစရာပါ။ တော်
သည်။ ငွေလေး၏ စလင်းဘတ်လေးထဲမှာ ပရုတ်ဆီ သေး
ရှိနေပါ၏။ လက်ဖဝါးထဲ ပရုတ်ဆီထည့်ကာ ပွတ်ပစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



နှာဖျားမှာ လက်ဖဝါးလေးကို ဝိုက်အုပ်၍…။

"ရှုလိုက်…ရှုလိုက်…ခပ်ပြင်းပြင်းရှူ ဟုတ်ပြီ"

ဟု ပူပန်သလဲလေး ရီရီဦး ပြောရှာပါ၏။ ငွေလေ ပရုတ်ဆီနံ့ကို အားစိုက်၍ ရှုရှိုက်ပါ၏။ ရင်ထဲမှာ နောက်နေဆဲ မောနေဆဲ။

"နင် ခဏနေနေလို့ရမလား၊ ငါ ပိုက်ကာဖျော်ရည် ဘူးလေး ပြေးဝယ်လိုက်ဦးမယ်ဟယ်၊ နင် ဒ ါလေး သောက်လိုက်ရင် ကောင်းမယ်ထင်တယ်၊ သိပ်မူးနေ တယ်လား၊ အရမ်းမူးနေလား၊ ကျွတ်…အဲဒါလေး သောက်လိုက်ရင် နင် နည်းနည်းသက်သာသွားမယ် ထင်တယ်၊ ရင်ထဲအနောက်ပြေ အမောပြေသွားမှာ၊ ဒါပေမဲ့ နင့်ကို ငါ ဒီတိုင်းလဲ မထားခဲ့နိုင်ပြန်ဘူး၊ စိတ်ပူနေရပြန်ရော"

ဟု မျက်နှာအပျက်ပျက်ဖြင့် ပြောနေသည့် ရီရီဦး ငွေလေး မျက်ခွံလေးဖွင့်ပင့်၍ အားယူကြည့်ကာ လက်လေး ပြသည်။ ရင်ထဲမှာ တကယ်လည်းမောနေသည်။ အေး အရည်တစ်ခုခုကို သောက်လိုက်ချင်သည်။ ရင်ထဲနည်းနည်းကြ သွား၊ အေးသွားကာ လန်းများလန်းလာချေမည်လား မသိ။

"ရတယ်၊ ငွေလေး နေလို့ ရ…တယ်၊ သွား… ဝယ်…ပိုက်ဆံက အိတ်…ထဲ…မှာ"

ဟု အားယူပြောတော့ ရီရီဦးမှ…။

"ငါ့မှာပါပါတယ်ဟ၊ နင် တကယ်နေခဲ့လို့ဖြစ်ပါ့



မလားဟယ်၊ နင်က…"

ဟု ပြောကာ စကားတန့်၏။ နင်က အရမ်းကို မျက်နှာ ဖြူနေတာဟု ပြောမည့်စကားကို ပြန်အရှိန်သပ်ယူရပါ၏။ ကာယ ကံရှင် ပို၍ စိတ်ထဲအားငယ်သွား စိတ်ပူသွားကာ ကြောက်သွား မှာကို စိုးသည်လေ။ ရတယ်ဟူသောသဘောဖြင့် ငွေလေး လက် လေးဖြင့် သွားဖို့ပြနေတော့ အပြေးပဲ ရှေ့ကောင်းကင်အတွင်းသို့ ပြန်ဝင်၊ ပိုက်ကာဘူးသုံးဘူးကိုဝယ်၊ ပြန်ပြေးလာရသည်က ရီရီဦးပါ။ ချွေးတွေဘာတွေ နစ်ကျလာရသည်ကလည်း ရီရီဦးပါတည့်။ တစ်ခါမှ့ ထိုမျှအထိ ဖြူဆုတ်ကျနေသည့် သွေးရောင်ပျောက်လုလု မျက်နှာလေးမျိုးကို ငွေလေးထံမှာ ရီရီဦး မမြင်ခဲ့စဖူး။ ရင်ထဲမှာ အရမ်းပူနေမိရသည်ပါပဲ။ ပိုက်ကာဘူးလေးကို ဖောက်၍ ငွေလေး ၏ ကိုယ်လေးထွေးပွေ့ထူကာ နှုတ်ခမ်းမှာ တေ့၍ သောက်စေ၏။

"ဖြည်းဖြည်းသောက်…ဖြည်းဖြည်းသောက်၊ ဟင်း…ဘယ်လိုဖြစ်သွားရတာလဲ ငွေလေးရာ၊ ငါ အံ့ ရော"

ဟုလည်း တဖွဖွ ညည်းရှာသည်။ တဖြည်းဖြည်း ငွေလေး နည်းနည်းနေသာသလိုရှိလာ၏။ ချိုမြမြနှင့်အေးမြမြရှိ သော လိမ္မော်ရည်ကို သောက်လိုက်ရသည်မို့ ရင်ထဲနေသာ လာ၏။ ဒါပေမဲ့ တစ်ကိုယ်လုံးမှာ အားမကျန်တော့သည့်နှယ် ဖြစ်နေရဆဲ။ ကိုယ်လေးကို အားယူ၍ ထူမတ်ကြည့်မိသည်။ ရေ၊ ယိုင်ခနဲပြန်ပြိုကျသွားသည်မှာ အရုပ်ကြိုးပြတ်နိုင်နေ၏။ ရင်ထဲမှာ တလှပ်လှပ် ဟာနေသည်။

www.burmeseclassic.com



"ဟယ်...ဘာလုပ်မလို့လဲ၊ ဒီတိုင်း မှီနေလေ ငွေလေးရဲ့၊ မဖြစ်ဘူး၊ နင် ဆေးခန်းသွားပြမှကိုဖြစ်မှာ"

ဟု စိုးရိမ်လျက် ရီရီဦးပြောတော့ ငွေလေး စဉ်းစားသည်။ ဟုတ်သည်။ ဆေးခန်းပြမှကို ဖြစ်မည်။ ဘယ်လိုမှ ဤပုံအတိုင်း အိမ်ကိုပြန်၍လည်းမဖြစ်။ ဒက်ဒီရော ကိုကိုရော စိတ်[illegible]ကြရမည့်အဖြစ်မျိုး။

ငွေလေးမွေးနေ့မှာ အစစ ပျော်ရွှင်အောင် ဒက်ဒီနှင့်ကို[illegible]တို့ခမျာ စီမံထားပေးကြချိန်မှာမှ ငွေလေးက နေမကောင်းဖြစ်[illegible]လျှင် ဒက်ဒီနှင့်ကိုကို စိတ်ပူကြ၊ စိုးရိမ်ကြနှင့် စိတ်ပင်ပန်းကြ[illegible]ရမည်။ ထိုသို့မဖြစ်စေချင်။ ငွေလေးဘာသာပဲ ဆေးခန်းပြမည်[illegible] ဆေးထိုးဆေးသောက်လိုက်လျှင် ကောင်းသွားချေမည်သာ။ ရီရီ[illegible] အိမ်မှာ ခဏနားလာက်နားလိုက်မည်။ ပြီးမှ အိမ်ပြန်မည်။ ဒါ[illegible] ငွေလေး အစီအရီ တွေးမိသည့်အတွေး။ လောလောဆယ်မှာတော့ ကားမောင်းနိုင်စွမ်းပင်မရှိ။

"ရတနာဆေးရုံကိုမောင်း၊ ငွေလေး စလင်းဘတ်ထဲ...မှာ လိပ်စာကတ်ရှိတယ်၊ အဲဒီမှာ...ငွေလေးတို့ရဲ့ ဖယ်မလီ ဒေါက်တာ ဒေါ်မြင့်မိုရှိ...တယ်"

ဟု ပြောတော့ ရီရီဦးမှကားစက်နှိုးမောင်းထွက်လာပါ[illegible]

"အဲဒီ ဆေးရုံကို ငါသိတယ် ငွေလေး၊ နင် မှိန်းပြီးလိုက်လာ၊ တော်သေးတာပေါ့ဟာ၊ ငါ ပါလာလို့၊ တစ်ယောက်တည်း ကားမောင်းထွက်လာတာမျိုးဆိုရင် နင် ဘယ့်နှယ်လုပ်မလဲ၊ နောက်ကို နင် ကားမမောင်းနဲ့ဟာ၊ တစ်ယောက်တည်း"



ဟု စိတ်ပူလျက် ရီရီဦး ပြောရှာ၏။ နောက်တော့မှ သက်ပြင်းလေးရှိုက်ကာ...

"ငါနှုတ်ဆော့လို့ဖြစ်တာ၊ ငါ့ကို လိုက်ပို့နိုင်းလို့၊ ငါကလဲ ဒီကားသစ်ကြီးကို စီးချင်နေရသေးတယ်၊ လျှာကို ရှည်တယ်"

ဟု ကိုယ့်ဘာသာ အပြစ်တင်နေပြန်၏။ ကားကို ဆောက်လျှောက်မြန်မြန်ပဲ မောင်းလာသည်။ ရတနာဆေးရုံဝင်းကျယ်ကြီးဆီသို့ ကားကို ချိုးကွေ့ဝင်ကာ ပါကင်ထိုးရမည့်နေရာမှာ ရပ်၍...။

"ခဏမှိန်းနေဦး၊ ငါ ဒေါက်တာ ဘယ်သူ၊ အဲ...ဒေါ်မြင့်မို ရောက်နေပြီလားဆိုတာ သွားမေးကြည့်ဦးမယ်၊ နေလို့ရတယ် မဟုတ်လား"

ကားနောက်မှီလေးကို ခပ်လျှောလျှောလေး လျှောချ၍ ကာ မှိန်းလိုက်ရသည်မို့ နည်းနည်းနေသာလာပြီမို့...။

"ငွေလေးလဲ တစ်ခါတည်းလိုက်ခဲ့မယ်၊ တွဲခေါ်"

ဟု ပြောနေတော့ အလန့်တကြားလေးပဲ ရီရီဦး လက်ကာ၍...။

"နေပါ နေပါ မမရယ်၊ ငါ အရင်သွားကြည့်ပါ့မယ်၊ ရှိခိုးပါရဲ့၊ ငြိမ်နေခဲ့ပါဟယ်၊ ငါ စိတ်ပူရလွန်းလို့ပါ၊ တော်နေကြာ ငါ အရင် ဆေးရုံတက်နေရပါ့မယ်၊ စိတ်ပူရလွန်းလို့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ ကမန်းကတန်း ဆေးရုံတွင်းသို့ ဝင်၏
နောက်ပိုင်းလည်း စိတ်မချ။ ဆေးရုံ၏ အင်ကွာရီမှာ ဒေါက်တာ
ဒေါ်မြင့်မို ရောက်မရောက်မေးကြည့်တော့ ဒေါ်မြင့်မို၏ထိုင်သည်
အခန်းနေရာကအစ သိရသည်မို့ သွက်သွက်သွားရပါ၏။ ဒေါ်မြင့်
မိုမှာ ရောက်ခါစပဲရှိသေးသည်ဆို၏။ အသားဖြူဖြူ အရပ်မြင့်
မြင့်သွယ်သွယ်လေးဖြင့် ချောမွေ့လွန်းပါသည့် ဒေါ်မြင့်မိုပါ။ အခန်း
ထဲရောက်တော့…။

"ကျွန်မ ရီရီဦးပါ၊ ငွေနဲ့သာရဲ့ဒူယ်ချင်းပါ"

ဟု ချွေးတွေနစ်နေသည့်ရီရီဦးမှ မိမိဘာသာပဲ အရင်
မိတ်ဆက်ရကာ အဖြစ်စုံကို တောက်လျှောက်အမြန်ဆုံး အတိုချုပ်
ဖြင့် ရှင်းပြရပါ၏။ ဒေါ်မြင့်မိုမှ ချက်ချင်းပဲ ကိုယ်တိုင်ကားနှ
အထိ လိုက်လာသည်။

ငွေလေးကို လာစမ်းသပ်သည်။ မှည်းနည်းသက်သာ
ပြုလာပြီဖြစ်သည့် ငွေလေးမှ အားယူပြုံး၍…။

"ငွေလေး မနေ့ညက အိပ်ရေးပျက်လို့ဖြစ်မှာပါ"

ဟုပင်ပြောမိပါ၏။ ငွေလေးကို ဝီးလ်ချဲဖြင့် ခေါ်လာ
ခုတင်ထက်တွင် လှဲစေ၍ ဒေါ်မြင့်မို စမ်းသပ်သည်။

"မနေ့ညက ငွေလေး နှာခေါင်းသွေးယိုတယ်
မမ"

ဟု ငွေလေးသတိရလာလျက် ခပ်တိုးတိုးလေးပြော
ဒေါ်မြင့်မို တစ်ချက်တွေခနဲဖြစ်၏။ နောက်တော့ မျက်နှာ
ကို ပြန်ထိန်းကာ နားကြပ်ဖြင့် ထောက်၍ စမ်းသပ်ရင်းမှ…



အိပ်ဖို့ခွင့်ပြုဖို့ပါ၊ ဟိုမှာ ပျော်ကြမှာမို့ ဘာညာဆိုပြီး
ခွင့်တောင်းမှာပါ၊ ဖေဖေတို့ကလဲ ငွေလေးကို ချစ်ကြပါ
တယ်၊ ခွင့်ပြုမှာပါ၊ တကယ်လဲ ငွေလေးအိမ်မှာပဲ အိပ်
လိုက်ပါမယ်"

ဟု ပြောပါ၏။

"ဒါက ငွေလေးရဲ့ ဘလတ်နဲ့ပတ်သက်ပြီး ရီ
ဇတ်တ်ရမယ့်နေ့၊ မမဆီကို ငွေလေးလာခဲ့"

ဟုပဲ ဒေါ်မြင့်မို ပြောပါ၏။ ငွေလေး ခေါင်းညိတ်လိုက်
ပါ၏။ ဒေါ်မြင့်မို ကမ်းပေးသည့်စာရွက်လေးကိုလည်း တရိုတ
သေပဲ ယူလိုက်ရပါပြီ။

ဗစ်တိုးရီးယားသို့ ကိုကို ပြန်မရောက်သေး။ ရီရီဦး
ပါလာသည်မို့ ဒေါ်ကြီးမှာ အံ့သြသလိုလည်းဖြစ်၊ ငွေလေး
ကွက်အဖော်အဖြစ် ညတူတူအိပ်၍ ဆက်ပျော်နေချင်သေးသည်
ပြန်လိုက်လာခြင်းဟု ရီရီဦးမှာ ရယ်၍ပြောတော့လည်း ဝမ်း
သည်းသာသွားရသည်က ဒေါ်ကြီးပါ။

ညနေစာကို ကိုကိုပြန်ရောက်မှပဲ စားကြမည်ဟု ငွေလေး
ဒေါ်ကြီးကို ပြောတော့…။

"အစ်ကိုကြီးက ခန့်လေးကို မစောင့်နဲ့တော့၊
ငွေလေးလာရင် စားကြမယ်တဲ့ ပြောတယ်ကွယ်၊ ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ရတာ ခန့်လေး ကြာမျှားကြာမှာမို့လား မသိဘူး၊ အစ်ကို ကြီးဆီကိုများ ကြာမယ့်အကြောင်း ဖုန်းဆက်လာသလား မသိပါဘူးကွယ်"

ဟု ပြောကာ ခေါင်းခါ၍…။

"ဒီနေ့မှ ခန့်လေးကလဲ အလုပ်ပေါ်ရတယ်လို့"

ဟု ခပ်ညည်းညည်းပြောကာ ထမင်းပွဲပြင်ဖို့ လုပ်နေတော့ ငွေလေး ရင်ထဲမောကျသွားရသည်ပါပဲ။ ဆေးခန်းက ပြန်လာသည့်အခိုက် ရီရီဦးက ပြောသင့်သည်ဟု ကားပေါ်မှာကတည်းက တဖွဖွ ပြောနေပေမယ့် ငွေလေး အရမ်းကို ကန့်ကွက်ခဲ့သည်မို့ ရီရီဦးမှာလည်း လူကြီးတွေရှေ့မှာ လိပ်ပြာမသန့်ချင်။ ငွေလေးမှာ ရင်ထဲမောချင်နေပေမယ့် ဒေါ်ကြီး မရိပ်မိအောင်ပြုံး၍…။

"ကိုကိုလာမှ စားမယ် ဒေါ်ကြီးရာ၊ လောလောဆယ် ငွေလေး အိုဗာတင်းတစ်ခွက်ဖျော်သောက်မယ်နော်၊ ရီရီဦးနဲ့တူတူ သောက်မယ်၊ ဒက်ဒီအတွက်လဲ နွားနို့ပူပူတစ်ခွက်ဖျော်ပြီး သွားပို့ပေးမယ်လေ၊ ငွေလေး သိပ်မဆာသေးဘူး ဒေါ်ကြီးရ၊ ကိုကိုလာမှ တူတူစားချင်တယ် ဒေါ်ကြီးရယ်၊ ငွေလေးမွေးနေ့မှာ ခွဲခြားခွဲခြားနဲ့ ကွဲပြီး မစားချင်ပါဘူး၊ စုစုစည်းစည်းပဲ စားချင်တယ်၊ ဒါမှ နိမိတ်ကောင်းတာ"

ဟု ပြောတော့ ဒေါ်ကြီးမှ မျက်ခုံးကြီးတွန့်၍ မျက်နှာတည်ကြီးလုပ်ကာ ကြည့်ပေမယ့် မျက်ဝန်းတွေထဲမှာ ပြုံးရိပ်တွေ သမ်းနေတာက အရမ်းသိသာနေသည့်အဖြစ်။



"အဲဒါကြောင့် ဒေါ်ကြီး အစကတည်းက အစ်ကို ကြီးကို ပြောလိုက်တာပေါ့၊ အစ်ကိုကြီး စားမယ်ဆိုလဲ ငွေလေးက ရမှာမဟုတ်ဘူးလို့၊ ခန့်လေးကို စောင့်မှာ လို့၊ သူ့ကိုကိုမပါဘဲ သူ့မွေးနေ့မှာ ညစာကို စားမှာ မဟုတ်ဘူးလို့၊ ကဲ…ဒေါ်ကြီးတော့ အစ်ကိုကြီးနဲ့ လောင်းကြေးစားကြေးလေးများ လုပ်ထားလိုက်မိဖို့ ကောင်းတော့တာပေါ့"

ဟု ပြောကာ ငွေလေး၏ ခေါင်းလေးကို ချစ်စနိုးလေး ဖွဖွထုသည်။ ငွေလေး အိုဗာတင်းဖျော်မည်ပြုတော့ ဒေါ်ကြီး လက်ကာသည်။

"မွေးနေ့ရှင်လေးရယ်…ငြိမ်နေပါ၊ ဒီနေ့တော့ ဒေါ်ကြီးပဲ လုပ်ပါရစေ၊ လုပ်ပါရစေ"

ဟု ပြောပါ၏။ အိုဗာတင်းနှစ်ခွက်၊ နွားနို့ပူပူတစ်ခွက် ဖျော်ပြီးတော့ ငွေလေးလက်ထဲ လင်ပန်းလေးဖြင့် ကျကျနန ကမ်းထည့်ပေးပါ၏။ ငွေလေး လင်ပန်းလေးကို ကိုင်၍…။

"ကျေးဇူးပဲ ဒေါ်ကြီး၊ ကျေးဇူး"

"ပေါင်မုန့်ယိုသုပ်တို့ဘာတို့တော့ မလုပ်ပေးဘူးနော် ကလေး၊ ထမင်းစားပျက်လိမ့်မယ်၊ ကဲ…ကဲ… အစ်ကိုကြီးကိုလဲ စာကြည့်ခန်းမှာပဲ သွားပို့ပေးချေ"

ဟု ပြောတာမို့ ငွေလေးပြုံး၍ ဒေါ်ကြီးပါးကို နမ်းကာ အပေါ်ထပ်သို့ တက်ခဲ့ပါ၏။ လှေကားတစ်ဝက်သို့ရောက်တော့ လင်ပန်းလေးကို ရီရီဦးထံ ကမ်းပေးကာ…။

www.burmeseclassic.com



"ငွေလေး နည်းနည်းမူးရိပ်ရိပ်ဖြစ်ချင်နေတယ် ရီဦး၊ လင်ပန်းကိုင်လာပေးနော်၊ ငါတို့အခန်းကို အရင်သွား လိုက်ကြရအောင်၊ ငါတို့သောက်မယ့် အိုဗာတင်းကို ထားခဲ့ပြီးမှ ဒက်ဒီ့ဆီကို သွားမယ်လေ၊ ဒက်ဒီ့အတွက် လက်ဆောင်လဲ ပေးရဦးမှာ၊ ဒက်ဒီ့အတွက် နွားနို့ဖန် ခွက်ကိုကျတော့ ငွေလေးပဲ ကိုင်သွားမှ ကောင်းမယ် လေ၊ နင် သယ်လာပေးရတယ်ဆိုတော့လဲ ဘယ်ကောင်း မလဲ၊ ငွေလေးကလဲ လင်ပန်းနဲ့အဲဒီဖန်ခွက်သုံးခွက်စာ လောက်ကိုတောင် သယ်ရတာ လက်က မနိုင်ချင်သလို ဖြစ်နေတယ်၊ လက်ချောင်းတွေက မထိန်းနိုင်သလို အား အင်ကုန်နေတယ်ဗျာ၊ ဘာဖြစ်နေလဲ မသိပါဘူး ရီဦး ရာ"

ဟု တစ်ချက် ခပ်ညည်းညည်းလေးပြောတော့ ရီဦးမှ လင်ပန်းကိုယူကာ...။

"နင်ကလဲ ဘာမသိရမှာလဲ၊ ဒီလောက်ကြီးထိ နင် စောစောက ဖျော့ကျပြီး မူးခဲ့တဲ့ဥစ္စာ၊ ပေး...ငါ သယ်မယ်၊ ဒေါ်ကြီး ရိပ်မိမှာစိုးလို့ ငါ မသယ်ဘဲနေခဲ့ရ တာ၊ ခု...ပေး"

ဟု ပြောကာ လင်ပန်းကို ယူသည်။ လှေကားထစ်ေ နင်းတက်လာရင်းလည်း မူးရိပ်ရိပ်ဖြစ်ချင်နေသေးသည်မို့ ငွေေ ခပ်ဖြည်းဖြည်းထိန်းတက်ရပါ၏။ အပေါ်ထပ် လှူသွားစင်္ကြံ ကြီးတို့ ရောက်တော့ ရီရီဦးမှ...။



"နင် စာကြည့်ခန်းရှေ့ကပဲ စောင့်၊ ငါ ဒီဥစ္စာ တွေ နင့်အခန်းမှာ သွားထားခဲ့ပြီးလာခဲ့မယ်"

ဟု ပြောကာ ငွေလေးအခန်းသို့ လျှောက်သွားပါ၏။ ိလာတော့ လင်ပန်းလေးထဲမှာ နို့ဖန်ခွက်ပဲ ပြန်ပါလာသည်။ ခန်းဝထိ လင်ပန်းကို ရီရီဦးပဲ ကိုင်ကာ ငွေလေးမှ အခန်းတံ းကို ဖွဖွခေါက်၍...။

"ဒက်ဒီ ငွေလေးပါ"

ဟု အသံပြု ဝင်ခဲ့သမီးဟု ဒက်ဒီ့အသံကြားရတော့မှ င်ပန်းကို ငွေလေးလက်ထဲအပ်လိုက်ခြင်းပါ။ ငွေလေး နို့လင်ပန်း းကို ဒက်ဒီ့စားပွဲပေါ်တင်ကာ...။

"ငွေလေး ကိုကို့ကို စောင့်ချင်သေးတယ် ဒက်ဒီ၊ ကိုကိုလာမှ ညစာတူတူစားချင်တယ် ဒက်ဒီရာ၊ ငွေလေး မွေးနေ့မှာ နေ့လယ်စာလဲ ကိုကိုနဲ့တူတူ မစားရ၊ ညစာ လဲ တူတူမစားရဆို ငွေလေး ရင်ထဲဘယ်ကောင်းတော့ မလဲ"

ဟု ပြောတော့ ဒက်ဒီ ကြည်နူးစွာမော့ကြည့်ပါ၏။ ချမ်းသည့်အပြုံးဖြင့်လည်း...။

"ဆာနေမှာပေါ့ ငွေလေးရဲ့"

"မဆာပါဘူး ဒက်ဒီ၊ ငွေလေး အိုဗာတင်းသောက် ထားပြီးပြီ၊ ပြီးတော့ ရီဦးကလဲ ငွေလေးနဲ့တူတူ ဒီည အိပ်မှာ၊ အခန်းထဲမှာပဲ ကာရာအိုကေဆိုမယ်တဲ့ ပြော တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ငွေလေး ရွှင်ရွှင်ပျပျလေးတမင်လုပ်၍ပြောနေတော့ ရီရီဦး ရင်ထဲမှာ မကောင်းနိုင်။ ဒက်ဒီ့ကို စိတ်မပူစေချင်၍ ရ ကောင်းလေးလို ဟန်အပြည့်လုပ်ပြောရှာပါသည့် ငွေလေး။ ဓော စောကပဲ လင်ပန်းကို နိုင်အောင် မထိန်းနိုင်ရှာသည့် အဖြစ်ကို ရီဦး မြင်ထားခဲ့သည်ပဲလေ။ အို…ရှေ့ကောင်းကင်မှာရော အသာ မျှထိ ငွေလေး လဲလဲပြိုပြို မူးခဲ့ပါသလဲ။ ဝေဒနာမသေးကြောင်း ရီရီဦး သိသည်ပေါ့။ ခက်သည်က ဒက်ဒီနှင့်ကိုကို့ကို ငွေလေး မွေးနေ့မှာ ဘာတစ်ခုမျှ စိတ်မပူစေချင်ပါဟု ငွေလေးပြောနေသည့် အဖြစ်ကြောင့် ဘာတစ်ခုမှ လူကြီးတွေကို ရီဦး ဖွင့်မပြောပြသာ ဘဲဖြစ်နေသည်ပါပဲ။

ခုလည်း ဒက်ဒီရှေ့မှာ ကလေးလေးဆိုးနွဲ့ပူဆာနေပုံဖော ဖြင့် ကိုကိုရောက်မှ ထမင်းစားမည်ဟု ပြောနေပြန်သေးသည့်အဖြစ်

"ကောင်းပါလေ့ဗျာ၊ စောင့်ကြတာပေါ့"

ဟု ဒက်ဒီပြုံး၍ ကြည်ကြည်နူးနူးပြောဏ်။ ကိုကို့ ငွေလေး အရမ်းခင်ခင်တွယ်တွယ်ဖြင့် ချစ်သည့်အတွက်လည်း ဒက်ဒီ ကြည်နူးနေသည်ပါပဲ။

"ဒက်ဒီ ငွေလေးရဲ့လက်ဆောင်ပါ၊ ငွေလေးမွေးနေ့ မှာ ဒက်ဒီ့ကို ငွေလေးလက်ဆောင်ပေးတာပါ၊ အမြဲ အမှတ်တရ သတိတရရှိစေဖို့ နာရီလေးကို ပေးတာပါ ဒက်ဒီ၊ ဒက်ဒီ ပတ်ထားရမယ်နော်"

ဟု ပြောကာ ဒက်ဒီ့လက်မှာ ငွေလေးကိုယ်တိုင် နာ ကို ပတ်ပေးတော့ ဒက်ဒီမျက်ရည်ဝဲလျက် ဆံစလေးကို သပ်



ငင်းမှ…။

"ဒက်ဒီ့သမီး ငွေလေး လိမ္မာတာ ဒက်ဒီသိပါတယ်၊ ဒက်ဒီ့ကို ချစ်တာလဲ ဒက်ဒီသိတယ်၊ ရိုသေတာ၊ အား ကိုးတာ၊ အားလုံး ဒက်ဒီသိတယ်၊ ဒက်ဒီ့လက်ပေါ်မှာ ကြီးပြင်းလာရတဲ့သမီးလေးရဲ့ ရင်ထဲက အရာတွေ၊ ခံစား မှုတွေ၊ စိတ်ထားလေးတွေ အားလုံးကို ဒက်ဒီ သိနေပါ တယ်၊ အရိပ်ကြည့်သလို ကြည့်လာတဲ့ ဒက်ဒီမှ မသိ ရင် ဘယ်သူ သိနိုင်စွမ်းပါ့မလဲ ကလေးရယ်၊ ကဲ… သမီးရဲ့ကိုကိုအတွက် ဝယ်လာတဲ့ နာရီလေးကိုလဲ သမီး ကိုကို စားကြည့်စားပွဲပေါ်မှာ သွားထားလိုက်၊ သူ မြင် ရင် အံ့ဩသွားလိမ့်မယ်၊ ပြီးတော့ ငွေလေးပေးတယ် ဆိုတာကိုလဲ သိသွားလိမ့်မယ်၊ ပျော်သွားလိမ့်မယ်"

ဟု ပြုံးပြုံးကြီးပြောတော့ ငွေလေး အံ့ဩပုံလေးဖြင့်…။

"ဟင်…ဒက်ဒီသိတယ်၊ ကိုကို့အတွက် ငွေလေး နာရီဝယ်လာတာ"

ဟု ကလေးလေးလိုပဲ တမော့မော့ဖြင့် ရိုးစင်းစွာလေး းလာတော့ ဒက်ဒီပြုံးသည်။ နောက်တော့ အသံထွက်၍ လွတ် တစ်ချက်ရယ်သည်။

ခေါင်းလေးကို ခပ်ဖွဖွပုတ်၍…။

"ဒက်ဒီပြောပြီးပါပကောလား၊ ငွေလေးဟာ ဒက်ဒီ့ လက်ပေါ်မှာကြီးလာတဲ့ ကလေးပါ၊ သမီးပါလို့ ဒက်ဒီ သိတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပါ၏။ ငွေလေး ဒက်ဒီပခုံးပေါ် ခေါင်းလေး မှေးတင်ကာ...။

"ဒါဆို ကိုကို့ကို ဒက်ဒီ မပြောပြနဲ့နော်၊ ကြိုတင်ပြီး မပြောပြနဲ့၊ စားပွဲပေါ်မှာ နာရီလေးကို တွေ့ပြီးမှပဲ ကိုကို သိရမှာနော်"

"မပြောပြပါဘူးဗျာ၊ စိတ်ချ၊ နေဦး...နေဦး... သမီးမျက်နှာလေး ဖျော့ကျနေသလိုပါလား၊ နေမကောင်း ဘူးလား ငွေလေး"

ဟု မျက်နှာလေးကို စိုးရိမ်သလို ကြည့်လာရင်း မေးလာ တော့ ငွေလေး လန့်သွားရပါ၏။ ဘယ်လိုပဲရွှင်ပျအောင်လုပ် ထားထား ငွေလေး၏မျက်နှာလေးက ဖျော့ကျနေတာ အမှန် ဟုတ်ပါလား။ ဒက်ဒီ သတိထားမိ၍ မေးလာရချေပြီတည်း။

"ကားသစ်ကြီးမောင်းရတော့ နည်းနည်းစိတ်လှုပ် ရှားတယ် ဒက်ဒီ၊ ပျော်လဲပျော်တယ်၊ ဒါကြောင့်ပါ"

ဟု ငွေလေး ရယ်၍ ပြောပြီးမှ...။

"ငွေလေးအခန်းထဲမှာ ရီဦးနဲ့တူတူ ကာရာအိုကေ ဆိုလိုက်ဦးမယ် ဒက်ဒီ၊ ကိုကိုက ကြာမှာမဟုတ်ပါဘူး နော်၊ လာတော့မှာပါ၊ အဲဒီတော့မှ ထမင်းစားမယ်နော် ဒက်ဒီ တူတူ"

ဟု ရင်ထဲမှဖြစ်ချင်တာလေးကို ထပ်ပြောမိပြန်ကာ ဒက်ဒီ ခေါင်းညိတ်မှ ရီရီဦးနှင့်တူတူ ငွေလေး အခန်းတွင်းမှ ထွက်ခဲ့ ၏။ ငွေလေးအခန်းထဲရောက်တော့ ခုတင်ပေါ် ကိုယ်လေး



ချခနဲ လှဲချလိုက်မိရင်းမှ မျက်စိကို စုံမှိတ်ချ၊ အသက်ကို အား ရှိုက်ရှုကာ ရင်ထဲမှာ မောချင်နေသမျှကို ဖြေဖျောက်ယူနိုင်ဖို့ ကြိုးစားနေမိရပါ၏။ အဲဒီတင်းခွက်လေးကို ရီရီဦးမှ ကိုယ်တိုင်ပဲ ကိုင်၍ ငွေလေးကို တိုက်ပါ၏။

"နင် ကာရာအိုကေ ဆိုနေလိုက်ဟယ်၊ ဒါမှ ဒက်ဒီ အခန်းရှေ့က ဖြတ်လျှောက်ရင် ဆိုသံကြားနေရမှာ၊ ခပ် တိုးတိုးပဲဆိုနော်"

"ငါ မဆိုချင်ပါဘူးဟာ၊ ငါ့အသံက လုံးဝ မကောင်းဘူး၊ ငါ့အခွေထွက်ရင် ထမင်းအုပ်တစ်လုံး လက်ဆောင်ပေးမယ်၊ ပိုစတာလက်ဆောင်ပေးမယ်၊ ရွှေ ဆွဲပြားလက်ဆောင်ပေးမယ်၊ ရေမွှေးပုလင်းလဲ လက် ဆောင်ပေးမယ်ဆိုရင်တောင်မှ ဝယ်သူရှိမှာ မဟုတ်ဘူး၊ အဲသလောက်ကောင်းတဲ့အသံ၊ အဟက်..."

ဟု ငွေလေး အာရုံထဲ ရယ်စရာတွေတိုးဝင်လာအောင် ရီရီဦး ခပ်သောသောလေး တမင်ပြောရှာခြင်းပါ။ ငွေလေးတစ် ချက်လိုက်ရယ်သည်။ နောက် မျက်ခွံလေးတွေလေးလာကာ...။

"ငွေလေးတစ်ချက်အိပ်လိုက်ဦးမယ် ရီဦး၊ အိပ်ချင် လိုက်တာ အရမ်းပဲ၊ ရင်ထဲမှာလဲ ဟာနေတယ်၊ မောနေ သလိုပါပဲ"

ဟု ခပ်တိုးတိုးလေး ပြောသည်။ မကြာလိုက်။ ငွေလေး တကယ့်ကို အိပ်ပျော်သွားရှာပါ၏။ မျက်နှာလေးဖျော့ကျနေလျက် ကလေးလေးလိုပဲ ခေါင်းအုံးအစွန်းတစ်ဖက်ကို လက်ဝါးနုနုလေး

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဆုပ်ကိုင်ထားရင်း ခွေခွေစောင်းစောင်းလေး အိပ်မောကျနေပြီဖြစ်ပါသည့် ငွေလေးကို ယုန်မွေးစောင်နီနီကြီး ခြုံပေးပြီးမှ ရီဦး သက်ပြင်းရှိုက်၍ ငွေလေးဘေးမှာ ခွေ၍ တူတူပဲ အိပ်လိုက်ရပါပြီ။ ရွှေကောင်းကင်မှာ ငွေလေးမူးခဲ့သည်မှ ရတနာဆေးရုံသို့ အမောတကော စိတ်ပူလက်ပူဖြင့် ကားမောင်းခဲ့ရ၊ ဒေါက်တာဒေါ်မြင့်မိုထံ အမောတကောရောက်ရနှင့် ရီရီဦးမှာလည်း စိတ်ပူရှိန်ဖြင့် အဘယ်မျှထိ စိတ်ရောကိုယ်ရော ပင်ပန်းခဲ့ရပါသလဲ။ စိုးရိမ်ချောက်ချားခဲ့ရပါသလဲ။

ပင်ပန်းရှိန် စိတ်မောကိုယ်မောဖြစ်ရှိန်ကြီးဖြင့် ရီဦးပါ ရော၍ ငွေလေးဘေးမှာ အိပ်ပျော်ကျသွားရပါချေသတည်း။

ညဆယ်နာရီထိုးခါနီးမှ သူ ဗစ်တိုးရီးယားသို့ ပြန်ရောက်သည်။ ခြံဝင်းတံခါးဖွင့်ပေးပါသည့် လေးလေးသိန်းမှ သူ့ကို အပြစ်တင်ကြည့်ဖြင့်အားမနာတမ်းကြည့်ကာ…။

“တစ်အိမ်လုံး ဘယ်သူမှ ထမင်းမစားကြသေးဘဲ စောင့်နေကြတာ ဖိုးခန့်၊ မင်းနှယ်ကွာ ကြာလိုက်ချက်၊ မိန်းမခိုးပြေးသွားပလား မှတ်ရတယ်၊ မနက်ဖြန်မနက် လက်ထပ်စာချုပ်မှာ သက်သေအဖြစ် ငါ လက်မှတ်လိုက်ထိုးပေးဖို့ တိုက်ပုံအင်္ကျီတောင် အင်္ကျီချိတ်မှာ အသင့်ချိတ်ထားလိုက်ပြီးပြီ၊ ကဲ…”



ဟု စိတ်ပေါက်ပေါက်ဖြင့် လေးလေးသိန်းပြောချတော့ မျက်နှာကြီးရဲတက်လာလျက်…။

“ဟာ…တောက်တီးတောက်တဲ့၊ ဘယ်က မိန်းမခိုးပြေးရမှာလဲ၊ စိတ်ညစ်ရတဲ့အထဲဗျာ လေးလေးသိန်းကလဲ”

“စိတ်ညစ်တယ်၊ နေစမ်းပါဦး၊ ထမင်းမစားရသေးဘဲ ဝမ်းဟောင်းလောင်းနဲ့ နေနေရတဲ့ ငါတို့က စိတ်ညစ်ရမှာပါ၊ ဘာလဲကွ၊ ဒီနေ့ ငွေလေးမွေးနေ့ အဲဒါ မင်း မသိဘူးလား ဖိုးခန့်၊ တကာတည်း ထွက်သွားလိုက်တာ စုန်းစုန်းမြုပ်ကရော၊ ဒီအချိန်ကျမှ ပြန်လာရသတဲ့လား၊ မင်း မပါဘဲ ညစာမစားဘူးဆိုပြီး ငွေလေးက မွေးနေ့ရှင်အဖြစ်ပြောတာတဲ့ ဒေါ်ကြီးက ငါ့ကို ပြန်ပြောပြတယ်၊ အစ်ကိုကြီးကလဲ ငွေလေးအလိုကျ စောင့်ပေးမယ်တဲ့၊ မင့်ကိုလေ စောင့်ပေးမယ်တဲ့၊ မစားဘဲ စောင့်ပေးမယ်တဲ့၊ အဲဒါ စောင့်နေကြတာ ကြာပြီ၊ စောင့်ရင်းစောင့်ရင်းနဲ့ ငါလဲ ရေနွေးကြမ်းကြီး လိမ့်သောက်နေရတာ ဗိုက်တောင်ကယ်နေပြီကွ၊ ငါက မနက်လင်းအောင်များ မင့်ကိုစောင့်နေရမယ်မှတ်တာ ကဲ…”

“ဟင်…ငွေလေးလဲ မစားသေးဘူး၊ တစ်အိမ်လုံး မစားကြသေးဘူး ဟုတ်လား၊ ခန့်လေးက လေးလေးသိန်း နောက်နေတယ်မှတ်နေတာ၊ ဟာ…ဒုက္ခပါပဲ ဘာလို့မစားကြတာတဲ့လဲ”

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ရှင်းရှင်းလင်းလင်းသိချင်ရင် ငွေလေး သွား မေး၊ သူ မစားဘူးပြောတာ၊ ကလေးခမျာ မင့်ကို စောင့်ရင်းစောင့်ရင်းနဲ့ အိပ်ပျော်နေပြီ၊ ဒေါ်ကြီးသွား ကြည့်တော့ အိပ်နေပြီတဲ့၊ သနားပါတယ်ကွာ၊ ကလေး မွေးနေ့မှာ မင်းက ဘာကိစ္စနဲ့ ဒီလောက်ကြီးထိ အကြာ ကြီး ကြာနေရတာတဲ့လဲ အပြင်မှာ"

ဟု ထမင်းမစားရသည့်ကိစ္စမှာ ကိုယ်မစားရတာ အစ်ကိုကြီးနှင့်ငွေလေးတို့ မစားရသေးတာကို ပို၍ ကြား ရင်ထဲက မကောင်းနိုင်ဘဲ သနားနေမိရတိုင်း လှိမ့်၍လှိမ့်၍ လေးသိန်း ဆူနေမိခြင်းပါ။

သူ့ကို ခြံတံခါးဝမှာ ကားကို ရပ်စေကာ လျှောက်ကြီးဆူနေသည့် လေးလေးသိန်းကို သူ အားနာ ဖြင့်...။

"ကန်တော့...ကန်တော့ပါ လေးလေးသိန်းရေ ခန့်လေးကြောင့် အားလုံးဆာနေကြရပြီ"

ဟု ပြောကာ ကားကို မောင်းထွက်၍ ပေါ်တီ အောက်မှာထိုးရပ်၊ ခြေလှမ်းကျဲကြီးဖြင့် အိမ်တွင်းသို့ ဝင် ပါ၏။ ထမင်းစားဆောင်တွင်းသို့ သူ အရင်ဝင်သည်။ ထို ငုတ်တုတ်ထိုင်နေသည့် ဒေါ်ကြီး၊ ဦးတော့ရီရီဦး၊ အဲမယ် ရီဦးပင်လျှင် ငွေလေးကို အဖော်လုပ်နေသည်ပဲဟု သူ တွေ ၏။ ဒါပေမဲ့ ဟိုဟိုသည်သည်ကြည့်တော့ ငွေလေးကို မ

ဒေါ်ကြီးကိုယ်တိုင်လည်း ခုလို အရမ်းကြီးည



ပြန်လာသည့် သူ့ကို စိတ်ထဲပေါက်နေပုံရသည်။ မျက်နှာက မှုန်နေပြီ။ လေးလေးသိန်းတို့ ဒေါ်ကြီးတို့ဆိုတာက သူ့ကို ငယ် ကတည်းက ထိန်းကျောင်းလာတာမို့ ဆူသင့်လျှင်ဆူ၊ တီးသင့် လျှင်တီးခဲ့သည်အထိ ဆွေမျိုးသားချင်းနှယ်ရှိနေကြသူများပါ။ ခုလည်း ဒေါ်ကြီးမျက်နှာက မှုန်တင်းနေပြီ။

"ငွေလေးရော"

"ဒီမှာ မတွေ့ဘူး မဟုတ်လား"

ပြန်ဖြေသံကိုက တိုဆတ်ဆတ်။ နောက် မျက်မှောင် ကုပ်၍ သူ့ကို ကြည့်၏။

"ဆာလို့နဲ့တူပါရဲ့ ကလေးခမျာ အိပ်ပျော်နေပြီ၊ ရီဦးတောင်မှ ခုတစ်ရေးနိုးလို့ အောက်ထပ်ဆင်းလာ တာ၊ ငွေလေးကတော့ အိပ်ပျော်နေတုန်းပဲတဲ့၊ ထမင်း စားစောင့်နေရင်းနဲ့လေ"

ဟု ဒေါ်ကြီး သူ့ကို အမြင်ကတ်ပုံဖြင့် ကြည့်လည်းကြည့် ပြောလည်းပြောလာပါ၏။

"ဒီနေ့ ငွေလေးမွေးနေ့ဆိုတာကိုများ မေ့သွားလို့ လား ခန့်လေး၊ ကလေးခမျာ မင်းကို တစောင့်စောင့်နဲ့၊ မိန်းမများ ခိုးပြေးပြီလား မသိဘူးလို့တောင်မှ ဒေါ်ကြီး က ထင်နေတာ"

လေးလေးသိန်းနှင့် တိုင်ပင်ထားကြပုံရသည်။ တစ်လေ သံတည်းလာဖြစ်နေကြပါ၏။ ဟာ ဒေါ်ကြီးကလဲဆိုသည့်အသံ က ရီရီဦးရှေ့မှာ ရှက်လန့်တကြီး ပွင့်ကျလျက် အပေါ်ထပ်သို့

www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းကျဲကြီးဖြင့် တက်လာရပါပြီ။ တကယ်က ငွေလေးနှင့် သူ့ကို လက်ထပ်ပေးချင်သည့်ကိစ္စပေါ်လာသည်မို့ သူ အနေ လည်းခက်၊ မျှော်လင့်ချင်သည့်ဘဝကို မမျှော်လင့်သာသည်မို့ ကြေကွဲရှိုက မနိုင်ရင်ကန်ကြီး နလုံးအိမ်ကို ထုနှက်ညှဉ်းပန်းနေ သည်မို့ သူ ကားဖြင့်ထွက်မိခဲ့ခြင်းပါ။ အင်းလျားကန်စောင်းမှာ သူ အချိန်ကို ဖြုန်းခဲ့သည်။ နောက်တော့ ကမ်းနားမှာ ကားကိုမောင်း ခဲ့၍ ကားကို ထိုးရပ်ကာ ဒလဘက်ဆီသို့ကူးသည့် အငှားကူးတို့ စက်လှေတွေကို သူ ငေးကြည့်အချိန်ဖြုန်းခဲ့ပါ၏။ ဘယ်သူနှင့် လည်း သူ သွားမတွေ့ခဲ့။တစ်ယောက်တည်းအချိန်ဖြုန်းခြင်း အချိန်မှာ အားလုံးသည်သူ့ကို ထမင်းစားစောင့်နေကြရသည့်အချိန် သူ ရင်ထဲမကောင်း။ အားလည်းနာသည်။ အနေလည်းခက်သည်။

ဒက်ဒီ့အခန်းသို့ သူ အရင်ဝင်သည်။ ငွေလေးကို သူနှင့်လက်ဆက်ပေးလိုသည့်ဆန္ဒကို ဒက်ဒီများ ဖွင့်ပြောခဲ့ပြီ လားမသိ။ ဒါကို သူသိဖို့လိုနေသည်လေ။ ငွေလေးကို သူ သွား တွေ့ဖို့ဆိုတာက ဒါကို သူ သိထားပြီးမှ ဖြစ်မည့်ကိစ္စ။ အကယ် ဒက်ဒီပြောထားလိုက်ပြီးပြီဆိုလျှင် သူမျက်နှာပူသည်၊ အား သည်။ ပြီးတော့ ငွေလေး သူ့ကို ငြင်းပယ်လိုက်သည့်စကား ပြောလာမှာ ချောက်ချားသည်။ နောက် ဒက်ဒီ့ကျေးဇူးကြေ လက်ခံအဖြေပေးလိုက်တာမျိုးကို ရင်ဆိုင်လိုက်ရမှာလည်း တုန်လှုပ်နေပြန်သည်။

ဒက်ဒီအခန်းတွင်းသို့ သူ ဝင်တော့ ဒရင်းဘတ် လှဲလျက် တရားစာအုပ်ဖတ်နေသည့် ဒက်ဒီမှ ခြေသံကြောင့်



ကို လှမ်းကြည့်လာ၏။

"မသိပါဘူး ဒက်ဒီက ခန့်လေး မိန်းမများ အလောသုံးဆယ် ခိုးပြေးသွားပြီလားလို့၊ ငွေလေးနဲ့ လက်ဆက်ပေး ချင်တယ်လဲဆိုရော ငွေလေးလို မိမဲ့ဘမဲ့ ကလေးကို မယူချင်လို့များ၊ မစာနဲဘူး မတူဘူးဆိုပြီး တော့များ မင်းနဲ့ထိုက်တန်မယ်လို့ မှတ်ယူလက်ခံထားတဲ့ မိန်းမတစ်ယောက်ယောက်နဲ့များ ခိုးပြေးလိုက်ပြီလားလို့ ဒက်ဒီ ထင်နေတာ၊ ဒါကြောင့် သားနဲ့နေရာချချင်တဲ့ကိစ္စ ငွေလေးကို အသိတောင် မပေးရဲဘူး"

အားလုံးတစ်လေသံတည်းဖြစ်နေသည်။ လေးလေးသိန်း၊ ဒေါ်ကြီး၊ ခု ဒက်ဒီ။ တိုင်ပင်ထားကြ်ချေသည်လားမသိ။ ငေါ့ ထေ့ထေ့စကားတွေချည်းဖြစ်နေသည်။

"ဟာ…ဒက်ဒီကလဲ ဘာလို့ ငွေလေးကို သားက မတူမတန်ထင်ရမှာလဲ၊ ဘာလို့ လက်မထပ်ချင်ရမှာလဲ၊ ဘာလို့ တခြားမိန်းမတစ်ယောက်ကို ခိုးပြေးရမှာလဲ၊ ငွေလေးထက် ဘယ်မိန်းမကမှ ခန့်လေးရဲ့ဘဝမှာ အရေး မကြီးနိုင်ဘူး ဒက်ဒီ"

ဟု ဒက်ဒီ့စကားကြောင့် ရင်ထဲနင့်ကျသွားရလျက် လွှတ် ခနဲ ပြောချလိုက်မိရပါပြီ။

မိဘမဲ့လေးမို့၊ မထိုက်တန်ဘူးထင်၍ ဆိုသည့် စကား မျိုးငွေလေးအပေါ် သဘောထားတာမျိုး သူ့နားက မကြားရက်။ သူ့နှလုံးအိမ်က မခံနိုင်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲနင့်ခနဲနေအောင် ထိထိနိုက်နိုက် ခံစားရလျက် မခံမရပ်နိုင်သလို ကြေကြေကွဲကွဲကြီးလည်းဖြစ် စိတ်လိုက်မာန်ပါလည်းဖြစ်လာရလျက် သူ လွှတ်ခနဲ ပြောမိပြီးမှ ...။

"ငါ ... ငါ ... ငါ့ရင်ထဲကအဖြစ်၊ ငါ့အချစ်တွေကို ဖွင့်ချလိုက်မိပြီပဲ"

ဟု ချက်ချင်းအနေခက်စွာသိလည်းသိ၊ ပြုံးပြုံးကြီး ကြည့်နေသည့် ဒက်ဒီ့ကိုလည်း ရှက်အမ်းအမ်းဖြင့် ခိုးကြည့်မိလိုက်မြင်မိလိုက်ရပါပြီ။ ဒက်ဒီ ပထမတော့ ပြုံးနေသည်။ နောက်တော့ မျက်လုံးတွေထက်မှာ ကြည့်နူးရိပ်နှင့် ရယ်မောလိုရိပ်များက ပို၍ ပြည့်သိပ်လာ၏။ နောက်တော့ ထိန်းမထားနိုင်တော့သလို ခပ်တိုးတိုးအသံထွက်၍ ရယ်သည်။ သူ့ ခေါင်းကြီးငုံ့ချ၍ ငြိမ်ရပ်နေစဉ် ဒက်ဒီ သူ့ရှေ့တည့်တည့်မှာ ရပ်လာ၏။ ပခုံးထက်မှာ လက်ဖဝါးကို ဖေးတင်သည်။ နောက် ပခုံးကို ခပ်ဖိဖိဆုပ်ညှပ်၏။

"အဲဒါပဲ ခန့်လေး၊ လူဆိုတာ သူ လုံးဝမခံနိုင်တဲ့ စကားတစ်ခုကို ကြားရင် ချက်ချင်းအလောတကြီး ငြင်းပစ်လိုက်တတ်ကြတယ်လေ၊ ဘာလို့လဲဆိုတော့ သားကို မိန်းမခိုးပြေးပြီထင်ကယ်လို့ ဒက်ဒီပြောတယ်၊ ငွေလေးနဲ့ မတူမတန်ဘူးဆိုပြီး သားက သဘောထားတယ်လို့ ဒက်ဒီ စွပ်စွဲတယ်၊ ဟာ ... ချက်ချင်းကြီးကို ပေါ်လာတော့တာပဲ၊ သားက ငွေလေးကလွဲပြီး ဘယ်မိန်းမကိုမှ လက်ထပ်နိုင်တဲ့ အေးချမ်းခန့်မှ မဟုတ်တာ၊ ချတော့ ပေါ်ရော၊ လိမ်လို့ကို မရ၊ ဖုန်းကွယ်လို့ကို



မရအောင် ဝန်ခံရော"

ဟု ဒက်ဒီပြောလာပါ၏။ မျက်တောင်မခတ်ကြီး ကြည်ည်နူးနူးကြည့်သည်။

"ဒက်ဒီပြောမယ် သား၊ သားတို့နှစ်ယောက်စလုံးဟာ ဒက်ဒီ့လက်ပေါ် ကြီးကြတဲ့ ကလေးတွေပဲ၊ ဒက်ဒီသိတယ်၊ ရင်ထဲမှာ ဘာတွေရှိတယ်ဆိုတာ ဒက်ဒီသိတယ်၊ ကဲ ... ငွေလေးအိပ်နေပြီ၊ သွားနှိုးလိုက်၊ အောက်ထပ်မှာ ဒက်ဒီတို့ စောင့်နေမယ်၊ ငွေလေးခမျာ သားကို စောင့်ရင်းအိပ်ပျော်သွားတာ၊ သားမပါဘဲနဲ့ သူ့ရဲ့မွေးနေ့လေးကို မလွန်မြောက်စေချင်ရှာဘူး"

ဟု ပြောကာ အခန်းပြင်သို့ ဒက်ဒီထွက်၏။ သူ ငွေလေးအခန်းတံခါးရှေ့မှာ ခဏရပ်သည်။ နောက် ခပ်ဖွဖွခေါက်၏။

"ငွေလေး"

ထူးသံမကြားရ။ အခန်းတံခါးရွက်ကို တွန်းဖွင့်၍ သူ ...သည်။ ခုတင်ထက်မှာ ငွေလေး အိပ်ပျော်နေရှာပါ၏။ အနီ...င်အခံတွင် အဝါရောင်နှင့်ပန်းနုရောင်ပန်းပွင့်ကြီးများ ရွက်စိမ်း...တွေရံလျက် ဖောင်းကြွနေအောင်ရှိနေပါသည့် ယုန်မွေးစောင်...ပွကြီးကြောင့်ထင့်။ ငွေလေး၏ ခွေခွေလေးစောင်းအိပ်နေခြင်း ပို၍ သေးသွယ်ပျောင်းနွဲ့နေသယောင်ရှိ၏။ ငွေလေး၏ ...နှာလေးကလည်း ဝန်းဝန်းသွယ်သွယ်လေးဖြင့် ဘဲဥပုံမျက်နှာ...လေးပေမို့ အရှမ်းကို လှနေသည်ပါပဲ။ လက်လေးတစ်ဖက်က ...င်းအုံးစွန်းလေးကို ဖွဖွ ဆုပ်ကိုင်ထားသည်။ မျက်နှာလေး

www.burmeseclassic.com

www.burmeseclassic.com



စောင်းကျလျက် ပိုးခေါင်းအုံးစွပ် မိုးပြာရောင်ထက်မှာ အပြစ်ကင်း စင်လွန်းစွာ အိပ်မောကျနေသည်ကိုက ဖြူဖြူစင်စင်နိုင်သည့် ကလေးတစ်ယောက် အိပ်ပျော်နေရှာသည့်အသွင်လေး။

ညစာမစားဘဲ တကယ့်ကို ခေါင်းမာစွာ သူ့ကို စော သည့် ငွေလေး။ သူ ချစ်စနိုးလေးလည်း ဖြစ်မိရ၊ လူပုံ ပျောင်းနွဲ့သလောက် တကယ့်ကို ခေါင်းမာသည့် ကလေး ချစ်ဒေါသဖြင့် ထိပ်လေးထုပစ်ချင်လောက်အောင်လည်း မချင့် ဖြစ်ရနှင့်ပါ။ ကိုယ်ကြီးငုံ့ကိုင်း၍ မျက်နှာနုနုလေးကို တစိမ့် တစ်ချက်ငေးစိုက်ကြည့်မိသည်။ မျက်တောင်ရှည်ခက်ခက် ကော့ကြီးကို သူ လက်ဖျားလေးဖြင့် ဖွဖွလေး ထိလိုက်ချင်သည့် ပါးပြင်နုနုလေးကို ဖွဖွလေး လက်ဖြင့်ပုတ်နှိုးလိုက်ချင်သည့် ဒါပေမဲ့ သူ မထိရက်။ အရိပ်တကြည့်ကြည့်နှင့်သာ အလှ ကြည့်နေချင်တော့သည့်အဖြစ်။

"ငွေလေး…ငွေလေး"

သူ ကိုယ်ကြီးငုံ့ကိုင်း၍ ခပ်တိုးတိုး ခေါ်သည်။ ခေါ် က တိုးညင်ညင်ရှိ၏။ တယုတယနိုင်၏။ သူ့နှလုံးအိမ်ဆီမှ ခြင်းတို့စီးမျောစွာ သူ့ခေါ်သံတိုးဖွဖွမှာ ပါသွားကြပါစေတော့ သူ နွှင့်ပြုလိုက်မိရပါပြီတည်း။

"ဟင်…အင်"

ငွေလေး နိုးလာသည်။ မျက်ခွံလေးကို အားယူ၍ ၏။ သူပြုံး၍ ငုံ့မိုးကြည့်ကာ…။

"အမိ…တစ်အိမ်လုံး ကိုကို့ကို ဝိုင်းပြီးအမြင်ကတ်



နေကြပြီ ခင်ဗျ၊ ဆာနေကြပြီဗျ၊ ငွေလေးက ကိုကို မပါဘဲ ထမင်းမစားဘူးဆို၊ ကဲ…ဆိုးတေမလေး ထ… နောက်ကို အဲသလို မဆိုးကြေး၊ ကိုကိုက တစ်ခါတစ်ခါ အလုပ်များတတ်တယ် ငွေလေးရ၊ ခုလဲ ဆရာကြီးဦးစည် သူက လျှောက်လဲချက်တွေအတွက် စီရင်ထုံးတွေရှာ နိုင်းဘာခိုင်း၊ အဲ…လျှောက်လဲချက်တွေရေးဖို့ နှုတ်က ပြောသမျှ လိုက်ရေးခိုင်းနဲ့ ကြာသွားတာ၊ အဲဒါ ဒီမှာ အားလုံးဆာကုန်ရော"

ဟု သူ ကြံဖန်၍ ပြောမိရပါပြီ။ စီရင်ထုံးတွေ လျှောက် လဲချက်တွေဖြင့် သူ ညာပြောမိရသည်က 'ငွေလေး၊ သူ့ကို စွန့် လွှတ်ဖို့ချည်းသက်သက်မဟုတ်၊ သူ ကားတစ်စီးဖြင့် အချိန်ဖြုန်း နေခြင်းဆိုတာသိလျှင်' ငွေလေး အရမ်းကို ဝမ်းနည်းမှာသိ၍ပါ။

ခုလို ငွေလေး သူ့အပေါ် လေးလေးနက်နက်လေးသွားသည်။ ထမင်းမစားဘဲ စောင့်သည်ဆိုတော့ သူ အချိန်တွေအလကား သွားဖြုန်းနေမိခဲ့သည့်အတွက် ယူကျုံးမရ၊ ရင်ထဲ ထိခိုက်ရပါ၏။

သူရောက်လာ၍ ငွေလေး ဝမ်းသာအားရလေး လူးလဲ ထသည်။ ဆံကျစ်ရှည်လေးနှစ်ဖက်က ဝေ့ဝေ့ဝဲဝဲဖြင့် ရှေ့သို့ ငိုက်ကျလာ၏။ သူ့ကို ပြုံး၍ မော့ကြည့်ကာ…။

"ငွေလေး သိပါတယ်၊ ကိုကိုအလုပ်များနေလို့ဖြစ် မှာလို့၊ ဘာလို့လဲဆိုတော့ ငွေလေးမွေးနေ့ပဲဥစ္စာ၊ အလုပ် မများရင် ကိုကို ဘယ်ကြာမလဲလို့"

ဟု ပြောလာသည်ကိုက သူ့စကားကို ယုံကြည်သည့်

www.burmeseclassic.com

ပုံလေးဖြင့်ပါ။ သူ့ပို၍ စိတ်ထဲမကောင်းဖြစ်ရပါ၏။ ငွေလေးမျက်နှာလေးကတော့ လန်းလာသည်ပါပဲ။

"ဒီမှာ ကိုကို၊ ကိုကို့အတွက် ငွေလေးအမှတ်တရ ဝယ်လာတာ၊ ငွေလေးကို အမြဲအမှတ်ရနေအောင်လို့လေ၊ ငွေလေးကိုယ်တိုင် ကိုကို့လက်မှာ ပတ်ပေးချင်လို့ စောင့်နေတာ၊ လက်ပေး ကိုကို"

ဟု လက်လေးကို ခေါင်းအုံးအောက်လျှိုကာ ပြန်ထုတ်လာတော့ ရွှေရောင်နာရီ။ သူ့လက်ကို ဖွဖွလေးဆုပ်ကိုင်၍ သူ့လက်မှာ နာရီလှလှလေးကို ပတ်ပေးပါ၏။ ငွေလေးရင်ထဲမှာ ပျော်နေမိရသည်ပါပဲ။ ကိုကိုရောက်လာသည်မို့ ငွေလေးရင်ထဲမှာ အားတွေပိုရှိလာသည်။ အိပ်လည်းအိပ်လိုက်ရသည်မို့ အမောရော၊ အမူးရော သက်သာလာသည်မှာလည်း အမှန်ပါ။ ငွေလေး မွေးနေ့မှာ ကိုကို တမင်များ ထွက်သွားခြင်းလားဟု ဝမ်းနည်းကြေကွဲရှိုက်ဖြင့် ရင်ထဲမှာ အားငယ်နေမိခဲ့လေသမျှ ကိုကို စီရင်ထုံးတွေရှာ၊ လျှောက်လဲချက်တွေရေးနှင့် အလုပ်ရှုပ်နေသည်ဟု သိရသည်မို့ ရင်ထဲမှာ အေးသွားရသည်ပါပဲ။ ကိုကိုက အလုပ်သင်ရှေ့နေပဲလေ။ ကိုကို့ဆရာကြီးက ခိုင်းလျှင်လုပ်ပေးရမည်။ ပညာရှာခြင်းဆိုတာ ဆရာသမား၏ ခိုင်းစေမှုကို နာခံခြင်းဆိုသည့် အရာဖြင့် တပည့်ကောင်းဖြစ်စေရသည် မဟုတ်ပါလားလေ။

ငွေလေးကို ရှောင်ခြင်းမဟုတ်လျှင် ငွေလေးရင်ထဲ ချမ်းမြေ့ရပါပြီ။

ကိုကို့ကို မော့ကြည့်ကာ…။



"ငွေလေးက ကိုကို ငွေလေးကိုများ တစ်ခုခု စိတ်ထဲမျက်ပြီး တမင် သွားလိုက်တာလားလို့ ထင်နေတာ၊ ငွေလေး စဉ်းစားတယ်သိလား ကိုကို၊ ငွေလေး ဘာများ အမှားလုပ်မိထားသလဲလို့၊ စဉ်းစားလို့ကို မရဘူး ကိုကိုရဲ့"

"ဘာလို့ ငွေလေးကို ကိုကိုက စိတ်ထဲမျက်ရမှာလဲ ကလေးရယ်၊ ဘယ်တော့မှ အဲဒီအတွေးမျိုး မတွေးနဲ့၊ သိပ်အပြစ်ကြီးတယ်၊ ကိုကိုက ငွေလေးကို ဘယ်တော့မှ စိတ်ထဲမျက်မယ့်သူမှ မဟုတ်တဲ့ဥစ္စာ"

ဟု သူရင်ထဲမကောင်းနိုင်ဘဲ ပြောနေမိရပါ၏။ တကယ်သူ့မှာသာ အပြစ်ရှိနေသည်လေ။ သူက တမင်ရှောင်ထွက်သွားတာ အမှန်။ ငွေလေးကို မုန်း၍ မျက်၍ မဟုတ်ပါ။ ဒါပေမဲ့ ရှောင်သွားသည်ကတော့ ရှောင်သွားသည်ပဲ မဟုတ်ပါလားလေ။ ငွေလေးကို စိတ်ဆင်းရဲအောင်လုပ်မိသလိုကြီးဖြစ်သွားရသည်ပဲ။ သူ့ကို ငွေလေးက ငွေလေးမှာ အပြစ်ရှိသည်ဟုပင် ထင်နေရှာသေးသည့်အဖြစ်။ တကယ်တမ်း အပြစ်ရှိသည့်သူက သူ။

ငွေလေး သူ့လက်မှ လက်ပတ်နာရီလေးကို ကြည့်သည်။ ကြည်နူးရိပ်က ထင်၏။ မျက်နက်ဝန်းလေးတွေ ရွှန်းလဲ့လာနေသည်ပါပဲ။

"ဒီနာရီကို အမြဲပတ်၊ ကိုကို့နာရီအဟောင်း ငွေလေးကိုပေး၊ ဒါမှ ဒီနာရီကို ကိုကို ပတ်ဖြစ်မှာ"

ဟု ပြောတော့ သူ ခေါင်းပဲညိတ်ပြသည်။

www.burmeseclassic.com



"ကိုကို တယောလေးနဲ့ သီချင်းဆိုပြနော်"

နောက်ထပ်ခေါင်းတစ်ညိတ်တိုးပြန်၏။ လောလောဆယ်မှာ ငွေလေးကို စိတ်ချမ်းမြေ့စေချင်တာပဲ ရှိနေသည်။ ဘာကိုငွေလေးပြောပြော သူ ခေါင်းညိတ်နေမိမည်သာ။

ငွေလေးနှင့်သူ အောက်ထပ်ထမင်းစားဆောင်သို့ ဆင်းလာခဲ့ပါ၏။

လေးလေးသိန်းရော၊ ဒေါ်ကြီးပါ သူတို့နှင့်တစ်ဝိုင်းတည်း ထမင်းတူတူစားဖြစ်ကြပါ၏။ လူခြောက်ဦးပေမယ့် ထမင်းဝိုင်းသည် စကားသံတွေ ဝေစည်လျက် မြိန်ယှက်စွာပဲ စားသောက်ဖြစ်ကြရပါ၏။ ရီရီဦးမှာ ကျောက်ပုစွန်ကြီးတစ်ကောင်ဖြင့် ထိုက်ထဲအီနေအောင်ဖြစ်နေရပါသည့်အဖြစ်။

စားသောက်ပြီးတော့ ဒက်ဒီ၊ ကိုကို၊ လေးလေးသိန်းနှင့် ဒေါ်ကြီးကို ထမင်းစားဆောင်တွင်ပဲ ငွေလေး ကန်တော့သည်။ မွေးနေ့မှာ ကန်တော့ခြင်း။

ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လိုရာဆန္ဒပြည့်ဝချမ်းသာပါစေဆိုသည့် ဆုပေးသံများ ဝေစည်လျက် ထမင်းစားဆောင်ထဲ သည် အေးချမ်းဖွယ်အတိရှိချေသည်တည့်။

ဒက်ဒီက အပေါ်ထပ်သို့ ပြန်တက်သွားသည်။ ပန်းကန်ခွက်ယောက်များဆေးကြောခြင်းအလုပ်ကိုလည်း ဒေါ်ကြီးက ပေးမလုပ်။ ထိုသို့ပေးမလုပ်သည့်အတွက် ငွေလေးအတွက် ရီရီဦး ကျိတ်၍ ရင်အေးရပါ၏။ ငွေလေး အရမ်းကို နေမကောင်းဖြစ်ထားသည် မဟုတ်ပါလားလေ။



ခြံထဲဆင်းကာ စံကားပင်အောက်၌ လေးလေးသိန်း၊ ကိုကို၊ ငွေလေးနှင့်ရီဦးတို့ ထိုင်ဖြစ်ကြပါ၏။

ကိုကို တယောထိုးတော့ ငွေလေး၏ ကိုယ်လေးက ရီရီဦး၏ ပခုံးလေးထက်မှာ မှေးမှီကျလာသည်။ အေးစိမ့်စိမ့်ရှိသည်မို့ ငွေလေးရင်ထဲမှာ နည်းနည်းနေရဆိုးချင်လာသလိုပါ။ ရီရီဦး ရိပ်မိပုံရသည်။ ငွေလေး၏ ကိုယ်လေးကို ဖေးထိန်းပွေ့ယူထားပါ၏။ ငွေလေး၏ ကိုယ်ထက်မှာ အင်္ကျီထူမရှိ။ အဝါရောင်ပိုးဝတ်စုံလေးသည်သာ ရှိနေ၏။

"ငါ အင်္ကျီထူသွားယူလိုက်မယ် ငွေလေး"

ခပ်တိုးတိုး ရီဦး ပြောတော့ ငွေလေးလက်လေးကုတ်၍ ထားသည်။

ကိုကိုတယောအိုးကို ပခုံးထက်မှာ တင်ထားတာ၊ မေးများဖြင့် ဖေးထိထားတာ၊ တယောသံနွဲ့နွဲ့လေး လွင့်မျောဖြစ်တည်လာတာ၊ အားလုံးကို ငွေလေးကြည်နူးစွာ ငေးကြည့်နေသည်။ တယောထိုးတံလေးကို အသားတကျ တနွဲ့နွဲ့ထိုးနေပါသည့် ကိုကို။ လရောင်အောက်မှာ ကိုကို့ရုပ်သွင်က ကြည့်ကောင်းစွာ ခံ့ခံ့ညားညား လေးရှိနေသည်ပါပဲ။ ကိုကို့နဖူးပြင်ထက်မှာ ဆံစတို့ ခွေခိုက်ပြိုကျနေသည်။

ကိုကို့ကို တယောထိုးသင်ပေးခဲ့ပါသည့် လေးလေးသိန်းကတော့ ဘေးမှ စည်းလိုက်နေသည်။ ပေါင်ကိုပုတ်လိုက်၊ လက်ချောက်တီးလိုက်ဖြင့် စည်းလိုက်နေသည့်အသွင်။ ငွေလေး ကိုကို့ကို ငေးကြည့်နေဆဲ။ ဩော် … ထိုသို့ပဲ လရောင်သွင်ပျူသော

www.burmeseclassic.com

www.burmeseclassic.com



လသာညများမှာ ငွေလေးသည် တယောထိုးပြတတ်ပါသ ကိုကို့ကို ဤသို့ပဲ ကြည်နူးစွာ ကြိမ်ဖန်များစွာ ငေးကြည့်နေ တတ်ခဲ့သည်ပါပဲ။

စင်းတန်းနေသော ကိုကို့နှာတံ၊ ထူထဲသောမျက်ခုံးတ တယောကြီးကို မေးစင်းကြည့်ရင်း တယောထိုးနေသည့် ကိုကို့သ ဟန်၊ နဖူးထက်ဆီသို့ ဖြိုကျနေသော ဆံပင်ထူအုပ်အုပ်ခွေခွေ အရမ်းကို ကြည့်ကောင်းပါသည့် ကိုကို။ ငွေလေး အမြဲ ငေးကြ နေမိရတတ်ပါသည့် **ကိုကို**ပါ။

တယောသံက နွဲ့နွဲ့ငြိမ့်ငြိမ့်လေး စီးမျော၏။ ကိုကို တယောသံက လရောင်အောက်မှာ ပို၍ နွဲ့လာ၏။ လွမ်းစ လွမ်းစရာဖြစ်လာ၏။ တယောသံကြောင့် ညသည်ပို၍ လွမ်းစ ဖြစ်လာ၏။ သြော်…လရောင်ဖြာသည့် ညကြောင့်ပင်လျှ တယောသံက ပို၍ လွမ်းစရာဖြစ်ရပြန်ချေသည်တကား။

သူ တယောထိုးနေမိသည်က စန္ဒရားချစ်ဆွေ၏ ငယ် ချစ်ဟောင်းနှင့်နှစ်ပေါင်းများစွာ။

တေးသံက တနွဲ့နွဲ့။ သြော်…တဆွေးနွဲ့နွဲ့။ တလွ သိမ့်သိမ့်။

"ငယ်ချစ်ဟောင်းနဲ့နှစ်ပေါင်းများစွာ…အနေကြာ လာခဲ့သည်မှန်သော်လဲ…သွေ့ခွာဝေးရမယ့်စကားဆို… တစ်ခွန်းသော်မှ…ပြောမထွက်ရက်သူပါကွယ်…ကိုယ့် စိတ်ကိုယ့်ဘဝင် မတင်မကျ တငွေ့ငွေ့ကြောင့်ကျပူပင် ဗျာပါသဲနှင်…ချစ်နှောင်ကြိုးမငင်ဝံ့သူမှာ…ရင်မောဖ



မော…လှပါပြီကွယ်"

သူ့အသံက ဆွေးလျှလျှ။ လရောင်အောက်မှာ ဝင်းဖန့် နစင်စွာရှိနေပါသည့် သူ၏ ယမင်းရုပ်လေး။

သြော်…သူ၏ ကြွေရုပ်လေးကို မြတ်နိုးခြင်း မဖွင့်သာ လေသည့် ကြေကွဲရပါသော ရင်ဖြင့် တမြေ့မြေ့ကြည့်မိရပါချေ သည်တည့်။

သြော်…တမြေ့မြေ့ ကြည့်ရပါချေသည်ကော မောင့် ငွေလေးငယ်…။

ကျောင်းတက်ဖို့ တံခါးရွက်ကို ဖွင့်၍ အုတ်လှေကားထစ် ကို နင်းဖြတ်ဆင်းခိုက်မှာပဲ ဧည့်ခန်းရှိ တယ်လီဖုန်းမြည်လာသည် မို့ ငွေနံ့သာ ဧည့်ခန်းထဲပြန်ဝင်၊ ဖုန်းလေးကို ကောက်ကိုင်လိုက် ကာ ထူးမည်ပြုခိုက်မှာပဲ…။

"ဟယ်လို…ပြည်စိုးပါ"

ဟု ဒက်ဒီထူးသံပေါ်လာသည်မို့ စာကြည့်ခန်းရှိဖုန်းကို ကောက်ကိုင်၍ ဒက်ဒီထူးလိုက်ပြီဟု သိရသည်မို့ ဖုန်းလေးကို အသာပြန်ချမည်ပြုခိုက်…။

"အန်ကယ်…ကျွန်မ မြင့်မိုပါ၊ အန်ကယ် ခုမနက် မှာ ရတနာကို လာနိုင်မလား၊ ငွေလေးနဲ့ပတ်သက်လို့ မို့မှာ ပြောပြစရာရှိနေလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသံကြားရသည်မို့ ဖုန်းလေးကို မချဖြစ်ဘဲ ငွေလေး ဆက်နားထောင်လိုက်မိရပါပြီ။ ဟုတ်သည်။ မနက်ဖြန်မှာ သွေးစစ်ထားသည့်အဖြေကို သွားယူရချေမည်ပဲ။ ပြီးတော့ အီးစီဂျီလည်း ရိုက်ထားတာရှိသေးသည်။ အဖြေတွေ မနက်ဖြန် သိရမည်။ ခု ဘာကြောင့် ဒက်ဒီကို မမမြင့်မို ဖုန်းဆက်ပြောနေရပါသလဲ။ ငွေလေး သေချာကိုမှာထားသည်ပဲလေ။ ငွေလေး မူးနေသည့်ကိစ္စ ဒက်ဒီနှင့်ကိုကို့ကို မပြောပြဖို့ သေချာကြီးကိုပဲ မမဒေါက်တာမြင့်မိုကို ကတိတောင်းထားသည်ပဲ။ ခု ဘာကြောင့် တကူးတကကြီး ဒက်ဒီကို မမမြင့်မိုမှ ရတနာဆေးရုံသို့ ဝင်လာခဲ့ဖို့မှာရပါသလဲ။

"ငွေလေးနဲ့ပတ်သက်လို့ ဟုတ်လား ဒေါက်တာ၊ ငွေလေးနဲ့ပတ်သက်လို့ ပြောပြစရာ ဟုတ်လား"

ဟု ဒက်ဒီထံမှ အံ့သြသံဖြင့် မေးသံပေါ်လာပါ၏။

"ဟုတ်ပါတယ် အန်ကယ်၊ မို့မှာကလဲ ဒီမှာ နောက်တစ်နာရီအတွင်း အော်ပရေးရှင်းဝင်ဖို့ကိစ္စကလဲ ရှိနေတော့ ဗစ်တိုးရီးယားကို ကိုယ်တိုင်လာပြောပြဖို့ မဖြစ်နိုင်လို့ပါ၊ အန်ကယ်လာခဲ့ပါလား၊ နောက်တစ်နာရီ အထိတော့ ရတနာဆေးရုံက မို့ရဲ့ အခန်းမှာ ရှိနေပါမယ်"

"အန်ကယ် ဒီနေ့စက်ရုံမှာ မီတင်တစ်ခုရှိတယ် ဒေါက်တာ၊ ခုသွားဖို့အချိန်ကပ်နေပြီ၊ ဒီလိုလုပ်ပါလား၊ အန်ကယ် နေ့လယ်ဘက်လာခဲ့မယ်၊ ဖြစ်မလား၊ ဒေါက်တာ အော်ပရေးရှင်းပြီးချိန်လောက်လာပါမယ်၊ ဘယ်အချိန်လောက်လာရမလဲ"

ဟု မေးလာသည့် ဒက်ဒီအသံ…။

"နေ့လယ်ဆယ့်နှစ်နာရီလောက်လာပါ အန်ကယ်"

"ငွေလေးနဲ့ပတ်သက်လို့ ဘာပြောမလို့လဲ ဒေါက်တာ"

"ငွေလေး ဒီရက်ပိုင်းအတွင်းကပဲ မူးပြီး ရတနာဆေးရုံကို ညနေဘက်ရောက်လာပါတယ် အန်ကယ်၊ အဝေါ်လေးကို မူးတာပါ၊ အားအင်မရှိအောင်ဖြစ်တာပါ၊ အားပေါ်တာ ကိုယ်တိုင်တောင် ဆင်းမလျှောက်နိုင်အောင်ပါ၊ အန်ကယ်တို့စိတ်ပူမှာစိုးလို့ဆိုပြီး အဲဒီကိစ္စကို မပြောပြပါနဲ့လို့တောင် ငွေလေးက ကတိတွေဘာတွေတောင်းခဲ့တာပါ၊ မို့ကလဲ ပေးမိခဲ့ပါတယ်၊ ခု အဲဒီကတိကို ဖျက်ရမလိုဖြစ်နေပါပြီ"

"ဟင်…အန်ကယ် မသိရပါလား၊ တော်တော်အခြေအနေဆိုးနေသလား ဒေါက်တာ၊ အဲသလိုပဲ ဒီကလေးဟာလေ အန်ကယ်တို့စိတ်ဆင်းရဲမှာကို အရမ်းစိုးရိမ်တတ်တဲ့ ကလေး၊ အန်ကယ်စိတ်ပူလိုက်တာ ဒေါက်တာရယ်၊ ငွေလေးရောဂါက ဘာတဲ့လဲ"

"ဖုန်းနဲ့မပြောပါရစေနဲ့ အန်ကယ်၊ အန်ကယ့်ကို အသိပေးသင့်တယ်ထင်လို့ ခေါ်ရတာပါ၊ ဩော်…ဘာလဲ ခေါ်သင်း…အင်း…ဝင်လာနိုင်းလိုက်ပါ… ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အချိန်ရပါတယ်၊ အိတ်စ်ကျူးမီး ဒြန်ဂျာဖ်၊ လူနာတစ် ယောက် ရောက်လာလို့ပါ၊ မို့ ဆယ့်နှစ်နာရီမှာ အန် ကယ့်ကို တွေ့ပါမယ်။

ဟု ပြောသံနှင့် ဖုန်းချသွားချိန်မှာ ငွေလေး ကမန်းက တန်းလေး ဖုန်းကိုချ၍ ကားရှိရာသို့ ထွက်ခဲ့ကာ ကားကို အရေ တကြီးမောင်းထွက်လာမိခဲ့ရပါပြီ။ ငွေလေး ဦးတည်မောင်းမိရ သည်က ရတနာသို့ပါ။

ရတနာဆေးရုံကားပေါ်ကင်ထိုးရာနေရာမှာ ကားကို ထိုး ရပ်၊ အပြေးတစ်ပိုင်းဖြင့် ငွေလေး ဆေးရုံအတွင်းသို့ ဝင်ကာ ဒေါက် တာဒေါ်မြင့်မိုရ်၏ အခန်းသို့ ဝင်ခဲ့ပါ၏။ အဖြူရောင်တံခါးနှင့်သီး စမ့်ရှိကီလေးကို ကိုင်ဖွင့်၍ ငွေလေးဝင်လာစဉ် ထပြန်ရန်ပြင်နေ သည့် အမျိုးသမီးကြီးတစ်ဦးနှင့် အမျိုးသားကြီးတစ်ဦးကို ငွေလေး တွေ့ရပါ၏။ ငွေလေးအခန်းထောင့်ရှိထိုင်ခုံလေးမှာ သွားထိုင် သည်။ အခန်းတွင်းမှ အမျိုးသမီးကြီးနှင့်အမျိုးသမီးကြီးတို့ ထွက် သွားသည်အထိ မမဒေါ်မြင့်မိုရ်မှာ တံခါးရွက်နားအထိ လိုက်ပို့ ရပ်ကျန်ခဲ့သည်ကိုလည်း တိတ်ဆိတ်စွာ ငွေလေး စောင့်ကြည့်နေ ပါ၏။ မမဒေါ်မြင့်မိုရ် နောက်မှ ငွေလေးကို ကြည့်လာသည်။ အခန်းထဲမှာ ဒေါက်တာ မမဒေါ်မြင့်မိုရ်နှင့် ငွေလေးပဲရှိနေသည် အဖြစ်။ တည်ငြိမ်စွာ ငွေလေး မမမိုရ်ကို ကြည့်ကာ...

ငွေလေး အားရိုးကြားခဲ့ပြီးပါပြီ မမ၊ ကိုယ်က တော့ တစ်မင်းနားထောင်မိတာ မဟုတ်ပါဘူး၊ ဖုန်းမြည် ဖို့ ကောက်ကိုင်လိုက်မိချိန်မှာ ဒေါ်ဒီက ထူးလိုက်တာ



မို့ပါ၊ နောက်တော့လဲ ပြောသမျှတွေကို ငွေလေးဆက် ကြားခဲ့ရတာပါပဲ၊ မမကို ငွေလေးတောင်းပန်ပါရစေ၊ ငွေလေးရဲ့ရောဂါကို ငွေလေး သိပါရစေ၊ ငွေလေးဟာ ဝေဒနာရှင်ပါ၊ ကာယကံရှင်ပါ၊ ငွေလေးကို အသိမပေး ဘဲ ထားရမှာယ်လို့ မမ တွေးမိနေလောက်အောင် ငွေ လေးရောဂါက တစ်ခုခုတော့ ဆိုးဝါးနေပြီလို့ ငွေလေး နားလည်ထားပါတယ်

ဟု ပြောတော့ မမမိုမျက်နှာမကောင်း။ တစ်ချက် ပြတင်း အနီးမှာ သွားရပ်သည်။ ငွေလေးမျက်နှာကို မကြည့်ရက်၍များ တမင်ကျောပေးရပ်နေခြင်းများလားဟု ငွေလေးထင်နေမိရပါ၏။ ငွေလေး ဘာကိုမျှ ဆက်မမေးသေး။ တိတ်ဆိတ်စွာဖြင့် စောင့် ဆိုင်းကြည့်နေမိသည်က မမမို ပြန်လှည့်လာစဉ်ခိုက် မြင်ရမည့် မျက်နှာရိပ်ကိုပါ။ ထိုမျက်နှာထက်တွင် ထင်ဟပ်သည့် အရိပ်များ ကို ကြည့်၍ အဖြေတစ်ခုကို ဖမ်းဆုပ်ယူနိုင်ဖို့ ကြိုးစားနေခြင်း။

မမမို၏ ကိုယ်နံ့နံ့လေး အညင်အသာ ပြန်လှည့်လာ သည်။ မျက်ဝန်းထက်တွင် ကြေကွဲဝမ်းနည်းရိပ်ကို မြင်နေရ၏။ ထိုအရိပ်တွေကို တတ်နိုင်သမျှ မမမို ဖုံးကွယ်ထားနိုင်ဖို့ ကြိုးစား နေကြောင်းကိုလည်း ငွေလေး ရိပ်စားမိနေသည်။ ခုလို ငွေလေး ရောက်လာချေလိမ့်မည်ဟုလည်း ထင်ထားပုံမရ။ ဒီကိစ္စကြောင့် ၍ ငွေလေးရောက်လာချေလိမ့်မည်ဟု ထင်ထားချေပုံမရ။ ဒီကိစ္စ က မနက်ဖြန်မှ ငွေလေးကို မမမိုထံလာ၍ အဖြေတစ်ခုကို ယူဖို့မှာထားခြင်း မဟုတ်ပါလား။ တကယ်ရှိရောဂါရှိသည့်ရှိတ်

www.burmeseclassic.com



ထက်တစ်ရက်နောက်ကျပြီးမှ လှူနာကို ချိန်းသည့်သဘော။ ဒါမှ လှူနာလာသည့်အခါ ရီဇာတ်တ်မရသေး၍ ပြန်သွားရတာမျိုး ကင်းနိုင်မည်လေ။

"ခုမနက်ပဲ မမ ငွေလေးရဲ့ ရီဇာတ်တ်ကို ရတာ၊ သာမန်သွေးအားနည်းတာပါ ငွေလေး၊ ဒါပေမဲ့ မမ စိတ်ပူတယ်လေ၊ ငွေလေး အလုပ်တွေ သိပ်လုပ်နေမှာမျိုး၊ စာတွေ အရမ်းကျက်ပြီး အိပ်ရေးပျက်မှာမျိုးတွေ ဖြစ်မှာစိုးတယ်၊ နားဖို့လိုတဲ့ကိစ္စကို အန်ကယ်တို့သိဖို့ လိုအပ်တာမို့ မမ ဖုန်းဆက်လိုက်တာပါ"

ငွေလေး သိနေသည်။ မမမို ညာနေသည်ဟု။ ဤ[illegible] လောက်နှင့်တော့ ဒက်ဒီကို တကူးတက ခေါ်မည်မဟုတ်။ ဒက်[illegible] ထံ အားဆေးတွေဘာတွေ မမမို လာသွင်းပေး၊ စမ်းသပ်ပေးချိ[illegible] မှာပဲဖြစ်ဖြစ်၊ ဒက်ဒီမှာ မယ်ဒီကယ်လ်ချက်ကပ်လုပ်နေကျအတိုင်း မမမိုထံ ဆေးရုံမှာ လာတွေ့သည့်အခါမှာပဲဖြစ်ဖြစ် ပြောနိုင်သည်ပဲ။ သာမန်သွေးအားနည်းသည့်ကိစ္စလောက်ကိုတော့ ငွေလေး ဆေ[illegible] လက်မှတ်အဖြေလာယူချိန်မှာပြောလည်း ပြောပြ၊ အားဆေးတွေ ဘာတွေလည်း ထိုးပေးလိုက်ချေမည်ပေါ့။ ပြီးတော့ ဖယ်မင[illegible] ဒေါက်တာဖြစ်ချေသည့် မမမို ဗစ်တိုးရီးယားသို့ ဒက်ဒီကို လာ[illegible] လာကြည့်နေကျ ရက်များမှာလည်း ငွေလေးကို ဆေးထိုးဆေ[illegible] တိုက်ဖို့ကိစ္စတွေ စီမံပေးနိုင်သည်။ လုပ်ကိုင်ပေးနိုင်သည်ပဲ။

"ငွေလေးသိတယ် မမမို၊ ငွေလေးကို ခုနက မမမို ဖြေလိုက်တဲ့အဖြေဟာ မမှန်ဘူးဆိုတာ ငွေလေး သိနေ



တယ်၊ မမမို ငွေလေးပြောပါရစေ၊ ငွေလေးဟာ မိဘမဲ့ပါ၊ ဖေဖေဟာ သူလောကကြီးမှာ ကြာကြာဆက်နေခွင့်မရတော့ဘူးဆိုတာကို သိရချိန်မှာ တည်တည်ငြိမ်ငြိမ်ပဲ အဲဒီသေခြင်းတရားကိုလဲ ရင်ဆိုင်သွားခဲ့တယ်၊ ကျန်ရစ်သူ သမီးငွေလေးအတွက်လဲ စီမံသင့်တာကို စီမံပေးထားခဲ့တယ်၊ ဒါကြောင့် ငွေလေးဟာ ဒက်ဒီ့ မေတ္တာရိပ်မှာ လုံခြုံအေးချမ်းစွာ နေနေရတာပါ၊ ငွေလေး ခံယူထားတာ တစ်ခုရှိတယ်၊ မလွဲမသွေ အကြောင်းအရာတစ်ခုခုအဖြစ် တစ်ခုခု အနာဂတ်ကာလတစ်ခုခုကို ရင်ဆိုင်လက်ခံပေးလိုက်ရမယ့်သူတစ်ယောက်ဟာ သူ့ကံကြမ္မာကို သူ သိထားသင့်တယ်၊ ပြီးတော့ သူ စီမံခဲ့သင့်တာကို စီမံပေးခွင့်ကိုလဲ ရသင့်တယ်၊ အဖြစ်မှန်ကို သိသင့်တယ်ဆိုတာကိုပါပဲ"

ငွေလေးပြောနေတော့ မမမို ခေါင်းရမ်းသည်။ အားယူပြုံး၍...။

"မဟုတ်ပါဘူး ကလေးရဲ့၊ တကယ့်ကို ငွေလေး သွေးအားနည်းတာပါ၊ ရိုးရိုးပါ"

ဟု ဖြေနေသည်။ ငွေလေး၏ လက်လေးကိုလည်း တယုတယ ဖေးဆုပ်ကိုင်ထားပါ၏။

"ဒါဖြင့် မမမိုဆီမှာရှိနေပြီဖြစ်တဲ့ ငွေလေးရဲ့ ရီဇာတ်တ်ကို ငွေလေးလက်ထဲထည့်ပေးလိုက်ပါလား မမ"

www.burmeseclassic.com

www.burmeseclassic.com



မှာ ပြောတော့ မမမို ငိုင်ခနဲဖြစ်ရပါပြီ။ အံဆွဲကို ဟိုဟို သည်သည်ရှာသလို လုပ်နေသည်။

"မတွေ့ဘူးလို့ မဖြေပါနဲ့ မမမို၊ ဒက်ဒီကို ပြဖို့ အသင့် မမထားထားတယ်ဆိုတာ ငွေလေးသိနေပြီးသားပါ၊ ငွေလေးကို ဘာလို့ ဖုံးကွယ်ထားဖို့ ကြိုးစားနေရတာလဲ မမ၊ ငွေလေး သိပါရစေ၊ ငွေလေးဟာ ဖေဖေ့သမီးပါ၊ ဖေဖေလိုပဲ တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်နိုင်စွမ်းသူတစ်ယောက်ဖြစ်ရမှာပါ၊ ငွေလေးမှာ ဖေဖေ ထားရစ်ခဲ့တဲ့ ပိုင်ဆိုင်မှုများစွာတွေနဲ့ ပတ်သက်လို့လဲ စီမံသင့်တာ စီမံခဲ့ရမှာ ဖေဖေ့လိုပဲပေါ့"

ဟု ပြောလာတော့ မမမို ငိုင်နေပါ၏။

"ငွေလေးဟာ ကာယကံရှင်ပါ မမမို၊ ငွေလေးကို ဒက်ဒီတို့ ကြည့်ရှုထားတာ မှန်ပါတယ်၊ ဒါပေမဲ့ . . . ဒါပေမဲ့"

မဖြစ်မနေ အဖြေကို သိချင်နေသည်မို့ ဖွတ်ကြီးမိုက်၍ ပြောချလိုက်ရသည့် စကားကြောင့် ဒက်ဒီကိုရော ကိုကိုကိုရော ရင်ထဲမှာ ကန်တော့တောင်းပန်နေမိဖေမယ့် . . .။

"ဒါပေမဲ့ သူတို့ဟာ ငွေလေးရဲ့ သွေးသားအရင်းတွေ မဟုတ်ကြပါဘူး၊ ဒါကြောင့် ဒီလောကကြီးမှာ ငွေလေးနဲ့ ပတ်သက်ရင် တာဝန်အရှိဆုံးသူဟာလဲ ငွေလေးကိုယ်တိုင်ပဲဖြစ်နေပါတယ်၊ ငွေလေးကို ပြောပြရမှာ မမမိုရဲ့ တာဝန်ပါ"



ဟု ဖွတ်မိုက်ပြောချလိုက်ရပါပြီတည်း။ ဒါမှ ငွေလေး သိလိုသမျှကို သိရချေမည်လေ။ မမမို၏ မျက်နှာထက်တွင် ချွေးစေးလေးတွေ စို့လာနေတာကို မြင်နေရပါ၏။ တကယ်လည်း ကာယကံရှင်လူမှာမှ သွေးရင်းသားရင်းဟူ၍ ရှိတာမှမဟုတ်။ ဒါကိုလည်း ဒေါ်မြင့်မို သိနေသည်။ သိထားသည်။ ငွေလေးမှာ ကြွယ်ဝချမ်းသာသော ပြည့်ဝအေးချမ်းသည့်စိတ်ရှိသော မွေးစားအမေနှင့် အစ်ကိုတော့ရှိသည်။ ဒါပေမဲ့ ကာယကံရှင် ငွေလေးကိုယ်တိုင်က ထိုသူတို့သည် ငွေလေး၏ သွေးသားအရင်းအချာတွေ မဟုတ်ဟု အတိအလင်းကြီး ရင်ထဲက သဘောတရားကို ဖွင့်ချပြလာပြီ။ ထို့သို့ပဲ ဒေါ်မြင့်မို နားလည်လိုက်ရပါပြီ။ ငွေလေးနှင့်ပတ်သက်၍ တာဝန်အရှိဆုံးသူသည် ငွေလေးကိုယ်တိုင်ပဲ ဖြစ်နေသည်။ ဒါလည်း ငွေလေးခံယူထားတာနှင့်ဆိုလျှင် မှတ်နေပြီ။ ငွေလေးက ပြောသည်။ ပိုင်ဆိုင်မှုများနှင့် ပတ်သက်၍လည်း စီမံသင့်တာကို စီမံရမည်တဲ့။ ထိုအပိုင်းကလည်း စဉ်းစားရမည့်ကိစ္စဖြစ်နေပြန်သည်။

ဒေါ်မြင့်မိုသည် ရှေ့မှာထိုင်နေသည့် အရှမ်းကို ခေါင်းမော့ရှာပဲ မိမိထံမှ အဖြေကို စောင့်နေပါသည့် ဖြူစင်စွာ အရှမ်းကို ချောမွေ့လှပလွန်းပါသည့် မိန်းကလေးငယ်လေးကို မချိတင်ကဲ ကြည့်မိရပါပြီ။ ငယ်ကတည်းက အမိမဲ့ အဖမဲ့ရှာလျက် လူ့ဘဝမှာရှိခဲ့ရရှာပါသည့် ကလေး။ ထိုကလေး၏ ဘဝသည်လည်း ထုံကြွမှာမရောက်ရချေသည့်ပုံဟု ကြွေကြွေတွဲကွဲ တွေးရ။ ထိုထို နိုက်ခိုက်ဖော်သည်း ငေးကြည့်လိုက်မိရပါ၏။ ကြည့်ချင်းတစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



ရှင်းလိုက်ကာ ခေါ်မြင့်မို တံတွေးကို မျိုချမိပြန်ပါ၏။ ပြောမထွက်သည့်စကားကို ဖွင့်မပြောရက်နိုင်သည်မို့ အံဆွဲတွင်းမှ သွေးစစ်သည့်အဖြေရီဇာတ်တ်ကို ပေးလိုက်မိရပါပြီ။

မမမို၏ လက်ချောင်းနုနုလေးတွေ မသိမသာ တုန်နေတာကို ငွေလေး မြင်နေရသည်။ အဖြေသည် ဆိုးဝါးသောအကြောင်းတရားတစ်ခုဖြစ်ခြင်းမက ဖြစ်နေချေပြီဆိုတာကိုတော့ အလိုလိုသိလာနေရပါ၏။ ငွေလေး ကိုယ်တိုင်လည်း ရင်ထဲမှာ တုန်လှုပ်နေသည်ပါပဲ။ ချောက်ချားနေသည်ပါပဲ။ ဘာဖြစ်နေချေမည်လဲဆိုတာကို မသိရသေးပေမယ့် ရင်ထဲမှာ တုန်လှုပ်နေသည်။ စိတ်တွေ မငြိမ်ချင်။ ဒါပေမဲ့ ထိုခံစားမှုများကို မျက်နှာထက်မှာ မစွန်းထင်းစေရ။ ထိန်းထားနိုင်သည်။ ရီဇာတ်တ်ကို ငွေလေး တည်ငြိမ်သည့်ဟန်လေးဖြင့်ပဲ ၄င်း ဖတ်လိုက်မိရပါပြီ။

စာလုံးတွေ ဝေဝါးကုန်သည်သို့ ခံစားရပါ၏။ ဘာလတ်ကင်ဆာ။ ငွေလေးတွင် သွေးကင်ဆာဖြစ်နေသည်တဲ့လား။ မျက်နှာလေး မွေးကျသွားလျက် ငွေလေး၏ ကျောပြင်က ကုလားထိုင်ကျောမှီကို မှီကျသွားရပါ၏။ စိုးရိမ်တကြီး မမမိုဘေးမှာ လာရပ်ချိန်မှာတော့ ငွေလေး အရာရာကို ပြန်ထိန်းယူနိုင်ဖို့ ကြိုးစားပြုနေပြီ။

ကိုယ်လေးကို ပြန်မတ်ယူသည်။ မျက်တောင်ဖျတ်ခနဲခတ်လိုက်ကာ နှုတ်ခမ်းလေးကို ဖွဖွလေး ဖေးကိုက်လျက် မျှော်လင့်ချက်ကင်းမဲ့ပျောက်ဆုံးနေသည့် လူတစ်ယောက်၏ ကစဉ့်ကလျားနိုင်သော တုန်လှုပ်ချောက်ချားခြင်းကြီးသော စိတ်တွေကို



ချုပ်စုစည်းထိန်းကွပ်ယူလိုက်နိုင်ဖို့ ကြိုးစားယူနေသည့် ငွေလေးဖြစ်နေပြီ။

ငါးမိနစ်မျှ ငွေလေးစားပွဲထက်မှာ လက်တံတောင်လေးတွေကို ဖေးတင်ကာ ကိုယ်လေးခပ်ဖေးဖေး မေးငိုက်ထားလျက်ကစ်ကို စုံမိုတ်ငြိမ်သက်ထိုင်နေမိရပါ၏။

နောက်တော့မျက်ဝန်းလေးတွေ ပြန်ဖွင့်လိုက်နိုင်လာပြီ။ အချိန်မှာတော့ အရမ်းကို တည်ငြိမ်နေသည့် ငွေလေး၏ပုံစံလေးဖြစ်အောင် ငွေလေး ကြိုးစားထိန်းယူထားလိုက်နိုင်ပြီးပြီ။

ကော့ညွတ်ရှည်လျားသော မျက်တောင်ကော့များကိုမင့်၍ ငွေလေး ကြည့်မိသည်က မမမိုကိုပါ။ မျက်ရည်ဝဲလျက်ကြည့်နေသည့် မျက်ဝန်းနှင့် ငွေလေးဆုံသည်။

တည်ငြိမ်စွာ ငွေလေး ပြုံးပြပါ၏။ မမမို၏ လက်မောင်းလေးကို ခပ်ဖွဖွကိုင်သည်။

"ကျေးဇူးတင်ပါတယ် မမမို၊ ခုလို အဖြစ်မှန်ကို ငွေလေးသိခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ငွေလေးအတွက် စိတ်မကောင်းမဖြစ်ပါနဲ့ မမမို၊ ဒါကံကြမ္မာပါ၊ သေခြင်းတရားဆိုတာကို ဘယ်လိုမှ ရှောင်ကွင်းတွန်းလှန်နိုင်ခွင့်မရှိတဲ့ ဝေဒနာမျိုးကိုမှ ရွေးချယ်ဖြစ်ပြီး အဲဒီဝေဒနာကို ရင်ဆိုင် လူ့ဘဝကြီးက ထွက်ခွာသွားရမယ့်သူအဖြစ် ငွေလေးရဲ့ ကံကြမ္မာမှာ ပါလာတာပဲ မမမို၊ ဒါကို ငွေလေး လက်မခံလို့လဲ မရဘူး မဟုတ်လား၊ လက်ခံချင်သည်ဖြစ်စေ လက်မခံချင်သည်ဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com



ငွေလေး ဒါကို ရင်ဆိုင်နေရပြီပဲ၊ ဒီအဖြစ်မှန်ကို ငွေလေး သိခွင့်ရလိုက်တဲ့အတွက် ငွေလေး ဝမ်းသာတယ်၊ ငွေလေး လုပ်သင့်တာ လုပ်ထားနိုင်ခဲ့တာပေါ့ မမမို

ဟု ပြောသံက တည်ငြိမ်နေသည်။

"ငွေလေး အချိန်ဘယ်လောက်ကျန်နေသေးသလဲ မမမို့ ဟင်"

ဟု မေးသံအဆုံးမှာ ခေါ်မြင့်မိုသည် မယုံရက်နိုင်လောက်အောင်ပင် ငွေလေးကို ကြည့်နေမိရပါ၏။ ခြောက်လထက်လည်း မနေနိုင်သည်။ ခြောက်လ။ အို...အလွန်ဆုံးတစ်နှစ်။ ထိုမျှ အ...ပဲ ထိုမိန်းကလေးမှာ အချိန်ကျန်တော့သည်ဆိုတာ ယုံရက်စ...မရှိ။

"ပြောပါ မမမို"

"ငွေလေးရယ်"

ဟု အသံတိမ်လေးဖြင့် တိုးမှုမှ ခေါ်မြင့်မို တစ်...ညည်းသည်။ မျက်ရည်ဝိုလျက်မှ...။

"နောက်မှဒီကိစ္စ ပြောကြတာပေါ့ ငွေလေးရယ်၊ ပြန်နားလိုက်ပါလား"

ဟု ပြောတော့ ငွေလေးခေါင်းခါသည်။ ခေါင်းမ... အဖြေမရမချင်းရှိနေစောင့်နေချေမည်ဆိုတာ သိနေရသည်မို့...

"တစ်နှစ်...တစ်နှစ်ထိတော့"

ဟု တိုးသဲ့စွာပဲ ဖြေလိုက်ရပါပြီ။ ညကလေးမလေ... မိဘရင်းတွေရှိလျှင် ဘယ်လောက်စောင်းရှာမည်လဲဟု ခေါ်...



...တွေးနေမိသည်။ မိဘတွေကိုပဲ ဖွင့်ပြောဖြလိုက်ချင်သည့်လေ။ ...ကျတော့ ငွေလေးက မိဘမဲ့ဆိုသည့်စကားဖြင့် မိမိကို အဖြေ...စ်ခုမပေးမချင်း ခေါင်းမာစွာ စောင့်ဆိုင်းယူခဲ့ချေသည်တကား။

"အမြန်ဆုံးက ဘယ်အချိန်လဲ မမမို"

ဘုရားရေ...။ သေခြင်းတရားကို ရင်ဆိုင်ဖို့ ညာမိန်းက...သည် တည်ငြိမ်လွန်းစွာပဲ ဆုံးဖြတ်လိုက်နိုင်ပြီးသူတစ်ယောက်...နေချေသည်တကား။ ဆရာဝန်တစ်ယောက်ဖြစ်သည့် မိမိ...ကိုယ်တိုင်ပင်လျှင် ထိုစေ့ဒနာကို သိလိုက်ရလျှင် ထိုမျှ တည်ငြိမ်...မည်လားဟု မိမိဘာသာပင် သံသယဖြစ်လာမိရသည်...ပါ။

"ခြောက်...လ"

ဟုပဲ ခေါ်မြင့်မိုအသံတိုးတိုးဖြင့် ဖြေမိရသည်။

ငွေလေးပြုံး၍ ကြည့်တာ ကြမ်းပြင်တွင် ထိုင်ချလိုက်ပါ...ငွေလေး လက်အုပ်လေးချီကာ ကန်တော့ချိန်မှာ ရုတ်တရက်...မြင့်မို မျက်ရည်ကျလာသည်။ ငွေလေးနှင့်ခေါ်မြင့်မို တွေ့ခဲ့...နီးခဲ့တာ အချိန်မနည်းတော့ပြီပဲလေ။ ဇစ်တိုးရှီးယားရဲ့ ဖွယ်...ခေါက်တာအဖြစ်ရှိခဲ့သည် သက်တမ်းပင် ငါးနှစ်တိုင်ခဲ့ချေ...။ ငွေလေးလက်အုပ်လေးချီထားရင်းမှ မော့မော့လေးကြည့်...။

"မမမို ငွေလေးအတွက် မျက်ရည်ကျတာ ငွေလေး...စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ မမမို့ရဲ့ မေတ္တာကို ...သိရတာမို့ ကြည်နူးရပါတယ်၊ ကျေးဇူးတင်ရပါတယ်၊

www.burmeseclassic.com



ငွေလေးကိုယ်ကိုလဲ မမမိုဆီမှာပဲ အပ်ပါတယ်၊ ငွေလေး သေ့ရမှာကို မကြောက်ဘူးလို့ မပြောပါဘူး၊ ငွေလေးဟာ လူပါ၊ လူပီပီ ကြောက်ပါတယ်၊ ဒါပေမဲ့ မလွဲမရှောင်သာတဲ့ အနာဂတ်ကို ရင်ဆိုင်ရမှာပဲမို့ တည်ငြိမ်တဲ့ သတိနဲ့ ထိန်းယူရင်ဆိုင်သွားပါ့မယ်၊ မမမို ငွေလေးကို ဆေးဝါးနဲ့ သက်တောင့်သက်သာဖြစ်အောင် ကုသနိုင်သမျှ ကူညီပေးပါ"

ဟု မိမိကိုယ်ကို အပ်နေရှာပါသည့် လူနာ ညီမ လေးလို ချစ်ရပါသည့် ငွေလေးကို တိတ်ဆိတ်စွာ ငုံ့ကြည့်ရ ရင်ထဲ ဘာယ်လိုမှ ထိန်းမရ။ ငွေလေး၏ ကိုယ်လေးကို ဖွဖွ ထွေးပိုက်ကာ မျက်ရည်ကျလာရပါပြီ။

"ငွေလေးရယ် မမရင်ထဲ မချိလိုက်တာ၊ ရင်ထဲ မကောင်းလိုက်တာ၊ ငွေလေးအများကြီးနေနိုင်တဲ့ အရွယ်ပါ၊ ဘာလို့များ"

ဟု ရင်တနင့်နင့်ဖြင့် ပြောရင်းမှ ငွေလေး၏လက် တွေကို ထွေးဆုပ်ထားပါ၏။

"မမဟာ ဆရာဝန်ပါ၊ ဆရာဝန်ဆိုတာလဲ လူသားပါပဲ ကလေးရယ်၊ ညီမလေးလိုချစ်ရတဲ့ ငွေလေးအတွက် မမ မျက်ရည်မကျဘဲ မနေနိုင်အောင်ဖြစ်ရတာမို့..."

ဟု ပြောနေရာမှ စကားအဆုံးမသတ်နိုင်။ မျက်ရည် ဖြန့်သုတ်ရှာပါ၏။ နောက်တော့ ကြိုးစား၍ ပြုံးကာ ငွေ



ကို ကြည့်သည်။

"မမ ငွေလေးကို အမြဲ ကြည့်ရှုကုသနေမှာပါ"

ဟု ပြောရှာပါ၏။

"သေလူတစ်ယောက်ရဲ့ဆန္ဒဆိုတာကို လူတွေက အမြဲလိုက်လျောတတ်ကြပါတယ် မမမို၊ ဒါကြောင့် ငွေလေးရဲ့ဆန္ဒကို ပြောပါ့ရစေ၊ မမမို လိုက်လျောပေးပါ၊ ငွေလေး...ငွေလေး...ဒီရောဂါ ဖြစ်နေတာကို ဒက်ဒီနဲ့ ကိုကို့ကို အသိမပေးပါနဲ့၊ သူတို့သိပ်စိတ်ထိခိုက်သွားကြလိမ့်မယ်၊ သိပ်စိတ်ပူကြလိမ့်မယ်၊ ဆောက်တည်ရာမဲ့ဖြစ်ကြရလိမ့်မယ်၊ ပင်ပန်းငိုကြွေးကြလိမ့်မယ်၊ ငွေလေးက သေမယ့်ရက်ကို စောင့်နေရချိန်မှာ ဒက်ဒီနဲ့ကိုကိုတို့ရဲ့ ကြေကွဲမျက်ရည်တွေကို ငွေလေး မကြည့်နေပါရစေနဲ့၊ သောကတွေကို မမြင်နေပါရစေနဲ့၊ ငွေလေးဟာ သာမန်မူးဝေတဲ့ ရောဂါဖြစ်နေတယ်ဆိုတာလောက်ပဲ မမ ဒက်ဒီကို အသိပေးပေးပါ၊ ဒါ ကာယကံရှင်လဲဖြစ်၊ သေလူတစ်ယောက်ရဲ့ ကြီးမားတဲ့ဆန္ဒလဲဖြစ်ပါတယ် မမမို၊ ဒက်ဒီလာတဲ့အခါ အဖြစ်မှန်ကို မပြောပြလိုက်ပါနဲ့"

ဟု ပြောနေသမျှ ဒေါ်မြင့်မို အနိုင်နိုင်သာ ခေါင်းညိတ် လိုက်ရပါပြီတည်း။

ဪ...သေလူတစ်ယောက်၏ဆန္ဒတဲ့လား ငွေလေးရယ်။ သေလူတစ်ယောက်၏ဆန္ဒဆိုတာထက် မေတ္တာစေယျ

www.burmeseclassic.com

ပြောရချေမည်သာတည်း။

ကျွန်ုပ်စိုးရိမ်ရမည့်သူတွေ၏ မျက်ရည်စက်များ။

ကြေကွဲစိုးရိမ်ရမှုများ။

ချောက်ချားလောက်ဖြစ်ရမှုများ။

ခေါက်တည်ရာမှ ပင်ပန်းခြင်းကြီးစွာ ပူပန်ရမှုများ [illegible] မမြင်ရက်ပါသည့် သေလူတစ်ယောက်၏ ခံတွင်းဝေသော [illegible] ငွေလေးရယ်။

ထိုနက်ကြေကွဲစွာဖြင့် ဒေါက်တာ ဒေါ်မြင့်မိ၏ မျက်ရည် [illegible] စက်သည် ဖြုတ်ခနဲ ကြွေပြန်ချေသည်တည်း။

အခန်းလေးသည် တိတ်ဆိတ်ခြင်းအတိဖြင့် ငြိမ်သက် [illegible] သွားသည်။

လေအဝေ့တွင် တဖြုတ်ဖြုတ်မြည်လိုက်တတ်သော [illegible] ခနဲဖြစ်သွားပါသည်။ ပြတင်းပေါက်နှင့်ဆီး၏ အသံလေးမှအပ [illegible] သည် တိတ်ဆိတ်ငြိမ်သက်လျက်နေပါ၏။

"ဟယ် ဟိုမှာ ကိုကို့ လေးလေးသိန်းကြီးပါ [illegible]

စားသင်ဆောင်၏ ကော်ရီဒါမှ ရပ်နေသည့် ကိုကို [illegible] လေးလေးသိန်းကို နုနုနွယ် တစ်ချက်အပြင်ဘက်ကြည့်မိပြီး [illegible] တွေ့လိုက်ရသည်နှင့် အသံလေးပွင့်ကျလာမိကာ ငွေလေးနှင့် [illegible] ဦးတို့လည်း ချက်ချင်း ကော်ရီဒါကိုကြည့်မိလိုက်ရပါပြီ။ [illegible]



[illegible]းသိသည်။ ဒေါက်တာ့ဒီလွှတ်လိုက်တာဖြစ်မည်။ မမမိုမှ ဒေါက်တာ့ကို [illegible]လေးအတော်ကြီးမူးမူးဝေဝေဖြစ်နေခဲ့သည်တို့တော့ ပြောပြလိုက်မည်သာ။ ဒေါက်တာ ကိုကို့ကို ဖုန်းဖြင့်ချက်ချင်း လှမ်းပြောမှာ [illegible]ချာသည်။ ကိုကိုအဘယ်မျှထိ စိတ်ပူမည်ဆိုတာ ငွေလေး [illegible]ပါသည်။ အရှိန်ကို မျက်နှာပျက်နေဆဲသည့် ကိုကို့ကို မြင်ရုံမျှ [illegible]ပင် ငွေလေး သိနေရပါသည်ကိုကိုရယ်။ ဒေါက်တာလည်း အတော် [illegible] စိတ်ပူရှာချေမည်သာ။ လေးလေးသိန်းကိုပါ ဘာကြောင့် [illegible]ခေါ်လာသည်ဆိုတာကိုတော့ ငွေလေး မတွေးတတ်။

တစ်ခုခုတော့ တစ်ခုခုပဲဟု ရီဦးရဲ ငါတို့ကို တစ်ခုခုများ ကြွေးမွေးချင်လို့လားမသိဘူး။ ဟိုမှာသွား စားရင် ကောင်းမယ်ဟ၊ ပေါက်စီဝယ်စားရင် လက်ဆောင်အဖြစ် ကော်ဖီတစ်ခွက်တိုက်တယ်ဆိုတာလေ၊ ပေါက်စီဆယ်လုံးစားရင် အဟက်...

တစ်နေ့တစ်နေ့ စားသောက်စရာနှင့်ပတ်သက်၍ သာ[illegible]င်းစာထက် ကြော်ငြာမှန်သမျှ လိုက်လိုက်ဖတ်ကာ သွားရေ [illegible]ကျဖြစ်နေတတ်ပါသည်။ နုနုနွယ်မှပြောတော့ ရီဦး မျက်မှောင် [illegible]၍...။

"ဘယ်တော့ စားပိုနိုင်ပြီး ဆေးရုံရောက်မယ် မသိဘူး၊ ပေါက်စီတော်ငါးဆယ်လုံးကုန်အောင် စားချင်နေတဲ့ နင့်ကို ငါသာဆို ဘယ်တော့မှ အစားအသောက်အတွက် တိုက်တွန်းသွားလော်စားပို့ အဖော်မခေါ်ဘူး၊ နင်ကတကန်မြေ မှောက်တစ်ပွဲဆက်စားရင်လဲ ရှိရှိစားတာမဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူ စားကုန်ထားတဲ့ ပန်းကန်ကို ငါဘက်တွန်းပို့ထား
တာ ငါကပဲ နှစ်ပန်းကန်တီးထားသလိုလိုနဲ့''

ရီဦးမှာ တစ်နေ့က ကင်တင်းမှာ နုနုနွယ် လုလည်
ထားခဲ့လေသမျှကို မကျေနိုင်သေးဘဲ ရှုပွရှုပွဖြင့် ခပ်တိုးတိုး
နေစိုက် ငွေလေးကတော့ ရင်ထဲလေးနေသည်ပါပဲ။ မမမို
အဖြစ်မှန်ကို ပြောပြလိုက်ချေမည်လားဆိုတာကိုတော့ စိုးရိမ်
နေမိရသည်ပါပဲ။ ဒက်ဒီ နေ့လယ် ဆယ့်နှစ်နာရီမှာ မမမို
ရတနာမှာ သွားတွေ့မှာ အသေအချာပဲလေ။ မမမို ငွေလေး
ဆန္ဒကို လိုက်လျောပေးပါ ဟု ဆုတောင်းနေမိရပါသည့်အပြ
ဒက်ဒီမသိပါစေနှင့်…။ ဩော်…ကိုကိုမသိပါစေနှင့်…။
လေးကြောင့် သောကတွေကို ရင်နှင့်မဆန့်အောင် ပင်ပန်းတ
မခံစားကြရပါစေနှင့်။ ထိုဝေဒနာချက်နှာများကိုလည်း ငွေ
မမြင်ပါရစေနှင့်။ ကျောင်းတက်မပျက်ဘဲ ဆက်၍ ကျောင်
ကားလေးကို ရတနာမှာ ငွေလေးမောင်းခဲ့ကာ အခြေအနေမ
ဟန်မပျက် အတန်းတက်နေမိရသည်ကိုက ငွေလေးမှာ ပြင်း
စွာ ခံစားရချေမည်။ ဝေဒနာဆိုးကြီးရရှိနေပြီဆိုတာကို မည်သူ
မသိစေချင်၍ပါ။

အတန်းဆင်းဘဲလ်သံမြည်တော့ စာအုပ်လေးတွေ အ
ဖွားလွယ်အိတ်လေးထဲ ကောက်ထည့်၍ ငွေလေးတို့ ထွက်
ရသည်က ကိုကိုနှင့် လေးလေးသိန်းထံသို့ပါ။

''ကိုကို ဘာလာလုပ်တာလဲဟင်၊ လေးလေးသိန်း
ကရော ဘာလာလုပ်တာလဲ၊ ငွေလေးဘာသာပဲ ကား



မောင်းပြန်လာမှာပေါ့လို့…''

ဟု ဘာမျှဖြစ်မထားသလို ငွေလေးပြုံး၍ မော့မော့လေး
ဆေးတော့ ကိုကိုမျက်မှောင်ကုပ်၍ ကြည့်သည်။ ငွေလေးပြုံး၍အား
ရနိုင်စွာဘဲ ထိုမျက်မှောင်ကုပ်၍ ကြည့်နေသည့် အကြည့်ကို
ဘမော့မော့ ကြည့်နေမိရပါ၏။ ကိုကိုရယ်…။ ဒီအကြည့်တွေကို
ငွေလေး ဘယ်လောက်ကြာကြာ ဘယ်အချိန်ထိ ခံယူနိုင်ခွင့်ရှိပါ
တော့မလဲ။ ငွေလေးကို ချစ်လို့၊ စိတ်ပူလို့၊ အမြဲဘမ်း စိတ်ပူတဲ့
အခါတိုင်းမှာ ဒီလိုပဲ ကိုကိုကြည့်တတ်ခဲ့သည်လေ။ ထိုအကြည့်
တွေကို ငွေလေး အမြဲ ကာလကြာရှည်လွန်းစွာ တမက်တမော
ကြီး ခံယူနေချင်သည်ပါပဲ။

ဒါပေမဲ့ ထိုဆုတောင်းသည် ပြည့်နိုင်တော့မည်မဟုတ်
ချေပဲလေ။ ရင်ထဲတွင် ကျင်ခနဲ ခံစားရပါ၏။ ခွဲခွာရမည့်သူတစ်
ဦး၏ မခွဲခွာနိုင်ပါသော သံယောဇဉ်ကြီး၏ တင်းနှောင်ချည်ငင်မှု
နှင့် ညီမျှပါသည့် ကြေကွဲနာကျင်မှုဆိုတာ ရင်နှင့်မဆန့်အောင်
ဖြစ်တည် ခံစားရတတ်ချေသည်တကား။

''လေးလေးသိန်းက ကိုကို့ကားကို ပြန်မောင်းသွား
လိမ့်မယ်၊ ကိုကို ငွေလေးကို ငွေလေးကားနဲ့ ပြန်ခေါ်
သွားမလို့၊ လာ…ကင်တင်းမှာ တစ်ခုခုစား၊ ခင်ဗျား
လေးတို့ကိုလဲ ကိုကိုမှာစရာရှိနေတယ်၊ ဒီနေ့ငယ်မကို
အလိုမလိုက်ကြဖို့…လာ…''

ဟု ကိုကိုမျက်မှောင်ကြီးတွန့်၍ ငွေလေးကိုလည်း ကြည့်၊
ရီရီဦးနှင့် နုနုနွယ်ကိုလည်း တစ်ပါတည်း ခေါ်ကာ ကင်တင်းသို့

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာတော့ ရီရီဦးနှင့်ငွေလေး ကုပ်ကုပ်လေး လိုက်… သည်။ ရီရီဦးခမျာ ငွေလေးမူးသည့်ကိစ္စ၊ ငွေလေးကို အလိုလို… ၍ ငွေလေးစိတ်တိုင်းကျ မပြောပြဘဲ လူကြီးတွေမသိအောင်လု… ခဲ့လေသမျှ ခုမှ လန့်နေသည်။ ကြည့်ရတာ ကိုကိုသိသွား… ထင်။ မျက်နှာငယ်လေးဖြင့် ငွေလေးကို ကြည့်မိတော့လည်း ငွေလေးကိုယ်တိုင်က ငြိမ်ကုပ်ပြီး လိုက်လာနေသည့်အဖြစ်။ ဘာ… သိမထားသည့် နုနုနွယ်ကတော့ အူလည်လည်လေးဖြစ်နေသည်… စားရသောက်ရမည့်ကိစ္စအတွက်ပင် ဝမ်းမြောက်အားရပုံမျိုး… ဖြစ်မလာရဲ။ ကိုကို စိတ်တိုနေသည်ဟု နုနုနွယ်ထင်သည်… ဒါမှမဟုတ် တစ်ခုခုကို စိတ်ပူနေတာလည်း ဖြစ်နိုင်သည်။ မျ… နှာက အရှမ်းကြီးကို ပျက်ခြင်းမက ပျက်နေသည်ကိုး။

"ရွတ်…ရွတ်…နင် ရည်းစားတွေဘာတွေများ ထားမိထားတာရှိနေသလားဟယ် ငွေလေးရယ်၊ ကိုကို များ နင့်ရည်းစားစာတွေဘာတွေများ မိလာခဲ့သလား မသိဘူး၊ စိတ်တိုနေတယ်ဟာ၊ ကျောင်းထိတောင် လိုက်လာတာပဲ ကြည့်၊ နင့်ကို တစ်ယောက်တည်း စိတ်မချ လို့ ကိုယ်တိုင်ကားနဲ့ပြန်ခေါ်သွားမလို့တဲ့၊ နေစမ်းပါဦး၊ နင်က ရည်းစားနောက် လိုက်ပြေးဖို့ကိစ္စရှိနေလို့များ လားဟယ်၊ အဲဒါသိလို့ အမြန်လာခေါ်တာများဖြစ်နေ မလား၊ နင် ဘယ်တုန်းက ရည်းစားထားလိုက်သလဲ မိငွေလေးရယ်၊ ငါတို့ကို ကိုကိုကပြောတယ်ဟာ ကိုကို မှာစရာရှိတယ်တဲ့၊ နင့်ကို အလိုမလိုက်ကြဖို့တဲ့၊ ငါတို့



ကို တစ်ကျိတ်တည်း တစ်ညှာဏ်တည်းလို့ ထင်နေပုံရ တယ်၊ ငါ လိုက်တောင်မလိုက်ရဲတော့ဘူးဟာ၊ ကြောက် တယ်ဟ…"

ထင်တာတွေ စွတ်၍ပြောနေသည့် နုနုနွယ်ကို ရီရီဦး မျက်မှောင်ကုပ်၍ကြည့်သည်။ ဟိုက မျက်မှောင်ကုပ်ကြည့်လိုက်၊ ဒီက မျက်မှောင်ကုပ်ကြည့်လိုက်နှင့် ခံနေရသည့် နုနုနွယ်မှာ ချက်စောင်းလေးမသိမသာ ထိုးပစ်လိုက်မိရပါပြီတည်း။ ခြေလှမ်း လေး နှေးနှေးကျ၍ လျှောက်လာနေသည့် မလှုပ်မချောက်ပုံလေး ဖြင့် ရွှေရုံလေးပဲ ခြေလှမ်းလေးတွေ ရွှေလျှောက်လာနေကြပါသည့် ပုံစံတူ ခြေလှမ်းသုံးကောင်ကို ကိုကို တစ်ချက်လှည့်ကြည့်၍…။

"လာကြလေ…"

ဟု စိတ်မရှည်သလို ထပ်ခေါ်တော့မှ ခြေလှမ်းတွေ ကြောက်ကြောက်ဖြင့် ပြိုင်တူပြန်သွက်လာကြရပါ၏။ ကားတင်း တွင် ထိုင်ဖြစ်ကြတော့ ကိုကို အားလုံးကိုကြည့်သည်။

"ဘာစားကြမလဲ…မှာ…"

"နုနုနွယ်ဘာမှ မစားချင်ဘူး ကိုကို၊ စောစောက ပဲ ခေါက်ဆွဲသုပ်တစ်ပွဲ စားထားလို့"

"ရီဦးက ကြာဆံလက်သုပ်စားထားတယ်ကိုကို၊ မဆာဘူး၊ ငွေလေး နင်ပဲစားချင်တာမှာ…"

တက်ညီလက်ညီဖြင့် နှစ်ကောင်စလုံးအစားပင် မမှာ… တော့ဘဲ ဝမ်းခေါင်းတွေပြည့်နေသည့် အချိုးဖြင့် လုပ်နေကြသော ငွေလေးစိတ်လက်ဆင်းရဲနေသည့်ကြားထဲမှ လွတ်ခနဲ ပြုံးမိရပါ…

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ကို လန့်နေကြသည့် နှစ်ကောင်ကို ငွေလေးမျက်စောင်းလေး ထိုး၍…။

"ဆီချက်သုံးပွဲမှာမယ် ကိုကို၊ သူတို့အလကားပြော နေတာ၊ ဘာမှမစားကြသေးဘူး၊ လေးလေးသိန်းလဲ ဆီ ချက်စားမလားဟင်၊ ကောင်းတယ်လေးလေးသိန်းရ၊ ဒီကဆီချက်က…"

ဟုပြောတော့ ကိုကို ဆီချက်လေးပွဲမှာသည်။ ကိုကိုက တော့ ကော်ဖီတစ်ခွက်ပဲ မှာသောက်၏။ စားသောက်ပြီးကြသည် အထိ ကိုကိုမဆူ။ ငြိမ်၍ စောင့်သည်။ ဒါကို သုံးကောင်စလုံး ရိပ်မိလာတော့ ကုန်ခါနီးနေသည့်ဆီချက်ကို အချိန်ဆွဲ၍ စားနေကြ သည်က ပန်းကန်ထဲက ခေါက်ဆွဲဖတ်တွေ ပို၍များ တိုးလာလျှင် တိုးလာစေချင်သည့်ပုံစံလေးတွေဖြင့်ပါ။ စားသောက်နေစဉ်ခိုက် မဆူချင်၍ စောင့်ပေးနေမှန်း သိသိလာနေကြသည်ကိုးလေ။

"အဟွတ်…ကော်ဖီတစ်ခွက်…"

ငွေလေးနှင့် တစ်ကျိတ်တည်းတစ်ဉာဏ်တည်းလုပ်မိနေ ပါသည့် ရီရီဦးမှာ ကော်ဖီတစ်ခွက် အမြန်မှာကာ စားသောက် ခြင်းကိစ္စအချိန်ကို ပြန်ဆက်လိုက်မိရသည်ကိုက အဆူခံရမှာကို လန့်ရှိန်ဖြင့်ပါ။ ငွေလေးနှင့် နုနုနွယ်တို့ စားသောက်ပြီးချိန်မှာ ရီရီဦး ကော်ဖီကို အချိန်ဆွဲ၍ သောက်နေမိရပါ၏။ နောက်ဆုံး တော့လည်း ကော်ဖီခွက်အငယ်စားကို ဘယ်လောက်ကြာအောင် အချိန်ဆွဲနိုင်မည်တဲ့လဲလေ။ ကုန်သွားတော့ ရေနွေးကြမ်းအိုးကို ကောက်ကိုင်ကာ ရေနွေးကြမ်းငှဲ့၍ ရီရီဦးသောက်ပြန်၏။ ကြောက်



…ဖြင့် ရေနွေးကြမ်းတွေ တစ်ခွက်ပြီးတစ်ခွက် ငှဲ့ငှဲ့သောက်ရင်း …ချိန်ဆွဲနေသည့် ရီရီဦးကိုကြည့်ကာ နုနုနွယ်မျက်မှောင်ကုပ်လာပြီ၊ …က်တော့ပေါက်တော့မှာပဲဟု နုနုနွယ် တွေးနေခိုက်မှာ ရီရီဦး …ကြောင့် ဤမျှထိ စားသောက်ခြင်းကိစ္စကို အရှည်ဆက်နေတာ …နေသည့် ငွေလေးမှာ ရေနွေးကြမ်းအိုးကို ဘေးသို့ဖယ်ထားလိုက် …ပါပြီ။ ကိုကိုလည်း ရီရီဦးကိုကြည့်ကာ ရယ်လည်းရယ်ချင်လာ …၏။ မျက်နှာကို မနည်းထိန်းထားသည့်အသွင်။

စားစရာပန်းကန်လည်း ရှေ့မှာမရှိ၊ သောက်စရာပန်းကန် …သည်း ဘာမျှမရှိတော့သည့်နောက်မှာတော့ ရီရီဦး မျက်နှာငယ် …ဖြင့် ကိုကို့ရှေ့မှာ ငြိမ်ကုပ်၍ ထိုင်နေပါ၏။ ကိုကို ထိုအခါ မျက်နှာကိုတည်လိုက်ကာ…။

"ဟိုနေ့က ငွေလေးရတနာဆေးရုံထိ ရောက်တဲ့ ကိစ္စ ကိုကိုမသိအောင် ငွေလေးဖုံးထားတယ်၊ ရီဦးလဲ ပါတယ်၊ နောက်ကို အဲသလိုမလုပ်ကြရဘူး၊ ကြားရဲ့ လား၊ လူကြီးတွေ စိတ်ပူမှာစိုးလို့ဆိုပြီး ဖုံးထားလိုက် လို့ ရောဂါက ပျောက်သွားတာမဟုတ်ဘူး၊ လူကြီးတွေ သိမှဖြစ်မှာ၊ ဒီကိစ္စမှာ နုနုနွယ်မပါဘူး၊ အဲဒါလဲ ကိုကို သိတယ်၊ မမမိုပြောတဲ့ပုံစံက ငွေလေးနဲ့တူတူပါလာတဲ့ မျက်နှာကျက ရီရီဦးဖြစ်နေတယ်"

ဟုပြောတော့မှ နုနုနွယ်မျက်နှာလေးလန်းလာသည်။ …ကို မျက်နှာလိုအားရကြည့်၍…။

"အေးလေဟယ်၊ နင်တို့က ဒက်ဒီနဲ့ ကိုကို့ကို

www.burmeseclassic.com

www.burmeseclassic.com



ပြောပြသင့်တာပေါ့၊ နေစမ်းပါဦး၊ ဘယ်တုန်းက ဆေးရုံ တောင်ရောက်သွားရတာလဲ၊ ငါ့ကိုတောင် မပြောပြကြ ဘူး၊ ဝိရိနေလိုက်ကြတာ၊ ဟွန်း ··ငါသာသိရင် အနည်း ဆုံး ကိုကို့ကိုတော့ ပြန်ပြောပြမှာ အသေအချာပဲ''

ဟု ခပ်ဖားဖားလေးလည်းပြော၊ ပို၍လည်း ကိုယ့်အပြ ကင်းအောင် လေသံချိုနေသည့် နုနုနွယ်ကို ရီရီဦး မျက်နှာထား ဖြင့် ကြည့်သည်။

''ချွန်တွန်းဟင်းချိုမနော်၊ ငါက ငွေလေးအရမ်းကို တောင်းပန်လို့ အလိုလိုက်မိတာ၊ သူ့မွေးနေ့မှာ ဒက်ဒီ နဲ့ ကိုကိုတို့ စိတ်ပူမှာစိုးလို့ဆိုပြီးတော့ပြောလို့ အလို လိုက်မိတာ၊ နောက်ကိုဆို ဘယ်နေမလဲ၊ နှာစေးရင် တောင် ပြန်ပြောမယ်၊ ချောင်းဆိုးရင်လဲ ပြန်ပြောမယ် စိတ်ချ ကိုကို၊ အလိုမလိုက်တော့ဘူး စိတ်ချ၊ မိငွေလေး နော် နောက်ကို ငါ့ကို မျက်ရည်လေးစမ်းစမ်းနဲ့ လုပ်မ ပြနဲ့၊ ငါ အလိုမလိုက်ဘူး ဒါပဲ၊ ခု ကိုကို ငါတို့ကို လာဆူနေပြီ၊ အဲဒါ နင့်ကြောင့် နင်ပဲရှင်း''

ဘာကိုမျှ ဟုတ်တိပတ်တိ မဆူရသေး၊ နှစ်ကောင်တေ လန့်လန့်ဖြင့် ပြောနေကြတော့ ကိုကို သက်ပြင်းရှိုက်သည် လေးလေးသိန်းကို ကိုကိုကြည့်တော့ ပြုံးရိပ်ရိပ်ဖြင့် ခပ်ဝေးဝေး တမင်ငေးကြည့်နေတာမြင်၏။

''ကဲ···ဆူတောင်မဆူရသေးဘူး၊ ခုမှ လိမ္မာပြမနေ ကြနဲ့၊ နောက်ကို ငွေလေးကလဲ အဲသလိုမလုပ်ရဘူး၊



ညည်းလေးတို့ကလဲ အလိုမလိုက်ရဘူး၊ ခုလဲ မမမိုက ဒက်ဒီ့ကို ဂရုတစိုက် ခေါ်ပြောတာ၊ ဒီတစ်ပတ်အတွင်း ဗစ်တိုးရီးယားကိုလဲ မမမိုရောက်ဖြစ်နိုင်မှာမဟုတ်လို့တဲ့၊ ဆေးရုံမှာ အလုပ်များနေလို့တဲ့လေ၊ ငွေလေးအားနည်း နေတယ်တဲ့၊ စာကြည့်တာ ပင်ပင်ပန်းပန်းဖြစ်တဲ့အထိ ညဥ့်မနက်ဖို့၊ နားနားနေနေ နေဖို့၊ အဲဒါတွေ ဒက်ဒီ့ကို ဂရုတစိုက် မှာတာ၊ ဒက်ဒီတောင် စိတ်ပူတယ်လေ၊ တကူးတက ခေါ်တာဆိုတော့ အတော်ကြီးကို သွေး အားနည်းနေလို့ဖြစ်မှာတဲ့၊ ကဲ···နုနုနွယ်ရော၊ ရီရီဦးရော ငွေလေးနေမကောင်းဖြစ်တာ တစ်ခုခုသိရင် မဖုံးထားနဲ့၊ သူ့ကို အလိုမလိုက်နဲ့၊ ရောဂါနဲ့ပတ်သက်ပြီး ဖုံးကွယ် ထားတယ်ဆိုတာ ဝေဒနာရှင်အတွက် အလွန်အန္တရာယ် ကြီးတဲ့ကိစ္စ၊ ကြားရဲ့လား···''

''ဟုတ်ကဲ့···ဟုတ်ကဲ့···ကိုကို၊ ရီဦး ပြန်တော့ မယ်နော်၊ နုနုနွယ်နဲ့ ဟူတူပြန်ရမှာ၊ မေမေမှာထားတဲ့ပန်း လဲ ဝယ်သွားရဦးမှာမို့ပါ''

မေမေမှာသည့်ပန်းကို အတည်ပေါက်လုပ်ပြော၍ ရီဦး အရပ်ခံတော့ နုနုနွယ်လည်း လွယ်အိတ်လေးကောက်လွယ်၍ ငွေ လေးကိုပင် နှုတ်မဆက်တော့ဘဲ နှစ်ကောင်စလုံး လစ်သည်။ လေးလေးသိန်းပြုံး၍ ငွေလေးကို ကြည့်ပါ၏။ ကားသော့ကိုင်ကာ ထရပ်သည်။

''နောက်ကို ဒီလိုမလုပ်နဲ့ကလေးရဲ့၊ လူကြီးတွေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ထိ စိတ်ပူလဲ၊ မြင်တယ်မဟုတ်လား၊ ညည်းလုပ်ပုံနဲ့ ညည်းကိုကိုပါ ရောပြီး သွေးအားနည်းရောဂါဖြစ်နိုင်တယ်၊ စိတ်ပူလိုက်ကြတဲ့ သားအဖ''

ဟုပြောကာ လေးလေးသိန်းကားရပ်ထားရာ သစ်ရိပ်ဆီသို့ ထွက်သွားတော့ ငွေလေး မျက်နှာငယ်ဖြင့် ကိုကို့ကို ကြည့်မိရပါ၏။ ကိုကို ငွေလေး၏ လက်လေးကို ဆွဲ၍ ကားရှိရာသို့ လျှောက်လာသည်။ ကားတွင်းသို့ ကုပ်ကုပ်လေးပဲ ငွေလေးဝင်ထိုင်ပါ၏။ ကိုကို ကားမောင်းထွက်လာတော့လည်း ငွေလေး စကားမပြောရဲ။ တိတ်တိတ်လေးပဲ ငြိမ်လိုက်လာသည်။ ကိုကို ရှေ့ကိုပဲ ကြည့်ကာ တောက်လျှောက်ကားမောင်းနေလျက် စကားတစ်ခွန်းမျှမပြောဘဲ နေနေတော့လည်း ငွေလေး ကြာကြာမနေနိုင်။ ဝမ်းနည်းတကြီးဖြစ်လာလျက် မျက်ရည်ကျလာသည်။ ကိုကို ကြည့်။

''ကိုကို အရမ်းစိတ်ဆိုးတယ် ငွေလေး၊ ဘာလို့ နေမကောင်းတာကို ဖုံးထားရမှာလဲ ဟင်...''

ဟု စိတ်လိုက်မာန်ပါ ပြောလည်းပြော၊ ငဲ့ကြည့်လိုက်တော့ ကျိတ်၍ မျက်ရည်ကျနေသည့် ငွေလေးကို မြင်ရသည်မို့ တိခနဲ အသံက ပြတ်ကျသွားသည်။ ဖြူဥဥပါးပြင်နုနုလေးထက်မှာ အရှိန်ဖြင့် ဖြိုင်ဖြိုင်ကျနေပေမယ့် ရှိုက်သံမထွက်အောင် ကျိတ်ခဲ မျိုသိပ်ငိုနေရှာပါသည့် ငွေလေး...။ သူ...မဆုရက်တော့သက်ပြင်းရှိုက်ချက်ကာ လက်လေးကို ထွေးဆုပ်လိုက်မိရပါ၏။

''မငိုနဲ့ တိတ်...ကိုကို စိတ်မကောင်းအောင် မလုပ်



နဲ့ ငွေလေးရယ်၊ တိတ်ပါကလေးရယ်၊ ကိုကိုတို့က စိတ်ပူလို့ ဆူတာပါ၊ ဒါကို ငွေလေး သိရမှာပေါ့၊ ဘာလို့ ဝမ်းနည်းနေရမှာလဲ၊ နောက်ကို ဒီလိုမဖုံးကွယ်ထားနဲ့၊ ဒါဆို ပြီးရော...''

ဟု ကိုကို လေသံညင်ညင်ဖြင့် ခပ်တိုးတိုးပြောသည်။ ဒေါသသံမပါအောင် ဂရုတစိုက်ပြောသည်။ ကရုဏာဒေါသောဖြစ်ရလေသမျှကို ချက်ချင်းကြီး လျှော့ချလိုက်မှန်း ငွေလေးသိနေသည်ပါပဲ။ ငွေလေးရင်ထဲမှာ မကောင်းနိုင်။ နောက်ကို ဒီလိုဖုံးကွယ်ထားနဲ့တဲ့လား ကိုကိုရယ်၊ အမြဲ ဖုံးကွယ်ထားခဲ့ရမယ့်အဖြစ်ပေမို့ ငွေလေး ဒီအဖြစ်ကို ကျူးလွန်ရဦးမှာပါ။ ဒီအတွက်ကိုကို တစ်နေ့မှာ ငွေလေးကို နားလည်ခွင့်လွှတ်ပေးရစ်ပါ ကိုကိုရယ်...။ ဩော်...နားလည်ခွင့်လွှတ်ပေးရစ်ပါ...။

ငွေလေးမျက်နှာလေး ငုံ့ချ၍ ခပ်တိုးတိုးတစ်ချက်ရှိုက်သည်။ ဘာမျှမပြော။ ကိုကိုတစ်ချက် ငွေလေးကို ကြည့်မိပါ၏။ ကားမောင်းနေရာမှ ကိုကို့လက်တစ်ဖက်က ငွေလေး၏ ခေါင်းလေးထက်မှာ ခပ်ဖွဖွ ဖေးတင်သည်။ ဆံစလေးတွေကို ကလေးလေးချော့သလို ညင်ညင်သာသာလေး သပ်ပေး၏။ ဆူမိတာစိတ်ကောင်းပုံမရ။

''အဲဒီနေ့က ကိုကို ငွေလေးနဲ့တူတူ မစားသောက်ပဲနဲ့ ကိုကို့ချိန်ဘာမာစတာဆီ ဆရာကြီးဆီသွားလိုက်တယ်ဆိုတာမှ အကြာကြီးပဲ၊ ငွေလေး အစားမစားနိုင်ဘူးကိုကို၊ ကိုကိုနဲ့မှ တူတူစားချင်တဲ့ဥစ္စာ၊ ကိုကို နောက်

www.burmeseclassic.com

www.burmeseclassic.com



ကို အဲသလို မထားခဲ့ရဘူးနော်၊ ပြီးတော့ ခုတလော ကိုကို ငွေလေးကို နည်းနည်းရှောင်နေသလိုပဲ''

ဟု ငွေလေး ခပ်တိုးတိုးလေး ဝမ်းနည်းရှိုက်ဖြင့်ပြောလာတော့ သူ ငိုင်ကျသွားရပါ၏။ ငွေလေးကို ဒက်ဒီ ဘာမျှပင်မပြောသေးတာကိုတော့ သူသိနေရပေမယ့် တစ်နေ့မှာ ငွေလေးကို သူနှင့် နေရာချပေးလိုသည့်အဖြစ်ကို မကြာမလင့်မီမှာတော့ ဒက်ဒီ ငွေလေးကို ပြောပြချေမည်ဆိုတာ သူ သိနေသည်လေ။ ငွေလေးကို သူ ယခင်တုန်းကလို မျက်နှာချင်းမဆိုင်ရဲချင်။ ငွေလေး သူ့အပေါ် အထင်လွဲမှာလည်း စိုးရိမ်သည်။ ငြင်းလိုက်မှာကိုလည်း ချောက်ချားနေသည်။ ငြင်းလိုက်ချေလျှင်ဖြင့်...သြော်...ငြင်းလိုက်ချေလျှင်ဖြင့် သူ ဆောက်တည်ရာမဲ့ ကြေကွဲရချေမည်။ သူ့နှလုံးသားတို့ မွမွမျှင်မျှင် ကြေရ ကြေရချေမည်။ သူ့နှလုံးအိမ်တို့ပြိုလဲလဲ ဖြစ်ရချေမည်။ သူ၏ နှလုံးသား ရှိက်သံကို သူ ဖြင်ကြားနေရချေမည့် အဖြစ်။

''ကိုကိုပြောမယ် ငွေလေး၊ ကိုကိုဟာ ငွေလေးကို အရိပ်တကြည့်ကြည့်နေလာခဲ့တဲ့သူ၊ စိတ်ပူတဲ့သူ၊ နောက်ကို ငွေလေး ခေါင်းပဲမူးမူး၊ နေထိုင်မကောင်းသလိုပဲဖြစ်ဖြစ်၊ ကိုကို့ကို ပြောရမယ်၊ ဒက်ဒီ့ကို ပြောရမယ်၊ ဒေါ်ကြီးကိုပြောပြရမယ်၊ လေးလေးသိန်းကိုလဲ ပြောပြရမယ်၊ ဗစ်တိုးရီးယားမှာရှိတဲ့သူတိုင်းဟာ ငွေလေးကို အရမ်းချစ်ကြတဲ့သူတွေချည်းပဲ၊ ဖုံးကွယ်ထားတယ်ဆိုတာ မကောင်းဘူးငွေလေး၊ နေဦး ကိုကိုဆက်ပြောမယ်၊ ကိုကို



တို့ စိတ်ပူမှာစိုးလို့ ကိုကိုတို့ကို ချစ်လို့ အဲသလို ဖုံးကွယ်ခြင်းဆိုတာ ကိုကိုသိတယ်၊ ဒက်ဒီလဲသိတယ်၊ ဒါပေမဲ့ အဲဒါ အဲသလိုလုပ်တာ နည်းလမ်းမမှန်ဘူး၊ အပ်နဲ့ထွင်းရမှာကို ပေါက်ဆိန်နဲ့ပေါက်ရစေမယ့် အဖြစ်မျိုး ကြုံသွားရင် ဘယ့်နှယ်လုပ်မလဲ၊ ကိုကိုတို့ ရင်ကျိုးရမှာ''

ဟု ကိုကိုပြောတော့ ငွေလေး ကိုကို့ကို မော့ကြည့်မိရပါ၏။ ကိုကိုပြုံး၍ ငွေလေးကို ကြည့်သည်။ ခေါင်းလေးကို ပုတ်သည်။

''ငွေလေး ငယ်ငယ်တုန်းကဆို နွေရေးဖျားရယ်၊ နေအကောင်းဘူး၊ ဒေါ်ကျီး ရေးတိုက်ထားရယ်နဲ့ ကိုကိုကျောင်းပြန်လာတဲ့အခါ အင်္ကျီထူလေးဝတ်ပြီး ပေါ်တီကိုအောက်မှာ ထိုင်စောင့် ပြောပြရပါမယ်ဆိုပြီး စောင့်စောင့်နေတတ်လွန်းလို့တောင် ဒေါ်ကြီးက လေစိမ်းမိပြီး ပိုဖျားတော့မှာပဲလို့တောင် ညည်းခဲ့ရတာ မေ့ပြီလား ကလေးမရဲ့၊ ခုကျတော့ စောင့်ပြောပြဖို့နေနေသာသာ ဖုံးထားရတယ်လို့ ငွေလေးရယ်၊ နောက်ကို မလုပ်ရဘူးနော်၊ နောက်နေ့တွေမှာလဲ လေးလေးသိန်းပဲ ကျောင်းကို ကားနဲ့ လိုက်ပို့ပေးလိမ့်မယ်၊ လာကြိုမယ်၊ ကိုကိုပို့တဲ့ကြိုတဲ့အခါလဲ ရှိမယ်၊ ငွေလေးတစ်ယောက်တည်း ကားမမောင်းရတော့ဘူး၊ လမ်းမှာ မူးနေရင် ဘယ့်နှယ်လုပ်မလဲ၊ အဲဒီညနေပိုင်းက အတော်ကြီး ဆိုးတယ်တဲ့ ခေမီ

www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီ့ကို ပြောတယ်"

ဟု ပြောတော့ ငွေလေးမှ...။

"အရင်ရက်ကလဲ ငွေလေး ဖေဖေနဲ့မေမေ့ဓာတ်ပုံကို တွေ့ရ၊ သဘီလဲရ၊ ဝမ်းလဲနည်း၊ ငိုမိတာလဲ ကိုကို သိပါတယ်၊ အိပ်ရေးလဲပျက်ပါတယ်ကိုကို၊ နောက်နေ့ကျတော့လဲ ကိုကိုက ထွက်သွားတော့ ငွေလေး အစားသိပ်မစားဖြစ်တာရယ်ကြောင့် လေခံသွား၊ မိုက်ခနဲဖြစ်သွားတာမျိုးပါ၊ ရီရီဦးလဲ ပါပါတယ်၊ ဒက်ဒီနဲ့ ကိုကို့အတွက် လက်ဆောင်လေး အမှတ်တရဝယ်ချင်လို့ သွားလိုက်မိတာပါ၊ ငွေလေး မပြောဘဲ ဖုံးထားမိတာ ခွင့်လွှတ်ပါ ကိုကိုရယ်"

ဟု အသံတိမ်လေးဖြင့်ပြောတော့ ငွေလေး၏ခေါင်းလေးကိုပဲ ကိုကို ခပ်ဖွဖွ ပုတ်ပေးပါ၏။ ငွေလေးကို ဆူရသည်မို့ ကိုကိုလည်း စိတ်ကောင်းပုံမရ။ မဆူမဖြစ်၍ ဆူရခြင်းဆိုတာ ငွေလေးသိပါသည်ကိုကို။

ကိုကိုဆိုတာ ငွေလေးကိုအရမ်းချစ်၊ အရမ်းဂရုစိုက်ပါသည့် ကိုကိုဆိုတာ ငွေလေး ငယ်ကတည်းက သိခဲ့ရသည်ပဲလေ။ ငွေလေး ငယ်တုန်းကလိုပဲ နေထိုင်မကောင်းဖြစ်ချိန်မျိုးမှာ အကျႌထူလေးဝတ်၊ ပေါ်တီကိုကြီးအောက်မှာထိုင်စောင့်၊ ကိုကို့ပြန်အလာကိုမျှော်၊ ကိုကို့ကို တွေ့တာနှင့် လက်မောင်းကြီးကိုခို၍...။

"ငွေလေးဖျားတယ်ကိုကို၊ ဆေးထိုးရတယ်"

ဟု ပြောပြနိုင်စွမ်းပါသည့် အခွင့်သာပါသည့် ဝေဒနာမျိုးကို ဖြစ်လိုက်ချင်ပါသည့်ကိုကို။ သာမန်ဖျားနာခြင်းမျိုးကို ငွေလေးချွဲနွဲ့ချင်စိတ်၊ ဂရုစိုက်တာတွေ ယုယုယယမေးတာ၊ စိုးရိမ်တာတွေကို ခံစားလိုစိတ်ဖြင့် ပြောပြနေမိနိုင်ပါသည်ကိုကိုရယ်။



ခုကျတော့ ငွေလေး၏ ဝေဒနာ၊ ငွေလေး၏ရောဂါကိုက ငွေလေး၏ နှုတ်မှ ဖွင့်မပြောပြရက်နိုင်လောက်အောင် ဖြစ်တည်နေပါသည့်ရောဂါမျိုးပေမို့ ငွေလေး ဖွင့်မပြောရက်ပါ ကိုကို။

သွေးရောင်ဆုတ်ကျ၍ အရမ်းကို တုန်လှုပ် ကြေကွဲနေမှာကျင်ရှာမည့် ကိုကို့မျက်နှာရိပ်ကို မကြည့်ရက်နိုင်စွမ်း၍ပါ ကိုကိုရယ်။ ဩ်...ကိုကို့မျက်ရည်စက်တွေကို မမြင်ရက်နိုင်လွန်း၍ပါ ကိုကိုရယ်...။

ငွေလေးသောက်ရမည့် ဆေးတွေကို သီးခြားပုလင်းလွတ်လေးတွေထဲမှာ မမမိုမှ ထည့်ပေးကာ ဘယ်အချိန်မှာ ဘာဆေးသောက်ရမည်ဆိုတာကို ပုလင်းမှာ စာကပ်ထားပေးပါ၏။ ကိုကိုနှင့် ဒက်ဒီ့ကိုလည်း ငွေလေးနှင့်ပတ်သက်၍ စိတ်မပူဖို့ မမမိုမှ ငွေလေးအလိုကျ ညာပေးထားရတာမို့ တကယ်ပဲ ဒက်ဒီနှင့် ကိုကို့မှာ စိတ်ချလက်ချ ဖြစ်ခဲ့ရရှာသည်ပါပဲ။ ကိုကို ငွေလေးကို နဲ့ပျစ်ပျစ်ကြီးကို မနက်တိုင်း ကိုင်းဖန်ခွက်ကြီးနှင့် စောင့်ကြည့်ဂရုတစိုက် တိုက်တတ်ပါ၏။ ဒေါ်ကြီးကလည်း ကြက်ဥပြုတ် နေ့တိုင်းလုပ်လုပ်ကျွေးသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အရည်ရွှမ်းသည့် သစ်သီးတွေလည်း နေ့တိုင်းစားနေရသည်။ ငွေလေးကို အရမ်းကြီးဝိုင်းဂရုစိုက်ကြတာကို ခံယူနေရတိုင်း ရင်ထဲမှာ ကြေကွဲနေမိရသည်ပါပဲလေ။ ငွေလေးသောက်သည့် ဆေးတွေကို ကိုကိုမှတောင်းကြည့်တော့ ဆေးပုလင်းမှာ အမည်မပါသည်မို့ . . .။

"ဘာဆေးတွေလဲ ငွေလေးရ၊ ကိုကိုသိထားရင် ကြုံတဲ့အခါ ဝင်ဝင်ဝယ်လာခဲ့လို့ရတဲ့ဥစ္စာ၊ မမမိုကို မေးကြည့်တော့လဲ ဆေးနာမည်သိရင် ကိုကိုတို့က ဝိုင်းဝိုင်းတိုက်နေ၊ ဝယ်နေကြမှာစိုးတယ်တဲ့လေ၊ မမမိုပဲ ဝယ်လာမယ်၊ ငွေလေးကို ဆေးပုလင်းမှာ ဘယ်အချိန်စားရမယ်ဆိုတာ ရေးကပ်ထားတာပဲတဲ့၊ စိတ်မပူရပါဘူးတဲ့၊ ဆေးမှန်မှန် ငွေလေးသောက်ပါတယ်တဲ့၊ ဒါပေမဲ့ ကိုကိုပြောထားတယ်နော်၊ ကားမမောင်းရဘူး၊ ဒီနေ့တော့ ကိုကိုလှိုင်ဘွားတို့အုပ်စုနဲ့အတူ ပဲခူးဘက် ခဏသွားစရာရှိတယ်၊ ဆရာကြီး ဦးစည်သူရဲ့ အမှုသည်ဆီ ခဏသွားကြရမှာ၊ အရေးကြီးတဲ့ စာရွက်စာတမ်းတချို့လဲ ယူလာခဲ့ရမယ်၊ ဦးစည်သူကို ပေးရမယ်လေ၊ ကျော်ထူးရဲ့ဆိုင်ကယ်နဲ့ပဲ ကိုကို ကပ်လိုက်သွားတော့မယ်၊ ပဲခူးထိတော့ ကားယူမသွားတော့ဘူး၊ လှိုင်ဘွားကလဲ ဆိုင်ကယ်နဲ့သွားမှာလေ၊ နေ့လယ်ဆေးသောက်ဖို့ ကျောင်းကို ယူသွားဖို့ မမေ့နဲ့ဦးနော်"

တဖွဖွမှာနေသည့် ကိုကို့ကို ငွေလေး ပြုံး၍ကြည့်



မယ့် ရင်ထဲမှာတော့ လိပ်ပြာမလုံပါ။ ဘယ်လောက်အထိများ ငွေလေး ခံနိုင်ရည်ရှိစွာ ဟန်မပျက်၊ နေနိုင်ခွင့်အဖြစ် ကာလလေးတွေ ကျန်နေပါသလဲ။ ဒါကိုလည်း ငွေလေး မသိ။ ငွေလေးအရမ်းကို မူးနေမှာ။ နှာခေါင်းသွေးလျှံကျလာမှာမျိုးကို ရင်ထဲမှာ တထိတ်ထိတ်ဖြစ်ဖြစ်နေမိရသည်ပါပဲ။ တစ်နေ့နေ့မှာတော့ ထိုအဖြစ်ကို ငွေလေး ကြုံရချေမည်သာ။ လောလောဆယ် ဆေးတွေသောက်စေ၊ ဆေးတွေထိုးပေးပါသည့် မမမိုကြောင့် နည်းနည်းသက်သာနေသည်မှာတော့ အမှန်ပါ။ အမြဲတမ်းထိုသို့နေကောင်းသက်သာလိုက်ချင်သည်ပါပဲ။ ငွေလေးကြောင့် ဒက်ဒီနှင့် ကိုကိုတို့ စိတ်ပူရ၊ မျက်ရည်ကျရ၊ သောကဖြစ်ရနှင့် ဖြစ်ကြမှာကို ငွေလေး မမြင်ရက်။

မနက်စာစားသောက်ချိန်တိုင်းမှာ ကိုကိုသည် ကိုယ်စားဖို့ထက် ငွေလေးဝမ်းထဲ အစားအသောက်ရောက်ဖို့ကိုပဲ အာရုံထားနေတာ ငွေလေး သိနေရလျက် ရင်ထဲမှာ ကြေကွဲရှိန် ပိုပိုမြင့်လာနေရပါ၏။ အရင်တုန်းကဆို ကိုကို ဂရုစိုက်လျှင် ငွေလေးကြည်နူးရပါသည်ကိုကို။ ထိုကြည်နူးမှုကိုလည်း အမြဲခံစားနေချင်ရပါသည် ကိုကိုရယ် . . .။ ကိုကို့ ဂရုစိုက်မှုတွေကို ဘယ်တော့မှ ငွေလေး မတင်းတိမ်နိုင်ခဲ့။ အရိပ်တကြည့်ကြည့်ဖြင့် ကိုကို့မျက်ဝန်းမျက်ကဲကို ငွေလေးကြည့်နေတတ်သည့်နယ်ပင်။ ကိုကိုမှ ငွေလေးကိုလည်း အရိပ်တကြည့်ကြည့် အမြဲရှိနေစေချင်သည်ကို ကိုကို့ကို ခင်တွယ်ရလွန်း၍ပါ ကိုကိုရယ် . . .။

ခုကျတော့ ထိုကြည်နူးမှုတွေအစား ကြေကွဲမှုတွေက

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ပြောင်းလဲနေရာယူနေကြသည်ကော ကိုကို။

ဒက်ဒီကတော့ ငွေလေးကို မနက်တိုင်း နို့ကြက်ဥ တစ်ဖန်ခွက်ကို မသောက်မနေရဟု အမိန့်ပေးထားလျက် ကိုကိုက ဂရုစိုက်၍ တိုက်ရမည်ဟုလည်း ကိုကို့ကို တာဝန်ပေးထားပြီး ဖြစ်ခဲ့ပြီ။ နောက် မနက်တိုင်း ကြက်ဥနို့ညှိကြီးကို မသောက်ချင်သည့် ငွေလေး၏ မျက်နှာအိုလေးဖြင့် ငြင်းဆန်မှုနှင့် ကိုကို့မှတ် တိုက်နေမှုမှန်သမျှကို ရယ်မောကြည့်နေတတ်စမြဲပါ။

"ကဲ...ဒက်ဒီ စက်ရုံသွားမယ်ခန့်လေး၊ ပဲခူးကို ဆိုင်ကယ်နဲ့ မသွားနဲ့၊ ကားရှိနေတာပဲ၊ ကားနဲ့သွား ဆိုင်ကယ်စီးတာ ဒက်ဒီ မကြိုက်လို့ ဆိုင်ကယ်တောင် မဝယ်ပေးတာ၊ ဘာလို့ ကျော်ထူးဆိုင်ကယ်နဲ့ နောက်က ကပ်လိုက်သွားမှာလဲ"

ဟု ဒက်ဒီပြောလိုက်တော့ ကိုကို ငြိမ်နေသည်။ စောစောက ငွေလေးကို ပဲခူးသွားမည့်ကိစ္စ ပြောပြမိတာကို ဖြန့်၍ နောင်တရမိရပါ၏။ ငွေလေးကို ကျောင်းလိုက်မပို့ဖြစ်မှ ငွေလေးကို ရှင်းပြသလိုလေး ပြောလိုက်မိရာမှာ လွှတ်ခနဲ ဆိုင်ကယ်နှင့်သွားမှာတွေကိုပါ ထည့်ပြောမိသည်ကိုး။

"သမီးငွေလေး ဒက်ဒီ ကက်ဆက်ခွေလေးတစ်ခု ငွေလေးနားထောင်ဖို့ သမီးလေးရဲ့အခန်းထဲက ကက်ဆက်ထဲမှာပဲ အသင့်ထည့်ထားခဲ့တယ်၊ နားထောင်လိုက်ဦး၊ နေရာတကာကို ငွေလေးကိစ္စလိုက်လိုက်ပါနေချင် မနေနဲ့ဦး"



ဟု ဒက်ဒီလှမ်းမှာသည်။ ကိုကို တစ်ချက် မျက်နှာမကောင်း၊ ဒက်ဒီစကားက ကိုကို့ကို နားမထောင်စေချင်၍ဆိုတာတော့ သိသာနေစေသည်လေ။

"ကဲ...ဒက်ဒီ စက်ရုံသွားဦးမယ်၊ ငွေလေးအတွက် မနက်စာ ဆေးစောင့်တိုက်ဖို့ မမေ့နဲ့ ဖိုးခန့်၊ ကလေးဆို တာမျိုးက ဆေးသောက်ရဖန်များလာရင် သောက်ပြီးပါပြီ၊ ဘာညာနဲ့ ဆေးကို ပုလင်းထဲကယူပြီး မသောက်ဘဲ လွှင့်ပစ်တတ်တဲ့အကျင့်ရှိတတ်တယ်၊ ငွေလေး အဲသလို မလုပ်ရဘူးနော်၊ ကြားရဲ့လားသမီး"

ဟု ဒက်ဒီ မှာနေတော့ ငွေလေးပြုံး၍...။

"ငွေလေးသောက်ပါတယ် ဒက်ဒီ၊ ငွေလေး ဆေးသောက်မှ နေကောင်းမယ့်ဥစ္စာ"

ဟုပြောတော့ ဒက်ဒီ ငွေလေး၏ခေါင်းလေးကို ခပ်ဖွဖွ သပုတ်၍ စက်ရုံသို့ သွားလိုက်ပါ၏။ ငွေလေးအခန်းကို ပြန်ရောက်တော့ ကိုကို့ဘေးမှာ လိုက်လာသည်။ ငွေလေး၏ စာကြည့်စားပွဲလေးထဲမှ မနက်စာ ဆေးပုလင်းကိုထုတ်၍ ငွေလေးသောက်တော့လည်း ကိုကိုစောင့်ကြည့်နေသည်ပါပဲ။

"ငွေလေးဟာ ဒီဆေးတွေကို ဘယ်လောက်ပဲ သောက်သောက်၊ တစ်နေ့မှာ ငွေလေး ကိုကိုတို့ချန် ထားရစ်ခဲ့ရမှာပါပဲ ကိုကိုရယ်၊ ငွေလေး မသွားချင်သေး ဘူး ကိုကိုရယ်၊ မသွားချင်သေးဘူး၊ နေချင်သေးတယ်၊ နေချင်နေပါသေးတယ် ကိုကိုရယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ငွေလေး ကြေကြေကွဲကွဲတွေးမိရင်း ရင်ထဲ ထိခိုက် နေရလေသမျှကို မျိုသိပ်၍ သိုသိပ်ခံစားနေရပါ၏။ ဒါပေမဲ့ မျက် ရည်မဝေစေရ၊ မကျစေရ၊ ငွေလေး၏ ရင်ထဲမှဝေဒနာကို ကိုက မသိစေရ။ အားယူ၍ပြုံးကာ ကိုကိုနှင့်အတူ ခြံထဲသို့ ဆင်းလာ ရပါ၏။ ကိုကိုကတော့ ခါတိုင်းလိုပဲ စံကားပင်အောက်မှာ ပန် လေးတွေသီသည်။ ငွေလေးခေါင်းမှာ ပန်းသရဖူလေးကို ခွေပိုက် တင်ပေးသည်။

"ကိုကို ပဲခူးကို ကားနဲ့ပဲ သွားနော်၊ ဆိုင်ကယ်ကြီး မစီးပါနဲ့ ကိုကိုရယ်..."

"ဟိတ်...ဒက်ဒီမှာထားတာနဲ့ပဲ ကိုကို့ကို ငွေလေး ဆရာမလုပ်နဲ့ခင်ဗျ၊ အားလုံးစီစဉ်ပြီးသား ဆိုင်ကယ်နဲ့ သွားမှာ ကားစီးရမောင်းရတာ ပျင်းပြီ ငွေလေးရဲ့ ငြီး ငွေ့တယ်၊ ပြီးတော့ ဒီနေ့ ဆရာကြီးက ကိုကို့ကားခဏ ယူသုံးမယ်လို့ ပြောထားတယ်လေ၊ ဆရာကြီးကားက ဝပ်ရှော့ရောက်နေတယ်၊ ရုံးချိန်တွေသွားဖို့ဆိုတာက တစ် မြို့နယ်က တစ်မြို့နယ်ကို ကူးနေရတာမျိုးမဟုတ်လား၊ ရန်ကုန်မှာ အဲသလို အချိန်မီ ကူးသွားလာနိုင်ဖို့က ကား လိုတယ်ဗျ၊ ဆရာကြီးခမျာ အသက်လဲရနေပြီ ငွေလေး ရဲ့၊ ကိုကိုက ယူသုံးပါလို့ပြောတာ၊ အရင်ရက်ကတော့ အားနာလို့မယူသုံးဘူး၊ ဒီနေ့မှ ယူတာ၊ ဒါကြောင့် အရင်ရက်က ငွေလေးကို ကိုကိုကျောင်းလိုက်ပို့ ကြို လုပ်ပေးနိုင်ခဲ့တာပေါ့၊ ကိုကို တရားရုံးရောက်သွားပြီး



တဲ့နောက်ပိုင်းမှာတော့ ကိုကိုပဲ ကားနဲ့တောက်လျှောက် ဆရာကြီးကို မောင်းပို့ခဲ့တာပဲ၊ ကိုကိုလဲ ချိန်ဘာလိုက် ဆင်းနေရတာကိုး"

ဟု အလုပ်သင်ရှေ့နေဆင်းနေသည့် ကိုကိုမှ ရှင်းပြနေ တော့လည်း ငွေလေး သက်ပြင်းရှိုက်ကာ...။

"အင်းလေ ဒီလိုဆိုတော့လဲ ဘာတတ်နိုင်သေးလဲ ကိုကိုရယ်"

ဟု ခပ်တိုးတိုးလေး ညည်းသလိုပြောမိရပါ၏။ ငွေလေး ခေါင်းထက်မှ သရဖူလေး စောင်းနေတာကို ပြန်တည့်ပေးရင်း ကို ရယ်သည်။ ကိုကိုရယ်နေတာကို ငွေလေး ခပ်ငေးငေး ကြည့်မိရပါ၏။ ထိုအရယ်လေးတွေကို ဘယ်လောက်အထိပဲ လေး ကြည့်ခွင့်ရပါတော့မလဲ ကိုကိုရယ်။ ငွေလေး၏ ဝေဒနာ ကိုကိုတို့ မသိအောင်ရော ဘယ်လောက်အထိပဲ ငွေလေး ွယ်ထားနိုင်ပါမလဲ။ ဒါကိုလည်း ငွေလေးမသိ။ လောလော ယ်မှာတော့ ငွေလေး၏ ရောဂါကို ကိုကိုနှင့်ဒက်ဒီတို့ မရိပ်မိ ာင် ပုံမှန်လေးပဲ အတန်းတက်မြဲတက်၊ ဟန်မပျက် စာကြည့် ကြည့်၊ အားလုံး ပုံမှန်ပြနေကျအတိုင်း သွားလာလှုပ်ရှားနေမိ ပါ။ မကြာမီကာလအတွင်းမှာ သေရမည်ကို သိနေသည့် တစ်ယောက် ကျောင်းဆက်တက်နေခြင်းသည် ဘာအဓိပ္ပာယ် ချေမည်လဲ။ ဘွဲ့တစ်ခုရဖို့ ပညာတတ်တစ်ယောက်ဖြစ်ဖို့ သည့် ပန်းတိုင်ဆီသို့ မရောက်နိုင်စွမ်းတော့သည့် လူတစ် ာက်၏ ပန်းတိုင်ပျောက်ခရီးတစ်ခုကို ဆက်လျှောက်နေခြင်း

www.burmeseclassic.com

www.burmeseclassic.com



သည် ဘာအဓိပ္ပာယ်ရှိချေမည်တဲ့လဲလေ။

"ဟင့်အင်း အဓိပ္ပာယ်ရှိတာပေါ့၊ ငွေလေး ကျောင်းဆက်တက်နေတော့ ဒက်ဒီနဲ့ကိုကိုတို့ ငွေလေးကို နေကောင်းနေပြီလို့ မှတ်မှာပေါ့၊ ဒါ အဓိပ္ပာယ်ရှိတာပေါ့၊ ငွေလေးအတွက် စိတ်စောပြီး မပူရတော့ဘူးပေါ့"

ဟု ငွေလေး တွေးမိပြန်သည်။ တစ်ယောက်တည်းတွေးလိုက်၊ မေးကြည့်လိုက်၊ ဖြေလိုက်နှင့် တိတ်ဆိတ်စွာဖြင့် ညများစွာကို ဖြတ်သန်းလာတတ်သည့် အကျင့်၊ နေ့များစွာကို ဖြတ်သန်းလာရပါသည့်အကျင့် ဖြစ်နေရပါသည့်အဖြစ်။ ငွေလေး ဇေ့ဂါသိသည့်နေ့မှဆိုလျှင် ခု တစ်လကျော်လာပြီပဲလေ။ ကိုကို ငွေလေးကို ကြည့်လာလျက်...။

"ဟိတ်...ဘာငြိမ်နေတာလဲ"

ဟု မေးလာတော့ ငွေလေး အားယူပြုံးကာ...။

"ငွေလေးကို အရမ်းဂရုစိုက်ရတဲ့ကိုကို့ကို အားနာတယ်ကိုကိုရယ်၊ ကိုကိုပင်ပန်းတာပေါ့"

"အံမယ်...လူကြီးစကားများပြောလို့ ဘာအားနာတာလဲ ထိပ်ထုလိုက်ရနော်၊ ကဲ...ကိုကိုလစ်မယ်၊ ငွေလေး ကျောင်းချိန်နီးမှ လေးလေးသိန်းနဲ့လိုက်ပို့နိုင်း၊ ကိုကိုလဲ ဝင်မှာခဲ့မယ် လေးလေးသိန်းကို"

ဟုပြောကာ ထရပ်တော့ ငွေလေး လိုက်ရပ်၊ ကိုကိုနှင့်တူတူလျှောက်၍ အိမ်ထဲပြန်ဝင်ခဲ့ပါ၏။ ကိုကိုအဝတ်အစားလဲကာ ပြန်ထွက်သွားသည်အထိလည်း ဧည့်ခန်းမှာ ငွေလေးထိုင်စောင့်



သည်။ ကိုကို့ကို ကားနားအထိ လိုက်ပို့မိသည်။ ငွေလေး ကိုကိုနှင့်အတူ ဘယ်ကိုမဆို တကောက်ကောက်လိုက်သွားချင်သည်။ ငွေလေး လိုက်နိုင်သည့် အချိန်လေးမှာ မခွဲမခွာ လိုက်လိုက်သွားချင်သည်။ ဒါပေမဲ့ ထိုသို့လိုက်ဖို့ဆိုတာ အကြောင်းပြချက် ရှိနေရမည်လေ။ ကိုကိုသွားလေရာနောက် တကောက်ကောက်လိုက်နေဖို့ဆိုတာ အတန်းတွေဖျက်၍လိုက်မှ ဖြစ်ချေမည်မို့ ကိုကိုကလည်း လက်ခံမှာမဟုတ်။ ဒက်ဒီကလည်း ခွင့်ပြုမှာမဟုတ်။ ဒက်ဒီ့နားမှာ တစ်နေကုန်လိုက်နေဖို့ဆိုလည်း ခွင့်ပြုမှာမဟုတ်။

"အချိန်တွေက တစ်နေ့တစ်နေ့နဲ့ ကုန်လာလိုက်တာ၊ ငွေလေးအတွက် အချိန်တွေ လျော့လျော့လာနေကြတယ်ကိုကိုရယ်"

ဟု ကားနောက်မြီးကို လိုက်ကြည့်ကာ ငွေလေး တွေးကျန်ခဲ့ရပါ၏။ အပေါ်ထပ်သို့ ပြန်တက်လာခဲ့ကာ ခုတင်ထက်တွင် ခွေလှဲနေမိရပါ၏။ နောက်မှ ဖျတ်ခနဲ သတိရမိသည်က ကက်ဆက်။ ဒက်ဒီမှာခဲ့သည့် နားထောင်ရမည့်ကက်ဆက်ခွေလေးကိုပါတည့်။ ကက်ဆက်ကို ဖွင့်လိုက်တော့ ငွေလေး နားစည်တွင်းသို့ တိုးဝင်လာသည်က ဖေဖေ့အသံပါတကား။ ကြည်နူးမက်မောစွာ၊ လေးစားကြည်ညိုစွာ၊ ကြေကွဲထိခိုက်စွာ၊ ငွေလေး နားထောင်လိုက်မိရပါပြီ။ ငွေလေးမှာ သွေးကင်ဆာဖြစ်နေတယ် ဖေဖေဟု ခေါင်းဝင်ငိုချလိုက်ချင်သည်။ ဒါပေမဲ့ ဖေဖေ့ရင်ခွင်မရှိချေသည့်ပေါ့လေ။ ငွေလေးမှာ ခေါင်းခွေ့ငိုရှိုက်စရာ မိဘ၏ ရင်ခွင်မှမရှိချေသည့်ဘဝပါတည့်။ မျက်ရည်ဥက တလိမ့်လိမ့်ကြွေသည်။ ဖေဖေ

www.burmeseclassic.com



ရှိနေလျှင်လည်း ဖေဖေစိတ်ထိခိုက်မှာစိုး၍ ငွေလေး ရောဂါကို ဖွင့်ပြောမှာမဟုတ်ပါဘူးလေဟု ပြန်တွေးမိပြန်၏။

"သမီးငွေလေး…

ဒီကက်ဆက်ခွေလေးကို သမီးရဲ့ ဒက်ဒီက သမီးကို ပေးလာတဲ့အခါမှာ ဖေဖေဟာ သမီးလေးအတွက် ဘာကို ရည်မှန်းထားခဲ့တယ်၊ ဘာကို ဖြစ်စေချင်ခဲ့တယ်ဆိုတာ သမီးလေး နားလည်လာရဦးမှာပါ၊ မိဘဆိုတာ သားသမီးနဲ့ပတ်သက်လာရင် အိမ်ထောင်ရက်သားချပေးရမယ့်တာဝန်ဆိုတာ ရှိတယ် ကလေး၊ ဖေဖေက သေရမယ့်သူ၊ သေရတော့မယ့်သူ၊ ဖေဖေ့အသက်ကို ဖေဖေ ဆွဲဆန့်ရှည်လျားယူလို့မရတော့ဘူး၊ ဖေဖေ့ရောဂါက ခွင့်မပြုဘူး၊ ဒီတော့ သမီးလေးအတွက် အေးမြလုံခြုံတဲ့ အရိပ်တစ်ခုကိုလဲ ဖေဖေရှာထားပေးခဲ့ရမယ်၊ ပထမ သမီးလေးရဲ့ ဒက်ဒီအရိပ်၊ နောက်…မောင်အေးချမ်းခန့်ရဲ့ မေတ္တာရိပ်၊ ဖေဖေနဲ့ကိုပြည့်စိုးတို့ သူ့သားနဲ့ သမီးကို နေရာချထားပေးဖို့ကိစ္စအထိ သဘောတူထားကြတယ် သမီး…

သမီးနဲ့ တူတူကြီးလာ၊ တူတူနေလာရမယ့် နေရတဲ့ မောင်အေးချမ်းခန့်ဟာ သမီးရဲ့ စိတ်ကို နားလည်မယ်၊ သမီးအကြောင်း နားလည်မယ်၊ ဒီလိုပဲ သမီးကလဲ မောင်အေးချမ်းခန့်ရဲ့အကြောင်း နားလည်မယ်၊ သံယောဇဉ်ဆိုတာကလဲရှိရင်းဖြစ်ကြမယ်၊ သမီးကို စောင့်ရှောက်



တဲ့ ကိုပြည့်စိုး သမီးရဲ့ ဒက်ဒီကျေးဇူးကိုလည်း နားလည်ပါ၊ သမီးလေးကို ဖေဖေ စိတ်ချချင်တယ်၊ အိမ်ထောင်ရက်သားချရမယ့်ကိစ္စအထိ စီမံခဲ့ချင်တယ်…

ခု…ဖေဖေ ဖွင့်ပြောပြီသမီးငွေလေး၊ ဖေဖေ့စကားကို နားထောင်ပါ သမီးရယ်၊ သမီး မောင်အေးချမ်းခန့်ကို လက်ထပ်ပါ၊ ကိုပြည့်စိုးကလဲ ဒီကိစ္စကို သဘောမှုပါတယ်၊ ဖေဖေတို့လူကြီးချင်းစီမံတဲ့ကိစ္စမှာ သမီးတို့လဲ ကြည်ဖြူကျေနပ်ပြီး လက်ခံ လက်ထပ်ဖြစ်ကြတာမျိုးကို ဖေဖေ လိုလားပါတယ်…

ကဲ…ဖေဖေ မှာစရာရှိတာကို မှာခဲ့ပြီသမီး၊ ဖေဖေ့အသံနဲ့ ရှိရစ်တဲ့ ကက်ဆက်ခွေနှစ်ခုဟာ သမီးလေးဘဝတစ်လျှောက်မှာ ဖေဖေ့ကို တမ်းတလွမ်းဖြေရာ တစ်ခုအဖြစ် ကျန်ရစ်ခဲ့စေပြီ၊ သမီးသတိရချိန်များမှာ နားထောင်ရစ်ချေ၊ နားထောင်ရစ်လေ သမီး…"

ကက်ဆက်သံက အဆုံးသတ်သွားပြီ။ မျက်ရည်များဖြိုင်ကျနေသည်ကို မိမိဘာသာပင် မသိလိုက်နိုင်အောင် ငွေလေးရင်ထဲမှာ အဆို့ကြီး ဆို့ကျနေလျက် ရင်ထဲမှာ ပြည့်ကျပ်နေအောင် ဝမ်းနည်းရှိုက် မြင့်တက်နေရပါ၏။

စားပွဲပေါ် ခေါင်းလေးကို မချီတင်ကဲတင်၍ ရှိုက်ငိုချလိုက်မိရပါပြီ။ ငွေလေးမျှော်လင့်ခဲ့တဲ့အဖြစ်တွေပါ ဖေဖေ။ ကိုကိုနဲ့ လက်ထပ်ခွင့်၊ ကိုကို့ချစ်မြတ်နိုးမှုတွေကို စောင့်ဆိုင်းနေမိရတဲ့ မျှော်လင့်ခြင်းရက်တွေ၊ အရာရာဟာ ကြေကွဲခြင်းနဲ့ အဆုံးသတ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



နေပြီ ဖေဖေရယ်၊ ကိုကို့ကို ငွေလေး လက်မထပ်ပါရစေနဲ့ ဖေဖေ
ရယ်၊ ငွေလေး ကွယ်လွန်တဲ့အခါမှာကြေကွဲမှာကျင်နေတဲ့နှလုံးအိမ်
ဆောက်တည်ရာမဲ့ကျန်ရစ်ရမယ့်ခင်ပွန်းသည်အဖြစ် ငွေလေး မချ
ခဲ့ရက်လို့ပါ ဖေဖေရယ်၊ မချန်ခဲ့ရက်လို့ပါ၊ ငွေလေးကို ကိုကို
ချစ်မြတ်နိုးပါစေ၊ လက်ထပ်ခွင့်တောင်းလာပါစေလို့တောင်မှ ဆု
လေးလေ ကျိတ်ပြီး ဆုတောင်းနေမိရတာပါ။ စိတ်လှုပ်ရှားစွာမျှော်
လင့်စွာနဲ့ စောင့်ဆိုင်းစောင့်မျှော်နေမိရတာပါ။ ဒါပေမဲ့…ဒါပေမဲ့
ခု…အဲသလို ပြောလာမှာကို ငွေလေး ကြောက်နေတယ် ဖေဖေ
တုန်လှုပ်နေတယ်၊ စိုးရိမ်နေတယ်၊ ငွေလေး မ ငြင်းရက်တဲ့စကား
မငြင်းချင်တဲ့စကားကို ဖွင့်မိတ်ဖွင့်ချပြီး ငွေလေးရဲ့ နှလုံးသား
ဆန့်ကျင်ပြီး ဖြေလိုက်ရမယ့်အဖြေတစ် ခုကို ငွေလေးရဲ့နှုတ်က
ဘယ်လိုအင်အားနဲ့ ပွင့်ကျစေနိုင်စွမ်းပါ့မလဲ။

ဒါပေမဲ့…။ ဒါပေမဲ့…ဖေဖေ…။ ငွေလေးကို ဖေဖေ
နားလည်ခွင့်လွှတ်ပေးပါ။ ငွေလေး ကိုကို့ကို လက်မထပ်ပါရစေ
နဲ့။ ကိုကို့ကို ချစ်လွန်းလို့ ငွေလေး လက်မထပ်ပါရစေနဲ့ ဖေဖေ
ရယ်…။ ငွေလေး တောက်လျှောက် တွေးနေရင်း မျက်ရည်များ
ဖြိုင်ကျနေရပါပြီ။ ငွေလေး၏ လက်လေးတွေက ကက်ဆက်
ခလုတ်လေးကို နှိပ်လိုက်ကာ ကက်ဆက်ခွေလေးကို တုန်ရီနေသော
လက်ချောင်းသွယ်သွယ်လေးတွေဖြင့် ဖွဖွယူလိုက်မိရပါ၏။ ကက်
ဆက်ကာဘာဗုံးလေးထဲ တရိုတသေ ပြန်ထည့်သည်။ လက်အုပ်
လေးချီ၍ ဖေဖေ့ကို အာရုံပြုမိရပါ၏။

"ငွေလေးကို ခွင့်လွှတ်ပါ ဖေဖေ"



ဟု တောင်းပန်မိရသည်။ နောက်တော့ ပြတင်းအနီးမှာ
သွားရပ်ကာ ကောင်းကင်ပြာကြီးကို မော့ကြည့်မိရပါ၏။ တိမ်ဖြူ
တစ်ဆုပ်တို့ ဟိုသည်တစ်စ တစ်မျှင် ရွေ့လျားနေကြတာကိုလည်း
မြင်နေရသည်။ ထိုမိုးတိမ်ဖြူတို့ကြားမှာများ ဖေဖေ၏ ဝိညာဉ်
ရှိနေလျက် ငွေလေးကို လှမ်းလင့်ငုံ့ကြည့်နေချေမည်လား။ ငွေလေး
ငယ်စဉ်က ဖေဖေ့ကိုမေးတော့ ဒက်ဒီမှ…။

"ဟိုးမိုးကောင်းကင်ကြီးမှာ…"

ဟု ပြောတတ်သည်။ ထိုစဉ်တုန်းက ငွေလေး ကောင်း
ကင်ကျယ်ကြီးကို မော့ကြည့်ကာ…။

"ဖေဖေရေ…ရာဘာ…ရာဘာ ငွေရေးရှိုကိုရာ"

ဟု ဖေဖေ့ကိုလာပါ လာပါနှင့် ခေါ်ခဲ့သည်။

"ငွေလေးမရှိတော့တဲ့အခါ အဲသလို ကောင်းကင်
ကြီးကို ကိုကိုနဲ့ဒက်ဒီမော့ကြည့်ပြီး ငွေလေးရေလာပါ၊
လာပါလို့ ခေါ်နေမှာမျိုးကို ငွေလေး မကြားရက်ဖူး
ဖေဖေ"

ဟု ငွေလေး ကြေကြေကွဲကွဲတွေးသည်။ သြော်…ဒက်ဒီ
ခေါ်သံ၊ ကိုကို့ခေါ်သံများကို မိုးကောင်းကင်ကြီးဆီမှ ငွေလေး
ငုံ့မိုးကြည့်ရင်း နားမထောင်ရက်ပါ ကိုကိုရယ်။ ထိုစဉ်အခါများ
မှာ မိုးစက်လေးတွေ မိုးတိမ်တိုက်က ကြွေကျလာကြချေလျှင်
ထိုမိုးစက်တို့သည် ငွေလေး၏ မျက်ရည်များသာ ဖြစ်ကြပါလိမ့်
မည်ကိုကို။ သြော်…ဖြစ်ရပါလိမ့်မယ် ကိုကိုရယ်…။

www.burmeseclassic.com

www.burmeseclassic.com



အတန်းပြောင်းဘဲလ်တီးစဉ်နိုက် ကော်ရေတာမှာ မောင်... တကြီးရောက်လာသည့် လေးလေးသိန်းကို တွေ့ရသည်မို့ ရှိုး... မျက်လုံးလေးပြူးကာ…။

"ဟဲ့…လေးလေးသိန်းကြီးဟ၊ ငွေလေး နှင် ဒီနေ့ မမူးပါဘူးနော်၊ နှင်မူးတူးတူးဖြစ်ရက်နဲ့များ ကျောင်းလာတက်လိုက်တာလားဟယ်၊ ဒက်ဒီနဲ့ကိုကို နှင် နေမကောင်းဘဲ ကားမောင်းပို့ရမလားဆိုပြီး လေးလေးသိန်းကို ဆူထည့်လိုက်သလား မသိဘူး၊ တစ်ချိန်ကျန်သေးတယ်ဟာ၊ ကျောင်းမဆင်းသေးခင် ရောက်လာပြီး ကြိုနိုင်းနေပြီလားမသိ၊ ကိုကိုကရော ဘာလို့ လိုက်မလာတာလဲဟဲ့…"

ဟု စိတ်ထဲထင်ရာတွေပြောနေခိုက် နုနုနွယ်ကတော... လက်လေးကာ၍…။

"ငါတို့နှစ်ယောက်မှာ ဘာထိန်ချန်ထားမှုမှ မရှိတဲ့အတွက် ဒီနေ့ အရှုခံထိရင် လေးလေးသိန်းပဲထိမှာ၊ ငါတို့ကင်းတွယ်"

ဟု စိတ်အေးလက်အေး စကားဖြည့်၏။ နောက် ငွေလေး... ကိုလည်း မျက်မှောင်လေးကုပ်၍ကြည့်ကာ…။

"နှင့်ကို ငါတို့မေးတယ်နော်၊ တစ်နေ့လုံး ငိုင်တိုင်



တိုင်လုပ်နေလို့ ငါတို့ နှင့်အတွက် စိတ်ပူနေတာလဲ နှင်သိပါတယ်၊ နေစမ်းပါဦး နှင့်အတွက် ငါတို့နှစ်ကောင်လုံးက မပူတတ်ကြဘူးများအောက်မေ့နေလား၊ နှင့်ကို ဒီလောက်ချစ်ကြတဲ့ဥစ္စာ၊ နှင်ကိုက မြိုစိစိသိပ်လုပ်တာပဲ၊ ခေါင်းမူးရင် မူးတယ်၊ နေလို့မကောင်းဖြစ်ချင်တယ်၊ အဲသလို ပြောပေါ့ဟ"

ဟု နုနုနွယ် ဆက်ဆူနေခိုက် လေးလေးသိန်း ခြေလှမ်းကြဲကြီးဖြင့် တသင်ဆောင်ထဲထိ ဝင်ချလာကာ…။

"ငွေလေး မြန်မြန်လိုက်ခဲ့၊ အစ်ကိုကြီးခေါ်ခိုင်းလို့၊ အရေးကြီးတယ်"

ဟုပြောလာတော့ ငွေလေးရင်ထဲ လေးကျနေရပါ၏။ တစ်နေ့လုံးလည်း ရင်ထဲမှာမကောင်း။ ကိုကိုနှင့်ငွေလေးကို လက်ထပ်လိုသည့်ကိစ္စ ညနေကျလျှင် ဒက်ဒီ ငွေလေးကို မေးချေမည်ဆိုတာ ကြိုသိထားသည်မို့ ဖြင်းရမည့်အရေး ရင်ထဲမှာ ကြေကွဲနေနှင့်သည်မှ တနင့်နင့် ကြွေနေသည့်ရင်ဖြင့်ပါ။ ရင်ထဲမှာ ကြေကွဲနေသည်။ ဆောက်တည်ရာမဲ့နေသည်။ ငွေလေး၏ အမျှော်လင့်ဆုံးသော၊ အတောက်ပဆုံးသော အိပ်မက်…။ အဖြစ်ချင်ဆုံးသော ဘဝတစ်ခုကို ငွေလေး ဘယ်သောအခါတွင်မျှ တည်ဆောက်ပိုင်ခွင့်မရှိသာတော့သည်ပဲလေ။

ခု…လေးလေးသိန်းရောက်လာတော့ ငွေလေးရင်ထဲမှာ ပိုလေးလာသည်။ အိမ်မှာ မမေးဘဲ စက်ရုံသို့ အလည်ခေါ်သလိုဖြင့် ငွေလေးကိုခေါ်ကာ စက်ရုံရှိ ပန်းခြံထဲမှာများ လမ်းလျှောက်

www.burmeseclassic.com

www.burmeseclassic.com



ရင်း မေးလာချေမည်လား။ အိမ်မှာဆို ဒေါ်ကြီးတို့ကြားသွားမှာ စိုး၍များလားဟု တွေးမိတွေးရာတွေးရင်း ရင်ထဲမှာပိုလေးကျလာ ပါသည့်အဖြစ်။ မျက်ရည်က ဝဲတက်ချင်လာနေပြီ။ ငိုင်ကျနေသည့် ငွေလေးကို လေးလေးသိန်း မျက်နှာကြီးဖြူဆုတ်ကျလာနေလျှ မှ…။

"မြန်မြန်လုပ်လေ ငွေလေးရဲ့၊ ဟိုမှာ ခန့်လေး အက်ဆီးဒင့်ဖြစ်လို့ ဆေးရုံမှာ သတိလစ်နေတယ်"

ဟုလည်း ဖွင့်ပြောချလိုက်သည်နှင့် ငွေလေး ဟင်ခနဲ ဖြစ်ကာ မိုက်ခနဲ ဖြစ်သွားရပါ၏။ ကမန်းကတန်း ခေါင်းလေး လက်ဖြင့်ဖေးအုပ်ကာ…။

"ကိုကို…ကိုကို…အက်ဆီးဒင့်ဖြစ်တယ်၊ အို… ဘုရားရေ၊ လုပ်ပါဦး၊ လုပ်ပါဦး နုနုနွယ်နဲ့ ရီဦးရဲ့ ကိုကို့ကို ကယ်ကြပါဦး"

ဟုပြောလည်းပြော၊ ငိုလည်းငိုချလိုက်သည်မှ ဟာ ဆောင်နိုင်စတမ်း သည်းသည်းသန်သန်ကြီးပါ။ အတန်းထဲမှာ နေသည့် ကျောင်းသားကျောင်းသူတို့ပင် မျက်နှာမကောင်းကြ ဝိုင်းကြည့်နေကြပါသည့်အဖြစ်။ ဘာကြောင့်ငိုသည်ဆိုတာ အ အပါးကျောင်းသူတချို့ကတော့ သိသည်။ ခပ်လှမ်းလှမ်းမှဆို ကြ။ ဒါပေမဲ့ အရမ်းကို တုန်လှုပ်ချောက်ချားစွာ ငိုချနေရှာပါသည့် ငွေလေးကိုကြည့်ရင်း တစ်ခုခုတော့ ဆိုးဆိုးဝါးဝါးဖြစ်တာဖြစ်မည် ဟု နားလည်ပေးကြလျက် မျက်နှာမကောင်းကြ။ လေးလေးသိ မှ ငွေလေးကို ဘေးမှစိုးရိမ်တကြီး ဖေးထိန်းကာ…။



"လာ…ကလေး စိတ်ကိုထိန်း၊ ဟိုမှာ ခန့်လေး သတိမေ့နေတဲ့ကြားက ငွေလေးရဲ့ နာမည်ကို တစ်ချက် တစ်ချက်ခေါ်နေတယ်၊ အစ်ကိုကြီးကိုလဲ ခေါ်နေတယ်၊ ခန့်လေး နှုတ်က သတိလက်လွတ်နဲ့ ခေါ်တဲ့သူဆိုလို့ ဒက်ဒီဆိုတာနဲ့ ငွေလေးဆိုတာပဲ ရှိနေတယ်၊ အဲဒါ ငွေလေးကိုလဲ အစ်ကိုကြီးက အမြန်ခေါ်ခိုင်းတာ၊ ငွေ လေး ခန့်လေးကို ဘယ်အထိချစ်တယ်ဆိုတာ သိတယ် လေ၊ ခေါ်မှဖြစ်မှာတဲ့၊ ခန့်လေးက…"

စိုးရိမ်ရတယ်ဆိုသည့်စကားကို မဆက်ရက်ဘဲ လေး လေးသိန်းစကားကို ရပ်လိုက်ပါ၏။ မျက်နှာလေး ဖွေးဆုတ်ကျ နေသည့် နုနုနွယ်နှင့် ရီရီဦးတို့လည်း မျက်ရည်တွေကျနေရင်းမှ ငွေလေးကို ဘေးမှထိန်းကာ လေးလေးသိန်း ရပ်ထားသော ကား ဆီသို့ ဖေးခေါ်လာပါ၏။ ကားထဲသို့ ရီရီဦး ငွေလေးကို ဖျောင်း ဖျချော့မော့ရင်း ထိုင်စေသည်။ ဘေးမှလည်း ကပ်ထိုင်သည်။

"မိနွယ်…နင်…နောက်က နင့်ကားမောင်းလိုက်ခဲ့၊ ငါ ငွေလေးနဲ့ပဲ ဒီကားနဲ့လိုက်မယ်၊ လေးလေးသိန်း မောင်းတော့လေ၊ ဟိုမှာဒက်ဒီစောင့်နေမှာ၊ ဟင်…ဘယ် လိုဖြစ်ရပါလိမ့်ဟယ်၊ ရင်ထဲပူလိုက်တာ…"

ဟု ရီဦး စိတ်ပူပန်လျက် ခပ်ညည်းညည်းလည်းပြော၊ ငွေလေး၏ကိုယ်လေးကိုလည်း ရင်ခွင်ထဲ သိမ်းပွေ့ထိန်းထားလိုက် ပါပြီ။

ကားက အရှိန်ဖြင့်မောင်းထွက်၏။ နောက်မှ နုနုနွယ်၏

www.burmeseclassic.com



ကားလေးက ကပ်ပါလာသည်။

"ရန်ကုန်အဝင်မှာ ဖြစ်တာတဲ့၊ မူးပြီးမောင်းလာတဲ့ ဗင်ကားတစ်စီးက အတင်းကပ်ပြီး တမင်ကိုကပ်ကျော် တက်လာတာတဲ့၊ ဆိုင်ကယ်စလစ်ဖြစ်ပြီး မှောက်တယ် လို့ ပြောတာပဲ၊ လိုင်ဘွားဆိုင်ကယ်က ဘာမှမဖြစ်ဘူး လေ၊ သူ မြင်ရတာ ခန့်လေးက ကျော်ထူးဆိုင်ကယ် နောက်က စီးတာ၊ လွင့်ခနဲ မြောက်ပြီး ခပ်ဝေးဝေးကို သွားကျတာတဲ့၊ ခေါင်းကိုလဲ ထိထားတယ်၊ အသည်းလဲ ထိတယ် ပြောတာပဲ၊ အဲသလောက်ပဲ သိရသေးတယ်၊ ဆေးရုံကနေပြီး လိုင်ဘွားဆက်တာ၊ ကျော်ထူးလဲ ခေါင်း ထိတယ်၊ ခြေထောက်ကျိုးတယ်"

ဟု ကားမောင်းရင်း လေးလေးသိန်း ပြောပြနေသမျှ ရီဦးမှ ဘုရားတ၍ နားထောင်လိုက်ပါလာပါ၏။

"အဲသလိုပဲ ဟိုင်းဝေးလမ်းတွေ ဒီလောက်ကျယ် နေတဲ့ဥစ္စာတောင်မှ မူးပြီးမောင်း၊ ဟိုယာဉ်ကို ညစ်ပြီး ကပ်မောင်း၊ အရှိန်နဲ့မောင်းနေကြတာကိုက သိပ်ဆိုးတာ၊ အဲသလိုလူတွေကြောင့် လူတွေ ခုလို ဘေးကြုံရတာ"

ဟု လူကြီးလေးလိုပဲ ရီဦးညည်းသည်။ ငွေလေးကတော့ ရီဦးရင်ခွင်ထဲမှာ ခေါင်းလေးဖေးတင်ကာ ငို၍ နေသည်ပါပဲ။

"မြတ်စွာဘုရားရှင် ကိုကို့ကို ကယ်တော်မူပါ၊ ငွေလေးက သေရမယ့်သူပါ၊ ကိုကိုက ကျန်းကျန်းမာမာ ကြီးပါဘုရား၊ ငွေလေးကို ကိုကို ခွဲမသွားပါစေနဲ့၊ ဒက်ဒီ့



အတွက် ကိုကိုရှိနေမှလဲ ဖြစ်မှာပါ၊ ငွေလေးဟာ ဒက်ဒီနဲ့ ကိုကို့ကို တကယ့်ကို စစ်မှန်တည်မြဲတဲ့ချစ်ခြင်းများနဲ့ ချစ်တာပါ ဘုရား၊ ဒီစစ်မှန်တဲ့သစ္စာတရားကြောင့် ကိုကို အသက်ရှင်ပါစေ၊ အသက်ရှင်ပါစေ ဘုရား"

ဟု ဘုရားရှင်ကိုသာ တိုင်တည်၍ ရင်ထဲမှာ ဆုတောင်း နေမိရပါသည့်အဖြစ်။ ဆေးရုံသို့ရောက်တော့ ကားပေါ်ကင်တိုးသည့် နေရာမှာ ကားကိုရပ်စဉ်ခိုက်မှာ ငွေလေး ကိုကို့အတွက် စိတ်မှ ရှုလွန်း၍ ကားတံခါးကို ဖွင့်ကာ ပြေးဆင်းမိရပါ၏။ "လေးလေး သိန်းမှ...လာ...ဟု ခေါ်သည့်နောက်သို့လည်း အပြေးလိုက်လာ မိရသည်။ မျက်ရည်တွေက အတောမသတ် ကျနေဆဲ။ ဒက်ဒီ့ကို တွေ့ရသည်က ခေါင်းမှာ ပတ်တီးတွေ စည်းနှောင်ထားပါသည့် လူပ်ရှားမှု ကင်းမဲ့နေပါသည့် ကိုကို့ခုတင်ဘေးမှာပါ။

"ခွဲစိတ်ရမယ်၊ အသည်းကိုထိထားတယ်၊ သွေးလို နေတယ် ကိုသိန်း၊ အော်သွေး ရှာနေတုန်းပဲ၊ သွေး ဘဏ်မှာ အော်သွေးမရှိဘူးဖြစ်နေတယ်"

ဟု ဒက်ဒီ မျက်နှာပျက်ပျက်ဖြင့်ပြောသည်။ ငွေလေးမှာ ဒက်ဒီ့ကို တွေ့တာနှင့် ဝမ်းနည်းပမ်းနည်းကြီး ဒက်ဒီ့ရင်ခွင်ထဲ ကလေးလိုပဲ ပြေးဝင်ကာ...။

"ကိုကို့ကို ကယ်ပါဦး ဒက်ဒီရဲ့ ကိုကို့ကို ကယ်ပါ ဦး..."

ဟု ဒက်ဒီ့ကိုပဲ အားကိုးတကြီးဖြင့် တဖွဖွ အရူးမလေးလို ပဲ ပြောနေမိ၊ ငိုနေမိရပါပြီ။ နောက် ကိုကို့လက်ကို ခပ်ဖွဖွဆုပ်

www.burmeseclassic.com



မိကာ မျက်နှာကို မျက်တောင်မခတ် တုန်လှုပ်ချောက်ချားစွာ ကြည့်နေမိသည်။ ကိုကို့မျက်နှာမှာ သွေးရောင်ဆုတ်နေ၏။ နှုတ်ခမ်းတွေလည်း ဖျော့နေသည်။ ငွေလေးမျက်ရည်တွေ ပေါက်ပေါက် ကျနေရင်းမှ ကိုကို တစ်ခုခုဖြစ်သွားမှာကို ကြောက်နေမိသည်။ ခြေထောက်ဖျားလေးတွေကို ပြေးစမ်းကြည့်လိုက်၊ လက်ဖျားတွေကို ဆုပ်ကြည့်လိုက်၊ ဆရာမလေးဆေးထိုးနေတာကို အားကိုးစွာ ကြည့်လိုက်၊ ဆရာဝန်မှ သွေးခုန်နှုန်းစမ်းနေတာကို ကြည့်လိုက်နှင့် ဖြစ်နေရပါ၏။ နောက် အာရုံထဲတိုးဝင်လာသည်က သွေး၊ ကိုကို့ အသက်ကို ကယ်နိုင်ဖို့လိုနေသည့်သွေး၊ အောဘီသွေး၊ သွေးဘဏ် မှာ မရှိဘဲဖြစ်နေသည်ဆိုသည့်သွေး။ အရေးတကြီး ရှာနေသည် ဆိုသည့်သွေး။

"လှိုင်ဘွား ခုနကပဲ သူငယ်ချင်းတွေဆီပြေးနေ ပြီ၊ သွေးလှူဖို့လေ၊ ဒက်ဒီလဲ ဖုန်းနဲ့စက်ရုံကလူတွေ ခေါ်ထားတယ်၊ ဘုရား…ဘုရား…သွေး…ရလာပါ စေ"

ဒက်ဒီဆုတောင်းနေခိုက် ငွေလေး ကမန်းကတန်း မျက်ရည်သုတ်သည်။ ငွေလေးမော့ကြည့်ကာ…။

"ငွေလေး လှူမယ်၊ ငွေလေး အောဘီသွေးပဲ ဆရာ မ၊ မြန်မြန်လုပ်ပါ၊ ငွေလေးလှူမယ်"

ဟုပြောသည်မို့ ဒက်ဒီ၏မျက်ဝန်းတွေ ရွှန်းတောက်လာသည်။ ဆရာမလေး၏မျက်နှာထက်တွင်လည်း စိတ်အေးရိပ်ဝင်လာ၏။ ကိုကို့လက်မှာ ဆေးအပ်တွေတန်းလန်း၊ အောက်စီဂျင်



…ည်းပေးထားသည်လေ။ တကယ့်ကို သေကောင်ပေါင်းလဲကြီး …ားနေရတာကို ငွေးလေးကြည့်ရင်း ကိုကို့အတွက် စိုးရိမ်နေတာ …စ်ခုပဲ ရင်ထဲမှာ ရှိနေသည်။ ဆရာမလေးမှ သွေးလှူနိုင်ဖို့အ …ွက် ဦးဆောင်ခေါ်သည့်နောက်သို့ ငွေလေးအပြေးလိုက်လာတော့ …ီးနှင့်နုနုနွယ်လည်း ကပ်လိုက်လာကြသည်။ ခုလိုအချိန်မှာတော့ …သွေးက အရမ်းကို အရေးတကြီးလိုနေသည်လေ။ ငွေဖေ့ သွေးခါင်း …နေတတ်တာဆိုပေမယ့် ခုလို သွေးလှူလိုက်ပြီးလျှင် …်ဆေး …ွဘာတွေထိုး၊ ဆက်၍ ဆေးတွေဘာတွေစားရမည်ပေါ့ဟု ရီဦး …ွးမိ၏။ ခုအချိန်က ကိုကို့အသက်ကို လုယူရမည့်ကာလမဟုတ် …လား။

ငွေလေးအရေးတကြီး လှမ်းနေသည့် ခြေလှမ်းတွေ တန့် …ရပ်၊ ခေါင်းလေးငိုက်စိုက်ကျသွားရပါပြီ။ ငွေလေးသွေးလှူ၍ …ဖြစ်ချေပဲလေ။ သွေးကင်ဆာ…။ ငွေလေးသွေးသည် ကိုကို့ …ွက် မရှိအပ်သည့်သွေး၊ ကိုကို့သွေးကျောတွေထဲ မရောက် …သည့်သွေး။ အို…အဘယ်လူသားထံမှာမှ မရောက်အပ်သည့် …း။ ထိုသွေးသည် သေခြင်းတရားကို ပို့ဆောင်ချေမည့်သွေး။ …လေး မျက်ရည်တွေ ဖြိုင်ကျလာသည်။

"ဆရာမ…ဆရာမ…ငွေ…ငွေလေး…သွေးမ…မ …လှူချင်…တော့…ဘူး"

ဟု အားယူ၍ ခပ်လေးလေး ပြောလိုက်သံပေါ်လာတော့ …မလေးလည်း အံ့သြ၊ ကပ်ပါလာပါသည့် ရီဦးနှင့် နုနုနွယ်တို့ …ယုံနိုင်လောက်အောင် ဟင်ခနဲဖြစ်သွားကြရပါပြီ။ မျက်လွှာ

www.burmeseclassic.com

www.burmeseclassic.com



လေးတွင်တွင်ချကာ ဘယ်သူ့ကိုမှ မကြည့်တော့ဘဲ မျက်ရည်
ဖြိုင်ကျနေသည့် ငွေလေးသည် ချာခနဲပြန်၍ နောက်ကြောင်း
လှည့်သည်။

"တ…ခြား…လူ…ကို…သွေးလှူဖို့…ရှာရ
မယ်"

ည့်လိုဟု လေသံဖျော့ဖျော့ဖြင့် ပြောလည်းပြော၊ ကိုကို
အခန်းရှေ့သို့ ကလေးလို ပြန်ပြေးဝင်လာတော့ ဒက်ဒီ လှမ်း
သည်။ သွေးလှူမည်ဟု ငွေလေးပြောခဲ့စဉ်က မျှော်လင့်စွာ ရှင်း
တစ်ထစ်အေးစွာ ကြည့်လာပါသည့် ဒက်ဒီမျက်နှာကို ငွေ
မကြည့်ရက်၊ မကြည့်ရဲ၊ ချက်ချင်းကြီးပြန်ရောက်လာသည့် ငွေ
ကို နားမလည်နိုင်သလို ကြည့်လာပါသည့် ဒက်ဒီမျက်နှာ
ငွေလေး မကြည့်။ ခပ်လွဲလွဲလေးမျက်နှာကို ထားလိုက်မိကာ

"ငွေလေး…သွေးမလှူနိုင်ဘူး ဒက်ဒီ"

ဟု မျက်စိမှိတ်၍ ပြောချလိုက်ပြီးမှ မဝံ့မရဲနိုင်စွာ၊ ကြ
စွာ၊ ဒက်ဒီကို ကြည့်လိုက်တော့ ဒက်ဒီ မျက်နှာပျက်ခနဲဖြစ်
တာကို မြင်ရပါ၏။ နားမလည်နိုင်စွာလည်း ငွေလေးကို ကြ
နေသည်။

"မဟုတ်ဘူးသမီး၊ သွေးက အရမ်းကို အရေးတ
ကြီးလိုနေတယ်၊ အော်ပရေးရှင်းလုပ်ဖို့လိုနေတယ်၊ သွေး
လိုနေတယ် ငွေလေး၊ ဘာလို့…ဘာလို့…ငွေလေးရဲ့
ကိုကို့အတွက်ကို သွေးမလှူရတာလဲ"

ဟု ဒက်ဒီမေးသံတွင် ကြေကွဲသံလည်းပါနေသည်။



ကြည့်ခြင်းလည်းပါနေသည်။ နားမလည်နိုင်သည့် အကြည့်များ
ဖြင့်လည်း ကြည့်လာနေသည့်အဖြစ်။ ငွေလေး ခေါင်းလေးငုံ့ချ
သည်။ လည်ချောင်းတနင်နင်ဖြင့်ဖြစ်နေရာမှ အားယူ၍…။

"ငွေလေး…မလှူနိုင်လို့ပါ ဒက်ဒီ၊ အချိန်မရှိတော့
ဘူး ဒက်ဒီရဲ့၊ လေးလေးသိန်း…ကိုကို့အတွက် သွေး
…အဲဒါကို ရှာရမယ်လေ"

ဟု ကိုကို့လက်ကိုကိုင်ကာ ကလေးလိုငိုပြောနေသည်က
သည်း ဆောက်တည်ရာမဲ့ဆန်နေသည်။ လေးလေးသိန်းခေါင်း
မ်းပါ၏။ ဒက်ဒီကတော့ တဖြည်းဖြည်း နားမလည်နိုင်သည့်
အကြည့်များ အစား နာကျင်သည့်အကြည့်များ ဝင်လာနေသည်။
စိတ်ကို ဆုံးဖြတ်လိုက်ပုံဖြင့်…။

"အေးလေ…မလှူနိုင်တော့လဲ မတတ်နိုင်ဘူးပေါ့၊
ဒက်ဒီလဲ စက်ရုံကို ဖုန်းဆက်ထားတယ်၊ အဲဒီက အလုပ်
သမားတွေလဲ ကားနဲ့လာနေကြပြီလို့တော့ မန်နေဂျာ
ကိုမျိုးပြောတယ်၊ ဘုရားမ,လို့ အဲဒီထဲမှာ အောဘီသွေး
ပါလာပါစေလို့ ဆုတောင်းရမှာပဲ၊ အေးလေ…ဒက်ဒီ
သွေးကမှ အောဘီသွေးမဖြစ်ဘဲကိုး၊ ဒက်ဒီသွေးသာ အေ
ဘီသွေးဆိုရင် ဒီသွေးကို လှူလိုက်လို့ ဒက်ဒီ သေချင်
သေသွားပါစေ၊ ဒက်ဒီလှူမိမှာပဲ"

ဟုပြောသံက ကြေကွဲခြင်းဖြင့် လှိုက်ခါနေသည်။
ငွေလေး၏ ရင်ထဲမှာ နစ်ခနဲ ခံစားရပါ၏။ ငွေလေးရဲ့သွေးကြောင့်
ကိုကို အသက်ရှင်ရမှာ မဟုတ်ဘူး ဒက်ဒီရဲ့၊ ကိုကို ရောဂါရမှာ

www.burmeseclassic.com

www.burmeseclassic.com



ဟု ငို၍ပြောပြလိုက်ချင်သည်။ ဒက်ဒီစကားထဲမှာ နာကြည်းခံစေ ခြင်းနှင့် စိတ်နာခြင်းဆိုသည့် အငွေ့အသက်တွေ ပါလာနေတာကို လည်း ငွေလေး သိနေပါ၏။ အေးလေ…။ ဒက်ဒီ စိတ်နာချေ မည်သာ။ ကိုကိုသည် ဒက်ဒီ့သား၊ ဒက်ဒီ့သွေးပေပဲလေ။ ခု သေရေးရှင်ရေးကိစ္စကြီးမှာ ငွေလေး သွေးမလှူဘဲ ခေါင်းခါနေခြင်း ကို ဒက်ဒီ စိတ်နာချေမည်သာ။ ကိုကို့ဖခင်တစ်ယောက်အနေဖြင့် နာကြည်းချေမည်သာ။

ငွေလေး မငံ့မရဲလေး နုနုနွယ်နှင့် ရီဦးကို ကြည့်တော့ လည်း ငွေလေးကို ဘယ်တုန်းကမှ မကြည့်ဖူးသည့် အကြည့်မျိုး ဖြင့် ကြည့်နေတာကို အနေခက်စွာ ရင်ဆိုင်လိုက်ရပါ၏။ အထင် သေးခြင်း၊ စက်ဆုပ်ခြင်း…။ ဟုတ်သည်…။ ငွေလေးကို အသ တစိုက်ကြီး ချစ်ကြသည့် သူငယ်ချင်းနှစ်ယောက်၊ ပျော်ပျော်ေ တတ်သည့် သူငယ်ချင်းနှစ်ယောက်သည် ခု ငွေလေးကို အရေ ကို အထင်တသေးဖြစ်သွားချေပြီတကား။ ငွေလေးကိုချစ်တာ ရင်းဖြူစင်လွန်း၍ဟု နုနုနွယ်နှင့် ရီဦးတို့ အမြဲပြောနေကြပါ

အောက်စီဂျင်ပေးထားလျက် ဆေးပိုက်တွေတန်းလန်း သတိမေ့နေသည့် ကိုကို…။ မျက်ရည်ကျနေလျက် သားအတွ သောကအဖြစ်ကြီး ဖြစ်နေရှာပါသည့်ဒက်ဒီ…။ နုနုနွယ်နှင့် ရီဦး တစ်လှည့်စီကြည့်၍ ငွေလေးကို ထပ်ကြည့်လာသည့်အကြည့် မှာ စိတ်ကုန်ခမ်းသည့် အရိပ်တွေ ပြည့်သိပ်လာနေကြတာ ငွေလေး ကြေကြေကွဲကွဲပဲ မြင်နေရပါပြီ။ ဟုတ်သည်။ စိတ် ခမ်းခြင်း။ ငွေလေးကို အဖော်ပြုရန် စိတ်ကုန်ခမ်းခြင်း။



ငွေလေး ကိုကို့လက်ကို အသေအတကြီး ဆုပ်ကိုင်လိုက်မိ ကာ…။

"ငွေလေးရှိတယ် ကိုကို ငွေလေးရှိတယ်၊ ကိုကို ဘာမှမဖြစ်ပါဘူးကိုကိုရယ် နော်…"

ဟု တဖွဖွပြောနေမိက် ကိုကို ငြိမ်ကျနေဆဲ။ ငွေလေး မျက်ရည်တွေ ဖြိုင်ကျလာကာ ကိုကို့လက်ပေါ် မျက်နှာလေးအပ် ၍ ရှိုက်ငင်ငိုချနေမိရပါ၏။ ဖျတ်ခနဲ ခေါင်းလေးပြန်မော့တာ လေးလေးသိန်းကို စိတ်လိုက်မာန်ပါကြီး ကြည့်၍…။

"ဘာလုပ်နေတာလဲ လေးလေးသိန်းရဲ့၊ ကိုကို့အ တွက် သွေးရှာလေ"

ဟု စူးစူးရှရှ အော်တော့ လေးလေးသိန်း မျက်နှာမ ကောင်း။

"အဲဒီသွေးဟာ ငွေလေးဆီမှာ ရှိနေတာပဲကွယ်"

ဟု ခပ်ပြင်းပြင်းဟန်ဖြင့် လေးလေးသိန်းပြောချလိုက်တော့ ငွေလေး ငြိမ်ကျသွားသည်။ ဒက်ဒီ့ကို အပြစ်မကင်းသူပမာ အနေ ခက်လျက် မော့ကြည့်တော့ အကြည့်ကို ဆုံသည်နှင့် တမင်အ ကြည့်ကို လွှဲလိုက်ကာ မေးကြောများထောင်လာအောင် အံကြိတ် ထားသည်ကို ငွေလေး တွေ့လိုက်ရပါ၏။ အားလုံး ငွေလေးကို စိတ်အနာကြီး နာနေကြချေပြီပဲဟု ဝမ်းနည်းပမ်းနည်း ငွေလေး နားလည်လိုက်ရကာ ကိုကို့မျက်နှာကို တသို့တနင့်ငုံ့မိုးကြည့်မိ ပါ၏။

"ကိုကို သတိရလာတဲ့အခါ ဒီအဖြစ်ကို ပြန်ကြ

www.burmeseclassic.com

www.burmeseclassic.com



ရတဲ့အခါ ကိုကိုလဲ ငွေလေးကို စိတ်နာမှာ၊ အရမ်းကို စိတ်နာမှာ၊ အို…ဘာပဲဖြစ်ဖြစ် ကိုကို အသက်ရှင်ဖို့ အရေးကြီးတယ်၊ ကိုကို့အတွက် သွေးအမြန်ရပါစေ၊ ကိုကို စိတ်နာရင်နာပါစေ၊ ကိုကိုအသက်ရှင်နေဖို့ပဲ အရေးကြီးတာပါ''

ဟု တွေးမိကာ လက်အုပ်လေးချီ၍ ဘုရားကို အာရုံပြုကာ…။

''ကိုကို အသက်ရှင်ပါစေဘုရား၊ သွေးလဲ အမြန်ဆုံးရပါစေ''

ဟု ဆုတောင်းနေတော့လည်း ဘာကိုနားလည်ပေးရမှန်း မသိလောက်အောင်ပဲ နုနုနွယ်နဲ့ ရီရီဦးတို့ ငေးကြည့်နေမိကြရပါ၏။ ငွေလေးမျက်နှာထက်မှာ မျက်ရည်တွေ ပြိုကျနေသည်က အလဲလဲအပြိုပြိုဆန်သော တုန်လှုပ်ချောက်ချားခြင်းကြောင့် မျက်ရည်တွေ လူးလဲကျနေခြင်းဆန်နေသည်။ မျက်နှာထက်တွင် သွေးရောင်ဖျော့နေသည်။ ကိုကိုတစ်ခုခုဖြစ်မှာကို သေမလောက်ကြောက်နေခြင်းလည်းဆန်နေသည်။ ဒါပေမဲ့ ငွေလေးသည် ကိုကို့အသက်ကို ဘာကြောင့် မကယ်တင်ပါသတဲ့လဲ။ ဟုတ်သည်။ အော်ပရေးရှင်းလုပ်ဖို့အတွက် အရမ်းကိုလိုအပ်နေသည့်သွေးကို ဘာကြောင့် မလှူရပါသတဲ့လဲ။ ရီဦးတို့ တွေးမရ။ ကိုကို့လက်ဖျားတွေကို ဆုပ်ကြည့်လိုက်၊ ခြေဖျားလေးတွေကို ဆုပ်ကြည့်လိုက်နှင့် အရူးမီးဝိုင်းဖြစ်နေသည့် ငွေလေးကိုကြည့်ရင်း ရင်ထဲ မသက်မသာဖြစ်ကြရပါ၏။ ထိုအခိုက် ဆရာမလေးတစ်ဦးဝင်လာသည်။



''စက်ရုံက ရောက်လာတဲ့လူထဲက သွေးစစ်ကြည့်ပါတယ်၊ သူတို့ရောက်လာတာနဲ့ ဒီကိုခေါ်မလာတော့ဘဲ သွေးစစ်ပါတယ်၊ အောဗီသွေး လူသုံးယောက်တောင်မှ ပါလာပါတယ်၊ သွေးရပါပြီ''

ဟု ပြောတော့ ဒက်ဒီ ခြေလှမ်းကြဲကြီးဖြင့် ဝမ်းသာအား ဆရာမလေးထံ လျှောက်သွားသည်။

''သူတို့…သူတို့ ဘယ်မှာလဲ ဆရာမ''

''သွေးလှူနေကြပါတယ် လာပါ…လာပါ''

ဟု ဆရာမလေးခေါ်ရာနောက်သို့ ဒက်ဒီ ခြေလှမ်းကြဲ[ကြဲ]ကြီး လိုက်သွားသည်။ လေးလေးသိန်းလည်း မျက်နှာလန်းလာကာ [လိုက်]သွားပါ၏။ ငွေလေးသာ အခန်းထဲမှာ ကျန်ခဲ့သည်။ သွေးရပြီ [ဆို]၍ မျက်ရည်ကိုသုတ်ကာ ကိုကို့လက်မောင်းကို ဖွဖွကိုင်၍ [တ]စ်ချက်ဝမ်းသာစိတ်ဖြင့် ငွေလေး ကိုကို့မျက်နှာကို ငုံ့မိုးကြည့်[သ]ည်။ နောက် နဖူးပြင်ကို ဖွဖွစမ်းမိ၏။ လက်ဖျားလေးတွေကို [ဖွ]ဖွဆုပ်မိ၏။ ကိုကို့အတွက် သွေးရပြီ။ ရောဂါကင်းစင်သော [သွေး]ကို ရချေပြီတကား။

''ငွေလေး ဝမ်းသာလိုက်တာ ကိုကိုရယ်၊ ဝမ်းသာလိုက်တာ၊ ကိုကို ငွေလေးကို ခွဲမသွားပါနဲ့ ကိုကိုရယ်၊ ကျန်ရစ်သူအဖြစ် ငွေလေး မဖြစ်ပါရစေနဲ့''

ဟု တိုးဖွဖွပြောမိကာ ကိုကို့လက်ကို ဖွဖွဖေးယူ၍ ငုံ့[နမ်း]ရှိုက်နေမိရပါပြီ။ နုနုနွယ်နှင့် ရီဦးတို့မှာ စိတ်ထဲမကောင်းတာ[လ]ည်းပါ၊ စိတ်ကုန်တာလည်းပါနေသည့် အကြည့်ဖြင့် ကြည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှ ထွက်သွားကြပါ၏။ ငွေလေးကို မည်သို့ နားလည် ပေးရမည်မှန်းပင် မသိနိုင်တော့သည့်အဖြစ်။ အခန်းပြင်မှာ သွား မိသည်ကိုက သွေးကျတော့မလှူဘဲ လူကိုကျတော့ အရမ်းစိတ် နေသည့် "ငွေလေးကိုကြည့်နေရတာ စိတ်ညစ်ကြရလွန်း၍ပါ။

ဘာမျှမကြာလိုက်။ လူနာကို ခွဲစိတ်ခန်းသို့ပို့မည့် ထ လီလေးနှင့် ဒေါက်တာရော ဆရာမလေးတွေရော ဆေးရုံလုပ်သား ရော ရောက်လာကြပါ၏။ ဒရစ်ပိုက်တန်းလန်းဖြင့် သတိမေ့ ဆဲ ကိုကို့ကို ထရော်လီသို့ ဝိုင်း၍ ညင်ညင်သာသာ တင်သည် ဆရာမလေးက ဒရစ်ပုလင်းကို ဘေးမှကိုင်၍ လိုက်ကြသည် ဒေါက်တာကလည်း မျက်နှာထက်တွင် သောကရိပ်တွေပြည့်နေလျ ကစ်လိုက်လာ၏။ ငွေလေး ကိုကို့ထရော်လီဘေးမှ တော လျှောက် အပြေးတစ်ဝက်ဖြင့် လိုက်လာနေမိရပါ၏။ ခွဲစိတ် တံခါးမှ ကိုကို့ကို ခေါ်သွင်းသွားပြီးသည့်နောက်မှာ တံခါးပိ ကျသွားတော့ ငွေလေး ပူပန်သလဲလေးပဲ ဒေါက်တာဘေးမှာ ရပ်ကျ ခဲ့ရပါ၏။ ဒေါက်တာဘေးမှာ လေးလေးသိန်း ရပ်နေသည်။ ဒေ လက်မောင်းကို ဖေးဆုပ်ကိုင်ထားသည်။ နောက် သွေးလှူသူ အလုပ်သမားများ၊ သွေးလှူဖို့လိုက်လာကြသည့် စက်ရုံဝန်ထ များ၊ လှိုင်ဘွားလည်း သူငယ်ချင်းနှစ်ယောက်နှင့်အတူ ရော လာသည်။ သွေးရသွားပြီဆိုတာကိုတော့ သိခဲ့ပြီ။ သွေးလှူ သူငယ်ချင်းနှစ်ယောက်မှာလည်း ခွဲစိတ်ခန်းပြင်မှာ လှိုင်ဘွား တူတူ စိတ်လက်ပူလျက် စောင့်နေကြသည်ပါပဲ။

"ကျော်ထူးရော..."



"သူက ဖိုးခန့်လောက် ဒဏ်ရာမပြင်းဘူး၊ သတိ ရနေတယ်၊ နောက်မှ သူ့ အခန်းကို လိုက်ပို့ပေးမယ်"

ဟု လှိုင်ဘွားပြောနေသံကို ငွေလေး ကြားနေရသည်။ ဒေါက်တာမှ တစ်ချက် ငွေလေးကိုကြည့်လာပါ၏။ ဘယ်တုန်းကမှ မမြင်ဖူးသော အရိပ်တွေ ပြည့်သိပ်နေသည့် မျက်ဝန်းများကို ငွေ လေး မြင်လိုက်ရပါ၏။ သူစိမ်းပြင်ပြင် ဆန်သောအကြည့်။ သူ စိမ်းတစ်ယောက်အဖြစ် ခံစားလျက် နာကြည်းရိပ်များ ပြည့်သိပ် နေသည့်အကြည့်။

"ကိုသိန်း...ငွေလေးကို ပြန်ပို့ပေးလိုက်ပါ၊ သူ စောင့်နေဖို့ မလိုပါဘူး၊ ခုတောင်မှ ပင်ပန်းနေပါပြီ"

ပင်ပန်းနေပါပြီတဲ့လား ဒေါက်တာရယ်။ အနှင်ကောင်းအောင် စကားတစ်လုံးနဲ့ ထိန်းပြောတယ်ဆိုတာ ငွေလေး သိပါတယ် ဒေါက်တာရယ်ဟု ငွေလေး ဝမ်းနည်းပန်းနည်း တွေးမိကာ မဝံ့မရဲလေး မော့ကြည့်၍...။

"ငွေလေး ကိုကိုပြန်ထွက်လာချိန်ထိတော့ စောင့် ပါရစေ ဒေါက်တာရယ်"

ဟု ငိုသံလေးဖြင့် တောင်းပန်တော့ ဒေါက်တာ ခေါင်းခါ သည်။ ပက်ပက်စက်စက်ကြီး ပြောချချင်စိတ်ကို ထိန်းချုပ်ထားမှန်း ငွေလေး ရိပ်မိလာရပါ၏။ ဒေါက်တာမျက်နှာထက်တွင် ပေါက်ကွဲ မတတ် နာကြည်းရိပ်များ အုပ်မိုးစွန်းထင်းနေသည်လေ။

"မလိုပါဘူး ငွေလေး၊ ဒေါက်တာပဲ ငွေလေးကိုဒီနေ ရာကို စိုးရိမ်တကြီးနဲ့ ကိုသိန်းကို ခေါ်ခိုင်းတာပါ၊ ခု

www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီကပဲ ပြန်ပို့ခိုင်းတာပါ၊ ငွေလေးပြန်ပါ၊ အိမ်မှာ ပြန်နားပါ၊ ဒက်ဒီရှိနေပြီပဲ၊ ဒက်ဒီသားအတွက် ဒက်ဒီ ရှိနေပြီပဲ၊ ငွေလေးပြန် ဒက်ဒီပြောတာ နားလည်နေတယ် မဟုတ်လား၊ ပြန်…ပြန်တော့…"

ဟု ပြတ်ပြတ်ပြောချတော့ လေးလေးသိန်းမှ…။

"သမီးနုနုနွယ်…လိုက်ပို့လိုက်ပါကွယ်၊ ဒီမှာ လေးလေးသိန်းလဲ နေချင်သေးတယ်"

ဟု ငွေလေးကိုပြန်မပို့ပေးချင်ဘဲ လေးလေးသိန်းပြော လာသည်က တကယ်လည်း ကိုကို့အတွက် စိတ်ပူ၍ဆိုတာကို တော့ ငွေလေး သိပါ၏။ ဘယ်လိုမှ နေခွင့်မရနိုင်ပြီပဲဟု နားလည် လာရလျက် ငွေလေး ခေါင်းလေးကို ငုံ့ချကာ…။

"ဟုတ်ကဲ့ပါ"

ဟု အသံတိမ်လေးဖြင့်ပြောလည်းပြော၊ နေရာမှ အပြေး လေး ထွက်ခဲ့ပါ၏။ ဘယ်သူ့ကိုမှ ငွေလေး မစောင့်။ နုနုနွယ်ကို လည်းငွေလေးမစောင့်။ အားလုံးက ငွေလေးကို မေတ္တာပျက်နေကြ ပြီးဖြစ်နေတာကို ငွေလေး သိနေသည်ပါပဲ။ ထိုအရာများကို ငွေလေးရင်ဆိုင်ရပါမည်။ ရင်ဆိုင်ရဲရပါမည်။ ကိုကို့အတွက် ငွေလေး၏ သွေးတွေ မအွင်းနိုင်ဖို့အတွက် ထိုအဖြစ်ဆိုးများကို ငွေလေး မကွယ်လွန်မီကာလတိုတိုလေးမှာ ရပ်ဆိုင်းလိုက်ပါတော့ မည်။ ငွေလေး ဆေးရုံအောက်ထပ်သို့ ဓာတ်လှေကားဖြင့် ဆင်း လာကာ ဆေးရုံရှေ့ရှိ မြက်ခင်းပြင်ထက်မှာ သစ်ရိပ်လေးအောက် ၌ သွားထိုင်သည်။



ငွေလေး ဘယ့်နှယ်လုပ်ပြီး အိမ်ပြန်နိုင်ပါ့မလဲ ကိုကို ယ်။ သူများတွေလို ခွဲစိတ်ခန်းပြင်က ရပ်စောင့်နေခွင့်မရတဲ့ ငွေလေးဟာ၊ ကိုကို့ကို သိပ်ချစ်တဲ့ငွေလေးဟာ ဒီမြက်ခင်းပြင်၊ သစ်ရိပ်လေးအောက်မှာ တစ်ယောက်တည်းထိုင်ရင်း ဆောက် ည်ရာမဲ့နေအောင် ပူပန်နေတဲ့စိတ်တွေနဲ့ ကိုကို့ခွဲစိတ်မှုအဖြေကို စောင့်ဆိုင်းယူနေမှာပါ ကိုကိုရယ်။ ပင်စည်လေးကို ကျောမှီကာ က်ဝန်းကို စုံမှိတ်ချခိုက် မျက်ရည်က ဖြိုင်ကျ၏။ ခြေသံကြား၍ ကြည့်တော့ အနည်းငယ် နူးညံ့စပြုလာပြီဖြစ်သည့် မျက်နှာ းတွေဖြင့် ငုံ့မိုးရပ်ကြည့်နေသည့် နုနုနွယ်နှင့် ရီရီဦး။

ပင်စည်ကိုမှီချထိုင်နေရှာပါသည့် ငွေလေး၏ အသွင်လေး အရုပ်ကြိုးပြတ်နိုင်နေသည်။ မျက်နှာမှာ သွေးရောင်ဖျော့ကျ နေသည်။ မျက်ရည်တွေကျနေသည်က အင်အားတကြီးနိုင် သည်။ အတောမသတ်။ တောင်းပန်တိုးလျှိုးခြင်းဆန်သော ကြည့်ဖြင့် ခခယယ ကြည့်လာပါသည့် ငွေလေးကို မြင်ရပြန် တော့လည်း သူငယ်ချင်းများပေမို့ ရင်ထဲ မကောင်းနိုင်ကြ။ လေးကို ပြန်ပို့ဖို့ ဆင်းလာကြတာမှန်ပေမယ့် ခုလို မနိုင်ရင်ကာန် ခံစားနေရရှာသည့် ငွေလေးကို သစ်ရိပ်အောက်မှာ မြက်ခင်း က်၌ထိုင်ရင်းမြင်လိုက်ရတော့ ရင်ထဲမကောင်းနိုင်ကြပြန်။ ငွေ း၏ အသွင်လေးက အရမ်းကို အထီးကျန်ဆန်နေသည်။ သည်း ခခယယလေးပဲ ငွေလေး ကြည့်နေရှာသည်လေ။

"ငွေလေး ကိုကို့ကို ပြန်ခေါ်လာတဲ့အထိ ခွဲစိတ် ခန်းက ပြန်ခေါ်လာတဲ့အထိ ဒီမှာနေချင်တယ် နုနွယ်

www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ နင် ဟိုမှာသွားစောင့်ပေးပါ့မယ်တဲ့ဟယ်၊ အော်ပ ရေးရှင်းအောင်မြင်တယ်ဆိုတဲ့သတင်းကို ငွေလေးကို လာပေးနိုင်အောင် သွားနေပေးပါလား"

ဟု ရီဦးလက်ကို အားကိုးရာတစ်ခုနှယ် ဆုပ်ကိုင်လျက် တမော့မော့ဖြင့် နုနုနွယ်ကို တောင်းပန်ပြောနေရှာပါသည့် ငွေလေးကိုကြည့်ကာ နုနုနွယ်ရော ရီဦးရော စိတ်ထဲ မကောင်းကြပြန်။ ငွေလေးကို ယဉ်ယဉ်ကျေးကျေးလေး ဒက်ဒီနှင်ထုတ်လိုက်ခြင်း ဆိုတာကိုလည်း နုနုနွယ်တို့ သိထားကြသည်လေ။ ငွေလေးမျက်နှာကိုပင် လောလောဆယ်မှာ ဒက်ဒီ ကြည့်လိုမြင်လိုစိတ် မရှိအောင် အနာကြီးနာနေတာ ငွေလေးသိရှာချေညသော။ နုနုနွယ်နှင့် ရီဦးတို့ပင် သိနေကြသည်ပဲလေ။ သက်ပြင်းလေးရှိုက်၍…။

"ဒါဆို ငါ အပေါ်ပြန်တက်သွားမယ်၊ နင် ငွေလေးနဲ့နေခဲ့"

ဟု နုနုနွယ်ပြောကာ အပေါ်သို့ ထွက်သွားတော့ ရီဦးဘေးမှာ လာထိုင်လိုက်တာနှင့် အားကိုးရာတစ်ခုပမာ ရင်ခွင်ထဲ ငွေလေး တိုးဝင်၍ ရှိုက်ကြီးတငင်ငင် ငိုချလိုက်မိရပါပြီ။

ငွေလေး…ငွေလေး…သေရမည်ကို ဤမျှအထိ မတော်လှုပ်ပါ။ ကိုကို ကွယ်လွန်ချေမည်ကိုဖြင့် ငွေလေး ရင်မဆိုင်နိုင်စွမ်းပါ။ ကိုကိုသည် ငွေလေး၏ ဘဝမှာ အချစ်ရဆုံးသော အတွယ်တာရဆုံးသော၊ အားအကိုးရဆုံးသော ချစ်ရသူဖြစ်ပါသည်။ ကိုကိုသည် ငွေလေး၏ဘဝမှာ ကျန်ရစ်ခဲ့သူသာ ဖြစ်စေချင်ပါသည်။ ချန်ရစ်ခဲ့သူမဖြစ်စေချင်ပါ။ သြော်…ကျန်ရစ်သူသာ



ဖြစ်စေချင်ပါသည် ကိုကိုရယ်…။ ကိုကိုမရှိတော့ခြင်းဆိုသည့် အရာထက် အခြားယ်အရာကမှ ငွေလေးကို တုန်လှုပ်ချောက်ခြားခြင်း မဖြစ်စေနိုင်ပါ ကိုကို။

"အောင်မြင်တယ်ငွေလေး၊ ကိုကို့ကို ခွဲစိတ်ကုသပြီး ပြန်ထွက်လာပြီ၊ စိတ်ချရပြီလို့ ဆရာဝန်ကြီးက ပြောတယ်၊ အဲဒါ ဒက်ဒီလဲ အရမ်းကို ဝမ်းသာစိတ်အေးသွားတာပဲ၊ ကိုကို့ကို ဆေးတွေ၊ သွေးတွေတော့ သွင်းထားရတုန်းပဲ"

ဟု နုနုနွယ်လာပြောသည့်အချိန်သည် ညနေပိုင်းဖြစ်နေပြီ။ ဘာကိုမျှ ပြန်မမေးနိုင်လောက်အောင်ပဲ ငွေလေး မျက်ရည်တွေ ဝိုင်းတက်လာအောင် ဝမ်းသာသွားရသည်မှာ အမှန်ပါ။ ကမန်းကတန်းလေးကြိုးထ၍ ငွေလေး ဆေးရုံသို့ဝင်မည်ပြုတော့…။

"ဒက်ဒီမှာလိုက်တယ် အိမ်ကိုပဲ ပြန်ပါတဲ့၊ ငါ ဒက်ဒီကိုပြောကြည့်သေးတယ်၊ ငွေလေးစိတ်ပူပြီး အပြင်မှာစောင့်နေတယ်လို့၊ ကိုကို့ကို တွေ့ချင်မှာလို့ အဲသလိုပြောတော့ ဒက်ဒီခေါင်းခါတယ်၊ ငွေလေးကို ပြန်ခိုင်းပါတဲ့၊ ဒက်ဒီကတော့ ဒီမှာပဲ ဆက်နေဦးမယ်တဲ့၊ ဒီတွက်သာမွေးဆေးရုံက_လူနာစောင့်အဖြစ် လူကျွံငလဲ

www.burmeseclassic.com



ည နေခွင့်ရတာမဟုတ်လား၊ စပယ်ရှယ်နာစ်ငှားထား ပေမယ့် ဒက်ဒီကတော့ ညအိပ်မယ့်ပုံပဲ ငွေလေး၊ ဒက်ဒီက နင့်ကို မလာစေချင်ဘူးဟ"

ဟု နုနုနွယ်မပြောမဖြစ်သည်မို့ ဖွတ်မိုတ်ပြောချလိုက်ရ ခြင်းပါ။ သွေးမလျှူဘဲနေသည့်ငွေလေးကို ဒက်ဒီ အတော်ကြီး စိတ်ထဲမှာနာကြည်းခံစားနေရပုံပေါ်နေသည်ပါပဲဟု နုနုနွယ် တွေး မိရပါ၏။ ငွေလေးမှာ နုနုနွယ်၏စကားကြောင့် ငိုင်ခနဲ ရပ်သွား ရလျှက်မှ မျက်ရည်တွေသာ ဖြိုင်ကျလာရပါပြီ။

"ဒါ…ဒါဆို…ငွေလေး ကိုကို့ကို ကြည့်ခွင့် တောင် မရှိသလိုပဲပေါ့ ဟုတ်လား၊ ကိုကို့ကို ငါ…ငါ …ဘယ်ထိ ချစ်တယ်ဆိုတာ ဒက်ဒီ သိ…ပါ…တယ် …ဟယ်"

ဟု ခပ်တိုးတိုးပြောနေရင်းမှ အသံတွေ ဝါးလာသည်။ ရီဦးသက်ပြင်းရှိုက်၍ ငွေလေး၏ လက်ကို ဖေးတွဲကာ ကားဆီသို့ ခေါ်လာပါ၏။

"လောလောဆယ်မှာတော့ နင် အိမ်ပြန်တာ အကောင်းဆုံးပဲ ငွေလေး၊ ဒီဆေးရုံကြီးမှာ တကယ့် သမားတော်ကြီးတွေ၊ ဆရာဝန်ကြီးတွေ၊ ဆေးဝါးရောင်း ချပေးတဲ့ ဆေးဆိုင်ကြီးတွေကအစ အစစပြည့်စုံနေတာပဲ၊ ခုလဲ တကယ့်စပယ်ရှယ်ခန်းကျယ်ကြီးမှာ ကိုကို့ကို ထားတာပါ၊ ဒေါက်တာမလေးတစ်ယောက်ကိုလဲ ငါ တွေ့ခဲ့တယ်၊ စပယ်ရှယ်နာစ်လဲ သုံးယောက်တောင်မှ



ဒက်ဒီခေါ်ထားတယ်ဟ၊ ကိုကို့အတွက် အစစ ပြည့်စုံ နေတာ ငါကိုယ်တိုင်မြင်ခဲ့ရတာပဲ၊ ခုလဲ ကိုကိုက မေ့ဆေးရှိန်မပြယ်သေးပါဘူး၊ နင် ရောက်လို့လဲ သူ မသိပါဘူး၊ နောက်မှပဲ ဒက်ဒီက နင့်ကို ကိုကို့ဆီလာ ကြည့်ဖို့ ခွင့်ပြုတဲ့အခါ လာကြည့်ပေါ့ဟယ်"

"ငွေလေးက ကိုကို့ကို ကြည့်ချင်နေတာ"

နုနုနွယ်မတတ်နိုင်သည့်အဆုံး ဖွင့်ပြောခိုက်မှာ ငွေလေး မျက်ရည်တွေ ဖြိုင်ကျနေရင်း ဝမ်းနည်းတကြီးပြောသည်။ ငွေလေး ၏ မျက်တောင်မည်းခက်ခက်ကြီးမှာ မျက်ရည်တွေ စိုစွတ်နေ၏။ ပါးပြင်ပေါ်မှာလည်း မျက်ရည်တွေ ဖြိုကျနေသည်။

"အင်း…ငါ…ပြောမယ် ငွေလေး၊ လောလော ဆယ်မှာတော့ ဒက်ဒီမပြောနဲ့ လေးလေးသိန်းတောင် နင့်ကို ကိုကို့ဆီ မလာစေချင်တာ အရမ်းကိုသိသာ တယ်၊ ကိုကို့သူငယ်ချင်းတွေလဲ အဲဒီမှာရှိနေကြတာ ဟ၊ တော်ကြာ ဒက်ဒီကပဲဖြစ်ဖြစ် လေးလေးသိန်းကပဲ ဖြစ်ဖြစ်၊ နှုတ်က မအောင့်ထားနိုင်တော့ဘဲ သွေးကျ တော့ မလှူဘဲနဲ့ ဘာလို့ လာကြည့်နေသေးလဲ၊ ကိုကို သေသေရှင်ရှင် နင်နဲ့မဆိုင်ဘူးလို့ ဖွင့်ပြောချလိုက်ရင် နင် ပိုအရှက်ရမှာ"

ဟု ရှင်းရှင်းကြီးပဲ နုနုနွယ် ဖွင့်ပြောလိုက်တော့ [illegible] ငိုင်ကျသွားပါ၏။ နုနုနွယ်နှင့် ရီဦးတို့ကိုယ်တိုင် [illegible] သွေးမလှူဘဲ ငွေလေးနေရက်နိုင်တာကိုတော့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



လည်ချင်။ ဘယ့်နှယ် နှုတ်က ချစ်လှပါချည်ရဲ့နှင့် ပြောငို၊ ပူလှချည်ရဲ့နှင့်ပြောငို၊ ပြီးတော့ သွေးကျတော့ မလှူဘဲနေရသည်တဲ့လား။ ဟော… ခွဲစိတ်ပြီးပြီဆိုတော့လည်း လူမှာ ကိုကိုကို မြင်ချင်လှပြန်ပါသတဲ့။ တစ်ချိန်လုံးလည်း ဆောက်တည်ရာမရ ပူလိုက်ပါသည့်အဖြစ်။ ဘာကိုနားလည်ပေးရမှန်းပင် မသိတော့သည့်အဖြစ်ပါတည့်။ အိမ်ကိုမပြန်ဘဲ ဆေးရုံရှေ့မြက်ခင်းပြင်မှာ သစ်ရိပ်အောက်၌ထိုင်ရင်း ဖွဲကြီးနဘဲကြီးနှင့် စောင့်နေသည့် အဖြစ်။ ခုလည်း အိမ်ကိုမပြန်ဘဲ ကိုကို့ထံပဲ သွားနေချင်ရပြန်သည်တဲ့။

"ဗွန်း…ငါ စိတ်ညစ်တယ် ငွေလေးရယ်၊ ကဲ… ကားထဲဝင်၊ နင် မဝင်လို့ကို မဖြစ်ဘူး၊ ငါတို့လဲ အိမ်ကိုပြန်ရဦးမှာဟ၊ အိမ်ပြန်ချိန်အရမ်းကိုနောက်ကျနေပြီ၊ မေမေတို့ဆီကို ဒုက်ဒီဆီက ဆယ်လူလာတောင်းပြီး ဖုန်းလှမ်းဆက်ပြောထားလိုက်ရလို့သာ ဒီချိန်ထိ ငါတို့ အိမ်ပြန်မရောက်သေးတာကို မေမေတို့စိတ်မပူဘဲ ရှိကြရမှာ၊ ဒါမှမဟုတ်ရင် စိတ်ပူလောက်ပြီ၊ ရှီဦးအိမ်ကိုလဲ မေမေတို့ ဖုန်းနဲ့ လှမ်းပြောပြထားပါ့မယ်တဲ့၊ အဲ့သလို ပြောထားတယ်၊ ကဲ…တက်…နင့်ကိုလိုက်ပို့ပြီးရင် ငါတို့ ပြန်ကြရမှာ"

ငွေလေးပြန်မလိုက်ဘဲ မနေရအောင် မျက်နှာထားလေးတစ်ချက်တင်းကာ ဟန်လုပ်၍ ခပ်တည်တည်ပြောမှ ငွေလေးမျက်နှာလေးညှိုးမျော့လျက် ကားထဲဝင်ထိုင်ရပါ၏။ ခေါင်းလေးတလည်လည်ဖြင့် နောက်ဘက်ကို လည်တဆန့်ဆန့်ကြည့်ရင်း



ငွေလေးကားနောက်ကိုပါလာရပေမယ့် ကိုကို့ကိုမြင်နေချင်သည့်ဓောတစ်ခုတည်းပဲ ရင်ထဲမှာ အုံကျင်းဖွဲ့နေကြပါသည့်အဖြစ်။

"ဒက်ဒီ ငွေလေးကို ကိုကို့ဆီကို ပေးတွေ့ပါတော့ မလားဟယ်"

အားငယ်ပါးငယ်လေး အသံတိမ်ကျလျက် ငွေလေးပြောတော့ ကားမောင်းနေသည့် နုနုနှယ်ကတော့ စိတ်ညစ်ပုံဖြင့် တစ်ချက်ကြည့်ကာ ဘာမျှပြန်မပြောတော့။ ရှီဦးမှာသာ သက်ပြင်းရှိုက်၍ ငွေလေးကိုကြည့်သည်။ ရှီဦး၏ မျက်ဝန်းတွေထဲမှာ စိတ်ပျက်လက်ပျက် ဖြစ်ချင်သည့် အရိပ်တွေလည်း ပြည့်သိပ်လာနေကြသည်ပါပဲ။

"နင့်ကို ငါတို့နှစ်ယောက်စလုံးက အတော်ကြီးကို ချစ်လို့ ဒီထိ နင့်ကိုပြောဆိုဖြစ်နေကြတာ ငွေလေး၊ နင်စဉ်းစားကြည့်စမ်း၊ ကိုကို့ကို နင် သိပ်ချစ်တယ်လို့လဲ ပြောတယ်၊ ကိုကိုဆိုတာ နင့်ကို အရမ်းဂရုစိုက်တာ၊ အလိုလိုက်တာ၊ ငါတို့အမြင်၊ ခု ကိုကို့ခမျာ အောက်စီဂျင်လဲ ပေးထားရတယ်၊ ခေါင်းမှာလဲ ဒဏ်ရာနဲ့၊ အသည်းကိုလဲ ထိထားတယ်၊ လိုတဲ့သွေးဆိုတာ ချက်ချင်းရလေ ပိုကောင်းလေ၊ ခွဲစိတ်ခန်းဝင်ရမယ့်ကိစ္စမှာ နင် သွေးလှူနိုင်ပါရက်ကယ်နဲ့ မလှူဘူး၊ အဲဒီ အောက်စီဂျင်နဲ့ ရှိုက်ရှူသတိလစ်မေ့မျောနေတဲ့ ကိုကို၊ အချိန်မရွေး သေသွားနိုင်တဲ့အချိန်မျိုးမှာတောင် နင်မိုးသယ် သွေးမလှူဘဲ ငြင်းရက်တယ်၊ ငါသာဆို လှူတာသိ၊

www.burmeseclassic.com



ငါ သေချင်သေသွားပါစေဟာ၊ ငါ့သွေးက အောဘီသွေး မဟုတ်လို့သာ ငြိမ်ကြည့်နေရတာ၊ နင်က ပိုလှူသင့်တာ ပေါ့ နင့်ကိုကိုပဲ၊ ပြီးတော့ နင့်ကို သိပ်ချစ်တဲ့ကိုကို၊ အလိုလိုက် ဂရုစိုက်တဲ့ကိုကို၊ နောက် ဒက်ဒီဆိုတာ နင့်ကို ငယ်ကတည်းက အေးမြလုံခြုံတဲ့ မေတ္တာရိပ်နဲ့ ကျွေးမွေးစောင့်ရှောက်လာတဲ့ ကျေးဇူးရှင်၊ ဒီလို ရှိနေပါ ရက်ကယ်နဲ့ နင်မို့ သွေးမလှူဘဲ နေနိုင်ရက်တယ်ဟာ အံ့ရော"

ဟု မနေနိုင်တော့ဘဲ ရင်ထဲရှိသမျှ ပြောချလိုက်သော ရီဦးကို ငွေလေး တစ်ချက်ကြည့်မိသည်။ မျက်ရည်တွေကသော ငွေလေး၏ နက်မှောင်အရည်လဲ့နေသော မျက်ဝန်းအိမ်ထဲမှ ဖြ လျှံကျနေဆဲ။ ငွေလေး၏ မျက်နှာထက်တွင်ထင်နေသည့် ကြေ ရိပ်သည် မဆန့်ရင်ကန် ခံစားနေရသည့် ဝေဒနာရိပ်များ စွန်းထ လျက်...။

"အဲဒါ တစ်နေ့...တစ်နေ့ကျရင်...နင်...တို့... သိသွားကြမှာပါ...ဟာ"

အသံတိမ်ကျနေရာမှ မြုပ်ကျသွားလျက် ငွေလေးမျ တောင်တဖျပ်ဖျပ်ခတ်သည်။ လူတစ်ယောက်ကို သေခြင်းတ ဆီသို့ မလွှဲမသွေ ပို့ဆောင်ချေမည့် သွေးကို ဖောက်ထုတ် ကိုကို့သွေးထဲမှာ ရောထွေးကာ မျိုးယက်အဖြစ်ချန်ထားရစ်ခဲ့ တဲ့လား ကိုကိုရယ်။ အားလုံးသောသူတို့သည် ငွေလေးကို အ အသေးကြီးသေးကြလျက် စိတ်ပျက်လက်ပျက်ကြီးဖြင့်



မဆက်ဆံချင်လောက်အောင်ကို မုန်းနေကြချေပြီဟု ငွေလေးနား လည်ခဲ့ရပြီးသည့်နောက် ထိုအမုန်းတရားများ၏ ခါးသီးမှုများကြား မှာပဲ ကျန်ရှိသည့် မိမိ၏ ဘဝသက်တမ်းလေးကို ဖြတ်သန်းရချေ တော့မည်ပဲဟုလည်း နားလည်လိုက်မိရပါ၏။ ရင်ထဲမှာ ဆို့ကြပ် လာသည်။ သြော်...ကျန်ရှိသည့် ကာလတိုတိုလေးတွင်သော်မှ အကြင်နာတရားများကြားမှာ ငွေလေး မနေရတော့ပြီတဲ့လား။ နေ ခွင့်သော်မျှ ကံကြမ္မာက မပေးချေတော့ပြီတဲ့လား။

ငွေလေး ဘာမျှထပ်မရှင်းပြတော့။ ရှင်းပြ၍လည်းမရ။ ငွေလေးမှာ သွေးကင်ဆာဖြစ်နေသည်ဟုသာ နုနုနွယ်နှင့် ရီဦး ကို ပြောပြလိုက်၊ နှစ်ယောက်စလုံး အငိုကြီးငိုကြ။ ဒက်ဒီ့ကို ပြေးပြောကြနှင့် သားအတွက် သောကတွေမတန်တဆကြီး ခံစား နေရဆဲဒက်ဒီ့ကို ငွေလေး၏ရောဂါကို သိစေလျက် ပို၍ သောက တွေ ဖိစီးစေမည့်အဖြစ်။ ဒက်ဒီ သတိလစ်သွားနိုင်သည်။ စိတ် အထိခိုက်ကြီး ထိခိုက်သွားနိုင်သည်။ အို...ငွေလေး၏ရောဂါကို ဒက်ဒီ ဘယ်သောအခါတွင်မှ မသိစေရ။ ငွေလေးကို အရမ်းချစ် သော ဒက်ဒီ့ကို ငွေလေး သနားသည်။ ငွေလေးကြောင့် ခံစားရ ရှာမည့် သောကဗျာပါရမီး၏ လောင်မြိုက်မှုကြောင့် ဝေဒနာတွေ စွန်းထင်းနေမည့် ဒက်ဒီ့မျက်နှာ၊ ဒက်ဒီ့မျက်ရည်စက်များကို ငွေ လေး မကြည့်ရက်ပါ။ သြော်...မကြည့်ရက်ပါ ဒက်ဒီရယ်။

ပြီးတော့ သူငယ်ချင်း နုနုနွယ်နှင့် ရီဦးတို့၏ မျက်ရည် စက်များကိုလည်း ငွေလေး မမြင်ရက်ပါ။ ငွေလေး ဘာတို့ ဖွင့်မပြောတော့ဘဲ မျက်ရည်ကို သုတ်ကာ ငြိမ်သက်သွားပဲ ထား

www.burmeseclassic.com

www.burmeseclassic.com



တွင်းမှာ လိုက်ပါလာပါ၏။ ဗစ်တိုးရီးယား၏ ပေါ်တီကိုကြီး အောက်မှာ စိတ်ပူပန်စွာ စောင့်နေသည့် ဒေါ်ကြီးကို မြင်တော့ လည်း နုနုနွယ်မှ ကိုကို့အတွက် စိတ်မပူရတော့ကြောင်း ပြောပြ တော့ ဒေါ်ကြီးမှ မျက်ရည်တွေကျလာရင်းမှ…။

"ဘုရားရှင်ရဲ့ ကျေးဇူးတော်ကြောင့်ပါပဲလားကွယ်၊ ငွေလေး ခဏ ပြန်လာနားတာလား၊ မျက်နှာလဲနီနေလို့ ပါလား သမီးရယ်၊ ငိုထားလိုက်တာကွယ်၊ ကလေးရဲ့ ကိုကို သက်သာပြီဆို"

ဟု ကြင်နာနွေးထွေးစွာ ဒေါ်ကြီးပြောမိုက် ငွေလေးသို့ ၍ ဝမ်းနည်းရှိုက်ငိုမြင့်လာရကာ ဒေါ်ကြီး၏ ရင်ခွင်ထဲခေါင်းလေးတိုး ဝင်ကာ စိတ်လွတ်ကိုယ်လွတ် ငိုချလိုက်မိရပါ၏။ လောလော ဆယ်မှာတော့ ဤရင်ခွင်သည် ငွေလေး ခိုဝင်ငိုရှိုက်ခွင့်ရနေသော ရင်ခွင်ပါတည့်။ ဒါပေမဲ့ နောက်ကျလျှင်ဖြင့် ငွေလေး သွေးမလှနေ နေခဲ့သည့်ကိစ္စကို ဒက်ဒီကပဲဖြစ်ဖြစ်၊ လေးလေးသိန်းကပဲဖြစ်ဖြစ် ဒေါ်ကြီးကို စိတ်နာနာဖြင့် ဖွင့်ပြောပြလိုက်သည်နှင့် ထိုသို့ ငွေ လေး ငိုရှိုက်ခွင့်ရနေသည့် အခွင့်အရေးသည်လည်း ပျောက်ဆုံး သွားရချေမည်သာ။

"နား…ခဏနားပါငွေလေးရယ်၊ ဒေါ်ကြီး ကော်ဖီ ဖျော်တိုက်မယ်၊ သမီးတို့လဲ သောက်၊ မုန့်လဲစား၊ ပြီးရင် ဒေါ်ကြီးကို ဆေးရုံတစ်ချက်လောက်ပို့ပေးကြပါလား ကလေးတို့ရယ်၊ အပြန်မှာ တစ်လက်စတည်း ဝင်ပို့ပေး ကြပါလား၊ ဒေါ်ကြီးလဲ ခန့်လေးအတွက် စိတ်ပူရလွန်း



လို့ပါ၊ မြင်မှပဲ စိတ်အေးတော့မယ် နုနုနွယ်နဲ့ ရီဦးရယ်၊ ဒေါ်ကြီးဖြင့် ဒီသတင်း အစ်ကိုကြီးဆီက ဖုန်းနဲ့လှမ်းပြော တဲ့အခါကတည်းက ကြားလဲကြား၊ ရင်ထဲမှာ အထိတ် ကြီး ထိတ်လိုက်ရတာကွယ်၊ အစ်ကိုကြီးက ကိုသိန်းကို ငွေလေးကိုပါ ဝင်ခေါ်လာခဲ့လို့ မှာတာ"

ဟု ဒေါ်ကြီးပြောနေတော့ ငွေလေး ခေါင်းလေးငုံ့ချ၍ ငြိမ်နေပါ၏။ မျက်ရည်ကတော့ ကျနေဆဲ။ ကိုကိုနှင့်ပတ်သက်လာ လျှင် ငွေလေး မျက်ရည် ဘယ်သောအခါတွင်မှ ခမ်းနိုင်ချေမည် မဟုတ်ဆိုတာ ငွေလေး ဘာသာ ပို၍ နားလည်လာနေမိရပါ၏။

ငွေလေးကို ငယ်ကတည်းက ချော့မြှူခဲ့၊ အလိုလိုက်ခဲ့၊ ငိုကြွေးချေလျှင် မျက်ရည်စလေးတွေကို ဖျောင်းဖျချော့မော့ရင်း သုတ်ပေးခဲ့ပါသည့် ဒေါ်ကြီးသည်လည်း ဆေးရုံမှပြန်ရောက်လာ ချေလျှင် ငွေလေးကို စိမ်းသည့်အကြည့်၊ နာကြည်းသည့်အကြည့် များဖြင့် ကြည့်လာချေမည်။ သြော်…ကြည့်လာချေလိမ့်မည်။ သြော်…ကြည့်လာချေလိမ့်မည်။

"ငါ အရာရာကို ဆုံးရှုံးရပါပေါ့လား၊ ဒက်ဒီ့မေတ္တာ ဒေါ်ကြီးနဲ့ လေးလေးသိန်းရဲ့ မေတ္တာ၊ ကိုကိုရဲ့မေတ္တာတွေ အားလုံးကို ဆုံးရှုံးရပါပေါ့လား"

ဟု တမြေ့မြေ့ကျေနေသည့် ရင်ဖြင့် ငွေလေးအသိကြီး ဝင်နေရသည်ကိုက ရင်ကိုလောင်မြိုက်နေစေသည်။ တုန်လှုပ် ချောက်ချားနေစေသည်။

ငွေလေး ဘယ်တုန်းကမှ အိပ်မက်ထဲမှာပင် မမက်မိခဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖူးသည့်အဖြစ်များသည် လက်တွေ့မှာ လာဖြစ်နေ၏။ ငွေလေးမှာ တိုတောင်းသည့် ကာလကိုလေးတစ်ခုအဖြစ်သာ နေဖို့ ကျန်နေသည့် နောက်ဆုံးအချိန်။ ထိုကာလ လက်ကျန်လေးမှာ ငွေလေးသည် နာကြည်းခြင်းများ၊ အထင်သေးခြင်းများ၊ အထီးကျန်ခြင်းများကြားမှာ နစ်မြုပ်နေလျက် ဖြတ်သန်းလွန်မြောက်ရချေမည့်တဲ့လား။

"သြော်…ဒီကလေးနှယ် ငိုလိုက်တာကွယ်၊ ကဲ…
တိတ်…တိတ် ဒေါ်ကြီး ဖျော်ပေးတဲ့ကော်ဖီနဲ့ ဒီကိတ်မုန့်ကိုစား၊ ကလေးတို့လဲစား၊ ဒေါ်ကြီး ဆေးရုံကိုယူသွားဖို့ စားစရာတွေဘာတွေ ထည့်ပြုလိုက်ဦးမယ်၊ သမီးလေးတို့က ဒေါ်ကြီးကိုလိုက်ပို့ပေး အပြန်ကျတော့ ကိုသိန်းပို့ပေးမှာပါ၊ အင်း…မသေကောင်း မပျောက်ကောင်းကွယ်၊ ဒါကြောင့် ဒေါ်ကြီး မနေ့ကတည်းက မျက်ခုံးတွေလှုပ်လိုက်တာ အလွန်ပါပဲ"

ဟု တညည်းညည်းညူညူဖြင့်ပြောလည်းပြော၊ ငွေလေးကိုလည်း မျက်ရည်တွေ သုတ်ပေးကာ တုတ်ဖိုင့်ဖိုင့်ကိုယ်လုံးကစ်ကစ်ကြီးနှင့်မလိုက်အောင်ပဲ သွက်လက်စွာပဲ စားသောက်စရာတွေ ချိုင့်ဖြင့်ထည့်၊ လက်သုတ်ပဝါအစ၊ ပန်းကန်အဆုံး။ ရေပုလင်းတွေ ဘာတွေရော၊ ကော်ဖီမစ်ထုပ်ကြီးနှင့် ကော်ဖီခွက်တွေ နို့ဆီပုလင်းတွေပါ စုံစေ့အောင် ထည့်နေပါ၏။

နန်နန္ဒယ်နှင့် ရီဦးတို့မှာ ကော်ဖီသောက်နေရင်းမှ ငွေလေးကို အကဲခတ်သလို ကြည့်ကြည့်နေကြပေမယ့် ဘာမျှတော့မပြောကြ။ ငွေလေးကို ဘာပြောရမှန်းလည်း မသိကြတော့သလို စိတ်



ညစ်နေကြသည်မှာလည်း သိသာနေသည့်အဖြစ်။ ငိုတော့လည်း ခုထိငိုနေဆဲ။ ဘဝတစ်ခုလုံး အားကိုးရာပျောက်ဆုံးသွားသလိုကြီး ငိုနေသည့်ငွေလေး…။

ဒေါ်ကြီး အားလုံးထည့်သိုပြီးစီးတော့ ကားရှိရာသို့ ခြင်းတွေကို နန်နန္ဒယ်နှင့် ရီဦးတို့ သယ်ကြပါ၏။ ဒေါ်ကြီးကလည်း တစ်ခြင်းသယ်သည်။ ငွေလေး သယ်မည်ပြုတော့ ဒေါ်ကြီးမှ လက်ကာ၍…။

"နေ…နေ…ဒေါ်ကြီးတစ်ခေါက်ပြန်သယ်မယ်၊
ငွေလေး ဆွဲနိုင်မှာမဟုတ်ဘူး၊ အဲဒီမှာ ရေပုလင်းကိုတသုံးပုလင်းပါတယ်"

ဟု တားနေသည်မို့ ငွေလေး ဒေါ်ကြီးနောက်မှ ကပ်လိုက်လာရပါ၏။

"ကြားကတည်းကိုက ဒေါ်ကြီး ပြေးလိုက်သွားချင်တာ၊ ဒါပေမဲ့ ဗစ်တိုးရီးယားမှာ အိမ်စောင့်ရှိနေဖို့လိုတယ်မဟုတ်လား၊ လူတစ်ယောက်တော့ရှိနေရမယ်လေ၊ အိမ်ကို တစ်ခုခုလုပ်မှာရင် ဒါမှ ဖြစ်မှာမဟုတ်လား၊ ခု ငွေလေးရောက်လာလို့ ဒေါ်ကြီး လိုက်သွားခွင့်ရတာ၊ စားစရာသောက်စရာတွေတော့ စိတ်ပူတက်ပူနဲ့ လိုမယ်ထင်တာတွေအားလုံး ချက်ပြုတ်ထားလိုက်တာပါပဲ၊ လူမမာအတွက်တောင် ကြက်စွပ်ပြုတ်လေးလုပ်ထားတယ်၊ ခန့်လေးသောက်လို့ရပြီမဟုတ်လား"

သောက်၍ဖြစ်မှာမဟုတ်တာကို နန်နန္ဒယ် မပြောရက်တာ

www.burmeseclassic.com

www.burmeseclassic.com



မို့ ခေါက်ကြီးကို ဘာမှုပြန်မဖြေတော့။ ငွေလေးကတော့ မျက်နှာငယ်လေးဖြင့် ပေါ်တီကိုအောက်မှာ ကျန်ရစ်ခဲ့လျက် ခေါက်ကြီးပါသွားသော ကားကို ငေးကျန်ခဲ့ရပါ၏။

တစ်ယောက်တည်း ယောက်ယက်ခတ်စွာ ငွေလေး ဗစ်တိုးရီးယားမှာ နေနေရသည်ကိုက ပိုဆိုးသည်။ နောက်မှ သတိရလာလျက် အရဲကိုး၍ ဒက်ဒီ့ဆယ်လူလာဖုန်းကို လှမ်းဆက်မိပြန်ပါ၏။

"ဟယ်လို"

"ငွေလေးပါ ဒက်ဒီ၊ ခေါက်ကြီးနဲ့ လေးလေးသိန်းတို့ ပြန်လာရင် တစ်ခေါက်လောက်တော့ လေးလေးသိန်းနဲ့ ဆေးရုံကို လိုက်ပို့ခိုင်းပေးပါ ဒက်ဒီ၊ ငွေလေး လာပါရစေ"

တကယ်က ငွေလေး ကားလည်းမောင်းရဲပါသည်။ ကားမောင်းနေရင်း မူး၍ တစ်ခုခုဖြစ်သွားလည်း ငွေလေး ရင်ဆိုင်ရမည့် သေခြင်းတရားကို စောစီးစွာ ရင်ဆိုင်လက်ခံပေးလိုက်ရတာပဲ ရှိမည်။ စော၍သေခြင်းနှင့် နောက်ကျ၍သေခြင်းပဲ ခြားနားသည့်အဖြစ်တစ်ခုတွင်းမှာ ကံကြမ္မာတစ်ခုတွင်းမှာ ရှိနေသည့် လူတစ်ယောက်အတွက်ကတော့ ဘာမှု မထူးတာပါ။ ဒါပေမဲ့ ကိုက်ထံ ငွေလေး လာခွင့်ရဖို့အတွက် လေးလေးသိန်းကို ပို့ခိုင်းပါရစေ ဆိုသည့်သဘော။ ငွေလေးလာပါရစေဆိုသည့်သဘောကိုနွယ်သည့်စကားမျိုးကို သုံးရခြင်းပါ။

"မလိုဘူး၊ ဒက်ဒီရှိတယ် ငွေလေး၊ ခန့်လေးအ



တွက် အရာရာကို စွန့်လွှတ်ရဲ၊ ပေးဆပ်ရဲတဲ့ ဖခင်တစ်ယောက်အဖြစ် ဒက်ဒီ ရှိနေပါတယ်၊ ပြီးတော့ ခန့်လေးဟာ ဒက်ဒီ့သားပါ၊ သားအတွက် သူ့အဖေအရင်းထက် ပိုပြီး သူ့အတွက် အရေးကြီးတဲ့သူဆိုတာ ရှိမလာနိုင်ဘူးလေ၊ ဘာလို့လဲဆိုတော့ သူ့အဖေတစ်ယောက်တည်းသာ သူ့ကို အချစ်ဆုံးဖြစ်နေလို့ပါပဲ၊ သူ့အတွက် အပူပန်ဆုံးသူ ဖြစ်နေလို့ပါပဲ၊ ငွေလေး အိမ်မှာပဲ နားနေပါ၊ သား ဆေးရုံက မဆင်းမချင်းလဲ မလာပါနဲ့၊ အိမ်မှာပဲ နေပါ၊ ဒက်ဒီလဲ ဆေးရုံမှာပဲ ရှိနေမှာပါ၊ စက်ရုံက အလုပ်တွေအားလုံးကို ဒက်ဒီ ပစ်ထားမယ်၊ အဲဒါတွေ ဒက်ဒီ့အတွက် အရေးမကြီးပါဘူး၊ ခန့်လေးသာအရေးကြီးတာပါ"

ဟု တောက်လျှောက်ပြောချကာ ဖုန်းကို ဒက်ဒီ ပိတ်လိုက်တော့ ငွေလေး မျက်ရည်ပဲ သောသောဖြိုင်ဖြိုင် ကျလာရပါပြီ။

"ငါ့မှာ ဘယ်သူမှ မရှိတော့ပါလား"

ဟု နားလည်လာနေရရင်းမှ အားကိုးတကြီးဖြင့် ဖေဖေနှင့်မေမေ့ဓာတ်ပုံကြီးကို တမော့မော့ ကြည့်ကာ…။

"ငွေလေး…ဒီလို…ဒီလိုနဲ့ပဲ ဒီလိုအဖြစ်မျိုးနဲ့ပဲ ကျန်တဲ့ဘဝသက်တမ်းကို ဖြတ်သန်းရတော့မှာလား ဖေဖေရယ်"

ဟု ကလေးလိုပဲ မေးလိုက်မိရပါ၏။ မေမေ့မျက်နှာကို

www.burmeseclassic.com

www.burmeseclassic.com



ငေးကြည့်မိသည်။ မေမေ့အပြုံးကို ငေးကြည့်မိသည်။

ဖေဖေ့မျက်လုံးတွေက အသက်ဝင်နေသည်။ တောက်ပ နေသည်။ အပြုံးက တည်ကြည်ရင့်ကျက်ခြင်းသို့ နွယ်၏။ ငွေလေး တစ်ယောက်တည်း စိတ်တွေ ကစဉ့်ကလျားဖြစ်နေခိုက် ဒက်ဒီ အသံသွင်းထားရာ ကက်ဆက်ခွေလေးကို ကက်ဆက်ထဲထည့်၍ ဖွင့်နားထောင်မိရပါ၏။ ငွေလေးမျက်နှာမှာ ချွေးတွေနစ်နေသည်။ မျက်ရည်တွေလည်း စိုစွတ်စွန်းထင်နေကြသည်။

"မင်္ဂလာရှိတဲ့ မွေးနေ့အကြိုနေ့ပါပဲ သမီးလေး ငွေနဲ့သာ"

ဖေဖေ့အသံ။ ငွေလေး ဆယ့်ရှစ်နှစ်ပြည့်ရန် တစ်ရက် အလိုမှာ ကြားခဲ့ရပါသည့် ဖေဖေ့နှုတ်ဆက်စကားသံ။ ငွေလေး မျက်ရည်များ ကျနေရင်း နားထောင်နေမိရဆဲပါ။ ဖေဖေ့အသံတွေ က တည်ငြိမ်နေသည်ပါပဲ။ မတည်ငြိမ်နိုင်သည်က ငွေလေးပါ။ ခြော်…ကိုကို့ကို တွေ့လိုဇောဖြင့် အားငယ်စွာ အထီးကျန်စွာ ငိုနေမိရပါသည့် ငွေလေးပါတည်း။ ဖေဖေ့စကားသံတွေကို နား ထောင်နေရင်းမှ တစ်နေရာမှာ ငွေလေး တွေခနဲ နားထောင်နေမိ ရပါ၏။

"ဘယ်သူပဲဖြစ်ဖြစ် လူဆိုတာ သေခြင်းဆိုတဲ့အရာ ကို ရင်ဆိုင်ရတော့မယ်ဆိုရင် တခြားဆိုးဝါးတဲ့ အဖြစ် တွေကို ကြုံရတာထက်ပိုပြီး တုန်လှုပ်ကြရစမြဲပဲ၊ စီးပွား ပျက်တယ်ပဲထား၊ စီးပွားပြန်ဖြစ်အောင် ကြိုးစားယူလို့ ရတယ်၊ အေး…သေခြင်းတရားဆိုတာကို မလွဲမသွေ



ရင်ဆိုင်ရတဲ့အခါ ခန္ဓာပျက်စီးရမယ့်ကိစ္စမှာ ပြန်ပြီး အသက်ပြန်တည်မြဲရပ်တည်အောင် သေခြင်းကနေ ရှင် ခြင်းပြန်ဖြစ်အောင် ဘယ်သူမှ လုပ်ယူလို့မရဘူး၊ အဲဒီ အချိန်ဟာ တုန်လှုပ်ဖို့ အကောင်းဆုံးအချိန်ပဲ သမီး၊ အဲဒီအဖြစ်ကို ဖေဖေ တည်ငြိမ်အောင် ရင်ဆိုင်နိုင်ခဲ့တယ်၊ ဖေဖေ့သမီးဟာ ဖေဖေ့သွေးဆိုရင် သတ္တိရှိရမယ်၊ တည် ငြိမ်ရမယ်၊ ဘဝကို ရင်ဆိုင်ရဲသူဖြစ်ရမယ်၊ ဒါ သမီး လေးရဲ့ ဆယ့်ရှစ်နှစ်မြောက်မွေးနေ့ရက်၊ အကြိုမွေးနေ့ ရက်မှာ ဖေဖေ ပေးတဲ့ မွေးနေ့လက်ဆောင်ပဲ သမီး"

ဖေဖေ့အသံက တည်ငြိမ်နေသည်။ ငွေလေး ကက်ဆက် ကို ငေးစိုက်ကြည့်နေမိရဆဲ။ မျက်နှာထက်မှာ တင်နေသည့် ချွေး တွေကို လက်ဖမိုးလေးဖြင့် ပွတ်သုတ်နေမိသည်ကိုက ကယောင် ကတမ်းဆန်နေသည်။ တည်ငြိမ်ရမယ်။ တည်ငြိမ်ရမယ်တဲ့လား ဖေဖေ။ ငွေလေး အဲသလောက် မတည်ငြိမ်နိုင်သေးတာ အမှန်ပဲ ဖေဖေ။ မရင့်ကျက်နိုင်တာလဲ အမှန်ပါပဲ။ ငွေလေး ဒက်ဒီနဲ့ ကိုကို့ကို မခွဲနိုင်ဘူး ဖေဖေ။ သူတို့နဲ့ တူတူနေချင်နေပါသေးတယ်။ အကြင်နာတွေကို တမ်းတမ်းမွတ်မွတ် ခံယူချင်ပါသေးတယ်။ ဘာ လို့ ဒီလောက်ကြီး စောပြီး ကိုကိုတို့နဲ့ ငွေလေး ခွဲခွာသွားရဖို့ အတွက် ကံကြမ္မာက ဖန်တီးထားရတာတဲ့လဲ ဖေဖေရယ်။ ပြီး တော့… ပြီးတော့…ဘာလို့ ခုလို ကိုကို့ကို သွေးမလှူနိုင်ရတဲ့ ရောဂါမျိုးဖြစ်ရ၊ ကိုကို့ကို သွေးမလှူတဲ့အတွက် အမုန်းတွေအား လုံးကို တုန်လှုပ်တဲ့ရင်နဲ့ ခံယူနေရတဲ့ ဘဝကို ငွေလေး ငွေလေး

www.burmeseclassic.com

www.burmeseclassic.com



လက်ခံလိုက်ရတာတဲ့လဲ ဖေဖေ။ ကံကြမ္မာဆိုတာ ငွေလေး သိနေပေမယ့် ဒီထိ ရက်စက်တဲ့ ကံကြမ္မာကို ငွေလေး စိတ်နာတယ် ဖေဖေ။ ငွေလေး တွေးနေရင်းမှ မျက်ရည်ကို သုတ်နေမိသည်။ မျက်ရည်သုတ်နေရင်းမှလည်း ထပ်၍ထပ်၍ မျက်ရည်တွေက တားဆီးမရအောင် ကျကျလာနေသည့်အဖြစ်။ ဖျတ်ခနဲ သတိရလိုက်မိသည်က မမမို။

ကိုကို အက်ဆီးဒင့်ဖြစ်တာ မမမို မသိနိုင်။ မမမိုက ရတနာဆေးရုံမှာ ရှိနေသည်လေ။ ကိုကို့သူငယ်ချင်း ကိုလှိုင်ဘွားသတိမေ့နေသည့် ကိုကို့ကို အနီးဆုံး ဆေးရုံကြီးဖြစ်သည့် ကန်သာမွေးဆေးရုံကြီးဆီသို့ ခေါ်တင်ခဲ့ခြင်း။ မမမို ပေးထားသော ဆဲလ်လူလာဖုန်းနံပါတ်ကို တုန်ရီနေသည့် လက်ချောင်းလေးဖြင့် နှိပ်ကာ ဖုန်းခေါ်လိုက်မိရပါ၏။

"ဟယ်လို…ဒေါက်တာမြင့်မိုပါ"

"မမမို ငွေလေးပါ"

ဟု ပြောကာ ငိုလည်းငို၊ တောက်လျှောက် အဖြစ်စုံကိုလည်း ပြောပြပြီးမှ…။

"အဲဒါ ဒက်ဒီတို့ ဘယ်လောက်ပဲ အထင်လွဲလွဲ၊ ငွေလေးမှာ ဘလတ်ကင်ဆာဖြစ်နေတဲ့ကိစ္စကိုတော့ မမမို ဒက်ဒီ့ကိုရော အားလုံးကိုရော မပြောပြပါနဲ့ မမမိုရယ်၊ ဒက်ဒီတို့ စိတ်ထိခိုက်တာကို ငွေလေး မကြည့်ပါရစေနဲ့၊ ငွေလေး တောင်းပန်ပါတယ်"

ဟု ငိုရှိုက်ပြောနေတော့ မမမိုဘက်မှ အသံတိတ်ကျသွား၏။ နောက်တော့မှ သက်ပြင်းရှိုက်ကာ…။

"အန်ကယ်လဲ မမမိုဆီကို ဖုန်းမဆက်လာသေးဘူး ငွေလေး၊ ကန်သာမွေးမှာ ခန့်လေး အတွက် စိတ်ပူနေရတာနဲ့ပဲ မမမိုဆီ ဖုန်းဆက်ဖို့ မေ့နေတာဖြစ်မယ်၊ ကန်သာမွေးမှာ မမအသိဆရာဝန်တွေ ဆရာကြီးတွေ ရှိပါတယ်၊ မမမိုလဲ ဟိုကိုလိုက်သွားပါမယ်၊ အင်း ဖြစ်ရလေ ငွေလေးရယ်၊ မမမို စိတ်မကောင်းလိုက်တာ၊ ဆေးသောက်ဖို့လဲ မမေ့နဲ့နော်"

ဟု လှမ်းမှာပါ၏။

"မမမို ငွေလေးပြောတာ မမေ့ပါနဲ့နော်၊ ဒက်ဒီ့ကို မပြောပြပါနဲ့၊ ခုလို…ခုလို ဒက်ဒီတို့ မုန်းသွားတာလဲ ကောင်းပါတယ်၊ ဒါမှ ငွေလေးမရှိတော့တဲ့အခါ ဒက်ဒီတို့ အရမ်းကြီး စိတ်မထိခိုက်ပဲဖြစ်နိုင်မှာ"

ဟု အသံတိမ်လေးဖြင့် မမမိုဘက်မှ ကတိမပျက်အောင် ကြိမ်ဖန်ပြောနေမိရသည်က ငွေလေးပါ။ မမမိုထံမှ စိတ်ချပါကလေးရယ်ဟူသော ကတိကိုရမှ ငွေလေး ဖုန်းချလိုက်မိရပါ၏။

ဒေါ်ကြီးဆေးရုံမှ ပြန်ရောက်လာတော့ လေးလေးသိန်းရော ဒေါ်ကြီးရော မျက်နှာပြောင်းလဲသွားကြပြီ။ အရမ်းကိုအေးစက်သောအကြည့်။ နာကြည်းကြည့်တွေနှင့် ငွေလေးကို စကားပင်ဟဟမပြောတော့ဘဲ ရှိသွားကြပါသည့်အဖြစ်။ ဒေါ်ကြီးဆို ခါတိုင်းလို…။

"ငွေလေးရေ…ထမင်းလေးတော့ဖြင့် စားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါဦး၊ ဒါမှ ဒေါ်ကြီးလက်ရာ ဘယ်လောက်ကောင်း
တယ်ဆိုတာ ပိုသိမှာ''

ဟုပြောတာမျိုးပင် မရှိ။ ကိုကို့အတွက် အရမ်းကို စိတ်ပူနေသည့် ငွေလေးကို ထမင်းစားဝင်အောင် ပြောပေးသူပင် မရှိတော့။

''ကိုကို သက်သာလားဟင် သတိရပြီလားဟင်''

မီးဖိုဆောင်ထဲ ခြင်းတွေဆွဲဝင်သွားပါသည့် ဒေါ်ကြီးနှင့် လေးလေးသိန်းနောက်သို့ တကောက်ကောက်လိုက်လာမိရင်း ငွေလေး မျက်နှာငယ်ဖြင့် မေးနေပေမယ့် လှည့်ကြည့်ဖော်ပင် မရကြ။ နောက် လေးလေးသိန်း မီးဖိုဆောင်ထဲမှ အေးစက်သော မျက်နှာထားဖြင့်ပဲ ပြန်ထွက်သွားသည်။

ညှိုးဖျော့သော မျက်နှာလေးဖြင့် ငွေလေး ကုလားထိုင်တွင် ထိုင်လိုက်ရပါ၏။ ခြေထောက်တွေမှာ အားပင်မရှိချင်တော့။ ဘာမှလည်း ငွေလေး မစားဖြစ်သေး။ ရင်ထဲမှာ ဟာနေသည်။ စားချင်သောက်ချင်စိတ်လည်း မရှိ။ အစာမရှိတော့ ရင်ထဲမှာ တလှပ်လှပ်ပို့ဖြစ်ချင်လာ၏။ ဒေါ်ကြီးကို ငွေလေး လိုက်လိုက်ကြည့်နေမိသည်။ ဒေါ်ကြီး ခြင်းတွေထဲက ချိုင့်ကိုထုတ်သည်။ ပန္နည်းပန္စယတွေ ထုတ်သည်။ ဆေးကြောသည်။ ဘာမျှ ငွေလေးကို မပြော။ ပန်းကန်ခွက်ယောက်လေးတွေကို ရေစစ်စင်မှာ သွားတင်သည်။ ဒေါ်ကြီးသွားလာနေသမျှကို ငွေလေး မျက်နှာငယ်လေးဖြင့် လိုက်လိုက်ကြည့်နေမိရာမှ...။

''ကိုကို သတိရပြီလား ဒေါ်ကြီး...ဟင်...''



ဟု ငိုသံကို မထိန်းနိုင်ဘဲ မေးမှ တစ်ချက် ဒေါ်ကြီးကြည့်လာသည်။ အေးစက်သော အကြည့်သည် စိမ်းစိမ်းကားကားနိုင်နေ၏။

''အေး ဒေါ်ကြီးပြန်လာခါနီးမှာ သတိရတယ်၊
သတိရရချင်း ဒက်ဒီနဲ့ငွေလေးဆိုတာကိုပဲ တဖွဖွမေး
နေတယ်''

ဟု ပြောသံက စိတ်နာသံအပြည့်။ စတီးလ်ချိုင့်ကို ရေစစ်စင်မှာမှောက်၍တင်ကာ...။

''အစ်ကိုကြီးကမှာလိုက်တယ်၊ ငွေလေး ဆေးရုံကို
မလာပါနဲ့တဲ့၊ အဲသလောက်ပြောတာဆိုရင် နားလည်
မှာပါတဲ့ မှာလိုက်တယ်''

ဟုပြောတော့ ငွေလေး ခေါင်းလေးငုံ့ချသည်။ ဒေါ်ကြီးမှ ထမင်းအိုးကိုဖွင့်၏။ တစ်ချက်လှမ်း၍ ငွေလေးကို ကြည့်သည်။

''ထမင်းမစားဘူးလား၊ စားလိုက်ရောပေါ့ ငွေလေး၊
ခူးပေးရမလား''

တာဝန်အရ မေးခြင်းဆိုတာကို ငွေလေး သိနေသည်။ စိတ်မပါချင်မှန်းလည်း သိနေသည်။ လောလောဆယ်မှာ ငွေလေးကို စကားပြောနေရတာကိုပင် စိတ်မပါဘဲ ဖြစ်နေတာလည်း ငွေလေး သိနေသည်။ မေတ္တာတုံးနေမှန်း ငွေလေး သိနေသည်မို့...။

''ငွေလေး ဆာမှခူးစားပါ့မယ် ဒေါ်ကြီး၊ ငွေလေး
ခဏနားလိုက်ဦးမယ်''

www.burmeseclassic.com

www.burmeseclassic.com



ဟုပဲ တိုးဖွဖွပြောကာ အခန်းတွင်းမှ ထွက်၏။ ခါတိုင်းလို ငွေလေး မစားချင်ပါဟု ဂျီကျလျှင်သော်မှ ဖွတ်ချော့မော့ကျွေးတတ်ပါသည့် ဒေါ်ကြီးထံမှ…။

"ဘာမစားချင်ဘူးလဲ၊ စား…ဒီလောက်အရသာ
ရှိရှိချက်ထားတာကိုမှ အားမနာ၊ မရဘူး…စား"

ဟု ဖွတ်ကျွေးသံပေါ်မလာ။ ခေါ်သံလည်း ပေါ်မလာ။ ငွေလေး ဝမ်းနည်းအားငယ်ရလွန်း၍ မျက်စိတွေပင် ပြာချင်လာသည်။ ကိုကိုသတိရရချင်း ငွေလေးကို မေးနေ၊ ခေါ်နေသည်တဲ့လားလေ။ ငွေလေးလည်း လာချင်ပါတယ်ကိုကိုရဲ့ဟု ကလေးလိုပဲ အော်ပစ်ချင်လာသည်။

ငွေလေး ဆေးလည်းမသောက်မိ။ ဘာအစာမှလည်း မစားဖြစ်။ ရင်ထဲမှာ ဟာလာလျှင် ရေအေးအေးတစ်ဖန်ခွက်ကို ကျိုက်ကျိုက်ချ၍ သောက်ပစ်နေမိသည်။

နောက်နေ့မနက်တွေမှာလည်း ငွေလေးကို စကားဟဟ ပြောသူမရှိ။ ဒေါ်ကြီးမှ အသင့်ဖျော်ကာ အဖုံးလေးဖြင့် အုပ်ထားပေးသော အေးစက်ချင်စပြုသည့် ကော်ဖီတစ်ခွက်ကိုတော့ တစ်ယောက်တည်း ငွေလေးသောက်ပါ၏။ ဒေါ်ကြီးလုပ်ကျွေးတာကိုပင် မစားဘဲ နေနေသည်ဟု ငွေလေးအပေါ် ဒေါ်ကြီး တစ်မျိုးမြင်မှာကို စိုး၍ပါ။ တစ်နေ့လုံး ငွေလေး ထိုသို့ပဲ နေဖြစ်သည်ပါပဲ။ ဒေါ်ကြီးကလည်း ဆေးရုံသို့ ထမင်းပို့ သွားသည်။ လေးလေးသိန်း လိုက်ပို့သည်မို့ အိမ်မှာ ငွေလေးတစ်ယောက်တည်း။ ကြာတော့ အိမ်နံ့ရံများကို ငေးကြည့်ရင်း ကြည့်ရင်းဖြစ် အသံတိတ်



နေသည့် သက်မဲ့အဖော်များအဖြစ်သာ အိမ်ခေါ်နံရံများက ငွေလေးအတွက် ရှိနေသည်ပဲဟု နားလည်ရပါသည့်အဖြစ်။

ဒေါ်ကြီးကို ငွေလေး ဘာမျှလည်း ဆက်မမေးဖြစ်တော့။ ဘာဆိုဘာမျှမမေးတော့။ မေးမိသည်က မမိုက်ထဲသို့ပါ။ ဖုန်းဖြင့်ဆက်၍ ကိုကို ဘယ်လိုနေသလဲဆိုတာကို အငမ်းမရ မေးမေးနေမိရသည်ကို ဇစ်တိုးရီးယားမှ မည်သူမျှ မသိနိုင်ကြသည့်အဖြစ်။

တစ်နေ့တစ်နေ့နှင့် ရက်တွေပြောင်းလာပေမယ့် အခြေအနေသည် မပြောင်းလဲ။ ဆေးရုံသို့လာခွင့် ဒက်ဒီမပြုခဲ့။ ခုနစ်ရက်မြောက်သည့်နေ့မှာ ငွေလေး အရဲကိုး၍ ဒေါ်ကြီးကို မေးကြည့်မိသည်လေ။ ဆေးရုံသို့ ငွေလေး လိုက်ချင်ပါသည်ဟု။ ဒက်ဒီခွင့်မပြုသည့်အဖြေကိုသာ ရခဲ့သည်မို့ ငွေလေး ဝီဖြစ်စွာ နားလည်လိုက်မိရသည်က ငွေလေးကို ဇစ်တိုးရီးယားသည် လုံးဝ မပတ်သက်ချင်တော့ပြီပဲ ဟုပါ။

ထိုညက ငွေလေး ဒက်ဒီ့ထံ ဖုန်းဆက်မိရပါ၏။ ရင်ထဲမှာ အဘယ်မျှထိ ငွေလေး ထိထိခိုက်ခိုက်ကြီး ခံစားနေရသည်ဆိုတာ အလဲလဲ အပြိုပြိုဖြစ်နေသည့်ရင်၊ မွမွကြေနေသည့်ရင်ကသာ သိရပါချေသည်ကောလေ။

"ဟယ်လို"

ဒက်ဒီ့ထူးသံ။ ငွေလေးမျက်စိကို စုံမှိတ်ချမိသည်။ ဒက်ဒီ ပိတ်ချမ်းသာရပါစေမည်။ ငွေလေးသည် ဘယ်သောအခါ တွင်မှ ဒက်ဒီ့ရှေ့တွင် မရှိနေစေရ။ လုပ်ရက်လေခြင်းဆိုသည့် ကြေကွဲ ကျင်ခြင်းမှနွယ်သော နာကြည်းခြင်းဝေဒနာသည် ဒက်ဒီ့ရင်မှာ

www.burmeseclassic.com

www.burmeseclassic.com



ငွေလေးနှင့်ပတ်သက်၍ အမြစ်ခိုင်တည်မြဲခဲ့သည့်နောက် ငွေလေး ကို မြင်နေရစေခြင်းကိုက ဒက်ဒီ့ရင်ကို ပင်ပန်းနေစေမည့်အပြ မဟုတ်ပါလားလေ။

"ဟယ်လို . . ."

ဒက်ဒီ နောက်တစ်ကြိမ် ထပ်ထူးလာတော့ ငွေလေး မျက်ရည်ကို ကျိတ်၍သုတ်သည်။ တယ်လီဖုန်းလေးကို တင်း အောင် ဆုပ်ကိုင်ထားမိရင်းမှ . . .။

"ငွေလေးပါ ဒက်ဒီ၊ ငွေ . . ငွေလေး . . . မနက်ဖြန် မနက်ကျရင် မြပန်းဝေကိုပြောင်းနေချင်လို့ပါ၊ အဲဒီ . . အဲဒီ အိမ်ဟာ ငွေလေးရဲ့ဖေဖေ့အိမ်မို့ ငွေ . . ငွေလေး ပြောင်း နေပါရစေ ဒက်ဒီ၊ နောက် . . နောက် . . ငွေလေး ဗစ်တိုး ရီးယားကို လာလည်ပါ့မယ်ဒက်ဒီ၊ ငွေလေး မြပန်းဝေကို ပြောင်းနေပါရစေ"

ဟု ပြောနေခိုက် ရှိုက်သံကတော့ တစ်ချက်တစ်ချက် ပါချင်နေသည်ပါပဲ။ ဒက်ဒီ့ဘက်မှ အသံငြိမ်နေသည်။

"ငွေလေး မနေချင်ဘူး ဒက်ဒီ၊ ဒီမှာမနေချင်ဘူး၊ ဟိုမှာပဲ ငွေလေးပြောင်းနေချင်ပါတယ်"

ဟု နှုတ်မှိတ်ပြောချတော့ ဒက်ဒီ့ထံမှ . . .။

"ကောင်းပြီ၊ ပြောင်းနေချင်တယ်၊ ပြောင်းမှဖြစ်မယ် ဆိုရင် ငွေလေးသဘောပါပဲ၊ ကိုသိန်းနဲ့ ကားမောင်းပို့ ခိုင်း၊ ဟိုမှာနေရင် အဖော်လိုမယ် ဒက်ဒီ စီစဉ်ပေးမယ်၊ ခြံစောင့်ရော၊ ထမင်းချက်ရော၊ ဒက်ဒီ စီစဉ်ပေးမယ်၊



ဖုန်းနဲ့စက်ရုံကို လှမ်းဆက်လိုက်မယ်၊ အဲဒီက အလုပ်သ မားလင်မယားနှစ်ယောက်ရောက်လာလိမ့်မယ်၊ အေးလေ . . ငွေလေးလဲ မြပန်းဝေဆိုတဲ့ အိမ်ရှိနေတယ်ဆိုတာ သိထားပြီပဲလေ၊ အဲဒီမှာ နေချင်မှာပေါ့၊ နေပါ၊ ဒက်ဒီ လာကြည့်မယ်၊ ခန့်လေးဆေးရုံကဆင်းပြီးတဲ့အခါမှာဆို ပါတော့၊ လိုအပ်တာရှိရင် ဒက်ဒီ့ကို ဖုန်းဆက်ပါ"

ဟုပြောသံတွင်တော့ ဖေဖေ့အပေါ်မှာ တာဝန်ကျေသည့် သူငယ်ချင်းတစ်ယောက်အဖြစ် ဒက်ဒီ ဆက်လက်ရှိနေသည့်သ ဘောကို နွယ်၏။ အိမ်မှာ ချက်ပြုတ်သူရှိဖို့၊ ခြံစောင့်ရှိဖို့ကအစ ဒက်ဒီ စီစဉ်ပေးမည်တဲ့လေ။ ဒါပေမဲ့ . . .။ ဪ . . ဒါပေမဲ့ . . .။

"သမီးငွေလေး မသွားရဘူး"

ဟု ဘာကြောင့်မတားရပါသလဲ ဒက်ဒီရယ်။ ငွေလေးကို အရမ်းစိတ်နာနေ၍ဆိုတာ ငွေလေး သိပါသည်။ အရိပ်တကြည့် ကြည့်ဖြင့် ပိုးမွေးသလို မွေးလာခဲ့သည့် ငွေလေး။ သမီးဟု နှုတ် ဖျားမချအဲ ချစ်ခဲ့ရပါသည့် ကလေးက ကိုယ့်သားကို သွေးလေး သော်မျှမလျှာအဲ သေကောင်ပေါင်းလဲကြီးမှာ ကြည့်နေရက်သည် ဲဟု မချိသောရင်ဖြင့် နာကျင်သည့်ဝေဒနာကို ခံစားနာကြည်း ရသည်မဟုတ်ပါလား။ ဒက်ဒီ မလွန်ပါ။ ဒက်ဒီ မမှားပါ။ ခုလို ငွေလေးအတွက် ပြောင်းရွှေ့နေထိုင်မည့်ကိစ္စမှာ အလုပ်သမား ကအစ စီစဉ်ပေးသည်ကပင် တာဝန်ကျေလွန်းနေသည့်အဖြစ်မ ဟုတ်ပါလားလေ။

"ကျေးဇူးတင်ပါတယ် ဒက်ဒီ၊ ကိုကို ဘယ်တော့

www.burmeseclassic.com



ဆင်းရမှာလဲဟင်''

ဟုမေးတော့ ဖြေသံမပေါ်လာတော့။ ဖုန်းပိတ်သွားလိုက်ပြီးဖြစ်နေပြီ။ ငွေလေး ပြတင်းအနီးမှာ တစ်ယောက်တည်းသွား ရပ်နေမိသည်။ ဆံနွယ်တွေက လေအနော့မှာ တဝဲဝဲဖြင့် နှ ပြင်မှာထိ၏။ လှမ်းလင့်မြင်ရာ စံကားပင်ကို ခပ်ငေးငေးငွေလေ ကြည့်မိသည်။ ကိုကိုသိခဲ့ပါသော ပန်းသရဖူလေးများ၊ ပန်းလည် ဆွဲလေးများ၊ ငွေလေး အမြဲတမ်းတနေရပါမည့် နေ့ရက်လေးများ တို့သည် ငွေလေး၏ နှလုံးအိမ်တွင်းမှ သယ်ဆောင်ယူ၍ မြယ် စေသို့တိုင်အောင် သယ်ယူသွားလိုက်ပါတော့မည် ကိုကိုရယ်...။ သြော်...သယ်ယူသွားလိုက်ပါတော့မည် ကိုကို...။ မွှေးမြမြ စံကား၏ ရနံ့က လေနှင့်အတူ ငွေလေးထံသို့ လွှမ်းဆွတ်ကြေ စွာ တိုးဝင်၏။

ဗစ်တိုးရီးယားပေါ်တီကိုကြီးအောက်မှာ ကားရပ်လိုက် နှင့် သူ အလောတကြီး ရှာမိသည်က ငွေလေးပါ။ ဒယ်ဒီက သက်ပြင်းရှိုက်ကာ ကားတွင်းမှ ခြေလှမ်းလေးလေးဖြင့် ဆင် လျှောက်၏။ သူ့ဘေးမှ ကပ်လျှောက်လာမိလျက်...။

''ငွေလေးရော ငွေလေးရော ဒက်ဒီ၊ ဒက်ဒီတို့ တစ်ခုခုကို ဖုံးကွယ်ထားနေတယ်လို့ သားထင်တယ်၊ ဆေးရုံမှာတုန်းကလဲ လေးလေးသိန်းနဲ့ ဒေါ်ကြီးတို့ကို



မေးတိုင်းလဲ နေမကောင်းဘူးလို့ချည်း ဖြေကြတာချည်း ပဲ၊ ဒါပေမဲ့ ဒေါ်ကြီးရော လေးလေးသိန်းရော ငွေလေးနဲ့ ပတ်သက်ရင် မပြောချင်သလိုလိုချည်းလုပ်လုပ်နေကြ တာ၊ အဲဒါကို ခန့်လေး ရင်ထဲမှာ မကောင်းဘာ''

သူ တောက်လျှောက် ဒက်ဒီကိုမေးလာတော့လည်း ဒက်ဒီ ဘာမျှမဖြေ။ ညှို့ခန်းရှိ ဆိုဖာထက်မှာ ဒက်ဒီထိုင်သည်။ လေး လေးသိန်းကတော့ ကားနောက်ခန်းတွင်းမှ ခြင်းတွေ၊ မုလင်းတွေ၊ သားရေအိတ်နှင့် အိပ်ရာခင်းနှင့် စောင်တချို့ကို ဒေါ်ကြီးနှင့်တူတူ သယ်ယူ၍ နောက်ဆက်သို့ သယ်သွားကြသည်။ ကြည့်ရတာ အဝတ်အထည်တွေအားလုံးကိုတော့ ဒေါ်ကြီး လျှော်မှာ သေချာ သလောက်ရှိနေသည်။ သူ ဆေးရုံမှာ ရက်နှစ်ဆယ်ကြာသည်။ ဆေးရုံ၌ရှိနေစဉ်တစ်လျှောက်လုံးမှာလည်း သူ သတိရလာသည် နှင့် ငွေလေးကိုချည်း မေးမေးနေမိခဲ့ရသည်မှာ အမှန်။ သူ့ကိုအလွန် ချစ်သော၊ သံယောဇဉ်ကြီးသော ငွေလေး သူ့ထံသို့တစ်ခေါက် သော်မျှ ရောက်မလာသည်မို့ ငွေလေးအတွက် သူ အရမ်း စိတ်ပူ သည်။ အကြီးအကျယ်များ နေမကောင်းဖြစ်နေချေသည်လားဟု သူ စိတ်ပူရသည်မို့ တဖွဖွမေးတော့မှ...။

''ငွေလေး ဖျားနေတယ်သား၊ သူလာနိုင်မှာမဟုတ် ဘူး၊ သူ့ကို ဒေါက်တာ မြင့်မို ဂရုတစိုက် ကုသကြည့် ပေးနေပါတယ်၊ သက်သာလာပါပြီ၊ ဒါပေမဲ့ နားနေရ မယ်ဆိုလို့ မလာဖြစ်တာ၊ အိမ်ရောက်တော့ ငွေ့ရှမှာပေါ့ သားရယ်၊ ကိုယ့်ကိုယ်သာ နေကောင်းအောင်နေပါ''

www.burmeseclassic.com

www.burmeseclassic.com



ဟု ဒက်ဒီ ဖြေခဲ့သည်ချည်း။ လေးလေးသိန်းနှင့် ဒေါ်ကြီးကိုမေးတော့လည်း ထိုသို့ပဲ ဖြေကြသည်။ ဒါပေမဲ့ ဒေါ်ကြီး၏မျက်ဝန်းတွေထဲမှာ ဝိုးရှိသိသာထင်ရှားနေသည်က မလိုလားရိပ်။ ငွေလေးအကြောင်းမေးလိုက်တိုင်း မလိုလားရိပ်ထင်းနေသည့် မျက်ဝန်းများဖြင့် ခပ်ဝေးဝေးဆီသို့ တမင်ကြည့်ကာ…။

"သံယောဇဉ်ကြီးလှချေလား ခန့်လေးရယ်၊ ငွေလေးအတွက် ဒီလောက်ကြီးပူမနေပါနဲ့၊ ခန့်လေးသာ နေကောင်းအောင် နေစမ်းပါ၊ ငွေလေး ဖျားနေလို့ မလာတာပါ၊ ဒေါက်တာမိုမိုလာပါတယ်၊ စိတ်မပူပါနဲ့"

ဟု ခပ်ညည်းညည်းပြောတတ်သည်။ လေးလေးသိန်းကတော့ မျက်နှာကို ခပ်လွှဲလွှဲပြုကာ…။

"သူ့အိမ်မှာကွာ သူ့အိမ်မှာ၊ ဒါပဲမေးနေတာပဲ"

ဟု ပြန်ဖြေတတ်သည်ချည်း။ မမမိုလုပ်ကိုင်သည့် ရတနာဆေးရုံမှာ သူတက်ခြင်းမဟုတ်ဘဲ ကန်သာမွှေးဆေးရုံမှာ သူတက်နေရပေမယ့် မမမိုကတော့ တစ်နေ့တစ်ကြိမ် သူ့ထံ အလည်သဘောလည်းသက်ရောက်၊ လူမမာမေးရာလည်းရောက်၊ သူ့ကိုလာကြည့်ရာလည်းရောက်သည့်သဘောမျိုးဖြင့် ရောက်ရောက်လာတတ်သည်မို့ ငွေလေးကို မေးတော့…။

"နေမကောင်းလို့ပါကွယ်၊ အန်ကယ်ပြောတာ မှန်ပါတယ်၊ ငွေလေး နေမကောင်းလို့ မလာဖြစ်တာပါ၊ သူ့ခမျာ သိပ်ကိုလာချင်ရှာတာပါ"

ဟု မျက်နှာလေးထက်မှာ အားယူပြီးကိုထင်စေလျက်



ဖြေတတ်ခဲ့ပါ၏။

ခု သူ ဆေးရုံကဆင်းတော့လည်း မမမိုနောက်က ကားဖြင့် တကူတကလိုက်လာပါ၏။ သူ ဆေးရုံကဆင်းမည့်ရက်အတွက် မမမိုသည် တကူးတကပင် ရတနာဆေးရုံမှ ခွင့်တင်ကာ လိုက်လာခဲ့ခြင်းပါတဲ့။ သူ့ကို မမမို စောစောက ကန်သာမွှေးမှာ ပြောခဲ့သေးသည်လေ။

ခု သူ ခုံညီခန်းကျယ်ကြီးမှာထိုင်လျက် ငွေလေးကိုပဲ လိုက်ကြည့်နေမိသည်။ ငွေလေး ထွက်မလာ။ သူ စိတ်ပူလာသည်။ ငွေလေး အတော်ကြီးကို နေဆိုးနေပုံရသည်။

"ဒက်ဒီကလဲ ငွေလေး ဒီလောက်နေမကောင်းဖြစ်နေရင် ဒက်ဒီ ဗစ်ကိုးရီးယားမှာ နေနေရောပေါ့၊ သားဆီမှာချည်းပဲ နေနေတာကိုး"

ဟု သူ တစ်ချက်ညည်းကာ ထရပ်သည်။ သူ ငွေလေးအခန်းသို့သွားမည်။ ငွေလေးကို သူမြင်မှ စိတ်အေးနိုင်မည့်အဖြစ်။ ငွေလေးများ အရမ်းကို ပိန်ချုံးကျနေရှာပြီလားမသိ။ ပင်ကိုကတည်းကိုက ကိုယ်ဟန်က နွဲ့လျားလျားလေး။ သူ စိတ်ပူခြင်းမကပူလာပြီ။ ငွေလေး အတော်ကြီးနေဆိုးတာကို သာမန်လောက်ပဲနေမကောင်းဖြစ်ဟန်ဖြင့် ဒက်ဒီရော၊ လေးလေးသိန်းရော၊ ဒေါ်ကြီးရော ဟန်ဆောင်ခဲ့ကြတာဖြစ်နိုင်သည်။ သူ အရမ်းစိတ်ပူမှာကို သိနေကြချေမည်ကိုးလေ။ သူ မျက်နှာမကောင်းတော့။ အရာကို ပူပန်မှုကဲနေသည့် မျက်နှာရိပ်ဖြင့် အလောတကြီး လှေကားဆီသို့ လျှောက်မှာ…။

www.burmeseclassic.com



"ငွေလေးအခန်းကိုသွားမလို့လား သား၊ ငွေလေး ဗစ်တိုးရီးယားမှာ မရှိတော့ဘူး၊ သားဆေးရုံတက်ပြီး တစ်ပတ်မှာ မြပန်းဝေကို သူ့ဆန္ဒနဲ့ ပြောင်းရွှေ့နေနေတယ်၊ ဒက်ဒီ အဲဒီမြပန်းဝေမှာ ငွေလေးအတွက် အဖော်အဖြစ် ဒက်ဒီ့အထည်စက်ရုံက ဝန်ထမ်းလင်မယားဖြစ်တဲ့ ကိုဘိုးမျှင်နဲ့ မမြနွဲ့ကို မြပန်းဝေမှာ သွားနေကြဖို့ လွှတ်ခဲ့ပြီးပြီ၊ ဆေးရုံကနေပြီးတော့ပဲ ဒက်ဒီ ဖုန်းနဲ့ စက်ရုံကို ဆက်၊ အားလုံးစီစဉ်ပေးခဲ့တာ"

ဟုဒက်ဒီ သူ့ဘေးမှာ လာရပ်ကာ ပြောတော့ သူ မယုံနိုင်သလို ဒက်ဒီ့ကို ပြန်ငေးကြည့်နေမိသည်။ ဘာတွေဖြစ်ကုန်ပြီလဲ ဟု နားလည်းမလည်နိုင်။ သူ ဆေးရုံမှာ ရှိနေစဉ် ငွေလေးက မြပန်းဝေသို့ ပြောင်းနေသည်တဲ့။ သူ့ထံကျတော့ မလာ။ ဒက်ဒီက ဆေးရုံမှာတုန်းကတော့ ငွေလေး ဖျားနေသည်ဟု ပြောခဲ့သည်။ ဒါက ဗစ်တိုးရီးယားမှာ ငွေလေးမရှိတော့ခြင်းကို သူမသိအောင် ပြောခြင်း။ ဒါကိုတော့ သူနားလည်လာသည်။ ဒါပေမဲ့ ငွေလေးသည် ဘာကြောင့် မြပန်းဝေသို့ ပြောင်းသွားရပါသတဲ့လဲ။ ပြီးတော့ ထိုသို့ပြောင်းသွားသည့်အချိန်ကလည်း သူ ဆေးရုံမှာ ရှိနေချိန်။ တကယ်က ငွေလေးသည် သူ့အပါးမှာ ရှိနေရမည့်မဟုတ်ပါလား။ ခုကျတော့ သူ ဘယ်တုန်းကမှ မထင်ထားမိ မထင်ရက်မိနိုင်သည့်အဖြစ်ကို လက်ခံပေးရသည့်အဖြစ်။ ငွေလေးသည် သူ့ထံမှာ ရှိမနေသည့်အပြင် ဗစ်တိုးရီးယားမှပါ ထွက်ခွာသွားသည်တဲ့။



သူ ခေါင်းခါသည်။ အပေါ်ထပ်ဆီသို့ မတက်ဖြစ်။ ငွေလေး၏အခန်းရှိရာဘက်ကို မော့၍ တစ်ချက် ကြေကြေကွဲကွဲကြီး ကြည့်နေမိသည်။ နောက်တော့လည်း အားအင်ကုန်ခမ်းနေသည့်နှယ် ဆိုဖာထက်မှာ ပြန့်ထိုင်လိုက်မိကာ ခေါင်းထပ်ရမ်းမိပြန်၏။

"တစ်ခုခုတော့ ဗစ်တိုးရီးယားမှာ ဆိုးဆိုးဝါးဝါးကြီး ဖြစ်ခဲ့ပြီဆိုတာ သား သိပါပြီ ဒက်ဒီ၊ ငွေလေး ဘာကြောင့် ဗစ်တိုးရီးယားက ထွက်သွားရတာလဲ၊ ဘယ်သူက ငွေလေးကို ဒီမှာမနေနိုင်အောင် လုပ်လိုက်တာလဲ၊ သားသိတယ် ဒက်ဒီ၊ ငွေလေးဟာ ဗစ်တိုးရီးယားကို တွယ်တာတဲ့သူ၊ ဒက်ဒီနဲ့သားကို အရွှန်ချစ်တဲ့သူ၊ ရိုသေတဲ့သူ၊ ဒေါ်ကြီးနဲ့လေးလေးသိန်းကိုလဲ ငွေလေး ချစ်တာပဲ၊ သူတွယ်တာတဲ့ နေရာ၊ သူချစ်တဲ့သူတွေ ရှိတဲ့နေရာကို ချန်ထားခဲ့တယ်ဆိုတာ အကြောင်းမဲ့မဖြစ်နိုင်ဘူး ဒက်ဒီ၊ အကြောင်းရှိရမယ်၊ ဘယ်သူက ဘယ်သူက ငွေလေးကို မောင်းထုတ်လိုက်သလဲ ဒက်ဒီ၊ အို... ငွေလေးကိုလဲ အားလုံးက ချစ်နေတာပဲ၊ ဒါကိုလဲ သားသိနေတာပဲလေ၊ ဘာလို့ မောင်းထုတ်ကြရမှာတဲ့လဲ၊ ဒါ... ဒါပေမဲ့ သား တစ်ခုသတိထားမိတာရှိနေတယ် ဒက်ဒီ၊ သားဆေးရုံမှာ ဒက်ဒီနဲ့ဒေါ်ကြီးတို့ လေးလေးသိန်းတို့ကို ငွေလေးနဲ့ပတ်သက်ပြီး မေးတိုင်း ဟက်ဟက်ပက်ပက်မရှိကြတာ၊ စိမ်းချင်နေကြတာ၊ မပြောချင်နေကြတာ

www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ သားသိနေတယ်၊ အဲဒါ ဘာဖြစ်လို့လဲ ဒက်ဒီ၊ ဟင်…ငွေလေး ဘာလို့ ဒီက ထွက်သွားရတာတဲ့လဲ”

သူတောက်လျှောက်မေးလည်းမေး၊ မျက်နှာကြီးပျက်ကျ လျက် ဆိုဖာကျောမှီထက်မှာ ကျောပြင်ကို အားကုန်ကြီးပြတ်မှီချ လိုက်မိသည်။ သူ့ရင်ထဲမှာ ဟာနေသည်။ ဗစ်တိုးရီးယားတွင် ငွေလေး မရှိတော့ခြင်းသည် သူ့ရင်ကို ချောက်သွေ့ခြင်းအတိပြီး သော အရပ်မှာ နေနေရသည့် ဝေဒနာများ ဆောင်ကြဉ်းခံစားနေ စေသည့်အဖြစ်။ သူ…သူ…ငွေလေးမရှိဘဲ မနေနိုင်ပါလားဟု တိတိပပ ပိုရှ် နားလည်လာရလေ အဖြစ်မှန်ကို ပိုသိချင်လာရလေ ပါ။ ခက်သည်က ဗစ်တိုးရီးယားမှ လူအားလုံးသည် ငွေလေးကို ချစ်ကြသူတွေချည်းပဲ ဖြစ်နေသည်။ ငွေလေးနှင့် ပဋိပက္ခဖြစ်ရန် မလိုမလားဖြစ်ရန် အကြောင်းမရှိသည့်သူတွေချည်းဖြစ်နေသည်။ ဒါပေမဲ့ လောလောဆယ်မှာ ထိုသူတို့သည် ငွေလေးမရှိတော့ခြင်း အတွက် ထိခိုက်ခံစားဟန် မပြကြတာကိုလည်း ထူးဆန်း အံ့ဩ လွန်းစိတ်ဖြင့် သူ သိနေ၊ မြင်နေရပြန်ပါ၏။

ထိုအခိုက် မမမို မောင်းသည့်ကားက ပေါ်တီကိုအောက် မှာ ရပ်လာသည်။ မမမို ဧည့်ခန်းသို့ရောက်လာကာ ဆိုဖာထက် တွင် ထိုင်နိုက် ခေါ်ကြီးမှ အအေးဖန်ခွက်နှင့် သစ်သီးကိတ်တို့ကို ယူလာကာ အားလုံးရှေ့မှာ ချပေးသည်။ သူ စားချင်စိတ်မရှိ။ ငွေလေးမရှိတော့ပါလားဆိုသည့် အသိက ရင်တစ်ခုလုံးကို ဖြတ် ပေးလိုက်ရသည့်နှယ် ရင်ထဲမှာ အဟာကြီးဟာနေရ၊ ဆောက်တည် ရာမဲ့ဖြစ်ချင်နေရနင်ပါ။ သ မြပန်းဝေသိ လိုက်သွားမည်။ ဘာ



ကြောင့် ငွေလေး ထိုသို့ ထွက်ခွာသွားတာကို မရရအောင် မေး ရမည်။

“အန်ကယ်နဲ့ ကိုခန့်ကို ငွေလေးနဲ့ ပတ်သက်ပြီး မိုပြောပြစရာရှိပါတယ်၊ ဒီဧည့်ခန်းမှာတော့ မပြောပြချင်ပါဘူး၊ စာကြည့်ခန်းမှာပဲဖြစ်ဖြစ် ပြောပြပါရစေ၊ ကဲ… ကိုခန့်…အအေးတော့သောက်လိုက်ဦး”

ဟု မမမိုပြောပါ၏။ သူ့ကို အအေးသောက်ခိုင်းသည်ကို က သူ့ဝမ်းထဲမှာ အစာရှိနေစေချင်၍ဆိုတာ သူ ရိပ်မိနေသည်။ ကမန်းကတန်း အအေးခွက်ကို မော့သောက်၊ ကိတ်မုန့်ကို ကောက် ယူစားဖြစ်၏။ မြန်မြန်မဲစားသည်။ ဒက်ဒီတစ်ချက်အကဲခတ်သလို မမမိုကိုကြည့်ကာ အအေးခွက်ကို တိတ်ဆိတ်စွာပဲ ယူသောက်၏။ မမမိုလည်း မျက်နှာမကောင်း။ မမမိုကိုယ်တိုင်ကလည်း ဘာကို မှ ယူမစား။ မျက်နှာ အတော်ကြီးကိုပျက်နေသည်။ တစ်ခုခုပြောဖို့ အတွက် မမမိုသည် ခုလို ဗစ်တိုးရီးယားသို့ သူ ဆေးရုံမှ ပြန် ဆင်းလာမည့်နေ့မှာ တမင်လိုက်လာခြင်းဆိုတာကို ရိပ်မိလာရပါ သည့်အဖြစ်။ စာကြည့်ခန်းဆီသို့ ဒက်ဒီပဲ ဦးဆောင်ခေါ်ခဲ့သည်။ အောက်ထပ်မှာလည်း စာကြည့်ခန်းတစ်ခုရှိသည်လေ။

စာကြည့်ခန်းသို့ ရောက်တော့ ဒက်ဒီနှင့် သူ ထိုင်နေ သည့် ဆိုဖာရှည်ကြီး၏ မျက်နှာချင်းဆိုင်နေရာမှာ မမမိုထိုင်သည်။

“မိုဟာ အန်ကယ်တို့ရဲ့ မိသားစု ဆရာဝန်တစ် ယောက်ပေမို့ ပြောသင့်တာကို ပြောမှာလဲ ဖြစ်တော့မှာ မို ပြောပြပါတော့မယ်၊ တကယ်က ငွေလေး အရှင်းကို

www.burmeseclassic.com

အသနားခံလွှန်း၊ တောင်းပန်လွှန်းလို့မို့ ဒီကိစ္စကို အရင်က မပြောပြဖြစ်တာပါ၊ ကာယကံရှင်ရဲ့ ဆန္ဒနဲ့ မေတ္တာကို အသိအမှတ်ပြုရမှာမဟုတ်လား၊ ဒါပေမဲ့ ခုတော့ မပြောလို့ကို မဖြစ်တော့တာမို့ ပြောရတော့မှာပါ၊ ဒီလို …မို…အန်ကယ်နဲ့ကိုခန့်ကို ဒီကိစ္စဖွင့်ပြောပြလိုက်တယ်ဆိုတာကို ငွေလေး မသိစေချင်ဘူး၊ ငွေလေးအရှမ်းကို စိတ်ထိခိုက်သွားလိမ့်မယ်၊ ငွေလေးက သူ့အတွက် အန်ကယ်နဲ့ ကိုခန့်တို့ ဆောက်တည်ရာမဲ့ ထိခိုက်ခံစားကြမှာကို စိုးရိမ်တယ်လေ"

ဟု မျက်ရည်ဝဲလာလျက် ပြောတော့ သူ ဘယ်လိုမှ မနေနိုင်တော့။ ခြေလှမ်းကြဲကြီးဖြင့် မမမိုထံ လျှောက်လာမိကာ မျက်နှာအပျက်ပျက်ဖြင့်…။

"ငွေ…ငွေလေး ဘာဖြစ်သလဲ၊ ဘာဖြစ်နေသလဲ"

ဟု အလောတကြီး မေးနေမိရပြီ။ ဒက်ဒီလည်း ဓာတ်ဆေး…ကလို အေးစက်စက်ပုံမျိုး ဖြစ်မနေတော့။ မျက်နှာထက်တွင် စိုးရိမ်သောကရိပ်များ ဖုံးအုပ်စပြုလာပြီ။

"ငွေလေး ဘာ…ဘာဖြစ်နေလို့လဲ…ဒေါက်တာ"

ဒက်ဒီ့အသံက တိုးအက်အက်။

"တကယ်က မို…မပြောဘဲ တစ်လျှောက်လုံး နေနေရတာက ငွေလေးအရှမ်းကို တောင်းပန်လို့ဆိုတာကို ထပ်ပြောပါရစေ၊ ဒါပေမဲ့ ကိုခန့်ဆေးရုံရောက်တဲ့နောက်မှာ ဖြစ်လာတဲ့ ကံ့ရတဲ့ အဖြစ်တစ်ခုကြောင့် အန်ကယ်အရှမ်းကို ငွေလေးအပေါ်မှာ စိတ်နာသွားတယ်ဆိုတာကိုလဲ မိုသိပါတယ်၊ ဒါပေမဲ့ အဲဒီအချိန်မှာ ငွေလေးရဲ့ရောဂါအမှန်ကို မို ဖွင့်ပြောပြရှင်းပြလိုက်ပြီး ငွေလေးအပေါ်မှာ အထင်မလွဲတော့အောင် ပြောပြရမှာကျတော့လဲ သားအတွက် အလွန်စိတ်သောကရောက်နေတဲ့ အန်ကယ့်ကို ပိုပြီး စိတ်သောက ဖိစီးစေမှာမို့ မပြောပြသေးဘဲ မျိုသိပ်ထားခဲ့ရတာပါ၊ ငွေလေးကို မို မြပန်းဝေမှာ နေ့တိုင်း သွားကြည့်နေခဲ့ပါတယ်၊ ငွေလေး အရှမ်းကို စိတ်ထိခိုက် အားလဲငယ်ပြီး နေဆိုးလာနေတော့တာ အမှန်ပါပဲ၊ မို ဘာတတ်နိုင်မှာလဲ အန်ကယ်၊ သူ့ရောဂါက စိတ်ထိခိုက်ရင် အစားအသောက် အအိပ်ပျက်ရင် ပိုဆိုးတယ်၊ ရောဂါဖိစီးမှုက နှုန်းထားပိုမြန် ပိုမြင့်လာတယ်၊ ဒါ…ဒါကြောင့် ငွေလေးရဲ့ အားငယ်မှုတွေ၊ အထီးကျန်ဝေဒနာတွေ တစ်ယောက်တည်းပါလားဆိုပြီး မျိုသိပ်ခံစားနေရတဲ့ ကြေကွဲမှုတွေကို မို မကြည့်ရက်ဘူး၊ သူ့ကို…သူ့ကို…အသက်သာဆုံးနဲ့ စိတ်ချမ်းချမ်းမြေ့မြေ့လေးနဲ့ ဘဝကို လွန်မြောက်စေချင်ပါတယ်"

ဟုပြောပြနေသည့်မမမိုကို သူ မယုံကြည်နိုင်သလို ငေးငေးကြီး ကြည့်နေမိသည်။ ရင်ထဲမှာ ဘယ်တုန်းကမှ မမျှော်လင့်ထားမိပါသည့်အဖြစ်။ ငွေလေးသည် ဘဝကို လွန်မြောက်ရတော့မည်တဲ့လား။ လိမ္မာပါးနပ်စွာ အသက်သာဆုံးသောကာလတို ရွှေ

www.burmeseclassic.com



ချယ်၍ မမမိုပြောသွားခဲ့ခြင်း။ ဒါပေမဲ့ သူ့ရင်ကို မွှမွှကြွနေပြီး ဘဝတစ်ခုလုံး ပျောက်ဆုံး ပျက်သုဉ်းရသည့်နှယ် ခံစားနေရသည် အဖြစ်။ ဟင့်အင်း...။ ထိုအဖြစ်ကို အဖြစ်မခံနိုင်။ ငွေလေးသည် သူ့ဘဝတွင်းမှ ထွက်ခွာမသွားစေရ။ သူချစ်သော ငွေလေး၏ ချန်ထားရစ်ခဲ့မှုကို သူ...သူ...ကျန်ရစ်ခဲ့ရသူတစ်ယောက်အဖြစ် မရှိစေရ။ ငွေလေး၏ရောဂါသည် မည်သည့်ရောဂါပဲဖြစ်ဖြစ် ရ အောင်ကုသမည်။ ဤသည်က သူ၏ဇော၊ ချစ်သည့်ဇောဖြင့် စိတ်လိုက်မာန်ပါကြီး တွေးမိခြင်း၊ သူ ဆတ်ခနဲ ခေါင်းကိုမော့၍ မမမိုကိုကြည့်တော့ သူ ပြောမည့်စကားကို ကြိုသိနေပုံဖြင့် မမမို မျက်ရည်ဝဲစွာ ခေါင်းခါပြသည်။ သူ့ရင်ထဲမှာ အမှောင် တိုက်ဖုံး၏။ မျက်စိတွေပြာလာသည်။ မိုက်ခနဲဖြစ်ချင်၏။

"ခန့်လေးကို ငွေလေး သွေးမလှူတဲ့အကြောင်း ရင်းဟာ ငွေလေးရဲ့ရောဂါကြောင့်ပါပဲ အန်ကယ်၊ သူဟာ ခန့်လေးကို အတော်ကြီး ခင်တွယ် သံယောဇဉ်လဲ ကြီး ရှာတာပါ၊ ရုတ်ခနဲဆိုတော့ ခန့်လေးကို သွေးလှူဖို့ သူ မြန်မြန်ဆုံးဖြတ်လိုက်မိရှာတယ်၊ ခန့်လေးကို သူ ကယ် ချင်တာကိုး၊ ချစ်တဲ့ဇောဟာ သူ့ရောဂါဆိုးကြီးကို ရုတ်ခနဲ မေ့သွားစေတယ်၊ နောက်တော့မှ သတိရလာတာမို့ သူ သွေးမလှူတော့တာပါ အန်ကယ်၊ အဲဒါကို အန်ကယ် စိတ်နာခဲ့တယ်ဆိုတာကို ငွေလေး မို့ကို အဲဒီ ည ဗစ်တိုး ရီးယားကနေပြီး ငိုရင်းပြောပြရှာတာပါ၊ ငွေလေးဟာ အလွန်သနားစရာကောင်းတဲ့ကလေးပါ၊ သူ့မှာ ..."



မမမို စကားကို မဆက်နိုင်ဘဲ တစ်ချက်တန့်ခနဲ ဖြစ်၏။ ဒက်ဒီလည်း ခေါင်းမမော့လာ။ မှားခဲ့ပြီဟု နောင်တရနေမှန်း မျက်ရည်ဝဲလျက် ခေါင်း ငိုက်စိုက်ကျနေသည့် ဒက်ဒီ့ကို မြင်ရုံဖြင့် ပြင့်ပင်း သိသာနေ၏။ သူ ခုမှသိလိုက်ရသည်က ငွေလေး သူ့ အတွက် သွေးမလှူဘဲ ငြင်းသည်ဆိုသည့်ကိစ္စပေါ့ပါ။ သူ့ကို အလွန်ချစ်သော ငွေလေးသည် ဘာကြောင့် သူ့အတွက် သွေးမလှူ ရပါသတဲ့လဲ။ ဒါကိုလည်း သူ အံ့သြသည်။ ထိုသို့ မလှူခြင်းမှာ လည်း ငွေလေး၏ ရောဂါကြောင့်တဲ့။ ဤအဖြစ်တွေအားလုံးကို သူ ခုမှသိရခြင်း၊ ငွေလေး သူ့ကို သွေးမလှူ၍ဆိုကာ ဒက်ဒီ ငွေလေးအပေါ် စိတ်နာသည့်ကိစ္စကိုလည်း သူ မသိခဲ့ရ။ ဆေးရုံ မှာ ဒက်ဒီ သူ့ကို ဘာတစ်ခွန်းသော်မျှ တစ်စွန်းတစ်စပြောပြတာ မျိုးဝင် မရှိခဲ့။

မမမိုကို သူကြည့်သည်။ သူ့လက်တွေက ထိန်းနေသည့် ကြားမှ တုန်ခါနေလျက် စားပွဲထက်မှာ ဖေးတင်နေ၏။ တုန့်လှုပ် ချောက်ချားရိပ်က ရင်ထဲမှာ မတန်တဆ ပြည့်လျှံမောက်ကြွနေပြီ။

"ငွေလေးမှာ သူ့မှာ သွေးကင်ဆာဖြစ်နေပါတယ် အန်ကယ်"

ဖွင့်ပြောချလိုက်သည့်မမမို့မှ မျက်ရည်ကျလာခိုက် ဟင် ခနဲ ဒက်ဒီ့နှုတ်မှ အသံပွင့်ကျလာကာ ကျောပြင်က ဆိုဖာကျော မှီထက်ဆီသို့ လန်ခနဲကျ၏။ ဒက်ဒီမျက်ရည်တွေ ဖြိုင်ကျလာ သည်။ သူ...သူကတော့ ထိုင်နေလျက်မှ ဘယ်လိုမှ ဟန်ချက်ဆောင် မရနိုင်စွာပဲ ပေါင်ပေါ်လက်တံတောင်ထောက်လိုက်ကာ လက်ဖဝါး

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်ဖြင့်မျက်နှာကို အုပ်မိုးထားမိလျက် မျက်ရည်တွေသောသော ဖြိုင်ဖြိုင် ကျလာရပါသည့်အဖြစ်။ လုံးဝလွှပ်၍မရ။ တစ်ကိုယ်လုံး အကြောတွေဆိုင်းကျကုန်သည်သို့ ခံစားရ၏။ ခေါင်းတစ်ခုလုံး ပေါက်ကွဲတော့မည့်အလား ကိုက်ခဲလာသည်။ နားထင်ဆီမှ သွေး ကြောတွေ ပေါက်ကုန်တော့မည့်အလား ခုံးထလာ၏။

"ဖြစ်ရလေ ငွေလေးရယ်၊ ဖြစ်ရလေ၊ ကိုကိုမယုံ ချင်ဘူး ကလေးရယ်၊ မယုံနိုင်ဘူး၊ အို…ကိုကို ဘယ်လို မှ ဖြေလို့မရနိုင်တော့ပါလားငွေလေးရယ်၊ ဒီအဖြစ်ကို …ဒီအဖြစ်ကို…ကိုကို ဘယ်လို ရင်ဆိုင်ရမလဲ၊ မင်းမရှိ တဲ့ဘဝတစ်ခုမှာ ကျန်ရစ်ခဲ့ရမယ့် လူတစ်ယောက်ရဲ့အဖြစ် ကို ကိုကို ဘယ်လိုရင်ဆိုင်နိုင်ပါ့မလဲ၊ ကိုကို…ကိုကို့ အဲဒီဘဝကို လက်မခံပါရစေနဲ့၊ မင်း…မင်း…ကိုကို့ကို ခွဲမသွားပါနဲ့ ကလေးရယ်၊ ကိုကို ရူးရလိမ့်မယ်၊ ကိုကို့ စိတ်ကူးထဲမှာတောင် အဲဒီအဖြစ်ကို ကိုကို မတွေးရဲ ဘူး၊ ခံနိုင်ရည်မရှိဘူး"

သူ ရင်ထဲမှ ထိထိခိုက်ခိုက်ကြီး တွေးနေမိသည်။ တစ်ကိုယ်လုံးမှာ ရှိသမျှအားတွေ နုတ်သိမ်းခံလိုက်ရသည်သို့ ချုံးချုံးကျပုံပုံကျဖြင့် ဆိုဖာထက်မှာ သူ ထိုင်နေသည်။ မျက်ရည် တွေကတော့ ဖြိုကျနေဆဲ။ ချစ်ရလွန်းသည့် နှလုံးအိမ်သည် တုန် လှုပ်နာကျင်စွာ ရှိုက်ငင်ငိုကြွေးနေသည်။ တစ်ပြိုင်တည်းမှာ ငိုကြွေး ခြင်းက နှစ်ခု။ သူ၏မျက်ဝန်း၊ သူ၏နှလုံးအိမ်၊ သူ၏မျက်ဝန်းဆီမှ မျက်ရည်များကျနေသည်။ သြော်…သူ၏နှလုံးအိမ်ဆီမှ သွေးမျှင်



ကို့ ကျနေပါချေလိမ့်မည်တည့်။

"ငွေလေးရယ် သမီးရဲ့၊ ဒက်ဒီအမှားကြီးမှားပါ ပေါ့လား…ဟင်၊ ကလေးကို ဒက်ဒီ စိတ်နာနာနဲ့ ခန့် လေးကို လာကြည့်ခွင့်တောင်မှ မပြုခဲ့မိပါလား၊ ငွေလေး ခံခဲ့ယယတောင်းပန်ပါရဲ့နဲ့၊ မျက်ရည်တွေကျရင်း ပြောရှာ ပါရက်နဲ့၊ ဒက်ဒီ လူကြီးမပီသခဲ့ပါလား၊ အဲဒီမျက်ရည် တွေကို ဒက်ဒီ သနားရမှန်းတောင် မသိလောက်အောင် သားရဲ့ဇောနဲ့ ငါ့သားကို သွေးမလှူဘဲ နေရက်တဲ့မိန်း ကလေးဆိုပြီး ဒက်ဒီ အဲဒီမျက်ရည်တွေကို သနားရ ကောင်းမှန်းမသိလောက်အောင် မှားခဲ့ပါပေါ့လား၊ ဒက်ဒီ တစ်သက်လုံး ယူကြုံးမရဖြစ်ရ၊ ဖြေဆည်ယူလို့မရတော့ ပါလား ငွေလေးရယ်၊ ကလေးကို ကလေးကို မြပန်း ဝေသွားဖို့အထိတောင်မှ ခွင့်ပြုမိခဲ့ပါပေါ့လား"

ဟု ဒက်ဒီ မျက်ရည်တွေကျရင်း ဘယ်လိုမှ ထိန်းချုပ် နိုင်စွမ်းမရှိစွာ ကြေကြေကွဲကွဲကြီး အသံအက်ကြီးနှင့် ပြောချပြီး တာနှင့် ရှိုက်ကြီးတငင် ငိုချလိုက်ရှာပါပြီ။

သူ မျက်စိကို စုံမှိတ်ထားဆဲ။ ဖြုန်းခနဲ သူ့ထရပ်တော့ မမမို သူ့ဘေးမှာ လာရပ်သည်။ သူ့လက်မောင်းကို ဆုပ်ကိုင် ထားကာ…

"ငွေလေးကိုသနားရင် တစ်ခုသတိထားရလိမ့်မယ် ကိုခန့်၊ ငွေလေးဟာ သူ့ရောဂါနဲ့ပတ်သက်ပြီး အန်တီယ် နဲ့ ခန့်လေးတို့ စိတ်ထိခိုက် ခံစားနေမယ့်မျက်နှာ ခံစား

www.burmeseclassic.com

www.burmeseclassic.com



နေရမယ့်ဝေဒနာတွေကို သူ မကြည့်ရက်လို့ပဲ၊ သူ ကြည့်ရမှာ ခံနိုင်ရည်မရှိလို့ဘဲ၊ အင်အားမရှိလို့ဘဲ၊ ဒါကြောင့် သူ့ကို သနားရင် အန်ကယ်ရော၊ ခန့်လေးရော ငွေလေးမှာ ဘလတ်ကင်ဆာဖြစ်နေတယ်ဆိုတာကို လုံးဝ မသိထားကြတဲ့သူတွေအဖြစ် ငွေလေးရှေ့မှာ ဟန်ဆောင်ထားကြဖို့လိုပါတယ်၊ သူ့ဆန္ဒကို လိုက်လျှောပေးကြပါ၊ ခုလို မို လာဖွင့်ပြောပြတာကို ငွေလေးသိရင် မို့ကို ဘယ်တော့မှ ခွင့်လွှတ်တော့မှာမဟုတ်ဘူး၊ ဒါပေမဲ့ ငွေလေးရဲ့ နောက်ဆုံးအချိန်ကို ဒီလောက်ကြီးထိ အထီးကျန် ကြေကွဲအားငယ်နေတဲ့ဘဝမျိုးနဲ့ မလွန်မြောက်စေချင်လို့ မပြောမဖြစ်တာမို့ မို ပြောပြရခြင်းပါ"

ဟု မမမိုပြောတော့ သူ ပြန်၍ အရုပ်ကြိုးပြတ်ထိုင်ချ

သည်။ မျက်ရည်တွေက ကျပြီးရင်းကျနေရင်းဖြင့် တန့်ဆည်၍မ

သူသွားရမည်။ ငွေလေးထံသို့ သွားရမည်။ မျက်ရည်

တွေကို သူ ထိန်းနိုင်ဖို့ ကြိုးစားနေရသည်ကိုက မနိုင်မနင်

ဖြစ်နေရဆဲ။ နှာဝဆီသို့ မွှေးမြသော ပန်းစံကားတို့၏ ရနံ့က

တိုးဝင်လာသည်။ ဩော်…ငယ်ဘဝကတည်းက စံကားပန်းတို့

သိရာ၊ စံကားပန်းတို့ကို သရဖူလေးဆောင်းပေးရာ၊ သံယော

တို့၏ နေရာလေးဆီမှ ပန်း၏ရနံ့…။

သူ ခြေလှမ်းကြီးကြီးဖြင့် အခန်းတွင်းမှ ထွက်ခဲ့

စံကားပင်ဆီသို့ လျှောက်လာမိခဲ့ရပါ၏။ ငွေလေးမရှိတော့ပြီ

သော ဗစ်တိုးရီးယား…။ ဩော်…ငွေလေး၏ ပုံရိပ်လေးတွေ



တော့ဖြင့် မြင်ယောင်နေစေဆဲ ဗစ်တိုးရီးယား…။

ငယ်ကတည်းက သူ့ရင်ခွင်မှာ ခိုဝင်ကာ စကားလေး မပီတပီဖြင့် သူ့ကို ချွဲနွဲ့ခဲ့ပါ သည့် ငွေလေး၏ ရယ်မောသံ ချိုလွင်လွင်လေးတွေ၊ လေပြည်နှင့် အတူ စီးမျောခဲ့ဖူးပါသည့် ဗစ်တိုးရီးယား…။

တစ်နေ့မှာ လွှမ်းမောဖွယ်၊ ကြေကွဲဖွယ်အတိဖြင့် ကျန်ရစ်ခဲ့ရပါမည့် ငွေလေး၏ ဘဝပုံရိပ်လေးတွေကို ဤနေရာ၊ ဤပန်းရိပ်တို့က ပြောကြချေလိမ့်မည်။ မိုးစက်တို့ စိုစွတ်နေသော ပန်းရိပ်၊ နှင်းစက်တို့ ခိုတည်ရာ ပန်းရိပ်။ ဩော်…နွေလေမှာ ဝေရင်းကြွေရပါသည့် ပန်းရိပ်တို့သည် အေးချမ်းခန့်နှင့် ငွေနံ့သာဆိုသည့် သူနှစ်ယောက်၏ ကြေကွဲဖွယ် မေတ္တာနုနုလေးများကို ဤနေရာ၊ ဤပန်းရိပ်တို့က ပြောပြကြပါချေလိမ့်မည်တကား။

စံကားပင်စည်တွင် သူ့လက်တို့ဖေးထောက်၏။ ခေါင်းက ပင်စည်ထက်မှာ ဖေးဖေးတင်တင်။ သူ ထိန်းချုပ်ထားနိုင်ခြင်း အလျဉ်းမရှိတော့ပါသည့် ငိုကြွေးခြင်းကို လွှတ်ချ၍ သည်းသည်းထန်မျှ ငိုချလိုက်မိရပါပြီ။ နဖူးက ပင်စည်ထက်မှာ ဖိဖိကျေကျေ၊ လူးလူးလဲလဲ၊ သူ့ခေါင်းသည် ဘယ်ညာနွဲ့နေ၏။ မျက်ရည်က ကျနေဆဲ။ သူ့ရှိုက်သံကို သူ ကြားနေရသည်။ နှလုံးအိမ်ဆီမှ ခုန်ပေါက်ကွဲအက်စွာ ပွင့်ကျလာပါသည့် ရှိုက်သံက ကွဲကွဲအက်အက်နိုင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖော်ဝါရီလ၏ နှင်းစက်တို့သည် နှင်းကြွင်းနှင်းမှုန်များ အဖြစ် ဝေနေဆဲ။ ညနေခင်းသည် နှင်းတို့ဝေခြင်းနှင့်အတူ မှောင်ရည်ရိပ်ဆမ်းနေ၏။ လသာဆောင်တွင် ရပ်ကာ ငွေလေး လှမ်းလင့်မြင်ရပါသော စံကားရိပ်ဆီသို့ အကြည့်တွေက ငေးငေးရီရီ ရှိ၏။ ဆံစတို့က လေအနှောဝယ် တဝေ့ဝေ့…။

ဒေါ်လေးနွဲ့စောစောက ငွေလေးအတွက်ထားရစ်ခဲ့ပါသော ကြက်သားပေါင်းနှင့် ထမင်းပွဲသည် ဘာမျှဟုတ်တိပတ်တိ မကုန်နိုင်ခဲ့တာမို့ စားပွဲထက်မှာ အေးစက်စွာပဲ ရှိနေပါ၏။ ငွေလေး ဘာကိုမျှစား၍မရ။ စားချင်သောက်ချင်စိတ်လည်းမရှိ။ ငွေလေးမှာ ဘယ်သူမှရှိတော့သည်မှမဟုတ်ချေပဲလေ။ ဖေဖေနှင့်မေမေ ကတော့ ငွေလေး ငယ်ကတည်းက ဟို မိုးကောင်းကင်ကြီးမှာ ရှိခဲ့ကြရပြီ။

နောက်…ငွေလေး၏ ဒက်ဒီနှင့်ကိုကိုတို့၏ နာကြည်းမှုများကြားမှာ မွန်းသိပ်နစ်မြုပ်ရင်း ငွေလေး လောလောဆယ်မှာ လောကကြီး၌ အထီးကျန်လွန်းစွာ ရှိနေရပါ၏။ ကိုကို ဤနေ့မှာ ဆေးရုံကဆင်းမည်တဲ့။ မနေ့က မမမို ငွေလေးဆီရောက်လာစဉ်က ပြောပြခဲ့ပါ၏။

ငွေလေး ကိုကို့ကို မျှော်မိသည်ကတော့ အမှန်ပါ။ ကိုကို များ ငွေလေးထံ ရောက်လာချေဦးမည်လားဟု မဝံ့မရဲလေး မျှော်



မိသည်ကလည်း ကိုကို့ကို လွမ်းဆွတ်ရလွန်း၍ပါ။ တွေ့ချင်လွန်း၍ပါ။ ကိုကိုနှင့်ငွေလေး ဘယ်တုန်းက ခွဲခဲ့ကြဖူးလို့လဲလေ။ ခုမှ ငွေလေးဆိုသည့် ငွေနံ့သာသည် ကိုကိုနှင့် ဘယ်သောအခါ တွင်မျှ ဆုံခွင့်မြင်ခွင့်မရတော့သည့် အထီးကျန်သူတစ်ယောက် ဖြစ် နေရချေသည့်အဖြစ်။ ဘယ်သူမှ ငွေလေးအပေါ်မှာ သံယော ဇဉ်ဆိုတာလည်း မရှိကြတော့။

ဤမျှအထိ တိတ်ဆိတ်ခြောက်သွေ့လွန်းနေသည့် ကာလ တစ်ခုကို လက်ကျန်နေရခွင့်နေ့ရက်များမှာ ငွေလေး ပိုင်ဆိုင်သွား ခဲ့ရချေလိမ့်မည်ဟု အိပ်မက်မှပင် မမျှော်လင့်ချင်ခဲ့။ မထင်မိပါခဲ့။

တစ်နေ့လုံး ကိုကို့ကို မျှော်နေမိခြင်းသည် ငွေလေး တိတ်ဆိတ်လွန်းစွာဖြင့် ရှုးသွပ်နေခြင်းသက်သက်မျှသာဖြစ်သည် ဆိုတာ တိတိပပ သိနားလည်လာရသည်က ညနေစောင်းလာချိန် တွင်ပါ။ ကိုကို လာမည်ဆိုလျှင် ခုချိန်မှာ လာပြီး ချိန်ပင်ဖြစ်နေ လောက်ပြီ။ ငွေလေး ရင်ထဲမှာ ဟာနေသည်။ မွန်းကြပ်လှောင်ပိတ် အောင် ပိတ်ပိတ်ဖုံးနေသည့် ကြေကွဲခြင်းတွေက ရင်နှင့်မဆန့် အောင် ရှိနေရပါ၏။

မမမိုသောက်ခိုင်းသည့် ဆေးတွေကိုလည်း သည်တိုင်း ပေစင်ထဲမှာ မှန်မှန်သွန်ချကာ ရေစက်ဖွင့်ချလက်စဖျောက်ပစ်သည် ချည်း။ လွှင့်မပစ်။ မမမို မတော်တဆ မြက်ခင်းထက်မှာပဲဖြစ်ဖြစ် ဆေးလုံးလေးတစ်လုံးတလေကိုသော်မျှ မြင်၍မဖြစ်။ ငွေလေး ဆေးဝါးတွေသောက်နေခြင်းဖြင့် ဘာအဓိပ္ပာယ်မျှ ရှိမလာနိုင်တော့ သည်ပဲလေ။ ခြောက်လလောက်တော့ ကိုကိုတို့နှင့် တစ်ဝကြီး

www.burmeseclassic.com



မဟုတ်သော်မှ နေခွင့်လေးတော့ ရချေမည်ဟု မျှော်လင့်ထားတာ တွေလည်း လေနှင့်အတူ ကြွေသွားခဲ့ချေပြီပဲလေ။

မနေ့မနက်က ငွေလေး နှာခေါင်းသွေးတွေ ထပ်ယိုတာကို မမမိုကိုလည်း ပြန်မပြောပြချင်တော့သည်မို့ မပြောပြဖြစ်ခဲ့။ ချုံးချုံးကျမှု စိတ်ဓာတ်အရာ ကျဆင်းနေပြီးသည့်ဘဝထဲမှာ ငွေလေးသည် တစ်နေ့တခြား ပါးလျားခြင်းမက ပါးလျားသေးသွယ်လှန်းသည့် ကိုယ်ခန္ဓာလေးကို ပိုင်ဆိုင်လာနေရသည်ကိုလည်း မှန်ထဲမှာ နေ့စဉ် မြင်မြင်နေရချေသည်လေ။ ညညတွေမှာ အသက်ရှူမဝဘဲ လန့်လန့်နိုးလာတတ်တာ၊ ချွေးစေးအေးအေးကြီးတွေ ပြန်လာလျက် တစ်ခါတစ်ခါ သတိလက်လွတ်ဖြစ်ချင်လာတတ်တာ၊ စိတ်ကို ပြန်ပြန်ထိန်းရင်း ရေအေးအေးကိုသောက်ချ၊ အိပ်ရာထက်မှာ အားအင်မဲ့စွာ ခွေလှဲရင်း တစ်ယောက်တည်း ဒက်ဒီနှင့် ကိုကို့အကြောင်းတွေကို တွေးနေမိရတာတွေကို ငွေလေး ဘယ်သူ့ကိုပြောပြရမည်တဲ့လဲ။ ငွေလေးမှာ စကားပြောဖော်ဆိုတာမှမရှိချေပဲလေ။

ဒေါ်လေးနွဲ့နှင့် ဘဘမျှင်တို့ကတော့ အားလုံး ဂရုတစိုက် မြပန်းဝေမှာ လုပ်ကိုင်ပေးနေကြသည်ပါပဲ။ ဘဘမျှင်က ခြံစောင့်၊ ပန်းဥယျာဉ်စိုက်၊ ပြုစု၊ ဒေါ်လေးနွဲ့က ချက်ပြုတ် သန့်ရှင်းရေးလုပ်၊ ငွေလေးကို စားသောက်ဖို့အတွက် အခန်းထဲထိလာပို့ပေးသည်ပါပဲ။ ငွေလေး အောက်ထပ်သို့ပင် သိပ်မဆင်းဖြစ်။ အပေါ်ထပ်မှာပဲနေသည်။ အခန်းရှေ့မှ လသာဆောင်လေးမှာ ကြိမ်ကုလားထိုင်ဝိုင်းကြီးချ၍ လသာညမှာ မိုးကောင်းကင်ကြီးကို တစ်ယောက်တည်း မော့ငေးကြည့်နေမိရတတ်ပါ၏။ ငွေလေး အစားအသောက်



အရမ်းနည်းတာကို ဒေါ်လေးနွဲ့မှ တဖျစ်တောက်တောက်ပြောကာ ချက်တာ စားမကောင်း၍လားဟုပင် စိတ်မကောင်းဖြစ်ရှာပါ၏။

ဒက်ဒီက စီမံပို့လွှတ်ပေးပါသည့် ဘဘမျှင်နှင့် ဒေါ်လေးနွဲ့ကို ငွေလေး ဘာတစ်ခုမျှ တာဝန်ပိုလည်းမပေးချင်ပါ။ ငွေလေးအပေါ် အရမ်းသံယောဇဉ်တွယ်သွားကြမှာကိုလည်း စိုးသည်။ ဘာကြောင့်ဆို ငွေလေးမရှိတော့လျှင် ကြေကွဲငိုကြွေးကြချေမည်လေ။ ငွေ့နံ့သာဆိုတာ လောကကြီးမှ ထွက်ခွာသွားချိန်တွင် အရာရာသည် တိတ်ဆိတ်စွာဖြင့်ပဲ ပြီးဆုံးသွားစေချင်သည်။ ဆုံးခန်းတိုင်သွားစေချင်သည်။ ဘယ်သူ့ကိုမှ ဝေဒနာမပေးခဲ့ချင်တော့။

ဒါပေမဲ့...ဪ...ဒါပေမဲ့...ငွေလေးသည် ရင်ထဲမှာ နေ၍ တိတ်တခိုးဖြင့် ကိုကို့ကို မျှော်နေမိချင်သည်။ ဤသည်က ကိုကို့ကို ချစ်လွန်းပါသည့် ငွေလေး၏ နှလုံးသားဆီမှ ဖြစ်တည်လာရပါသော မျှော်လင့်ခြင်းပါတည်း။

လသာဆောင်လက်ရမ်းလေးထက်မှာ ငွေလေး လက်ချောင်းလေးတွေကို ဖေးတင်ကာ ငြိမ်ငြိမ်သက်သက်လေး ရပ်နေသည်။ ခေါင်းလျှော်ထားသည်မို့ ဖားလျားဝေနေသည့် ဆံနွယ်မျှင်ရှည်နက်နက်လေးတွေက လေအနေ့မှာ တဝေ့ဝေ့ဖြင့် ဒူးကောက်ကွေးတိုင် အဖျားလေးကော့နေကာ ရှိနေပါ၏။

ငွေလေး၏မျက်ဝန်းလေးတွေ ဖျတ်ခနဲ ရွှန်းလဲ့လာသည်။ အို...မြပန်းဝေ၏ခြံတံခါးကို ဘဘမျှင် ဖွင့်လိုက်ပါချေသည်ကော။ ကိုကိုများလားဟု ငွေလေး မျှော်လင့်ချင်လာသည်။ နွန့်နွယ်တို့များလားဟုလည်း အားငယ်ချင်ပြန်၏။ ကိုကို

www.burmeseclassic.com

www.burmeseclassic.com



မလာတော့ပြီပဲဟု နားလည်ပေးနေရသည်ကိုက ရင်ထဲမှာ ကြေကွဲအားငယ်ခြင်းကို ခံစားနေစေတတ်သည်ပဲ။ ကွယ်လွန်ရချေမည့်သူတစ်ယောက်သည် ဆန္ဒဆိုတာကိုတော့ နိုင်နင်းအောင် ထိန်းချုပ်ထားနိုင်ခြင်းမရှိနိုင်သည်မှာ အမှန်။ ကိုကို့ကို ငွေလေး အရမ်းကိုတွေ့ချင်နေသည်က ငွေလေး၏ နှလုံးအိမ်နုနုဆီမှ မဝံ့မရဲဖြစ်တည်နေရပါသည့် ဆန္ဒ၊ မျှော်လင့်ချက်။ သြော်...ဒါပေမဲ့ ကိုကိုနှင့်ဒက်ဒီတို့ စိတ်နာနေကြပါစေတော့ဟု ဆုတောင်းနေမိပြန်သည်ကလည်း ငွေလေး မရှိတော့လျှင် ကိုကိုတို့ ကြေကွဲခြင်းဝေဒနာ သက်သာချေမည်ဟူသောဆေးဖြင့်ပါ။

နုနုနွယ်နှင့် ရီရီဦးတို့ကတော့ ရောက်ရောက်လာတတ်ကြသည်။ ကျောင်းပိတ်ရက်ဆို ရောက်လာလျက် ငွေလေးကျောင်းမတက်ဘဲနေနေတာကို အပြစ်တင်ကြ...။ တစ်နေကုန်ငွေလေးနှင့်အတူ မြပန်းဝေမှာ အဖော်လုပ်ကြနှင့်ပါ။ ကိုကို့အတွက် သွေးမလျှဘဲနေသည့်ငွေလေးအပေါ် နုနုနွယ်နှင့် ရီဦးတို့လည်း ရင်ထဲကတော့ သိပ်မနှစ်သက်ချင်ကြပေမယ့် ခုလို ငွေလေး တစ်နေ့တခြားပိန်ကျလာလျက် ဖြူဖျော့ကျလာနေအောင် စိတ်ထိခိုက်နေတာကိုမြင်နေရတော့လည်း တင်းမခံသာ။ လာ၍ အဖော်လုပ်ကြသည်ပါပဲလေ။ ငွေလေး နုနုနွယ်နှင့် ရီဦးကိုကျေးဇူးတင်ရပါသည်။

ကားလေး ခြံဝင်းတွင်းသို့ဝင်လာတော့ ငွေလေး၏အကြည့်လေးတွေက ကားကို သေသေချာချာ ဂရုတစိုက်ကြီး ကြည့်နေမိရပါ၏။ အို...အို...ကိုကို့ကားပါလား။

"ဟင်...ကိုကိုလာတယ်၊ ကိုကို ငွေလေးဆီလာ



တယ်၊ ဘုရား...ဘုရားရှင်ရဲ့ ကျေးဇူးပါပဲ၊ အို...ငွေလေး ပျော်လိုက်တာ ပျော်လိုက်တာ ကိုကိုရယ်"

ငွေလေး၏မျက်ဝန်းလေးတွေ ရွှန်းလဲ့လာသည်။ မျက်ရည်တွေကျလာသည်။ ကလေးတစ်ယောက်လိုပဲ ငွေလေး ရယ်သည်။ ရယ်ရင်းလည်း စိတ်လွတ်လက်လွတ်လေး မြူး၍လာမိသည်က အောက်ထပ်ဆီသို့ပါ။ ရင်ထဲမှာ ပျော်ရွှင်ခြင်းတွေက ချမ်းမြေကြည်နူးစွာ ပြည့်သိပ်မောက်လျှံနေပါသည့်အဖြစ်။ ငွေလေးကသောကမျောလေး လှေကားထစ်တွေကို နင်းဖြတ်ပြေးဆင်းလာနေချိန်မှာ...။

"ကိုကိုရေ...ကိုကို"

ဟု နှုတ်မှ ကလေးလိုပဲ အပျော်များဖြင့် ခေါ်နေမိရပါသည့်အဖြစ်။ ခေါ်၍ကိုမဝ။ အားမရနိုင်အောင်ပါ ကိုကိုရယ်။ ကိုကို ပေါ်တီကိုရှိ လှေကားထစ်များကို နင်းဖြတ်၍ တံခါးဝမှာ ရပ်လာသည်။ ငွေလေး ပြေးဆင်းလာနေတာကို မြင်သည်မို့ ပြေး၍ ကိုကို လှေကားထစ်တွေကို နင်းတက်လာပါ၏။ ကိုကို့ခြေလှမ်းတွေက ပိုမြန်သည်။ လှေကားတစ်ဝက်မှာ ကိုကိုနှင့် ငွေလေးဆုံ၏။ အပေါ်တစ်ဆင့်လှေကားထစ်မှာရှိနေလျက် ခြေစုံလေးရပ်ကာ မျက်တောင်မခတ်ပဲ လွမ်းဆွတ်ခြင်းကြီးစွာဖြင့် ငေးစိုက်ကြည့်နေသည့် ငွေလေး၏ မျက်ရည်လဲ့နေသော မျက်ဝန်းနက်လေးတွေကို ကိုကိုကလည်း ငေးစိုက်ကြည့်နေသည်။ ကိုကို့အကြည့်တွေမှာ ငွေလေးကို မျက်စိအောက်မှ အပျောက်မခံနိုင်သော့သည့် အရိပ်တွေက ပြည့်သိပ်နေလျက် ငွေလေးခွဲခြားယူရမှာ ထိတ်လန့်

www.burmeseclassic.com

www.burmeseclassic.com



နေသည့်အကြည့်တွေလည်း ပြည့်သိပ်နေချေသည်ကောလေ။ ဘုရားရေ…ကိုကို့မျက်ဝန်းတွေမှာ ကြေကွဲရိပ်တို့ ထင်နေပါသလား။ ငွေလေး၏ ရောဂါကို ကိုကိုများ သိသွားချေသည်လား။ ငွေလေး ထိတ်လန့်စိုးရိမ်လာလျက် နှုတ်ခမ်းလေးတွေ တုန်ခါလာရပါ၏။ ကိုကို့မျက်နှာကို မဝနိုင်သလို ငေးငေးကြီး ကြည့်နေမိရာမှ…။

"ကိုကို…ကိုကိုရယ်"

လွှမ်းလိုက်တာ ကိုကိုရယ် ဆိုသည့်စကားသည် နှလုံးအိမ်မှ ပွင့်လျှံကျနေချင်ပေမယ့် နှုတ်ကထွက်ရန်ပင် အားအင်မကျန်တော့။ ဝမ်းနည်းစိတ်ကလည်း ရင်ထဲမှာ ပြည့်သိပ်နေသည်။ ကိုကို့ကို တစ်နေ့မှာ ခွဲရတော့မှာပါလားဟု သိနေလျက် ကြားမှ ပင် မခွဲနိုင်သည့်ဇောက ရင်ကို တုတ်နှောင်မတ်လျက် နှိပ်စက်ပြန်ချေ၏။

ကိုကို့မျက်ဝန်းတွေက မလွှတ်စတမ်း ကြည့်နေဆဲ။ ကိုကို့လက်မောင်းကြီးတွေက ရုတ်ခြည်းပင် ငွေလေး၏ ကိုယ်လေးကို သိမ်းကြုံးပွေ့ယူကာ ရင်ခွင်ထဲ သိမ်းပိုက်ထားပါ၏။ ငွေလေး မျက်ရည်တွေကျနေတာ၊ ငွေလေး၏ လက်လေးတွေကလည်း ကိုကို့ပခုံးကျယ်ကြီးကို ပြန်သိုင်းပွေ့ထားမိတာ၊ ဒါတွေအားလုံးကိုလည်း ငွေလေး ထိန်းမထားနိုင်စွမ်းသာတော့။ ကိုကို့ရင်ခွင်ထဲမှာ ငွေလေး ခေါင်းလေးတိုးဝင်ကာ…။

"ကိုကို…ငွေလေး ဆီလာတယ်"

ဆိုသည့်စကားကို အရူးလေးလိုပဲ အထပ်ထပ်ပြောနေမိ



သည်။ ကိုကို ဘာတစ်ခွန်းမျှပြန်မပြော။ အရမ်းကို ဝိန်ကျပါးလျားသွားပါသည့် ငွေလေးကို တယုတယပွေ့ထားလျက်ဖြင့် အပေါ်ထပ်ဆီသို့ ပြန်ခေါ်လာသည်။ ဆံစလေးတွေ ဖွဖွသပ်ပေးသည်။ ငွေလေး၏အခန်းဘယ်မှာလဲဆိုတာကိုတော့ ကိုကိုမေးပါ၏။ ငွေလေး လက်ညွှန်ပြတော့ ကိုကို အခန်းထဲသို့ဝင်သည်။ လသာဆောင်ဆီသို့ ကိုကို ခြေလှမ်းကြဲကြီးဖြင့် လျှောက်ကာ ကြိမ်ကုလားထိုင်ဝိုင်းကြီးမှာ ငွေလေးကို ထိုင်စေပါ၏။ နောက် ငွေလေး၏ ရှေ့တည့်တည့်မှာ ကိုကို ဒူးတစ်ဖက်ထောက်လျက်ပုံဖြင့် ထိုင်သည်။ စကားတစ်ခွန်းမျှ ကိုကိုမပြော။ ငွေလေး၏မျက်နှာလေးကိုသာ မျက်တောင်မခတ် မြတ်နိုးစွာ ကြည့်နေသည်။ ကိုကို့မျက်ဝန်းတွေထက်မှာ နူးညံ့လွန်းခြင်းက တိုးဝင်၏။ သိမ်မွေ့စွာပဲ ကိုကို့လက်တွေက ငွေလေး၏ လက်ချောင်းသွယ်လေးကို ဖေးကိုင်လာသည်။ နောက် ကိုကို့အကျီအိတ်ကပ်တွင်းမှ ဘူးလေးကို ကိုကိုထုတ်၏။ ဘူးလေးကို ကိုကိုဖွင့်သည်။ ကျောက်ပအရည်လဲ့ရွှန်းနေသော စိန်လက်စွပ်လေးတစ်ကွင်း…။ ငွေလေး၏ လက်ချောင်းလေးကို ကိုကို ဖွဖွနမ်းသည်။ တော်ဝင်မင်းသားတစ်ပါးက တော်ဝင်မင်းသမီးလေးတစ်ပါးရှေ့မှာ ဒူးတစ်ဖက်ထောက်ထိုင်ပုံစံမျိုးဖြင့် ကိုကိုရှိနေလျက် ငွေလေး၏ လက်ချောင်းနုနုလေးထက်မှာ လက်စွပ်လေးကို ညင်ညင်သာသာ သိမ်မွေ့စွာ ဝတ်ဆင်ပေးလာပါ၏။

ငွေလေး၏ ရင်တွေ အဆမတန် ခုန်နေသည်။ ကိုကို့ကို ငေးစိုက်ကြည့်နေမိသည်။ ကျော့ရှုန်းသည့် မျက်တောင်ထူထူကော်နက်

www.burmeseclassic.com



တွေ မေးယှက်လျက် စိတ်လှုပ်ရှားစွာ ကြည့်နေသည့် ငွေလေး၏ ပါးပြင်နုနုထက်မှာ ရှိန်းမြသော ပန်းနုရိပ်တို့ ခပ်ဖျော့ဖျော့ဖျော့လေးတင် လာနေတာကို သူ စိတ်လှုပ်ရှားစွာပဲ မြင်နေရပါ၏။

"မငြင်းနဲ့ ငွေလေး၊ ကိုကို ငွေလေးကို လက်ထပ်မယ်၊ ဒါ ကိုကို့ဆုံးဖြတ်ချက်ပဲ၊ ကိုကိုဟာ ငွေလေးရဲ့ ကိုကိုဖြစ်ရမယ်၊ ငွေလေးဟာလဲ ကိုကို့ရဲ့ ငွေလေးဖြစ်ရမယ်၊ ကိုကို့ဘဝမှာ ငွေလေးကလွဲလို့ ဘယ်မိန်းမသားကိုမှ လက်မထပ်နိုင်ဘူး ငွေလေး၊ ဒါ ကိုကို့သက်ဆုံးတိုင် တည်မြဲမယ့် ကိုကို့သစ္စာတရားပဲ၊ ကိုကို့အချစ်ပဲ ကိုကို...ကိုကို..ချစ်လိုက်တာ ငွေလေးရယ်"

ပြောနေရင်း ကိုကို့မျက်ဝန်းမှ မျက်ရည်ကျလာသည်။ ယောကျ်ားသားတစ်ယောက်၏ မျက်ဝန်းများဆီမှ ချစ်မြတ်နိုးရလွန်းသည့် သင်္ကေတ မျက်ရည်စက်တွေ စီးသွယ်ကျလာခြင်းကို ငွေလေး ပထမဆုံး မြင်ဖူးခြင်း။ အဘယ်မျှထိ နူးညံ့သိမ်မွေ့နေပါသော မျက်နှာပါလဲ။ အဘယ်မျှထိ ကြင်နာခြင်း၏အရိပ်များ ပြည့်ဝနေပါသည့် မျက်ဝန်းများပါလဲ။ ကိုကို့နှုတ်ခမ်းက ငွေလေး၏ လက်ဖမိုးလေးကို ဖွဖွထပ်၍နမ်းရှိုက်သည်။ နောက် ကိုကို ငွေလေး၏ ခေါင်းလေးကို သိမ်းယူလိုက်ကာ ရင်မှာ ဖေးအပ်ထားလိုက်ပါ၏။ ကိုကို့မေးဖျားက ငွေလေး၏ ဆံစမှာ ထိတွေ့နေသည်။ ကိုကိုဆွဲပွေ့ရပ်ထားပါသည့် နေရာလေးမှာ ငွေလေး မလှုပ်မယှက် ရပ်နေဆဲ။ ကိုကို့ရင်ခွင်ထဲမှာ ငြိမ်ငြိမ်သက်သက် ရပ်နေဆဲ။



ကိုကို့ကို ငွေလေး ငြင်းရန် အင်အားမကျန်နေတော့ပါလားလေ။ ကိုကို့ကို ချစ်လွန်းသည့် စိတ်ဖြင့် ငွေလေး မငြင်းရက်ခြင်းပါ ကိုကို။

"ဒက်ဒီ လိုက်လာလိမ့်မယ်၊ ငွေလေးကို ဗစ်တိုးရီးယားကို ပြန်ခေါ်ဖို့လေ၊ သန်ဘက်ခါမှာ ငွေလေးနဲ့ ကိုကို ဗစ်တိုးရီးယားမှာ လက်ထပ်ကြမယ်၊ ဖိတ်စာကိစ္စ အမြန်ဆုံး စီစဉ်ပြီးထားပြီ၊ ဒီမှာငွေလေး ကိုကို့ကို ကြည့်စမ်း၊ မော့ကြည့်စမ်း"

ကိုကို့အသံတွေ တုန်ခါနေသည်။ ကိုကို့လက်ဖျားက ငွေလေး၏ မေးဖျားလေးကို ဖွဖွမော့စေ၏။ ငွေလေးမော့ကြည့်တော့ စိတ်လှုပ်ရှားစွာ ငံ့မိုးငေးစိုက်ကြည့်နေသည့် ကိုကို့ကို မြင်ရပါ၏။ ကိုကို့မျက်ဝန်းနက်နက်တွေကလည်း မလွှတ်တမ်း ငွေလေး၏ မျက်နှာလေးကို ငုံ့မိုးလျက် ကြည့်နေဆဲ။

"ကိုကို့အချစ်ကို ငွေလေး ယုံတယ်မဟုတ်လား၊ ယုံတယ်ဆိုရင် ကိုကို့ကို ငွေလေး လက်ထပ်ရဲရမယ်၊ လက်ထပ်ရမယ်၊ ငွေလေးရဲ့ရင်၊ ငွေလေးရဲ့ နှလုံးသားလေးကို ကိုကိုသိတယ်၊ နားလည်တယ်၊ ကိုကို့ကို ငွေလေး သိရမယ်၊ ဒီမှာငွေလေး ချစ်ခြင်းတရားထက်ပိုပြီး မြင့်မြတ်တာ ဘာမှ မရှိဘူး ငွေလေး၊ လေးနက်တာလဲ ဘာမှမရှိဘူး၊ ကိုကို ငွေလေးကို မခွဲနိုင်ဘူး၊ ငွေလေးကို လက်မထပ်ဘဲလဲ မနေနိုင်ဘူး၊ ဒါကြောင့် ခေါင်းလေးညိတ်ပါ ငွေလေးရယ်၊ ကိုကို့ရင်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲခြင်းဆိုတာကို မကျန်ရစ်ခဲ့ရအောင် ခေါင်းလေး တော့ ညိတ်လိုက်ပါ ကလေးရယ်"

ဟုပြောလာတော့ ငွေလေး ခေါင်းကိုငုံ့ချသည်။ ရင်ထဲမှာ ကျင်ခနဲ ခံစားရပါ၏။ ကိုကို့ရင်ထဲမှာ ကြေကွဲခြင်းဆိုတာ မကျန်ရစ်ရအောင်တဲ့လား ကိုကိုရယ်။ ကိုကို့ကို ငွေလေး ငြင်းလိုက်ရင် ကိုကို့ရင်ထဲမှာ ကြေကွဲခြင်းတွေ ကျန်ရစ်ခဲ့ရမယ်တဲ့လား ကိုကိုရယ်။ ပြောတတ်လိုက်တာ ကိုကို...။ ကိုကို့ကို ငွေလေး မငြင်းရက်အောင် မငြင်းနိုင်အောင် ပြောတတ်လိုက်တာ။

ငွေလေး မျက်စိစုံမှိတ်ချလိုက်မိပါ၏။ အမြဲတမ်း ကိုကို့နှုတ်ဖျားဆီမှ မျှော်လင့်စွာ ကြားလိုရပါသည့် စကား။ ငွေလေးကို လက်ထပ်လိုပါသည့်စကားကို ခုလို ကံကြမ္မာနဲ့မှ ကြားရလေသတဲ့လား ကိုကိုရယ်...။

"ကိုကို့ကို နားလည်ပေးပါ ကလေးရယ်၊ ကိုကိုတို့ဟာ တစ်ယောက်ရင်ကို တစ်ယောက် မြင်နိုင်စွမ်း ကြတဲ့သူတွေပါ၊ အဲဒါ...အဲဒါ ငွေလေး သိပါတယ်၊ ကိုကိုလဲ သိနေပါတယ်၊ ခေါင်းလေးညိတ်လိုက်ပါလား ကလေးရယ်"

ကိုကို တိုးဖွဖွထပ်ပြောပါ၏။ ငွေလေး မော့ကြည့်တော့ မျက်ရည်ဝဲနေသည့် ကိုကို့မျက်ဝန်းများကို ရင်ဆိုင်ရပါ၏။

ငွေလေး...ငွေလေး...တင်းမခံနိုင်ပါ။ ကိုကို့မျက်ရည်များကို တင်းမခံနိုင်ပါ ကိုကို။ ခေါင်းလေးတစ်ညိတ်သည် မချိတင်ကဲ ခံစားနေရပါသည့် ခံစားမှုများဖြင့်ပင် ဖြစ်တည်လာရပါ၏



ထိုခေါင်းလေးတစ်ညိတ်သည် ချစ်ခြင်းများဖြင့် ပြည့်သိပ်နေကြောင်းကိုတော့ ငွေလေး၏ အချစ်က သက်သေအဖြစ် တည်ရှိရစ်ပါ ချေလိမ့်မည် ကိုကို။

မျက်ရည်များ ရစ်ဝဲရင်းဖြင့် ငွေလေး၏ကိုယ်လေးကို ရင်ခွင်ထဲသိမ်းပွေ့ကာ...။

"ဒက်ဒီတို့နောက်ကို ပြန်လိုက်ခဲ့ပါ ကလေးရယ်၊ ဗစ်တိုးရီးယားမှာ ငွေလေးမရှိလို့ မဖြစ်ဘူး၊ ဒက်ဒီ့သမီးလေး လိမ္မာလွန်းတာကို ဒက်ဒီ နားလည်တယ်၊ နားလည်တယ် သမီးရယ်"

ဟု မြပန်းဝေမှာ ဒက်ဒီ့ကားလေးရပ်ပြီးတာနှင့် ငွေလေးရှိနေပြီဖြစ်ပါသော ဧည့်ခန်းမှာပဲ ဒက်ဒီအသံတွေ တုန်အက်နေလျက် ပြောခဲ့ရှာပါ၏။ ငွေလေး ဒက်ဒီ့ရင်ခွင်ထဲမှာ ဟိုးငယ်တုန်းကလိုပဲ အားကိုးချစ်ရှိသေစွာ တိုးဝင်လျက် အားငယ်ချိန်များမှာ ငိုကြွေးမိတတ်သည့်နှယ်ပင် ခုလည်း ငိုလိုက်မိရပါ၏။ နောက် မှ ရှုနားလည်လာနေမိရသည်က ဒက်ဒီနှင့်ကိုကို ငွေလေး၏ ရှေ့ကို သိသွားကြချေပြီဟု။

မမမိုသည် အရမ်းကို တစ်ယောက်တည်း ပြိုသက်ကြေကွဲနေပါသည့် ငွေလေး၏ ဝေဒနာများကို မကြည့်ရက်နိုင်တော့

www.burmeseclassic.com

www.burmeseclassic.com



သည့်အဆုံးမှာ ဒက်ဒီနှင့် ကိုကို့ကို ဖွင့်ပြောပြလိုက်ချေပြီဟု။ ဒါကြောင့်လည်း ဒက်ဒီ၏ ယခင်က ရင်ထဲမှာ ကြေကွဲရှိန်ဖြင့် နာကြည်းနေပါသည့် ခံစားမှုတွေ ကင်းပျောက်လွင့်စင်သွားလျက် ယူကျုံးမရ ကြေကွဲခြင်းတွေနှင့် နောင်တရင်ဖြင့် ငွေလေးထံ ရောက်လာရခြင်း။

ဘာလို့ပြောလိုက်တာလဲ မမမိုရယ်ဟု ရင်ထဲမှ ထိခိုက်ခြင်းကြီးစွာဖြင့် ငွေလေးတွေးနေမိရပေမယ့် ဒက်ဒီနှင့်ကိုကိုတို့ ငွေလေး၏ ရောဂါကို သိနေကြပြီဆိုတာကို ငွေလေး မသိဟန်ဆောင်နေလိုက်ခြင်းကပဲ ပို၍ကောင်းချေမည်ဟု ဆုံးဖြတ်လိုက်မိရပါ၏။ ဒါဆို ဒက်ဒီနှင့်ကိုကိုကလည်း ထိုသို့ ကိုကိုတို့သိနေတာကို ငွေလေးမသိသေးဘူးအထင်ဖြင့် စိတ်ထိခိုက်နေမှုများကို ငွေလေး မသိအောင် ထိန်းသိမ်းဖုံးကွယ်ထားကြချေဦးမည်။ ငွေလေး သိနေသည်ဆိုတာကို ကိုကိုတို့သိသွားပြီးပြီဆိုလျှင်ဖြင့် ဘာကိုမျှ ထိန်းချုပ်ဖုံးကွယ်ထားကြချေတော့မှာမဟုတ်ချေသည်မို့ ငွေလေး ရှေ့မှာ မျက်ရည်တွေကျကြမည်။ ဆောက်တည်ရာမဲ့ ထိခိုက်ခံစားနေကြရပါသည့် ဝေဒနာများ ပြည့်လျှံစွန်းထင်းနေသည့် မျက်နှာများကို ငွေလေး မမြင်ရက်။ မမြင်ချင်။ မြင်နိုင်စွမ်းလည်း ငွေလေးမှာ အင်အားမကျန်တော့။

ဒါကြောင့် ငွေလေး ဒက်ဒီနှင့်ကိုကိုတို့ ငွေလေးရောဂါကို သိသွားကြပြီဆိုတာကို ငွေလေးဘက်က မသိသေးဟန်ဆောင်ပေးလိုက်ရပါချေတော့မည်။ ပြီး...ပြီးတော့ ဒက်ဒီနှင့်ကိုကိုတို့ ဖြစ်ချင်သည့် ဆန္ဒမှန်သမျှကိုလည်း ငွေလေး ဖြည့်ဆည်းလက်ခံပေးလိုက်ပါတော့မည်။ ငွေလေးမရှိတော့သည့်နောက်မှာ ဒက်ဒီနှင့်ကိုကိုတို့ ဖြစ်လိုသည့်ဆန္ဒကို ငွေလေး ဖြည့်ဆည်းလက်ခံပေးခဲ့သည်ဆိုသည့်အရာကို ချန်ထားရစ်ခဲ့လိုက်ပါတော့မည်လေ။



ဒါကြောင့် ကိုကို့ကို ငွေလေး လက်ထပ်လိုက်ပါတော့မည်။ ဒက်ဒီကိုယ်တိုင် ကိုကို့ကားရှေ့ခန်းတံခါးကို ဖွင့်ပေးကာ ငွေလေးကို ထိုင်စေသည်။ ကိုကို့ကားကို ရှေ့မှ မောင်းထွက်စေသည်။ ငွေလေး ဗစ်တိုးရီးယားသို့ ပြန်ပါလာသည်ဆိုသည့်အဖြစ်ကို ဒက်ဒီ စီမံပြီးမှ နောက်မှ ကားဖြင့်လိုက်လာခဲ့ပါ၏။ ကားမောင်းနေရင်းမှ ကိုကို ငွေလေးကို ငုံ့ကြည့်သည်။ နောက် ငွေလေး၏ ပခုံးနုနုလေးကို ကိုကို့လက်မောင်းဖြင့် သိမ်းယူ၍ ပခုံးထက်မှာ မှေးမှီထားစေသည်။ ကားမောင်းနေရင်းမှလည်း ခေါင်းကို ငုံ့စောင်းကာ ငွေလေး၏ဆံစများကို ခပ်ဖွဖွတစ်ချက်ငုံ့နမ်းသည်။

"ကိုကိုလေ ငွေလေးကို ဆေးရုံမှာ မတွေ့ရတော့ စိတ်ပူလိုက်ရတာ၊ ငွေလေး ကျန်းမာနေရင် ကိုကို့ဆီကို မဖြစ်မနေ ရောက်လာမှာပဲဆိုတာ ကိုကို သိနေတယ်၊ အရမ်းကြီး အခြေအနေဆိုးနေပြီလားဆိုပြီး ကိုကိုလေ အရူးလိုပါပဲ ပူလိုက်ရတာ၊ ကိုကို့ဝေဒနာထက် ငွေလေးအတွက် ပိုပြီး သောကဖြစ်နေရ စိတ်ပူနေမိရတာ"

ဟု သူဖွင့်ပြောပြလိုက်ချင်သည်။ ဒါပေမဲ့ ထိုသို့ပြောလိုက်လျှင် သွေးမလျှုသည့်ကိစ္စကို ပြန်အစဖော်သလိုကြီး ဖြစ်သွားမှာမို့ သူ မပြောပြတော့ပါ။ ငွေလေး၏ မျက်နှာကိုသာ တငုံ့ငုံ့

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြည့်နေမိရင်းမှ တောက်လျှောက် ကားမောင်းလာမိရပါ၏။ တစ်တိုးရိုးယား၏ ပေါ်တီကိုအောက်မှာ ဒေါ်ကြီးစောင့်နေသည်။ ခြံတံခါးကို လေးလေးသိန်း ပြေးလာဖွင့်တုန်းကလည်း မျက်နှာထက်တွင် အနေခက်ခြင်းနှင့် ကြေကွဲခြင်းတို့၏ အရိပ်များဖြင့် ရှိ၏။ ထိခိုက်စွာ တစ်ချက်လှမ်းကြည့်သည့် လေးလေးသိန်း၏ မျက်ဝန်းများကို သူ မြင်ရပါ၏။ အဖြစ်မှန်ကို ဒက်ဒီမှ ဒေါ်ကြီးနှင့် လေးလေးသိန်းကို ဖွင့်ပြောထားပြီးခဲ့ပြီ။ ငွေလေးပြန်ရောက်လာလျှင် ငွေလေး စိတ်မချမ်းသာအောင် ဘာကိုမျှ မလုပ်မိကြစေဖို့နှင့် ငွေလေး၏ ရောဂါနှင့်ပတ်သက်၍ ဒေါ်ကြီးနှင့် လေးလေးသိန်းတို့ သိနေကြပြီဆိုတာကိုလည်း ငွေလေး မရိပ်မိစေဖို့ ဒက်ဒီအတန်တန်မှာထားသည်လေ။ ဒေါ်ကြီးရော လေးလေးသိန်းရော မျက်ရည်ကျခဲ့ရသည်မဟုတ်ပါလား။

ငွေလေးအပေါ် အရမ်းကို နာကျင်၊ နာကြည်းစွာ စိမ်းစိမ်းရက်ရက် နေပြခဲ့လေသမျှ စိတ်အထိခိုက်ကြီး ထိခိုက်ကြရပါသည့် ဒေါ်ကြီးနှင့် လေးလေးသိန်းတို့မှာ…။

"အမှားကြီးမှားခဲ့ပါပေါ့လား"

ဟု ဒေါ်ကြီးညည်းချလျက် ရှိုက်ကြီးငင်ငင်ငိုရှာခဲ့သည်လေ။ လေးလေးသိန်းမှာ ယူကျုံးမရစိတ်ဖြင့် ဘာမျှမပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ချ၍ မျက်ရည်သာ ကျနေခဲ့ပါ၏။

ခုတော့ ဒေါ်ကြီးရော၊ လေးလေးသိန်းရော ငွေလေးကို ပြောရဆိုရမှာ အပြစ်မကင်းသူများပမာ၊ အနေခက်ရ နောင်တဖြစ်ရှာနှင့်ပါ။ ကားလေး ပေါ်တီကိုအောက်မှာရပ်ပြီး ငွေလေးကို သူ



ကားတွင်းမှ လက်လေးတွဲစောင့်ခေါ်ဆင်းပါ၏။ ဒက်ဒီကားက နောက်မှ ကပ်ရပ်လာသည်။

ငွေလေးကို ကိုကိုပြုံး၍ကြည့်လာတော့ ငွေလေး ရင်ထဲမှာ အေးချမ်းရသည်ပါပဲ။ ထိုအပြုံးများကို ငွေလေး ဘယ်သောအခါတွင်မှ မြင်ခွင့်ရချေတော့မည်မဟုတ်ဟု ရင်ထဲမှာ အားငယ်ထိခိုက်စွာပဲ ငွေလေး ထင်မိထားခဲ့သည်မဟုတ်ပါလား။

"သမီးလေး အခန်းထဲမှာ ဒေါ်ကြီး နှင်းဆီဖြူတွေ ယန်းအိုးကြီးနဲ့ လှလှပပထိုးထားတယ်၊ အိပ်ရာခင်းတွေ၊ ခေါင်းအုံးတွေမှာလဲ ငွေလေးအကြိုက် ခရမ်းပြာရောင်ကိုခင်းထားပေးတယ်၊ အပြာရောင်သစ်ခွပွင့်တွေ ထိုးထားတဲ့ ခေါင်းအုံးစွပ်လေးကအစပေါ့၊ ငွေလေး မရချိုးပြီးရင် သနပ်ခါးလိမ်းဖို့လဲ ဒေါ်ကြီး သနပ်ခါးသွေးပေးမယ်၊ ပြီးတော့ ငယ်တုန်းက ဒေါ်ကြီး ငွေလေးကို ကျန်းမာအောင်ဆိုပြီး သနပ်ခါးခွဲ့ဖူးတယ်မဟုတ်လား၊ ခု ခွဲ့ပေးမယ်"

ဟု ဒေါ်ကြီးငွေလေး၏လက်လေးကို မျက်ရည်လေးစမ်းစမ်းဖြင့် လာကိုင်ကာ အပြစ်ရှိသူပမာ ခေါင်းလေးငုံ့ချပြောတော့ ဒေါ်ကြီး၏ ဝဖိုင့်ဖိုင့်ကိုယ်ကြီးကို ငွေလေး သိမ်းကြုံးဖက်ရင်းမှ…။

"ငွေလေး ဒေါ်ကြီးကို လွမ်းလိုက်တာ"

ဟူသော စကားလေးတစ်ခွန်းဖြင့် ဒေါ်ကြီးကို ငွေလေး ဘယ်တုန်းကမှ စိတ်မဆိုးခဲ့ပါဟု အသိပေးလိုက်သလိုလေး ပြောပေးလိုက်မိရပါ၏။ လေးလေးသိန်းမှ မျက်နှာကောင်းဘဲ…။

www.burmeseclassic.com

www.burmeseclassic.com



"လေးလေးသိန်းကိုတော့ မလွမ်းဘူးပေါ့လေ၊ နှင်းဆီဖြူတွေ ရွေးခူးပေးတာ လေးလေးသိန်းပါဗျ"

ဟု မနာလိုစွာပြောလာတော့ ငွေလေး ရယ်သည်။ လေးလေးသိန်းကို မော့ကြည့်လျက်...။

"လေးလေးသိန်းက ငွေလေးကို တယောထိုးပြတတ်တာပဲဥစ္စာ၊ လသာတော့လေ လွမ်းလိုက်တာ၊ 'လေးလေးသိန်းကိုရော ကိုကို့ကိုရောပေါ့၊ ဒီည ကိုကို တယောထိုးပြရမယ်နော်၊ ငွေလေး နားထောင်မယ်၊ ဆာပြီ ဒေါ်ကြီးရ၊ ဒေါ်ကြီးလက်ရာ စားချင်လှပြီ"

ဟု ငွေလေး ပေါ့ပေါ့ပါးပါးဟန်လေးဖြင့် ရယ်မောပြောနေတော့ ဒေါ်ကြီးခမျာ ထမင်းပွဲပြင်ဖို့ အလောတကြီး ထွက်သွားရှာပါ၏။

ကိုကို ငွေလေးကို အိမ်ထဲပေးမဝင်သေး။ လက်လေးဆွဲကာ စံကားပင်ရိပ်ဆီသို့ ခေါ်လာပါ၏။ စံကားပင်ရိပ်အောက်မှာ ငွေလေးကို ထိုင်ခိုင်းသည်။ ပြုံး၍ ငွေလေးကိုကြည့်ကာ စံကားပင်စည်၏ တစ်ဖက်မှာ ဖေးမှီထောင်ထားခဲ့ပါသည့် တယောကိုယူကာ...။

"ငွေလေးကိုခေါ်ဖို့ ဗစ်တိုးရီးယားက ကိုကို ထွက်မလာခင်ကတည်းက ဒီတယောလေးကို ဒီမှာ ကိုကို ထားခဲ့တာ ငွေလေးရဲ့၊ ငွေလေးကို တယောထိုးပြဖို့လေ၊ ကဲ...ငွေလေးကို ကိုကို ဘယ်အထိယုံကြည်ထားတယ်ဆိုတာ သိပြီလား၊ ကိုကို့နောက်ကို ကိုကို့ငွေလေး



ပြန်ပါလာရမယ်ဆိုတာ ကိုကိုသိတယ်၊ ငွေလေးရဲ့နှလုံးသားကို ကိုကိုယုံတယ်၊ ပြန်မလိုက်ဘူးလို့ ငွေလေးရဲ့ နှလုံးသား နုနုလေးဟာ ဘယ်တော့မှ တင်းမာပြီး ပြောရက်၊ ငြင်းရက်မှာမဟုတ်ဘူးလို့လေ"

ဟု ကိုကိုပြောတော့ ငွေလေး ကိုကို့လက်ချောင်းတွေကို ခပ်ဖွဖွကိုင်သည်။ ငွေလေးကို ငယ်ကတည်းက အားပေးတတ်ပါသော မျက်ရည်လေးတွေသုတ်ပေးတတ်ပါသော ကိုကို့လက်ချောင်း ဖြူသွယ်သွယ်လှလှတွေ၊ ငွေလေးခေါင်းလေးငုံ့၍ ခပ်ဖွဖွလေး နမ်းလိုက်မိရပါ၏။ ငွေလေးကို ယန်းသရုပ်လေးတွေ သီပေးပါသော လက်လေးတွေ၊ ငွေလေးကို မကြာမတင်ကပဲ မြတ်နိုးစွာဖြင့် လက်စွပ်လေးကို ဝတ်ဆင်ပေးခဲ့ပါသော ကိုကို့လက်လေးတွေ၊ ဩော်...အကြင်နာလက်လေးတွေပါတည့်။

"ငွေလေးမှာ အချိန်တွေသိပ်မကျန်တော့ဘူးကိုကို၊ ဒါကြောင့်လေ ကိုကို့ကို သိပ်ချစ်တဲ့ ငွေလေးရဲ့အချစ်တွေကိုလဲ မဖုံးကွယ်ထားချင်တော့ပါဘူးကိုကိုရယ်၊ ငွေလေး ကိုကို့အကြင်နာလက်လေးတွေကို ချစ်အားကိုးစိတ်နဲ့ နမ်းချင်တာလဲ ကြာခဲ့ပါပြီ၊ ကိုကို့နှုတ်က ဖွင့်ပြောလာမယ့် ချစ်ရနံ့တွေထုံမွှမ်းနေတဲ့ စကားတွေကိုလဲ ကြားချင်ခဲ့၊ မျှော်လင့်ခဲ့တာလဲ ကြာခဲ့ပါပြီ ကိုကိုရယ်"

ဟု ရင်ထဲမှာပြောမိရလျက် ကိုကို့လက်ချောင်းလေးတွေမှာ အနမ်းကို ဖွဖွတင်ထားမိရင်း ရင်ထဲမှာ ကြေကွဲလှချင်ပါ၏။ ငွေလေး မသေချင်သေးပါ ကိုကို။ ကိုကိုနှင့် မခွဲချင်ပါ။ ခွဲခွဲနိုင်

www.burmeseclassic.com

www.burmeseclassic.com



ပါ။ မြပန်းဝေမှာရှိနေစဉ်က ငွေလေးသေရမှာကို မကြောက်တော့သလို ခံစားလာမိလျက် အထီးကျန်ညများမှာ ကိုကို့ကို တမ်းတနေရင်းဖြင့် တစ်ယောက်တည်း အလူးအလဲ စိတ်ထိခိုက်ဖူးရပါသည် ကိုကို။ ကိုကိုနှင့်ဒက်ဒီတို့၏ နာကြည်းမုန်းတီးမှုကို ခံယူရချေပြီပဟု နားလည်နေမိရသည့်ကိုက သေခြင်းတရားကို ရင်ဆိုင်လိုက်ဖို့ ဝန် မလေးတော့သည့်နှယ်ဖြစ်ခဲ့ရပြန်လျက်...။

ခုလို ကိုကိုနှင့် တူတူပြန်နေရသည့်ဘဝမှာကျတော့လည်း သေရမှာကို တုန်လှုပ်လာချင်ပြန်ပါသည်ကိုကိုရယ်။ ဤသည်ကလည်း ကိုကိုနှင့်တူတူ နေချင်သေးသည့် စိတ်တစ်ခုကြောင့်ပါ ကိုကို။ ငွေလေးသည် ငွေနဲ့သာဆိုသည့် မိမိကိုယ်ထက် ပို၍ မလွဲမသွေ သေရမည်ကိုသိသည့် လူသားတစ်ယောက်သည် ချစ်ရလွန်းသူ သံယောဇဉ်ကြီးရလွန်းသူနှင့် မခွဲနိုင်ဘဲ ဖြစ်ရသည့် ကြိုးတစ်ကြောင်း၏ ရစ်ပတ်ခြင်းဒဏ်ကို နှလုံးအိမ်မှာ ခံနေရလျက် ထိုနှလုံးအိမ်ဆီမှ သွေးစိမ်းရှင်ရှင်တို့ စီးကျနေရတာတပါသည်တည်း။

မျက်ရည်စက်ကို ကိုကို့လက်ချောင်း လက်ဖမိုးထက်မှာ မကြွေသက်အောင် မနည်းထိန်းယူရလျက်မှ ကိုကို့ကို ငွေလေး မော့ခနဲ ကြည့်မိလိုက်ရပါ၏။ နူးညံ့လွန်းစွာ ကြည့်နေသည့် ကိုကို့ အကြည့်တွေထဲမှာ ထိခိုက်ကြေကွဲရိပ်တွေ ရောယှက်နေကြတာကို လည်း ငွေလေး တွေ့နေရသည်ပါပဲ။ ကိုကို့လက်က ငွေလေး၏ လက်လေးပေါ် ညင်သာစွာ ဖေးအုပ်ထွေးဆုပ်ထားပါ၏။

"ငွေလေး ကိုကိုလေ ငွေလေးကို သိပ်ချစ်တာ ကြာခဲ့ပါပြီ၊ ကိုကို့အရိပ်မှာရှိနေတာမို့ ဖွင့်မပြောရက်နိုင်



လွန်းလို့ သိုသိပ်ခဲ့ရတာပါ ကလေးရယ်၊ ကိုကို ငွေလေး မရှိဘဲ ဘဝမှာ ရပ်တည်နိုင်မှာမဟုတ်ဘူး၊ ငွေလေးရဲ့နှုတ်က ကိုကို့ကို ချစ်တယ်လို့ ဖြေပါလား ကလေးရယ်၊ ဖြေစမ်းပါ"

ဟု ကိုကို တစိမ့်စိမ့်ငုံ့မိုးကြည့်ရင်း ပြောလာတော့ ကိုကို့ ပခုံးထက်မှာ ခေါင်းလေးကို ဖေးတင်ကာ...။

"ငွေလေးလေ ကိုကို့ဆီက ပြောလာမယ့် ချစ်စကားကို မျှော်လင့်ရင်း နေလာခဲ့တာ ကြာခဲ့ပါပြီ ကိုကိုရယ်၊ ကိုကို့ကိုလေ ငွေလေး အားကိုးတကြီးနဲ့ အမြတ်တနိုး ချစ်တာပါ၊ ကြည်ကြည်ညိုညိုနဲ့ လေးစားစိတ်နဲ့လဲ ချစ်တာပါ၊ အစ်ကိုကြီးတစ်ယောက်ကို ဆိုးနွဲ့အားကိုးသလိုလဲ ချစ်တာပါ၊ ငွေလေးဘဝမှာ ကိုကိုဟာ အချစ်ဦးဖြစ်သလို အချစ်ရဆုံးသူလဲ ဖြစ်ပါတယ် ကိုကိုရယ်၊ ကိုကို့လို ငွေလေးကို ချစ်တဲ့သူဆိုတာလဲ ရှိလာနိုင်မှာ မဟုတ်ဘူးဆိုတာကိုလဲ ငွေလေး သိနေပါတယ်၊ ကိုကိုဟာ ငွေလေးရဲ့ ဘဝသခင်ပါ"

ဟုပြောတော့ ကိုကို့ခေါင်းသည် ငိုက်ကျလာ၏။ ငွေလေး၏ နဖူးပြင်လေးထက်မှ ဆံနွယ်ဉ်လေးကို တုန်ခါနေသည့် ကိုကို့လက်တွေက ဖွဖွညင်ညင် ဖယ်သည်။ နောက် စိတ်လှုပ်ရှားစွာ ခပ်ဖွဖွ နဖူးပြင်လေးထက်မှာ နမ်းရှိုက်လာပါ၏။ ငွေလေး မျက်ဝန်းလေးတွေကို စုံမှိတ်ချထားမိသည်။ ရှည်လျားသောမျက် တောင်ကော့လေးတွေထက်မှာ ကိုကို့အနမ်းက ဖွဖွ တင်ချွတ်

www.burmeseclassic.com

www.burmeseclassic.com



ဖေးတင်လာ၏။ နောက်တော့ ငွေလေး၏ခေါင်းလေးကို ရင်ခွင်ထဲ သိမ်းပွေ့ကာ ကလေးလေး တွေးပိုက်ထားသလို တွေးပိုက်၍-မဝနိုင်ဖွာပဲ သိမ်းပွေ့ထားမိရပါ၏။ ငွေလေးအတွက် အချိန်တွေ သိပ်မကျန်တော့တာကို သိနေကြသည့် လူနှစ်ယောက်သည် ကြေကွဲမှုကို ထိန်းသိမ်းယူဖို့ ကြိုးစားနေသည်ကိုက တစ်ယောက်နှင့်တစ်ယောက် ထိုရောဂါနှင့်ပတ်သက်၍ မသိထားကြသလို ဟန်ဆောင်နေကြရုံသက်သက်မျှဖြစ်နေကြတာလည်း မိမိဘာသာ သိနေကြပါသည့်အဖြစ်။ ထိုအဖြစ်ထက်ကြေကွဲဖွယ်မရှိတော့ပြီပဲဟု တွေးမိကြရလျက် မျက်ရည်ကို အနိုင်နိုင်ထိန်းနေကြရချေသည်တကား။

"ကိုကို ပန်းသရဖူလေး သီပေးပါလားဟင်"

ငွေလေး တိုးတိုးလေး ပူဆာသလိုပြောတော့ ကိုကို စံကားပင်၏ တစ်ဖက်ခြေရင်းမှာ အသင့်သီထားပြီးပါသည့် ပန်းသရဖူလေးကို မြက်ခင်းထက်မှ ယူ၏။ ကိုယ်ကိုကိုင်းညွတ်၍ တစ်ဖက်ပင်စည်နေရာဆီသို့ လက်လှမ်းကာ ပန်းသရဖူနှင့် ပန်းကြိုးကို ယူလိုက်တာမြင်တော့ ငွေလေး ရင်ထဲ နင့်ခနဲ ဖြစ်ရသည်။ သြော်…ကိုကိုသည် ငွေလေး ကိုကိုနှင့်ပြန်လိုက်လာချေမည်ဟု တကယ့်ကို အယုံကြီးယုံခဲ့ရှာချေသည်ပဲ။ ငွေလေးကို လာမခေါ်မီ ပန်းသရဖူလေးကို ပန်းကြိုးဖြင့် သီထားခဲ့သည်။ တယောအိုးလေးကို ဤနေရာလေးမှာ ကြိုတင်၍ ထားခဲ့သည်တကား…။

ကိုကိုဆောင်းပေးပါသည့် ပန်းသရဖူလေးကို ပို၍ခိုင်အောင် ကလစ်တွေဖြင့် ငွေလေး ပြန်ထိန်းညှပ်ယူသည်။ ပန်းလည်ဆွဲလေးကိုလည်း ဆွဲထားသည်။ ပန်းစံကား၏ ရနံ့က သင်းပျံ့နေ၏။ သြော်…ပန်းပင်မြင့်ဆီမှာလည်း မွှေးမြသည်။ ငွေလေး၏ ဆံနွယ်ထက်ဆီမှ ပန်းသရဖူးလေးဆီမှလည်း သင်းပျံ့သည်။ ပန်းလည်ဆွဲလေးဆီမှလည်း သင်းထုံသည်။ မြက်ခင်းစိမ်းမြမြထက်မှာလည်း ပန်းစံကားတို့ ဖေးတင်နေ၏။ ပင်မြင့်ဆီမှာလည်း ပန်းတို့ ဝေယှက်၏။ တကယ့်ပန်းတွေကြားထဲမှာ ရှိနေပါသည့် သူနှစ်ယောက်။ ချစ်ခြင်းများနှင့် ပြည့်ဝအေးချမ်းနေပါသည့် သူနှစ်ယောက်ပါလားလေဟု ငွေလေး တွေးနေမိရပါ၏။

ကိုကို တယောအိုးကိုယူသည်။ တယောအိုးကို ပခုံးထက်မှာ တင်လျက် မေးဖျားဖြင့် ဖေးထောက်၏။ နောက် တယောထိုးတံဖြင့် တေးသံနွဲ့နွဲ့ကို ထိုးသည်။ ညဦးပိုင်း၏အစ၊ မှောင်ပျပျလက ပြုံစပဲရှိသေးသည်။

ထမင်းစားကြမည်ဟု ဒေါ်ကြီးမှ လှမ်းအော်ခေါ်လာတော့ ကိုကို ငွေလေးကို ပြုံး၍ ငုံ့ကြည့်၏။ နဖူးပြင်ပေါ်ဝဲကျနေသည့် ကိုကို့ဆံနွယ်လေးတွေကို ငွေလေးကြည့်ကောင်းလှသည်ပဲဟု တွေးလျက် ခပ်ငေးငေးကြည့်သည်။ ငွေလေး ကိုကို့မျက်နှာကို ကြည့်ခွင့်ဘယ်လောက်ထိပဲကျန်နေပါသလဲ။ ဒါကို ငွေလေး မသိ။ ကာလတွေကိုဆွဲဆန့်ရှည်လျားလိုက်ချင်ပါသည် ကိုကို။

"ကဲ…ငွေလေးကို ကိုကို ပန်းသရဖူလေးလဲ ဆောင်းပေးပြီးပြီ၊ တယောလေးလဲ တစ်ပိုင်းတစ်စ ထိုးပြပြီးပြီ၊ ကိုကိုတို့ ထမင်းစားလိုက်ကြရအောင်၊ ငွေလေး ဗစ်တိုးရီးယားကိုရောက်တဲ့အခါမှာ ပန်းတွေ့ရင် ဝေနေတဲ့

www.burmeseclassic.com



ငွေလေး စားသံနဲ့အတူ ရောက်လာတဲ့ငွေလေးပဲဖြစ်စေချင်လို့၊ ပြီးတော့ ငွေလေးကို ဘယ်ထိကိုကိုချစ်တယ်ဆိုတာ သိစေချင်လို့ ဒီကိုခေါ်လာတာ"

"ဟင့်အင်းကိုကို တယောထိုးတာမှ မပြီးသေးတာ၊ ငွေလေး မဆာပါဘူးကိုကိုရ၊ ဒေါ်ကြီးကို ထမင်းပွဲပြင်ပေးဖို့ပြောလိုက်ရင် ဒေါ်ကြီးပျော်သွားမှာသိလို့ ပြောလိုက်တာပါ၊ သီချင်းဆိုလေ ကိုကို၊ အဲဒီသီချင်းကို ငွေလေး သိပ်ကြိုက်တာပဲ၊ ငယ်ချစ်ဟောင်းနဲ့ နှစ်ပေါင်းများစွာကို ငွေလေး အမြဲညည်းမိတတ်တယ်"

ဟုငွေလေးပြောတော့ သူ တယောဆက်ထိုးရပါ၏။ ငွေလေးကို အရာရာ အလိုလိုက်ချင်တာပဲ ရင်ထဲမှာရှိနေသည်လေ။ တယောသံက ပျောင်းနွဲ့စွာ စကားရိပ်ဆီမှ ဗစ်တိုးရီးယားအိမ်ကြီးထိ လွမ်းစဖွယ် လွင့်ပျံ့ချေ၏။ ကိုကို့စားသံက တိုးဖွဖွ။ အေးမြမြ။

"နုနုငယ်ငယ် စိတ်ကူးယဉ်တဲ့အရွယ်ကတည်းက သူနဲ့ကိုယ် နှလုံးသားက ခင်တွယ်လာကြတယ်၊ စိတ်တူကိုယ်တူ အတွေးများလဲ အတူတူပဲကွယ်၊ အမြဲတတွဲတွဲ စားစားသွားသွား ကစားရင်းလဲ အတူပျော်မဆုံး၊ ချစ်ခွန်းသီဖွဲ့ခွန်းချို စကားတွေဖလှယ်၊ ဘဝအဆက်ဆက်က အကျွမ်းတဝင် ခင်မင်လာခဲ့သူတွေလား၊ ဝိုးတဝါး စိတ်ဝယ် ချစ်အားတက်မိပြန်သော်လဲ ကိုယ့်ငယ်ကျွမ်းရဲ့ အသည်းလှာပြင်ဝယ် ချစ်အက္ခရာတင်ဖို့အတွက်တော့



ချစ်သတ္တိ အမှန်မရှိသူကွယ်"

ကိုကို့အသံက ဆွေးလျှလျှ။ ငွေလေးကို ကိုကို အသာယ်မျှချစ်တာ ပြောမထွက်ရက်သည်မို့သာ ဖွင့်မပြောခဲ့တာ။ ဒါတွေကို ငွေလေး သိနေပါသည် ကိုကိုရယ်။ ကိုကိုကတော့ နောက်တေးတစ်ပိုဒ်ကို ဆက်၍ဆိုနေဆဲ။ တယောကိုလည်း လွမ်းစဖွယ်ထိုးနေမြဲ။ ကိုကို့ပခုံးပေါ် ငွေလေး ခေါင်းလေး ဖေးမှီလိုက်ကာ မျက်တောင်ကော့လေးတွေကို မှေးယှက်ပိတ်ချကာ တေးသွားလေးအတိုင်း လိုက်၍ ညည်းနေမိရပါ၏။

"ငယ်ချစ်ဟောင်းနဲ့ နှစ်ပေါင်းများစွာ အနေကြာလာခဲ့သည် မှန်သော်လဲ သွေ့ခွာဝေးရမယ့်စကားဆို တစ်ခွန်းသော်မှ ပြောမထွက်ရက်သူပါကွယ်"

ဆိုသည့်တေးအလိုက်ကို ရောက်တော့ ငွေလေး ကိုကို့ပခုံးပေါ် ခေါင်းလေးမှေးတင်မပျက် လိုက်ဆိုနေမိပြန်ပါ၏။ ငွေလေး ရင်ထဲမှာ ရုတ်ခြည်းပန်းဟိုက်လာသည်။ ပူနွေးသော ခံစားမှုက နှာဖျားဆီမှ ခံစားလာရသည်မို့ လက်ဖဝါးလေးဖြင့် ဖေးအုပ်ထားလိုက်မိပါ၏။ လက်ကို ဖြန့်ကြည့်လိုက်တော့ သွေး...။ ဟင့်အင်း မလာကြပါနဲ့။ မလာကြပါဦးနဲ့၊ ငွေလေး ကိုကို့ပခုံးပေါ်မှာ ခုလိုပဲ ခေါင်းလေးဖေးတင်ပြီး ကိုကိုဆိုနေတဲ့သီချင်းလေး ဆုံးအောင်တော့ နားထောင်လိုက်ပါရစေဦးဟု တောင်းပန်ချင်နေသည်။ ငွေလေး၏မျက်နှာထက်မှာ ချွေးစေးအေးအေးလေး ပြန်လာ၏။ ခေါင်းက ပခုံးထက်မှာ ဖေးတင်ထားနိုင်ဖို့အတွက် အားအင်မရှိဘဲဖြစ်လာနေသည်။ ငိုက်ခနဲ ကိုကို့ပေါင်ပေါ်သို့ ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



လေးငိုက်ကျသွားတော့ ကိုကို့နှုတ်မှ…။

"ငွေလေး…"

ဟု စိုးရိမ်တကြီး ခေါ်လိုက်သံ။

နောက် ငွေလေး၏ ကိုယ်လေးကို ထွေးပိုက်လိုက်တာ။ အားလုံးကို ငွေလေး သိနေရပါ၏။ ဒါပေမဲ့ ငွေလေး၏ နှာခေါင်းဆီမှ သွေးတွေ အတော်ကြီး ယိုစီးကျနေပြီ။ ကိုကို့ကို ငွေလေး သနားစိတ်ဖြင့် မော့ကြည့်လိုက်မိရပါ၏။ မျက်နှာကြီး အပျက်ကြီးပျက်ကျနေလျက် စိုးရိမ်တကြီးဖြင့် ငွေလေး၏ မျက်နှာလေးကို ကိုကို ငုံ့မိုးကြည့်ရာ ခေါင်းလေးကို ရင်ခွင်ထဲ သိမ်းပွေ့အပ်ထားလိုက်ပြီး ကိုကို ငွေလေးကို ပွေ့ချီကာ ခြေလှမ်းကြဲကြီးဖြင့် ဗစ်တိုးရီးယားဆို့ လျှောက်နေတာကိုလည်း ငွေလေး ဝိုးတဝါးတော့ သိနေသည်။ မောလိုက်တာ ကိုကိုရယ်။ သွေးတွေကို ငွေလေး မတားနိုင်တော့ဘူး ကိုကို။ ကိုကို့ကို ငွေလေး အားနာလိုက်တာ။ သနားလိုက်တာ။ အရမ်းကို ချောက်ချားနေတာ ငွေလေး မြင်ခဲ့ရပါတယ် ကိုကိုရယ်။ ဒီလောက်ကြီး မြန်လွန်းနေတာကို ငွေလေး စိတ်မကောင်းပါဘူးကိုကို။ ငွေလေးလေ့ ဒီလိုမှန်းသိရင် ဆေးတွေကို မသောက်ဘဲ ဘယ်နေပါ့မလဲ ကိုကိုရယ်။ မြမန်းဝေမှာ ငွေလေး ဆေးမသောက်ဘဲ ဘယ်နေမိပါ့မလဲ။

အိပ်ရေးတွေကိုလည်း ဘယ်အပျက်ခံပါ့မလဲ ကိုကိုရယ်။ ခုတော့…။ ခုတော့…။ ငွေလေး ရောဂါက ပိုဆိုးလာနေတာကို ငွေလေး မတားနိုင်တော့ဘူးကိုကို။ ပန်းသရဖူလေး ပြုတ်ကျသွားပြီဆိုတာကို ငွေလေး သိနေပေမယ့် လက်ဖြင့် သရဖူလေးကို



မထိန်းထားနိုင်တာကို စိတ်မကောင်းဖြစ်ရုံမှ တစ်ပါး ငွေလေး ဘာကိုမျှ မတတ်နိုင်။ ငွေလေး၏ လက်လေးတွေက တွဲလွဲကျနေသည်။ ဆွဲယူနိုင်စွမ်းလည်းမရှိ။

"ဒက်ဒီ…မြန်မြန်လာပါ ဒက်ဒီ၊ မြန်မြန်လာပါ၊ ငွေလေးကို ဆေးရုံပို့ရမယ်"

ဟု အသံအက်အက်ကြီးဖြင့် ကြုံးအော်ခေါ်လိုက်သည့် ကိုကို့အသံကိုပဲ ငွေလေး နောက်ဆုံးကြားလိုက်ရပါ၏။ ပြီးတော့ အရမ်းကို ခုန်နေသည့် ကိုကို့နှလုံးခုန်သံနှင့် မွှေးမြမြသင်းနေသည့် လေပြည်ထဲမှာမျောပါနေပါသော ပန်းစံကားး၏ ရနံ့…။ ထိုအရာများကို ငွေလေး နောက်ဆုံး အာရုံထဲမှာ သိနေ ခံစားနေလိုက်ရပါ၏။ နောက် အမှောင်…။ မွန်းကျပ်လှောင်ပိတ်နေသော အမှောင်…။

ငွေလေး အသက်ကို အားယူ၍ ရှိက်ရှူနေရတာ၊ အောက်စီဂျင်ပေးထားရတာ၊ သွေးသွင်းထားရတာ၊ အားလုံးကို သူ ခေတက်တည်ရာမဲ့ မြင်နေရသည်။ ရင်ထဲမှာ လောင်မြိုက်နေ၏။ ရတနာဆေးရုံမှာပဲ ငွေလေးကို တင်ပါ၏။ ဒေါက်တာမြင့်မှ သူ့ကိုရော၊ ဒက်ဒီကိုရော အားပေးရ၊ ဖျောင်းဖျရှာင့်ပါ။ မျက်ဒီ့မျာ ပို၍ ယူကြုံးမရဖြစ်နေရပါ၏။ ငွေလေးအပေါ် တင်းတင်းမာမာကြီး ဆက်ဆံမိခဲ့သည့်အချိန်တွေအတွက် ရင်ထဲမှာ ယူကြုံးမရ

www.burmeseclassic.com

www.burmeseclassic.com



ထိုတာလတွေကို ဖယ်ရှားပစ်၍ရမည်ဆိုလျှင် လုံးဝ ဖယ်ရှားပစ်လိုက်ချင်ပါသည်ဟု တဆို့တနင့်ကြီး ကမ္ဘာဖွဖွပြောနေရှာပါ၏။ ငွေလေး၏ သေကောင်ပေါင်းလဲ လူနှင့်ဝေဒနာမတန်မမျှ ခံစားနေရတာကို မြင်ရလေ သွေးမလှူဘဲ ဘာကြောင့်ငွေလေး နေခဲ့သည်ဆိုတာ ဒက်ဒီ ပို၍ နားလည်လာနေရလေမဟုတ်ပါလား။ ဒါမှမဟုတ် ထိုရောဂါသည် အားဖြစ်သူ ခန့်လေးထံမှာလည်း ဖြစ်တည်သွားရချေမည်ကိုးလေ။ သူ ငွေလေးဘေးမှာ ခုံတစ်လုံးချ၍ တောက်လျှောက် မျက်နှာလေးကိုပဲ ငေးစိုက်ကြည့်နေမိရဆဲ။ လေးလေးသိန်းမှာ မျက်ရည်တွေထိန်းမရအောင် ကျနေရပါသည့်အဖြစ်။

"လေးလေးက ငွေလေးကို ပြောမိခဲ့သေးတယ် ခန့်လေးရယ်၊ ခန့်လေးအတွက် သွေးရှာပါလို့ ငွေလေး အရူးမလေးလိုပဲ အရမ်းကို သောကတွေနဲ့ လေးလေးကို ပြောတော့လေ လေးလေးက ခပ်တင်းတင်းပြန်ပြောမိခဲ့သေးတယ်၊ အဲဒီလိုတဲ့ သွေးက ငွေလေးဆီမှာ ရှိနေတာပဲလို့ ကလေးကို လေးလေး မထောက်မရက်ကြီး ပြောချမိခဲ့တယ်ကွာ၊ လေးလေး ကိုယ့်ကိုယ်ကို အပြစ်တင်လို့ ကုန်နိုင်တော့မှာ မဟုတ်ပါဘူး"

ဟု ယူကြုံးမရပြောကာ အခန်းပြင်သို့ ထွက်သွားပါ၏။ ငွေလေး သတိပြန်လည်လာသည်။ အောက်စီဂျင်နှင့် အသက်ရှူရန်မလိုတော့သည့်အချိန်ကျမှ အောက်စီဂျင်ပိုက်ကို ဖြုတ်ပေးပါသည့် မမမိုမှ...။



"ငွေလေး နားနားနေနေ နေနော်၊ ဒီမှာ အားလုံး ရှိနေကြတယ်"

ငွေလေးကို စိုးရိမ်တကြီး ပွေ့၍ ခြေလှမ်းကြီးကြီးဖြင့် အရူးတစ်ယောက်ပမာပဲ မမမို၏ နာမည်ကိုအော်ခေါ်ရင်း သူ ဝင်လာခဲ့တာကို မမမို အမှတ်ရနေမည်သာ။ သူ့မျက်လုံးတွေထဲမှာ တုန်လှုပ်ချောက်ချားရိပ်တွေ ပြည့်သိပ်နေသည်။ မျက်ရည်တွေ ဝဲနေသည်။ ငွေလေး၏ကိုယ်လေးကို ကျစ်နေအောင် ပွေ့ထားရင်းမှ သွေးတွေကိုလည်း တုန်လှုပ်ချောက်ချားခြင်းကြီးစွာ ငုံ့ကြည့်မိရ၊ ခေါင်းလေးကို ရင်ခွင်ထဲ ဖေးအပ်ပစ်ကာ သွေးတွေကို သူ့ရင်ဘတ်ဖြင့်ပဲ သုတ်သင်နေမိရသလို ကယောင်ကတမ်းဆန်စွာဖြင့် ရတနာဆေးရုံသို့ သူ ရောက်ခဲ့သည် မဟုတ်ပါလော။

ထိုစဉ်က မမမိုသည် အရေးတကြီးပဲ ငွေလေးကို ဆေးတွေထိုး၊ ဆေးတွေသွင်း၊ သွေးသွင်းနှင့် အလုပ်ရှုပ်ခဲ့ရ၊ အောက်စီဂျင်ပေးရနှင့်ပါ။ မမမို၏ ဆရာကြီးဒေါက်တာဦးအောင်မြတ်ကလည်း အားလုံး တောက်လျှောက်လိုက်လုပ် မမမိုကိုလည်း ညွှန်ကြားနှင့်ပါ။

ဒက်ဒီကတော့ ဆေးရုံ၏ ပြတင်းပေါက်မှာရပ်၍ မိုးကောင်းကင်ကြီးကို မော့ကြည့်ကာ တိတ်ဆိတ်ခြင်းကြီးစွာဖြင့် မျက်ရည်သာ ကျနေပါသည့်အဖြစ်။ ငွေလေး သတိရလာမှ ဒက်ဒီငွေလေး၏ လက်လေးကို ဆွဲဆုပ်ထားရှာပါ၏။ သူကလည်း ငွေလေး၏နဖူးစပ်လေးကို ဖွဖွသပ်ပေးရင်းမှ အသံသူပြုံး၍...။

"ငွေလေး... ကိုကိုတို့ရှိနေတယ်၊ ငွေလေး ‌ရေ

www.burmeseclassic.com



ကောင်းသွားမယ်၊ နားနေလိုက်နော်၊ နားနေလိုက်''

ဟု သူ တိုးဖွဖွပြောသည်။ သူ့အသံတွေထဲမှာ တကယ့်ကို ယုံကြည်စိတ်ချထားဟန်ဖြင့် အားမာန်၏ အငွေ့အသက်တွေ ပြည့်သိပ်စွာ ပါလာနိုင်အောင်လည်း သူ ကြိုးစားပြောယူရပါ၏။ ငွေလေးကတော့ ဖျော့တော့စွာပဲ ပြုံး၍ မှိန်ဖျော့ချင်နေသည့် မျက်နက်ဝန်းလေးတွေဖြင့် သူ့ကို ကြေကြေကွဲကွဲ ကြည့်လာပါ၏။ အပြုံးက တမြေ့မြေ့နိုင်နေသည်။ တောက်ပခြင်းမရှိ။

ဆေးရုံမှာတက်ရသည့်ရက်များမှာ ငွေလေးကို ဒက်ဒီရော သူရော အရမ်းကို ဂရုတစိုက်ဖြင့် ရှိခဲ့ကြရပါ၏။ ဒက်ဒီသည် အလုပ်ရုံသို့ပင် မသွားခဲ့တော့။ သူလည်း ဘယ်ကိုမျှမသွား။ တဖြည်းဖြည်းဖြင့် ငွေလေး သက်သာလာသည်။ ခုတင်ထက်တွင် ထိုင်နေနိုင်ပြီ။ အခန်းတွင်းမှာ ခပ်ဖြည်းဖြည်း လျှောက်လာနိုင်နေပြီ။ ဆေးရုံမှာရှိနေသည့် ရက်ပိုင်းအတွင်းမှာ ညအချိန်လောက်ပဲ ဒက်ဒီ အိမ်သို့ပြန်၏။ သူကတော့ ငွေလေး၏ဘေးမှာပဲ ခုံတန်းလျားရှည်လေးမှာ လှဲနေလိုက်၊ နှစ်ယောက်ထိုင်ဆိုဖာရှည်ကြီးမှာပဲ အိပ်လိုက်နှင့် နေခဲ့ခြင်းပါ။ စပယ်ရှယ်နှစ်နှစ်ယောက်ကိုလည်း ခေါ်ထားသည်လေ။

ငွေလေး ထိုညက နှစ်နှစ်ခြိုက်ခြိုက်လေး အိပ်မောကျသည်။ မနက်ကျတော့ လန်းဆတ်နေသောမျက်နှာနုနုလေးဖြင့် သူ့ကို ပြုံး၍ ကြည့်ကာ....။

''မောနင်းကိုကို၊ ငွေလေး ဒီနေ့ သိပ်ကို နေလို့ကောင်းနေပါတယ် ကိုကို၊ အိမ်ပြန်လို့တောင် ရတော့



မယ်ထင်တယ်၊ မမမိုလာရင် မမမိုနဲ့ ဆရာကြီးဆီမှာ ခွင့်တောင်းကြည့်ပါလား ကိုကို၊ ငွေလေး ဆေးရုံက ဆင်းလို့ရမလားလို့''

ဟုပြုံး၍ပြောတော့ သူ ငွေလေးကို အကဲခတ်သလို ကြည့်သည်။ တကယ်ပဲ ငွေလေး အသွင်က လန်းလန်းဆန်းဆန်း။ သူ ခေါင်းညိတ်ပြကာ...။

''ဆရာကြီးနဲ့ မမမိုက ဆင်းဆိုရင်တော့ ဆင်းမယ်လေ''

ဟုပြောတော့ ငွေလေး သူ့ကို တစ်ချက်ခပ်တွေတွေကြည့်သည်။ အိပ်ရာမှ နိုးထစ မျက်နှာလေးသည် အပြစ်ကင်းစင်စွာပဲ လှပနေသည်ပါပဲ။ နှုတ်ခမ်းသွေးရောင်လေးတွေ ဖျော့ကျနေကာ မျက်နှာလေးဖြူဖြူဖျော့ဖျော့ဖြစ်နေတာကတော့ ဝေဒနာ၏ သင်္ကေတများအဖြစ် မျက်နှာထက်မှာ ထင်ကျန်နေဆဲ။

''ကိုကို ငွေလေးအတွက် မွေးနေ့မှာ ဝတ်ဖို့ ဝယ်ပေးတဲ့ ဂါဝန်ရှည်လေးကို ဒေါ်ကြီး မနက်ဆေးရုံကိုလာတဲ့အခါ ယူလာပေးပါလို့ မှာပေးပါနော်၊ အဲဒါလေးကိုဝတ်ပြီး ငွေလေး ဆေးရုံကဆင်းချင်တယ်''

ဟုပြောတော့ သူ ချက်ချင်း ဆယ်လူလာဖုန်းကလေးဖြင့် ဗစ်တိုးရီးယားသို့ ဖုန်းဆက်သည်။ ဒေါ်ကြီးလာကိုင်တော့လည်း အင်္ကျီကိုယူလာခဲ့ဖို့ မှာလိုက်ပါ၏။ ဒက်ဒီ့ထံသို့လည်း ငွေလေး ဆေးရုံကဆင်းချင်နေတာကို ဖုန်းဖြင့်ပဲ လှမ်းပြောပြတော့---။

''ဆေးရုံက ခွင့်ပြုမှ ဆင်းပါလား''

www.burmeseclassic.com

www.burmeseclassic.com



ဟု ဒက်ဒီပြောပါ၏။ မမမိုရောက်လာသည်မို့…။

"ငွေလေး ဆေးရုံက ဆင်းချင်နေတယ် မမမို"

ဟု သူ မေးမိစဉ်နိုက် မမမိုမှ ငွေလေးကို ခပ်ငေးငေး တစ်ချက်ကြည့်သည်။ နောက်တော့…။

"ဆရာကြီးက ငွေလေး စိတ်ချမ်းသာအောင် ဘာမဆို လုပ်ပေးရမယ်လို့ မှာထားတယ်၊ ခုလဲ…ငွေလေး…"

ဟုပြောနေရင်း စကားတစ်ချက်တန့်ပြီးမှ…။

"ခုလဲ ငွေလေး နေကောင်းလာနေပြီပဲ၊ အိမ်ကို မမမို လာကြည့်မယ်လေ"

ဟုပြောတော့ ဒက်ဒီကို ဖုန်းဖြင့်ပဲ မမမိုပြောသမျှကို ပြန်ပြောလိုက်ရပါ၏။ မမမို ငွေလေး၏ဘေးမှာ ထိုင်သည်။ လက်လေးကို ဖွဖွညင်ညင်လေး ဆွဲဆုပ်၏။ ဆံစလေးတွေကို မမမိုမှ သပ်ပေးပါ၏။ မမမို၏ မျက်နှာထက်တွင် သူ ဝေခွဲယူရန်ခက်သည့် အရိပ်တွေ အုပ်မိုးနေသည်ဟု သူ ထင်သည်။ ပြုံးထားသော အပြုံးသည် အသက်မပါ။ ငွေလေး ရေချိုးချင်သည်ဆိုတော့လည်း မမမိုက ခေါင်းညိတ်ပြသည်ပါပဲ။ သူတားချင်သည်။ ဒါပေမဲ့ မမမိုမှ စပယ်ရှယ်နာစ်နှင်းဥကို ငွေလေး ရေချိုးနိုင်ဖို့အတွက် စီစဉ်ခိုင်းနေပြီးခဲ့ပြီ။ ဆေးရုံရှိ ငွေလေးအခန်းမှာက ရေနွေးရသည့် ရေချိုးခန်းရှိသည်လေ။ အခန်းထဲမှာ အားလုံးပြည့်စုံသည်။ တီဗွီဒီယို၊ အောက်စက်၊ တယ်လီဖုန်း၊ ရေခဲသေတ္တာ၊ ဗီရိုပုနှစ်လုံး ရေအိမ်နှင့် ရေပူရေအေးရသည့် ရေချိုးခန်း၊ တကယ့်စပယ်ရှယ်



ခန်း။ ခုတင်က နှစ်လုံးရှိသည်။ အဲယားကွန်းရှိသည်။ ဆိုဖာဆက်တီကြီးတစ်စုံရှိသည်။ မနက်တိုင်း သတင်းစာရသည်။ စပယ်ရှယ်ရွှမ်းမှာ ငွေလေးကို ထားခြင်းပါ။ တတိယထပ်မှာမို့ လေကောင်းလေသန့် နုနုအေးအေးကလည်း မှန်ပြတင်းကျယ်ကြီးမှ တိုးဝင်၏။ တစ်ဖက်စီ ဆွဲကပ်ထားသော ခန်းဆီးစတွေကလည်း မျက်စိအေးစေသည့် မိုးပြာနုရောင် ဇာခန်းဆီးကြီးများပါ။ ငွေလေး ရေချိုးပြီး အဝါရောင်ဝတ်စုံလေးဖြင့် ရှင်းသန့်နေအောင် လှနေသည်ပါပဲ။ သူ့ကို ငွေလေး ပြုံး၍မော့ကြည့်ကာ…။

"ကိုကို အိမ်ခဏပြန်ပါလား၊ ကိုကိုလဲ တိုက်ပုံလေး ဘာလေးနဲ့ လှလှပပလေး လာခဲ့ပါလားဟင်၊ ငွေလေး ဆေးရုံကဆင်းချိန်မှာ ကိုကို့ကိုလဲ အဲလိုပဲ မြင်ချင်တယ် ကိုကိုရယ်၊ ဒက်ဒီလဲ လှလှပပ ဝတ်လာရမယ်နော်၊ ကိုကို ဒက်ဒီကိုလဲ အဲသလိုပြော၊ ဒေါ်ကြီးကိုတော့ မြန်မြန်စောလွှတ်လာ ကိုကိုရယ်၊ သွားပါ ကိုကိုရယ်၊ ဒီမှာ မမနှင်းဥက ငွေလေးကို အစစ လုပ်ကိုင်ပေးနေမှာပါ"

ဟုပြောနေတော့ သူ ရင်ထဲ တစ်မျိုးဖြစ်လာသည်။ မမမိုကိုကြည့်တော့လည်း သူ့ကို တိုက်တွန်းသလို ခေါင်းလေးဆတ်ပြနေသည်မို့ ငွေလေး စိတ်ချမ်းသာအောင် သူ ဗစ်တိုးရီးယားသို့ ပြန်ခဲ့ရပါ၏။ ရင်ထဲမှာ လေးချင်နေသည်။ တစ်ခုခုကိုများ ငွေလေး ဖုံးကွယ်သိုဝှက်ထားပြန်ချေပြီလားဟု ရင်ထဲမှာ လေးချင်လာနေသည့်အဖြစ်။ ဒါပေမဲ့ မမမိုကျန်နေခဲ့သည်ပဲလေ။ ငွေလေး

www.burmeseclassic.com

www.burmeseclassic.com



ကို စိုးရိမ်ရသည်ဆိုလျှင် မမမို သူ့ကို ပြန်ခွင့်ပြုမည်မဟုတ်။ ဒေါ်ကြီးကတော့ သူ ဗစ်တိုးရီးယားသို့ ရောက်တော့ မရှိတော့ပြီ။ လေးလေးသိန်းဖြင့် ဆေးရုံသို့ သွားလိုက်ပြီတဲ့။ ဒက်ဒီနှင့် သူ ဝတ်ကောင်းစားလှနှင့် ဆေးရုံသို့ နောက်တစ်ကျော့ အိမ်ကြီးသော့ပိတ်၍ ထွက်ခဲ့ရပါ၏။ သူက အဝါရောင်ပိုးတိုက်ပုံ၊ ရှမ်းလည်ကတုံးလက်ရှည်အဖြူနှင့် အညိုရောင်ပိုးချည်ဖောက် ပုဆိုးလေးနှင့်ပါ။ ဒက်ဒီကတော့ အနောက်တိုင်းဝတ်စုံ မီးခိုးရောင်ဖြင့်ပါတည့်။

ဆေးရုံရှိ ငွေလေးအခန်းသို့ရောက်တော့ သူ ရင်ထဲမှာ နွေးခနဲလည်းဖြစ်ရ၊ ကြည်နူးချမ်းမြေ့ရပါ၏။ လှလိုက်တာ ကလေးရယ်ဟု တစ်ချက် သူ ရင်ထဲမှာ ညည်းလိုက်မိရပါ၏။ မမမိုက ငွေလေးဘေးမှာ ရပ်နေသည်။ ငွေလေးကတော့ ခုတင်ထက်မှာ ထိုင်နေပါ၏။ အခန်းတံခါးဖွင့်၍ဝင်လာပါသည့် သူတို့ကို ပြုံးရယ်၍ ကြည့်လိုက်သည်မှာ အရမ်းကို ပေါ့ပါးကြည်စင်လျှက် ချစ်စဖွယ့်ချစ်စဖွယ် အပြုံးလေးဖြင့်ပါတည့်။

ငွေလေး၏ ပြောင်းနွဲ့ရှည်လျားသော ဆံနွယ်နက်နက်လေးတွေကို ဖားလျားလေးချထားသည်။ ခေါင်းထက်မှာ အဖြူရောင်ပိုးစဖြင့် စီသွယ်ဖြာခက်ထားပါသည့် ပန်းကုံးဝိုက်ဝိုက်လေးကို ဝိုက်ယှက်ထား၏။ အဖြူရောင်ပိုးဂါဝန်ရှည်လေးနှင့် ငွေလေးသည် စန်းပိုက်မင်းသမီးလေးနှင့်တူနေသည်။ တော်ဝင်မင်းသမီးလေးတစ်ပါးနှယ် နန်းဆန်ကြော့စင်နေသည်။ မျက်နှာလေးထက်မှာ မိတ်ကပ်လေး ခပ်ပါးပါး လူးထား၏။ ငွေလေး၏ ပါးပြင်နုနုလေးထက်



မှာလည်း ပန်းနုရောင်မိတ်ကပ်လေး ခပ်ပါးပါးလေး လူးထားသည်မို့ သွေးရောင်လွှမ်းနေသည့်နှယ်လေးဖြစ်နေပါ၏။ အဖြူရောင်ပိုးဂါဝန်ရှည်လေးနှင့် အဖြူတစ်ပွင့်အဝါတစ်ပွင့်ဖြင့် စိမ်းမြမြရွက်ခက်တို့ ရံလျက် ထိုးထားပါသည့် ပိုးသားနှင်းဆီပွင့်လေးတွေ အင်္ကျီရှေ့တစ်ခြမ်းလုံးမှာ လှလှပပ ခက်ခက်နွယ်နွယ်ရှိလျက် လည်ပင်းအနားသပ်လေးတွေအဖြစ် နှင်းဆီပွင့်သေးသေးလေးတွေကို ကပ်ချုပ်ထားသည်မို့ ငွေလေး၏အသွင်လေးက နှင်းဆီနတ်သမီးလေးတစ်ပါးနှယ်ပါတည့်။ ဩော်…သူကိုယ်တိုင် ငွေလေး၏ မွေးနေ့မှာဝတ်ဖို့အတွက် တကူးတက ဝယ်လာခဲ့ပါသည့် အင်္ကျီလေး။ ထိုအခိုက် ဆေးရုံအခန်းတွင်းသို့ နုနုနွယ်နှင့် ရီဦးတို့လည်း ရောက်လာကြသည်။ လက်ထဲမှာလည်း သေချာထုပ်ပိုးထားပါသည့် ကြွေစက္ကူဖုံး ဘူးလှလှလေးတွေဖြင့်ပါ။ ငွေလေး ပြုံး၍ သူ့ကို ကြည့်လာပါ၏။ အရမ်းကို တောက်ပရွှန်းလဲ့နေသော မျက်ဝန်းလေးတွေဖြင့်ပါ။

"ကိုကို…ငွေလေးကို လာတွဲခေါ်ပါဦး"

ဟုပြောလာတော့ သူ ငွေလေးအနီးမှာရပ်ကာ ငွေလေး ကမ်းပေးပါသည့် လက်နုနုထွေးလေးကို ထွေးဆုပ်၍ ခေါ်ခဲ့ရပါ၏။ ငွေလေးမှ လှပသည့် စားပွဲခင်းဖြူဖြူလေးခင်းထားရာ စားပွဲဆီသို့ လျှောက်သည်။ မမမိုကို ငွေလေး လှမ်းကြည့်တော့ ရေခဲသေတ္တာတွင်းမှ ပန်းကိတ်ကြီးတစ်လုံးကို ယူလာပါ၏။ နှင်းဆီခက်တွေဖြင့် လှလှပပ ပုံဖော်ထားပါသည့်ကိတ်…။

ငွေလေး ဒက်ဒီကို ကြည့်သည်။ နောက် သူ့ကို ကြည့်

www.burmeseclassic.com

www.burmeseclassic.com



သည်။ မမမိုကတော့ ပြုံး၍ ငွေလေးဘေးမှာ ရပ်နေပါ၏။ သူ ငွေလေးကို အကဲခတ်သလို ငုံ့မိုးကြည့်ကာ . . .။

"ငွေလေး . . . ခု . . . တစ်ခုခုလုပ်ဖို့ရှိနေသလိုပဲ၊ ကိုကို နဲ့ဒက်ဒီမသိအောင် ကြိုတင်စီမံထားသလိုပဲ"

ဟု ခပ်တိုးတိုးလေး ငုံ့မိုးမေးမိရပါ၏။ ငွေလေး၏မျက်နှာထက်မှာ ထိုမျှအထိ အေးချမ်းကြည်စင်သော အပြုံးလှလှလေးကို သူ မတွေ့စဖူး . . .။ ငွေလေး၏ အပြုံးတိုင်းသည် လှနေစမြဲ။ ပါးချိုင့်ခွက်လေးနှင့် ကြည်စင်သော ပုလဲသွယ်သွားလေးတွေကို ပိုင်ဆိုင်ပါသော မျက်နှာ လှလေးထက်မှာ ထင်သည့် အပြုံးတိုင်းသည် အမြဲ လှပရှင်းသန့်စမြဲ။ ချစ်စဖွယ်ဖြစ်နေမြဲ။ ဒါပေမဲ့ ယခုအပြုံးလေးက ပိုု၍ပို၍ လှနေသည်ဟု သူ ထင်နေမိရပါ၏။ ငွေလေး သူ့ကို မော့ကြည့်သည်။ ဒက်ဒီကိုလည်း ကြည့်သည်။

"ကိုကိုနဲ့ ငွေလေးတို့ လက်ထပ်ကြမယ်လေ ကိုကို၊ ခု အဲဒါကို မမမိုနဲ့ တိုင်ပင်ပြီး ငွေလေး စီစဉ်တာပါ၊ နုနုနွယ်နဲ့ ရှိဦးကိုလဲ မနေ့က သူတို့ဆေးရုံကို မနက်တိုင်းလာကြည့်နေကျအချိန်မှာ ငွေလေး ဖိတ်ထားတာပါ၊ ဒီကိတ်ကို မမမို စီမံဝယ်လာပေးတာပါ"

ဟုပြောလာတော့ သူ ရင်ထဲမှာ အံ့ဩနေမိရသည်။ ကြည်နူးခြင်းကို ခံစားရပေမယ့် တစ်ခုခုတော့ ထူးခြားခြင်းဖြစ်နေပြီဟု ရင်ထဲလည်း ထင့်ချင်၏။ ဘာကြောင့် ငွေလေးသည် သူ့ကို အသိမပေးတော့ဘဲ လက်ထပ်ဖို့ မမမိုနှင့်ပဲ တိုင်ပင်စီစဉ်လိုက်ရပါသတဲ့လဲ။ ဒက်ဒီပင်မသိ။ ခုမှ အံ့ဩနေသည့်အဖြစ်။ ဒါပေမဲ့



ငွေလေးနှင့် လက်ထပ်ဖို့အတွက် သူ ငွေလေးထံမှ အသည်းအသန် ကို တောင်းပန်ခဲ့သည်မဟုတ်ပါလား။ ဒက်ဒီကလည်း ခွင့်ပြုသည် ပါပဲ။ လိုလားသည်ပါပဲ။ ငွေလေးကို ဒက်ဒီ ဟိုးငယ်စဉ်ကတည်းက သမီးလေးလိုလည်း ချစ်ခဲ့ပြုစုခဲ့သည့်နှယ်။ ချစ်သောသားနှင့် တခမ်းတနား လက်ဆက်ပေးလိုပါသော ချွေးမလေးအဖြစ်လည်း မျှော်လင့်ခြင်းများစွာဖြင့် ချစ်ခဲ့သည် မဟုတ်ပါလား။

"ဒက်ဒီရဲ့ ဖြစ်လိုတဲ့ဆန္ဒ၊ ကိုကိုရဲ့ ဖြစ်တည်လိုတဲ့ ဘဝ၊ ငွေလေးရဲ့ မျှော်လင့်လွမ်းခဲ့တဲ့ဘဝ၊ ပြီးတော့ ဖေဖေကိုယ်တိုင်က အရမ်းကို ဖြစ်စေချင်တဲ့ဘဝကို ငွေလေး ပိုင်ဆိုင်သွားချင်ပါတယ်၊ လာကိုကို ဝယ်လိဒင် ကိတ်လေး လှီးလိုက်ကြရအောင် လာပါ"

ဟုပြောတော့ ငွေလေးနှင့်တူတူ သူ ကိတ်ကို ငွေဓား ငယ်လှလှလေးဖြင့် လှီးရပါ၏။ ဆရာကြီး ဒေါက်တာဦးအောင် မြတ်လည်း ရောက်လာကာ မင်္ဂလာကိတ်ကို လှီးနေပါသည့် ငွေလေးနှင့်သူ့ကို ခပ်ငေးငေးကြည့် အားယူပြုံးသည့်အပြုံးဖြင့် လည်း ခပ်ဖွဖွလက်ခုပ်တီးတာကို သူ မြင်နေရသည်။ ငွေလေး ကိတ်ကို သူ့ကိုခွံ့ကျွေးပါ၏။ အရာရာတိုင်းကို ငွေလေး စိတ်ကို လွှတ်ပေးထားလိုက်သည့်နှယ်။ ကြည်နူးပျော်ရွှင်ခြင်း ပြည့်ဝလွှမ်း နေသည့် မျက်နှာလေးဖြင့် မော့ကြည့်၍ ကျွေးခြင်း၊ သူခွံ့ကျွေးမည့် မုန့်ကိုစားဖို့အတွက်လည်း ပြုံး၍ ခပ်မော့မော့လေး ပါးစပ်လေး ဟကာ စောင့်ဆိုင်းနေပါ၏။ သူ ကိတ်မုန့်လေးကို ခွံ့ကျွေးလိုက် တော့ အားလုံးက လက်ခုပ်တီးကြ၊ ပျော်ကြနှင့်ပါ။ ဒက်ဒီကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ငွေလေး မုန့်ခွံ့ကျွေးသည်။ အခန်းထဲမှာရှိနေသည့်သူတိုင်းကို ငွေလေး ခွံ့ကျွေးသည်ပါပဲ။ ရယ်လည်းရယ်နေသည်။ သူ့လက်မောင်းကြီးကိုလည်း အားကိုးစွာ မှီတွယ်ထားလိုက်သေးသည့်အဖြစ်။ ထိုမျှအထိ ပေါ့ပါးကြည်စင်လွန်းစွာ ငွေလေး ပျော်လွန်းနေတာမျိုးကိုလည်း သူ မမြင်ခဲ့စဖူး။ ဤနေ့မှာ ငွေလေး အရမ်းကို လွတ်လပ်ကြည်စင်လွန်းစွာ စိတ်လွတ်ထားသည့်ပုံလေးဖြင့် ပျော်နေခြင်း၊ ငွေလေး အရမ်းကို လှနေတာလည်း အမှန်။ မျက်နှာထက်မှာ မိတ်ကပ်လေး ပါးပါးလူးထားသည်မို့ ပန်းနုသွေးလျှမ်းနေသည်။ တကယ့်ကြွေရုပ်လေးနှယ်ပါတည့်။ ခေါင်းထက်မှ ပန်းဆံခွေဖွေးဖွေး လေးကြောင့် ငွေလေးသည် ပိုးဂါဝန်ရှည်လေးဖြင့်ပို၍ နန်းဆန်ကြော့စင်နေသေးသည့်အဖြစ်။ အခန်းထဲမှာ လူသိပ်မရှိ။ ဆရာကြီး ဦးအောင်မြတ်၊ မမမို၊ ဒက်ဒီ၊ သူနှင့် နုနုနွယ်၊ ရီရီဦး၊ စပယ်ရှယ်နာ့စ်နှင်းဥနှင့် မြမြ ဒါပဲရှိကြသည်။

"လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးလိုက်ရအောင် ကိုကို"

သူ ငွေလေးကို ခပ်ငေးငေးငုံ့စိုက်ကြည့်မိရပါ၏။ ဘာတွေလုပ်နေတာလဲ ငွေလေးရယ်ဟု မမေးရက်။ လုပ်ချင်တာလုပ်ပါစေလေဟု အလိုလိုက်စိတ်ဖြင့် လိုက်လျောနေမိရပေမယ့် ဗစ်တိုးရီးယားလိုအိမ်ကြီး၊ ခြံကျယ်ကြီးမှာ တခမ်းတနား လက်ထပ်ပွဲကျင်းပနိုင်ပါလျက်ကယ်နှင့် ဘာကြောင့် ဆေးရုံရှိ ငွေလေးနေနေပါသော ဤအခန်းထဲမှာ ဘာကြောင့် လက်ထပ်ရပါသတဲ့လဲ။ ထိုသို့ အစီအစဉ်ရှိတာကိုလည်း သူရော ဒက်ဒီရော ဘာမျှ



မသိလိုက်ကြရ။ ခုမှ သိရခြင်း။

မမမိုချပေးပါသော ရွှေဝါရောင်ဖိုင်ထဲမှ လက်ထပ်စာချုပ်နှစ်ရွက်ထက်မှာ သူနှင့်ငွေလေးတို့ လက်မှတ်ထိုးကြရပါ၏။ ငွေလေး၏ လက်လေးတွေ သိသိသာသာတုန်နေကြတာကို သူ မြင်နေရသည်။ သူကိုယ်တိုင်လည်း စိတ်တွေ လှုပ်ရှားနေမိရသည်ပါပဲ။

"မမမိုက မမမိုရဲ့သူငယ်ချင်းရှေ့နေဆီမှာ ဒီစာချုပ်ကို လုပ်ပေးခိုင်းတာတဲ့ ကိုကို၊ ငွေလေး အကူအညီတောင်းလို့လေ၊ မမမိုက ကိုကိုနဲ့ငွေလေးတို့ကို ခုလို လက်ထပ်ဖြစ်တဲ့အတွက် ကြည်နူးနေတာပါ"

ဟုသူ့ကို ခပ်တိုးတိုးပြောပြကာ မမမိုကို ငွေလေး လှမ်းကြည့်ပါ၏။

"ကျေးဇူးတင်ပါတယ် မမမို"

ဟုလည်း လက်အုပ်လေးချီ၍ ပြောတော့ မမမို ခေါင်းလေးပဲညိတ်ပြသည်။ မမမို၏ မျက်ဝန်းထက်မှာ မျက်ရည်စို့နေသည်ဟု သူ ထင်၏။

အသိသက်သေလူကြီးများရှေ့မှောက်တွင် နှစ်ဦးသဘောတူကြလျက် လူကြီးမိဘ၏ သဘောတူညီမှုဖြင့် လက်ထပ်ပါသည်ဟူသော စာသားများပါသည့် စာချုပ်မှာ ဒက်ဒီ၊ ဆရာဦးအောင်မြတ်၊ မမမိုနှင့် လေးလေးသိန်းတို့က အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးကြပါသည့် စာချုပ်ကို ငွေလေး [illegible] ဖွေးကိုင်ကာ ကောင်းကင်ပြာကြီးဆီသို့ ပြတင်းမှ လှမ်းမျှော်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်တာ...။

"ဖေဖေ့စကားကို ငွေလေး နားထောင်ပါတယ်
ဖေဖေ၊ ဖေဖေ ကြည်နူးဝမ်းသာပါ"

ဟု ခပ်တိုးတိုးပြောနေသံကိုလည်း သူ ကြားနေရသည်။ သူ ရင်ထဲမှာ ထင့်ခနဲဖြစ်၏။ ငွေလေးကို သူ အကဲခတ်သလို တောက်လျှောက်ကြည့်နေမိရဲ၊ ဘာကြောင့် ဤနေရာမှာ ဤနေ့မှာ လက်ထပ်ရပါသလဲ။ ဒါကို သူ မည်သို့မှ အဖြေရှာယူ၍မရ။ ဒါပေမဲ့ သူချစ်သော မိန်းကလေးကို သူ မြတ်နိုးခြင်းအတိဖြင့် လက်ထပ်ခွင့်ရသည်မို့တော့ဖြင့် သူ ကြည်နူးချမ်းမြေ့ရ၊ ဝမ်းသာရပါ၏။ ငွေလေးကို သူ တယုတယ ထွေးထွေးပိုက်ပိုက်ဖြင့် မြှုစသွားခွင့်ရှိပြီ။ ထိုသို့ မြှုစရန်အတွက်လည်း အကြင်လင်မယား ဖြစ်ကြချေပြီမို့ အမြင်လည်း တင့်တယ်သည်လေ။ ငွေလေးကို သူ ရအောင်ကုမည်။ နိုင်ငံခြားသို့ပဲ ခေါ်သွားရ သွားရ၊ သွားကုမည်။ ဒါ သူ့မျှော်လင့်ထားချက်။ ငွေလေးသည် သူ့ဘဝအဖော် အဖြစ်မှ ဘယ်သောအခါတွင်မှ စတင်၍ လက်တွဲဖြုတ်သွားခြင်း မဖြစ်စေရ၊ သူသည် လွမ်းဆွတ်ကြေကွဲစွာ ကျန်ရစ်သူမဖြစ်စေရ။

"ဒက်ဒီကို ကန်တော့ရအောင် ကိုကို၊ ပြီးရင်
ဆရာကြီးတို့ မမမိုတို့ကိုလဲ ငွေလေး ကန်တော့ချင်ပါ
တယ်"

ဟုငွေလေးပြောကာ ကြမ်းပြင်တွင် ထိုင်၍ လက်အုပ်ချီတော့ သူ လိုက်ထိုင်ရ၊ ငွေလေးနှင့်တူတူ ကန်တော့ရပါ၏။ ဒက်ဒီခမျာ အသံတုန်အက်နေလျက်...။



"ဒက်ဒီ့သားနဲ့သမီးလေး ဘဝတစ်သက်တာ
ကြည်နူးချမ်းမြေ့စွာ ကျန်းမာအသက်ရှည်စွာနဲ့ မခွဲမခွာ
ပေါင်းဖက်သွားကြရပါစေကွယ်"

ဟု ဆုတောင်းကာ မျက်ရည်ဝဲရှာပါ၏။ ပေးတဲ့ဆုနဲ့ ပြည့်ပါစေဟု သူ နှုတ်မှ ဖွဖွပြောမိကာ ငွေလေးကိုကြည့်မိတော့ ပန်းပုရုပ်လေးချထားသည့်နှယ် ကြော့ကြော့စင်အောင် လှနေပါသည့် ငွေလေးသည် ဒက်ဒီ့ကို မော့မော့လေးငေးကြည့်ငြိမ်သက်နေတာကို မြင်ရသည်။ သူပြောသလို ငွေလေးလိုက်မပြော။ ပေးတဲ့ဆုနဲ့ပြည့်ပါစေလို့ ဘာလို့ မပြောတာလဲ ငွေလေးရယ်ဟု သူ မေးချင်နေသည်။ ကျန်းမာအသက်ရှည်စွာ မခွဲမခွာ ပေါင်းဖက်သွားရပါစေဆိုသည့် ဆုထက် ပို၍တမ်းမက်လိုလားပါသောဆု သူ့ဘဝမှာ မရှိနိုင်တာ သူ အသိဆုံး။ ငွေလေးလည်း ထိုသို့ပဲ ဖြစ်တည်ချင်တာ သူသိနေသည့်ပါပဲ။ ဒါပေမဲ့ ငွေလေး ဘာကြောင့် ဒက်ဒီ့ကို တိတ်ဆိတ်စွာ မော့မော့လေး ငြိမ်သက်ငေးကြည့်နေပါသလဲ။

ငွေလေး ဆရာကြီးကို ကန်တော့သည်။ မမမိုကို ကန်တော့သည်။ နုနုနွယ်နှင့် ရီဦးတို့ကိုလည်း ရင်ခွင်ထဲတိုးဝင်၍ ဖက်တွယ်နှုတ်ဆက်နေသည်။ အားလုံးသည် သူ့ရင်ကို ထင့်သည်ထက် ထင့်လာနေစေသည့်အဖြစ်။ ငွေလေး ဤသို့ ရုတ်ခြည်း စီစဉ်ခြင်းမှာ တစ်ခုခုတော့ ရှိရမည်။ မမမိုကို သူ အရေးတကြီး စိုးရိမ်ခြင်းအတိဖြင့် ကြည့်မိတော့ မမမိုမှ သူ့ကိုခေါင်းလေးပဲ ညိတ်ပြသည်။ ငွေလေး လုပ်ချင်သမျှ လုပ်ပေးပါဆိုသည့် သဘော

www.burmeseclassic.com

www.burmeseclassic.com



မှန်း သူသိနေရပါ၏။ ငွေလေး စိတ်ချမ်းသာဖို့ အစိကဆိုသည့်သဘော။ မမမိုကိုယ်တိုင်ပင် ကိတ်နှင့် လက်ထပ်စာချုပ်ကအစ ဆောင်ရွက်ပေးသည်မဟုတ်ပါလား။

"ပြန်ကြရအောင်ကိုကို အိမ်ကိုပြန်ကြရအောင်၊ ရီဦးနဲ့ နုနုနွယ် နင်တို့ရဲ့မင်္ဂလာလက်ဖွဲ့အတွက် ငွေလေး သိပ်ကို ကျေးဇူးတင်တယ်၊ ခုလို လာကြတဲ့အတွက်လဲ သိပ်ကျေးဇူးတင်တယ်၊ မနက်ဖြန်ကျမှ ငါ့ဆီကို လာခဲ့ကြနော်၊ လာကိုလာကြမယ်ဆိုတာ ငွေလေး သိထားပါတယ်၊ ကဲ…နင်တို့ပြန်ကြတော့၊ ငွေလေး လဲ အိမ်ပြန်ရဦးမှာ၊ သိုင်းစ်…"

ငွေလေး ကျောင်းမတက်ဖြစ်ခဲ့တာ လုံးဝပါ။ ရီဦးနှင့် နုနုနွယ်တို့သာ ငွေလေးထံလာလာနေကြသည်မို့ အဆက်အသွယ် မပြတ်ကြရခြင်းပါ။ ငွေလေး မြပန်းဝေမှာရှိနေတုန်းကလည်း ရောက်ရောက်လာကြရှာသည့် သူငယ်ချင်းကောင်းများပါတည့်။ ဒါကြောင့်လည်း ငွေလေး သူငယ်ချင်းနှစ်ယောက်ကို ပို၍အချစ်တိုးရ သံယောဇဉ်ကြီးရခြင်းပါ။

ပြန်တော့ဟု ငွေလေးကပြောလာသည်မို့ ရီဦးနှင့် နုနုနွယ်တို့ နည်းနည်းတော့ အံ့သြသွားကြပုံရသည်။ နောက်နေ့မှလာဟုလည်းပြောလိုက်ပြန်သေးသည်မို့ ခေါင်းလေးညိတ်ပြရကာ ငွေလေး၏ပါးလေးကို နမ်း၍ နှုတ်ဆက်ကြသည်။ သူ့ကိုလည်း ပြုံး၍ကြည့်ကြကာ…။

"ရီဦးတို့ရဲ့သူငယ်ချင်းရောဂါသည်လေးကို အလို



လိုက်ရမယ်နော် ကိုကို၊ မနက်ဖြန်မှ ကိုကို ရီဦးတို့ကို သီးခြားဧည့်ခံရမယ်၊ ငွေလေးနဲ့တူတူ ကုရဝိက်မှာ သွားစားကြမယ်၊ တကယ်စားမှာနော်၊ အကောင်းစားတွေချည်း ရွေးစားမယ်"

"ဟဲ့…ရီဦး နေစမ်းပါဦး၊ အဲဒီကို နင် ရောက်ဖူးလို့လား"

"ရောက်ဖူးတာပေါ့ဟ အိပ်မက်ထဲမှာအဟက်…"

ဟု ရယ်မောနောက်ပြောင်နေကြမှပဲ အခန်းထဲမှာ ရယ်မောသံ သဲ့သဲ့ဝေစည်၏။ ရီဦးနှင့် နုနုနွယ်တို့ ပြန်သွားကြတော့မှ ငွေလေး သူနှင့်ဒက်ဒီကိုပြုံး၍ မော့ကြည့်ကာ…။

"ငွေလေးနောက်…နောက်ထပ် ဆေးရုံမတက်ရတော့အောင် ငွေလေးရဲ့သက်စေ့ ဖယောင်းတိုင်ရယ်၊ အမွှေးတိုင်ရယ်၊ ပန်းရယ် ရွှေတိဂုံစေတီမှာ ပူဇော်ပေးပါဒက်ဒီ၊ ကိုကိုလဲ တူတူပူဇော်ပေးရမှာနော်၊ ဒီမှာက ဖယောင်းတိုင်၊ အမွှေးတိုင်၊ ပန်းကတော့ ငွေလေး လေးလေးသိန်းနဲ့ မှာလိုက်တယ်၊ ဖုန်းနဲ့လေ ဒေါ်ကြီး ဆေးရုံကိုလာခါနီးလောက်မှာပဲ အိမ်ကို ဖုန်းလှမ်းဆက်လိုက်တာ မီသွားတယ်၊ နှင်းဆီပန်းတွေ ငွေလေး သက်စေ့ဝူးလာပေးပါလို့၊ အဲဒါ ပါလာတယ်၊ ကိုကိုနဲ့ငွေလေးရဲ့ မင်္ဂလာနေ့မှာ ဘုရားမှာသွားပူဇော်ပြီး ဆုတောင်းပေးနော်၊ ကိုကိုနဲ့ဒက်ဒီတို့ကိုယ်တိုင် ဘုရားမှာ ဆုတောင်းပေးပါနော်"

www.burmeseclassic.com

www.burmeseclassic.com



ဟု တဖွဖွပြောနေသောငွေလေးကို သူ အတန်ကြာ ငုံ့မိုးငေးစိုက်ကြည့်သည်။ ငွေလေး၏ မျက်ဝန်းနက်နက်လေးတွေထဲမှာ အဖြေတစ်ခုခုကို ရှာဖွေတွေ့ရှိနိုးဖြင့် သူ အကဲခတ်ကြည့်ကြည့်ခြင်း။ ငွေလေးသူ့ကို မော့ကြည့်၍ ပြုံးနေသည်ပါပဲ။ ငွေလေး၏ ကိုယ်လေး အရမ်းကို ပါးလျားလွန်းသွားတာ၊ အသားလေးတွေ ဖျော့ကျနေတာတွေကို ယခင်နေ့တွေအထိ သူ အစဉ်တစိုက် မြင်နေခဲ့ရသည်ပဲ။ ဤနေ့မှာ ငွေလေး ဆေးရုံကလည်းဆင်း၊ သူနှင့်လည်း မြတ်နိုးဖြစ်တည်လွန်းစွာ လက်ထပ်ခဲ့ပြန်သည်။ သူ တစ်ချက် သက်ပြင်းရှိုက်၍…။

"ငွေလေး ကိုကိုနဲ့အတူ ဘုရားကို လိုက်ခဲ့ပါလား"

ဟုပြောတော့ ငွေလေး ခေါင်းလေး ငြိမ်းကာ…။

"ငွေလေး ပြန်နားချင်လို့ပါ ကိုကို"

ဟုပဲပြောလာပြန်သည်မို့ သူ ဇွတ်ခေါ်ရခက်နေသည်။ ဒက်ဒီနှင့်သူ့ရှေ့မှာ ငွေလေးရပ်ပါ၏။ အတန်ကြာမမိုတ်မသုန် ဒက်ဒီနှင့်သူ့ကို ကြည့်သည်။ နောက်မှ သတိတရလေးပဲ သူ့လက်မှာ လက်စွပ်လေးတစ်ကွင်းကို ဝတ်ပေးလာပါ၏။ ထိုလက်စွပ်လေးကို ငွေလေး၏ လက်ညှိုးမှာစွပ်ထားပါ၏။ သူ့လက်သူကြွယ်တွင် ဝတ်ပေးသည်။

"မမမိုကိုမှာလိုက်တာလေ၊ ငွေလေးလက်ညှိုးနဲ့ အတော်ကြီးကို ချောင်နေတာကိုကို၊ လက်ထပ်လက်စွပ်လေးလေ"



ဟုငွေလေးပြောကာ လက်စွပ်ရွှေကို ဝတ်ထားပါသည့် သူ့လက်ကိုယူကာ တယုတယနမ်းရှိုက်တော့ သူ ငွေလေးကို ကြည့်ရင်းကြည့်ရင်းဖြင့် မသက်သာချင်တော့။ ငွေလေးမှာ အကြောင်းတစ်ခုခုရှိနေသည်ဟု သူ့ ထင်လာသည်။ ဒါပေမဲ့ သူ လူတွေရှေ့မှာ မေး၍လည်းဖြစ်ချေမည်မဟုတ်သည့်မို့ ဗစ်တိုးရီးယားမှာကျမှပဲ မေးတော့မည်ဟု ဆုံးဖြတ်ကာ လေးလေးသိန်းကို လှမ်းကြည့်မိလျက်…။

"ပန်းတွေက ကားထဲမှာလား လေးလေးသိန်း"

"ဟုတ်တယ် ခန့်လေး၊ ရေစင်စင်နဲ့သန့်စင်ဆေးပြီးမှ ပန်းထည့်တဲ့ပလတ်စတစ်ခြင်းထဲမှာ ထည့်ယူလာတာ ဘုရားပူဇော်ဖို့ယူလာပါလို့ ငွေလေးက ဒေါ်ကြီးကို မှာတာမို့လေ"

ဟုပြောသည်မို့ သူ ဒက်ဒီနှင့်အတူ အခန်းတွင်းမှ ထွက်ဖို့ တံခါးရှက်အနီးရောက်မှ…။

"ဒေါ်ကြီး ငွေလေးကို ဂရုစိုက်နော်၊ ဆေးရုံဒီနေ့မှဆင်းရတာ၊ အိမ်မှာ နားနားနေနေ နေခိုင်း"

ဟုပဲ ထပ်မှာမိရပါ၏။

ငွေလေးကို သူ ထပ်ကြည့်မိသည်။ အကြည့်က တစိုက်မတ်မတ်နိုင်စွာပဲ ဒက်ဒီနှင့်သူ့ထံပါးမှာ အစဉ်တစိုက် ရှိလွန်းနေသည်။ ကြည့်မဝနိုင်ခြင်းဆန်နေ၏။ အမြန်ဆုံး ဘုရားသို့သွားမည်။ ပန်းဆီမီးနှင့် အမွှေးတိုင်တို့ကို ပူဇော်ဆုတောင်းမည်။ ငွေလေးနှင့် ဘဝတစ်သက်တာမှာ မခွဲမခွာ နေလိုခြင်းသက် သွယ်အရာ

www.burmeseclassic.com

ကိုမျှ သူ မတမ်းဆက်။ မဖြစ်လို။ ငွေလေးကို သူ အခန်းမှ အထွက်တွင် နောက်တစ်ကျော့ ထပ်ကြည့်မိသည်။ ငေးရီရီလေး ကြည့်မဝနိုင်စွာ ကြည့်နေဆဲ မျက်ဝန်းနက်လေးကို မြင်ရပြန်သည့် အဖြစ်။

ငွေလေး၏ပျောင်းနွဲ့ပါးလျားလွန်းသော ကိုယ်ဟန်လေးက လေတိုက်လျှင်ပင် နွဲ့ကျသွားလုမတတ် ပါးလျားလွန်းသွားတာ အမှန်။ သူဝယ်ပေးခဲ့ပါသည့် လှပလွန်းပါသော ပိုးဂါဝန်ဖြူလေးသည်ပင်လျှင် အတော်ကြီး ချောင်ကျနေသည့်အဖြစ်။

"ကိုကို အမြန်ဆုံး ဗစ်တိုးရီးယားကိုပြန်လာမယ် ငွေလေး၊ မမဗို ငွေလေးနားမှာနေပေးနော်"

ဟု သူ ထပ်ပြောမိ၏။ ယခုတိုင် ငွေလေး ဘာကိုမျှ ထပ်မပြောတော့။ မပြောင်းလဲသောအကြည့်လေးတွေဖြင့်သာ ငေး ငေးစိုက်စိုက် ကြည့်နေဆဲ။ ကြည့်နေမြဲ။ မဝနိုင်သောအကြည့်။ ကြည့်မဝနိုင်ခြင်းဆန်သောအကြည့်။ ငေးရီရီအကြည့်။

ဗစ်တိုးရီးယား၏ ပေါ်တီကိုအောက်မှာ ကားရပ်လိုက်ချိန်၌ မျက်နှာအပျက်ကြီးပျက်ကျလျက် လှေကားထစ်မှာ ထိုင်နေသည့် လေးလေးသိန်းကို တွေ့ရပါ၏။ လေးလေးသိန်း၏မျက်ဝန်းတွေမှာ မျက်ရည်ဝဲနေသည်။ လေးလေးသိန်းမှ ကားဖြင့် ဗစ်တိုးရီးယားသို့ ငွေလေးတို့ကို ခေါ်လာရခြင်းပါ။ သူတို့



ဘုရားမှပြန်လာတော့ ဗစ်တိုးရီးယားသည် တိတ်ဆိတ်လွန်းနေ၏။ ပြီးတော့ အဝင်တံခါးမကြီးမှာလည်း သော့ခတ်ထားမပျက် ရှိနေဆဲ။ ဘာကြောင့် ဒေါ်ကြီးထံမှာ သူ အပ်ထားခဲ့ပါသည့်သော့ကို ဖွင့်ဝင်ခြင်းမရှိကြပါသတဲ့လဲ။ ပြီးတော့ လေးလေးသိန်း တစ်ယောက်တည်းပဲ ဤနေရာမှာ ရှိနေသည်။ ဒါဆို...။ ဒါဆိုလျှင် ငွေလေး အဘယ်မှာ ရှိနေပါသလဲ။ သူ စိုးရိမ်တကြီး ခြေလှမ်းကြီးကြီးဖြင့် လေးလေးသိန်းထံသို့ သွားမိရစဉ်ခိုက် လေးလေးသိန်းကဖြင့် ရှိုက်ကြီးတငင် ငိုချလိုက်ပါပြီ။

သူ့ရင်တစ်အုံလုံး ဆုပ်ညှစ်ခြေလိုက်သည့်သို့ ခံစားရပါ၏။ ဆေးရုံမှာ ငွေလေး ကျန်ခဲ့ချေပြီလား။ ငွေလေး...ငွေလေး ဘာဖြစ်သွားချေပြီတဲ့လဲ။ တစ်ကိုယ်လုံးရှိ သွေးတွေအားလုံး ဆိုင်းကျကုန်သည်သို့ သူ ခံစားရပါပြီ။ တုန်လှုပ်ချောက်ချားစိတ်ဖြင့် လေးလေးသိန်းထံ သူ လျှောက်သွားကာ...။

"ငွေလေးရော လေးလေးသိန်း...ဟင်...ငွေလေးရော၊ ပြီးတော့ အားလုံး ဘယ်မှာရှိနေကြသလဲ၊ ဒေါ်ကြီးပြီးတော့ မမဗို"

ဟု သူ လေးလေးသိန်း၏ပခုံးကို လှုပ်၍ စိတ်လောတကြီး မေးနေတော့ လေးလေးသိန်း အနိုင်နိုင်ခေါင်းမော့သည်။ ဒက်ဒီကတော့ ရုံးဝတ်တိတ်ဆိတ်ကျနေလျက် မျက်နှာထက်မှာ သွေးရောင်ဖျော့ကျနေပြီ။

"မြပန်းဝေမှာပါ ခန့်လေး၊ မြပန်းဝေကို အရင် မောင်းပါလို့ လေးလေးသိန်းကို ပြောတော့ မောင်းပို့

www.burmeseclassic.com

www.burmeseclassic.com



ပေးမိတာယ်၊ ဟိုကို ခဏဝင်ချင်တယ်ထင်ပါရဲ့ဆိုပြီးတော့ လေ၊ ကားနောက်ခန်းမှာ ငွေလေးနဲ့ ဒေါက်တာမြင့်မိုဲ ထိုင်တယ်၊ ဒေါ်ကြီးက လေးလေးနဲ့ ရှေ့ခန်းမှာပဲ ထိုင် လိုက်လာတာ၊ ဟိုကိုရောက်တော့ ခြံစောင့် ဦးဘိုးမျှင် နဲ့ ထမင်းချက် အဒေါ်ကြီး ဒေါ်မြနွဲ့တို့ရှိနေကြတယ် လေ၊ သူတို့ကလဲ ငွေလေး ဆေးရုံကဆင်းလာလို့ဆိုပြီး ဝမ်းသာကြပါတယ်၊ ဆေးရုံကို သူတို့ လာလာကြည့် ကြတာမို့ ငွေလေးကို အတော်လေး ချစ်ကြတာလဲ လေးလေးသိန်းသိထားတာမို့ ငွေလေး သူတို့ကို သွား နှုတ်ဆက်၊ တွေ့တယ်လို့ ထင်မိတာ၊ တကယ်က…''

ဟုပြောပြီး ယူကြုံးမရဟန်ဖြင့် ခေါင်းကို လက်သီးဆုပ် ဖြင့်ခပ်နာနာထုပစ်ကာ…။

''အဲလိုမှန်းသိရင် လေးလေးသိန်း မြပန်းဝေကို လိုက်မပို့မိပါဘူး ခန့်လေးရယ်၊ ငွေလေးလေ ဧည့်ခန်း ထဲမှာပဲ အားကုန်ကြုံးပြတ်ကြီး ဆိုဖာပေါ်မှာ လှဲချလိုက် တယ်၊ လေးလေးကို ပြန်ခိုင်းတယ်၊ သူ အဲဒီမှာ နေမှာ တဲ့၊ အဲဒီအိမ်မှာ သူ့မေမေရဲ့ ဝိညာဉ်ရှိနေမှာပါတဲ့၊ သူ့အ မေအရိပ်မှာ သူ ခဏတော့ နေသင့်သေးတယ်တဲ့''

ဟုပြောတော့ သူ ရင်ထဲမှာ လောင်မြိုက်စွာဖြင့် တဖြည်း ဖြည်း နားလည်လာပါပြီ။ ငွေလေး…ငွေလေး ဒက်ဒီနှင့်သူ့ကို တမင် ဆေးရုံမှ ခွဲထုတ်ထွက်ခွာစေခြင်းဟု…။

''ပြီးတော့ ငွေလေး ငိုတယ်၊ သူ့ကိုယ်သူ သိတယ်



တဲ့၊ ဒါကြောင့် သူ ဆရာကြီး ဦးအောင်မြတ်နဲ့ မမမို ကို မနေ့က တောင်းပန်ပြီးတော့ကို ဒီနေ့မှာ ဆေးရုံက ဆင်းနိုင်ဖို့ ကြိုးစားခဲ့တာပါတဲ့၊ လူနာရှင်ရဲ့ နောက်ဆုံး ဆန္ဒဆိုတာကို…''

လေးလေးသိန်း အသံတစ်ချက်တိမ်ဝင်၏။ သူ့တစ်ကိုယ် လုံး တောင့်မတ်နေလျက် အံတင်းတင်းခဲရပ်နေရင်းမှ မျက်ရည် တွေက မေးကြောများထောင်ထနေသည့် ပါးပြင်ထက်မှာ အတော မသတ် စီးကျနေကြပြီ။

''နောက်ဆုံးဆန္ဒဆိုတာကို ထိုက်လျောပေးရမှာမို့ နောက်ဆုံးလိုက်လျောခွင့်ပြုပေးကြတာပါတဲ့၊ ငွေလေး အဲဒီမှာ ဆရာကြီးတို့ ဒေါက်တာမြင့်မိုတို့ကို သက်သေ ထားပြီး လက်ထပ်သွားချင်တယ်ဆိုတာကိုလဲ ဒေါက်တာ မြင့်မိုက လိုက်ပြီး စီစဉ်ပေးထားတာတဲ့၊ ငွေလေးရဲ့ နောက်ဆုံး…နောက်ဆုံးအချိန်မှာ ဆန္ဒကို လိုက်လျောပေး ရတာဲမျိုးဆိုတာ ငွေလေး သိနေတာမပါပဲတဲ့၊ အားလုံး ငွေလေး ငိုရင်း ဖွင့်ပြောသွားတာ၊ လေးလေးသိန်းလေ မျက်ရည်ကို ထိန်းမရနိုင်အောင် ငွေလေးရှေ့မှာငိုတော့ ငွေလေး ငိုင်နေတယ်''

သူ မကြားရတော့။ ကြားနိုင်ရန် အင်အားလည်းမကျန်တော့ တော့။ ငွေလေးရယ်ဟု ကြေကြေကွဲကွဲ ရင်ထဲမှာ ခေါ်နေမိပါ၏။ ဒက်ဒီကတော့ လှေကားထစ်ထက်မှာ အားမရှိတော့သည့်နှယ် ထိုင်ချ၍ ခေါင်းမော့မလာနိုင်ရှာတော့။

www.burmeseclassic.com

www.burmeseclassic.com



"ငွေလေးက မှာတယ်၊ ဒီကိစ္စမှာ မမမိုကို ဘယ်လိုမှ ခန့်လေးတို့ သဘောမထားပါနဲ့တဲ့၊ ငွေလေးကို မမမိုက ငွေလေးဆန္ဒကို သနားလွန်းလို့ ဖြည့်ဆည်းလိုက်လျှောပေးတာပါတဲ့"

ဟုဆက်ပြောနေခိုက် သူ ကားပေါ် ကသောကမျောတက်သည်။ ရင်ထဲမှာ ဟာနေသည်။ လှိုက်ခါနေသည်။ ဒက်ဒီ သူ့ဘေးမှာ ထိုင်လာပါ၏။ လေးလေးသိန်းမှ တံခါးအနီးလာရပ်ကာ…။

"လေးလေးသိန်း မောင်းမယ် ခန့်လေး၊ ခန့်လေး အရှမ်းကို စိတ်ထိခိုက်နေတာ၊ လေးလေးသိန်းမောင်းမယ်"

ဟုပြောနေစဉ်ခိုက် သူ ကားစက်နှိုးလိုက်သည်မို့ လေးလေးသိန်းမျာ နောက်ခန်းတံခါးကို အရေးတကြီးဖွင့်၍ ဝင်ထိုင်လိုက်ရပါ၏။ သူ့မျက်ဝန်းမှာ မျက်ရည်တွေ ဝဲနေသည်။ ကားကို တောက်လျှောက် မြယန်းဝေသို့ မောင်းလာခဲ့ပါ၏။ အရှိန်ဖြင့် ပေါ်တီကိုအောက်မှာ ကားကို ရပ်စဉ်မှာဖြင့် မျက်ရည်ကျနေရင်း ဒေါ်ကြီးရောက်လာသည်။

"ငွေလေးရော…ဒေါ်ကြီး၊ ငွေလေးရော…"

သူ ဘာကိုမှသတိမရ။ ငွေလေးတစ်ယောက်တည်းသာ သူ့အာရုံထဲမှာ ရှိနေသည်။ နောက်မှ အရှမ်းကို မျက်ရည်နေသည့် ဒေါ်ကြီးကို သတိထားမိလာရပါ၏။ ဘုရားရေ။ ငွေလေး တစ်ခုခု များဖြစ်သွားချေပြီတဲ့လား။ သူ မယုံနိုင်။ မယုံနိုင်။ စောစောကပဲ ငွေလေးသည် သူနှင့်လက်ထပ်ခဲ့သည်လေ။ ရှင်ပျော့ဖြင့်…။



"အပေါ်ထပ်က သူ့အခန်းမှာ ခန့်လေး"

ဟုပြောတော့မှ ရင်ထဲတွင် တစ်ချက်အေးသွားရလျှက် ခြေလှမ်းကြီးကြီးဖြင့် လှေကားထစ်များကို နင်းဖြတ်တက်ခဲ့ခိုက်…။

"တံခါးကို အထဲကပိတ်ထားတယ် ခန့်လေး၊ ဘယ်သူမှ အခန်းထဲမဝင်ရဘူးတဲ့၊ ဒေါက်တာမြင့်မိုတစ်ယောက်ပဲ ငွေလေးအနားမှာ ရှိနေရမယ်တဲ့၊ ငွေလေး အရှမ်းကို မောနေတယ် ခန့်လေး၊ ဒီကိုရောက်မှ စိတ်ကို လျှော့ချလိုက်တယ်နဲ့တူတယ်၊ မောတာမှ အရှမ်းပဲ၊ အသက်ကို မနည်းရှိုက်ရှိုက်ရှူနေရတာ၊ ကိုသိန်းကားနဲ့ ထွက်သွားပြီးချိန်မှာ ပိုဆိုးလာတယ်၊ အပေါ်ထပ်အခန်းကို မို့ပေးဖို့ပြောလို့ ကိုဘမျှင် ပွေ့ချီပြီး ပို့ပေးရတာ၊ အထဲရောက်တော့ အားလုံးကို အပြင်မှာနေကြဖို့ ငွေလေးပြောတယ်၊ မမမိုပဲ ငွေလေးနားမှာ နေပါတဲ့၊ သူ အသက်သာဆုံး ခံစားသွားနိုင်အောင် ကြိုးစားပေးပါတဲ့၊ အံမယ်လေး ငွေလေးရဲ့၊ ဒေါ်ကြီးဖြင့် မယုံနိုင်အောင်ပါလား ကလေးရယ်၊ ဟင်…မယုံနိုင်အောင်ပါလား"

ဟုပြောငိုနေသည့် ဒေါ်ကြီးကို သူငိုင်၍ အတန်ကြာကြည့်နေမိသည်။ စိတ်က ကိုယ်မှာ မကျန်တော့သယောင် ကစင်ကလျား။ ဘာတွေဖြစ်ကုန်သည်လဲဆိုတာကိုပင် မစဉ်းစားတတ်နိုင်တော့။ ငွေလေး ရှိမည့်အခန်းဘက်ကို မော့ကြည့်ရင်း သူ ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ခါသည်။ သူ့မျက်နှာထက်တွင် သွေးရောင်ဖျော့ကျနေပါ၏။ ဒက်ဒီ သူ့ဘေးမှာ လာရပ်သည်။ သူ့ပခုံးကို ဖေးကိုင်ထားပါ၏။ စောစော က ဒေါ်ကြီးပြောနေတာတွေကိုလည်း ဒက်ဒီ ကြားထားချေသည် သာ။ သူ ဒက်ဒီ့ပခုံးပေါ် ခေါင်းကိုတင်လိုက်မိကာ…။

"ငွေလေး ဘာတွေလုပ်နေတာလဲ ဒက်ဒီ၊ ဘာတွေ လုပ်နေတာလဲ၊ သား စဉ်းစားလို့မရတော့ဘူး"

ဟု ငိုသံပါကြီးနှင့် ပြောလည်းပြော၊ ငိုလည်းငိုလိုက်မိ ရပါပြီ။ ငွေလေး ဘာကြောင့် သူ့ကို အပြင်မှာ ကျန်ရစ်နေစေ ရပါသနည်း။ ချန်ထားရပါသနည်း။

"ငွေလေး…ငွေလေးက မှာတယ်၊ သူ့ကိုယ်သူ သိနေတယ်တဲ့၊ သူ ဆုံးခါနီးမှာ ခံစားနေရမယ့် ဝေဒနာ ကို ဒက်ဒီနဲ့ 'ကိုကိုတို့'ကို မမြင်စေချင်ဘူးတဲ့၊ သူ သိပ် သနားတယ်တဲ့၊ သူ့ကို ဒက်ဒီနဲ့ကိုကို ဘယ်အထိ ချစ်တယ်ဆိုတာ သူ အသိဆုံးတဲ့၊ သူကလဲ ဘယ်ထိ ချစ်တယ်ဆိုတာ ဒက်ဒီနဲ့ ကိုကိုတို့ သိကြပါတယ်တဲ့၊ ဒါကြောင့် သူ သူ့ဝေဒနာကို သိနေတာမို့ ခွတ်ထွက် လာတာပါတဲ့၊ ကိုကိုတို့ ဒီကိုလိုက်လာမှာပဲ သေချာ တယ်တဲ့၊ သူ…သူ…မ…မ…ကွယ်လွန်မီ ပေး… ပေး…မတွေ့ပါနဲ့လို့ အထပ်ထပ်မှာတယ်၊ မောနေတဲ့ ကြားထဲက အားယူပြီး ပြောသွားတာ၊ ဒေါ်ကြီးကိုလဲ လက်အုပ်လေးချီပြီး ကန်တော့ခဲ့ရှာတယ်၊ လိမ္မာလိုက်တဲ့ ကလေး၊ အသက်လေးငယ်ငယ်နဲ့ မယုံရက်စရာပါလား



ငွေလေးရဲ့"

မချိတင်ကဲပြောရင်း ဒေါ်ကြီးငိုနေခိုက် သူ အားကုန်ကြီး ပြတ်လေ့ကျွားထစ်မှာထိုင်ချလိုက်ရပါ၏။ မြပန်းဝေသည် ကြောက် စရာကောင်းလောက်အောင် အတိတ်ဆိတ်ကြီး တိတ်ဆိတ်နေ သည်။ ငွေလေး ဘာကြောင့်ဤမြပန်းဝေမှာ လာလိုက်ရပါသလဲ။ သူသိနေသည်။ ဇစ်တိုးရီးယားတွင် ငွေလေး ကွယ်လွန်ခဲ့သည်ဆို လျှင် ကွယ်လွန်ခြင်းဆိုသည့်အရာသည် ဇစ်တိုးရီးယားမှာဖြစ်တည် ကျန်ရစ်မည်။ ခု…ဇစ်တိုးရီးယားဆိုသည့် နေအိမ်ကြီးမှာ ထင်ကျန် ရစ်သော ပုံရိပ်တိုင်းသည် ငွေလေး ငယ်စဉ်ကပြေးဆော့ခဲ့သည့် ပုံရိပ်၊ ရယ်မောခဲ့သည့်ပုံရိပ်၊ ပန်းလေးတွေသီခဲ့သည့်ပုံရိပ်၊ သူ့ကို ချစ်နဲ့ခဲ့ပါသည့် ပုံရိပ်၊ ထိုပုံရိပ်များသာ ကျန်ရစ်ခဲ့ချေမည်။ ဇစ်တိုး ရီးယားမှ ငွေလေး၏ သက်မဲ့ခန္ဓာကို ခေါ်သွားရသည့် ပုံရိပ်တစ် ခုကို မကျန်ရစ်စေခဲ့၊ ဪ…မထားရစ်ချေခဲ့ပါသည့် ငွေလေး ပါတကား။

"ငွေလေး ဘာရောဂါရှိနေတယ်ဆိုတာကို ကိုကိုတို့ သိသွားပြီဆိုတာ ငွေလေး သိပါတယ်၊ ဘာလို့လဲဆို တော့ ငွေလေးကို စိတ်နာနေတဲ့ဒက်ဒီဟာ အရမ်းကို ယူကြုံးမရဖြစ်နေတဲ့သူတစ်ယောက်အဖြစ် ငွေလေးကို ပြန်ခေါ်သွားခဲ့တယ်၊ ဒေါ်ကြီးနဲ့လေးလေးသိန်းကလဲ ငွေ လေးကို စိတ်နာနေတဲ့သူတွေအဖြစ်က ပြန်ချစ်သနား နေတဲ့သူတွေ ဖြစ်ကုန်ကြတယ်၊ အဲဒါဟာ ငွေလေး ရောဂါအမှန်ကို သိသွားကြလို့ပဲပေါ့၊ ဒါကြောင့် ငွေလေး

www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီကို စိတ်ချမ်းသာအောင်၊ ကိုကိုစိတ်ချမ်းသာအောင် အားလုံးလုပ်ခဲ့တာ၊ ကိုကို့ကို လက်ထပ်ခဲ့တာလေ ကိုကို့ ဇနီးအဖြစ် နေသွားခွင့်ရတဲ့အတွက် ကံကြမ္မာကို ငွေလေး သိပ်ကျေးဇူးတင်ပါတယ် ဒေါ်ကြီးရယ်''

ဟု ငွေလေးပြောပြသွားတာတွေကို ဒေါ်ကြီးပြန်ပြောပြချင်နေပေမယ့် ငွေလေးပြောသလို ပြန်မပြောပြတတ်ဘဲဖြစ်နေလျက် မျက်ရည်သာ ကျနေမိရပါသည့်အဖြစ်။ ငွေလေး မျက်နှာထက်မှာ ချွေးစေးတွေပြန်နေတာ၊ သွေးရောင်ဖျော့ကျနေတာ၊ နှာခေါင်းမှ သွေးစတို့ စတင်စီးကျစပြုလာနေတာကို ဒေါ်ကြီးတွေ့ခဲ့ရပြီးသည့်နောက် ငွေလေးကို ဦးဘိုးမျှင်မှ ပွေ့ချီခေါ်သွားခဲ့သည်ပါပဲ။

သူကတော့ ဒေါ်ကြီးကို တစ်ချက်ငေးစိုက်ကြည့်နေသည်။ သူ စိတ်လိုက်မာန်ပါကြီး ထရပ်သည်။ အပေါ်ထပ်ဆီသို့ ခြေလှမ်းကြဲကြီးဖြင့် လှေကားထစ်တွေကို နင်းဖြတ်၍ တက်သည်။ ဒက်ဒီဘေးမှ ကပ်လိုက်လာ၏။ ငွေလေး၏ အခန်းတံခါးရှေ့ ရောက်တော့ ဒက်ဒီ သူ့ပခုံးကို အားအင်ဖြင့်ဆုပ်သည်။ သူ ဒက်ဒီကို ငဲ့ကြည့်တော့ မျက်ရည်များကျနေရင်းဖြင့် သူ့ကို ခေါင်းခါပြနေတာကိုမြင်ရပါ၏။ ငွေလေး၏ဆန္ဒကို မဆန့်ကျင်ဖို့ ခေါင်းခါပြခြင်း။ အခန်းတွင်းမှာရှိနေသည့် ငွေလေး၊ ဝေဒနာကြားမှာ ရှိနေသည့်ငွေလေးကို မနှောင့်ယှက်စေလိုသည့်သဘော။ သူ ဒက်ဒီပခုံးပေါ် ခေါင်းတင်လိုက်မိသည်က ကလေးတစ်ယောက် ဝမ်းနည်းတကြီးတင်ခြင်းနှင့်တူနေသည်။ ပခုံးထက်မှာ ခေါင်းသည် ဘယ်ညာယိမ်းခါနေ၏။ ဆောက်တည်ရာမဲ့စွာ တုန်နှိုင်းမရအောင်



ထိခိုက်နေရပါသည့် ကြေကွဲခြင်းဝေဒနာနှင့် ငွေလေးကို မခွဲနိုင်သည့်ဇောက သူ့ရင်တစ်ခုလုံးကို တူကြီးနှင့်ထုနှက်ဖိခြေပစ်နေသည့်နှယ်ပါတည့်။ ဩော်…နှလုံးအိမ်ဆီမှ သွေးစိမ်းရှင်ရှင် စီးကျနေကြချေသည့်နှယ်ပါ။

''ဒယ်ဒီ သားဒီလိုပဲ ငြိမ်နေရမှာလား၊ ဟိုမှာ ငွေလေး ဘယ်အထိ ခံစားနေရရှာပြီလဲ၊ သား သူ့ကို ချွေးစလေးတွေပဲဖြစ်ဖြစ်၊ မသုတ်ပေးရတော့ဘူးလား၊ သူ့ခေါင်းလေးကို ရင်ခွင်ထဲမှာ ထွေးပိုက်ထားပြီး ဆံစလေးတွေကို မသပ်ပေးရတော့ဘူးတဲ့လား၊ ဘာမှကို မကူညီရတော့ဘူးလား ဒက်ဒီ ဟင်…မကူညီရတော့ဘူးတဲ့လား၊ သား ငွေလေးကို လက်ထပ်ချင်တာ လက်ထပ်မှုကို ဖြစ်မယ်ဆိုပြီး သူ့ကို ခွင့်တောင်းလာချိန်ဟာ သူ့ကိုပြုစုဖို့ပါ၊ သူ့ကို ပြုစုချင်လွန်းလို့ပါ၊ သူ့ကို သား ဘယ်အထိ ချစ်တယ်ဆိုတာ ငွေလေး သိပါတယ်၊ အခု သား…သား…ရင်ကွဲရပြီ ဒက်ဒီ၊ ရင်ကွဲနေရပြီ''

စကားသံက အက်အက်ကွဲကွဲ။ ရင်တစ်အုံလုံးကို ဖောက်ခွဲ၍ထွက်လာသည်နှင့်တူနေသည်။ စကားအဆုံးမှာ ဒက်ဒီကို ဖက်ပြီး ကလေးတစ်ယောက်လို သူငိုနေမိရပါပြီ။

''သား…ငွေလေးရဲ့ဆန္ဒကို လိုက်လျောလိုက်ပါ သားရယ်၊ ခံစားရရှာတဲ့နေဝင်ချိန်ဝေဒနာ မျက်နှာလေးကို မမြင်စေချင်တဲ့ မမြင်စေရက်တဲ့ သူ့ရင်ထဲကဆန္ဒနဲ့ စေတနာကို သူ့အချစ်ကို နားလည်ပေးလိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



သားရယ်…လာ…လာ”

ဟု သူ့ကို ချော့မော့၍ ဒက်ဒီ အောက်ထပ်သို့ ပြန်ခေါ်လာသည်။ ခြံထဲရှိစံကားပင်ရိပ်မှာ သူတစ်ယောက်တည်း သွားထိုင်လျက် လှမ်းလင့်မြင်နေရပါသည့် ငွေလေး၏ ပိတ်ထားသော အခန်းပြတင်းဆီသို့ ကြည့်နေမိရပါ၏။

ငယ်စဉ်ကတည်းက ငွေလေး၏အဖော်လည်းဖြစ်သော ငွေလေးအလွန်လည်းချစ်သော ပန်းစံကားဖြူနီတို့ကဖြင့် မြက်ခင်းပြင်စိမ်းမြမြထက်ဆီသို့ တကြွေကြွေလွင့်လွင့်။ ခြံထောင့်ရှိ ရေတမာရိပ်တွင် ထိုင်လျက် အငိုင်ကြီးငိုင်ကျ ငြိမ်သက်နေပါသည့် ဒေါ်မြနှင့် ဦးအိုးမျှင်ကို သူမြင်လိုက်ရသည်။

ပန်းစံကားလေးတစ်ပွင့်ကို သူဖွဖွကောက်ယူမိပါ၏။ နောက်…တစ်ပွင့်…။ နောက်တစ်ပွင့်…။ ငွေလေးအတွက် သူ ပန်းသရဖူလေးတွေ သီခဲ့ဖူးပါသည့် ပန်းစံကား…။

သူ ဘယ်လိုမှ တင်းမခံသာတော့။ ခြေလှမ်းကြဲကြီးဖြင့် အိမ်တွင်းသို့ ပြန်ဝင်သည်။ တောက်လျှောက် အပေါ်ထပ်သို့ တက်သည်။ ဧည့်ခန်းတွင်ထိုင်၍ ဘုရားစာရွတ်နေသော ဒက်ဒီ ခများ နောက်မှလိုက်လာရပြန်ပါ၏။ ငွေလေး၏ အခန်းတံခါးရှေ့မှာ သူ ခြေစုံရပ်မိ၏။ လက်ထဲတွင်ပါလာသော စံကားပန်းဆီမှ ရနံ့က သူ့နှာဝဆီသို့ တိုးဝင်နေဆဲ။ သူ သူ့လက်မောင်းကို ထိန်းကိုင်ထားပါသော ဒက်ဒီကိုကြည့်ကာ ခေါင်းရမ်းပြမိပါ၏။ မတားပါနဲ့တော့ ဒက်ဒီရယ်။ သားကို မတားပါနဲ့တော့။

“သား…ငွေလေးကို တွေ့ချင်တယ် ဒက်ဒီ၊ တွေ့



ချင်တယ်”

သူ ကလေးလိုပဲ ပြောရင်း မျက်ရည်တွေ ကျလာနေသည်။ ထိုစကားကိုပဲ သူ အထပ်ထပ် ပြောနေမိရဆဲ။ အခန်းတံခါးကို သူ မျက်တောင်မခတ် စိုက်ကြည့်သည်။ အထဲမှာ ငွေလေးရှိနေသည်။ သူ အရမ်းကိုချစ်သောငွေလေးရှိနေသည်။ တံခါးကို တွန်းတိုက်ဖွင့်မည်ဟု ကမူးရှူးထိုးဆန့်သော ခြေလှမ်းများဖြင့် ဘယ်လိုမှ တားဆီးမရနိုင်စွာပဲ ရှေ့သို့တိုးခိုက်…။ အခန်းတံခါးသည် ရုတ်ခြည်းပွင့်လာပါချေပြီတကား။ တံခါးဝတွင် မျက်ရည်များ လျှံကျနေသော မမမို၊ အခြေအနေကို သူ သိလိုက်ပါပြီ။ သူ့လက်တွင်းမှ ပန်းစံကားပွင့်တို့ လွတ်ကျသွားရပါပြီ။

“ငွေလေး”

ကြေကွဲမှုတို့စုစည်းလျက် နလုံးသားဆီမှ တမြေ့မြေ့ ကြေနေပြီဖြစ်သည့် ခံစားမှုများဖြင့် တုန်လှုပ်ချောက်ချားစွာ ခေါ်မိရင်း သူ အခန်းတွင်းသို့ ကမူးရှူးထိုး ပြေးဝင်သည်။ ခုတင်ခေါင်းရင်းတွင် မြတ်စွာဘုရားရှင်၏ ဆင်းတုတော်မြတ်၊ ခေါင်းအုံးဘေးတွင် မိဘနှစ်ပါး၏ ဓာတ်ပုံကြီးနှင့် ဒက်ဒီ၊ သူနှင့် ငွေလေးတို့၏ ရယ်မောရွှင်ပျစွာ ရိုက်ထားပါသော ဓာတ်ပုံကြီးကိုထားလျက် ဖြူစင်သော ခေါင်းအုံးထက်မှာ ဆံနွယ်နက်နက်များ နက်မှောင်စိုလဲ့စွာဖြင့် ဖြာကျနေလျက် ခေါင်းမှာလည်း ပန်းကုံးနှင်းဆီဖြူလေးကို လှပစွာ ခွေဝိုက်တင်ထားပန်ထားလျက် ရှည်လျားကော့ညွတ်သော မျက်တောင်ရှည်နက်နက်ထူထူလေးကို မှေးစက်ယှက်ချထားပါသော ငွေလေး။ ငွေလေး မျက်နှာထက်မှာ သွေးစတို့

www.burmeseclassic.com

www.burmeseclassic.com



ရှိနေ။ အားလုံးကို မမမို သန့်စင်ထားခဲ့ပြီဖြစ်ချေမည်။ ပန်းကုံးလေးကိုလည်း ငွေလေးမှာခဲ့၍ ဖြစ်ချေမည်သော။ လှလှလေး ပြန်ပန်ထားပေးတာဖြစ်မည်။ ဖြူစင်သော ပိုးဂါဝန်ရှည်လျားလျား၊ ပိုးသားနုရောင်စုံဖြင့် လှပစွာ ရှိနေပါသော နှင်းဆီပွင့်ရောင်စုံတို့ဖြင့် ရှိနေပါသည့် ပိုးဂါဝန်ရှည်လျားလျားလေးဖြင့် ငြိမ်သက်နေပြီဖြစ်ပါသော ငွေလေး။ စနိုးပွိုက်မင်းသမီးလေးနှယ်ပါလားလေဟု တွေးမိရင်းမှ မယုံနိုင်စွမ်းစွာပဲ ကိုယ်လေးကို သိမ်းကြုံး၍ ရင်ခွင်ထဲ ဖွေ့ပိုက်ထားမိလိုက်ရပါပြီ။ သူ့ကြွေရုပ်လေး၊ သူ့ဘဝသခင်၊ သူ၏ နှလုံးသည်းပွတ်၊ သြော်...သူ့ဘဝတွင် အချစ်ရဆုံးသော မိန်းကလေး၊ သူ့ကို...သူ့ကို ချန်ထားရစ်ခဲ့ချေပြီတကား...။

သူ ငုံ့မိုးကြည့်မိရင်းမှ အရူးတစ်ယောက်နှယ်ပင် ဆောက်တည်ရာမဲ့စွာ မျက်နှာလေးကို အထပ်ထပ် နမ်းနေမိသည်။ ချွေးစေးများစိုနေသော မျက်နှာလေးကိုမင့်မကာ တစ်ကိုယ်လုံး သူ့ရင်ခွင်ထဲ သိမ်းကြုံးပွေ့ထားရင်းမှ သူ့ခေါင်းကို မချီတင်ကဲကြီး သူ မော့ပစ်မိကာ...။

"ဘာလို့ ဒီလိုလုပ်သွားရတာလဲ ငွေလေးရယ်၊ ဟင်...ဘာလို့ ဒီလို လုပ်သွားရတာလဲ ကလေးရယ်၊ ဟင်...ကိုကို့ကို ချစ်လွန်းလို့ ဟုတ်လား၊ ဒက်ဒီ့ကို ချစ်လွန်းလို့ ဟုတ်လား၊ ဘာလို့...ဘာလို့...ဒီလို... ဒီလို အဖြစ်မျိုးနဲ့ ကိုကို့ကို ချန်ထားရစ်ခဲ့ရတာလဲ ငွေလေးရယ်"

မေးလည်းမေး၊ မျက်နှာလေးကိုလည်း အထပ်ထပ်နမ်း



ရင်း မျက်ရည်များ တန့်ဆည်မရအောင် ကျလာသည်။

"ကိုကို့ကို ဒီနေ့မှာပဲ လက်ထပ်ခဲ့သေးတယ်၊ ဘယ်အထိ စိတ်ကိုဆောင်ပြီး ဒီအထိ စိတ်ကိုတင်းထားခဲ့တာလဲ ငွေလေးရယ်...ဟင်...ငွေလေးမရှိတော့ဘူးဆိုတာ ကိုကို ဘယ်လိုယုံပေးလိုက်ရတော့မှာလဲ၊ ကိုကို မယုံဘူး၊ မယုံဘူး ငွေလေး"

ပူနွေးနေဆဲငွေလေး၏ကိုယ်လေးကို ပျောက်ဆုံးသွားမှာစိုးသည့်အလား မလွှတ်တမ်း သူ ဖက်ထားမိရဆဲ...။ ဒက်ဒီကတော့ ငွေလေးခေါင်းလေးကို ဖွဖွသပ်ပေးကာ မျက်ရည်များကျရင်း အခန်းတွင်းမှ ဖြေယူမရနိုင်စွာပဲ မြင်ကွင်းကို မကြည့်ရက်စွာပဲ ထွက်ခွာသွားပြီ။

သူ ဖျတ်ခနဲ အာရုံထဲ တိုးဝင်မြင်မိလာရသည်က ခေါင်းအုံးလေးဘေးမှာ ရွှေဝါရောင်တောက်ပနေသည့် စာဖိတုံးလေးဖြင့် ဖိထားပါသော စာရွက်ဖြူလေးထက်မှာ ငွေလေး၏ လက်ရေးဖြင့် ရေးထားပါသော ကဗျာလေးတစ်ပုဒ်။ သြော်...ငွေလေးသည် ထိုကဗျာလေးကို ကြိုတင်၍ ရေးသားခဲ့ပြီဖြစ်ကာ ခုလို ထားရစ်ခဲ့ခြင်းပါလား။

သူ ငွေလေး၏မျက်နှာလေးကို လက်ဖြင့် ပေးမော့ထားမိကာ တစိမ့်စိမ့်ကြည့်နေမိသည်။ ရှည်လျားသော မျက်တောင်ကော့ရှော့တို့ မေးယှက်ထားရာ မျက်ခွံနုနုလေးထက်မှာလည်း အနမ်းတို့က ဖေးတင်၏။ အားလုံးသည် တဆုတယနိုင်၏။ သိမ်သိမ်မွေ့မွေ့နိုင်၏။ တမြတ်နိုးနိုးနိုင်၏။ သူ့ရင်ခွင်တွင်းမှ ငွေလေး၏

www.burmeseclassic.com



တိုယ်လေးကို ပြန်မချရက်။ ဪ… သူ၏ ကြွေရုပ်လေးကို ပြန်မချရက်။

လှမ်းလင့်မြင်ရပါသည့် ပန်းစံကားပင်တို့ကဖြင့် အပွင့်တွေဝေစေဖြင့် လှမ်းမျှော်ငေးကြည့်ရင်း ကြေကွဲနေကြချေသည့်နှယ် ပါတည့်။ သူ့လက်တွင်းမှ လွတ်ကျခဲ့ပါသည့် ပန်းစံကားဖြူနီတို့ ကလည်း ကြမ်းပြင်ထက်တွင် ဖေးတင်လျက်။ ပန်းစံကားတို့၏ ရနံ့က မွှေးပျံ့သင်းထုံလျက် လေပြည်နှင့်အတူ တနော့နော့။ ပန်းသရဖူလေးကို ဖေးတင်ခဲ့ရလေသည့် ပန်းအခင်မလေးကို သူ တနင့်နင့် ကြေနေကြနေသည့် ရင်ဖြင့် ငေးစိုက်ကြည့်နေမိရဆဲ။ ဪ… ပန်းသရဖူလေးကို ယန်ပေးခွင့် ဆုံးရှုံးခဲ့ရချေပြီပဲမှ တွေးကာ ငွေလေး၏ နဖူးပြင်ထက်မှာ သူ့နဖူးကို ခပ်ဖေးဖေး တင်မိရင်းမှ…။

"ငွေလေးရယ်…"

ဟု ဖြေဆည်နိုင်စွမ်းမရှိသာသည့် ကြေကွဲမှုဖြင့် သူ တမ်းတခေါ်ငင်မိရပါ၏။

ဪ… ဖြေဆည်နိုင်စွမ်းမရှိသာပါ ငွေလေးရယ်။ သူ၏ ချစ်ခြင်းများ၊ မျှော်လင့်ခြင်းများ၊ သူ၏အနာဂတ်၊ သူ၏ ချစ်ခြင်းရဲတိုက် အို… အားလုံးတို့သည် တစ်စစီ တစ်စစီ အလဲလဲ အပြိုပြိုဖြင့် ကြေလွင့်သွားရချေသည်တကား။ နှလုံးသားသည် သူ၏ ကြွေရုပ်လေးနှင့်အတူ ထည့်သိုပါရှိသွားလျက် နှလုံးအိမ်မှ သွေးကြောမျှင်တို့ ပြတ်တောက်ကုန်သည်သို့ ခံစားရသည့်တည့်။ ဇာသိုင်း အဝါလေးဖြင့် ဖိထားပါသော အချာအာရွက်ဖြူလေးက



စံကားပန်းရနံ့သင်းနေသော လေအနော့ဝယ် တဖျပ်ဖျပ်ဖြင့် လှုပ်ခတ်ရှိနေလျက်…။

မေမရှိလျှင်…
မိုးကောင်းကင်ပြာ၊ တိမ်ဖြူလွှာကို
ရင်မှာသိုသိပ်၊ လွမ်းသည့်စိတ်ဖြင့်
ဆောင်လှမ်းလင့်၍ မျှော်ပါရှာသည့်…။

မေမရှိလျှင်…
စံကားဝင်မှာ၊ ပွင့်နီလွှာနှင့်
ဘူစွာပွင့်ဖြူ၊ သရဖူကို
ယခင်လိုပင်၊ ချစ်သခင်မှ
ပွင့်လွှာရှာတွေ…
ရွေးချယ်လေ၏ သီပါလဲ့သည့်…။

မေမရှိလျှင်…
ထီးကျန်ရင်ဖြင့်၊ မငိုလင့်နှင့်
ပန်းတွေဆင့်သီ၊ ကောင်းကင်ဆီသို့

www.burmeseclassic.com

www.burmeseclassic.com



မှန်းရည်ဝို့ပါ၊ မေ့ယန့်ပါမည်
သခင်ရှည်စူး ရှူးသီလှည့်...။

ပြော်...
သခင်ရှည်စူး ရှူးသီလှည့်...။

မျှဝေခံစားခြင်းများစွာဖြင့်

မဟူရာ(လှိုင်ကော်)

အမှတ်-၉၀၊ အုန်းတောလမ်း၊ဒေါ်ဥရှုရပ်ကွက်၊ လှိုင်ကော်မြို့၊
ကယားပြည်နယ်၊ဖုန်း-၀၈၃/၂၁၃၂၃။

www.burmeseclassic.com